သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော
ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု
အဆင့်မြှင့်တင်ရေးနှီးနှောဖလှယ်ပွဲ၌
တင်သွင်းဖတ်ကြားဆွေးနွေးသည့်

# ပညာရှင်များ၏ စာတမ်းများ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
D. P. P. S

သာသနာ ၂၅၅၂ မြန်မာ ၁၃၇၀ ခရစ် ၂၀၀၈

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော
ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု
အဆင့်မြှင့်တင်ရေးနှီးနှောဖလှယ်ပွဲ၌
တင်သွင်းဖတ်ကြားဆွေးနွေးသည့်

# ပညာရှင်များ၏ စာတမ်းများ

သာသနာ ၂၅၅၂ | မြန်မာ ၁၃၇၀ | ခရစ် ၂၀၀၈

## **ပုံနှိပ်မှတ်တမ်း**


**အုပ်ရေ** – ၁၀၀၀

**ပထမအကြိမ်** – ၂၀၀၈၊ ဒီဇင်ဘာလ

**တန်ဖိုး** – ကျပ် ၂၀၀၀/-

**ကွန်ပျူတာစာစီ** – သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာန၊

**ပုံနှိပ်သူ** – ဒေါ်စိန်နွဲ့
ရွှေပြည့်စုံပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇–လမ်း၊
တာမွေ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** – ဦးထွန်းမြအောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာန
မှတ်ပုံတင်အမှတ် – ၀၃၈၄၅

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဒေါက်တာမျိုးမြင့်၏ စာမိတ်ဆက် | က |
| ၂။ | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၏ အဖွင့်သြဝါဒကထာ | ၁ |
| ၃။ | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ အဖွင့်မိန့်ကြားချက် | ၇ |
| ၄။ | သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ ပြောကြားလွှာ | ၁၄ |
| ၅။ | ဒေါက်တာအရှင်အာဒိစ္စဝံသ၏ ပါဠိစာပေသင်နည်းစနစ်များ လေ့လာချက် | ၂၀ |
| ၆။ | ဒေါက်တာအရှင်နန္ဒမာလာ၏ A Method of Teaching Pali in the Way it is Directly Conducive to the Practice of Theravāda-Dhamma | ၃၅ |
| ၇။ | ဦးကျော်ဇောနိုင်၏ ပါဠိဘာသာပြန် | ၄၇ |
| ၈။ | ဒေါက်တာလှထွန်း၏ Reason For Studying Sanskrit Language in Relating to Pali Language | ၆၂ |

၉။ ဒေါက်တာမြတ်မြတ်ထွန်း၏ မြန်မာနိုင်ငံရှိ ၇၁
ပါဠိအဘိဓာန်ကျမ်းများ လေ့လာချက်

၁၀။ ဦးအောင်သိန်းညွန့်၏ ပါဠိတတ်ကျွမ်းမှုနိုင်မှာ၍ ၈၉
သဒ္ဒါထက်သန်စေနိုင်သော အခြေခံပရိယတ္တိ
စာမေးပွဲ စနစ်တစ်ခု ဖော်ထုတ်ရေး

၁၁။ ပထမကျော်ဦးစံသင်းလှိုင်၏ ပထမပြန်ကိုအခြေခံ၍ ၁၀၂
ပါဠိစာပေသင်ယူပို့ချမှုပြုပြင်ပြောင်းလဲရေး
အကြံပြုချက်

၁၂။ ဒေါက်တာအရှင်ကုမာရာဘိဝံသ၏ ၁၂၈
ပါဠိပုဒ်အချို့ကိုသက္ကတနှင့်နှိုင်းယှဉ်လေ့လာချက်

၁၃။ ဦးမြင့်ဆွေ(မဟာဝိဇ္ဇာ၊လန်ဒန်)၏ ၁၃၈
ပါဠိနှင့်သက္ကတဘာသာတို့ကို နှိုင်းယှဉ်လေ့လာ
ဘာသာဗေဒနည်းဖြင့် သင်ကြားသင့်ပုံ

၁၄။ ဘဒ္ဒန္တဉာဏိန္ဒ၏ သာသနာ့တက္ကသိုလ်များ ၁၆၁
ပါဠိစာပေသင်ယူပို့ချမှုသင်ရိုးညွှန်းတမ်းနှင့်
သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း


၁၅။ ဒေါက်တာအရှင်ကိတ္တိဗလ၏ ၁၆၇
ထေရဝါဒမဇ္ဈကျင့်သုံးမှုကိုတိုက်ရိုက်အထောက်
အကူပြုသော ပါဠိစာပေသင်ကြားပို့ချမှု
အကြံပြုစာတမ်း





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်း သိမ်တော်ကြီးအဝင်
နှီးနှောဖလှယ်ပွဲ မုခ်ဦးဆိုင်းဘုတ်



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်း သိမ်တော်ကြီးဘုရားဆောင်ရှိ
ကြေးသွန်းဆင်းတုတော်ကြီး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ပုံတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကုမာရပုံတော်



၂၄-၄-၂၀၀၈ မှ ၂၆-၄-၂၀၀၈ အထိ ၃ ရက်တိုင် ကျင်းပသည့်
ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး
နိုးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြသော မဟာထေရ်ကြီးများ



ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ က
အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူစဉ်



ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြင့်တင်ရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်
စစ်ကိုင်းမြို့၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရ က
သမ္မောဒနီယ သာရဏီယကထာ မြွက်ကြားတော်မူစဉ်



ပါဠိစာပေသင်ယူပို့ချမှု အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်
သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က
သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်

၁၆။ ဒေါက်တာအရှင်ဓမ္မပီယ၏ ၁၇၄
ခေတ်နှင့်လျော်ညီသော သင်ကြားလေ့လာနည်းစနစ်
၁၇။ အရှင်ကောဝိဒ၏ ထေရဝါဒဓမ္မကျင့်သုံးမှုကို ၁၈၁
တိုက်ရိုက်အထောက်အကူပြုသောပါဠိသင်နည်း
၁၈။ ဦးကိုကိုမြိုင်၏ အစဉ်အလာပါဠိသဒ္ဒါသင်နည်းနှင့် ၁၉၀
တက္ကသိုလ်ပါဠိသဒ္ဒါသင်နည်းတို့၏ ကွာခြားချက်
အပေါ် ဆန်းစစ်အကြံပြုစာတမ်း
၁၉။ ဒေါက်တာအရှင်စန္ဒာသိရီ၏ ၂၀၄
နိုင်ငံတကာကလက်ခံအောင်ဝိနည်းကိုဘယ်လိုသင်မလဲ
၂၀။ ဒေါက်တာအရှင်ဣန္ဒက၏ သာသနာ့တက္ကသိုလ်များ ၂၀၉
ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့်
သင်ကြားမှုစနစ်ဆိုင်ရာ သုတေသနစာတမ်း
၂၁။ ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ၏ ၂၁၅
သီရိလင်္ကာနှင့်မြန်မာတို့ပါဠိစာပေသင်ကြားမှုစနစ်ကို
နှိုင်းယှဉ်လေ့လာခြင်း
၂၂။ ဦးအောင်မွန်(မြတ်ဆုမွန်)၏ ၂၄၈
ပါဠိစာပေထွန်းကားတိုးတက်ရေးနှင့်သဒ္ဒါရေးရာ
၂၃။ အရှင်ဝိသုတာဘိဝံသ၏ နိုင်ငံတကာပါဠိစာပေ ၂၆၉
သင်နည်းစနစ်နှင့်မြန်မာ့ရိုးရာပါဠိစာပေသင်နည်း
စနစ်နှိုင်းယှဉ်လေ့လာချက်

ယင်းစာတမ်းများကို လေ့လာသဖြင့် သာသနာ့တက္ကသိုလ်များ၏ ပါဠိစာပေ သင်ယူပို့ချမှုအပိုင်းတွင် အထောက်အကူဖြစ်နိုင်ခြင်း၊ ပရိယတ္တိစာသင်တိုက်ကြီးများ အနေဖြင့်လည်း ပါဠိစာပေဆိုင်ရာ ခေတ်သင်နည်းကို သိရှိအသုံးပြုနိုင်ခြင်း၊ ပါဠိစာပေ လေ့လာလိုက်စားသူများအတွက် များစွာအထောက်အကူပြုနိုင်ခြင်း၊ ဤစာတမ်းများကို အခြေခံ၍ ပါဠိစာပေ သင်ယူပို့ချမှု အဆင့်မြင့်တင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်ရှိခြင်း၊ ပါဠိစာပေသင်ယူပို့ချမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် အထောက်အထားဖြစ်နိုင်ခြင်းတို့ကြောင့် ဤစာတမ်းများကို စုစုစည်းစည်း မှတ်တမ်းတင် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။


ဤစာတမ်းများက ပါဠိစာပေသင်ယူပို့ချမှု အဆင့်မြင့်တင်ရေးအတွက်လည်းကောင်း၊ ပါဠိစာပေလေ့လာလိုက်စားသူများအား နည်းမှန်လမ်းပြဖြစ်ရေးအတွက်လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက်လည်းကောင်း များစွာအကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဒေါက်တာမျိုးမြင့်
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့
၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊အင်္ဂါနေ့

အုပ်ချုပ်ရေးဇဟိုအဖွဲ့မှ ဆရာတော်များ၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနာ့တက္ကသိုလ်များဖြစ်သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့မှ ဦးဆောင်ဆရာတော်များ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိက ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ကြီးအမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာ့တက္ကသိုလ်များနှင့် ဆက်နွယ်လျက်ရှိသော တက္ကသိုလ်အသီးသီးမှ ဆရာဆရာမကြီးများ၊ ပညာရှင် ဆရာဆရာမကြီးများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ပညာရှင်များက စာတမ်း(၂၄)စောင်ကို တင်သွင်းခဲ့ကြရာ သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်းများ၊ ပါဠိစာပေနှင့် နီးနွယ်ဆက်စပ်သော သက္ကတစသည့် ဘာသန္တရများနှင့် နှိုင်းယှဉ်လေ့လာချက် သုတေသနစာတမ်းများ၊ နိုင်ငံတကာ ပါဠိစာပေသင်နည်းစနစ်နှင့် မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းစနစ် နှိုင်းယှဉ်လေ့လာချက် သုတေသနစာတမ်းများ၊ ထေရဝါဒဓမ္မကျင့်သုံးမှုကို တိုက်ရိုက်အထောက်အကူပြုသော ပါဠိစာပေသင်ကြားပို့ချမှု သုတေသနစာတမ်းများ၊ မြန်မာနိုင်ငံပါဠိအဘိဓာန်ကျမ်းများ လေ့လာချက်၊ ပါဠိတတ်ကျွမ်းမှုခိုင်မာ၍ သဒ္ဒါထက်သန်စေနိုင်သော အခြေခံပရိယတ္တိစာမေးပွဲစနစ်တစ်ခု ဖော်ထုတ်ရေး၊ ပထမပြန်ကိုအခြေခံ၍ ပါဠိစာပေ သင်ယူပို့ချမှု ပြုပြင်ပြောင်းလဲရေး အကြံပြုချက် စာတမ်းများ ပါဝင်ပါသည်။



တက်ရောက်တော်မူကြသော မဟာထေရ်ကြီးများ သုတေသီပညာရှင် ဆရာတော်
သံဃာတော်များနှင့် သုတေသီပညာရှင် လူပုဂ္ဂိုလ်များ




နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လျက်ရှိကြသော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် ဦးဆောင်သည့် သုတေသီပညာရှင်လူပုဂ္ဂိုလ်များ



နှီးနှောဖလှယ်ပွဲသို့ တက်ရောက်တော်မူကြသည့် သုတေသီပညာရှင်
ဆရာတော်သံဃာတော်အရှင်သူမြတ်များ



သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် က
နိဗ္ဗာနေ့ာဖလလှယ်ပွဲဆိုင်ရာ အချက်အလက်များကို ကြိုတင်ညှိနှိုင်းဆွေးနွေးစဉ်



သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့် က နှီးနှောဖလှယ်ပွဲ(၃)ရက်တွင်
အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်

## သာသနာရေးဝန်ကြီးဌာနကကြီးမှူးကျင်းပသော
## ပရိယတ္တိသာသနာ့တက္ကသိုလ်များပါဠိစာပေသင်ယူပို့ချမှု
## အဆင့်မြှင့်တင်ရေးနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင်
## သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ
## အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလဇောတိ
## အဖွင့်သြဝါဒကထာ

[၁၃၇၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၀၈-ခုနှစ်၊
ဧပြီလ ၂၄ ရက်၊ ကြာသပတေးနေ့]

ယနေ့ကျင်းပပြုလုပ်အပ်သော သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အားပေးချီးမြှောက် ကြွရောက်တော်မူလာကြကုန်သော သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များ၊ တက္ကသိုလ်များ၏ ဦးဆောင်ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်များအား စုံညီစွာတွေ့ဆုံခွင့်ရရှိသဖြင့် ဝမ်းမြောက်ကြည်နူးခြင်း ဖြစ်ရပါကြောင်းနှင့် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ခညောင်းပြည့်စုံပါစေကြောင်း ရှေးဦးစွာ နုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ပေါ်ထွက်ခဲ့သော ပရိယတ္တိပညာရေးဆိုင်ရာ မူကြီးလေးချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သောအားဖြင့် ရန်ကုန်နှင့် မန္တလေးမြို့

တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ပေါ်ထွန်းခဲ့ကြပါသည်။ ထိုတက္ကသိုလ်ကြီးများနှင့် မရှေးမနှောင်းမှာ သီဟိုဠ်ကမ္ဘောဇ ဗုဒ္ဓတက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်များလည်း ပေါ်ထွန်းခဲ့ကြပါသည်။ ထိုတက္ကသိုလ်အသီးသီးတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်တည်တံ့ထွန်းကား ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရင်း အကျင့်သိက္ခာမြင့်မားစေခြင်း၊ ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း၊ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း၊ မြန်မာစာအရေးအသားတော်စေခြင်း ဟူသော ပရိယတ္တိပညာရေးဆိုင်ရာ မူလေးချက်ကို မိမိတို့ စွမ်းနိုင်ရာဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြသည်ဟု ယုံကြည်မိပါသည်။

အထူးသဖြင့် ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်းနှင့် ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်စေခြင်း အချက်(၂)ရပ်တို့သည်သာသနာ့ဝန်ထမ်းရှင်ရဟန်းများ မဖြစ်မနေ ထမ်းဆောင်ရမည့် ဂန္ထဓုရ မူလတာဝန်ပင်ဖြစ်ပါသည်။ ထိုအချက်(၂)ရပ်တို့မှာလည်း ထေရဝါဒဗုဒ္ဓသာသနာတော်အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် အထူးအလေးထား ဆောင်ရွက်ရမည့် အချက်များဖြစ်သည့်အပြင် ခွဲခြားမရသော အချက်များလည်း ဖြစ်ပါသည်။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေရန် ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်ဖို့ လိုအပ်သလို ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေရန်မှာလည်း ပိဋကတ်ကျမ်းဂန် သင်ယူပို့ချမှုအပေါ် အခြေခံရမှာ ဖြစ်ပါသည်။ ယနေ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် ထိုအချက်(၂)ရပ်ကို လက်တွေ့အကောင် အထည်ဖော်

ဆောင်ရွက်လျက် ရှိနေကြပါသည်။

ထိုသို့ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်အောင်မြင်စေရန် သင်ယူ ပို့ချမှုနည်းစနစ်ပိုင်းတွင် အောက်နှင့်အထက် အဆက်အစပ်ရှိဖို့ လိုအပ်ပါသည်။ အောက်အခြေခံဖြစ်သော စာသင်တန်းခေါ် ပထမပြန်တန်းနှင့် စာချတန်းခေါ် ဓမ္မာစရိယတန်းတို့ အဆက်အစပ်ရှိရှိဖြင့် အချိတ်အဆက်မိဖို့လိုအပ်ပါသည်။ ပရိယတ္တိပညာရေးဆိုင်ရာ မူလေးချက်ကို အကောင်အထည်ဖော်သောအားဖြင့် ယခင်က ပထမပြန်စာမေးပွဲများကို ပြုပြင်ပြောင်းလဲခဲ့ဖူးပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲခဲ့ရာတွင် ပါဠိသဒ္ဒါဆိုင်ရာ မူလပြဋ္ဌာန်းထားသော ကျမ်းစာများကိုလည်း လက်မလွှတ်နိုင်ဘဲ နောက်တိုး ကျမ်းစာများကို ထပ်ထည့်သဖြင့် ''ငါးသိုင်းများတော့ ဟင်းဟုန့်''ဆိုသလို ထိရောက်မှုမရှိဘဲ စာသင်ငယ်များမှာ ဝန်ထုတ်ဝန်ပိုးဖြစ်ကြရပါသည်။ အမှန်တကယ် လိုအပ်သော စာစပ်ကိုသင်ရာမှာပင် ရှေးအစဉ်အလာ ဆိုရိုးကြီးများကို ဦးစားပေးသင်ကြားစေသောကြောင့် စာသင်ငယ်များမှာ ပို၍ ဝန်ထုတ်ဝန်ပိုးဖြစ်ကြရပါသည်။ ထို့ကြောင့်လည်း ထိုပထမပြန် စာမေးပွဲပြုပြင်ပြောင်းလဲမှုမှာ ကြာကြာမခံဘဲ ပြန်လည်ပြုပြင်ခဲ့ရပါသည်။ စနစ်တစ်ခု ပြုပြင်ပြောင်းလဲရာမှာ အထူးအလေးအနက်ထား စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။

ထိုဖြစ်စဉ်ကို သင်ခန်းစာယူ၍ လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မည်ဆိုလျှင်လည်း ရှေးအစဉ်အလာကို ပစ်ပယ်ရာမရောက်အောင် ဖြစ်နိုင်လျှင် ပြဋ္ဌာန်းကျမ်းစာများကို ပြုပြင်ပြောင်းလဲ

ခြင်းထက် မေးခွန်းထုတ်စည်းမျဉ်းကိုသာ အဓိကထား ပြုပြင်ပြောင်းလဲဖို့ စဉ်းစားသင့်ပါသည်။ မေးခွန်းထုတ်စည်းမျဉ်းသည် သင်ကြားမှုနည်းစနစ်ပိုင်းအတွက် အထူးအရေးကြီးပါသည်။ သင်ကြားစေလိုသောပုံစံအတိုင်း မေးခွန်းထုတ်စည်းမျဉ်းကို ရေးဆွဲနိုင်ပါသည်။ စာချပုဂ္ဂိုလ်များက ထိုစည်းမျဉ်းအတိုင်း မဖြစ်မနေ သင်ကြားပို့ချကြရပါသည်။ မေးခွန်းထုတ် စည်းမျဉ်းသည် အလွန်အရေးကြီးသောကြောင့် ထိုစည်းမျဉ်းကို ရေးဆွဲသူများသည် ပါဠိစာပေသင်ယူပို့ချမှုတွင် လက်တွေ့ပို့ချမှုအတွေ့အကြုံရှိပြီး လက်ရှိလည်း ပို့ချနေသော ပုဂ္ဂိုလ်မျိုးဖြစ်သင့်ပါသည်။

တက္ကသိုလ်ဓမ္မာစရိယတန်း ပါဠိစာပေသင်ယူပို့ချမှုအပိုင်းတွင် ရိုးရာသင်နည်းနှင့် ခေတ်သင်နည်း ပေါင်းစပ်သင်ကြားပေးသဖြင့် အထူးပြောစရာမလိုလောက်အောင် ပြည့်စုံပါသည်။ ထိုတွင် အတက်အထွက်၊ စုဒ်စောဒနာ၊ အာဘော်သံဝဏ္ဏနာ၊ ဝိဂြိုဟ်ဆိုဉာဏ်ကောက်၊ နေတ္တိနည်း စသည် စုံလင်စွာဖြင့် ပို့ချသော မန္တလေးနည်းခေါ် ရိုးရာသင်နည်းသည် ပါဠိတော်အဋ္ဌကထာ ဋီကာများကို နိုက်နိုက်ချွတ်ချွတ်သိစေနိုင်သောနည်းဖြစ်၍ ထိုနည်းကို အစဉ်ထာဝရ ဆက်လက်ထိန်းသိမ်း အသုံးပြုဖို့ လိုအပ်ပါသည်။ ပိဋကတ်တော်နှင့် ပါဠိစာပေဆိုင်ရာမှာ ဤတက္ကသိုလ်ကြီးများက လမ်းပြရှေ့ဆောင် အခေါင်ရှေ့သွားမားမားမတ်မတ် ရပ်တည်နိုင်စေရန် ထာဝရကြံဆောင် ကြိုးစားအားထုတ်သွားကြရမှာ ဖြစ်ပါသည်။ ကမ္ဘာမှာ မြန်မာနိုင်ငံလို ပါဠိသင်နည်းမျိုး ဘယ်မှာမှ မရှိဟု ဆိုနိုင်ပါသည်။ ရှေးက ပိဋကတ်ပါဠိစာပေတွင်

ရေးတန်းမှရှိခဲ့သော သီရိလင်္ကာနိုင်ငံမှာပင် ထိုပါဠိသင်နည်းမျိုး မရှိတော့ပါ။ ယခုအခါ သီရိလင်္ကာနိုင်ငံ၌ ပါဠိတော် အဋ္ဌကထာ ဋီကာများကို အခြေမခံသော အင်္ဂလိပ်ဘာသာပြန် ဗုဒ္ဓစာပေများကိုသာ အလေးထားသင်ကြားလျက်ရှိကြောင်း သိရှိရပါသည်။

ခေတ်ခါအလျောက် အင်္ဂလိပ်စာတတ်ဖို့ ရေးကထက် ပိုမို လိုအပ်လျက်ရှိရာ ယခုအခါ ဤသာသနာ့တက္ကသိုလ်များတွင် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ရာမှာ အင်္ဂလိပ်စာ ဘက် အလေးထားမှုများပြီး ပါဠိစာပေဘက် လျော့နည်းသွားကာ ပိဋကတ်အရည်အသွေး ပါဠိအရည်အသွေးများ နိမ့်ကျမည့် အဖြစ်မျိုး မရောက်အောင်တော့ ထိန်းသိမ်းဖို့လိုအပ်ပါသည်။ ဤတက္ကသိုလ်ကြီးများတွင် ပိဋကတ်စာပေ ပါဠိစာပေတတ်မြောက်ဖို့ကို နံပါတ်(၁)မှာထားပြီး ပိဋကတ်ဆိုင်ရာ မြန်မာစာပေတတ်မြောက်ဖို့နှင့် ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေ တတ်မြောက်ဖို့ကို နံပါတ်(၂)မှာ ထားကြရမည် ဖြစ်ပါသည်။ သို့မှသာ ဤတက္ကသိုလ်ကြီးများသည် ပိဋကတ်ဆိုင်ရာ ပါဠိစာပေဆိုင်ရာတွင် ကမ္ဘာက အသိအမှတ်ပြု အလေးအမြတ် ပြုခြင်းခံရသော တက္ကသိုလ်ကြီးများ ဖြစ်လာပါမည်။

သာ မာဂဓီ မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ။

ဗြဟ္မာနော စဿုတာလာပါ၊ သမ္ဗုဒ္ဓါစာပိဘာသရေ ဟူသော အဆိုအမိန့်အရ မာဂဓဘာသာခေါ် ပါဠိဘာသာသည် ကမ္ဘာဦးလူများ၊ ဗြဟ္မာများ၊ သူတစ်ပါးစကားသံကို မကြားဖူးသေးသူများ၊ သဗ္ဗညု ဘုရားရှင်များ ပြောကြားသော မူလဘာသာဖြစ်၍ အထွတ်အမြတ်

ပြုအပ်သော ဘာသာဖြစ်သည့်အပြင် ပါဠိဘာသာသင်ယူတတ်မြောက်ခြင်းသည် ပဋိသမ္ဘိဒါဉာဏ်ရကြောင်း ကောင်းသောအထောက်အပံ့ဖြစ်သောကြောင့် အမြတ်တနိုး တန်ဖိုးထားလေ့လာဆည်းပူးအပ်သော ဘာသာရပ်ဖြစ်သည်ဟု ယုံကြည်မိပါသည်။

ယနေ့မှစတင်ကျင်းပမည့် ဤနှီးနှောဖလှယ်ပွဲကြီးတွင် မိမိတို့၏ ဆည်းပူးလေ့လာ အားထုတ်ထားသော တွေ့ရှိချက် သုတေသနပြုချက်များကို တင်ပြဆွေးနွေးခြင်း၊ ညှိနှိုင်းသုံးသပ်ဆုံးဖြတ်ချက်ချခြင်းတို့ဖြင့် ရရှိသောအကောင်းဆုံးအဖြေများကို ဖော်ထုတ်၍ ပွဲပြီးမီးသေသဘောမျိုး ပြီးပြီးပျောက်ပျောက် ဖြစ်မသွားအောင် အဖွဲ့အစည်းတစ်ခု ပီပီပြင်ပြင် ဖွဲ့စည်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါသည်။ ယနေ့ကြွရောက်လာကြသော တက္ကသိုလ်များမှ ဦးဆောင်ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်ပုဂ္ဂိုလ်ကြီးများမှ ကာယအား ဉာဏအား ဓနအားတို့ဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

နိဂုံးချုပ်အားဖြင့် ယနေ့ကြွရောက်လာကြကုန်သော ဆရာတော်များနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့သည် ကာယ, စိတ္တသုခနှစ်ဖြာ ချမ်းမြေ့စွာဖြင့် သာသနာ့တက္ကသိုလ်ကြီးများ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုး၊ နိုင်ငံအကျိုးကို အစဉ်တိုးတက်အောင် သည်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းရင်း ဆရာတော်၏ အဖွင့်ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။

သိတဂ္ဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
ဒေါက်တာအရှင်ဉာဏိဿရ
အဖွင့်မိန့်ကြားချက်

ခေတ်မီ ပါဠိသင်ကြားနည်းစနစ်ဖြင့် နိဗ္ဗာန်တံခါး ခေါက်ကြပါစို့

ပါဠိဟူသောပုဒ်သည် စောင့်ရှောက်ခြင်းအနက်၊ ထိန်းသိမ်းခြင်းအနက်၊ စီတန်းခြင်းအနက်၊ သီကုံးခြင်းအနက်၊ ကန်သင်းကန်ဘောင်ဆည်ခြင်းအနက်တို့ကို ဟောသည်။ ထိုပါဠိအမည်ရသည့် ဘာသာစကားကို မဂဓတိုင်းသားတို့က မိခင်စကား၊ ဖခင်စကားအဖြစ် ပြောဆိုကြသည်၊ ရေးသားကြသည်၊ သုံးစွဲကြသည်။ မဂဓတိုင်းသည် ထူးခြားမွန်မြတ်သည့် တိုင်းတစ်ခုဖြစ်သည်။ ဘုရားအဆူဆူတို့သည် မဂဓတိုင်း၌ ပွင့်တော်မူကြကုန်၏။ မဂဓတိုင်းသားတို့၏ ဘာသာစကားနှင့် စာပေသည် ဇမ္ဗူဒီပဟူသော အိန္ဒိယပြည်ကြီး၌ လွှမ်းမိုးကျယ်ပြန့်လျက် ရှိခဲ့သည်။ လူအများပြောဆိုသုံးစွဲသည့် ဘာသာစကား၊ ကလေးများပင်လျှင် နားလည်လွယ်သော တောသားတောင်သူတို့ပင် နားလည်လွယ်သော အများသုံးဘာသာစကား Common Language ဖြစ်သည်။

သိဒ္ဓတ္ထဂေါတမဗုဒ္ဓသည် သက္ကတိုင်းသားပင် ဖြစ်ငြားသော်လည်း သက္ကဘာသာစကားကို သုံးစွဲ၍ သူ၏ဓမ္မတို့ကို မဟောကြားခဲ့၊ လူအများတို့၏ အကျိုးစီးပွားအလို့ငှာ ပွင့်တော်မူလာသော မြတ်ဗုဒ္ဓသည် သူ၏ဓမ္မကို လူအများတို့ သိနားလည်စေချင်သောကြောင့် အများသုံးဘာသာစကားကို သုံးစွဲ၍ သူ၏ဓမ္မတို့ကို ဟောပြောဖြန့်ချိတော်မူခဲ့သည်။ ယနေ့ခေတ်တွင် ဗုဒ္ဓဓမ္မတို့ကို ကမ္ဘာသို့ ပြန့်ပွားစေရန် ကမ္ဘာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့် ဖြန့်ချိရသကဲ့သို့ပင်ဖြစ်သည်။ အင်္ဂလိပ်ဘာသာ၏ ပေါက်ဖွားရာ၊ မြစ်ဖျားခံရာ ဘာသာသည် လက်တင်ဘာသာဖြစ်ငြားသော်လည်း လက်တင်ဘာသာစကားကို ယနေ့ပြောဆိုသုံးစွဲနေမည်ဆိုလျှင် လူတန်းစားအားလုံး နားလည်ဖို့ရန်မဖြစ်နိုင်ပေ။ ထိုနည်းတူစွာပင် မြတ်ဗုဒ္ဓသည် သူကိုယ်တိုင် ပြောဆိုသုံးစွဲခဲ့သော မဂဓဘာသာဖြင့်သာလျှင် သူ၏ဓမ္မတို့ကို ထိန်းသိမ်းရန်, စောင့်ရှောက်ရန်, စနစ်တကျ စုစည်းသိကုံးထားရန် သုတ်, ဝိနည်း, အဘိဓမ္မာ သို့မဟုတ် ဒီဃ, မဇ္ဈိမ, ခုဒ္ဒက စသည်အားဖြင့် ကန်သင်းကန်ဘောင်ခတ်၍ စနစ်တကျ ထိန်းသိမ်းရန် လမ်းညွှန်မှာကြား ဆုံးမတော်မူခဲ့ပါသည်။

လက်တင်ဘာသာကဲ့သို့ ပညာတတ် လူနည်းစုတို့သာ သိရှိနားလည်နိုင်သော သက္ကတဘာသာဖြင့် သူ၏ဓမ္မကို ထိန်းသိမ်းရန် တားမြစ်ပိတ်ပင်တော်မူခဲ့လေသည်။ ထို့ကြောင့်ပင် ရှေးမူနှင့် အစဉ်အလာကို မြတ်နိုးတော်မူကြကုန်သော မြတ်ဗုဒ္ဓ၏ အဆုံးအမ(ဓမ္မဝိနယ)ကို ဗုဒ္ဓလက်ထက်တော်က မူအတိုင်း ရှေးမူမပြတ် ထိန်းသိမ်းစောင့်

ရှောက်တော်မူလိုကြကုန်သော ထေရဝါဒီ သံဃာတို့သည် ဗုဒ္ဓပါဝစန တို့ကို နှစ်ပေါင်း ၂၅၀၀ ကျော် ခရီးတစ်လျှောက် ပါဠိဘာသာ၊ မဂဓ ဘာသာဖြင့်သာလျှင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြကုန်၏။ သို့ ဖြစ်ခြင်းကြောင့် ပါဠိဘာသာကို Buddhist Language ဗုဒ္ဓဘာသာ ဟု ခေါ်ဆိုနိုင်ပေသည်။ မြတ်ဓမ္မ၏ သဘောတရားကို အရင်းအမြစ် အနှစ်ထိအောင် နားလည်တတ်မြောက်လိုလျှင် ပါဠိ၊ မဂဓဘာသာကို အရင်းအမြစ် အနှစ်ထိအောင် သင်ရမည်သာဖြစ်သည်။ အရင်းအမြစ် အနှစ်ထိအောင် မသင်ကြားနိုင်လျှင်၊ မတတ်မြောက်လျှင် ဓမ္မရသ၊ ဝိမုတ္တိရသတို့ကို အပြည့်အဝ ခံစားနိုင်ကြမည် မဟုတ်ပေ။ သာသနာ နှစ် ၅၅၀ ခန့်က သဗ္ဗတ္ထိဝါဒီဂိုဏ်းသားတို့ ပါဠိဘာသာကို သက္ကတ ဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ ထိုဂိုဏ်းသားတို့၏ သက္ကတဘာသာသည် မြောက်ပိုင်း မဟာယာနဂိုဏ်းသားတို့၏ ဗုဒ္ဓဝါဒ ရေသောက်မြစ်ဖြစ် လေသည်။ ပါဠိမှ သက္ကတ၊ သက္ကတမှ တရုတ်ဘာသာသို့ အဆင့်ဆင့် ဘာသာပြန်ပြီးမှ ဗုဒ္ဓဓမ္မကို ရရှိကြကုန်သော တရုတ်၊ ကိုရီးယား၊ ဂျပန် ဗုဒ္ဓဘာသာဝင်တို့သည် ယနေ့ခေတ်၌ ထေရဝါဒဗုဒ္ဓဘာသာ ဘက်ကို ဦးလှည့်လာနေကြသည်မှာ ကျူတောထဲကလူတွေ ကျွန်းတော ဘက်သို့ ရွှေပြောင်းနေကြသည်နှင့် တူ၏။

ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် တွင် မြတ်ဓမ္မ၏ အရင်းအမြစ်အနှစ်တို့ကို ထိထိရောက်ရောက် မိမိ ပေါက်ပေါက် တတ်ကျွမ်းနားလည်ဖို့ရန် ပါဠိတက္ကသိုလ်ကျောင်းတိုက် ကြီးများကို တည်ဆောက်သင်ကြား ပို့ချနေကြခြင်းဖြစ်သည်။ ထို့ကြောင့်

ထေရဝါဒတို့၏ မူစနစ်ကား ကျွန်းတောမှ ကျွန်းတောသို့ ဖြစ်၏။ ကျွန်းတောမှ ကျူတောသို့ ဘယ်တော့မှ မပြောင်း။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာရောက်ခဲ့သည်မှာ ပါဠိဘာသာဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဗုဒ္ဓသာသနာ ပြန့်ပွားသွားခြင်းမှာလည်း ပါဠိဘာသာဖြင့်သာလျှင် ပြန့်ပွားသွားခြင်း ဖြစ်၏။ ထေရဝါဒီတို့၏ သင်္ဂါယနာ(၆)တန်သည် ပါဠိဗုဒ္ဓဘာသာကို (၆)ကြိမ်တိုင်တိုင် အတည်ပြု (ထပ်မံအတည်ပြု) Reconfirm သို့မဟုတ် Recommend ပြုလုပ်တော်မူကြခြင်းဖြစ်သည်။ ယနေ့ ကမ္ဘာ့ဗုဒ္ဓဘာသာနယ်မြေ၌ မြန်မာ့ထေရဝါဒဗုဒ္ဓဘာသာ ရှေ့တန်း နေရာမှာရောက်ရှိနေခြင်းသည် မြန်မာ့ထေရဝါဒ ပါဠိစာပေ သင်ကြား ရေး စနစ်၏ ထိရောက်မှုကြောင့်ပင် ဖြစ်သည်။

သီဟိုဠ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့၌ အဘိဓမ္မာ သင်ကြားနည်းစနစ် ပျောက်ကွယ်ခဲ့ပြီးဖြစ်သည်။ ဝိနည်း(၅)ကျမ်း ပေါက်ရောက်အောင် သင်ကြားသည့် စနစ်လည်း မရှိတော့ပါ။ ဝိနည်း၌ ပါတိမောက္ခ၊ အဘိဓမ္မာ၌ အဘိဓမ္မတ္ထသင်္ဂဟ၊ သုတ္တန်၌ သုတ္တသင်္ဂဟ မျှလောက်သာ သင်ကြားသည့် စနစ်သို့ ရောက်နေကြပြီဖြစ်ရာ နိဗ္ဗာန် မြို့တော်ကြီး၏ တံခါးဝဆီသို့ ကွေ့ကောက်ရှည်လျားစွာ ဖောက်ထား သော လမ်းပေါ်၌ (အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ) ချုံမြက်ပေါင်းတို့ ထူထပ်စွာ ပေါက်ရောက်နေရာဝယ် အပေါ်ယံချုံနွယ်ကလေးများကို အသာနင်း၍ နိဗ္ဗာန်တံခါးဝကို လမ်းထိပ်မှ ခပ်လှမ်းလှမ်းမှ လှမ်းမျှော်၍ လမ်းလွဲ သွားကြကုန်သော သံသရာခရီးသည်များ ဖြစ်ကြလေကုန်ပြီဟု ဆိုလျှင်

များအံ့မထင်။ သို့သော် မြန်မာ့ထေရဝါဒီ သံဃာတော်တို့၏ စာပေ သင်ကြားသည့် နည်းစနစ်မှာ နိဗ္ဗာန်တံခါးဝဆီသို့သွားသော လမ်း ကောက်ကိုလည်း ကောင်းကောင်းကြီး ဖြောင့်နိုင်ခဲ့သည်။ ထိုလမ်း၌ ပေါက်ရောက်ပိတ်ဆို့နေကြကုန်သော (အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ)တည်း ဟူသော ချုံနွယ်တို့ကိုလည်း ရှင်းလင်းနိုင်ခဲ့သည်။ နိဗ္ဗာန်တံခါးပေါက် ကိုလည်း တီးခေါက်နိုင်ခဲ့ပါသည်။ နိဗ္ဗာန်တံခါးဝသို့ ဖြောင့်ဖြောင့်ကြီး ဝင်ရောက်နိုင်ခဲ့သည်လည်း ရှိပါသည်။ ထိုကဲ့သို့သော အကျိုးကျေးဇူး များမှာ အဓိကအားဖြင့် မန္တလေးစာသင်နည်းနှင့် ပခုက္ကူစာသင်နည်း ဤနှစ်နည်းတို့ အချိုးကျကျ၊ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ ထိုနည်းနှစ်ခုတို့ တဖြည်းဖြည်း Fade Out ဖြစ်လာနေသည်မှာ ဝမ်းနည်းစိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။

ဤအချက်ကို သိတော်မူ၊ မြင်တော်မူကြကုန်သော မဟာထေရ် ကြီးတို့သည် သာသနာ့တက္ကသိုလ်၊ ထေရဝါဒတက္ကသိုလ်၊ သံဃာ့ တက္ကသိုလ်၊ ဗုဒ္ဓတက္ကသိုလ်ကြီးများကို တည်ထောင်တော်မူကြကုန်၏။ ထိုခေတ်မီ တက္ကသိုလ်ကြီးများ၏ ပါဠိ၊ ပိဋကတ် သင်ကြားရေးနည်း စနစ်သည် ပခုက္ကူ၊ မန္တလေးနည်းစနစ်ဟောင်းနှစ်ခုကို အခြေခံ၍ အုတ်မြစ်သဖွယ်ချထား၍ ထိုနည်းနှစ်ပါး၏ အနှစ်သာရပါဝင်သည့် နည်းသစ်တစ်ခုကို တည်ဆောက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် -

(၁) မန္တလေးနည်းကို အခြေခံ၍ ပါဠိဘာသာ Pāli Language ကို အမြန်ဆုံး တတ်မြောက်အောင် သင်ကြားနည်း စနစ်တခု ဖော်ထုတ်ရန် လိုပါသည်။

(၂) ပခုက္ကူနည်းစနစ်ကို အခြေခံ၍ ပိဋကတ်၏ အရင်းအမြစ်ကို ထိမိအောင်၊ အနှစ်သာရကို ခံစားနိုင်အောင် သင်ကြားပို့ချသည့် နည်းစနစ်တစ်ခုကို ဖော်ထုတ်ရန် လိုအပ်ပါသည်။

စာသင်သားတစ်ယောက်သည် ပါဠိ၊ ပိဋကတ်ကို အဘိဓာန်ကိုင်၍ ရဲရဲကြီးဖတ်နိုင်ဖို့၊ အဋ္ဌကထာ၊ ဋီကာကိုင်၍ ပါဠိတော်၏ အနှစ်သာရကို ထိထိမိမိခံစားနိုင်ဖို့ သင်ကြားပို့ချသည့် နည်းစနစ်များကို ဖော်ထုတ်ပေးရန် ဖြစ်ပါသည်။ မိမိသင်ကြားထားပြီးသော မြတ်ဗုဒ္ဓ အဆုံးအမ၏ အနှစ်သာရကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ဟောကြား၊ ပြောကြား၊ သင်ကြားနိုင်အောင်လည်း စနစ်ရှိဖို့ လိုပါသည်။ ထို့ကြောင့် ပါဠိစာပေကို -

(၁) Language အနေဖြင့် ပိဋကတ်ကို ဖတ်ရဲအောင် သင်ကြားပေးရမည်ဖြစ်သည်။

(၂) ပါဠိဘာသာဖြင့် ရှိနေသော ဓမ္မ၏အနှစ်သာရကို အရင်းအမြစ်အနှစ်ထိအောင် နှိုက်ထုတ်ခံစားနိုင်အောင် သင့်ကြားပေးရမည်ဖြစ်သည်။

(၃) ထိုဓမ္မ၏ အနှစ်သာရကို ကမ္ဘာသို့ ဖြန့်ချိဖို့ရန် ကမ္ဘာသုံး ဘာသာစကားကို(English) ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်ဖို့ လိုအပ်ပါသည်။

(၄) သင်ပြီးသောဓမ္မကို ထေရဝါဒမူကျကျ ကျင့်သုံးသည့် နည်းစနစ်များကိုလည်း သင်ကြားပို့ချပေးနိုင်လျှင်

နိဗ္ဗာန်လမ်းကြောင်းလည်း ဖြောင့်သွားမည်ဖြစ်သည်။

ထိုလမ်းကြောင်းပေါ်၌ ပိတ်ဆို့နေသော ကိလေသာ မြက်အပေါင်းတို့ကိုလည်း သုတ်သင်နိုင်မည်ဖြစ်သည်။ မိမိတို့ဆရာ မြတ်ဗုဒ္ဓကိုလည်း ဉာဏ်တွေ့ပူဇော်ရမည်ဖြစ်သည်။ နိဗ္ဗာန်တံခါးပေါက်ကိုလည်း ကောင်းကောင်းကြီး ခေါက်နိုင်လိမ့်မည် ဖြစ်ပါသတည်း။

ဓမ္မော ဟိ ဣသိနံ ဓဇော

သာသနာ့အောင်လံ လွှင့်ထူတော်မူနိုင်ကြပါစေ။

## ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ကြားပို့ချမှုအဆင့်မြှင့်တင်ရေးနှီးနှောဖလှယ်ပွဲတွင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လျှောက်ထားလွှာ (၂၅-၄-၂၀၀၈)

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား**

ယနေ့ကျင်းပသော ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲတွင် ပရိယတ္တိစာပေပညာရှင် ဆရာတော်ကြီးများနှင့် စာပေ ပညာရှင် လူပုဂ္ဂိုလ်များကို ယခုလို တစုတစည်းတည်း ဖူးမြော်တွေ့ဆုံခွင့်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားလိုပါသည်ဘုရား။

ဘုရားတပည့်တော်တို့ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် နှစ်တစ်ထောင်ခန့် ပုဂံခေတ်မှ စတင်၍ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်အသားဖြစ်သော ပါဠိစာပေကို ယုံယုံကြည်ကြည် လေးလေးစားစား မြတ်မြတ်နိုးနိုး သင်ယူပို့ချလာခဲ့ကြပါသည်ဘုရား။ ပုဂံခေတ် ကာလတစ်လျှောက်လုံး ပါဠိစာပေထွန်းကားလာခဲ့ပြီး ပါဠိစာပေမှ ရရှိသော မြန်မာတို့၏ ယဉ်ကျေးမှုသည်လည်း ယနေ့တိုင် ထွန်းကားလာ ခဲ့ပါသည် ဘုရား။ သမိုင်းစဉ်အဆက်ဆက်တွင်လည်း သာသနာစောင့်မထေရ်ကြီးများက ထေရဝါဒဗုဒ္ဓဘာသာ ပါဠိစာပေကို ထိန်းသိမ်းရင်း ထိုပါဠိစာပေ၌တည်ရှိသော ဓမ္မအနှစ်သာရများကို ပရိယတ္တိ စာသင်

တိုက်ကြီးများ၊ ပဋိပတ္တိကမ္မဋ္ဌာန်းဌာနကြီးများက လက်ဆင့်ကမ်း ထိန်းသိမ်းလာနိုင်ခဲ့ကြပါသည်ဘုရား။ ပရိယတ္တိစာပေပို့ချ သင်ယူမှု အပိုင်းတွင် မန္တလေးနည်း၊ ပခုက္ကူနည်းစသော ရှေးရိုးပရိယတ္တိ စာပေ သင်ယူနည်းများကိုသာမက နောက်ပိုင်း ထွန်းကားလာခဲ့သော ပထမပြန် နှင့် ဓမ္မာစရိယစာမေးပွဲများအတွက် သင်ယူနည်း၊ နိုင်ငံတကာနှင့် ထိတွေ့ ဆက်ဆံလာခဲ့သည့်အခါ ပါဠိစာပေခေတ်သင်ယူနည်း စသော သင်ယူနည်းများကို ကျယ်ပြန့်စွာ အသုံးပြုလာခဲ့ကြပါသည်ဘုရား။

အထူးသဖြင့် ခေတ်သင်နည်းများကို ကျယ်ပြန့်စွာ သင်ကြား ပို့ချပေးသော ပရိယတ္တိသာသနာ့တက္ကသိုလ်များတွင် နိုင်ငံတကာ ပါဠိသင်ယူနည်း စံနှုန်းမျိုးကိုပါ လေ့လာလျက် ထေရဝါဒဗုဒ္ဓဘာသာကို မူရင်းကျကျ လေ့လာရာတွင် အမြန်ဆုံးနှင့် အမှန်ဆုံးလေ့လာခွင့်ရရှိရန် လိုအပ်လျက် ရှိပါသည်ဘုရား။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက်-

(က) ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ပါဠိစာပေ သင်ကြား ရေး စနစ်ကို ပြန်လည်သုံးသပ်၍ အဆင့်မြှင့်တင်နိုင်ရန်၊

(ခ) ပါဠိဘာသာနှင့် ဆက်နွယ်လျက်ရှိသော သက္ကဋ စသည့် ဘာသန္တရများကိုပါ ပူးတွဲလေ့လာနည်းစနစ် ဆန်းစစ် သတ်မှတ်ရန်၊

(ဂ) ပါဠိဘာသာကို လေ့လာရာတွင် ထေရဝါဒဓမ္မ အနှစ် သာရများကိုပါ တစ်ပါတည်း သင်ယူလေ့လာနိုင်သော သင်နည်းစနစ်များ ဖော်ထုတ်ရန်၊

(ဃ) တစ်ကမ္ဘာလုံးတွင် ပါဠိစာပေကို အခြေခံကာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားလာစေရန်၊

ဟူသော ရည်မှန်းချက်များဖြင့် ယခုကျင်းပမည့် နီးနှောဖလှယ်ပွဲကို သာသနာရေးဝန်ကြီးဌာနက တာဝန်ယူလျက် ကျင်းပပေးခြင်း ဖြစ်ပါသည်ဘုရား။

ယခု နီးနှောဖလှယ်ပွဲတွင်-

(က) သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့်သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသန စာတမ်းများ၊

(ခ) ပါဠိစာပေနှင့် နီးနွယ်ဆက်စပ်သော သက္ကဋစသည့် ဘာသန္တရများနှင့် နှိုင်းယှဉ်လေ့လာချက် သုတေသန စာတမ်းများ၊

(ဂ) နိုင်ငံတကာပါဠိစာပေသင်နည်းစနစ်နှင့် မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းစနစ်တို့ကို နှိုင်းယှဉ်လေ့လာချက် သုတေသန စာတမ်းများ၊

(ဃ) ထေရဝါဒဓမ္မကျင့်သုံးမှုကို တိုက်ရိုက် အထောက်အကူပြုသော ပါဠိစာပေသင်ကြားပို့ချမှု သုတေသန စာတမ်းများကို သက်ဆိုင်ရာပညာရှင်များက တင်သွင်းဖတ်ကြားပြီး ဝေဖန်ဆွေးနွေးကြရန် ရှိပါသည်ဘုရား။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ပညာရေးမူဝါဒများတွင်လည်း-

- ကိုယ်ကျင့်တရားကောင်းမွန်ရေး
- ပိဋကတ်စာပေကျွမ်းကျင်နှံ့စပ်ရေး
- မြန်မာစာပေအရေးအသားတော်စေရေးတို့အပြင်
- ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ရေးသည်လည်း ပဓာနအဖြစ် ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည် ဘုရား။

ဤနေရာတွင် အထူးတင်ပြလျှောက်ထားလိုသည်မှာ သာသနာ့တက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားသော စာသင်သားများသည် ပထမပြန်စာမေးပွဲ၌ ပထမကြီးတန်း အောင်မြင်ပြီးသူများကိုသာ လက်ခံသင်ကြားခြင်း ဖြစ်ပါသဖြင့် ပထမပြန်စာမေးပွဲ ပထမကြီးတန်း ဘာသာရပ်များနှင့် သာသနာ့တက္ကသိုလ်များ၏ ပထမနှစ် ပြဋ္ဌာန်း ဘာသာရပ်များ တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိစေရန် ဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ သင်ကြားမည့် ပါဠိဘာသာသင်ကြားရေး သုတေသနစာတမ်း ဆန်းစစ်ချက်၊ ဝေဖန်ဆွေးနွေးချက်များကိုသာမက သာသနာတော်၏ မျိုးဆက်သစ် ရှင်သာမဏေများ အခြေခံပရိယတ္တိစာမေးပွဲသို့ ဝင်ရောက်ရာတွင် လိုအပ်မည်ဟု ယူဆရသော အကြံပြုချက်များကို ဝေဖန်ဆွေးနွေး အကြံပြုပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဤပညာရေးနှီးနှောဖလှယ်ပွဲ အောင်မြင်ပြီးမြောက်သည့် အခါတွင်လည်း စာတန်းရှင်များ၏ အကြံပြုဆွေးနွေးချက်များကို


စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေပြီး အခြေအနေနှင့် သင့်လျော်မည်ဟု ယူဆရသော၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိသော အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သံဃာ့ဦးသျှောင် သာသနာစောင့် ဆရာတော်ဘုရားကြီးများထံ တင်ပြလျှောက်ထားလျက် လိုအပ်မည်ဖြစ်သော လုပ်ငန်းအဖွဲ့များ၊ ဥပမာအားဖြင့်-သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ ပြဋ္ဌာန်းကျမ်းစာ ရွေးချယ်ရေးအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်မြတ်များဘုရား**

ယခု ဘုရားတပည့်တော်များ ဆောင်ရွက်သည့် ပညာရေးနီးနှောဖလှယ်ပွဲသည် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေးရည်မှန်းချက်မျှကို သာမက ထိုသင်ကြားပို့ချမှုနှင့် ဆက်နွယ်လျက်ရှိသော မြန်မာနိုင်ငံ တစ်သာသနာလုံး၏ ပရိယတ္တိပညာရေးကိုပါ အလေးအနက် စဉ်းစားဆွေးနွေးပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။


နိဂုံးချုပ်အားဖြင့် လျှောက်ထားရပါလျှင် ကုသိုလ်ကံထောက်မသဖြင့် ဤလူ့ဘဝကို ရရှိပြီး ဖြစ်သည့်အပြင် ရရှိထားသော လူ့ဘဝ၌လည်း မြတ်စွာဘုရား သာသနာတော်၏ အခြေခံအုတ်မြစ်= ပရိယတ္တိသာသနာတော်ကို အခြေခံခိုင်မာအောင် ပါဝင်ဆောင်ရွက်ခွင့်ရသော ဘုရားတပည့်တော်တို့၏ ဘဝပေးအခြေအနေကို အထပ်ထပ်ဆင်ခြင်တွေးတော ဝမ်းမြောက်လျက် ပညာရေး နီးနှောဖလှယ်ပွဲကာလအတွင်း

သာသနာတော်ထွန်းကားပြန့်ပွားရေး ကုသိုလ်ဓောစေတနာများဖြင့် ညှိနှိုင်းဝေဖန်ဆွေးနွေး အကြံပြုပေးနိုင်ကြပါစေကြောင်း ဆုတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည်ဘုရား။




နှီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နံနက်ပိုင်းတွင်


သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူစဉ်




နိဗ္ဗာနဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နေ့လည်ပိုင်းနှင့်ညနေပိုင်းတွင် သဘာပတိအဖြစ်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) နာယကချုပ်ဆရာတော်
ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ က ဆောင်ရွက်တော်မူစဉ်



နှီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က
"သမိုင်းနှင့်ဆက်စပ်လျက်ရှိသော ပါဠိစာပေများအကြောင်း" ဖြည့်စွက်ဆွေးနွေးစဉ်



နှီးနှောဖလှယ်ပွဲပထမနေ့ (၂၄-၄-၂၀၀၈) နံနက်ပိုင်းတွင်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ/မဟာဌာနမှူး

ဒေါက်တာအရှင်အာဒိစ္စဝံသက

ပါဠိစာပေသင်နည်းစနစ်များ လေ့လာချက် သုတေသနစာတမ်း''ကို ဖတ်ကြားတင်သွင်းစဉ်

## ပါဠိစာပေသင်နည်းစနစ်များလေ့လာချက် သုတေသနစာတမ်း

ဒေါက်တာအရှင်အာဒိစ္စဝံသ
ပါမောက္ခ/ဌာနမှူး
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

ပါဠိစာပေသည် အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးစာပေဖြစ်ပြီး ဗုဒ္ဓခေတ်မှစ၍ အသုံးပြုခဲ့ပေရာ သာမန်ဘာသာရပ်စာပေတစ်ခုမျှသာ မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာ၏ အသက်သွေးကြောသဖွယ်ဖြစ်သော ဘာသာရပ်အဖြစ် ယနေ့တိုင် ရပ်တည်ခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားနှင့် တပည့်ရဟန်းတော်များ၊ အရိယာသူတော်စင်တို့သည်(BC 588)မှ (BC 544 )အထိ ၄၅နှစ်တိုင်တိုင် တရားဓမ္မများ ဟောကြားရာ၌ လက်ကိုင်အသုံးပြုခဲ့သော စာပေ ဘာသာစကားလည်းဖြစ်ခဲ့သည်။ ဂေါတမဗုဒ္ဓဘုရားရှင် တရားဟောရာ၌ ပါဠိဘာသာဖြင့် ဟောပြောခဲ့ကြားလည်း ပါဠိပိဋကတို့၌ “ပါဠိ”ဟူသော ဝေါဟာရစကားလုံးကို တိတိကျကျ ဖော်ပြခဲ့မှု မရှိခဲ့ပေ။ “ပါဠိ”ဟူသော ဝေါဟာရ စကားလုံးအစား အောက်ပါစကားလုံးများဖြင့် အစားထိုးအသုံးပြုဖော်ပြခဲ့ပေသည်-

(၁) အရိယာ [ဝိနယပိဋက, ပါရာဇိကပါဠိ-၃၃, သမန္တပါသာဒိကအဋ္ဌကထာ အတွဲ ၁-၂၂၀]

| | | |
|---|---|---|
| (၂) | ဓမ္မနိရုတ္တိ နှင့် သဘာဝနိရုတ္တိ | [ဝိဘင်္ဂပါဠိ-၃၀၇၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၃၇၀] |
| (၃) | မာဂဓဘာသာ | [သမန္တပါသာဒိကအဋ္ဌကထာ အတွဲ ၁-၁၂၂] |
| (၄) | မာဂဓိကဘာသာ | [ပဋ္ဌိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ အတွဲ ၁-၅] |
| (၅) | တန္တိဘာသာ | [ဓမ္မပဒအဋ္ဌကထာ အတွဲ-၁/၂] |
| (၆) | မူလဘာသာ | [ပဋ္ဌိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ အတွဲ ၁/၅, မဟာဝံသပါဠိ-၂၄၄] |
| (၇) | ပကတိဘာသာ | [ဝဇီရဗုဒ္ဓိဋီကာ-၂၉၁, သာရတ္ထ ဒီပနီဋီကာ အတွဲ ၃-၆] |

ထို့ကြောင့် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပါဠိဘာသာနှင့် အလားသဏ္ဌာန်တူသော အထက်ပါဘာသာရပ်ဖြင့် ဟောပြောအသုံးပြုခဲ့ကြောင်း လေ့လာသိရှိခဲ့ရပေသည်။ နောက်ပိုင်းတွင် ဓမ္မပရိယာယမှ ပလိယာယ၊ ပလိယာယ မှ ပဋိယာယ ပါဠိသို့ ရောက်ရှိသွားကြောင်း ဆရာမြတ်တို့ ယူဆကြသည်။

တစ်နည်းဆိုရသော် ပါဠိ(ပါလိ)ဟူသော စကားသည် "ပလာသ"ဟူသော သစ်ပင်တို့ပေါက်ရောက်ရာ မဂဓတိုင်းအရပ် ဒေသကို သက္ကတဘာသာဖြင့် "ပလာသ"ဟူ၍ ခေါ်ရာမှ ပါဠိ(ပါလိ) ဟု ခေါ်ဆိုလာရာ ခြံ၍ကောက်ချက်ချရသော် ဂေါတမဗုဒ္ဓဘုရားရှင်

သက်တော်ထင်ရှားရှိစဉ် တရားဟောရာ၌ အသုံးပြုခဲ့သော ဘာသာစကားမှ "မာဂဓီ"ကိုပင် "ပါဠိ"ဟူသော အမည်ထပ်တိုးပေးခဲ့သည်ဟု ယူဆလက်ခံလိုကြသည်။ မာဂဓီနှင့် ပါဠိမှာ ကွဲပြားမှုမရှိဘဲ အတူတူပင်ဟု မှတ်ယူနိုင်ပေသည်။

"ပါဠိ"ဟူသော ဝေါဟာရကိုသုံးရာ၌ သက္ကတဘာသာကိုလည်း ချွင်းချန်ထား၍ မဖြစ်ပေ။ ပါဠိဝေါဟာရစကားလုံးအများစုမှာ သက္ကတဘာသာရပ်မှ ဆင်းသက်လာသည်ဟု ကြံဆကြ၏။

ပါဠိဘာသာသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် အသက်သွေးခဲမျှ အရေးပါရခြင်းမှာ ဗုဒ္ဓဘာသာ၏ ဝိနည်းစည်းမျဉ်း ဥပဒေကို ဝိနယပါဠိဘာသာဖြင့် သုံးနှုန်းသတ်မှတ်ထားခြင်း၊ ဘာသာရေးအဓိက အခမ်းအနားများဖြစ်သော သိမ်သမုတ်၊ ရဟန်းခံရှင်ပြု၊ ပရိတ်တော်ရွတ်ဆိုရာ၌ တိကျမှန်ကန်သော ပါဠိအသံနေ အသံထားပီသသော ပါဠိအသံထွက်ရွတ်ဆိုမှ ကံမြောက်ခြင်း၊ အောင်မြင်ခြင်းရလဒ်ကို ပေးသောကြောင့် ဖြစ်၏။ ထိုသို့ ပါဠိအသံနေ အသံထားဌာန်ကရိုဏ်း ပီသစွာ ရွတ်ဆိုမှုမှာ မြတ်စွာဘုရားလက်ထက်တော်မှ ယနေ့တိုင်အောင် ဘုရားသားတော်သံဃာရဟန်းများ နှုတ်တက်အစဉ်တစိုက် လက်ဆင့်ကမ်းသယ်ဆောင်လာ၍သာ ပါဠိဘာသာအသံထွက်မူရင်းမပျက် တည်ရှိ ရှင်သန်ခဲ့ရပေသည်။ [မူရင်းဟူရာ၌ ပုဒ်တို့၏ မူရင်းကို ဆိုလိုပြီး နိုင်ငံအသီးသီး လူမျိုးအသီးသီးတို့၏ အသံကို မဆိုလိုပေ]

အဓိကအားဖြင့် တောင်ပိုင်းဗုဒ္ဓဘာသာဝင်တို့သည် သင်္ဂါယနာ ခြောက်ကြိမ် တင်ခဲ့ကြရာ၌ သင်္ဂါယနာအဆက်ဆက် အတည်ပြုခဲ့သော

ပိဋကတ်တော် ဗုဒ္ဓဝစန မြတ်စွာဘုရား၏ စကားတော်တို့ကို မဟာထေရ်တို့ ပါဠိဘာသာဖြင့် အစဉ်ထာဝရ အထူးစောင့်ရှောက် သိုမှီးသိမ်းဆည်းခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုအရေးပါမှုကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင် နိုင်ငံတို့သည် ပါဠိစာပေကို မိမိနည်း၊ မိမိဟန်ဖြင့် သင်နည်းစနစ်အမျိုးမျိုးဖြင့် ပြုစုပျိုးထောင်ခဲ့ကြပေသည်။

မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းစနစ်မှာ မြန်မာနိုင်ငံသို့ အသောကမင်းကြီးလက်ထက် သာသနာတော်(၁၆၀)နှစ် သာသနာပြုမူလ(၉)တိုင်း (၉)ဌာနအပါအဝင် မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း သုဝဏ္ဏဘုမ္မိမှ ပုဂံပြည် အနုရုဒ္ဓ(အနော်ရထာ)မင်းကြီးလက်ထက်ကို အစပြုလေ့လာအပ်ပေသည်။ သာသနာတော်နှင့်အတူ ပျံ့နှံ့လာသော ဗုဒ္ဓစာပေတို့သည် မူလပါဠိစာပေအဖြစ် ရှိခဲ့ပေသည်။ ပါဠိစာပေသင်နည်းစနစ် လွယ်ကူစေရန် ပုဂံပြည်ဖွား ပညာရှိ ရဟန်းတော်များသည် ထင်ရှားသော ပါဠိကျမ်းဂန်များကို မြန်မာနိဿယ ပြန်ဆိုတော်မူခဲ့လေသည်။ ယင်းသို့ ပြန်ဆိုရာ၌ နိဿယဟူသော ပါဠိတကျော့၊ မြန်မာအနက်တကျော့ ပြန်ဆိုနည်းဖြင့် ပါဠိစာပေ သင်ကြားရာ၌ လွယ်ကူစေရန် ပြန်ဆိုရာ၌လည်း အလွန်အကျိုးကျေးဇူးများလှပေသည်။

ပါဠိ မြန်မာနှစ်ဘာသာကို အဓိပ္ပါယ်တူ တွဲစပ်၍ ပြထားသဖြင့် ပါဠိဘာသာ မတတ်ကျွမ်းသူ ပုဂ္ဂိုလ်တို့အား ပါဠိဘာသာကို မှတ်မိ၊ တတ်သိ၍ သွားစေသည်။ ဤနိဿယ ပြန်ဆိုနည်းသည် မည်သည့်အခါက အသုံးပြုခဲ့သည်ကို တိတိကျကျ မဖော်ပြနိုင်မူငြားလည်း ပုဂံ

ပြည် ကျွန်စစ်မင်းကြီး ရေးထိုးခဲ့သည့် ရွှေစည်းခုံ မွန်ကျောက်စာပါ ပါဠိဂါထာနှင့် မွန်ဘာသာနိဿယ ပြန်ချက်ကိုကြည့်လျှင် မြန်မာနှစ် (၄၄၆-၄၄၇)ကပင် ဤနိဿယ ပြန်ဆိုနည်းမှာ ခေတ်စားနေပြီဖြစ်ကြောင်း သိသာသလို ပထမဆင်တဲဆရာတော်ကြီး ဝဇီရဗုဒ္ဓိဋီကာနိဿယ ပထမတွဲမှ (Pg.47)မြန်မာ့ရိုးရာ ပါဠိစာပေသင်ကြားပို့ချရာ၌လည်း ဤနည်းကို အသုံးပြုခဲ့ကြမည်မှာ မေကြီးလက်ခတ်မလွဲပေ။

မြန်မာ့ရိုးရာ ပါဠိစာပေသင်ကြားရာ၌ အသုံးပြုခဲ့သော နိဿယအမျိုးမျိုးမှာ-

၁။ နိဿယနံကျဉ်း

၂။ နိဿယနံကျယ်

၃။ နိဿယနံပြောက် ဟူ၍ ဖြစ်ပေသည်။

"နံ"ဟူသည်မှာ "နက်"="အနက်"ဟူ၍ ဆိုလိုပေသည်။

၁။ နံကျဉ်းဟူသည် တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းမျှသာ အနက်ပြန်ဆိုသော နိဿယဖြစ်၏။

၂။ နံကျယ်မှာ အမှာအထားများနှင့် အဋ္ဌကထာ၊ ဋီကာ၊ အာစရိယဝါဒများပါထည့်သွင်း၍ ပါဠိကို မြန်မာဘာသာသို့ ပြန်ဆိုထားသော နိဿယဖြစ်၏။

၃။ နံပြောက်မှာ ပြောက်တိပြောက်ကျား ခက်နိုးရာရာတို့ကိုသာရွေး၍ အနက်ပြန်ထားသော နိဿယဖြစ်၏။

နိဿယကို နံ - အမှီဟူ၍၎င်း

နံစောင် - နံစံဟူ၍ငင်း ခေါ်ဆို
သလို နိဿရည်းဟူ၍
လည်း ရေးသား သုံးနှုန်း
ထားသည်ကို တွေ့ရှိရ
ပေသည်။

နိဿရည်း - နိဿယကို ပါဠာနုသာရီ ခေါ် ပါဠိ
သက် ဝေါဟာရ ပြုလုပ်ထားခြင်း ဖြစ်
၏။

ရိုးရာပါဠိစာပေသင်နည်းစနစ်အတွက် ပါဠိစာပေ ဘာသာပြန်ရာ၌ထင်ရှားသော ပုဂံခေတ် ကျမ်းပြုဆရာတော်ကြီးများမှာ ပေါင်းလောင်းရှင်ကဿပနှင့် အရှင်ဂုဏာဝဋ္ဋသက မထေရ်တို့ ဖြစ်၏။

ပေါင်းလောင်းရှင်ပဿကပ သက္ကရာဇ်(၅၃၆)ခု၌ ပြုစုခဲ့သော ဗောဓိဝင်ဋီကာ တနည်းသဟာဿရံဋီကာသည် ထင်ရှားခဲ့၏။ သက္ကရာဇ် (၆၈၇)၌ အရှင်ဂုဏာဝဋ္ဋသကမထေရ်၏

သုတ် သုံးကျမ်းပါဠိတော် နိဿယများ

ငင်း အဌကထာ နိဿယများ

နျာသနိဿယ

ကဝိသာရ ဋီကာနိဿယ စသည်ဖြင့် ပါဠိစာပေသင်ကြားရေးအတွက် ပြုစုခဲ့ပေသည်။

သက္ကရာဇ် (၈၀၄) တောင်တွင်းမင်း၊ မင်းသိရိဇေယျသူ ရေးသားသည့် ပုဂံမြို့၊ ရွှေစည်းခုံဘုရား အနောက်ဘက် တက်နွယ်

ကျောင်း ကျောက်စာ၌၄င်း၊ ပုဂံမြို့အရှေ့ဘက် ဝက်ကြီးအင်းအနီး ဘုန်းကြီးကျောင်းတွင် ပိဋကတော်နှင့် စာပေကျမ်းဂန်ပေါင်း(၄၀၀)ကျော် လှူဒါန်းခဲ့ရာ နိဿယကျမ်းပေါင်း(၂၃)ကျမ်းမျှပင် ပါရှိခြင်းက ရှေး ပုဂံခေတ်၏ ပါဠိစာပေသင်နည်းအတွက် အလေးထား ဘာသာပြန် အထောက်အကူပြုခဲ့ပုံက ထင်ရှားခဲ့ပေသည်။

ပုဂံပိဋကတ်တိုက်တော် တည်ရှိခဲ့ပုံ အထောက်အထားများအရ ရှေးမြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းစနစ်၌ ပိဋကတ်တိုက်တော် အသုံးပြုလောက်အောင်ပင် စံချိန်မြင့်မားခဲ့ကြောင်း အထောက်အထား ကောင်း ရှိခဲ့ပေသည်။

အထက်ပါကဲ့သို့ ရှေးမြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းစနစ် အောင်မြင် အစွန့်ရှည်ရေးအတွက်-

၁။ ကျမ်းပြု စာချဆရာတော်ကြီးများ၏ ပညာဉာဏ်၊ ဝါသနာ၊ စေတနာ၊ ဇွဲ၊ လုံ့လ၊ ပံ့ပိုးမှု၊

၂။ ခက်ခဲသော ပါဠိဘာသာရပ်စာပေကို မိမိ၏ မိခင် တိုင်းရင်းဘာသာရပ်စာပေသို့ ပြန်ဆိုပေးသော စာပေ ပံ့ပိုးမှု၊

၃။ အစိုးရမင်းတို့၏ ဘက်စုံပံ့ပိုးအားပေး၊ စိတ်ဝင်တစား ချီးမြှင့်မြှောက်စားမှု၊

၄။ စာပေသင်ယူလိုသူတို့၏ ဝါသနာ၊ သင်ယူလိုစိတ် ဇွဲလုံ့လရှိမှု၊

၅။ သင်ကြားပို့ချမှု နည်းစနစ်မှန်ကန်မှု၊

၆။ ခေတ်ကာလ အခြေအနေ၏ ပံ့ပိုးမှုများ လိုအပ်ပေသည်။

အင်းဝခေတ် ပါဠိစာပေသင်နည်းစနစ်အတွက် အထောက်အကူပြုပုံမှာ မြန်မာသက္ကရာဇ်(၈၀၄)တွင် နန်းတက်သော ထူပါရုံဒါယကာ နရပတိမင်းလက်ထက် အရှင်မဟာအရိယဝံသပြုစုသော မဏိသာရမဉ္ဇူသာ၊ အနုဋီကာ· မဟာနိဿယတို့မှာ ပါဠိစာပေသင်နည်းစနစ်အတွက် အထောက်အကူပြု ရေးသားခဲ့သော စာပေများပင်ဖြစ်၏။ စာထုပ်ရေ(၅)ထုပ်ရှိကြောင်း ပိဋကတ်တော်သမိုင်းက ဖော်ပြထားပေသည်။

မြန်မာသက္ကရာဇ် (၈၆၃)ခု အင်းဝရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက် အရှင်မဟာသီလဝံသ၏ နေတ္တိပါဠိတော်နိဿယဟောင်းနှင့် မဟာရဟာနီတိနိဿယတို့သည်လည်း မြန်မာ့ရိုးရာပါဠိစာပေသင်နည်းအတွက် ပံ့ပိုးမှုတရပ်ဖြစ်ခဲ့ပေသည်။

သာလွန်မင်းတရားကြီး (၉၉၁-၁၀၁၀)လက်ထက်တွင် ပုခန်းကြီး ရွှေဥမင်ဆရာတော်၊ တောင်ဖီလာဆရာတော်တို့၏ ဝိနည်းပါဠိ အဋ္ဌကထာ နိဿယကျမ်းများသည်လည်း ထင်ရှားစွာ ပါဠိစာပေသင်နည်းစနစ်အတွက် အထောက်အကူ ဖြစ်စေခဲ့လေသည်။

ဆရာတော် ရှင်ဥပါလိစီရင်သော သဒ္ဒါကြီးနိဿယ(ဟောင်း)၊ ဒက္ခိဏဝန်သဒ္ဒါကြီးနိဿယ၊ နန်းကျောင်းသဒ္ဒါကြီးနိဿယ စသည်ဖြင့် ပါဠိစာပေသင်ကြားရေးစနစ်အတွက် အားဖြည့်ပေးခဲ့ပေသည်။

တနင်္ဂနွေမင်းလက်ထက် ပခန်းကြီးမြို့မှ ဆရာတော်အရှင်အရိယာလင်္ကာရ၏ နိဿယကျမ်းများဖြစ်သော သုတ်ပါဠိတော်-အဋ္ဌ

ကထာနိဿယများ၊ အဋ္ဌသာလိနီ၊ သမ္မောဟဝိနောဒနီ၊ ခုဒ္ဒသိက္ခာ၊ မူလသိက္ခာ၊ ဋီကာကျော်၊ သုတ္တနိဒ္ဒေသ၊ ဇာလိနီ၊ သဒ္ဒေ်ပဝဏ္ဏနာ နိဿယ စသော ကျမ်းများသည်လည်း ပါဠိစာပေအတွက် အထောက်အကူပြု ရေးသားပြုစုခဲ့ပေသည်။ ခေတ်ပြိုင် ပုဗ္ဗာရုံဆရာတော်အရှင်သာရဒဿီသည်လည်း သုတ္တနိပါတ်ပါဠိတော်နိဿယ၊ နေတ္တိပါဠိတော်နိဿယတို့ကို ပြုစုခဲ့၏။

ပထမကျော်အောင်စံထား ဆရာတော်၏ ဝုတ္တောဒယ(ဆန်း) နိဿယပေါ်ထွက်ပြီးနောက် အင်းဝခေတ်တွင် နိဿယကျမ်းများ ပြုစုမှု မရှိတော့ဘဲ အရကောက်ကျမ်း၊ ညဝါကျမ်းတို့ အများအပြား ထွက်ပေါ်၍ ရေးစာပေသင်နည်းစနစ်ကို အကျိုးပြုခဲ့ပေသည်။

ကုန်းဘောင်ခေတ်၌ကား နိဿယခေတ်ဟု ခေါ်ဆိုရလောက်အောင်ပင် တကျမ်းပြီးတကျမ်းထွက်ပေါ်၍ ပါဠိစာပေသင်မှုစနစ်ကို ပံ့ပိုးခဲ့ပေသည်။ အလောင်းမင်းတရားကြီးလက်ထက်(၁၁၁၅)မှ သီပေါမင်းပါတော်မူသည့် (၁၂၄၇)ခုနှစ်အထိ အနှစ်(၁၃၀)အတွင်း ပိဋကတ်တော်သမိုင်းကျမ်းအရ ထိုခေတ်နိဿယများ (၃၀၀)ခန့်ထိ ထွက်ပေါ်၍ မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်းအတွက် ပံ့ပိုးပေးခဲ့ပေသည်။

ဘိုးတော်မင်းတရားကြီး (၁၁၄၄-၁၁၈၁)အမရပူရခေတ်ကား နိဿယအများဆုံး ထွက်ပေါ်သောခေတ် ဖြစ်၏။ ဆုံတားသာသနာပိုင်ဆရာတော်တစ်ပါးတည်းကပင် သုတ္တသင်္ဂဟပါဠိတော် နိဿယစသော ကျမ်း(၇)ကျမ်း ပြုစုတော်မူခဲ့၏။ ပထမ ဗားကရာဆရာတော်ဘုရားကြီးက နိဿယကျမ်းပေါင်း(၂၀)ကျော် ပြုစုခဲ့၏။ ပထမမောင်းထောင်

သာသနာပိုင်ဆရာတော်၊ ညောင်ကန်ဆရာတော်တို့ကလည်း နိဿယ ကျမ်းပေါင်းများစွာ ရေးသားခဲ့၏။

ပထမဆင်တဲဆရာတော်ဘုရားကြီး၏ (၁၁၆၆) ခုနှစ် ဝဇီရဗုဒ္ဓိ ဋီကာနိဿယ၊ အဿီတိနိပါတ်ဇာတ်အဋ္ဌကထာနိဿယ၊ ပရမတ္ထ ဝိနိစ္ဆယအဋ္ဌကထာနိဿယ၊ စန္ဒသူရိယဂတိဒီပနီနိဿယ၊ မုခမတ္တ ဒီပနီနိဿယသစ်နှင့် ဝိနည်း(၅)ကျမ်း ဂဏ္ဌိတို့ကို ပါဠိစာပေ သင်ကြား ပို့ချမှုအတွက် ရေးသားစီရင်အထောက်အကူ ပြုခဲ့ပေသည်။

ဤသို့ နိဿယကျမ်းကြီးတို့၏ ကျေးဇူးတော်ကြောင့် ဦးဖေ မောင်တင်က သူ၏ ဘာသာလောကကျမ်းတွင် မြန်မာဘာသာမှတစ်ပါး အခြားဘာသာတို့တွင် စာကြီးပေကြီး မရှိချေဟု ရဲဝံ့စွာဆိုထားနိုင် လောက်အောင် ရှေးဆရာတော်ကြီးများ၏ ပါဠိစာပေ ဘာသာပြန်မှုက နိုင်မာကြီးကျယ်ခဲ့ပေသည်။ ထိုမှနည်းယူ၍ ဆရာနှင့် တပည့်တို့၏ ပါဠိစာပေလေ့လာသင်ယူ သင်ပေးနည်းစနစ်များကို တစေ့တစောင်း အကဲခတ်နိုင်ပေသည်။

မြန်မာ့ရိုးရာပါဠိစာပေသင်နည်းစနစ်သည် ဘုန်းတော်ကြီး ကျောင်း ပညာရေးစနစ်မှ အခြေခံလာသည်ဟု ဆိုရပေမည်။ ရှေးပုဂံ ခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် မြန်မာနိုင်ငံသားတို့၏ ပညာ ရေးသည် ဘုန်းတော်ကြီးကျောင်းများ၌တည်၏။ ဘုန်းတော်ကြီးကျောင်း ပညာရေးမှာ ပါဠိဘာသာအခြေခံသော ထေရဝါဒဓမ္မကိုသာ အဓိက သင်ကြားပေးလေ့ရှိ၏။ ထိုဝါဒအရ တန်ဖိုးအရှိဆုံးအချက်မှာ ဗုဒ္ဓဘာသာ ကျမ်းဂန် အခြေခံသော ပါဠိစာပေကြောင့် စာသင်သားတို့၏ နှလုံးသွင်း

မှန်ကန်မှုရှိအောင် ထားနိုင်ရန် သင်ကြားပေးမှုပင်ဖြစ်၏။ ထို့ကြောင့် အဓိက အခြေခံအကျဆုံးအချက်မှာ သင်ကြားမှုစနစ်ကို ဖော်ဆောင်သူ စာသင်သား ရဟန်း ဆရာများပင် ဖြစ်၏။

မြတ်စွာဘုရား၏ နှုတ်ကပတ်တော်ပါဠိဘာသာကို နိဿယ အမျိုးမျိုးအသုံးပြုကာ ရေးကျမ်းပြုဆရာတော်တို့၏ ဖွဲ့၊ လုံ့လ၊ ဝိရိယ၊ ဉာဏ်စွမ်းရည်တို့ကြောင့် မြန်မာမှု ပြန်ဆိုလွယ်ကူစေကာ သင်နည်း စနစ်အတွက် များစွာအထောက်အကူ ရစေခဲ့ပါသည်။

သင်ကြားပို့ချမှု နည်းစနစ်မှာလည်း အရေးကြီးသော ကဏ္ဍ တစ်ရပ်ဖြစ်၏။ သင်ကြားပို့ချသူ ဆရာရဟန်းတို့သည် ပါဠိဘာသာကို မြန်မာမိခင်စကားသို့ ပြန်ဆိုရာ၌ နည်း(၂)မျိုးသုံး၍ သင်ကြားပို့ချ ပါသည်။ ပထမနည်းမှာ စကားလုံးကောက် ဘာသာပြန်နည်းဖြစ်၏။ ပါဠိစကားလုံးတစ်လုံးတိုင်း မြန်မာစကားလုံးတစ်လုံးနှင့်တွဲ၍ ဘာသာ ပြန်ဆို သင်ကြားနည်းဖြစ်၏။ (Word by word method) ပုဂံ ရွှေစည်းခုံကျောက်စာ၌ လေ့လာတွေ့ရှိနိုင်ပါသည်။

ဒုတိယနည်းမှာ ပါဠိမြန်မာနှစ်ဘာသာကို အဓိပ္ပါယ်တူတွဲစပ်၍ ပြန်ဆိုဘာသာပြန်နည်းသုံး၍ ပါဠိစာပေသင်နည်းစနစ်ကို အသုံးပြုထား ကြောင်း လေ့လာတွေ့ရှိရပေသည်။ ပုဂံမြစေတီ(သို့) ရာဇကုမာရ ကျောက်စာ၌ တွေ့ရှိနိုင်ပေသည်။

တပည့်စာသင်သားများအား ဆရာက အနက်သဘော ချောမော စေရန် ဆရာ့ထံ စာအံ၊ စာဆိုစေပေသည်။ ပုဒ်ဖြတ်၊ ပုဒ်ခွဲ၍ သဘော သကန် ကျနမှ နိဿယအနက်ကို ဆက်လက်ပို့ချပေးခြင်းဖြင့် ဆရာက

နည်းနာလက်ဆင့်ကမ်းခြင်းဖြင့် ရှေးရိုးပါဠိစာပေ သင်နည်းစနစ် ဆက်လက် အဓွန့်ရှည် ရှင်သန်စေပေသည်။

စာသင်ယူလိုသူ စာသင်သားတို့၏ စိတ်ပါဝင်စားမှု ဝါသနာ၊ ဓါတ်ခံ၊ လှုံ့ဆော်မှုများ ကြောင့်လည်း၊ ရှေးရိုးပါဠိစာပေသင်နည်းစနစ်ကို ထောက်ကူပံ့ပိုး ပေးခဲ့ပေသည်။ များသောအားဖြင့် ရှေးအခါက ဘုန်းတော်ကြီးကျောင်း ပညာရေးသာရှိရာ တောရွာနေစာသင်သားတို့သည် ကလေးငယ်ဘဝမှ အစပြု၍ သာမဏေဝတ်ကာ လူဝတ်ကြောင်ဘဝကိုစွန့်၍ ပါဠိစာပေ၊ ဗုဒ္ဓစာပေ သင်ယူမှုကို ပြုကြသဖြင့် ပါဠိဗုဒ္ဓစာပေ ဆက်လက်ရှင်သန် ခွင့်ရသလို နည်းစနစ်လည်း ရှင်သန်ခွင့်ရခဲ့ပေသည်။

ပုဂံခေတ်မှ အစပြုခဲ့သော မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်း စနစ်သည်လည်း မြန်မာအစိုးရမင်း လက်ထက်သာမက အင်္ဂလိပ် အစိုးရမင်း လက်ထက်တိုင်အောင် လွတ်လပ်ရေးရသည်အထိ အနှောက် အယှက်မရှိ လွတ်လပ်စွာ ရှင်သန်ခွင့်ရခြင်းသည်လည်း ဤသင်နည်း စနစ်၏ ကံကောင်းမှုတစ်ရပ် ဖြစ်ပေသည်။ ခေတ်အဆက်ဆက် ပါဠိ စာပေ ဘာသာရေးစာမေးပွဲများကို အဆင့်အလိုက် အစိုးရမင်းတို့က ကျင်းပအားပေးမြှောက်စားမှုကလည်း မြန်မာ့ရိုးရာ ပါဠိစာပေသင်နည်း ကို ယနေ့တိုင် အဓွန့်ရှည်စေခဲ့ပေသည်။

ထို့ကြောင့် မူလထေရဝါဒနိုင်ငံများဖြစ်သော ထိုင်း၊ သီရိ လင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ စသည်တို့သည် ပါဠိဘာသာ ကျွမ်းကျင်တတ်မြောက်ပါက ပါဠိဘာသာဖြင့် တည်ရှိရင်းဖြစ်သော ဗုဒ္ဓ၏တရားတော်အနှစ်သာရကို သိရှိခံစားနားလည် လွယ်နိုင်မည်

ဖြစ်သောကြောင့် ပါဠိဘာသာကို စနစ်တကျ သင်ယူလေ့လာကြစေလိုပေသည်။

နိုင်ငံတကာ ပါဠိစာပေသင်နည်းစနစ်ကို ဗုဒ္ဓဘာသာဝင် နိုင်ငံများသာမက ကမ္ဘာတလွှား နိုင်ငံအများစုက နှီးကြားတက်ကြွ စိတ်ဝင်တစားရှိလာကြခြင်းမှာ ဗုဒ္ဓတရားတော်၏ မှန်ကန်မှု၊ ခိုင်လုံမှု၊ တိကျမှုနှင့် စနစ်တကျရှိမှုတို့ကြောင့် ဗုဒ္ဓ၏ သဘောထားခံယူချက် အဆုံးအမကို လက်ခံယုံကြည်လာကြခြင်း ဖြစ်ပေသည်။

သို့သော် ပါဠိစာပေ၏ ဘာသာရပ်ခက်ခဲမှု၊ နက်နဲမှု၊ ကျယ်ပြောမှုတို့ကြောင့် တရားတော်၏ အရသာကို သိရှိခံစားဖို့ အဟန့်အတားကြီးတစ်ခု ဖြစ်ခဲ့ပေသည်။

ထို့ကြောင့် နိုင်ငံတကာ ပါဠိစာပေသင်နည်းစနစ်ဖြစ်သည့်-

(၁) သမိုင်းအထောက်အထားအရ သင်ကြားလေ့လာခြင်း
Historical Study Method

(၂) အသေးစိတ် ဝေဖန်ဆန်ခြင်သုံးသပ်၍ လေ့လာသင်ကြားခြင်း
Analytical Study Method

(၃) နှိုင်းယှဉ်လေ့လာသင်ကြားခြင်း၊
Comparative Study Method


(၄) ပေါ်လွင်ထင်ရှားချက်များကို အထူးလေ့လာသင်ကြားခြင်း၊
Phenomenological Study Method

စသည့် Modern Methodsတို့ ဖြည့်စွက်၍ သင်ကြားပေးခြင်းအားဖြင့် ပါဠိစာပေ၏ အရသာကို ယခုထက်ပို၍ ချိုမြိန်စွာစားသုံးရမည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြအပ်ပါသည်။

သုခီ အတ္တာနံ ပရိဟရန္တု

ဒေါက်တာအရှင်အာဒိစ္စဝံသ
ပါမောက္ခ/မဟာဌာနမှူး
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ကျမ်းကိုးစာရင်း
(၁) ဝိနယပိဋက ပါရာဇိကပါဠိ(ဆဋ္ဌမူ)ကမ္ဘာအေး၊ ရန်ကုန်
(၂) မဟာဝဂ္ဂပါဠိ(ဆဋ္ဌမူ) ကမ္ဘာအေး၊ ရန်ကုန်
(၃) ဝိဘင်္ဂပါဠိ(ဆဋ္ဌမူ) ကမ္ဘာအေး၊ ရန်ကုန်
(၄) ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ဆဋ္ဌမူ) ကမ္ဘာအေး၊ ရန်ကုန်
(၅) သမန္တပါသာဒိကအဋ္ဌကထာ(ဆဋ္ဌမူ) ကမ္ဘာအေး၊ ရန်ကုန်
(၆) သမ္မောဟဝိနောဒနီအဋ္ဌကထာ(ဆဋ္ဌမူ)ကမ္ဘာအေး၊ ရန်ကုန်
(၇) ဓမ္မပဒအဋ္ဌကထာ(ဆဋ္ဌမူ)ကမ္ဘာအေး၊ ရန်ကုန်
(၈) ဝဇိရဗုဒ္ဓိဋီကာ(ဆဋ္ဌမူ)ကမ္ဘာအေး၊ ရန်ကုန်
(၉) သာရတ္ထဒီပနီဋီကာ(ဆဋ္ဌမူ)ကမ္ဘာအေး၊ ရန်ကုန်
(၁၀) ပိဋကတ်တော်သမိုင်း
(၁၁) Rector, Buddhist Studies, Delhi University India
(၁၂) Y.Y.C, How to do Research, New York. U.S.A



နိဗ္ဗာနဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နံနက်ပိုင်းတွင်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် လက်ထောက်ကထိက

ဒေါက်တာ အရှင်နေ့မိဥာဏ က

"A Method of Teaching Pāli in the Way it is Directly Conducive to the Practice of Theravāda Dhamma" အမည်ရှိ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# A Method of Teaching Pāḷi in the Way it is Directly Conducive to the Practice of Theravāda-Dhamma

Ven.Dr.Nodhiñāṇa
Assistant Lecturer (ITBMU)

It is Pāḷi which protects Theravāda Buddhism from damaging its pristine purity and is officially recognized as the only language of Thravāda School by the order of *Saṃgha* throughout its peaceful march of more than 2500 years. Both Pāḷi and Theravāda Buddhism are inseparably interlinked with each other. So if today Pāḷi vanishes from this earth, tomorrow there will be certainly the end of Theravāda Buddhism. Therefore all Buddhists including laypeople should learn Pāḷi in every possible way. It is probable to say that if people have more familiarity with Pāḷi, there is the less possibility of quick disappearance of Theravāda Buddhism. For the promulgation of Buddha's teaching, the study of Pāḷi should not be reserved only for Buddhist monks, but it should be also for lay people because their participation in learning Pāḷi will be one of the effective ways of keeping Buddha's teachings lasting longer. It can be

seen that all over the world there is increasing number of lay people who are interested in Theravāda Buddhism and are eager to learn Pāḷi. As I have mentioned above, it can be taken that Learning Pāḷi is directly or indirectly helpful to the practice or the propagation and perpetuation of Buddha's teaching.

For the title I would like to present the research paper which discusses how Pali language should be taught effectively based on my own expericnce of nine years of teaching Pāḷi in International Theravāda Buddhist Missionary University and State Pariyatti Sāsana University of Mandalay. There is no need to say that the purpose of learning Pāḷi is to fully and exactly understand the genuine words of the Lord Buddha in Five Nikāyas. It is extremely substantial to find out which way brings us into the perfect comprehension of Pāḷi within short period and makes us easily access the original *suttas.*

The paper is especially intended to discuss the method of teaching Pāḷi to lay people. When Pāḷi is taught to lay people, the method should be so direct and simple that within a few months they could read original canonical *suttas.* The time should not be wasted on some difficult parts of grammar which are only intended for advanced learners and Pāḷi scholars. Therefore, the teacher should teach them impor-

tant grammartical points only which a Pāḷi student should have known. For the remaining detailed and complicated grammartical rules, the teacher should discuss with his students while reading Pāḷi *suttas*. One improves his knowledge of any language by getting much experience of reading.

Usually lay people start to study Pāḷi at their middle age when they have been graduated or have reached their full maturity of knowledge or life-experience. So they are ready to absorb what the teacher philologically explains about structural formation of Pāḷi words. Sometimes the nature and formation of Pāḷi words can be explained by comparing them with their own language or a language to which they have already been used. It is extremely necessary for them to understand the basic patterns of Pāḷi sentences and the formation of words. By understanding them, they come to know that Pāḷi is also a kind of human language and is accessible to anyone. For the Pāḷi teacher, the first thing to do before he teaches Pāḷi is that he should get rid of his student's preconceived idea that Pāḷi is a divine language and is so intricate that it could not be understood by ordinary people. I do not mean that Pāḷi is not the sacred language and I would like to just give people a message that if one has strong

wish to comprehend it, he could get true knowledge of Pāḷi. It is very important to let students know that if anyone acquires a good method of learning Pāḷi, he will be skillful in Pāḷi in any condition.

It is the best way to start from verbs in teaching Pāḷi. Most of words are derived from verbal roots and most of sectence structures are built depending on verbs. The teacher should teach conjugation of Pāḷi verbs at first and should explain the formation and structure of those verbs. Before conjugation is explained, he should introduce them to seven types of verbal groups which are considered by different conjugational signs. As a second step, students should know the tenses which are used in Pāḷi. Pāḷi has more precise explanation of tenses than any other modern languages, but the usage of tenses, sometimes, is more flexible. It is found that even the commentators use the present form of verb to mean past time in their commentaries. The followings are various tenses with their Pāḷi names.

(1) Present (Vattamāna)
(2) Imperative(Pañcamī)
(3) Optative(Sattamī)
(4) Imperfect(Hiyyattanī)
(5) Aorist(Ajjatanī)

(6) Perfect(Parokkhā)
(7) Future(Bhavissanti)
(8) Conditional(Kālātipatti)

For the beginner, a study of Pāḷi should begin from the Present mode of verb, especially Active (*parassapada)*of Present only, because it is easier for them to learn and recite it. Based on Present, different verbal groups such as *Bhūvādi, Rudādi* and so on can be explained. It is better for them to recite the conjugation of present mode with different conjugational signs of verbal groups, which makes them easily remember these complicated forms of verbs. The verbal groups should be explained as follows:

| Name of Verbal groups | Conjugational Signs |
| --- | --- |
| (1) Bhūvādi | 'a' |
| (2) Rudādi | (ṃ)a' |
| (3) Divādi | ya |
| (4) Syādi | ṇu, ṇā, uṇā |
| (5) Kiyādi | nā |
| (6) Tahnādi | o, yira |
| (7) Curādi | (ṇ)e, (ṇ)aya |

Remark : In The Kaccāyana '*gaṇhāti*' is explained as Gahādi group using the conjugational sign *ṇhā;* But from philological aspect it

can be formed as '*gah+ nā+ti*' and by transposing the places of *h* and *n,* it becomes *gaṇhāti.* So according to modern philologists *Gahādi* group is not needed to explain the word '*gaṇhāti.*'

It can be seen that depending on a particular root conjugation can be made with different tenses or based on a particular tense conjugation can be made with various types of verbal groups. It is very important not to forget that for the particular tense or verbal group exercises should be arranged at the end of lessons because it is very helpful to test their understanding and their memory of lessons. With the conjugation of verbs some vocabularies such as nouns, adjectives and adverbs should be introduced to the students. Sometimes students should be asked about the vocabularies and grammars of each lesson to check whether they really understand them or not. They should be asked to translate Pāḷi sentences into English or Myanmar or from English or Myanmar into Pāḷi. In this way students will pay more attentions to each lesson, at the same time they will have more confidence in learning Pāḷi lessons.

After teaching conjugation, it is time to introduce them to Pāḷi declension of nouns. According to the

tradition of Pāḷi grammar texts, there are thirteen types of declensions of Pāḷi nouns and pronouns which are subdivided under the ending vowels of each noun, namely, (1) *Manogaṇādi (2)Purisādi (3)Guṇavādi (4) Pumādi (5)Gacchantādi (6)Satthādi (7)Nadādi (8)Gahapatādi (9)Sabbanāma (10)Cittādi (11)Ka*ññādi (12)Rājādi (13)Rattādi. With these thirteen different groups the nouns that are included in particular division of declension should be pointed out to enhance the appreciation of noun-declension. But before starting declension it is necessary to clarify genders and cases of nouns and most of all, to explain that the gender in Pāli is completely different from that of most modern languages. While students are learning declension of nouns, the teacher should explain about cases with examples. It is not adequate to give mere explanations of each case without stating how it is used in the sentences. At first some useful pronouns which are frequently met in the Pāḷi scriptures should be initiated to the students such as *ayaṃ* (this), *ime*(these), *imā*(these), *tvaṃ*(you), *ko*(who) and so on. They should be taught how personal pronouns are joined with the corresponding verbs and how statement sentences are changed into interrogative and negative ones. For example;

*Ahaṃ pacāmi.*(I cook.) *Mayaṃ pacāma.* (We cook)
*Tvaṃ pacasi.* (You cook)*Tumhe pacatha.*(You cook)
*So pacati.*(He cooks) *Te pacanti.*(They cook)

**For interrogative sentence;**

*So pacati nu*(Does he cook? ) *Te pacanti nu*(Do they cook? )

**For negative sentence;**

*So na pacati.*(He does not cook.) *Te na pacanti.*(They do not cook)

Pāḷi grammar works such as the *Kaccāyana* and the *Moggalāna byākaraṇa* tell us that there are seven cases in Pāḷi language, namely, Nominative, Vocative, Accusative, Instrumental, Dative, Ablative, Ganitive and Locative Cases. It is possible to say that Nominative Cases in Pāḷi is equivalent to 'subject' in English and Accusative to 'object'. Instrumental can be generally rendered as 'with, by' in English, Dative as 'to or for', Ablative as 'from', Genitive as 'of', Locative as 'in, on, upon and at', It can be said that the understanding of sentences in Pāḷi texts lies in the knowledge of Cases. So each Case should be explained in detail with full examples. Otherwise, declension and conjugation will be meaningless to the students. This makes them understand the relationship of Cases in the sentence. It is great help for them to approach the

original *suttas* that they come to discern how Cases in the sentences are related to each other. If the teacher gives some exercises for each Case, it makes them more understandable and attracts their more interest in Pāḷi. Besides, some prefixes like 'pa, parā, ni', some particles such as '*hi, ca* and *pana'* and some adverbs such as '*ettha, tattha, tatra* and *yato'* should be told to the students while they are studying the declensional structure of nouns.

And then, some basic grammartical points such as the usage of '*kriyāvisesana*' (adverb), *Kāla-accanta* (duration of time), "*addhā-accanta*" (distance), "*anādara*"(genitive and locative absolute) and so on which are exceedingly needed for reading canonical *suttas* should be explained with some examples. The Accusative case can be used as "*kriyāvisesana*" (adverb); "*manussā sīghaṃ gacchanti*" (lay people go quickly). It also expresses "*kāla-accanta*" (duration of time); "*māsaṃsodanaṃ bhuñjati*, (he eats the curried rice the whole month). "*Addhā-accanta*"(distance)is also expressed by the Accusative case; "*gāvutaṃ pabbato dīgho*" (the mountain is a *gāvuta* long). The term "*anādara*" means that one does not take any account of something or someone else. It can be put in Genitive and Locative

case; "*dārakassa rudato pitā pabbajati, dārake rudantasmiṃ pitā pabbajati*(he enters into the order of *Saṃgha while his son*(boy)weeps).

After having skill of conjugation and declension acquired, the teacher, as a second step, should give his students a brief account of "*samāsa*(compound), *taddhita* (secondary derivative) and *kita* (primary derivative). Two or more words cambined together to form a single term are called a compound(*samāsa).* There are several varieties of compounds in Pāḷi. Of the first variety, the member is generally an abjective and the second one is a noun. Crude forms(stems)are combined and the last member is declined according to its own gender. It is "Samāsa" which is one of fundamental features of Pāḷi language and which is inevitably met in Scriptures. It can be divided into six; *abyayībhāva* (Adverbial Compounds), *kammadhāraya* (Descriptive Determinate Compounds), *digu* (Numeral Determinate Compounds), When words are formed by adding suffixes to nouns, they are called "*taddhita*" (Secondary Derivative). The suffixes that are to be added to nouns are classified into six groups as, "*apacca* (Patronymics), *anekattha*(Miscellaneous), *assatthi* (Possession), *ṣaṅkhyā* (Numeral), *bhāva* (Abstract), *abyaya* (Pro-


nominal). *Kita* (Primary Derivative)is formed by adding suffixes to roots or verbal bases. The common suffixes for primary Derivative are "*ta, tvā, tuṃ, tabba* and *anīya*"

As I have discussed above, it is indispensable for a student to know the information on some basic grammartical points such as declension, conjugation and syntax of sentences, the word-formations like compound, primary derivatives and secondary derivatives before he reads the *sutta* literature. But it is assumed that after learning them, it is better to make students directly read the cononical *suttas* rather than to waste time analyzing some complete Pāḷi-English Dictionary, for their Pāḷi vocabulary may not be rich enough to read the *suttas*. It is clear that he must need his teacher's help in the beginning of his reading when some sentence patterns and idiomatic usages of Pāḷi gets him confused. With the help of the basic knowledge of grammar and dictionary students will solve themselves, to some extent, some problems which they come across in the procedure of study of the original *suttas*. It is certain that the suggestions and advices of teacher speed up the progress of his knowledge of Pāḷi language and literature very quickly. Gradually, they will have a lot of experience

of reading Pāḷi. While teaching *sutta*, the teacher should sometimes introduce the commentarial and sub-commentarial way of defining words to the students. Thus the students will have a method of reading commentarial and subcommentarial literature. It is assumed that after learning the essential points of grammar which helps reading canonical literature, the direct study of *suttas* get them more rapid improvement of knowledge of Pāḷi. If one studies Pāḷi according to the method just discussed above, he could see the Buddha Himself and enjoy the taste of canonical literature. So it can be concluded that this way of learning Pāḷi is conducive to the practice of Theravāda-dhamma because it leads to directly approach in the Buddha's words.

**References:**

***Kaccāyana-Byākaraṇa*** by Ācariya Kaccāyana
***Moggalāṇa-Byākaraṇa*** by Ācariya Moggalāna
***Padarūpasiddhi*** by Ācariya Buddhappiya
***Pāḷi Language and Literature*** by Wilhelm Geiger
***Pāḷi Made Easy*** by Ven. Ānada Metteyya
***Pāḷisikkhā and a Brief*** Account of Grammar by Ven. Ashin Janakābhivaṃsa
***The Wonder of India*** By A.L.Basham



နိုးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နေ့လည်ပိုင်းတွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) တွဲဖက်ဌာနမှူး ဆရာဦးကျော်ဇောနိုင်က
ပါဠိဘာသာပြန် (Pāḷi Translation) ခေါင်းစဉ်ပါ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိဘာသာပြန်

ဦးကျော်ဇောနိုင်
တွဲဖက်ဌာနမှူး
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## ၁။ အကြောင်းပြ

လွန်ခဲ့သောနှစ်လေးဆယ်ခန့်က ပုဂံမွေ့ရုံကြီး ဘုရားအနီးက နန္ဒပညာလိုဏ်ဂူမှာ သီတင်းသုံးနေထိုင်တော်မူသော ကြတ်ကန်ဆရာတော်ဟု ထင်ရှားတော်မူသည့် သက်တော်ရှည်ဆရာတော်ဘုရားကြီးကို ကြည်ညိုပူဇော်ခွင့်ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒမှာ တိုတိုတုတ်တုတ်နှင့် အလွန်ထိရောက်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးက "ဒကာ လောကမှာ နိဗ္ဗာန်နဲ့ ဝေးရတဲ့သတ္တဝါတွေရှိတယ်။ အဲဒီအဖြစ်မျိုးဝေးအောင် ရှောင်ရှားပေရော့"ဟု ဆိုပါသည်။ ဆရာတော်ဘုရားကြီး၏ စာချိုးမှာ-

"ခုံအဂတိ
ခွေးတိရစ္ဆာန်
မဟာဒါန်
နိဗ္ဗာန်နဲ့ဝေး
ကျောင်းစာရေး" ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးကပင် သူ့စာချိုးကို အနက်ပေးရာမှာ "ဒကာ…။ ကျုန်တာတွေက ဒကာ နားလည်သိရှိပြီးသူတွေ ဖြစ်ပေမဲ့ ကျောင်းစာရေးဆိုတာကိုတော့ ဒကာရှင်းမှာမဟုတ်ဘူး။ ရှေးတုန်းက ဘုန်းကြီးကျောင်းတွေမှာ ပေကူးဖို့၊ စာမှတ်ဖို့ စာရေးတတ်ဖတ်တတ်သူတွေ ထားလေ့ရှိတယ်။ အဲဒါကို ကျောင်းစာရေးလို့ ခေါ်တယ်။ အဲဒီကျောင်းစာရေးတွေဟာ စာကို မှန်မှန်ကန်ကန် တိတိကျကျ ဝေါဟာရသဒ္ဒါ မယွင်းရအောင် ကူးမှတ်ရပါတယ်။ ပြီးစလွယ်၊ မျက်မှန်းရမ်းဆရေးရင် ကူးရင် စာမှားကရော။ အဲဒီစာကိုဖတ်ပြီး အဓိပ္ပါယ်ကောက်လွဲရော၊ အယူလွဲရော။ အမှန်က အမှားဖြစ်ရော။ ကုသိုလ်က အကုသိုလ်ဖြစ်ရော။ အထူးသဖြင့် ပိဋကစာ၊ ပါဠိအက္ခရာတွေဟာ နည်းနည်းမှ အလွဲမခံဘူး။ အဲဒါတွေ လွဲရင် ဖတ်မှတ်ကျက်လေ့သူ၊ သောတုဇနေတွေ အကောက်အယူ မှားတော့ ဒုက္ခဖြစ်ကရော။ ဒီတော့ ကျောင်းစာရေးက စလိုက်တဲ့ ပြီးကပြစ်အမှားဟာ သံသရာ မှောက်တော့တာပဲ။ ဒါကြောင့် ဒကာက ကျောင်းဆရာဖြစ်တော့ အဲဒီလိုမမှားအောင် ကိုယ်တိုင်လဲ ဂရုစမ္မထား၊ ကိုယ့်တပည့်တွေကိုလည်း ကြပ်ကြပ်ဆုံးမ၊ ဒို့ ပါဠိတော်ဟာ အလွန်နက်နဲတိကျပြီး အကောက်အယူနဲနဲမှ အလွဲမခံဘူး၊ ဘာသာစကားတွေထဲမှာ အခက်ဆုံးလို့ ပြောနိုင်တယ်။ ဒါကြောင့် ဒို့မြတ်စွာဘုရားက သူ့ဓမ္မတရားကို ဝေါဟာရဗျူပွတ်၊ သဒ္ဒါအကောက် သိမ်မွေ့နက်နဲတဲ့ ပါဠိတော်နှုတ်ကမ္ပတ်နဲ့ ထားရစ်ခဲ့တာပေါ့။ ဒို့ သာသနာဟာ မြတ်ဘုရားရဲ့ ဒေသနာပဲ၊ ဒေသနာကို အနီးကပ် ရောက်နိုင်ဖို့ ပါဠိဟာ အရေးအကြီး

ဆုံးပဲ၊ ပါဠိမှ မသိရင် ဒေသနာနဲ့လဲဝေး၊ သာသနာဆိုတာ မမြင်နိုင်သေးဖူးလို့မှတ်'' ဟု မိန့်ပါသည်။

ဆရာတော်ရဲ့ ဩဝါဒကို စွဲမှတ်ထားမိရာက ဓမ္မစာပေများဖတ်တိုင်း ပါဠိတော်ရဲ့မူရင်းကို ကျွမ်းကျင်နားလည်တော်မူသော ဆရာတော်၊ သံဃာတော်များထံ မေးမြန်းလျှောက်ထား လေ့လာရပါသည်။ ထို့ကြောင့် ပါဠိတော်ကို မြန်မာပြန်ရာတွင် မိခင်စကားဖြစ်သော မြန်မာစာနှင့် မခက်ခဲလှသော်လည်း အခြားဘာသာစကားအထူးသဖြင့် အင်္ဂလိပ်လို ပြန်ရာတွင် လွန်စွာသတိထားရန်လိုကြောင်း သိရှိလာပါသည်။ အင်္ဂလိပ်လိုပြန် အမှားကြောင့် များစွာ အန္တရာယ်ကြီးသကဲ့သို့ လိုရင်းအနက်နှင့် အလှမ်းကွာသွား၍ အကောက်အယူလွဲပြီး ဓမ္မန္တရာယ်ပင် ဖြစ်နိုင်ကြောင်း လေ့လာမိသမျှ ဤစာတမ်းဖြင့် တင်ပြရပေသည်။

## ၂။ နိဒါန်း

ဗုဒ္ဓစာပေ၏ ပဓာနဖြစ်သော ပိဋကသုံးပုံကို မဆိုထားနှင့်၊ ဗဟုသုတအလို့ငှာဖတ်သော စာပေ၌ မူမှား၊ စာမှား၊ အသုံးမှား၊ သဒ္ဒါမှားလျှင် အလွန်အန္တရာယ်ကြီးကြောင်း ပညာရှိတို့ သတိပေးခဲ့ကြသည်။ မိမိဘာသာ မိမိစာ၌ပင် ယင်းအဖြစ်မျိုးရှိလျှင် အခြားဘာသာသို့ ပြန်ဆိုရာတွင် စာလုံး ရွေးချယ်သုံးနှုန်းပုံ၊ အယူအဆကောက်ယူ အနက်ပြန်ဆိုမှု၊ မတူညီသည့် လူ့အဖွဲ့အစည်းနှစ်ခုကြား၌ သုံးနှုန်းယူဆပုံ ကွာခြားချက်ကို သတိမမူမိလျှင် အဘယ်မှာလျှင် ဆိုဘွယ်ရှိအံ့နည်း။ ထို့ကြောင့် ဆရာမင်းသုဝဏ်က ''မူမှားစာပျက်''

ဟူ၍ သတိပေးစာတမ်းတစ်စောင် ရေးခဲ့ဖူးပါသည်။[၁] ဆရာက ပထမကျော်အောင်စံထားဆရာတော် အသျှင်ဉာဏဝရ ရေးသားတော်မူသည့် ဝိနိစ္ဆယစာတမ်းကို ကိုးကား မှတ်ချက်ပြုဖူးသည်။

> ပညာရှိသူတို့သည် အရေးပျက်၊ အဖတ်ပျက်၊ အဖြတ်ပျက်၊ အစပ်ပျက်၊ ဗန္ဓပျက်၊ အနက်ပျက်၊ ဤပျက်ခြင်း(၆)ပါးနှင့် ဆင်ခြင်၍ သဘောမိမှ ယူကုန်သည်။[၂]

မူမှား စာပျက်များကို လက်ခံလျှင် သာသနာကွယ်သည့်အပြစ်ဖြစ်နိုင်ကြောင်း မိန့်ဆိုခဲ့ပါသည်။ ထို့ကြောင့် ဘာသာပြန်ဆိုမှားယွင်းမှုကြောင့် သာသနာတော်ပါ ထိခိုက်နိုင်သည့် အန္တရာယ်ကို သတိမူမိကြစေလိုသည့်အတွက် ဤစာတမ်းကို ရေးသားတင်ပြရပါသည်။

၃။ ဗုဒ္ဓသာသနာ၏ အသက်သည် ပရိယတ္တိဖြစ်သည်။ ပရိယတ္တိ၏ နှလုံးသည် ပါဠိဖြစ်ပါသည်။ ကမ္ဘာ့ပညာရှင်များက ပါဠိကို ဤသို့ဆိုပါသည်။

The word Pali means ''The text'' though it has now come to be the name of a language. Pali was the language spoken by the Buddha and employed by Him to expound His Doctrine of deliverance.

Magadhi was the real (original)name for Pali. It was the dialect of the people of Magadha (Central India)during the time of the Buddha ($6^{th}$ century B.c).

The pure form of the provincial dialect, Suddha Magadhi" was what the Buddha used as His medium of instruction. Then Pāḷi is strictly speaking the name for the Buddhist canon. Nowadays the term Pali is often applied to the language in which the Buddhist texts or scriptures were written.[3]

ထိုသို့ သဘောရှိသော ပါဠိသည် ကနဦး၌ အပြောဘာသာ စကားအဖြစ် အသုံးပြုခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓ၏ တရားတော်များကို အစဉ်အဆက် လေ့ကျက်မှတ်သား ထိန်းသိမ်းခဲ့ကြသည်။ အက္ခရာ တင်သောအခါတွင်မူ ဒေသိယသုံး အက္ခရာစာပေဖြင့် မှတ်တမ်းတင်ခဲ့ ကြသည်။ ထို့ကြောင့် ယနေ့ကာလတွင် တွေ့ရသော ဗုဒ္ဓဒေသနာ ပါဠိတော်များမှာ သီဟိုဠ်မူ၊ မြန်မာမူဟူ၍ တွေ့ရသော်လည်း မူရင်း ဒေသနာနှင့်ထပ်တူဖြစ်အောင် ရှေးပညာရှိတို့ စီစဉ်ခဲ့ကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် တွေ့ရသော ပါဠိတော်များသည် ဆဋ္ဌသံဂါယနာ တင်ပြီးမူများ ဖြစ်ပေသည်။ ယင်းဗုဒ္ဓဒေသနာပါဠိတော်များကို အခြား အနောက်နိုင်ငံသုံး ဘာသာစကားသို့ ပြန်ဆိုရာတွင် အထူးသဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရာတွင် အိန္ဒိယမူ၊ သီဟိုဠ်မူများကိုသာ အများဆုံးပြန်ဆိုခဲ့ကြပါသည်။ မြန်မာပညာရှင်များသည် မြန်မာနိုင်ငံ ပါဠိတော်မူများကို အင်္ဂလိပ်ဘာသာပြန်ဆိုမှု ရှိပါသည်။ သို့ရာတွင် အနောက်တိုင်းနိုင်ငံများသို့ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဗုဒ္ဓ ဒေသနာပါဠိတော် ဘာသာပြန်များ ရောက်ရှိခဲ့ရာ ယင်းမူတို့မှာ အိန္ဒိယ၊ သီဟိုဠ်မူ ဘာသာပြန်များသာ များခဲ့လေသည်။

၄။ ဘာသာပြန်ဆိုရာတွင် အခြေခံအကျဆုံးအချက်ကို တင်ပြချင်ပါသည်။ မျက်မှောက်ခေတ် ဘာသာပြန်ကဏ္ဍတွင် ခရစ်ယန်တို့၏ သမ္မာကျမ်းစာသည် ဘာသာပြန်အခံရဆုံး အများဆုံးဖြစ်သည်ဟု တွေ့ရပါသည်။ ဘာသာပေါင်း ရာနှင့်ချီ၍ ဘာသာပြန်ပြီး ဖြစ်သည်ဟု မှတ်တမ်းတွေ့ရပါသည်။ ယင်းဘာသာ ပြန်များကို လေ့လာပြီး ပညာရှင် Dr. Eugene A.Nida က ဤသို့ မှတ်ချက်ပြုပါသည်။

The translations must have a thorough knowledge of both languages: the text language and the native language.[4]

ဘာသာပြန်သူဟာ ဘာသာပြန်ရာမှာ မိမိပြန်မယ့်စာပေရဲ့ ဘာသာစကားကိုရော ဘာသာပြန်မယ့် မူရင်းစာ ဘာသာစကားကိုရော ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ရမယ်လို့ ဆိုပါတယ်။ ဗုဒ္ဓဒေသနာပါဠိတော်ကို အင်္ဂလိပ်လို ပြန်မယ်ဆိုရင် ပါဠိကိုရော အင်္ဂလိပ်ပါ ကျွမ်းကျင်ပိုင်နိုင်ရမယ်လို့ ဆိုတာဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုရမည့်အချက်မှာ ဗုဒ္ဓဒေသနာ၏ ဝေါဟာရအဓိပ္ပါယ်နက်နဲပုံနှင့် **ပါဠိတချက် အနက်ဆယ်ထွေ**ကို သတိပြုရပါမည်။ ထို့ပြင် အင်္ဂလိပ်ဝေါဟာရ၏ နေရာလိုက်သုံးနှုန်းပုံကိုလည်း ကျွမ်းကျင်ရပါမည်။ ထို့ကြောင့် ဒေသနာပါဠိတော် ဘာသာပြန်သည် သာမန်ဘာသာပြန်ထက် ပိုပြီး နက်နဲခက်ခဲကြောင်း သာဓကများဖြင့် တင်ပြပါမည်။ ဤအချက်ကို ပြောပါမည်-

အနက်ကို သိခြင်းသာလျှင် မူလဖြစ်၏။ အနက်ကို သိလျှင် အနက်နှင့်လျော်စွာ အက္ခရာကို ထားနိုင်လေ၏။

အနက်ကို မသိသော် အနက်နှင့်လျော်စွာ အက္ခရာကို မထားနိုင်သောကြောင့် အနက်ကို မသိခြင်းသည်လည်း အက္ခရာကို မသိသည်မည်၏။ အက္ခရာယွင်းသည် ပျက်သည်ပင်လည်း မည်လေ၏။[၁]

ထို့ကြောင့် အနောက်နိုင်ငံသားတို့ ပါဠိတော်ကို ဘာသာပြန်သောအခါ အချို့ဆရာတို့သည် အလေးအနက် စိစစ်ကြသည်။ ဝေါဟာရ၏ ဗျုပ္ပတ်ကိုသာမက အနက်ကို ဝိဂြိုဟ်ပြု၍ လိုအပ်လျှင် ဝေါဟာရလုံးကောက်အပြင် ရှင်းလင်းချက် မှတ်ချက်ဖြင့် ဖော်ပြကြသည်။ ဤနေရာ၌လည်း ပြဿနာ တစ်ရပ်ရှိပါသည်။ ရှင်းလင်းချက် ပြုရာမှပင် ပို၍ ရှုပ်ထွေးကုန်ရသည်။ အနက်လွဲသည်လည်း ရှိပြန်သည်။ ဤအန္တရာယ်မှ ကင်းစင်စေရန် မူရင်းပါဠိတော်ကို ထဲထဲဝင်ဝင် သိနိုင်ရန် ပညာရှင်တို့သည် နှစ်ကာလ အချိန်ပေး၍ ပါဠိကို သင်ယူကြသည်။ အက္ခရာ ဝေါဟာရတို့၏ နက်နဲပုံကို စေ့ငုကြသည်။ စာတလုံး၊ အပိုဒ်တပိုဒ်၊ ပါဒတခုကိုပင်လျှင် အချိန်ယူ၍ စဉ်းစားပြီး ဘာသာပြန်ကြသည်။ အကောင်းဆုံးနှင့် အမှားအသက်သာဆုံး ဖြစ်မည်ထင်ရသော အချက်ကို တင်ပြပါမည်။ ဥပမာ-ပိဋက ဆဋ္ဌမူပါဠိတော်ကို အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သော ပါဠိတတ် မြန်မာပညာရှင်တို့ကိုယ်တိုင် ကြိုးစားသင့်ပေသည်။

၅။ ဘာသာပြန်လက်ဝင်မှုကြောင့် ဗုဒ္ဓဒေသနာအပေါ် အယူလွဲပြီး ဘာသာခြား ဖြစ်သွားသူ တစ်ယောက်၏ သာဓကကို တင်ပြပါမည်။ သူကိုယ်တိုင်ရေး စာအုပ်မှ ဖြစ်ပါသည်။ သူသည် အိန္ဒိယတက္ကသိုလ်တစ်ခုမှ ဘာသာတရားလေ့လာရေးဌာန ပါရဂူဘွဲ့ရဖြစ်သည်။ သူ၏

စာတမ်းတစ်စောင်မှ ကောက်နုတ်ပြပါမည်။[6] ဓမ္မပဒ ပါ ဒုတိယခန်း အပ္ပမာဒ ဖြစ်ပါသည်။ သူရေးသားပုံအတိုင်း အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပါမည်။

The word appamada(မူရင်း၌ apramada ဟု မှားယွင်းရေးထား၏။) was translated by many as vigilance, religion, deligence, reflection, earnestness and heedfulness. Max Muller gives the literal meaning of the word as the absence of that giddiness or thoughtlessness which characterises the state of the mind of ordinary people. The first verse (အပ္ပမာဒဝဂ်-အပိုဒ် ၂၁)is the keynote of the whole chapter. The following verses 22-32 talk about the results of the presence or absence of appamada in an individual. The thoughts on the verses may be controversial as the nature of the subjects of these verses are controversial, i.e. the subject of the wise and the foolish, happiness and sorrow, perfection and imperfection and in general the subject of good and bad. I consider all ethical questions are controversial in nature depending on whether one accepts or rejects an ultimate reality which pervades the whole existence and toward which the whole history is moving or even if the ultimate reality of existence is accepted, these questions can be controversial depending on how we consider the nature of the ultimate reality. Therefore it is only relevant for us to dwell on the discussion of the first verse instead of

the whole chapter because the discussion of the whole chapter is not possible without any agreement on the first verse.

At the outset, I may state that for those who reject the possibility of an ultimate reality the thoughts on the whole of this chapter is meaningless nonsense therefore it may be a waste of time to dwell on a discussion of these. And for those who believe in an ultinate reality governing the whole existence, this chapter or at least verse 21 gives a tremendous meaning and material to ponder.

It is interesting to find a christian note in the first verse. Radhakrishnan translates:

> Vigilence is the abode of eternal life, thoughtlessness is the abode of death. Those who are vigilent do not die. The thoughtless are as if dead already..
>
> Max Muller translates Earnestness is the path of immortality; thoughtlessness is the path of death. Those who are in earnest do not die: those who are thoughtless are as if dead already.
>
> Narada Maha Thera translates; Heedfulness is the path to the deathless; heedlessness is the path to death. The heedful do not die; the heedless are like into the dead.
>
> Sir Acharya Buddharakkhita. Heedfulness is the path to the deathless. Heedlessness is the

path to death. The heedful die not. The heedless are as if dead already.

It is interesting as I said, to note the talk about death and eternal life of deathless or immortality in Dhammapada since life and death in Theravada are merely phenomenon of change and these terms are used here with ultimate meaning. It may be possible to remove the christian note and give Buddhist meaning by redefining these terms hence life means cessation of suffering or existence and death means bondage in suffering on one continues to live in existence.

Nevertheless the keynote of the teaching remains the same, i.e the earnestness, vigilance of thoughtfulness. Here I cannot help appreciate the attitude of the verse in the light of what Paul Tillich calls ''Ultimate concern." In the growing secularism of the modern society, religiousness, piety, worship or devotion is becoming, more and more a social or cultural behaviours, and religion becames less and less inportant in building a better society. The spiritual values have become relative terms to denote the nessary facets of inter personal relationships. Paul Tillich 1964 realising the danger of this attitude, talks about ultimate concern. He had written a book called "Love, Power and Justice" which explores the depth of these spiritual values and gives ultimate meaning to these terms. The relative meaning of these terns is not possible without the ultimate ground which makes

them possible or which gives them meaning. This ground he calls God on the Ground of our being.

Tillich and the Buddhists, though of different views or ultimate reality, are united in the attitude toward life and existence in relation to the ultimate reality. Any attempt to talk about religion or view life and existence or merely to live the days of one's span of life must be out ultimate concern.

The life of man is not only on the surface but has depth in his relation to his goal or the ultimate ground. Therefore man cannot live thoughtless.

(The author is a converted Christian and he is now residing in Canada, working with Buddhist Christian Dialogue. He studied at Indian Universities for his M.A, and Ph.D degrees.)

---

21. APPAMADA VAGGA

Appamado amatapadam
pamado maccuno padam
appamatta na miyanti.
Ye pamatta yatha mata
(Khuddakapatha Pāḷi)

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သေဋ္ဌိလ မြန်မာပြန်

(၂၁) ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ အဖန်တလဲလဲသေရခြင်း၏ အကြောင်း ဖြစ်၏။

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍ မသေသောသူများဖြစ်ကြ၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် အသက်ရှင် လျက် ရှိကြသော်လည်း အဖန်တလဲလဲ သေကြရဦးမည်ဖြစ်၍ သေသောသူနှင့်တူကုန်၏။

၆။ အထက်ဖော်ပြပါစာအုပ် ရေးသားသူပြန်ဆိုခဲ့သော ဘာသာပြန် များကို ရှင်းလင်းပြရန် လိုပါမည်။ "ပါဠိတော်လာ အပ္ပမာဒ" ကို

၁။ Vigilance ဟု ပြန်ဆိုမှု ရှိပါသည်။ ယင်းအင်္ဂလိပ် ဝေါဟာရ၏ အနက်မှာ Staying awake to keep watch or to pray ဖြစ်ပြီး မြန်မာအဘိဓာန်များ တွင် နိုးကြားမှုဟု ပြန်ပါသည်။

၂။ Religion မှာ belief in God as creator and controller of the universe ထာဝရ ဘုရားအား ဖန်ဆင်းရှင် စကြဝဠာအုပ်ထိန်းသူအဖြစ် ယုံကြည် ခြင်းဟု အနက်ရပါသည်။

၃။ diligence မှာ လုံ့လဝီရိယရှိသောဟု ပြန်ပါသည်။

၄။ reflection မှာ တွေးတောဆင်ခြင်စဉ်းစားမှု ဖြစ်သည်။

၅။ earnestness မှာ determined, serious ဟု အဓိပ္ပါယ်ရပြီး စိတ်အားထက်သန် အလေးအနက်ပြု ခြင်းဟု ဖြစ်ပါသည်။

၆။ heedfulness မှာ pay attention ဟုပြန်ပြီး အလေးအနက်ပြုခြင်း၊ သတိပြုခြင်း၊ ဂရုစိုက်ခြင်းဟု ဆိုပါသည်။

ထို့ကြောင့် ပါဠိတော်လာ အပ္ပမာဒကို မြန်မာဘာသာပြန် မမေ့လျော့ခြင်းဆိုသော အဓိပ္ပါယ်သည် များစွာလေးနက်ပြည့်စုံပြီး နက်ရှိုင်းသော အဓိပ္ပါယ်ကို ဈေငပေါ်စေပါသည်။ ဆရာတော် ဦးသေဋ္ဌိလသည် ဤအချက်ကို အမြဲတမ်း ဩဝါဒပေးလေ့ရှိပါသည်။ သေခြင်းကင်းရာ နိဗ္ဗာန်ဟု တင်စားသုံးနှုန်းခြင်းကို လူအများသိသည့် သေခြင်း(အပေါ်ယံအဓိပ္ပါယ်)နှင့် လွယ်လွယ်ဖြေတတ်ကြသည်မှာ နိဗ္ဗာန်ရောက်လျှင် မသေတော့ဟု ထင်တတ်ကြပါသည်။ စင်စစ် သေခြင်းကင်းရာ နိဗ္ဗာန်သည် ဘဝတဖန်ပြန်မဖြစ်တော့သော ဖွားသေ ကိစ္စ အပြီးရှင်းပြီးဖြစ်ခြင်းကို တင်စားရေးသားခြင်း ဖြစ်ပါသည်။ ထို့အတူ ကုသိုလ်တရားတို့ကို မမေ့မလျော့ရှိခြင်းဆိုရာတွင် အင်္ဂလိပ် ဘာသာပြန်ရာ၌ နိုးကြားခြင်း၊ သတိရှိခြင်း စသဖြင့် နီးစပ်ရာ ဝေါဟာရကို ဖလှယ်ဖော်ပြသည့်အတွက် အနှစ်မပေါ် ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် ''လူဟူသည် သတိဆင်ခြင်မှုရှိသည်သာဖြစ်သည်''ဟု အထက်ရေးသားသူပုဂ္ဂိုလ်က စွပ်စွဲပြောဆိုလေသည်။ အပ္ပမာဒ၏ တကယ့်လိုရင်းရောက်အနက်ကို မသိသောကြောင့် ဖြစ်ရလေသည်။ ပါဠိတော်သည် ဆိုခဲ့သည့်အတိုင်း အပြော(နှုတ်ဆောင်) ဘာသာစကား ဖြစ်သည့် အားလျော်စွာ ဝေါဟာရအက္ခရာတို့ဖြင့် အနက်ထင်ရန် ကိုယ်တိုင် သိရှိဆင်ခြင်ကြည့်မှ သိနိုင်သည့် သဘောဖြစ်သည်။ အင်္ဂလိပ်ဘာသာဝေါဟာရတို့၌မူ သဘာဝအားဖြင့် အနက်ထင်အောင်

တိကျသည့် ဝေါဟာရမှာ ခက်ခဲလှပေသည်။ သို့ဖြစ်ရာ အင်္ဂလိပ်ဘာသာပြန်ကိုဖတ်၍ ဒေသနာတော်၏ အနက်ကို မထင်သူတို့အဖို့ အခက်အခဲများစွာ ကြုံရသည်မှာ သဘာဝကျလှပေသည်။ ထို့ကြောင့်လည်း အထက်ဖော်ပြပါ စာတမ်းရေးသူသည် ဗုဒ္ဓဒေသနာအင်္ဂလိပ်ဘာသာပြန်များကိုဖတ်၍ ဘဝင်မကျဖြစ်ကာ စွန့်ခွာခဲ့ဟန် တူပါသည်။

၇။ နိဂုံး

ဘာသာစကား ကွာဟမှုကို ပညာရှင်တို့ သိရှိကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၁၉၈၂ ခုနှစ်၌ ပိဋကဘာသာပြန် စာပေပြန့်ချီရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဘာသာပြန်လုပ်ငန်း ဆောင်ရွက်ရာတွင် ဘာသာပြန်မူသစ်ဟူ၍ ဖော်ပြခဲ့ပါသည်။ ယင်းမှာ-

(က) အဓိကကျသော ပိဋကဝေါဟာရ ရှင်းလင်းချက်များ အခြေခံအဖြစ် ပါရှိပြီး အင်္ဂလိပ် စာဖတ်ပရိသတ်တို့ အခြေခံအနှစ်သာရကို ခံစားနိုင်ရမည်။

(ခ) ဝေါဟာရစာလုံးတစ်လုံးထဲ တိုက်ရိုက်မပြန်နိုင်လျှင် အကျယ်ဝိတ္ထာရချဲ့၍ ဖော်ပြရမည် ဟု ဆိုခဲ့ပါသည်။ ဤနှစ်ချက်ကို သတိထား၍ အတွင်းသဘောပါအောင် ပြန်ဆိုကြရန် အရေးကြီးလှပေသည်။

ကျော်ဇောနိုင်
တွဲဖက်ဌာနမှူး
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## Endnotes

၁။ ပညာပဒေသာစာစောင်၊ အတွဲ-၅၊အပိုင်း-၄၊ ၁၉၇၀၊စာ-၁၃၇၊ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန၊ ရန်ကုန်၊

၂။ ဝိနယသမူဟ ဝိနိစ္ဆယကျမ်း(၃)။(ဦးနိဂြောဓ အသျှင်တည်းဖြတ်) စတုတ္ထအကြိမ်ရိုက်နှိပ်ခြင်း၊ မိတ္တီလာ၊ မအေးတင်ပိဋကတ်စာပုံ နှိပ်တိုက်၊ ၁၉၃၅၊ စာ-၄၆၇။

၃။ Narada Thera, An Elementary Pali Course Colombo, The Associated Newspaper of Ceylon Limited 1953, Introduction[See also Professor A.P Buddhadatta(1997)]

၄။ Eugene A Nida, Dr.Bible Translating Philadelphia, American Bible Conference Assciation 1947. (6.2.1)

၅။ မဟာဧယသခ်ါယာ၊မင်းကြီး၊ ဝေါဟာရလိနတ္ထဒီပနီ၊မန္တလေး၊ ကဝိလက္ခဏာပိဋကတ်စာအုပ်ဆိုင်၊ ၁၃၂၁။ စာ-၁၇။

၆။ Myint Maung, Dr.to Motherland with love Association for Theological Education in Myanmar D.R.C 2004.P.110-113

၇။ အသျှင်သေဋ္ဌိလ ဓမ္မပဒပါဠိတော်(မြန်မာဘာသာပြန်) သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၇။



နှီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) တွဲဖက်ဌာနမှူး ဒေါက်တာလှထွန်းက
**"Reason for Studying Sanskrit Language in Relating to Pāli Language"**
ခေါင်းစဉ်ပါ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# REASON FOR STUDYING SANSKRIT LANGUAGE IN RELATING TO PALI TEACHING

**Dr. Hla Tun**
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

**Introduction** :- Sanskrit is one of the oldest languages in the world. According to the scholars, Sanskrit is the mother of all languages. Sanskrit words and verbs (*śabda* and *kriyā*) can be found in each and every languages of the entire world in form of original Sanskrit or slightly or half changed according to local language. Sanskrit scholars can realize its enfluence with the meanings.

Then why a linguist should learn the Sanskrit? There are several reasons to study the subtle and refined language of Sanskrit. The sound, script, grammar, and systematic nature of the language is charming in itself,

something of great beauty. The study of Sanskrit creates orderliness within the mind because it is a highly systematic language, reflecting the orderliness of nature itself.

Most students who study Sanskrit also have an interest in the content of the Sanskrit literature. This large body of literature is enormously diverse, including such fields as philosophy, science, arts, music, phonology, grammar, medicine, mathematics, architecture, history, education, logic etc. The literature can be understood in greater depth when it is studied in its original language.

Even one will find that an introductory knowledge of Sanskrit has great worth. Even a little knowledge of Sanskrit is useful when one read *Pāli, Prākrit, Māgadhī* and other oriental languages. Even Sanskrit will help to control speech and understand the meaning over all languages, which will be able to decide in pronunciation, understanding the meaning of words and verbs. And who knows? The study of Sanskrit could lead to something far beyond what we anticipated.

**Vedic and Classical Sanskrit :-** Sanskrit is divided into two principal parts namely Vedic Sanskrit and Classical Sanskrit. Vedas, *Saṃhitas* and *Āraṇyakas* are belong to Vedic Sanskrit being with the *Ṛk-Saṃhita*. Classical Sanskrit, which includes several aspects, is the language of *Ramāyaṇa, Bhagavad-Gītā,* and the rest of the Sanskrit literature.

**Meaning of the word Sanskrit :-** Sanskrit word is combined by two words. The term "Sanskrit" as used now means 'well done" or rectified'. Sanskrit means 'perfected' or 'put together'. '*Saṃ*' means 'together' and '*kṛta*' means 'put'. There are also some other meaning as 'purified' and 'well polished'.

**Alphabet & Script :-** The study of any language beings with the study of alphabet, both pronunciation and script. From the beginning, the pronunciation of Sanskrit should be relaxed and natural, without straining. According to the Pāṇinīya *śikṣā*, 33, Sanskrit should be pronounced with sweetness and clearness.

Both Vedic and Classical Sanskrit are written in the *Devanāgarī* script. The *Devanāgarī* means the "city (*nāgarī*) of immortals (*devas*)".

**Alphabet : Vowels :-**

(1) In Sanskrit,each letter represents one and only one sound and there are no capital or small letters. The alphabet is systematically arranged according to the structure of the mouth. In English or in Myanmar language the letter may indicate many sounds. In Myanmar there are also no capital or small letters.

(2) In Sanskrit there are two basic divisions of the alphabet : (A) Vowels (*svara* or sounded), (B) Consonants (*vyañjana* or manifesting). It can see the same traditions in Myanma alphabet and this tradition's origin is the Sanskrit.

(3) Vowels can be either short (*hrasva*) or long (dīrgha) in Classical Sanskrit, but in Vedic Sanskrit according to *Pāṇinīya's Aṣṭādhyāyī,* Vowels are divided into three parts namely short (*hrasva*), *dīrgha* (semi-long) and *Pluta* (Long). Myanmar literature regarding the vowels and consonant, still following the Vedic traditions.

**Sanskrit Content in Pali and Myanmar Languages**

Myanmar language has a large Sanskritic content which covers practically every discipline of life. Alphabet is classified according to the organ of pronunciation like as well as in Sanskrit. There are five categories namely *Kaṇṭha* (gutturals), *Tālu* (palatals), *Mūrdhā* (cerebrals), *Danta* (dental) and *Oṣṭha* (labials).

Rasas, Alaṅkaras, Guṇas are same in both literatures.

Sanskrit vocabulary of Myanmar can broadly be divided here in few categories : One, where Sanskrit words are preserved in their original Sanskrit pronunciation and meaning (making allowance for slightly different pronunciation) like *Mocha* for face, *Kavi* for poet, *Ṡeik* for mind, *Mana* for mind, *batha* for language, *Maṅgala* for auspicious, *Rasa* for test, and so on. Two, where words keeping up their original Sanskrit form in meaning undergo change in pronunciation, major or minor, like *Nat* for deva (Skt. Nātha), *Thajā* for sugar (Skt. Ṣakkara > Ṡakra), *Thān* for palm (Skt. Tāla or Tāḍa), *Ṭhān* for place (Skt. Sthāna), *Kāya* for body (Skt. Kāya), *Uyyan* for garden (Skt. Udyāna), *Dana* for charity or donation (Skt. dāna), and *dhana for* wealth (Skt. Dhanaṃ), *jana for* people (Skt. Janaṃ),, *Joh* for planets (Skt. graha), *Yathi*, *Utu* and so on. Three, - and this comprises the largest numbers of words- which undergo change in pronunciation with the combination words of Myanmar like, *Meik Swe* for friend (*meik* is original Skt. Mitra or

Mita for friend), *Puro Heik* for priest (Skt. Purohita), *Beik Theik Saya* for priest (Skt. Abhiṣekācārya), and so on.

With a bit of appreciation of Myanmar phonology the Sanskritic words can easily be connected with their Sanskrit originals. The Sanskrit sounds are pronounced differently in Myanmar thereby giving a word a different appearance. It may take up here a few sounds by way of illustration. *Thukha* (Skt. Sukha), *Doukha* (Skt. Duhkha), *Meikhtila* (Skt. Mithilā), *Zeyawadi* (Skt. Jayavatī), *Āhāyā* (Skt. Āhāra), *Thidar* (Skt. Sītā), *Detha* (Skt. Deśa), *Dhammathat* (Skt. Dharmaśāstra), *ākātha* (Skt. Ākāśa), *Thaman* (Skt. Sāmānya), *Thaba* (Skt. Sabhā), *Pati* (Skt. Pati), *Gon* (Skt. Guṇa), *Thetsa* (Skt. Satya), *Thatti* (Skt. Śakti), etc.

Whether Sanskrit entered into Myanmar country through Pali which came with the introduction of Buddhism or independently via Kings or *Ponnas* is a matter of debate. Evidences are not lacking in Myanmar even of influence of Sanskrit over Pali, the most

notable example of which is the word *Pyayikdein* for calendar (Skt. *Pratyekadina* or *Prekṣadina* means to see the day or days), *Thengyan* (Skt. Saṅkrānta means transition, Transferred, or any planetary body from one zodiacal sign into another), and so on.

The names of the days too have Sanskritic origin. As against the Sanskrit practice of adding the word *Vāra* or *Vāsara* signifying day after the names of the planets Myanmar has the word *Nay*(= day) preceding them :

| **Myanmar** | **Sanskrit** |
|---|---|
| Taninganwe Nay | Ravivāsarah |
| Taninla Nay | Candravāsarah |
| Aeinga Nay | Aṅgāravāsarah |
| Boudahu Nay | Buddhavāsarah |
| Kyathapaday Nay | Bṛhaspativāsarah |
| Thoukya Nay | Sukravāsarah |
| Sane Nay | Śanivāsarah |

While talking of the names of days, it is interesting to note that Myanmar has a very peculiar word for calendar. It is *Pyekkhadein* which is very close to Sanskrit.

Even it is also to note that so many towns in Myanmar has Sanskritic name, for example: Okkala (Utkal), Thaketa(Saketa), Ketumati, Hansavati, Usavati, Dagon etc.

The knowledge of Sanskrit should definitely support in relating to Pali teaching.

In conclusion it can prove that Myanmar known as *Brahma* or *Brahmadeśa* in the ancient times, links with India going back to thousands of years. And strongest of these links, apart from religion and culture is Sanskrit with which the Myanmarese developed a sense of belonging since very early times.

Dr. Hla Tun
တွဲဖက်ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



နှီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

လက်ထောက်ကထိက ဒေါက်တာမြတ်မြတ်ထွန်း က

မြန်မာနိုင်ငံ ပါဠိအဘိဓာန်ကျမ်းများ လေ့လာချက်'' ခေါင်းစဉ်ပါ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# မြန်မာနိုင်ငံရှိ ပါဠိအဘိဓာန်ကျမ်းများ လေ့လာချက်

ဒေါက်တာမြတ်မြတ်ထွန်း
လက်ထောက်ကထိက
ပရိယတ္တိမဟာဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

## နိဒါန်း

ဘာသာတစ်ရပ်ကောင်းမွန်စွာ တတ်မြောက်ရေးတို့၌ အဘိဓာန်ကျမ်း[၁]တို့သည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်လျက်ရှိသည်။ ထို့ကြောင့်လည်း အဘိဓာန်ကျမ်းတို့ကို ရှေးဆရာအစဉ်အဆက်တို့သည် အဘိဓာန်ကျမ်းများကို အမျိုးမျိုးရေးသား၍ ဘာသာစကားများကျွမ်းကျင်လိမ္မာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ပါဠိစာပေလေ့လာသင်ကြားရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ အဘိဓာန်ကျမ်းများကိုလည်း ပြုစုလာခဲ့ကြပါသည်။ ပါဠိစာပေ၏ အစသည် ထေရဝါဒဗုဒ္ဓသာသနာဟုဆိုရမည်။ ဗုဒ္ဓပွင့်တော်မူသည့် အချိန်မှစ၍ ပါဠိစာပေသည်လည်းပေါ်ပေါက်လာခဲ့ပေသည်။

## မြန်မာနိုင်ငံရှိ ပါဠိအဘိဓာန်ကျမ်းများ

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည်

ဗုဒ္ဓသက်တော်ထင်ရှားရှိတော်မူစဉ် (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဒေသနာတစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ပေသည်။[၂] မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အားလုံးကို နိကာယ်အရပိုင်းခြားလျှင် နိကာယ်အားဖြင့် ငါးစုဖြစ်၍ ပိဋကအရခွဲခြားလျှင် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ သုံးစုဖြစ်လေသည်။ ထိုသို့ များပြားလှသော ဒေသနာတို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ဘာသာစကားအားလုံးတို့၏ ပေါက်ဖွားရာဖြစ်သော မူလဘာသာဖြစ်သည့် မာဂဓ(ပါဠိ)ဘာသာဖြင့်သာ ဟောကြားတော်မူသည်။[၃] မြတ်စွာဘုရားရှင် ဟောကြားသော ဓမ္မက္ခန္ဓာများကို ပါဠိဘာသာဖြင့် မှတ်တမ်းတင်ခဲ့သည်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားသော တရားဒေသနာများနှင့် တပည့်သာဝကများ[၄] ဟောကြားသောတရားဒေသနာများကို ပါဠိတော်ဟု ခေါ်ဆိုပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသည့် မူလ ပါဠိတော်ကျမ်းရင်းမှာ ၅၂-ကျမ်းဖြစ်သည်။ အချို့ကျမ်းများ၌ ပါဠိတော်များကိုပင် တူညီသောဝါကျများကို ပေယျာလ[၅] ပြုလုပ်ပြီး အတိုချုံး၍ ပုံနှိပ်ရာ ပါဠိတော်အုပ်ရေ (၄၀)တိတိ ရှိလေသည်။[၆] ပေယျာလပြုလုပ်၍ မြှုပ်ထားသော ဝါကျများကို ဖော်ထုတ်လိုက်လျှင် အဆပေါင်းဆယ်ဆမက ကျယ်ပြန့်လာနိုင်ပေသည်။[၇] ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အစဉ်သည် အနက်အဓိပ္ပါယ် ကျယ်ဝန်းနက်ရှိုင်း၍ သာမန်လူပုဂ္ဂိုလ်တို့ နားလည်နိုင်ရန် မတတ်စွမ်းနိုင်ပေ။

ထို့ကြောင့် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်အစဉ်ကို ထပ်ဆင့်အနက်ဖွင့်ဆိုသော အဋ္ဌကထာကျမ်းများ ပေါ်ပေါက်

လာသည်။ ထိုပါဠိတော်များကို ပညာအရာ တတ်ကျွမ်းတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၊[၈] အရှင်ဓမ္မပါလ၊[၉] အရှင်ဗုဒ္ဓဒတ္တ[၁၀] စသော အရှင်မြတ်များက ဖွင့်ဆိုရေးသားထားပါသည်။ ဝဇီရဗုဒ္ဓိဋီကာကျမ်းများအရ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်တို့ မတိုင်မီ ကာလက ပေါ်ထွန်းခဲ့သော ရှေးရှေးအဋ္ဌကထာတို့ကို ပေါရာဏအဋ္ဌကထာ သို့မဟုတ် ပုဗ္ဗအဋ္ဌကထာ ဟု ခေါ်ကြသည်။ ယင်းအဋ္ဌကထာတို့တွင် ဘုရားဟော ဗုဒ္ဓသံဝဏ္ဏိတအဋ္ဌကထာ၊[၁၁] သာဝကသံဝဏ္ဏိတအဋ္ဌကထာ၊[၁၂] မဂဓအဋ္ဌကထာ၊[၁၃] သီဟဠဋ္ဌကထာ၊[၁၄] မဟာအဋ္ဌကထာ၊[၁၅] မဟာပစ္စရီအဋ္ဌကထာ၊[၁၆] ကုရုန္ဒီအဋ္ဌကထာ၊[၁၇] အန္ဓကအဋ္ဌကထာ၊[၁၈] သင်္ခေပအဋ္ဌကထာ၊[၁၉] စူဠပစ္စရီ အဋ္ဌကထာ၊[၂၀] အရိယအဋ္ဌကထာ၊[၂၁] ပန္နဝါရအဋ္ဌကထာ[၂၂] ဟူ၍ အဋ္ဌကထာအမျိုးမျိုး ရှိကြသည်။[၂၃]

ရှေးရှေးအဋ္ဌကထာများတွင် စတုတ္ထသင်္ဂါယနာတင်စဉ်က စတုတ္ထသင်္ဂီတိမထေရ်တို့ ပေထက်အက္ခရာတင်ခဲ့သော အဋ္ဌကထာကျမ်းများမှာ အရှင်မဟိန္ဒမထေရ်[၂၄] မဇ္ဈိမဒေသမှ သီဟိုဠ်သို့ သယ်ဆောင်ခဲ့သော မူလအဋ္ဌကထာတို့ကို သီဟိုဠ်သံဃာတော်များက သီဟဠဘာသာဖြင့် ရေးသားခဲ့ကြသည့်အတိုင်း၊ တစ်နည်း-သီဟဠအဋ္ဌကထာတို့ကို ပေထက်အက္ခရာတင်သည်ဟု ယူဆနိုင်ပါသည်။ အကြောင်းမှာ ထို စတုတ္ထသင်္ဂါယနာတင်သည်မှ အနှစ်ငါးရာခန့်ကြာသော် အရှင်မဟာဗုဒ္ဓဃောသမထေရ် သီရိလင်္ကာသို့လာ၍ အဋ္ဌကထာသစ်ပြုရန် သီဟိုဠ်မထေရ်တို့မှ သီဟဠအက္ခရာဖြင့် တင်ထားသော သီဟဠဋ္ဌကထာတို့ကို တောင်းယူကြောင်း စသည့်အချက်တို့ကို မဟာဝံသကျမ်း သတ္တတိ

သတိမပရိစ္ဆေဒ၌ တွေ့ရသောကြောင့် ဖြစ်သည်။[၂၅]

သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်ခဲ့သော ပိဋကတ်တော် များ၊ အဋ္ဌကထာများသည် မည်သည့်အချိန်၌ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာကြောင်း မသိရချေ။ သို့သော် အနော်ရထာမင်းလက်ထက်တွင် သထုံပြည်မှ ပိဋကတ်တော်အစုံသုံးဆယ်[၂၆] တို့ ပုဂံပြည်သို့ ရောက်ရှိခဲ့ကြောင်းကို လေ့လာသိရှိရပါသည်။ ထိုပိဋကတ်တော်အစုံ သုံးဆယ်တို့မှာလည်း သီဟိုဠ်ကျွန်း စတုတ္ထသင်္ဂါယနာတင်ပေမူတို့မှ ပြန့်ပွားလာသောမူများသာ ဖြစ်လိမ့်မည်ဟု ယုံကြည်ရပါသည်။ ဘုရားဟောပါဠိတော်တို့ကို ထပ်ဆင့်အနက်ဖွင့်သော အဋ္ဌကထာကျမ်းတို့လည်း ပေါ်ပေါက်လာခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံစသည့် ထေရဝါဒနိုင်ငံတို့တွင် အသုံးပြုနေသော အဋ္ဌကထာကျမ်းများမှာ အေဒီ ၅-ရာစုတွင် အရှင်မဟာဗုဒ္ဓဃောသပြုစုသော အဋ္ဌကထာကျမ်းများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပါဠိစာပေလေ့လာရန်အတွက် ဘုရားဟောပါဠိတော်များအပြင် အဋ္ဌကထာ၊ ဋီကာ၊ ဒီပနီ၊ အနု၊ မဓု၊ လက်သန်း၊ ယောဇနာ၊ ဂဏ္ဌိ စသည်ဖြင့် အနက်အဓိပ္ပါယ်များကို ထပ်ဆင့်အနက်များဖွင့်ဆို၍ ပါဠိဘာသာကို လေ့လာတော်မူကြပါသည်။ သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင် ပိဋကတ်ပါဠိတော်များကို အမှီပြု၍ ထိုပါဠိတော်များ၏ အနက်အဓိပ္ပါယ်တို့ကို ဖွင့်ဆိုရှင်းပြသည့် အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသော ကျမ်းများစွာတို့ ပေါ်ထွက်ခဲ့ကြသည်။ ထိုကျမ်းများမှာ မြန်မာနိုင်ငံသို့လည်း တစ်ကျမ်းပြီးတစ်ကျမ်း ရောက်ရှိလာကြသည်။

ပါဠိဘာသာကို လေ့လာမှတ်သားရာ၌ အဖွင့်ခံပါဠိကို အခြေခံ၍ အဋ္ဌကထာ၊ ဋီကာကို တွဲဖက်ကြည့်ရှု ကျက်မှတ်မှ စာမြင်ပြီး စွဲမြဲပါသည်။ ထိုအဋ္ဌကထာ၊ ဋီကာကျမ်းများတို့၏ အနက်တို့ကို လေ့လာရာတွင်လည်း သဒ္ဒါပိုင်းဆိုင်ရာ ပုဒ်အက္ခရာများကို နားလည်စေရန်အတွက် အဘိဓာန်ကျမ်းများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပေသည်။

ထိုပါဠိဘာသာကို နားလည်နိုင်ရန် ပါဠိဘာသာ၏ အဝင်တံခါးသဖွယ်ဖြစ်သော ပါဠိသဒ္ဒါဆိုင်ရာကျမ်းစာများလည်း ပေါ်ပေါက်ခဲ့သည်။ ဗုဒ္ဓသာသနာရေးနှင့်သက်ဆိုင်သော ပါဠိကျမ်းဂန်များ ပေါ်ထွက်လာသည့်နည်းတူ ပါဠိဘာသာကို ထိန်းကွပ်စောင့်ရှောက်သည့် သဒ္ဒါကျမ်းများလည်း ပေါ်ထွက်ခဲ့သည်။ ယင်းပါဠိသဒ္ဒါကျမ်းစာများထဲတွင် အထင်ရှားဆုံးကျမ်းမှာ ကစ္စည်းမထေရ်၏ သဒ္ဒါကြီး ခေါ် ကစ္စာယနဗျာကရဏကျမ်းပင်ဖြစ်သည်။ ဤကျမ်းကြီးကို အိန္ဒိယပြည်တွင် ခရစ်နှစ် ၁၀၀-ကျော် ၂၀၀ အတွင်း သို့မဟုတ် နောက်ကျဆုံးအားဖြင့် ၄၀၀ အတွင်း (သာသနာနှစ် ၆၀၀၊ ၇၀၀၊ ၉၀၀အတွင်း) လောက်တွင် ပြုစုခဲ့သည်ဟု ယခုခေတ် ပညာရှင်တို့က ယူဆကြသည်။[၂၇]

မြန်မာနိုင်ငံ၏ ပါဠိစာပေ အတိုးတက်ဆုံးကာလကို ပြောမည်ဆိုလျှင် ပုဂံခေတ်ဟု ဆိုရပေလိမ့်မည်။ ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်တို့၌ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် မြန်မာနိုင်ငံသားရဟန်းတော်တို့ကလည်း အထက်ဖော်ပြပါ အဖွင့်ကျမ်းများနှင့်တကွဖြစ်သော ပိဋကသုံးပုံပါဠိတော်တို့ကို သဒ္ဒါဝိရိယထက်သန်စွာဖြင့်

သင်ယူလေ့ကျက်လျက် မပျောက်ပျက်အောင် ဆောင်ရွက်ကြပါသည်။ ထိုသို့ လေ့လာရာတွင် သဒ္ဒါကျမ်းစာအုပ်များ ပေါ်ထွက်လာခဲ့ရာ အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းသည် ထင်ရှားသော သဒ္ဒါကျမ်းကြီးလည်း ဖြစ်သည်။ အရှင်အဂ္ဂဝံသသည် သဒ္ဒနီတိကျမ်းကို ပဒမာလာ၊ ဓာတုမာလာ၊ သုတ္တမာလာဟု သုံးပိုင်းခွဲ၍ ပါဠိသဒ္ဒါကို ကျယ်ဝန်းစွာ ရေးသားခဲ့ပေရာ ယနေ့တိုင် ဤကျမ်းလောက်ကျယ်ဝန်းသော ပါဠိသဒ္ဒါကျမ်း မထွက်ပေါ်သေးချေ။ မြန်မာနိုင်ငံပါဠိစာပေသမိုင်းတွင် သဒ္ဒနီတိကျမ်းကဲ့သို့ သဒ္ဒါကျမ်းများ ပေါ်ထွန်းခဲ့သည့်နည်းတူ အခြားသော ပါဠိအဘိဓာန်ကျမ်းများလည်း ပေါ်ပေါက်လာသည်။

ပါဠိသဒ္ဒါကျမ်းများအပြင် ပါဠိစာပေလေ့လာသူတို့၏ အထောက်အပံ့ဖြစ်စေခြင်းငှာ ရည်ရွယ်လျက် ပါဠိအဘိဓာန်ကျမ်း အမျိုးမျိုး ပေါ်ထွက်ခဲ့ပါသည်။ ပါဠိအဘိဓာန်ကျမ်းများ၏ ရှေ့ပြေးဖြစ်သော အဘိဓာန်ကျမ်းမှာ အဘိဓာနပ္ပဒီပိကာကျမ်း ဖြစ်သည်။ သာသနာနှစ် ၁၇၀၀ ခန့်က မဟာပရက္ကမဗာဟုမင်းလက်ထက် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလာန်မထေရ်သည် အဘိဓာနပ္ပဒီပိကာ[၂၈] ခေါ် မာဂဓအဘိဓာန်ကျမ်းကို ရေးသားပြုစုခဲ့သည်။ ယင်းမာဂဓအဘိဓာန်ကို ရေးသားရာ၌ အရှင်မောဂ္ဂလာန်မထေရ်သည် သက္ကတဘာသာနှင့် ရှိနှင့်ပြီးသော အမရကောသအဘိဓာန်ကို စံနမူနာယူ၍ ရေးသားခဲ့ခြင်း ဖြစ်သည်။[၂၉]

အဘိဓာနပ္ပဒီပိကာကျမ်းပေါ်ပြီးသည်နောက် ၎င်း၏အဖွင့်ဋီကာများကို သီဟိုဠ်ကျွန်း၌ ရေးသားခဲ့သည်ဟု သမိုင်းမှတ်တမ်းများ၌ မတွေ့

ရပေ။ ပင်းယခေတ် ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် သာသနာနှစ် ၁၈၅၉-ခုနှစ်၊ သက္ကရာဇ် ၇၁၄-ခုနှစ်အရောက်တွင် သီရိမဟာစတုရင်္ဂဗလအမတ်ကြီးသည် မောဂ္ဂလာန၏ အဘိဓာနပ္ပ ဒီပိကာ ခေါ် ပါဠိအဘိဓာန်ကျမ်း၏ အဖွင့်ဋီကာကို ပြုစုသည်။ အဘိ ဓာနပ္ပဒီပိကာဋီကာကျမ်းသည် သဒ္ဒါသင်ကြားရာ၌ များစွာအထောက် အပံ့ပြု၍ ယခုတိုင် သာသနာတော်တွင် ကျော်စောထင်ရှားသောကျမ်း ဖြစ်လေသည်။[၃၀]

အဘိဓာနပ္ပဒီပိကာဋီကာကျမ်းကို အရှင်သုဘူတိမထေရ်သည် အ-အာ-စသော အက္ခရာစဉ်ဖြင့် ပြုလုပ်၍ အဘိဓာနပ္ပဒီပိကာသူစိကျမ်း ကို ရေးသားတော်မူခဲ့ပြန်ပါသည်။ သို့ရာတွင် သီဟိုဠ်အက္ခရာဖြင့် ရေးသားထားခြင်းဖြစ်၍ မြန်မာအက္ခရာပါဠိတတ်ပုဂ္ဂိုလ်တို့ ကြည့်ရှုရန် မလွယ်ကူလှသောကိစ္စတစ်ရပ်ဖြစ်သည်။ ယခုအခါ မြန်မာအက္ခရာ ပါဠိတတ်ပုဂ္ဂိုလ်အားလုံးတို့အတွက် ကြည့်ရှုစေရန် မြန်မာအက္ခရာဖြင့် ကူးပြောင်းပုံနှိပ်ထားသောကြောင့် ပါဠိ၊ ရုပ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ ကံ၊ ကတ္တား၊ ဓာတ်နက် စသော ပဒဝိနိစ္ဆယအဆုံးအဖြတ်များကို အက္ခရာစဉ်အတိုင်း လိုရာကို ကြည့်ရှုရှာဖွေနိုင်သည်။ အဘိဓာန်ကျမ်း လာ ဂါထာနံပါတ်အသီးသီးတို့ကိုလည်း အဘိဓာနပ္ပဒီပိကာသူစိဆိုင်ရာ ပုဒ်များတွင် ရှာဖွေမှု လွယ်ကူစေရန် အဆင်သင့်တွဲစပ်ဖော်ပြထားသည် ကို လေ့လာတွေ့နိုင်သည်။ ပါဠိဘာသာလေ့လာသူတို့အတွက် အကျိုး များသော အဘိဓာန်ကျမ်းကြီးလည်းဖြစ်သည်။

အဘိဓာန်ဋီကာများပေါ်ထွက်ပြီးနောက် အဘိဓာန်နိဿယများ လည်း ထပ်မံပေါ်ပေါက်လာခဲ့သည်။ ပါဠိစာပေ၏ ခေတ်ဦးပိုင်း ဖြစ်သော ပုဂံခေတ်၌ အဘိဓာန်နိဿယများ ပေါ်ထွက်ခဲ့သည်ဟု မှတ်တမ်း များ၌ မတွေ့ရပေ။ သက္ကရာဇ် ၈၀၄-ခုနှစ်တွင် ရေးထိုးသည့် ပုဂံ ဝက်ကြီးအင်း တက်နွယ်ကျောင်းကျောက်စာ[၂၃] ၌မူကား ကျောင်းနှင့် တပါတည်းလှူသော ပိဋကစာပေများစာရင်းတွင် အဘိဓာန်နိဿရေည် ဟု တွေ့ရသည်။ ထို့ကြောင့် ၎င်းအချိန်၌ အဘိဓာန်နိဿ ထွက်ပေါ် လျက်ရှိနေပြီကို သိနိုင်ပေသည်။ အဘိဓာန်ကျမ်းများသည် မည်သည့် ခေတ်က ပေါ်သည်ဟု အတိအကျပြောဆိုရန် မဖြစ်နိုင်သော်လည်း ပင်းယခေတ်မှာပင် ပေါ်သည်ဟု ယူဆနိုင်ပေသည်။

ထို့အတူပင် သက္ကရာဇ် ၁၁၀၀ မတိုင်မီအတွင်း အဘိဓာန် နိဿယများ ပေါ်ထွက်လျက်ရှိပြီကို ကျမ်းဂန်အထောက်အထားကား အင်းဝခေတ် နောက်ဆုံးမင်း ဖြစ်သည့် မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာ ဝတီပါ မင်းတရားလက်ထက် သက္ကရာဇ် ၁၁၀၈-ခုနှစ် ကျော်အောင် စံထားဆရာတော် စီရင်အပ်သည့် အဘိဓာန်နိဿပင်ဖြစ်သည်။[၂၄] အဘိဓာန်ဋီကာနိဿများကို ဒုတိယကျော်အောင်စံထားဆရာတော်သည် အဘိဓာန်ဋီကာနိဿ(ဟောင်း)ကို ရေးသားပြုစုတော်မူသည်။[၂၅] ၎င်းနောက် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၁၁- ခုနှစ်၌ မောင်းထောင်ဆရာတော် ဦးပညာသာမိသည် အဘိဓာန်ဋီကာ နိဿသစ်ကို ရေးသားခဲ့သည်။[၂၆] ၎င်းနှစ်ကျမ်းတို့တွင် နိဿဟောင်းမှာ ပုံနှိပ်စာအုပ်အဖြစ်သို့ မရောက်လာခဲ့ပေ။ ယခုတွေ့မြင်အပ်သောနိဿ

မှာကား ဒုတိယ မောင်းထောင်ဆရာတော်၏ နိဿယပင်ဖြစ်သည်။[၃၅]

ပါဠိဘာသာလေ့လာသူများအတွက် အကျိုးများသော အဘိဓာနက္ခရာဝလိ စဉ်ထားသော ခေတ်မီသော ပါဠိမြန်မာ အဘိဓာန်ကျမ်းကို ၁၂၇၆-ခုနှစ်(၁၉၁၄-ခုနှစ်)တွင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော လယ်တီပဏ္ဍိတသည် ရေးသားထုတ်ဝေခဲ့ပါသည်။ ပါဠိဘာသာ လေ့လာရန်အတွက် ပြီးပြည့်စုံသော ပါဠိအဘိဓာန်ကြီးတစ်စောင်လိုအပ်လာသည်ကို သိမြင်တော်မူသော ပါဠိပညာရှင်တို့သည် လယ်တီဆရာတော်အား အဘိဓာန်ကျမ်းကြီးတစ်စောင် ရေးသားပြုစုပေးရန် တောင်းပန်လျှောက်ထားကြသည်။ လယ်တီဆရာတော်ဘုရားကြီး အမှူးရှိသည့် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးသာမာဘိသိရီ၊ ဆရာတော်ဦးသူရိယ အစရှိသည့် ဆရာတော် ၁၄-ပါး ပါဝင်သောအဖွဲ့ကို ဖွဲ့ပြီး ဆောင်ရွက်တော်မူခဲ့သည်။ အဘိဓာန်ပြုစုရာ၌ စာစုလုပ်ငန်းကို ၁၂၇၆-ခုနှစ် မှ ၁၂၈၂-ခုနှစ်အထိ ကြာမြင့်ခဲ့သည်။ စာစုလုပ်ငန်းပြီးစီးပြီးနောက် အဘိဓာန်ကျမ်းကြီးကို သဒ္ဒတ္ထရတနာဝလိမဟာပါဠိအဘိဓာန်ဟု ခေါ်တွင်စေခဲ့ပါသည်။ အဘိဓာန်ကျမ်းကြီးကို ထုတ်ဝေရာ၌ အပိုင်းကြီးလေးပိုင်း ခွဲဝေ၍ ထုတ်ဝေခဲ့ပါသည်။ ၎င်းကျမ်းကြီးမှာ နောင်အခါတွင် အကြောင်းအမျိုးမျိုးကြောင့် အပြီးအဆုံးသို့ မရောက်ခဲ့ချေ။ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသက လယ်တီဆရာတော်၏ အဘိဓာန်ကျမ်းသည် ဆုံးခန်းတိုင်အောင် ပြီးမြောက်ခဲ့ပါမူ ပါဠိပညာရှင်တို့၏ အားထားမှီခိုရာတစ်ဆူအဖြစ် ဗုဒ္ဓသာသနာတော်တွင် ရပ်တည်လျက် ရှိပေမည် ဆိုပါသည်။[၃၆]

သက္ကရာဇ် ၁၃၀၁-ခုနှစ်တွင် ပဌမကျော်အရှင်တေဇဝန္တာဘိဝံသသည် ပါဠိစကားပြောနှင့် အရေးအသားကို လေ့လာသူတို့အတွက် မြန်မာ-ပါဠိ အဘိဓာန်ကျမ်းကို ရေးသားပြုစုခဲ့သည်။ သက္ကရာဇ် ၁၃၁၅-၁၃၁၈-ခုနှစ်တွင် စည်ရှင်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓါရုံပိဋကအဘိဓာန်ကြီးကို ပြုစုခဲ့သည်။

၁၉၅၄-၅၉-ခုနှစ်တွင် ပဒတ္ထမဉ္ဇူသာခေါ် ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီး ပေါ်ထွက်လာခဲ့သည်။ ကျမ်းပြုစုသူမှာ မြန်မာနိုင်ငံတော် အမွေနှင့်ပစ္စည်းထိန်းဝန်၊ တရားလွှတ်တော် ရှေ့နေကြီး ဦးဟုတ်စိန်ဖြစ်သည်။ စာအုပ်အရေအတွက်အားဖြင့် လေးတွဲဖြစ်သည်။ ဤကျမ်းသည် ပါဠိဘာသာကို ခေတ်မီနည်းဖြင့် လေ့လာသူတို့အတွက် အလွန်အားထားထိုက်သော ကျမ်းကြီးတစ်စောင်လည်း ဖြစ်သည်။

ပါဠိဓာတ်အဘိဓာန်ကျမ်းတို့၏ ရှေ့သွားဖြစ်သည့်ကျမ်းမှာ ပုဂံခေတ် ရှင်အဂ္ဂဝံသ ရေးသားထားသော သဒ္ဒနီတိဓာတုမာလာကျမ်းပင်ဖြစ်သည်။ ပါဠိဓာတ်နှင့်ပတ်သက်လျှင် ပမာဏအမြောက်ဆုံး ကျမ်းတစ်ကျမ်းပင်ဖြစ်သည်။ သဒ္ဒနီတိကျမ်းပေါ်ထွက်လာပြီးနောက် ၁၂၅၀-ပြည့်နှစ်တွင် မဟာဝိသုဒ္ဓါရုံဆရာတော်၏ ဓာတွတ္ထသင်္ဂြိုဟ်ခေါ် ဓာတွတ္ထသင်္ဂဟကျမ်း ပေါ်ထွက်လာခဲ့သည်။ ဆရာတော်သည် စာသင်သားများကျက်မှတ်လွယ်စေရန်အလို့ငှာ ဂါထာများဖြင့် ရေးသားတော်မူပြီး ဓာတွတ္ထသင်္ဂဟနိသျကိုပါ တစ်ပါတည်း စီရင်ရေးသားခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် ကျင်းပသည့် ၁၉၅၄-ခုနှစ်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်၏ စာပြင်မှူးချုပ်ဖြစ်သော မဟာ

ပညာဗလ၊ ပါဠိပါမောက္ခ ဆရာဉာဏ်သည် ပါဠိစာတ်အဘိဓာန်ချုပ်ကို ရေးသားပြုစုခဲ့သည်။ ၄င်းကျမ်းသည် ရှေးပေါ်နှင့်ပြီးသော ပါဠိ အဘိဓာန်ကျမ်းတို့နှင့်တကွ သက္ကတကျမ်းများကိုပါ ညှိနိုင်း၍ ကြည့်ရှုလွယ်ကူစေရန် စီစဉ်ရေးသားထားသောကြောင့် ပါဠိစာပေလေ့လာသူတို့အတွက် အကျိုးများသော အဘိဓာန်ကျမ်းလည်းဖြစ်သည်။

ပိဋကတ်တော်ပါဠိစာပေကို လေ့လာနိုင်စေရန်အတွက် မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲပြီးနောက် ရဟန်းပညာရှိတို့ ဦးဆောင်၍ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းများကို ပြုစုလာခဲ့ကြသည်။ အဘိဓာန်ပြုစုရာတွင် ရှေးဆရာတော်တို့သည် အောက်ပါ နည်းနာအတိုင်း ပြုစုတော်မူခဲ့သည်။ အဘိဓာန်ပြုစုရာ၌ သံဟရဏ-စာစုခြင်း၊ လိပိကရဏ-စာပြုခြင်း၊ ဂန္ထကရဏ-ကျမ်းပြုခြင်း၊ ပဋိ ဝိသောဓန-တစ်ဖန်သုတ်သင်ခြင်း၊ ဝိဝေစန-စိစစ်, ဆွေးနွေး, ဝေဖန်, ဆုံးဖြတ်ခြင်း၊ ဩသာနသောဓန-အဆုံးသတ်သုတ်သင်ခြင်း၊ နိဒဿန မုဒ္ဒက်န-စာမူကြမ်း ရိုက်နှိပ်ခြင်း၊ ဝဏ္ဏသောဓန-စာတည်းဖြတ်ခြင်း၊ အန္တိမမုဒ္ဒက်န-အပြီးသတ်ရိုက်နှိပ်ခြင်း တို့ဖြင့် အဘိဓာန်ပြုစုတော်မူကြပါသည်။

ယခုအခါတွင် တိပိဋကပါဠိ-မြန်မာ အဘိဓာန်အတွဲပေါင်း (၁၈)တွဲ၊ ပုဒ်ပေါင်း (၁၃၃၅၈၉)တို့ကိုလည်း ပြုစုပုံနှိပ်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုတိပိဋက ပါဠိ-မြန်မာအဘိဓာန် သာမက ပုဒ်တို့ကို စုပေါင်း၍ ပါဠိပဒပိဋကကျမ်းညွှန်း အုပ်တွဲ(၄-တွဲ)၊ ပုဒ်ပေါင်း(၈၀၃၇၉)ကိုလည်း တစ်ပါတည်း ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။ ပါဠိစာပေသမိုင်းတွင်

မကြုံစဖူး ထူးကဲလှ၍ အလွန်ကျယ်ပြန့်ကြီးမားလှသော အဘိဓာန်ကျမ်းကြီးများလည်းဖြစ်သည်။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးပေါ်ထွက်ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာအနှံ့ပြန့်ပွားရေးအတွက် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အင်္ဂလိပ်ဘာသာပြန်ဆိုရေးစီမံချက်(Project for English Translation of Tipitka Pāḷi-Myanmar Dictionary)အဘိဓာန်ပြုစုရေးအဖွဲ့ (Book of Lexicographers )ကို ဖွဲ့စည်း ဆောင်ရွက်စေပါသည်။

သို့ပါ၍ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသဆရာတော်ဘုရားကြီးက ဦးစီး၍ တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသား ပြုစုနေဆဲဖြစ်သည်။ တိပိဋက ပါဠိ-အင်္ဂလိပ် အဘိဓာန်ပြုစုရာတွင် ပဓာနအားဖြင့် အဖွဲ့ ငါးဖွဲ့ ဖွဲ့စည်း၍ ရေးသားပြုစုပါသည်။ ယင်းအဖွဲ့ ငါးဖွဲ့မှာ (၁) မြန်မာစာအဖွဲ့ဦးစီးဌာန (၂)ရန်ကုန်တက္ကသိုလ်အရှေ့တိုင်း ပညာဌာန (၃)အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၄)နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (၅)နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တို့ ဖြစ်သည်။

ထိုသို့ ရေးသားပြုစုရာတွင် မူလတိပိဋကပါဠိ-မြန်မာ အဘိဓာန်ကြီးမှ ပါဠိတည်ပုဒ်များကို ရွေးချယ်၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပါဠိပုဒ်များကို သဒ္ဒါနည်းအရ ခွဲခြမ်းပြီး အနက်ဖွင့်ဆိုရာတွင် ဆိုင်ရာပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့မှ အကိုးသာဓကများကို ပြထားပါသည်။ ယင်းသို့ပြထားရာ တွင်လည်း အသိဉာဏ်အား အကျိုးအပြုနိုင်ဆုံးသော သာဓကစုံလင် စေရန် ဆိုင်ရာအဋ္ဌကထာ၊ ဋီကာလာ အဖွင့်တို့ကိုလည်း ပြဆိုထား ပါသည်။ ယခုအခါတွင် ပါဠိ-အင်္ဂလိပ်အဘိဓာန်ကျမ်းကို စက်တင် ပုံနှိပ်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အထက် ဖော်ပြပါ အဘိဓာန်ကျမ်းအမျိုးမျိုးတို့ ပေါ်ထွက်ခဲ့သည်။ ယင်းသို့ အဘိဓာန်ကျမ်းများ ပေါ်ထွက်လာခြင်းသည် ပါဠိစာပေ လေ့လာ သင်ကြားရေးအတွက် အထောက်အကူတစ်ရပ်အဖြစ်ဖြင့် ရပ်တည် လာခဲ့ပေသည်။

**နိဂုံး**

မြတ်စွာဘုရားရှင်၏ သာသနာတော်နှင့် ပတ်သက်၍ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ် အဖြစ် ရပ်တည်ခဲ့ပါသည်။ ယင်းသာသနာသုံးရပ်တွင် ဘုရားဟော စာပေကျမ်းဂန်တို့နှင့် ၎င်းတို့ကို သင်ကြားပို့ချခြင်းသည် ပရိယတ္တိ သာသနာမည်၏။ ဈာန်၊ သမာဓိ၊ ဝိပဿနာတရားတို့နှင့် ၎င်းတို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းသည် ပဋိပတ္တိသာသနာမည်သည်။ မဂ်ဖိုလ်နိဗ္ဗာန်တရားသည်ကား ထိုးထွင်း၍ သိတတ်သောကြောင့်

လည်းကောင်း၊ ထိုးထွင်း၍ သိအပ်သောကြောင့်လည်းကောင်း ပဋိဝေဓ သာသနာမည်သည်။ ယင်းသာသနာတော် သုံးရပ်အနက် ပရိယတ္တိ သာသနာတော်သည်သာလျှင် ဗုဒ္ဓသာသနာတော် အခွန့်ရှည်ကြာတည်တံ့ ရေးအတွက် အရင်းမူလပဓာနဖြစ်ပေသည်။[၃၇] ပရိယတ္တိသာသနာတော် တွင် ပိဋကကျမ်းစာတို့၌ ပုဒ်၊ ပါဌ်၊ အက္ခရာ မှန်ကန်ကျနစွာ ရှိပါမှ ဘုရားအလိုတော်ကျ အနက်အဓိပ္ပါယ်မှန်ကန်ပါသည်။ အနက်အဓိပ္ပါယ် မှန်ကန်မှ ကျင့်ဝတ် ပဋိပတ်မှန်ကန်ပါသည်။ အကျင့်ပဋိပတ်မှန်ကန် ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်။ ပါဠိတော်စကားရပ်များကို ကြည့်လျှင် လည်း ပုဒ်၊ ပါဌ်၊ အက္ခရာ၊ ဝါကျတို့ မှန်မှန်ကန်ကန်ရှိဖို့ အလွန် အရေးကြီးသည်။ ပုဒ်၊ ပါဌ်၊ အက္ခရာမှန်ကန်အောင်သင်ကြားပြသ ပေးသည့် ဆရာသမား၊ ရဟန်းတော်များသည်လည်း အမှန်တကယ် သာသနာပြုအာဇာနည်ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ထင်ရှားပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဒေသနာတရားတော် တို့သည် ကျယ်ဝန်းနက်နဲတော်မူသဖြင့် ရှေးဆရာတို့က ပိဋကပင်လယ် ဟု တင်စားခေါ်ဝေါ်ကြပါသည်။ ပင်လယ်သမုဒ္ဒရာအလား ကျယ်ဝန်း လှသော ပါဠိစာပေကို လေ့လာရာတွင် ရှိပြီးအဘိဓာန်တို့ဖြင့် မလုံ လောက်နိုင်ပေ။ ပါဠိစာပေ၌ ပါဠိပုဒ်များကို ပြည့်စုံစွာထည့်သွင်း ရေးသားထားသည့် ကျယ်ဝန်းသော အဘိဓာန်ကျမ်းကြီးမျိုးလည်း ရှိသင့် ပေသည်။

ထို့ကြောင့်လည်း ပါဠိစာပေ လေ့လာသူများအတွက် အဘိဓာန် ကျမ်းအမျိုးမျိုးရေးသား ပြုစုလာခဲ့ကြပါသည်။ ဘာသာတစ်ရပ်ကောင်း

မွန်စွာ တတ်မြောက်ရေးအတွက် အဘိဓာန်ကျမ်းတို့မှာ အရေးကြီး လိုအပ်သည့်အလျောက် အဘိဓာန်ပြုစုသော ပညာရှင်တို့သည် စာပေ ကွက်လပ်တို့ကို ဖြည့်ဆည်းပေးလျက် ရှိကြပေသည်။ ဗုဒ္ဓသာသနာ တော်နှင့်တကွ ဗုဒ္ဓစာပေကို လေ့လာမှုအများဆုံး ထွန်းကားရာဖြစ်သည့် မြန်မာနိုင်ငံ၌ လေ့လာသူအားလုံးတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်း ပေးနိုင်သည့် အဘိဓာန်ကျမ်းများလည်း ပေါ်ပေါက်လာသည်ကို တွေ့ရှိ နိုင်ပေသည်။ အဘိဓာန်ကျမ်းများ ပေါ်ပေါက်လာခြင်းသည် ပါဠိစာပေ လေ့လာမှုတွင် အထောက်အကူရရှိခြင်းအပြင် စစ်မှန်သောထေရဝါဒ ဗုဒ္ဓသာသနာတော် ကမ္ဘာအနှံ့တည်တံ့ပြန့်ပွားရေးအတွက် အထောက် အပံ့ကောင်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်မိပါသည်။

ဒေါက်တာမြတ်မြတ်ထွန်း
လက်ထောက်ကထိက
ပရိယတ္တိမဟာဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

## ကျမ်းညွှန်း

၁။ အဘိဓာန > အဘိ+ဓာ+ယု ဟောခြင်း။ အမည်။ သဒ္ဒါ။ အမည်တို့ကို ဟောသောကျမ်း။ ဦးဟုတ်စိန်၏ ပါဠိမြန်မာ အဘိဓာန်။ ချမ်းသာရောင်စုံပုံနှိပ်တိုက်။ ၁၉၉၉။ ၁၀၇။
အဘိမိယတေ ဧတေနာတိ အဘိဓာနံ။ အဘိပုဗ္ဗော ဓာ ဘာသနေ။ ယု။ အဘိဓာနပ္ပဒီပိကာသူစိ။ ဇမ္ဗူမိတ်ဆွေပိဋကတ် ပုံနှိပ်တိုက်။ ၁၉၅၇။၃၄။
ဘာသာစကားတခု သို့မဟုတ် ပညာရပ်တစ်ခုရှိ စကားလုံးတို့ကို အက္ခရာဝလိစဉ်ကာ မူလဘာသာစကားဖြင့်ဖြစ်စေ၊ အခြားဘာသာစကားတစ်မျိုးမျိုးဖြင့်ဖြစ်စေ အနက်အဓိပ္ပါယ်ဖွင့်ဆိုသောကျမ်း။ မြန်မာအဘိဓာန်အကျဉ်းချုပ်။ မြန်မာစာအဖွဲ့ဦးစီးဌာန။ ၁၉၈၀။ ၉၈။

၂။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁။ ၁၂။ ၁၃။ ၁၅။

၃။ Payyāla, with eyy-for-,like seyyā, Sk.śayyā. DPTS 2003. 472.

၄။ အဘိ၊ ဋ္ဌ၊ ၁၊ ၁၁။ ၁၂။ ၁၃။ ၁၅
ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက် ပါဠိတော်များကို ပြန်လည်စိစစ်ပြီး စက်တင်ပုံနှိပ်ရာ ကျမ်းစာအုပ်အရေအတွက်အားဖြင့် အုပ်-၄၀ ရှိပါသည်။

၅။ ပါဠိတော်မြန်မာပြန်ကျမ်းများ၏ ကျမ်းဦးမှတ်ဖွယ်များ။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။ ၁၉၆၅။ ၈။

၆။ Vsm.242.E.P.T.S. 2003. 455.

၇။ အရှင်သာရိပုတ္တရာမထေရ်မြတ်က မဟာနိဒ္ဒေသပါဠိတော်၊ စူဠနိဒ္ဒေသပါဠိတော်နှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကိုလည်းကောင်း၊ အရှင်မဟာကစ္စည်းမထေရ်မြတ်က နေတ္တိပါဠိတော်နှင့် ပေဋကောပဒေသ ပါဠိတော်ကိုလည်းကောင်း၊ အရှင်နာဂသေနမထေရ်မြတ်က မိလိန္ဒပဉှ ပါဠိတော်ကိုလည်းကောင်း အသီးသီးဟောကြားတော်မူကြသည်။

၈။ D.P.P.N.II. 306-307.

၉။ D.P.P.N.II. 307.

၁၀။ D.P.P.N.I. 1145-1146.
၁၁။ မ၊ ဋ္ဌ၊ ၃။ ၆၉။ ဒီ၊ ဋီ၊ ၁။ ၁၅။
၁၂။ မ၊ ဋ္ဌ၊ ၁။ ၁။ မ၊ ဋ္ဌ၊ ၁။ ၁။ သံ၊ ဋ္ဌ၊ ၁။ ၁။
၁၃။ သာရတ္ထ၊ ၃။ ၆။ ဝဇီရ၊ ၂၉၁။
၁၄။ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိတော်၊ ပထမတွဲ။ တိ-နိ ဥပဋ္ဌာကအဖွဲ့။ ရန်ကုန်။ ၁၉၈၉။ ၂၄၄။
၁၅။ ဝိ၊ ဋ္ဌ၊ ၁။ ၂။
၁၆။ ဝိ၊ ဋ္ဌ၊ ၁။ ၂။ သာရတ္ထ၊ ၁။ ၂၀။
၁၇။ ဝိ၊ ဋ္ဌ၊ ၁။ ၂။ သာရတ္ထ၊ ၁။ ၂၀။
၁၈။ ဝဇီရ၊ ၁၈။
၁၉။ ဝဇီရ၊ ၁၈။
၂၀။ ဝဇီရ၊ ၁၈။
၂၁။ ဝဇီရ၊ ၁၈။
၂၂။ ဝဇီရ၊ ၁၈။
၂၃။ E.W.Adikaram'Early History of Buddhism in Cevlon. M.D.Gunasena &Co. Ltd.Colombo, 1953.10.
၂၄။ D.P.P.N.II. 583-585.
၂၅။ ဦးကေလာသ(တည်း)၏ မဟာဝံသပါဠိ၊ ပထမတွဲ။ တိ-နိဥပဋ္ဌာက အဖွဲ့။ ရန်ကုန်။ ၁၉၈၉။ ၂၄၇။
၂၆။ မှန်နန်းရာဇဝင်တော်ကြီး။ ပထမတွဲ။ ရန်ကုန်မြို့။ ၁၉၉၃။ ၂၄၀။ ၂၄၆။

In 2500 years of Buddhism, King Airuddha returned in triumph and brought back with him not only King Manuha captive, but all the monks, and the Buddhist scriprures and relics which were carried by thirty-two elephants.(An article)

၂၇။ တိပိဋကပါဠိ-မြန်မာအဘိဓာန်။ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။ ၂၀၀၄။ ၃၆။

၂၈။ B.C.Law's The History of the Buddh's Religion (Sāsavaṁsa). England. 1952.38.

၂၉။ ဦးယံ၏ ပိဋကတ်တော်သမိုင်း။ ရွှေဇင်ကျော်ပုံနှိပ်တိုက်။ ၂၀၀၀။ ၁၈၄။

၃၀။ A commentary on the Abhidhānappadīpikā which is the earliest known Pāḷi lexicography. Its plan seems to have been conceived on the model of Amarakaṣa by Amrasimha, having no alphabetical arrangement of words.

B.C.Law's History of Pāḷi literature. New Delhi. 2000.634-637.

M.H.Bode's Pāḷi literature of Burma. London. Luzac & Co., Ltd, 1965.67.

B.C.Law's The History of the Buddha's Religion (Sāsavaṁa). England. 1952. 95.

၃၁။ ဦးယံ၏ ပိဋကတ်တော်သမိုင်း။ ရွှေဇင်ကျော်ပုံနှိပ်တိုက်။ ၂၀၀၀။ ၂၅၂။

၃၂။ ၎င်း။

၃၃။ ၎င်း။

၃၄။ တိပိဋကပါဠိ-မြန်မာအဘိဓာန်။ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။ ၂၀၀၄။ ၅၁။

၃၅။ ၎င်း။

၃၆။ ၎င်း။

၃၇။ အံ၊ ဋ္ဌ၊ ၁။ ၇၂။



နီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄-၄-၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့် က
"ပါဠိတတ်ကျွမ်းမှု ခိုင်မာ၍ သဒ္ဒါထက်သန်စေနိုင်သော အခြေခံပရိယတ္တိစာမေးပွဲစနစ်တစ်ခု
ပေါ်ထွက်ရေး" ခေါင်းစဉ်ပါ စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိတတ်ကျွမ်းမှု ခိုင်မာ၍ သဒ္ဒါထက်သန်စေနိုင်သော အခြေခံပရိယတ္တိစာမေးပွဲစနစ်တစ်ခုဖော်ထုတ်ရေး

ဦးအောင်သိန်းညွန့်
သာသနပါလပထမကျော်၊အစိုးရပထမကျော်
သာသနပါလဓမ္မာစရိယ၊အစိုးရဓမ္မာစရိယ
B.A(Eng)ပညာရေးတက္ကသိုလ်(ရန်ကုန်)
C.M.R(Washington D.C; USA)

**နိဒါန်း**

၁။ ''ဈေးသုံးလည်းမလွယ်နှင့်၊ ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလွယ်က မွဲတတ်သည်၊ ရှေးထုံးပယ်က လွဲတတ်သည်''ဟူ၍ ရှေးလူကြီးသူမတို့ လမ်းညွှန်မိန့်ကြားချက် ရှိပါသည်။ ဈေးသုံးမလွယ်ရန် သတိပြုရသော်လည်း နေရာတကာ ကပ်စေးကုပ်နေပါက ပတ်ဝန်းကျင်နှင့်သဟဇာတမဖြစ်တတ်သကဲ့သို့ ခေတ်နှင့်လျော်ညီခြင်း မရှိတော့သောရှေးထုံးတို့ကိုမူ လက်ရှိအနေအထားနှင့် အံဝင်ဂွင်ကျဖြစ်စေရန် ပြုပြင်ယူကြရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ယနေ့ခေတ်သည် လွန်ခဲ့သောနှစ်တစ်ရာခန့်နှင့် နှိုင်းစာပါလျှင် အရာရာ၌ အကွာခြားကြီး ကွာခြားခဲ့ပြီဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ငါးဆယ်နှင့် နှိုင်းစာပြန်လျှင်လည်းလူနေမှုစနစ်သည် ငါးဆယ် ရာခိုင်နှုန်းခန့် မတူကွဲပြားခြားနားလာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ခေတ်အခြေအနေနှင့် လိုက်လျောညီထွေရှိရန်

ဖြစ်နိုင်ဖွယ် အလားအလာရှိသော ပြုပြင်မှုများကို ဝိုင်းဝန်းကြံဆ၍ အစားထိုးပြုပြင်နိုင်ကြပါရန် ဤစာတမ်းကို ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**ဘုန်းကြီးကျောင်းသားနှင့်ရှင်သာမဏေများအခြေအနေ**

၂။ သာသနာ့မျိုးဆက်သစ် ဘုန်းကြီးကျောင်းသားနှင့် ရှင်သာမဏေတို့ ဖြစ်ထွန်းပေါ်ပေါက်မှု အခြေအနေမှာ လွန်ခဲ့သည့် အနှစ်ခုနစ်ဆယ်ခန့်မျှနှင့် နှိုင်းစာလျှင် အံ့သြဖွယ် ကွာခြားလာပြီ ဖြစ်ပါသည်။ ထိုစဉ်က လူစာသင် ကျောင်းများနည်းပါးလျက်ရှိသော တောအရပ်ဒေသများတွင် ရွာဦးကျောင်းများသည် တောသူတောင်သား ကလေးသူငယ်များ၏ ပညာရင်နို့သောက်စို့ရာဌာနဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ဘုန်းကြီးကျောင်းသားနှင့် ရှင်သာမဏေတို့ ပေါက်ဖွားလာခဲ့ပြီး သာသနာ့ရေသောက်မြစ်ကို အသက်ဆက်နိုင်ခဲ့ပါသည်။ တောရွာဘုန်းတော်ကြီးစာသင်ကျောင်းငယ်များမှ ပရိယတ္တိအခြေပျိုးပေးလိုက်သော သာမဏေငယ်သည် မြို့စာသင်တိုက်ကြီးများ၌ တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားမှုအချိန်ယူလျက် ပရိယတ္တိစာပေကို တတ်မြောက်လာခဲ့သည်။ ရေဒီယိုပင်ပေါပေါသီသီ မရှိသေးသော ထိုကာလများ၌ သာမဏေငယ်နှင့် ပဥ္စင်းငယ်တို့အား ဖြားယောင်းသွေးဆောင်တတ်သော ပြင်ပအာရုံများလည်း လွန်စွာနည်းပါးလှသည်။ မြူဆွယ်အာရုံနည်းပါးခြင်းကလည်း ပရိယတ္တိ လေ့လာမှုကို အထောက်အပံ့ဖြစ်စေခဲ့သည်။ ယခုခေတ်တွင်မူ ထိုသို့မဟုတ်တော့ပေ။ တောအရပ်ဒေသအနှံ့အပြား၌ ခေတ်စာသင်ကျောင်းများ ပေါများလာ၍ ဆင်းရဲသားကလေးသူငယ်များ

ကိုသာ ဘ/က ကျောင်းများက ကောက်သင်းကောက်၍ မူလတန်း ကျောင်းစာကိုလည်း သင်ပေးရသည်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ပေး၍ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လာအောင် အမျိုးစပ်ယူကြရသည်။ ဗုဒ္ဓဘာသာ အမည်ခံ မိဘများမှ ပေါက်ဖွားလာသော ကလေးသူငယ်များကိုပင် ဘာသာသာသနာနှင့် မဝေးရအောင် ဆွဲဆောင်ယူကြရပါသည်။ ပရိယတ္တိအခြခံကို ပို့ချပေးသော တောဘုန်းကြီးကျောင်းဟူ၍ မရှိ သလောက် နည်းပါးလာသည်။ တောအရပ်ဒေသများ၌ မှိုလို ပေါက် လျက်ရှိသော ဗွီဒီယိုရုံများကလည်း ကလေးသူငယ်များကို ရွာဦး ဘုန်းကြီးကျောင်းသို့ ခြေဦးမလှည့်မိအောင် သွေးဆောင်ဖြားယောင်း ကြသည်။ ပရိယတ္တိစာပေတတ်ကျွမ်းသဖြင့် လူရာဝင်သော ယော အတွင်းဝန်မင်း ဦးဘိုးလှိုင်ခေတ် မဟုတ်တော့သောကြောင့် မိဘများက သားသမီးတို့အား ခေတ်ကာလအရ လူရာဝင်သော ဝိဇ္ဇာသိပ္ပံပညာရပ် များကို သင်ကြားစေကြသည်။ ဆရာသမားများနှင့် မိဘများ အချီး အမြှောက် အဆွယ်အပင့်ကောင်းသောကြောင့် ပထမကြီးတန်းလောက် အထိ ပရိယတ္တိပြောက်တိပြောက်ကြား သင်ကြားခွင့်ရသော ရှင်ငယ် ရဟန်းငယ်တို့၏ ခေါင်းအုံးနံဘေး၌ အမ်ပီသရီး, စီဒီ, ဗွီစီဒီ, ဒီဗွီဒီ ဇာတ်စင်များ အခန့်သား ရောက်လာကြကုန်သည်။ ပင်ကိုယ်က အခြေခံပရိယတ္တိနှင့် သဒ္ဓါစိတ်အားနည်းရှာသော ရှင်ငယ် ရဟန်းငယ် များအဖို့ အနာဂတ်သာသနာအတွက် ဗူးလေးရာဖရုံဆင့်သဘောမျိုး ဖြစ်ရပြန်သည်။ ခေတ်မီ တိုးတက်ပါသည်ဟုဆိုသော ယနေ့ အိုင်တီ ခေတ်သည် အဆန်လမ်းကို လျှောက်လှမ်းနေကြရရှာသော ရှင်ငယ်

ရဟန်းငယ်တို့အား ထောင့်မျိုးစုံမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ရပ်တည်လျက် အမျိုးမျိုး စိန်ခေါ်လျက်ရှိနေသည်မှာ အားလုံး အသိပင်ဖြစ်ပါသည်။

**သဒ္ဓါအင်အားသည် ပထမ**

၃။ ဆက်သွယ်မှု လျှင်မြန်၍ အဆွယ်အပွား အာရုံများပေါများလျက်ရှိသော ယနေ့ အိုင်တီခေတ်၌ ရှင်သာမဏေဘဝရရှိ၍ အခြခံ ပရိယတ္တိစာပေ လေ့လာသင်ကြားခွင့်ရသော ရှင်သာမဏေငယ်ကလေးသည် တော်ရုံတန်ရုံ ပါရမီရှိသူတစ်ဦး မဟုတ်သည်မှာ သေချာပါသည်။ မည်သည့်အကြောင်းကြောင့် သာမဏေဘဝကို ရရှိလာသည် ဖြစ်စေ၊ ၎င်း၏ ဓာတ်ခံပါရမီကို အလေးအနက်ထားရမည် ဖြစ်ပါသည်။ ထိုသို့ မဟုတ်ဘဲ ဘုန်းကြီးကျောင်းအတွက် အဖော်အဖြစ် အခိုင်းအစေ ကူဖော်လောင်ဖက်အဖြစ် သဘောထား မွေးမြူလျှင်ကား နောင်တစ်ချိန်တွင် သာသနာ့ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သကဲ့သို့ ၎င်း၏အနာဂတ်ဘဝကိုလည်း ဖျက်ဆီးပစ်ရာ ရောက်ပါသည်။ အလေးအနက်ထားလျက် စဉ်းစားသင့်သောအချက် ဖြစ်ပါသည်။ သာသနာနှင့်စပ်၍ ထိုသာမဏေငယ်ကလေး၏ သဒ္ဓါအင်အား အနည်းအများကို ချင့်ချိန်မြော်တွေးလျက် ဂရုတစိုက် ပျိုးထောင် မွေးမြူသင့်ပါသည်။ သာသနာဓာတ်ခံပါရမီအင်အား နည်းပါးပုံရလျှင်ကား ၎င်းအား သာမဏေဘဝမှ လူထွက်စေပြီး အခြားနည်းများဖြင့် ပျိုးထောင်မွေးမြူသင့်ပါသည်။ ထို့ကြောင့် သာမဏေငယ်ကလေးများ မွေးမြူရာတွင် သာသနာ့ဓာတ်ခံ သဒ္ဓါအင်အား ကောင်း မကောင်းကို အဓိက အကဲဖြတ်လျက် အလေးထား မွေးမြူပေးသင့်ပါသည်။

**ပရိယတ္တိအခြေပျိုး**

၄။ သာမဏေကလေး၏ ပင်ကိုယ်စိတ်ဓာတ် အကျင့်စရိုက်နှင့် ဉာဏ်ရည်ဉာဏ်သွေးကို ချင့်ချိန်လျက် သာမဏေကလေး၏ ပင်ကိုယ် ဉာဏ်လိုက်မီသော သဒ္ဒါ၊ ဗုဒ္ဓဝင်၊ ဗုဒ္ဓဘာသာကျင့်ဝတ် စသည် တို့ကို ဦးစွာအခြေပျိုး ပန္နက်ရိုက်ပေးသင့်ပါသည်။ အချိန်တို ကာလအတွင်း သဒ္ဒါအင်အား ထက်သန်စေနိုင်သော ဗုဒ္ဓဘာသာအခြေခံ စာပေများကို ပေါ့ပါးပျော်ရွှင်လွယ်ကူစွာ သင်ယူခွင့်ရအောင် စီမံ လမ်းခင်းပေးသင့်ပါသည်။ ဘာအဓိပ္ပါယ်မှု မသိဘဲ အလွတ်ကျက်မှတ် ရသော ပါဠိဂါထာများစွာကို အရကျက်ခိုင်းခြင်းသည် ၎င်းအား သာသနာ၌ မပျော်ပိုက်နိုင်အောင် တွန်းထုတ်သကဲ့သို့ ဖြစ်တတ် ပါသည်။ ဆရာအား ကြောက်ရွံ့၍ အလွတ်အာဂုံ ကျက်ရသော ပါဠိများ မဖြစ်စေဘဲ အဓိပ္ပါယ်ရင်းသိရှိ၍ နှလုံးသားကို ငြိတွယ်စေနိုင်သော ကဗျာနှင့် စကားပြေများကို အလွတ်အာဂုံကျက်တတ်သည့် အလေ့ အကျင့်ရရှိအောင် ပျိုးထောင်ပေးသင့်ပါသည်။

**ပထမပြန်စာမေးပွဲဝင်ရန် ပြင်ဆင်**

၅။ ယနေ့ပြုလုပ်လျက်ရှိသော ပထမပြန်စာမေးပွဲ၏ ပထမငယ် တန်း ပြဋ္ဌာန်းကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) <u>ဝိနယ</u> - ဘိက္ခုပါတိမောက်၊
- ကင်္ခါအဋ္ဌကထာ (အစမှ ပါရာဇိကအဆုံး)

(ခ) <u>ပါဠိသဒ္ဒါ</u> - ကစ္စည်းသဒ္ဒါကြီး(သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ်)
- ရူပသိဒ္ဓိ(သန္ဓိ၊ နာမ်)
- ပုဒ်စစ်(သန္ဓိ၊ နာမ်)သုတ်စစ်

(ဂ) <u>အဘိဓမ္မတ္ထသင်္ဂဟ</u>- (စိတ်ပိုင်း မှ သမုစ္စည်းပိုင်း)
- ဋီကာကျော်(စိတ်၊စေတသိက်၊ ပကိဏ်း)

(ဃ) <u>မာတိကာ/ဓာတုကထာ</u>-(အစ မှ ပဥ္စမနယအထိ)

(င) <u>ဘာသာပြန်ဓာတ်အဋ္ဌကထာ</u>-(ကေနိပါတ် ၄-ပိုင်း ပိုင်း၍ တစ်ပိုင်း ၄-နှစ်စီ)

**ပထမငယ်တန်းပြဋ္ဌာန်းဘာသာရပ်အပေါ် အကြမ်းဖျင်းသုံးသပ်ချက်**

၆။ ပါဠိသဒ္ဒါအခြေခံကို သင်ကြားရာ၌ ဆရာသင်ပြပေးသော သင်နည်းပေါ်မူတည်၍ လွယ်ကူခြင်း၊ ခက်ခဲပင်ပမ်းခြင်းများ ရှိတတ်ပါသည်။ ဤစာတမ်းတင်ပြသူ ငယ်စဉ်က သေဒိယ၊ ဒွေမာတိကာ၊ သဒ္ဒါကြီးရှစ်စောင်၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ သင်္ဂြိုဟ်ကိုးပိုင်းတို့ကို အစမှ အဆုံးအထိ ငယ်ဆရာက အရကျက်စေခဲ့သဖြင့် ကျက်မှတ်ခဲ့ရပါသည်။ လွန်စွာပင်ပမ်း၍ အချိန်များစွာ ယူခဲ့ရပါသည်။ စာသင်တိုက် ရောက်သည့်အခါ ဝိသုဒ္ဓါရုံသုတ်နက်ကိုပင် ကျက်လိုက်ရပါသေးသည်။ "အာဂုမ်ရှိမှ အာဂလူ"ဟုဆိုသည် မှန်သော်လည်း အာဂုမ်မလိုသော စာများကို ပင်ပန်းကြီးစွာ ထိုသာမကောငယ် ကျက်မှတ်ရမည်ဆိုပါက ပင်ပမ်းသလောက် ခရီးမရောက်လျှင် အကျိုးမရှိဟု ယူဆပါသည်။

သင်္ဂြိုဟ်သင်ကြားရာ၌လည်း စိတ်ယှဉ်၊ စေတသိက်ယှဉ်၊ ရုပ်သရုပ်ခွဲ စနစ် စသည့် ဂဏန်းများနှင့်သာ အချိန်ကုန်ရပါသည်။ ဒွေမာတိကာကို အရကျက်၍ ဝိနည်းစည်းကမ်းဥပဒေသတို့ကိုပါ သိခွင့်ရသော်လည်း ပညတ်တော်မူသော မြတ်စွာဘုရားရှင်၏ မွန်မြတ်သော စေတနာတို့ကို သိရှိခွင့်မရခဲ့ပါ။ မာတိကာဓာတုကထာ ညဝါကို စာသင်တိုက်ရောက်၍ သင်ရသောအခါ သင်္ဂြိုဟ်သရုပ်ခွဲ ပိုင်နိုင်ပြီးဖြစ်၍ မခက်ခဲသော်လည်း ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့၏ မူလသဘာဝနှင့် မြတ်စွာ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်အစွမ်းကို ခန့်မှန်းကြည်ညိုခွင့် မရခဲ့ပါ။ ဘာသာပြန် ဘာသာရပ်ကို သင်ရသည့်အခါ သဘော အဓိပ္ပါယ်ကို ခံစားသိမြင်ရန်ထက် ပါဠိအသွား၊ မြန်မာအသွားတို့ကို ဂရုစိုက်လေ့ကျက်ရသဖြင့် ဘာသာပြန်၏ အနှစ်သာရကို မခံစားခဲ့ရ သည်မှာ အမှန်ပင်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ငယ်ဆရာ၏ ပင်ပမ်းခံ ပျိုးထောင်ပေးသမျှကို အမီလိုက်၍ ကြိုးစားနိုင်ခဲ့သောကြောင့် စာမေးပွဲ တိုင်းတွင် အောက်ကျနောက်ကျမဖြစ်ခဲ့ရပါ။ ရှေးရိုးသင်နည်းအတိုင်း အချိန်ယူ၍ အပင်ပမ်းခံ ပို့ချခဲ့သော ၁၉၈၂-ခုနှစ်၊ သက်တော် ၇၆-နှစ်၌ ပျံလွန်တော်မူခဲ့သည့် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ရွာသာညွှန့်ရွာ၊ သိရီဓမ္မိကာရုံကျောင်း ငယ်ဆရာတော် အရှင်သုဇာတအား ဤနေရာမှ ရှိခိုးကော်ရော်ပူဇော်ကျေးဇူးစကား လျှောက်တင်အပ်ပါသည်။

**သဒ္ဒါပါရမီဓာတ်ခံအင်အားတို့၍ မြန်မြန်စာတတ်သော စာမေးပွဲစနစ်**

၇။ ဤစာတန်းတင်ပြသူအား သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပခုက္ကူမြို့ သာသနာ့လင်္ကာရအကျော်

စာတော်ပြန်ပွဲသို့ သွားရောက်လေ့လာရန် ညွှန်ကြားချက်အရ ၈-၃-၂၀၀၈ နေ့တွင် ပခုက္ကူမြို့၊ သာသနာ့မဏ္ဍိုင်ကျောင်းသို့ သွားရောက်၍ ဆရာတော်နှင့် သာသနစက္ကပ္ပဝတ္တကအသင်း လူကြီးများအား လျှောက်ထားတွေ့ဆုံကာ အဆိုပါ သာမဏေကျော်စာမေးပွဲ၏ လုပ်ငန်း ဆောင်ရွက်မှု (၉)နှစ်တာ ကာလအတွေ့အကြုံတို့ကို လေ့လာမှတ်သား ခဲ့ပါသည်။ အလားတူ မန္တလေးပရိယတ္တိသာသနဟိတအသင်းကြီး၏ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ၏ ရှေ့ဆောင်လမ်းပြချက် အရ ရန်ကုန်၊ ပဲခူး၊ မြင်းခြံ၊ မုံရွာ၊ တောင်ကြီး၊ မိတ္ထီလာ၊ မော်လမြိုင် ကျွန်း စသည့် မြို့များ၌ပါ အဆိုပါ စာမေးပွဲစနစ်ကို ကျင့်သုံးလျက် ရှိကြောင်း ဗောဓိမဏ္ဍိုင်ဆရာတော်၏ မိန့်ကြားချက်အရ သိရှိရပါသည်။ ပခုက္ကူတွင်မှု (၉)နှစ်တာကာလအတွင်း အာဇည=အာဇာနည်ဘွဲ့ရ ရှင်သာမဏေကျော် ၃၉-ပါး ပေါ်ထွန်းခဲ့ပြီးကြောင်း ဝမ်းမြောက် အားရဖွယ် မှတ်သားခဲ့ရပါသည်။

**စာမေးပွဲဝင်ခွင့်**

၈။ အဆိုပါစာပြန်ပွဲ၏ ထူးခြားချက်မှာ အသက် ၂၇-နှစ်ကျော် သူကို စာတော်ပြန်ပွဲ ဝင်ခွင့်မပေးပါ။ ဝင်ခွင့်ရသူများသည်လည်း ရှင်ရဟန်းပီပီ တည်ကြည်ငြိမ်သက်သော ဣန္ဒြေရှိသူ ဖြစ်ရပါမည်။ ပထမဆင့်တွင် စတင် ဝင်ရောက်ဖြေဆိုသည့်အခါ ပြဋ္ဌာန်းဘာသာရပ် အလိုက် နှုတ်မေးခွန်းကို ဖြေဆိုရသည်မှာလည်း ထူးခြားချက် ဖြစ်ပါ သည်။ သာမန်ကာ လျှံကာမျှဖြင့် ရောတိရောရောင် ဝင်တိုး၍ မရသည့် သဘော ဖြစ်ပါသည်။ အာရုံမများ စိတ်မပြားသေးသော ငယ်ငယ်

ရွယ်ရွယ် သာမဏေငယ်ကလေးများသာလျှင် တိကျပြတ်သား ကြိုးစား ပို့ချပေးသော ဆရာသမား၏ ကြပ်မတ်မှုအောက်၌ တကယ်အဟုတ် လုပ်ရမည့် စာမေးပွဲစနစ်ဖြစ်ကြောင်း တွေ့ရပါသည်။

**ပြဋ္ဌာန်းကျမ်းစာများ**

၉။ စာသင်တိုက်ဆရာတော်အများ သိရှိပြီးသား ဖြစ်ပါမည်။ (၃)နှစ်စာအတွက် အောက်ပါဘာသာရပ်တို့ကို ပြဋ္ဌာန်းပါသည်-

(က) **ပထမဆင့်(အဓိကသုံးဘာသာ)(ပထမနှစ်)**

(၁) ဝိနည်းမဟာဝါပါဠိတော်

(၂) အင်္ဂုတ္တရပါဠိ(ဧကကမှတိကအထိ)

(၃) ဓမ္မပဒအဋ္ဌကထာ(ယမက၊အပ္ပမာဒဝဂ်)

(အရံ နှစ်ဘာသာ)

- သဒ္ဒါကြီး(အောက်ပိုင်း ၄ စောင်)
- သင်္ဂြိုဟ်(အောက်ပိုင်း ၃ ပိုင်း)

(ခ) **ဒုတိယဆင့်(အဓိကသုံးဘာသာ)(ဒုတိယနှစ်)**

(၁) ဝိနည်းစူဠဝါပါဠိတော်နှင့်ပရိဝါပါဠိတော်

(၂) အင်္ဂုတ္တရပါဠိ(စတုက္က၊ပဉ္စက၊ဆက္က)

(၃) ဓမ္မပဒအဋ္ဌကထာ(စိတ္တဝဂ်မှဒဏ္ဍဝဂ်အထိ)

(အရံနှစ်ဘာသာ)

- သဒ္ဒါကြီး(အောက်ပိုင်း ၆ စောင်)
- သင်္ဂြိုဟ်(အောက်ပိုင်း ၆ ပိုင်း)

(ဂ) <u>တတိယဆင့်(အဓိကသုံးဘာသာ)(တတိယနှစ်)</u>

(၁) ဝိနည်းပါရာဇိကဏ်နှင့်ပါစိတ်ပါဠိတော်

(၂) အင်္ဂုတ္တရပါဠိ(သတ္တကမှဧကာဒသကအထိ)

(၃) ဓမ္မပဒအဋ္ဌကထာ(ဇရာဝဂ်မှအဆုံးအထိ)

<u>(အရံနှစ်ဘာသာ)</u>

- သဒ္ဒါရှစ်စောင်၊ ဆန်းကျမ်းအကုန်
- သင်္ဂြိုဟ် ၉ ပိုင်း

**မေးခွန်းစနစ်**

၁၀။ ပထမဆင့်တွင် အဓိကသုံးဘာသာနှင့် ပူးတွဲလျက် အရံနှစ်ဘာသာတို့ကို နှုတ်မေးနှုတ်ဖြေ ၅-နာရီခန့်ကြာ ဖြေဆိုကြရကြောင်း၊ စာတော်ပြန်ပွဲကာလအတွင်း စာဖြေသူ၏ သွားလာနေထိုင်လှုပ်ရှားပုံကို ပါသာဒိကဂုဏ် ရှိ,မရှိ အကဲဖြတ်ကြောင်း၊ နှုတ်မေးနှုတ်ဖြေ တစ်ရက်ပြီးမှသာလျှင် အဓိက ၃-ဘာသာကို တစ်ရက်စီ ဖြေဆိုရကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ရေးဖြေရာတွင် ကျမ်းရင်းအနက်ပေးသဘောအဓိပ္ပါယ်(၆)ပုဒ်၊ သဒ္ဒါနည်း(၂)ပုဒ်၊ သင်္ဂြိုဟ်နည်း(၂)ပုဒ် စုစုပေါင်း(၁၀)ပုဒ်သာ ဖြေဆိုရပါသည်။ ပြဋ္ဌာန်းကျမ်းစာများမှ ဆုတ်နှုတ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်နည်းတို့ကို မေးပါသည်။ သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်ကျမ်းတို့ကို တိုက်ရိုက်မမေး၊ သဒ္ဒါ၊ သင်္ဂြိုဟ် အကုန်လုံးလိုက်ပြီး အရကျက်စရာမလိုတော့ပါ။ အဆင့်အလိုက် သဒ္ဒါ၊ သင်္ဂြိုဟ်နည်းတို့ကို ခွဲခြားထားပြီး ကျမ်းရင်းအနက်ပေး၊ သဘောအဓိပ္ပါယ်တို့ကို

(၆)ပုဒ်မေးသဖြင့် ထိုသာမဏေကလေးများ အဓိပ္ပါယ်ကို မသိ, သိအောင်, နားလည်အောင် ကြိုးစားရပါတော့သည်။ ထိုသို့ နားလည်အောင် ကြိုးစားရင်း သာသနာ့အမြုတေ ဓာတ်ခံများ တစိမ့်စိမ့် ဝင်ရောက်သွားတော့မည် ဖြစ်ပါသည်။ ပါဠိအခြေခံ အခိုင်အမာရသွားပြီး ဖြစ်သကဲ့သို့ အဘိဓမ္မာအခြေခံလည်း နက်ရှိုင်းစွာ စိုက်ထူမိပြီး ဖြစ်သွားကြောင်း တွေ့ရှိရပါသည်။ ကာလတိုအတွင်း မြန်မြန်နှင့် များများသိ၍ လက်တွေ့ကျင့်သုံးနိုင်သော အနေအထားသို့ရောက်အောင် တွန်းပို့ထားသည့် စာမေးပွဲစနစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုစနစ်ကို တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ဦးစီးတီထွင်ခဲ့သော စနစ်ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

**ပါသာဒိကဂုဏ်ထူးစနစ်**

၁၁။ ပခုက္ကူသာမဏေကျော်စာမေးပွဲတွင် အခြားထူးခြားချက်တစ်ရပ်မှာ စာဖြေနေဆဲကာလအတွင်း စာမေးပွဲဝင် အရှင်တို့၏ သွားလာနေထိုင်စားသောက်သုံးစွဲမှုတို့ကို လေ့လာအကဲဖြတ်၍ ကြည်ညိုဖွယ်အမှန်တကယ်ဆောင်ပါက **"ပါသာဒိကဂုဏ်ထူး"**ဖြင့် သီးခြားသတ်မှတ်ပူဇော်ခြင်း ဖြစ်ပါသည်။ ရှင်သာမဏေများ၏ ပရိယတ္တိပညာမျှကို သာမက သာသနာတော်၏အသက်=ဝိနည်းသိက္ခာပုဒ်စောင့်စည်းမှုကိုပါ ထူးခြားစွာ ဂုဏ်ပြုပူဇော်ခြင်းဖြစ်၍ နည်းမှီရန်ထိုက်တန်သော စနစ်တစ်ခုဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။

**သဒ္ဓါထက်သန် ပါရမီရင့်သန်မှုကို တွန်းအားပေးသော ပရိယတ္တိစာမေးပွဲစနစ်**

၁၂။ ငယ်ရွယ်နုနယ်သေးသော သာမဏေကလေးများသည် ဖော့ဖယောင်းပမာဖြစ်၍ ပုံသွင်းရန် လွန်စွာ လွယ်ကူသော အနေအထား ရှိပါသည်။ ပါရမီဓာတ်ခံရှိသူကလေးများအား ပိုမိုဖွံ့ထွားရင့်သန်စေလျက်၊ ရင့်သန်ပြီးသူကလေးများအား ထူးချွန်ထက်မြက်စေသော ဖော်ပြပါစနစ်ကို နိုင်ငံအနှံ့ ဆရာဒကာ လက်တွဲ ပျိုးထောင်ကြမည်ဆိုပါလျှင် ထူးထွေအာရုံများပြားလှသော အိုင်တီခေတ်ကို တည်ငြိမ်ခန့်ထည်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ထိုစနစ်အတွင်း၌ လှုပ်ရှားရသော ရှင်ငယ်ရဟန်းငယ်တို့သည် သာမန် စားကောင်း သောက်ကောင်း ပုံစံ လေ့လာရုံအဆင့်ဖြင့် စာမေးပွဲဝင်ရန် မဖြစ်နိုင်တော့ပါ။ သင်ပြသူဆရာကိုယ်တိုင် သေချာကျနကြပ်မတ် ပို့ချကြရမည်ဖြစ်သကဲ့သို့ စာမေးပွဲဝင် အရှင်များလည်း တကယ်အဟုတ် လုပ်ကြရမည့် စာမေးပွဲစနစ် ဖြစ်ပါသည်။

**နိဂုံး**

၁၃။ ပါဠိသင်ကြားမှုဘာသာရပ်အပါအဝင် အခြေခံပရိယတ္တိစာပေခိုင်မာစေရုံမျှသာမက သာသနာတော်အပေါ် သဒ္ဓါကြည်ညိုစိတ်လေးနက်စေသော ဖော်ပြပါ စာမေးပွဲစနစ်ကိုဖြစ်စေ၊ အလားတူစာမေးပွဲစနစ်တရပ်ကို ဖြစ်စေ၊ ယနေ့ကာလနှင့်လျော်ညီစွာ ဝိုင်းဝန်းကြိုးပမ်း ဖော်ထုတ်နိုင်ကြမည်ဆိုပါလျှင် သာသနာတော်အတွင်းရှိ

ရှင်ငယ် ရဟန်းငယ်တို့သည် သာသနာတော်နှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်သော **“လူ့စွမ်းအားစုများ”** အဖြစ် ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း ဉာဏ်မီသမျှ စိစစ်တင်ပြအပ်ပါသည်။

ဦးအောင်သိန်းညွန့်
သာသနပါလပထမကျော်၊အစိုးရပထမကျော်
သာသနပါလဓမ္မာစရိယ၊အစိုးရဓမ္မာစရိယ
B.A(Eng)ပညာရေးတက္ကသိုလ်(ရန်ကုန်)
C.M.R(Washington D.C; USA)

ရက်စွဲ။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်



နှီးနှောဖလှယ်ပွဲ ပထမနေ့ (၂၄–၄–၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် က
“ပထမပြန်ကို အခြေခံ၍ ပါဠိစာပေသင်ယူပို့ချမှု ပြုပြင်ပြောင်းလဲရေး အကြံပြုချက်”
ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ပဌမပြန်ကိုအခြေခံ၍ ပါဠိစာပေသင်ယူပို့ချမှု ပြုပြင်ပြောင်းလဲရေး အကြံပြုချက်

ဦးစံသင်းလှိုင်
(ပထမကျော် သ·စ·အ ဓမ္မာစရိယ)
တွဲဖက်ပါမောက္ခ၊ အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## နိဒါန်းအချို

၁။ ပါဠိစာပေသင်ယူရခြင်း၏ အဓိကအကြောင်းရင်းမှာ ပါဠိစာပေဖြင့် တည်ရှိနေသော ပိဋကတ်တော်များကို သိရှိနားလည်ရေးအတွက် ဖြစ်ပါ၏။ ပါဠိစာပေဖြင့် တည်ရှိနေသော မူရင်းပိဋကတ်တော်များကို သိရှိနားလည်ရန်မှာ ပါဠိစာပေတတ်မြောက်မှ ဖြစ်နိုင်ပါ၏။ ထို့ကြောင့် မူရင်းပိဋကတ်တော်များကို သိရှိနားလည်ရန် ပါဠိစာပေကို မဖြစ်မနေ သင်ယူကြရခြင်း ဖြစ်ပါ၏။ ထိုသို့ သင်ယူကြရာတွင် ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် သင်ယူပို့ချနည်းများကို အခြေခံ၍ ဆရာစဉ်ဆက် သင်ယူပို့ချလာခဲ့ကြရာ ယခုအခါ မန္တလေးနည်း၊ ပခုက္ကူနည်း၊ စာမေးပွဲနည်း၊ ခေတ်သင်နည်း စသည်အားဖြင့် အမျိုးမျိုးသော ဝေါဟာရတို့ကို သုံးနှုန်းပြီး သင်ယူပို့ချလျက် ရှိကြပါကုန်၏။

၂။ ထိုသင်နည်းများကို အနှစ်ချုပ်၍ အလွတ်သင်နည်းနှင့် စာမေးပွဲမဏ္ဍိုင်ပြုသင်နည်းဟူ၍ (၂)နည်းအားဖြင့် အကျဉ်းချုပ်သတ်မှတ်သုံးနှုန်း

နိုင်ပါ၏။ ယေဘုယျအားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ရှေ့ပိုင်းကာလတွင် အလွတ်သင်နည်းဖြင့် သင်ယူမှုများခဲ့ပြီး လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် စာမေးပွဲမဏ္ဍိုင်ပြု သင်နည်းဖြင့် သင်ယူမှုများခဲ့သည်ဟု ဆိုနိုင်ပါ၏။ ယနေ့မျက်မှောက်ခေတ်သည် စာမေးပွဲခေတ်ဖြစ်၍ အများစုမှာ စာမေးပွဲမဏ္ဍိုင်ပြု သင်နည်းဖြင့် သင်ယူလျက်ရှိပါ၏။ စာမေးပွဲအမျိုးမျိုးရှိရာ ပြဋ္ဌာန်းကျမ်းစာ၊ မေးခွန်းထုတ်ပုံ မတူ၍ သင်ယူပုံလည်းမတူကြပါ။ ပထမပြန်စာမေးပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာသင်သား အများဆုံး ဖြေဆိုသော အကျယ်ပြန့်ဆုံးနှင့် အခြေခံအကျဆုံး စာမေးပွဲဖြစ်သည့်အပြင် တန်းဝင်စာမေးပွဲလည်းဖြစ်၍ ဤ၌ ထိုပထမပြန်စာမေးပွဲကို အခြေခံ၍ အမြန်ဆုံးနှင့် အမှန်ဆုံး တတ်မြောက်စေနိုင်သော ပါဠိစာပေသင်ယူပို့ချမှု ပြုပြင်ပြောင်းလဲရေးကို အကြံပြုတင်ပြသွားမည် ဖြစ်ပါ၏။

**ရှေးခေတ်နှင့်ယနေ့ခေတ်စာသင်ပုံ**

၃။ ရှေးက ပါဠိစာပေ သင်ယူပို့ချကြရာတွင် စာမေးပွဲမှာ ကျယ်ကျယ်ပြန့်ပြန့်မရှိသေး၍ စာမေးပွဲခေတ် မဟုတ်သဖြင့် လွတ်လွတ်လပ်လပ် သင်ယူပို့ချနိုင်ကြပါ၏။ ဆရာရောတပည့်ပါ စာတတ်မြောက်ရေးကို အလေးထား၍ ကြိုးကြိုးစားစား သင်ယူပို့ချခဲ့ကြသဖြင့် တကယ်လည်း စာတတ်ပေတတ် ပုဂ္ဂိုလ်များ အများအပြား ပေါ်ထွက်ခဲ့ကြပါ၏။ မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် လယ်တီဆရာတော်တို့သည် ထိုနည်းဖြင့် ပါဠိစာပေကို သင်ယူတော်မူခဲ့ကြသဖြင့် ကျမ်းတတ်အကျော်ဆရာတော်များ ဖြစ်တော်မူခဲ့ကြပါကုန်၏။ မဟာဝိသုဒ္ဓါရုံ

ဆရာတော်ဘုရားကြီး ပါဠိစာပေတတ်မြောက် ကျွမ်းကျင်တော်မူပုံကို ဆရာတော်ဘုရားကြီး၏ ဓာတွတ္ထသင်္ဂဟပါဠိ နိဿယ တစ်ကျမ်းတည်းဖြင့်ပင် သိရှိနိုင်ပါ၏။ လယ်တီဆရာတော်ဘုရားကြီး ပါဠိစာပေတတ်မြောက်ကျွမ်းကျင်တော်မူပုံကိုလည်း ဆရာတော်ဘုရားကြီး၏ နိရုတ္တိဒီပနီ၊ ပရမတ္ထဒီပနီတို့ဖြင့် အထင်အရှားသိနိုင်ပါ၏။ အထူးထင်ရှားတော်မူသော ဆရာတော်ဘုရားကြီးများကို နမူနာထုတ် ပြခြင်းသာ ဖြစ်ပါ၏။ ထိုခေတ်က ထိုဆရာတော်ဘုရားကြီးများနည်းတူ ကျမ်းတတ်အကျော် ဆရာတော်များ အမြောက်အမြား ပေါ်ထွက်တော်မူခဲ့ကြပါကုန်၏။

၄။ ထိုမှ နောက်ပိုင်းခေတ်ရောက်သောအခါ စာမေးပွဲက တစ်စတစ်စ နေရာယူလာခဲ့ပါ၏။ ဘာသာဋီကာ ကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသနှင့် တိပိဋကရေမင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့ခေတ်တွင် ပထမကျော်စာမေးပွဲနှင့် သကျသီဟစာမေးပွဲများမှာ အထူးထင်ရှားလာခဲ့ကြပါ၏။ ထိုခေတ်က စာတော်သောပုဂ္ဂိုလ်အများစုတို့သည် ထိုစာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြသဖြင့် ပထမကျော်၊သကျသီဟမွေ့စရိယဘွဲ့များ ရရှိခဲ့ကြပါကုန်၏။ ထိုခေတ်က ထိုဘွဲ့များရရှိခဲ့ကြသော ပုဂ္ဂိုလ်များမှာ အများအားဖြင့် စာတတ်ပေတတ်ပုဂ္ဂိုလ်ဖြစ်ပြီးမှ ထိုဘွဲ့များကို ရရှိကြခြင်း ဖြစ်ပါ၏။ ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်လောင်းလျာ အရှင်ဇနကသည် ပခုက္ကူအလယ်တိုက်ကြီး၌ စာကြီးပေကြီးများကို သင်ယူဆည်းပူးကာ လေးနှစ်ခန့် စာပေပို့ချပြီးနောက် သကျသီဟစာမေးပွဲဝင်ရန် ဆရာတော်

ကြီးများထံ ခွင့်ပန်လျှောက်ထားရာ ဆရာတော်ကြီးများက ''ဟယ်…ဇနကနှယ်၊ ဇာတ်ကြီးထဲလိုက်ပြီးကာမှ အငြိမ့်ကလေးထဲ ဝင်အုံး မလားဟဲ့''ဟူ၍ အမိန့်ရှိတော်မူခဲ့ကြပါ၏။ တိပိဋကဓရ မင်းကွန်းဆရာတော်လောင်းလျာ အရှင်ဝိစိတ္တသာရအား ဆရာဖြစ်သူ မင်းကွန်းဆရာတော် အရှင်ပညာစက္ကက အဘိဓမ္မာ ပါဠိ အဋ္ဌကထာ ဋီကာကြီးများကို အပြည့်အစုံ ပို့ချပေးပြီးနောက် ''ငါ့တပည့် စာတတ်ပြီ၊ တပည့်ကြည့်လိုရာ ကျမ်းများကို ကြည့်ပေတော့''ဟူ၍ ရဲရင့် ပြတ်သားစွာ မိန့်ကြားတော်မူခဲ့ပါ၏။

၅။ အရှင်ဇနကာဘိဝံသနှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့သည် ပထမကျော်၊ သကျသီဟာဓမ္မာစရိယဘွဲ့များ မရခင်ကပင် စာတတ်ပေတတ်ပုဂ္ဂိုလ်များ ဖြစ်နေကြပါပြီ။ စာတတ်ပြီးမှ ထိုစာမေးပွဲများကို ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ကြခြင်း ဖြစ်ပါ၏။ စာမေးပွဲ အောင်ခြင်းကြောင့် စာတတ်ခြင်းမဟုတ်ဘဲ စာတတ်ခြင်းကြောင့် စာမေးပွဲအောင်ခြင်း ဖြစ်ပါ၏။ ဤဆရာတော်များနှင့်တကွ ရှေးက ဆရာတော်ကြီးများသည် ပို့ချပေးသူကလည်း စာပေပရိယတ် တကယ် တတ်မြောက်ကျွမ်းကျင်၍ သင်ယူသူကလည်း တကယ်လိုလိုချင်ချင် စာတတ်လိုစိတ်ဖြင့် အလေးအနက်ထား ကြိုးကြိုးစားစား သင်ယူပို့ချ အားထုတ်ခဲ့ကြခြင်းကြောင့် တကယ်ပင် စာတတ်ပေတတ် ပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြပါကုန်၏။

၆။ နောက်ပိုင်းတွင် စာမေးပွဲများက အတင်းထိုးဖောက်၍ ရှေ့တန်း ဝင်ရောက်နေရာယူခဲ့ကြသဖြင့် စာမေးပွဲအောင်မြင်ရေးကို အလေးအနက်

ထား ကြိုးစားအားထုတ်လာကြပါ၏။ စာလိုချင်စိတ်၊ စာတတ်လိုစိတ်ဖြင့် သင်ယူအားထုတ်သူ အားနည်းလာခဲ့သော်လည်း စာမေးပွဲအောင်လိုစိတ်ဖြင့် သင်ယူအားထုတ်သူများ ရှိနေသေး၍ တော်သေးသည်ဟု ဆိုရမည်ဖြစ်ပါ၏။ စာမေးပွဲအောင်လိုစိတ်ဖြင့် တကယ်ကြိုးစားအားထုတ် သင်ယူကြသည်ဆိုလျှင်ပင် စာတတ်ပေတတ်ပုဂ္ဂိုလ်များ ပေါ်ထွက်နိုင်ပါသေး၏။ ထိုသို့သောစိတ်ဓာတ်ဖြင့် ကြိုးစားအားထုတ်သင်ယူသူများ ရှိနေသေး၍ စာတတ်ပေတတ်ပုဂ္ဂိုလ်များရှိနေပါသေး၏။ ယနေ့မျက်မှောက်ခေတ်တွင် အထူး သတိမူအပ်သည့်အချက်မှာ စာမေးပွဲအောင်လိုစိတ်ဖြင့် ကြိုးစားအားထုတ်သူများပင် နည်းပါးလာပြီး အချို့အချောင် နည်းလမ်းဖြင့် စာမေးပွဲအောင်မြင်ရေးကို ကြိုးပမ်း အားထုတ်နေသူများ တစ်စတစ်စ တိုးပွားလာသောအချက် ဖြစ်ပါ၏။ ဤအချက်ကို ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဝိုင်းဝန်းကာကွယ် သွားကြရန် လိုအပ်ပါ၏။

**စာသင်နည်းအမျိုးမျိုး**

၇။ ရှေ့၌ ညွှန်းဆိုခဲ့သည့် ပါဠိစာပေသင်ယူပို့ချနည်းများတွင် မန္တလေးနည်းဟူသည်မှာ အဋ္ဌကထာကို မူထားပြီး အဋ္ဌကထာလာ ဝါကျများကို အတက်၊ အထွက်၊ စုဒ်၊ စောဒနာ၊ စာစပ်၊ ဝိဂြိုဟ်ဆို၊ ဉာဉ်ကောက်၊ အာဘော်သံဝဏ္ဏနာ၊ ပါဠိအဆုံးအဖြတ်၊ နည်းဥပစာ၊ နေတ္တိ၊ အလင်္ကာ၊ ပဋ္ဌာန်းနည်း စသည် စုံလင်စွာဖြင့် ပို့ချသောနည်း ဖြစ်ပါ၏။ အချိန်ကာလ တစ်ပတ်လောက်ပို့ချသော်လည်း တစ်ဝါကျ နှစ်ဝါကျမျှသာ ပြီးစီးသည့် သဘောရှိပါ၏။ အစဉ်အတိုင်းမဟုတ်ဘဲ

စာသွားစာလာ ရှုပ်ထွေး၍ အသိခက်သော ဝါကျများကို ရွေးထုတ်ပြီး ဟိုကျော်သည်ကျော် သင့်လျော်သလို ပို့ချလေ့ရှိပါ၏။ ဤနည်းဖြင့် ပို့ချသောဆရာသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ ကျမ်းစုံညှိ၍ မိမိ၏အတ္တနောမတိ အယူအဆကိုပါ ထည့်သွင်းခင်းပြ ပို့ချတတ်ပါ၏။ ဆိုင်းသမားစကားဖြင့် ပြောရလျှင် အညွန့်၊ အကွန့် အတွန့်၊ အနု၊ အရွ၊ အလှတို့ဖြင့် လက်စွမ်းပြပို့ချခြင်း ဖြစ်ပါ၏။ ဤနည်းဖြင့် ပို့ချသော ဆရာစဉ်ဆက်တို့က **"ရာသီမနိုင် ဆေးမကိုင်နဲ့၊ ဝါကျမနိုင် စာမကိုင်နဲ့"** ဟူ၍ အခိုင်အမာဆိုခဲ့ကြ ပါကုန်၏။

၈။ စာသင်ချိန်(၁)နှစ်ကုန်သော်လည်း စာ(၁၀)မျက်နှာခန့်သာ ပြီးသည့်အခါလည်း ရှိတတ်ပါ၏။ ဤနည်းဖြင့် သင်ယူရသော စာသင်သားသည် တစ်ဝါကျ တစ်နေရာတည်းမှာပင် အဋ္ဌကထာဋီကာ တို့၏ အယူအဆ၊ ဆရာ့ဆရာတို့၏ အဆိုအမိန့်၊ အာစရိယမုဋ္ဌိ ရှိသမျှအကုန်ကို ပြည့်ပြည့်စုံစုံ ရရှိတတ်ပါ၏။ ဤနည်းဖြင့် စာတစ်ပိုဒ် တစ်ဝါကျ တစ်နေရာ တစ်ကျမ်းတစ်ဖွဲ့ သင်ယူရုံမျှဖြင့် ပိုင်ပိုင်နိုင်နိုင် နည်းရသွားလျှင် မည်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာကြီးများကိုမဆို ကိုယ်တိုင်ကြည့်ရှုလေ့လာနိုင်ပါ၏။ ဤနည်းဖြင့် ပိဋကတ်စာပေကို သင်ယူလေ့လာကြရန် မန်လည်ဆရာတော်ဘုရားကြီးက တိုက်တွန်း ထားသည်ကို မဃဒေဝလင်္ကာတွင် ဤသို့ တွေ့ရပါ၏-

"စုဒ်စောအာဘော်၊ ထုတ်ဖော်နိုက်နဲ့၊ ဝက်ဝက်ကွဲ
အောင်၊ ဖြတ်ခွဲနှိုင်းဆ၊ ဖက်နယ်ရှလျက်၊ ဆရာ့လက်ဆုပ်၊

အတွင်းငုတ်သား၊ မှန်ထုတ်လျှို့ဝှက်၊ အသိခက်တိ၊ အနက်
အဓိပ္ပါယ်၊ ကျဉ်းကျယ်ချဲ့ချုပ်၊ သရုပ်သကန်၊ ကျမ်းရိုးပွန်အောင်၊
နှုတ်ဝန်မလေး၊ စိန့်နှယ်သွေးလော"

၉။ ပစ္စက္ခနည်းဟူသည်မှာ ပါဠိတော်ကို မူထားပြီး တပည့်အား တွင်တွင်ကျယ်ကျယ် စာဆိုစေ၍ အဋ္ဌကထာ ဋီကာ အဖွင့်သံဝဏ္ဏနာများနှင့်အညီ အနက်ယောဇနာပုံ၊ အဓိပ္ပါယ်ယူဆပုံများကို ဆရာက လိုရင်းတိုရှင်း ပြောပြလျက် အကျော်အလွှားမရှိ ကျမ်းပေါက်အောင် အချိန်တိုတိုဖြင့် စာအတော်များများသိအောင် ပို့ချပေးသည့်နည်း ဖြစ်ပါ၏။ လမ်းညွှန်ပြရုံမဟုတ်ဘဲ ပါဠိတော် အဋ္ဌကထာ ဋီကာကြီးများနှင့် တိုက်ရိုက်ထိတွေ့သင်ယူ စေသောနည်းဖြစ်ပါ၏။ ရေမကူးတတ်သေးသူကို အင်း၊ အိုင်၊ ချောင်းအတွင်း အစမ်းကူးစေခြင်းမျိုးမလုပ်ဘဲ မြစ်၊ ပင်လယ်၊ သမုဒ္ဒရာအတွင်း တိုက်ရိုက်သက်ဆင်းကူးစေသည့် နည်းမျိုးဟု ဆိုကြပါ၏။ ဤနည်းဖြင့် သင်ယူပါလျှင် တပည့်မှာ (၁)နှစ်ဆို ဆိုသလောက် ပိဋကတ်ကျမ်းစာ အတော်များများကို သိရှိသွားနိုင်ပါ၏။

၁၀။ မန္တလေးနည်းမှာ ဆရာ့ထံမှ တစ်ကျမ်းတစ်ဖွဲ့မျှကို သင်ယူ လျက် နည်းနာနယများ ရယူကာ တပည့်ဖြစ်သူကိုယ်တိုင် စာကြီးပေကြီးများကို နှံ့စပ်အောင် ကိုယ့်အားကိုယ်ကိုး လေ့လာရမည့်နည်းဖြစ်ပြီး ပစ္စက္ခ နည်းမှာ တပည့်ဖြစ်သူက ဆရာနှင့်တွဲ၍ ပိဋကတ်စာကြီးပေကြီးများကို ပါဠိတော်ကျမ်းပေါက် နှံ့စပ်ကုန်စင်အောင် လက်တွေ့ လေ့လာဆည်းပူး သင်ယူသည့်နည်း ဖြစ်သည်ဟူ၍ အကျဉ်းချုပ်

မှတ်သားနိုင်ပါ၏။ မန္တလေးနည်းသည် ဆရာက မိမိ၏အစွမ်းသတ္တိကို ထုတ်ဖော်ပြသမှု အားကြီးသောကြောင့် **"ငါတတ်သလို မင်းကို သင်ပေးမယ်"** ဟူသောနည်းဖြစ်ကြောင်း၊ ပခုက္ကူနည်းသည် တပည့်ဖြစ်သူ စာတတ်ရေး အလေးပေးရာ ရောက်သောကြောင့် **"မင်းတတ်အောင် ငါသင်ပေးမယ်"**ဟူသောနည်းဖြစ်ကြောင်း ဆရာ့ဆရာတို့မိန့်မှာစကားကို ကြားနာမှတ်သားရဖူးပါ၏။

၁၁။ စာမေးပွဲနည်းဟူသည်မှာ စာမေးပွဲအလိုက် ပြဋ္ဌာန်းကျမ်းစာနှင့် မေးခွန်းထုတ် စည်းမျဉ်းကိုကြည့်ပြီး သင်ယူပို့ချရသောနည်းဖြစ်ပါ၏။ စာတတ်မြောက်ရေးထက် စာမေးပွဲအောင်မြင်ရေးကို အလေးမူ သင်ယူပို့ချရသောနည်း ဖြစ်ပါ၏။ စာမေးပွဲအခြေအနေလိုက်၍ သင်ယူပို့ချရသဖြင့် စာမေးပွဲမတူလျှင် သင်ယူပို့ချပုံချင်းလည်း မတူနိုင်ပါ။ ပထမပြန်စာမေးပွဲအတွက်ဖြစ်လျှင် ထိုစာမေးပွဲ၏ ပြဋ္ဌာန်းကျမ်းစာနှင့် မေးခွန်းထုတ်စည်းမျဉ်းအရ သင်ယူပို့ချရပြီး ဓမ္မာစရိယ စာမေးပွဲအတွက် ဖြစ်ပါမူ ထိုစာမေးပွဲ၏ ပြဋ္ဌာန်းကျမ်းစာနှင့် မေးခွန်းထုတ်စည်းမျဉ်းအရ သင်ယူပို့ချကြရပါ၏။ နိကာယ်နှင့် တိပိဋကစာမေးပွဲအတွက် ဖြစ်ပါမူကား သဒ္ဒါရေး အလေးမပေးဘဲ သင်ယူပို့ချရဖွယ် ရှိပါ၏။ ဤစာမေးပွဲနည်းတွင် မန္တလေးနည်း ပခုက္ကူနည်းတို့ကိုလည်း သင့်လျော်သလို အသုံးချရသဖြင့် ထိုမန္တလေးနည်း ပခုက္ကူနည်းတို့လည်း ပါဝင်နိုင်ပါ၏။ ယနေ့မျက်မှောက်ခေတ်သည် စာမေးပွဲခေတ်ဖြစ်၍ ဤစာမေးပွဲနည်းကို အများဆုံး အသုံးချ သင်ယူပို့ချကြရပါ၏။

၁၂။ ခေတ်သင်နည်းဟူသည်မှာ နိုင်ငံတကာတက္ကသိုလ်များ၏ အရှေ့တိုင်းပညာ ပါဠိဌာနများတွင် သင်ကြားလျက်ရှိသောနည်း ဖြစ်ပါ၏။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနများတွင် ရိုးရာပါဠိသင်နည်းအပြင် ဤခေတ်သင်နည်းဖြင့်လည်း သင်ကြားပို့ချပေးလျက် ရှိပါ၏။ ပါဠိသဒ္ဒါကျမ်းကို လက်ကိုင်ပြုသင်ကြားခြင်းမျိုးမဟုတ်ဘဲ သင်္ကေတဖြတ်လမ်းနည်းဖြင့် သင်ကြားပို့ချသောနည်း ဖြစ်ပါ၏။ ပုဒ်တစ်ခုကို ပါဠိသဒ္ဒါကျမ်းလာအတိုင်း အသေးစိတ် သုတ်ဖြင့် ရုပ်ပြီးပြခြင်းမျိုး၊ အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြခြင်းမျိုးမပြုဘဲ အလွတ်သဘောသင်္ကေတနည်းဖြင့် တည်ဆောက်ပြလေ့ရှိပါ၏။ ဤနည်းကို အခြေခံ၍ ပါဠိစာပေကျမ်းစာများကို ကြည့်ရှုလေ့လာစေပါ၏။ ဤနည်းသက်သက်ဖြင့် သင်ယူခဲ့သော ပုဂ္ဂိုလ်များကို ပါဠိတော် အဋ္ဌကထာ ဋီကာများကို ကောင်းစွာကြည့်နိုင်သူများအဖြစ် ပရိယတ်စာပေပညာရှင်များက အပြည့်အဝ အသိအမှတ်ပြုခြင်း မရှိကြပါ။

**ပထမပြန်စာမေးပွဲ**

၁၃။ ယနေ့မျက်မှောက်ခေတ်တွင် ပထမပြန်စာမေးပွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာသင်သား အများဆုံး ဖြေဆိုသော အကျယ်ပြန့်ဆုံးနှင့် အခြေခံအကျဆုံး စာမေးပွဲဖြစ်ပါ၏။ ယင်းစာမေးပွဲမှ တစ်ဆင့်တက်၍ ရှေ့ခရီးဆက်ကြရပါ၏။ ယင်းစာမေးပွဲတွင် အခြေခိုင်ပါမှ မိမိလိုရာ ရှေ့ခရီးသို့ အဆင်ပြေချောမွေ့စွာ ဆက်နိုင်မည်ဖြစ်ပါ၏။ ရှေ့ခရီးများကား ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပရိယတ္တိ

သာသနာ့တက္ကသိုလ်များ၊ သကျသီဟစေတိယင်္ဂဏစာမေးပွဲများ၊ တိပိဋကရွေးချယ်ရေးစာမေးပွဲ စသည်တို့ ဖြစ်ပါ၏။ ပထမပြန် စာမေးပွဲ ပထမကြီးတန်း အောင်မြင်ပြီးသောအခါ မိမိ၏ ဉာဏ်ပညာ အရည်အချင်းကို ချင့်တွက်၍ ရှေ့ခရီးဆက်လေ့ ရှိကြပါ၏။ ပါဠိစာပေ သင်ယူပို့ချမှုအဆင့်မြှင့်တင်ရေးကို စဉ်းစားရာတွင် အကျယ်ပြန့်ဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော ထိုပထမပြန်စာမေးပွဲကို အခြေခံ၍ စဉ်းစားသင့်ပါ၏။ ပထမပြန်စာမေးပွဲအောင်ပြီးသည့် အဆင့်ရောက်မှ စဉ်းစားလျှင် ခါးပြတ်သလိုဖြစ်မည့်အပြင် ထပ်မံ၍ အချိန်ကုန်မည် ဖြစ်ပါ၏။ ပထမပြန်စာမေးပွဲ အတန်း(၃)တန်းအောင်မြင်ရန် လက်ရှိ အခြေအနေတွင် (၄/၅)နှစ်ခန့် အချိန်ပေးရပါ၏။ ထိုကာလအတွင်း ပါဠိစာပေ အခြေခိုင်မာအောင် ကြံဆောင်ပြုပြင်သင့်ကြပါ၏။

၁၄။ ပထမပြန်စာမေးပွဲ၏ ပြဋ္ဌာန်းကျမ်းစာများမှာ ခေတ် အဆက်ဆက် အနည်းအများ ပြုပြင် ပြောင်းလဲမှုများရှိခဲ့ပါ၏။ လက်ရှိ ပထမပြန်စာမေးပွဲ အတန်း(၃)တန်း၏ ပြဋ္ဌာန်းကျမ်းစာများကို ဖော်ပြပါအံ့-

**ပထမငယ်တန်း-** ဝိနယ(ဘိက္ခုပါတိမောက်)၊ ကစ္စည်းသဒ္ဒါကြီး (သန္ဓိ၊နာမ်၊ ကာရက၊ အာချာတ်၊ကိတ်) ၊ရူပသိဒ္ဓိ (သန္ဓိ၊နာမ်)၊ ပုဒ်စစ်(သိန္ဓိ၊နာမ်)၊ သုတ်စစ်၊ အဘိဓမ္မတ္ထသင်္ဂဟ (စိတ် အဋ္ဌကထာ (အစမှပါရာဇိက အဆုံး အထိ)၊

ပိုင်းမှသမုစ္စည်းပိုင်းအထိ)၊ ဋီကာကျော်(စိတ်၊ စေတသိတ်၊ပကိဏ်း)၊ တိကမာတိကာ၊ အဘိဓမ္မဒုက မာတိကာ၊ ဓာတုကထာ (အစမှ ပဥ္စမနယအထိ)၊ ဘာသာပြန် ဇာတ် အဋ္ဌကထာ (ဧကနိပါတ် ၄ ပိုင်း ပိုင်း၍ တစ်ပိုင်း ၄ နှစ်စီ)၊

ပထမလတ်တန်း- ဝိနယ(ဒွေမာတိကာ)၊ ကင်္ခါအဋ္ဌကထာ (အစမှနိဿဂ္ဂိယအဆုံးအထိ)၊ ကစ္စည်းသဒ္ဒါကြီး(၈-စောင်)၊ ရူပသိဒ္ဓိ (အစမှတဒ္ဓိတ်အဆုံးအထိ)၊ ပုဒ်စစ်(အစမှသမာသ် အဆုံးအထိ)၊ သုတ်စစ်၊ အဘိဓမ္မတ္ထသင်္ဂဟ (၉-ပိုင်း)၊ ဋီကာကျော် (အစမှ ရုပ်ပိုင်းအဆုံးအထိ)၊ သုတ္တန္တိကမာတိကာ၊ ဓာတုကထာ(အစမှ စုဒ္ဒသမနယ အဆုံးအထိ)၊ ယမိုက်အရကောက် (အောက်ငါးကျမ်း)၊ ဘာသာပြန်ဇာတ် အဋ္ဌကထာ(ဒုက၊တိက၊စတုက္က၊ ပဥ္စက၊ ဆက္ကနိပါတ် ၄-ပိုင်း ပိုင်း၍ တစ်ပိုင်း ၄ နှစ်စီ)၊

**ပထမကြီးတန်း** ဝိနယ(ဒွေမာတိကာ)၊ ကင်္ခါအဋ္ဌကထာ (အစမှအဆုံးအထိ)၊ ကစ္စည်းသဒ္ဒါကြီး (၈-စောင်)၊ရူပသိဒ္ဓိ(အစမှအဆုံးအထိ)၊ ပုဒ်စစ်(အစမှအဆုံးအထိ)၊ သုတ်စစ်၊ အဘိဓမ္မတ္ထသင်္ဂဟ (၉-ပိုင်း)၊ ဋီကာကျော်(အစမှအဆုံးအထိ)၊ ပါဠိ အဘိဓာန်၊ အလင်္ကာ၊ဆန်း၊ ယမိုက် အရကောက်(အထက်ငါးကျမ်း)၊ ပဋ္ဌာန်းအရကောက် (ကုသလတိက်)၊ ဘာသာပြန်ဇာတ်အဋ္ဌကထာ (သတ္တကနိပါတ်အစမှ အသီတိနိပါတ် အဆုံးအထိ ၄-ပိုင်း ပိုင်း၍ တစ်ပိုင်း၄ နှစ်စီ)၊ အတန်း ၃ တန်းလုံးတွင် လူနှင့်သီလရှင်များအတွက် ဝိနယအစား ဓမ္မပဒကိုပြဋ္ဌာန်းထားပါ၏။

၁၅။ ပထမပြန်စာမေးပွဲ ဦးတည်ချက်ထားပြီး ပါဠိစာပေသင်ကြားပို့ချကြရာတွင် အများအားဖြင့် ရှေးရိုးအစဉ်အလာအတိုင်း ပို့ချလေ့ရှိကြပါ၏။ ပါဠိစာပေ အစပျိုးသင်ကြားသော စာသင်ငယ်များအားသဒ္ဒါ, သင်္ဂြိုဟ်သင်ကြားပေးရာတွင် ရှေးနိဿယကြီးများအတိုင်းအပြည့်အစုံ အနက်ချပေးခြင်း၊ ဆိုရိုးကျ ရပ်တွက်စေခြင်း၊ အဓိပ္ပါယ်များကို မချွင်းမချန် ပြောဟောပို့ချခြင်းတို့ကြောင့် အလွန်ဉာဏ်

ကောင်းသူများသာ စာလိုက်နိုင်ပြီး အများစု စာသင်ငယ်များမှာ ဝန်ထုပ်ဝန်ပိုးဖြစ်ကြရပါ၏။ မနိုင်မနင်း ကျက်ရမှတ်ရသည့်ကြားမှ စာမရ၍ အကြိမ်ကြိမ် အငေါက်အငန်းခံရ၊ အရိုက်အနှက်ခံကြရသဖြင့် အချို့စာသင်ငယ်သာမဏေတို့မှာ စိတ်ပျက်ပြီး လူထွက်သွားရသည်များ ရှိခဲ့ကြပါ၏။ အချို့သာမဏေ၊ ရဟန်းငယ်တို့မှာ ထိုသို့ခက်ခဲပင်ပန်း ဆင်းရဲလှသည့် စာသင်နည်းကြောင့် ပိဋကတ်ပါဠိစာပေသင်ယူမှု လမ်းကြောင်းမှ ကျောခိုင်းကာ သာသနာနှင့် မသက်ဆိုင်သော လမ်းကြောင်းဘက်သို့ ဦးလှည့်သွားခဲ့ကြပါကုန်၏။

**စည်းမျဉ်းအရသင်ယူပို့ချရခြင်း**

၁၆။ အစကပင် ပထမပြန်စာမေးပွဲ ဦးတည်ချက်ထား သင်ကြားခဲ့ကြသည့်အလျောက် တစ်ဆင့်တက်၍ စာမေးပွဲဘက်လှည့်ကြရပါ၏။ ထိုအခါ စာမေးပွဲ ဖြေဆိုနိုင်ရန် မေးခွန်းထုတ်စည်းမျဉ်းကို အလေးအနက်ထား သင်ကြားကြရပါ၏။ ပထမပြန်စာမေးပွဲမေးခွန်းထုတ် စည်းမျဉ်းတွင် ပါဠိအာဂုံမေးခြင်း၊ အနက်ပေးမေးခြင်း၊ သဘောအဓိပ္ပါယ်မေးခြင်း၊ ရုပ်တွက်မေးခြင်း၊ ဂိုဏ်းစဉ်မေးခြင်း၊ သရုပ်မေးခြင်း၊ အရကောက်မေးခြင်း၊ မြန်မာကို ပါဠိပြန်၊ ပါဠိကိုမြန်မာပြန်မေးခြင်း၊ ပါဠိဝါကျတည်ဆောက်ပုံမေးခြင်းဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရာ ထိုးစည်းမျဉ်းအတိုင်း သင်ကြားကြရပါ၏။ ထိုစည်းမျဉ်းအတိုင်း သင်ကြားမှ ထိုစာမေးပွဲကို ဖြေဆိုနိုင်မည် ဖြစ်ပါ၏။

၁၇။ မျက်မှောက်ခေတ် ပါဠိစာပေသင်ယူပို့ချမှုသည် စာမေးပွဲကို မဏ္ဍိုင်ပြုသင်ယူပို့ချရခြင်းဖြစ်၍ စာသင်သား၏ ပါဠိစာပေ

တတ်မြောက်မှု အဆင့်အတန်းမှာ စာမေးပွဲပြဋ္ဌာန်းကျမ်းစာနှင့် မေးခွန်းထုတ်စည်းမျဉ်းအပေါ် များစွာတည်မှီပါ၏။ လက်ရှိပထမပြန် စာမေးပွဲပြဋ္ဌာန်းကျမ်းစာနှင့် မေးခွန်းထုတ်စည်းမျဉ်းကို လေ့လာကြည့်ပါက ပါဠိစာပေတတ်မြောက်ရေး အထောက်အကူပြု လက်တွေ့ကျသော မေးခွန်းမျိုး၊ တစ်နည်းအားဖြင့် ပါဠိစာပေ တတ်၊ မတတ် စမ်းသပ်သည့် မေးခွန်းမျိုးပါရှိသည်ကို မတွေ့ရပါ။ ပါဠိသဒ္ဒါနည်းကိုမေးရာတွင် ပြဋ္ဌာန်းထားသော ကစ္စည်းသဒ္ဒါကြီး ရူပသိဒ္ဓိတို့မှတစ်ပါး အခြားပြဋ္ဌာန်းပါဠိကျမ်းများမှ မေးခြင်းမျိုးမပါရှိ၍ ထိုသို့ ဆိုရခြင်း ဖြစ်ပါ၏။ ပါဠိဆိုင်ရာ လက်တွေ့ကျသော မေးခွန်း(ဝါ)စမ်းသပ်မေးခွန်းမျိုးဖြစ်ရန် ကစ္စည်းသဒ္ဒါကြီး ရူပသိဒ္ဓိတို့မှ မဟုတ်ဘဲ အခြားပြဋ္ဌာန်းကျမ်းများမှလည်း မေးခွန်းထုတ်ခြင်းမျိုးပါသင့်ပါ၏။ ဥပမာ-ကင်္ခါအဋ္ဌကထာ၊ ဋီကာကျော်တို့မှ မေးခွန်းထုတ်ခြင်းမျိုး ဖြစ်ပါ၏။ ၎င်းတို့မှ ပုဒ်၊ ဝါကျတို့ကိုထုတ်ပြ၍ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်းစဉ်စေခြင်း၊ လိင်၊ ဂိုဏ်း၊ ကာရန်ခွဲစေခြင်း၊ ဝိဂြိုဟ်ဝစနတ္ထပြုစေခြင်း၊ စာစပ်စေခြင်း စသည်တို့ ဖြစ်ပါ၏။

၁၈။ လက်ရှိအခြေအနေတွင် ပြဋ္ဌာန်းထားသော သဒ္ဒါကျမ်းလာ ပါဠိသဒ္ဒါမေးခွန်းကိုသာ ဖြေဆိုနိုင်ခဲ့၍ ပထမကြီးတန်းအောင်မြင်ခဲ့ကြသော စာသင်သားအများစုမှာ (ဝါ) ၉၀ ရာခိုင်နှုန်းသော စာသင်သားတို့မှာ ပါဠိဆိုင်ရာ လက်တွေ့ကျကျ လေ့ကျင့်မှုမျိုးမရှိခဲ့ကြ၍ ဓမ္မာစရိယတန်းရောက်သောအခါ အခက်တွေ့ကြရပါ၏။ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့မှာ အဆက်အစပ်မရှိသလိုဖြစ်ပြီး ဓမ္မာစရိယတန်းတွင်

စာလိုက်နိုင်မှု အားနည်းခဲ့ကြပါ၏။ ပထမကြီးတန်းအောင်မြင်သူများမှ ဇဝရာခိုင်နှုန်းသော စာသင်သားတို့သည် ဓမ္မာစရိယတန်း စာဝါများကို ကောင်းစွာလိုက်နိုင်ခြင်းမရှိကြပါ။ ဓမ္မာစရိယတန်းတွင် စာလိုက်နိုင်ရန် အချို့ဆရာတို့က ပုံစံချပြီး အစမှပြန်၍သင်ခြင်းမျိုးကို ဆောင်ရွက်လျက် ရှိကြပါကုန်၏။

**ဝိနယာဓိကစာမေးပွဲ**

၁၉။ ဤတွင် ပါဠိဆိုင်ရာ လက်တွေ့ကျသော မေးခွန်းမျိုးမေးသည့် ပဲခူးမြို့ ဝိနယာဓိကပရိယတ္တိစာမေးပွဲ အကြောင်းကို တစ်စေ့တစ်စောင်း မီးမောင်းထိုးပြလိုပါ၏။ ထိုစာမေးပွဲ ပထမကြီးတန်းတွင် ကင်္ခါ အဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့ကို အဓိကပြဋ္ဌာန်းကျမ်းစာများအဖြစ် သတ်မှတ်ပြီး ထိုကျမ်းများမှ အနက်ပေးမေးခွန်း အပါအဝင် တိုက်ရိုက် မေးခွန်းထုတ်ပါ၏။ ထိုကျမ်းများမှ ဝါကျ၊ ပုဒ်တို့ကိုထုတ်နုတ်၍ အနက် ပေးစေခြင်း၊ နာမ်ကိုဏ်းအချာတ်ကိုဏ်းစဉ်စေခြင်း၊ လိင်, ဂိုဏ်း, ကာရန်ခွဲစေခြင်း၊ ဝိဂ္ဂြိုဟ်ဝစနတ္ထပြုစေခြင်း၊ စာစပ်စေခြင်း တို့ကို မေးသည့်အပြင် အတက်, အထွက်, အာဘော်, သံဝဏ္ဏနာတို့ကိုပါ အနည်းငယ်ထည့်သွင်းမေးပါ၏။ ထိုစာမေးပွဲ ပထမကြီးတန်း အောင်မြင်သူတို့မှာ ပါဠိစာပေအခြေခိုင်မာ၍ ဓမ္မာစရိယတန်းကို လွယ်လွယ်ကူကူ အောင်မြင်ကြသည်ကို တွေ့ရပါ၏။ ဤသည်မှာ စာတမ်းရှင် ကိုယ်တွေ့ဖြစ်ပါ၏။ ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော် ဟူသော ကျမ်းစာများမှာလည်း ပထမပြန်စာမေးပွဲတွင် အကျုံးဝင်သော ပြဋ္ဌာန်းကျမ်းစာများဖြစ်၍ ပထမပြန်မှ ဘေးထွက်မသွားသော

စာမေးပွဲဖြစ်သဖြင့် ထိုဝိနယာဓိကပရိယတ္တိစာမေးပွဲကို အထူးပင် အားပေးသင့် အတုယူသင့်သော စာမေးပွဲအဖြစ် အဆိုပြု ထောက်ခံ အပ်ပါ၏။

၂၀။ **"မသိသူကျော်သွား၊ သိသူဖော်စား"** ဟူသော မြန်မာဆိုရိုး စကားအတိုင်း ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိစာမေးပွဲဝင် အရှင်တို့သည် ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့၏ အရသာကိုသိပြီး အဆီအနှစ် ကို ဖော်ထုတ်စားသုံးကြရပါ၏။ ပထမပြန်စာမေးပွဲဝင် အရှင်တို့ကား ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့၏ အရသာကို မသိကြသဖြင့် အဆီအနှစ်ကို ဖော်ထုတ်စားသုံးနိုင်ခြင်း မရှိကြဘဲ အမေးအဖြေစာအုပ် ထိုထိုအတိုအထွာ အပေါ်ယံအကာမျှဖြင့် ကျေနပ်နေကြရပါ၏။ လက်တွေ့အကျိုးရှိ, မရှိ အဖြေညှိ၍ ပထမပြန် ပြဋ္ဌာန်းကျမ်းစာများမှ အချို့ကို ဖြုတ်ပယ်, ဖြည့်စွက်, ပြင်ဆင်သင့်သည်ဟု ယူဆပါ၏။ ပိဋကတ်စာပေကို ကြည့်ရှုလေ့လာရာတွင် ပါဠိအဘိဓာန်မရ၍ အနက် မထင်သော နေရာဟူ၍ မရှိသလောက်ရှားပါ၏။ သို့ဖြစ်ပါလျက် ပထမကြီးတန်းတွင် ဂါထာ(၁၀၀၀)ကျော်ရှိပြီး ကျက်မှတ်ရအလွန် ခက်သော ပါဠိအဘိဓာန်ကို ပြဋ္ဌာန်းထားသည်မှာ စဉ်းစားရခက်သော အချက်တစ်ခုဖြစ်ပါ၏။ ပါဠိအဘိဓာန်ကျက်မှတ်၍ ပင်ပန်းရမည့် လုံ့လဝီရိယအားကို ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့ဘက် ပြောင်းလဲအသုံးချမည်ဆိုပါလျှင် ပါဠိစာပေ တတ်မြောက် ကျွမ်းကျင် ရေးအတွက် အလွန်ပင် အကျိုးများဖွယ်ရာရှိပါ၏။

၂၁။ ပထမပြန်စာမေးပွဲတွင် အဖွင့်ကျမ်းများအဖြစ် ပြဋ္ဌာန်းထားသော အဆိုပါ ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့ကို မှတ်စုမှတ်ရာ လောက် နုတ်ထုတ်သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အနက်ပါဆိုစေပြီး အပြည့်အစုံ ပို့ချပေးသင့်ပါ၏။ ပထမငယ်တန်း၊ ပထမလတ်တန်း တို့တွင် ပို့ချခြင်းမပြုနိုင်သည့်တိုင်အောင် ပထမကြီးတန်းတွင် မဖြစ်မနေ ပို့ချပေးသင့်ပါ၏။ ပထမကြီးတန်း၌ မဖြစ်မနေသင်ကြားပို့ချပေးမည် ဆိုလျှင်ပင် ဓမ္မာစရိယတန်း တက်လှမ်းရာ၌ အဆက်အစပ်ဖြစ်နိုင်ပါ၏။ အောက်(၂)တန်း၌ သင်ယူပို့ချ မေးမြန်းခဲ့ပြီးဖြစ်သော ဒွေမာတိကာ ကစ္စည်းသဒ္ဒါကြီး အဘိဓမ္မတ္ထသင်္ဂဟတို့ကို ပထမကြီးတန်း၌ ပြဋ္ဌာန်း ခြင်း မပြုတော့ဘဲ ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော်တို့ကိုသာ တိုက်ရိုက်ပြဋ္ဌာန်း၊ တိုက်ရိုက်ပို့ချပေးပြီး ယင်းတို့မှ အနက်ပေး, စာစပ်, သဒ္ဒါနည်း, အဓိပ္ပါယ်တို့ကို ခွဲဝေသတ်မှတ် မေးခွန်းထုတ်သင့်ပါ၏။ ထိုအစီအစဉ် မဖြစ်နိုင်သည့်တိုင်အောင် နောက်ဆုံးအဆင့်အနေဖြင့် လက်ရှိ (၃)တန်းလုံးတွင် ပြဋ္ဌာန်းထားသော ဇာတ်အဋ္ဌကထာ (ဘာသာပြန်)၌ စာစပ်, သဒ္ဒါနည်းတို့ကို ထည့်သွင်းမေးသင့်ပါ၏။

## လွယ်ကူသောစာသင်နည်းကို တီထွင်ခြင်း

၂၂။ ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသ သည် မိမိငယ်စဉ်က သင်ယူခဲ့ရသည့် အတွေ့အကြုံပေါ် အခြေခံ၍ ပါဠိစာပေသင်ယူပို့ချမှု ရှေးဟောင်းအစဉ်အလာကို ပြုပြင်၍ လမ်းဟောင်းပေါ်တွင် လမ်းသစ်ထွင်တော်မူခဲ့ပါ၏။ ပေစာစာအုပ်များ မပေါ်ထွန်းသေးရာ ရှေးအခါက အာဂုံနုတ်တက်အရကျက်၍ ကြိုးစား အားထုတ်သင့်သော်လည်း ယခုအခါ ကျမ်းစာအုပ်များ အပြည့်အစုံ

ရှိနေပြီဖြစ်သောကြောင့် အာဂုံနုတ်တက်ရဖို့ထက် များများနှင့် မြန်မြန် သိဖို့၊ သိသည့်အတိုင်း လက်တွေ့ကျင့်သုံးဖို့လိုအပ်ကြောင်းလည်း မိန့်ကြားတော်မူခဲ့ပါ၏။ အာဂုံနုတ်တက်ဆောင်၍ ဖြေဆိုရသော စာမေးပွဲများကိုလည်း အားပေးတော်မမူခဲ့ပါ။ ပါဠိအဘိဓာန်လို စာမျိုးကို အာဂုံနုတ်တက် အရကျက်စေခြင်းမျိုးကို လုံးဝနှစ်သက်တော်မမူပါ။

၂၃။ ဆရာတော်တီထွင်ထားသော စာသင်နည်းတွင် ရှေးဦးစွာ ပါဠိ သိက္ခာနှင့်သဒ္ဒါအကျဉ်း၊ နာမ်ဂိုဏ်း၊ အာချတ်ဂိုဏ်းအကျဉ်းတို့ကို သင်ရပါ၏။ ထို့နောက် ပါဠိသဒ္ဒါကို သင်ရာတွင် ကစ္စည်းသဒ္ဒါကြီး ကျမ်းကို အပြည့်အစုံမဟုတ်ဘဲ သုတ်စဉ်, သုတ်နက်, ရုပ်အကျဉ်း တွက်မျှဖြင့် အခြေပြုသဒ္ဒါဖြင့် သင်ရပါ၏။ ထိုသို့ အကျဉ်းနည်း သင်ယူရာမှာပင် အစဉ်အတိုင်းမဟုတ်ဘဲ အရေးကြီးသောအပိုင်း၊ လွယ်ကူသောအပိုင်းတို့ကို ရှေ့ကထား၍ ဦးစားပေးအစဉ်ဖြင့် သင်ယူရ ပါ၏။ အဘိဓမ္မတ္ထသင်္ဂဟ(သင်္ဂြိုဟ်)ကို သင်ယူရာတွင်လည်း ရှေး နိဿယကြီးများအတိုင်း ရှည်လျားသော အနက်များဖြင့် ပို့ချခြင်းမပြုဘဲ အခြေပြုသင်္ဂြိုဟ်ဖြင့် သိလွယ်, တတ်လွယ်စေသော အကျဉ်းအနက် ပေးနည်းဖြင့် သင်ယူရပါ၏။ ထိုမှတစ်ဆင့်တက်၍ သာမဏေကျော် စာမေးပွဲ ဝင်ရောက်ဖြေဆိုရေး ဦးတည်ချက်ဖြင့် ဝိနည်း၊ အင်္ဂုတ္တိုရ်၊ ဓမ္မပဒပါဠိအဋ္ဌကထာတို့ကို သင်ယူကြရပါ၏။ ထိုတွင်လည်း ဝိနည်း၌ လွယ်ကူ၍ အခြေခံကျသော မဟာဝါမှစ၍ သင်ယူကြရပါ၏။ လက်တွေ့ကျသော ပါဠိသင်ယူပို့ချနည်းအနေဖြင့် ထိုပါဠိအဋ္ဌကထာတို့မှ ထုတ်နုတ်၍ သဒ္ဒါနည်းဆိုင်ရာ စာစပ်, ဂိုဏ်းစဉ်, လိင်, ဂိုဏ်း,

ကာရန်ခွဲ၊ ဝိဂ္ဂြိုဟ်ဝစနတ္ထတို့ကို သင်ကြားပေးပါ၏။ ဤစာသင်နည်းမှာ အရှင်မဟာရဋ္ဌသာရ ညွှန်းဆိုသော အခြေခံစာသင်နည်းနှင့် တစ်ထပ်တည်းကျသည်ကို တွေ့ရပါ၏-

အခြေပါဒ၊သင်ဦးစဥ္၊ ချနည်းမကျယ်၊ဓိပ္ပါယ် ကောင်းစွာ၊ သိရုံသာဖြင့်၊အပ်ရာမသည်း၊ နားထွင်းနည်းသို့၊ ညှံ့ဖြည်းသိမ်မွေ့၊ တရွေ့ရွေ့လျှင်၊ တစ်နေ့တစ်ဆူး၊ ကျေးဇူးချဲ့ထွင်၊ ကျမ်းရိုးငင်လျက်...

**သာမဏေကျော်စာမေးပွဲ**

၂၄။ ဆရာတော်သည် လွယ်ကူ၍ တတ်မြန်သော စာသင်နည်းကို တီထွင်တော်မူရုံမျှမက ထိုစာသင်နည်းကို ပုံဖော်နိုင်ရန် ထိုစာသင်နည်း၏ နောက်ခံနယ်ပယ်အဖြစ် သာမဏေကျော်စာမေးပွဲတစ်ခု ပေါ်ပေါက်အောင် ဖော်ဆောင်တော်မူခဲ့ပါ၏။ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက ကျင်းပသော သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲသည် ဆရာတော်စိတ်တိုင်းကျ ပြဋ္ဌာန်းကျမ်းစာ၊ မေးခွန်းထုတ်စည်းမျဉ်းတို့ကို သတ်မှတ်ပေးခဲ့သော စာမေးပွဲဖြစ်ပါ၏။ ထိုစာမေးပွဲ၌ အဆင့်အလိုက် ပြဋ္ဌာန်းသတ်မှတ်ထားသော ကျမ်းစာတို့မှာ-

**ပထမဆင့်** - ဝိနည်းမဟာဝါပါဠိတော်
အင်္ဂုတ္တိုရ်ပါဠိတော် (အစမှ တိကနိပါတ်အဆုံးထိ)
ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှအပ္ပမာဒဝဂ်အဆုံးထိ)

**ဒုတိယဆင့်** - ဝိနည်းစူဠဝါနှင့်ပရိဝါပါဠိတော်
အင်္ဂုတ္တိုရ်ပါဠိတော်(အစမှ ဆက္ကနိပါတ်အဆုံးထိ)
ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှ ဒဏ္ဍဝဂ်အဆုံးထိ)
**တတိယဆင့်** - ဝိနည်းပါရာဇိကဏ်နှင့်ပါစိတ်ပါဠိတော်
အင်္ဂုတ္တိုရ်ပါဠိတော်(အစမှအဆုံးထိ)
ဓမ္မပဒပါဠိအဋ္ဌကထာ (အစမှအဆုံးထိ)တို့ ဖြစ်ပါ၏။

၂၅။ မေးခွန်းထုတ်ရာတွင် အနက်ပေး, သဘောအဓိပ္ပါယ်, သဒ္ဒါနည်း, သင်္ဂြိုဟ်နည်းတို့ကို မေးပါ၏။ ကျမ်းရင်း အနက်ပေး, သဘောအဓိပ္ပါယ်(၆)ပုဒ်၊ သဒ္ဒါနည်း(၂)ပုဒ်၊ သင်္ဂြိုဟ်နည်း(၂)ပုဒ်၊ စုစုပေါင်း (၁၀)ပုဒ်မေးပါ၏။ သဒ္ဒါ၊ သင်္ဂြိုဟ်မေးရာတွင် သဒ္ဒါကျမ်း, သင်္ဂြိုဟ်ကျမ်းတို့မှ တိုက်ရိုက်မေးခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းကျမ်းစာ ပါဠိတော် အဋ္ဌကထာတို့မှ ထုတ်နုတ်၍ သဒ္ဒါနည်း, သင်္ဂြိုဟ်နည်း တို့ကိုသာ မေးခြင်းဖြစ်ပါ၏။ ပါဠိစာပေ တတ်မြောက်ရေး အထောက် အကူပြု လက်တွေ့ကျသော ထိုစာမေးပွဲ သဒ္ဒါနည်းမေးပုံကို လေ့လာကြည့်သော အခါ ပထမဆင့်တွင် စာစပ်, သန္ဓိပုဒ်စပ်, ပုဒ်ဖြတ်, နာမ်ဂိုဏ်းစဉ်, အာချာတ်ဂိုဏ်းစဉ်, လိင်, ဂိုဏ်း, ကာရန့်တို့ကိုလည်းကောင်း၊ ဒုတိယ ဆင့်တွင် သမာသ်တဒ္ဓိတ်ကိတ်ပုဒ်တို့ အားလျော်စွာ ပုဒ်ခွဲ, ပုဒ်ပစ္စည်းခွဲ, ဓာတ်ပစ္စည်းခွဲ, ဝိဂြိုဟ်ဝစနတ္ထတို့ကို လည်းကောင်း၊ တတိယဆင့်တွင် ထိုအချက်များအပြင် စာသွားစာလာ ဝါကျခွဲတို့ကို လည်းကောင်း မေးမြန်းသည်ကို တွေ့ရပါ၏။ တတိယဆင့်အထိ အောင်မြင်သော သာမဏေများအား ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်

ဘွဲ့ပေးပါ၏။ ဒုတိယဆင့်လောက်အောင်လျှင်ပင် ပါဠိအဋ္ဌကထာဋီကာများကို အတော်အသင့် ကြည့်နိုင်သော အဆင့်ရောက်ပြီဖြစ်ပါ၏။

၂၆။ သာမဏေကျော်ဘွဲ့ရထားသူသည် ဓမ္မာစရိယတန်းအောင်မြင်ရန် အခက်အခဲမရှိပါ။ ပထမကြီးတန်း အောင်မြင်ထားသူ ၉၀ ရာခိုင်နှုန်းတို့ကား ဓမ္မာစရိယတန်းအောင်မြင်ရန်ခက်ခဲလှပါ၏။ ဤ၌ ပထမပြန်စာမေးပွဲ ပထမကြီးတန်းနှင့် သာမဏေကျော်စာမေးပွဲ တတိယဆင့်တို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်စေလိုပါ၏။ ပထမကြီးတန်း အောင်မြင်ရန်နှင့် တတိယဆင့်အောင်မြင်ရန် အချိန်ကာလ၊ အားထုတ်ရမှုပမာဏအားဖြင့် ကွာခြားလှသည်မဟုတ်သော်လည်း အကျိုးရလဒ်အားဖြင့်ကား အလွန်ပင် ကွာခြားနေသည်ကို တွေ့ရပါ၏။ ပထမကြီးတန်း အောင်မြင်ထားသူ အများစုသည် ပါဠိတော် အဋ္ဌကထာ ဋီကာများကို ကောင်းစွာကြည့်နိုင်ခြင်းမရှိဘဲ တတိယဆင့် အောင်မြင်ထားသူများကား ကောင်းစွာကြည့်နိုင်ကြပါ၏။ ထို့ကြောင့်လည်း ပထမကြီးတန်း အောင်ပြီး ဓမ္မာစရိယဘွဲ့မရဘဲ ရပ်တန့်သွားသူ များစွာရှိ၍ တတိယဆင့်အောင်ပြီး ဓမ္မာစရိယဘွဲ့မရဘဲ ရပ်တန့်သွားသူဟူ၍ မရှိပါ။

**ပထမပြန်ပြုပြင်ပြောင်းလဲရေး**

၂၇။ ယနေ့မျက်မှောက်ခေတ်သည် စာမေးပွဲခေတ်ဖြစ်၍ ယခုကဲ့သို့ စာမေးပွဲကိုအခြေခံပြီး သုံးသပ်ပြခြင်း ဖြစ်ပါ၏။ ပရိယတ်စာမေးပွဲများရှိနေခြင်းကြောင့်လည်း စာပေပရိယတ်သင်ယူသူများ အင်အားကောင်းနေခြင်းဖြစ်ပါ၏။ ပရိယတ်စာမေးပွဲများသည် ပရိယတ်သာသနာ

အခွန့်ရှည်ကြာဖို့အတွက် အလွန်အကျိုးများလှပါ၏။ အဋ္ဌကထာ ဋီကာကို ကြည့်၍ ပါဠိတော်၏ အနက်အဓိပ္ပါယ်ကိုငှင်း၊ ဋီကာကိုကြည့်၍ အဋ္ဌကထာ၏ အနက်အဓိပ္ပါယ်ကိုလည်းကောင်း သေချာကျနစွာသိသူကို ပရိယတ်စာပေတတ်မြောက်ကျွမ်းကျင်သူဟူ၍ အသိအမှတ် ပြုအပ်ပါ၏။ သာမဏေကျော်စာမေးပွဲက ပရိယတ်စာပေတတ်မြောက် ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိပါ၏။ မန္တလေးပရိယတ္တိသာသနဟိတအသင်းကြီး၏ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲက ရှေ့ဆောင်လမ်းပြပြုပေးသဖြင့် ရန်ကုန်၊ ပဲခူး၊ ပခုက္ကူ၊ တောင်ကြီး၊ မိတ္ထီလာ၊ မော်လမြိုင်ကျွန်း စသည့် ထိုထိုမြို့များ၌ သာမဏေကျော်စာမေးပွဲများ အလို့ အလို့ ပေါ်ထွန်းလာသည်မှာ အနာဂတ် ပရိယတ်သာသနာအတွက် အားတက်ဖွယ်ရာပင်ဖြစ်ပါ၏။

၂၈။ သာမဏေကျော်စာမေးပွဲများသည် ပရိယတ်သာသနာတော် အတွက် ထိုသို့ပင်အကျိုးများပါသော်လည်း တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ပထမပြန်စာမေးပွဲနှင့် နှိုင်းစာကြည့်ပါလျှင် အလွန်ပင် ကျဉ်းမြောင်းလှပါ၏။ ပရိယတ်ဆိုင်ရာ အတန်းပညာဖြင့် တိုင်းတာရာ တွင်လည်း ပထမပြန်စာမေးပွဲဖြင့်သာ တိုင်းတာလေ့ရှိကြပါ၏။ ပထမကြီးတန်းအောင်မြင်မှ မိမိဆက်လိုရာ ရှေ့ခရီးဆက်နိုင်ကြပါ၏။ ပထမပြန်စာမေးပွဲသည်သာ အများ၏ အသိအမှတ်ပြုခြင်းခံရသော တန်းဝင်စာမေးပွဲ ဖြစ်ပါ၏။ ထို့ကြောင့် ပါဠိစာပေသင်ယူပို့ချမှု အဆင့်မြှင့်တင်ရေး စဉ်းစားရာတွင် ပထမပြန်စာမေးပွဲဖြင့်စဉ်းစားမှသာ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်မည်ဖြစ်ပါ၏။ ထိုသို့ ပထမပြန်စာမေးပွဲကို ပြုပြင်ပြောင်းလဲရာတွင် ပြဋ္ဌာန်းကျမ်းစာများကို အထူးပြုပြင်ပြောင်းလည်းရန်မလိုဘဲ မေးခွန်းထုတ်ပုံစံ ပြုပြင် ပြောင်းလဲ ရုံမျှဖြင့် အဆင်ပြေနိုင်ပါ၏။ လက်ရှိအကျိုးဖြစ်ထွန်းလျက်ရှိသော သာမဏေကျော်စာမေးပွဲ၏ မေးခွန်းထုတ်ပုံနည်းစနစ်ကို နမူနာယူ၍ ပြုပြင်ပြောင်းလဲသင့်ပါ၏။ ပထမပြန် ပါဠိစာပေသင်ယူ ပို့ချမှု ပြုပြင် ပြောင်းလဲရေးဖြစ်၍ ပထမပြန်ပါဠိသဒ္ဒါ သင်ယူပို့ချမှုအပိုင်းကို အဓိကထား အကြံပြုသွားမည်ဖြစ်ပါ၏။

၂၉။ ပထမငယ်တန်းတွင် ကစ္စည်းသဒ္ဒါကြီးကို အပြည့်အစုံသင်ယူ ပို့ချခြင်းမပြုဘဲ သုတ်စဉ်၊ သုတ်နက်၊ ရုပ်အကျဉ်းတွက်ပုံစံမျိုးဖြင့် ပို့ချသင့်ပါ၏။ နာမ်ဂိုဏ်း အာချာတ်ဂိုဏ်များကိုလည်း အထူးအလေးထား သင်ကြားပေးသင့်ပါ၏။ မေးခွန်းထုတ်ရာတွင်လည်း နာမ်ဂိုဏ်း(၁)ပုဒ်၊ အာချာတ်ဂိုဏ်း(၁)ပုဒ် ပါဝင်စေသင့်ပါ၏။ ဓာတ်အဋ္ဌကထာ (ဘာသာပြန်)မှ လက်တွေ့ပါဠိသဒ္ဒါအသုံးချအနေဖြင့် စာစပ်(၁)ပုဒ်၊ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်း၊ လိင်္ဂဂိုဏ်း၊ ကာရန်(၁)ပုဒ် ထည့်သွင်းပေး သင့်ပါ၏။ စာစပ်ကိုမေးရာတွင် ဝန်ထုတ် ဝန်ပိုးမဖြစ်စေရန် လိုရင်း တိုရှင်း အကျဉ်းနည်းစာစပ်ပုံစံမျိုး မေးသင့်ပါ၏။

၃၀။ ပထမလတ်တန်းတွင် ကစ္စည်းသဒ္ဒါကြီးကို အပြည့်အစုံပို့ချပေးရန် ဖြစ်ပါ၏။ ထိုသို့ပို့ချရာတွင် ကျမ်းစာကိုအလေးထားပို့ချခြင်းထက် ဘာသာရပ်တတ်မြောက်ရေးကို အလေးထားပို့ချသင့်ပါ၏။ လက်ရှိ

အများစု စာသင်ကြားနေသည်မှာ ဘာသာရပ် တတ်မြောက်ရေးထက် ကျမ်းစာတတ်မြောက်ရေးကို အလေးထား သင်ကြားနေသည့် သဘော ရှိပါ၏။ မေးခွန်းထုတ်ရာတွင် သမာသ် တဒ္ဓိတ် ဝိဂြိုဟ် ဝစနတ္ထ(၁)ပုဒ် အာချာတ်ကိတ် ဓာတ်ပစ္စည်း ဝိဘတ်ခွဲ, ဝိဂြိုဟ်ဝစနတ္ထ(၁)ပုဒ် ပါဝင်စေသင့်ပါ၏။ ဇာတ်အဋ္ဌကထာ(ဘာသာပြန်)မှ စာစပ်(၁)ပုဒ်၊ သမာသ်၊ တဒ္ဓိတ်၊ ကိတ် ဝိဂြိုဟ် ဝစနတ္ထ(၁)ပုဒ် ထည့်သွင်းမေးသင့် ပါ၏။

၃၁။ ပထမကြီးတန်းတွင် ဒွေမာတိကာ ကစ္စည်းသဒ္ဒါကြီး သဂြိုဟ် ကျမ်းရင်း ပြဋ္ဌာန်းကျမ်းစာတို့ကို အောက် (၂)တန်း၌ သင်ကြားပြီးဖြစ်၍ ယင်းတို့ကို လုံးဝဖြုတ်ပယ်ပြီး ကင်္ခါအဋ္ဌကထာ ရူပသိဒ္ဓိ ဋီကာကျော် တို့ကို တိုက်ရိုက်ပို့ချပေးသင့်ပါ၏။ မေးခွန်းထုတ်ရာတွင် ရူပသိဒ္ဓိ၌ အနက်ပေး၊ သဒ္ဒါရေး၊ သဘောအဓိပ္ပါယ်တို့ကို ကျမ်းလာအတိုင်း မှူတအောင် အချိုးကျ မေးသင့်ပါ၏။ ကင်္ခါအဋ္ဌကထာ ဋီကာကျော်တို့၌ အနက်ပေး(၁)ပုဒ်၊ စာစပ်(၁)ပုဒ်၊ နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း, လိင်ဂိုဏ်း ကာရန်ခွဲ(၁)ပုဒ်၊ သမာသ်, တဒ္ဓိတ်, ကိတ်ဝိဂြိုဟ် ဝစနတ္ထ(၁)ပုဒ်၊ အာဘော်သံဝဏ္ဏနာ(၁)ပုဒ်၊ သဘောအဓိပ္ပါယ်(၅)ပုဒ် ခွဲခြားသတ်မှတ် မေးသင့်ပါ၏။ ပင်ပန်းကြီးစွာကျက်မှတ်ရပြီး အကျိုးမများလှသဖြင့် ပါဠိအဘိဓာန်ကိုဖြုတ်ပယ်သင့်ပါ၏။ အလင်္ကာ ဆန်း တို့ကိုသင်ကြား ရာတွင် လက်တွေ့ကျသော မြန်မာစာအရေးအသား တော်စေရေး၊ ပါဠိဂါထာအရေးအသား ကျွမ်းကျင်ရေးတို့အတွက် ဦးစားပေးပို့ချသင့်

ပါ၏။ လက်တွေ့စမ်းသပ်သောအားဖြင့် အလင်္ကာ၊ ဆန်းဘာသာရပ်၌ ပါဠိဂါထာဆန်းစစ်၊ ပါဠိဂါထာစီ(၁)ပုဒ် ထည့်သွင်းမေးသင့်ပြီး ဇာတ်အဋ္ဌကထာ(ဘာသာပြန်)၌ မြန်မာစာစီစာကုံး (၁)ပုဒ်ထည့်သွင်းမေးသင့်ပါ၏။


## နိဂုံးချုပ်သုံးသပ်တင်ပြချက်

၃၂။ ပါဠိစာပေသင်ယူခြင်းသည် ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို သိဖို့ အဓိကဖြစ်ပါ၏။ ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို မှန်မှန်နှင့်မြန်မြန်သိဖို့မှာ ပါဠိစာပေသင်ယူပို့ချမှု နည်းစနစ်မှန်ဖို့လိုပါ၏။ ဓမ္မာစရိယတန်းရောက်မှ(ဝါ) တက္ကသိုလ်တန်းရောက်မှ ပါဠိစာပေသင်ယူပို့ချမှု နည်းစနစ်မှန်ကို ပြန်လည်ဖော်ဆောင်ပေးမည်ဆိုလျှင် မတတ်သာ၍ လုပ်ရသော်လည်း အချိန်ကုန်စေသောအလုပ်ကို လုပ်ဆောင်ရာရောက်ပါ၏။ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်း(ဝါ) တက္ကသိုလ်တန်းတို့ အဆက်အစပ်ရှိရှိဖြင့် အချိတ်အဆက်မိမည်ဆိုပါလျှင် အလိုလိုပြီးမြောက်၍ အချိန်ပိုကုန်ရန်မလိုတော့ပါ။ ထိုသို့ဖြစ်နိုင်သော နည်းလမ်းမှာ ဝိနယာဓိက ပရိယတ္တိစာမေးပွဲနှင့် သာမဏေကျော် စာမေးပွဲများကို နည်းမှီပြီး ပထမပြန်စာမေးပွဲပြုပြင်ပြောင်းလဲရေးပင် ဖြစ်ပါ၏။

၃၃။ ပါဠိစာပေတတ်မြောက်ရေးတွင် အရေး၊ အပြော၊ အဖတ် ဟူ၍ အတတ်ပညာ(၃)ရပ် ရှိရာတွင် အဖတ်ကအဓိကဖြစ်ပါ၏။ ပါဠိတော် အဋ္ဌကထာ ဋီကာများကိုဖတ်နိုင်ဖို့(ဝါ) သဘောပေါက်နားလည်အောင် ကြည့်နိုင်ဖို့ အဓိကဟူ၍ ဆိုလိုပါ၏။ အပြောမှာ ပြောစရာ နယ်ပယ်

ဝန်းကျင်မရှိ၍ အသုံးမဝင်လှသောကြောင့် အထူးလေ့ကျင့်ရန်မလိုအပ်ဟု ယူဆပါ၏။ အရေးကိုကား အဖတ်အတွက် (ဝါ) စာမြင်ဖို့အတွက် အလေ့အကျင့် ပြုအပ်ပါ၏။ စွမ်းနိုင်ပါလျှင် ပညာရှင်တစ်ဆူ တံခွန်ထူ လောက်အောင် လေ့ကျင့်ဆည်းပူးအပ်သော ပညာရပ်အဖြစ် အသိအမှတ် ပြုအပ်ပါ၏။ ပိဋကတ်တော်များကို အမှန်ဆုံးနှင့်အမြန်ဆုံး သိရှိနားလည်နိုင်ရန် ပထမပြန်စာမေးပွဲကိုအခြေခံ၍ ပါဠိစာပေ သင်ယူပို့ချမှု ပြုပြင် ပြောင်းလဲရေးကို မဖြစ်မနေ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါ၏။

ဦးစံသင်းလှိုင်
(ပထမကျော် သ·စ·အ ဓမ္မာစရိယ)
တွဲဖက်ပါမောက္ခ၊ အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)




နှိုးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ညွှန့်ပါမောက္ခဆရာတော်
ဒေါက်တာအရှင်ဓမ္မသာမိက ဆောင်ရွက်တော်မူစဉ်



နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅–၄–၂၀၀၈) နေ့လည်ပိုင်း/ညနေပိုင်းတွင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူစဉ်



နီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည် ပါဝင်ဆွေးနွေးစဉ်



နိုးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ''ပါဠိပုဒ်အချို့ကို သက္ကတနှင့် နှိုင်းယှဉ်လေ့လာချက်
သုတေသနပြုစာတမ်း'' ကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိပုဒ်အချို့ကို သက္ကတနှင့် နှိုင်းယှဉ်လေ့လာချက် သုတေသနပြုစာတမ်း

ဒေါက်တာအရှင်ကုမာရာဘိဝံသ
ဒုတိယပါမောက္ခချုပ်
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

ပါဠိပုဒ်အချို့ကို သက္ကတဘာသာနှင့် နှိုင်းယှဉ်၍ လေ့လာသော အခါ အောက်ပါအချက်တို့ကို သုတေသနပြု လေ့လာတွေ့ရှိရပါသည်-

၁။ (က) ယဒ် - တဒ် - ဧတဒ် သက္ကတပုဒ်နှင့်

ယ - တ -ဧတ - ပါဠိပုဒ်

ယ + အဂ္ဂ = ယဒဂ္ဂ

တ + အဂ္ဂ = တဒဂ္ဂ

ဧတ + အဂ္ဂ = ဧတဒဂ္ဂ

ဤကဲ့သို့ သက္ကတပုဒ်များရှိ 'ဒ်' နှင့်ဆုံးသော ယဒ် - တဒ် ဧတဒ် ပုဒ်များ၌ အဆုံး ဒ် ကိုချေ၍ ပါဠိဘာသာ၌ ယ - တ - ဧတ ဟု ပုဒ်တည်သည်။ ၎င်းချေထားသော ဒ်- ဗျည်းသည် နောက်မှ သရနှင့် ပုဒ်စပ် တွဲလိုက်လျှင် ပြန်ပေါ်လာသည်၊ ဒ် အာဂမ အနေဖြင့် လာပေးရသည်။

(ခ) အကယ်၍ နောက်မှ ဗျည်းစသော ပုဒ်နှင့် သမာသ် တွဲစပ်လျှင် ဒွေဘော် (၂-လုံးဆင့်) ပြုပေးရသည်။

တဿ ဘာဝေါ = တဘာဝေါ = တဗ္ဘာပေါ

ယ + ဘာဝေါ = ယဗ္ဘာဝေါ

ဧတ + ဘာဝေါ = ဧတဗ္ဘာဝေါ စသည်တို့ဖြစ်သည်။

(ဂ) အကယ်၍ ဒွေဘော် (၂-လုံးဆင့်) မပြုလျှင် ၄င်း ဒ်-ဗျည်းကို နိ = ံ (နိဂ္ဂဟိတ်) ပြောင်းပေးရသည်။

တ + သမုဒ္ဒာနံ = တံသမုဒ္ဒာနံ

(ထို့အတူ - ယံသမုဒ္ဒာနံ၊ ဧတံသမုဒ္ဒာနံ) စသည်တို့ဖြစ်သည်။

(ဃ)အကယ်၍ နိဂ္ဂဟိတ် မပြုလျှင် ဒ်- ကို ချေထားရသည့် အတွက် ရှေ့မှ အ- သရကို အာဒီဃ ပြုပေးရသည်။

ယဒ် (ယ) + ဒိသ = ယာဒိသ

တဒ် (တ) + ဒိသ = တာဒိသ

ဧတဒ် (ဧတ) + ဒိသ = ဧတာဒိသ စသည်တို့ ဖြစ်သည်။

၂။ ပါဠိ = ဥ။ သက္ကတ = ဥဒ်ရှိ ဤ ဥ- ဥပသာရ၌လည်း သက္ကတ၌ ဒ် ဆုံးသော ပုဒ်တည်း၊ ထို့ကြောင့် ယဒ် - ၌ - ဧတဒ် ပုဒ်များကဲ့သို့ ၄-မျိုး ပုဒ်ပြီးပုံကို မှတ်ရသည်။

(က) ဥဒ် - ဒ်ဗျဉ်နန္တဖြစ်၍ နောက်မှာ သရပုဒ်ရှိလျှင် ဒ်-လာ၍ ပုဒ်စပ်ရသည်။

ဥဒ် + အပါဒိ = ဥဒပါဒိ

ဥ + အဂ္ဂ = ဥဒဂ္ဂ ဟူ၍ဖြစ်သည်။

(ခ) နောက်မှာ ဗျည်းစသော ပုဒ်နှင့် တွဲစပ်လျှင် ဒွေဘော် ပြုပေးရသည်။

ဥ + ဂစ္ဆတိ = ဥဂ္ဂစ္ဆတိ

ဥ + နမတိ = ဥန္နမတိ ဟူ၍ဖြစ်သည်။

(ဂ) ဥ + နမတိ = ဥံ + နမတိ = ဥန္နမတိ၊ ဒ်- ဗျည်း နိဂ္ဂဟိတ်ပြောင်း၍ ဥံဟုဖြစ်သည်၊ ထို့နောက် နိဂ္ဂဟိတ်ကို န ပြု၍ ဥန္နမတိ ဟု ပုဒ်ပြီးသည်။

(ဃ) အကယ်၍ နိဂ္ဂဟိတ် မပြုလျှင် ဥဒ် = ဥ - ဟု ဒ် ချေလျှင် ဒ်-ကို ချေသည့်အတွက် ရှေး ဥ-ကို ဦ- ပြုပေးရသည်။

ဥ + ဟနတိ = ဦဟနတိ။

သံ + ဥ + ဟနတိ = သမူဟနတိ။

သီမံ သမူဟနတိ = သိမ်ကိုနှုတ်၏။

သမူဟတော-စသည်နှင့်

ဥ + ဟသတိ = ဦဟသတိ- စသည်တို့ဖြစ်သည်။

၃။ ပရိသာ- ပါဠိပုဒ်။ ပရိဂဒ်- သက္ကတပုဒ်

သံသာ = ပါဠိ။ သံဂဒ် = သံသဒ်

ကမ္ဘာဦးရှေးက ဋ္ဌ-ဝိဘတ် နောက်မှ သ္မိ = ဟ္မိ = မှိ = မိ

သ္မိ + န် = သ္မိန် = သ္မိံ- ဝိဘတ်ဖြစ်လာသည်။

ပုရိသ + ဋ္ဌ = (အ + ဋ္ဌ = ေ) = ပုရိသေ

ပုရိသမှိ ပုရိသသ္မိံ- ဟု ၃-ရပ်ပြီးသည်။ ဤအတူ

ပရိသာ + ဣ = (ပရိသဒ် + ဣ = ပရိသဒိ = ပရိသတိ-
ဟု သို့ ဝိဘတ်၌ ရုပ်ထူးဖြစ်သည်။

သံသာ + ဣ (သံသဒ် + ဣ = သံသဒိ = သံသတိ-) ဟု
ရုပ်ပြီးသည်။

၄။ မနောဂိုဏ်းဝင် ပုဒ်များ၌

မနသ်- ဝစသ်- ဝယသ်- သိရသ် စသည်ဖြင့် သက္ကတပုဒ်များ ရှိ၏။ ပါဠိ၌မူ သ်ဗျည်းကို ခြေဖျက်၍ မန - ဝစ - ဝယ - သိရ - ဟု အ - သရန္တရှိ၏။

သ် - ဗျည်းကို သက္ကတ-၌ သ = း ဟု ဝိသဇ္ဇနီ ဝစ္စပေါက် ၂-လုံးနှင့် ရေး၏။

ထို့ကြောင့် မနော ဝစော ဝယော သိရောဟု ဩကာရန္တ လည်းထားကြ၏။

မနသ် = မနး = မနော

ဝစသ် = ဝစး = ဝစော

ဝယသ် = ဝယး = ဝယော

သိရသ် = သိရး = သိရော စသည်တို့ဖြစ်သည်။

ကမ္ဘာဦး ရှေးကာလက

အာ ဝိဘတ် - နောက်မှ နာ- ဝိဘတ်

အော- ဝိဘတ် - နောက်မှ သ- ဝိဘတ်

ဣ- ဝိဘတ်- နောက်မှ သ္မိံ = မှိ = သ္မိန် ဝိဘတ်များ ဖြစ်လာကြသည်။

မနသ် + အာ = မနသာ (မနေန)

မနသ် + အော = မနသော (မနသ)

မနသ် + ဣ = မနသိ (မနမှိ မနသ္မိံ)

မနောဓာတု တေဇောဓာတု စသည်ပုဒ်များ သက္ကတ၌ မနသ် = မနး။ တေဇသ် = တေဇး၊ စသည်ဖြင့် ဝိသဇ္ဇနီနှင့် ရှိ၏။ ပါဠိ၌ ၎င်း ဝိသဇ္ဇနီကို အော- ပြောင်း၍ မနးဓာတု = မနောဓာတု။ တေဇးဓာတု = တေဇောဓာတု စသည်ဖြင့် သမာသ်တခွိတ်အလယ်၌ ဩသရနှင့် ရှိနေခြင်းဖြစ်သည်။

၅။ မနသာ၊ မနသော၊ မနသိ- ဟု မနောဂိုဏ်းပုဒ်များ နာ - သ -သ္မိံ ဝိဘတ်များ၌ ရုပ်ပြီးသလို ဂုဏဝါဒိဂိုဏ် ဝန္တု = ဝတ် ပစ္စည်း၊ မန္တု = မတ် ပစ္စည်းဆုံးသော ပုဒ်များကို သိမှတ်ရာ၏။

ဂုဏဝန္တု = ဂုဏဝတ်

သီလဝန္တု = သီလဝတ်

သတိမန္တု = သတိမတ်

ဓိတိမန္တု = ဓိတိမတ်

ဤ၌ တ်- ဗျည်းဆုံးသော ပုဒ်များဖြစ်ကြသည်။ ထို့ကြောင့်

ဂုဏဝတ် + အာ = ဂုဏဝတာ

ဂုဏဝတ် + အော = ဂုဏဝတော

ဂုဏဝတ် + ဣ = ဂုဏဝတိ- ဟု ရုပ်ပြီးကြသည်။

ထို့အတူ သီလဝတ် + အာ (အော - ဣ) = သီလဝတာ - သီလဝတော - သီလဝတိ- ဟု ရုပ်ပြီးကြလေသည်။

သတိမတ် + အာ = သတိမတာ

သတိမတ် + အော = သတိမတော

သတိမတ် + ဣ = သတိမတိ- ဟု ရုပ်ပြီး၏။

ထို့အတူ ဓီတိမတ် + အာ (အော၊ ဣ) ဓီတိမတာ၊ ဓီတိမတော၊ ဓီတိမတိ- ဟု ရုပ်ပြီးပုံကို သိပါလေ။

၆။ သဒ္ဒါကျမ်းများ၌ သိယော၊ အံယော၊ နာ၊ ဟိ။ သ-နံ၊ သ္မာ - ဟိ၊ သ -နံ၊ သ္မိံ - သု ဟု နာမ်ဝိဘတ် ၁၄-လုံး ရှိ၏။ ထိုတွင် သိ- ဝိဘတ်ဟူသည် သူ့ချည်း မရှိချေ၊ ဥပမာ-

ကညာ + ယော = ကညာယော၊ ကညာ + အံ = ကညံ - -- ကညာ + သု = ကညာသု- ဟု ဝိဘတ်နောက်ဆုံးတွဲဖြင့် ပုဒ်ပြီးသကဲ့သို့ ကညာ + သိ = ကညာသိ- ဟူသော ရုပ်မရှိချေ။

ထို့အတူ ပုရိသ + သိ = ပုရိသတိ- ဟူသောရုပ်မရှိချေ။

အမှန်မှာ သိ- ဝိဘတ်မဟုတ်၊ ဣ-သရ အနုဗန်ရှိသော သ်- ဝိဘတ်သာဖြစ်သည်၊ ၎င်းသည် မနသ် = မနး= မနော မနောဓာတု- ဟု အော- ပြောင်းသကဲ့သို့ ပုရိသ + သ် = ပုရိသး = ပုရိသော- ဟု ရုပ်ပြီးခြင်း ဖြစ်သည်။-း ဝိသဇ္ဇနီကို ဟ- ထက်ဝက်သံ ရွတ်ဖတ်ရသည်။ ပုရိသး = ပုရိသ $\frac{၁}{၂}$ ဟ်= ပုရိသော- ဟု ဖြစ်လာသည်၊ ၎င်း ဟ - ထက်ဝက်သံမှာ အသံတိုး၍ ရုံခါနားမှာ မကြားရချေ၊ ထို့ကြောင့် ၎င်း ဟ ထက်ဝက်သံ - း အသံ ကြေပျောက်သွားသည်။

ကညာ + သ် = ကညား = ကညာ၊

အဂ္ဂ + သ် = အဂ္ဂီး = အဂ္ဂီ စသည်တို့ဖြစ်သည်။

၇။ ဒဏ္ဍီ - ပါဠိ။ ဒဏ္ဍိန် - သက္ကတ။

ဒဏ္ဍာဒိတော ဣက ဤ၊ သုတ်ဖြင့်သက်သော ဤ-ပစ္စည်းသည်၊ ဣန်ပစ္စည်း သက္ကတနှင့် အတူတူပင်ဖြစ်သည်။

ဒဏ္ဍိန် - ပုဒ်ရင်း၊ န် - ဗျည်းကိုချေလိုက်လျှင် ဒဏ္ဍိန် = ဒဏ္ဍိ- ဟူ၍ ရှိပြီး န်- ကို ချေသည့်အတွက် အစားပေးရသော နည်းအရ ရှေ့ ဒဏ္ဍိ- မှ ဣ- သရသည် ဤ- ဒီဃဖြစ်သွားသည်။

ဒဏ္ဍိန် = ဒဏ္ဍိ = ဒဏ္ဍီ ဟူ၍ဖြစ်သည်။

ဒဏ္ဍိန်- ဟု န်- ဗျည်း အဆုံးရှိသဖြင့် သရနှင့်စသော ဝိဘတ်နောင်းရာ၌ ၄င်း န်- ဗျည်းနှင့် တွဲ၍ ရုပ်ပြီးကြသည်၊ ဥပမာ-

ဒဏ္ဍိန် + အံ = ဒဏ္ဍိနံ - တောင်ဝှေးရှိသောသူကို။

ဒဏ္ဍိန် + အာ (နာ = အာ) ဒဏ္ဍိနာ တောင်းဝှေးရှိသူဖြင့်

ဒဏ္ဍိန် + အော = ဒဏ္ဍိနေ- (သ = အော) တောင်ဝှေးရှိသူအား

ဒဏ္ဍိန် + ဣ = ဒဏ္ဍိနိ- (ဣ = သ္မိံ = မှိ။ ဒဏ္ဍိသ္မိံ၊ ဒဏ္ဍိမှိ)၊ တောင်ဝှေးရှိသူ၌ ဟူ၍ဖြစ်သည်။

ဤ အတူ ဘယဒဿီ = ဘယဒဿိန် စသော ဣန်းဖြင့်ဆုံးသော ပုဒ်များ၌ ရုပ်ပြီးပုံကို သိကြပါလေ။

၈။ ရာဇ - ပါဠိပုဒ်။ ရာဇန် = ရာဇန် - သက္ကတ
ဇ = ဇဉ်န် - ရုံခါ ဉ် ကြေ၍ ရာဇန်- ဟု ဖြစ်၏။

ရာဇ = ရာဇန် = အာ = ရာဇာ = ရာညာ ဟု ရုပ်ပြီး၏၊ ရာညာ = မင်းသည်။

ရာဇ = ရာဇန် = အော = ရာဇန်း ရာည + အော = ရာညော - မင်းအား ဟူ၍ဖြစ်သည်။

ရာဇ = ရာဇန် + ဣ (သို့) ရာည +ဣ = ရာညေ။ ရာဇိနိ။ (ရာဇန် - ပုဒ်မှ န် ဗျည်း ဣ- ဝိဘတ်သို့ ကပ်၍ န် + ဣ = နိ - ဟု ရုပ်ပြီးသည်၊ ဇ - ၌ ဇ် -နောင် ဣ - လာ၍ ဇ် + ဣ = ဇိ ၊ ဉ် - ကြေသည်။ ရာဇိနိ ဟု ရုပ်ပြီးသည်။

ဤကဲ့သို့ သက္ကတနှင့် တွဲစပ်လေ့လာမှ ရာဇိနိ ရုပ်ပြီးပုံကို သဘာဝကျကျ သိနိုင်ပေမည်။

ရာဇ = ရာဇန် +အံ = ရာဇာနံ။ ရှေ့ အ - သရ အာဒီဃ ရောက်သည်။ ဇ - ပုဒ်၌ ဉ် - ဗျည်းကိုချေလျှင် အစားပေးရသည့် နည်းအရ အာ - ဒီဃရောက်ခြင်း ဖြစ်သည်။

(ယဒ် + ဒိသ = ယာဒိသ။ ယဒ် ၌ ဒ် - ကို ချေလျှင် ရှေ့ အ - သရ အာဒီဃ ပြုရသကဲ့သို့တည်း။ တာဒိသ၊ ဧတာဒိသ ပုဒ်များ၌လည်း နည်းတူပင်) ဖြစ်သည်။

ရာဇ = ရာဇန် + အော = ရာဇာနော မင်းတို့သည်။ ရုပ်ပြီးပုံတူ၏။။ ရှေးကာလ၌ အော- ဝိဘတ်တည်း။ နောက်မှ အော = ယော - ဟု ၂- မျိုး ဖြစ်လာသည်။

ရာဇိနော - ၌ ရာဇ္ဉ န် + အော = ရာဇ္ဉ နော ဇ် - နော် ဣ-လာပါ၊ ရာဇိနော၊ ဉ်- ဗျည်းကြေသွားသည်။

ရာဇန် - သက္ကတပုဒ်၌ ဇ္ဉ - ပေါင်း၍ ဉ်ဉ် = ည ဖြစ်သွားလျှင် ရာညာ - ရညော ရညေ- ဟု ဖြစ်သည်။

၉။ နံ - ဝိဘတ် ပါဠိ။ အာမ် - သက္ကတ (ရာဇ) ရာဇန် + အာမ် = ရာဇ္ဉ = ရည+ အာမ် = ရညာမ် - မင်းတို့အား ဟု နံဝိဘတ်ဖြင့် ပြီး၏။

ဤနည်းတူ ပါဠိ - ၌ ရာဇ +နံ = ရာဇာနံ - ဟု ရုပ်ပြီးရမည် ဖြစ်သော်လည်း ရညံ - မင်းတို့အား - ဟု ရုပ်ပြီးခြင်းသည် သက္ကတ ရညာမ် ပုဒ်သို့ ယိမ်းသွားသော ပုဒ်ဖြစ်သည်ဟု သိရာ၏။

ဤနည်းတူ ဂုဏဝါဒိဂိုဏ်း ဝတ် (ဂုဏဝတ်) မတ် (သတိမတ်) ပုဒ်များ၌ နံဝိဘတ်ဖြင့် ဂုဏဝတ် + နံ = ဂုဏဝတံဟု ရုပ်ပြီးခြင်းသည် သက္ကတသို့ ယိမ်းသော ရုပ်ပြီးခြင်း ဖြစ်သည်။

ဂုဏဝတ် + အာမ် = ဂုဏဝတာမ် (သက္ကတ)နှင့် ဂုဏဝတ် = ဂုဏဝန္တ + နံ = ဂုဏဝန္တာနံ (ပါဠိ)တို့တွင် ဂုဏဝတံ သည် သက္ကတယိမ်းသည့် ပါဠိ ဖြစ်သည်။

အလားတူပင်

သတိမတ် + အာမ် = သတိမတာမ် (သက္ကတ) နှင့် သတိမတ် = သတိမန္တ + နံ = သတိမန္တာနံ (ပါဠိ)တို့တွင် သတိမတံ သည် သက္ကတယိမ်းသည့် ပါဠိဖြစ်သည်။

ဤနည်းတူ ဂစ္ဆန္တာဒိ ဂိုဏ်း

ဂစ္ဆန္တ - စရန္တ - အရဟန္တ - စသည့် အန္တ = အတ်ပစ္စည်းဆုံး ကိတ်ပုဒ်များ၌လည်း မှတ်သားရာ၏။

ဂစ္ဆတ် - စရတ် - အရဟတ် ( = ဂစ္ဆန္တ၊ စရန္တ၊ အရဟန္တ) ၄င်းတို့နောင် နံ ဝိဘတ်သက်လျှင် ဂစ္ဆတ် + နံ = ဂစ္ဆန္တာနံ - ဟု ပါဠိရုပ်ပြီး၏။

ဂစ္ဆတ် + အာမ် = ဂစ္ဆတာမ် - ဟု သက္ကတရုပ် ပြီး၏။

ဂစ္ဆတံ - ကား သက္ကတယိမ်းသော ပါဠိဖြစ်သည်။

စရတံ = စရန္တာနံ။ အရဟတံ = အရဟန္တာနံ - တို့၌လည်း အလားတူ သိပါလေ။

ဤကား ပါဠိပုဒ်အချို့ ရုပ်ပြီး ခက်နေလျှင် သက္ကတ ဘာသာဖြင့် တွဲဖက်လေ့လာနည်း အမြွက်ပေတည်း။

ဒေါက်တာအရှင်ကုမာရာဘိဝံသ

ဒုတိယပါမောက္ခချုပ်

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်



နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) တွဲဖက်ဌာနမှူး
ဆရာကြီး ဦးမြင့်ဆွေ(မဟာဝိဇ္ဇာ၊ လန်ဒန်)က
"ပါဠိနှင့် သက္ကတဘာသာတို့ကို နှိုင်းယှဉ်လေ့လာဘာသာဗေဒနည်းဖြင့် သင်ကြားသင့်ပုံ"
သုတေသနစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိနှင့်သက္ကတဘာသာတို့ကို နှိုင်းယှဉ်လေ့လာ ဘာသာဗေဒနည်းဖြင့်သင်ကြားသင့်ပုံ

ဦးမြင့်ဆွေ၊ (သိရီပဝရဓမ္မာစရိယ)
ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ(လန်ဒန်)
အကြံပေးပညာရှင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ရှေးခေတ်က မြန်မာနိုင်ငံ၌ ပါဠိပထမပြန် စာမေးပွဲများအတွက် ပါဠိဘာသာကို လုံးဝမသင်ဖူး၊ နားမလည်သေးသည့် ရှင်သာမဏေများအား "ကစ္စည်းသဒ္ဒါကြီး"ကို ပါဠိအနက်နှုတ်တိုက်ချ၍ သင်ပေးပြီး ၎င်းထဲပါ သုတ်စဉ်များနှင့်သုတ်နက်များ၊ ဝုတ္တိ၊ ဥဒါဟရဏ်(ပြယုဂ်)များကို အရကျက်ခိုင်း-ရပ်တွက်ခိုင်းခဲ့ကြ၏။ ဤရှေးနည်းဖြင့် ၃-နှစ်ကျော်သင်မှ ပါဠိအခြေခံမျှတတ်ရုံသာရှိ၏။ သုတ်စဉ်များဖြင့် ရုပ်တွက်ရာ၌ သဘောမပါ တမှတ်တည်း မှတ်နေရပုံတို့ကို များစွာ တွေ့ရှိရ၏။

* နာမ်ဂိုဏ်းစဉ်တွင်။ ။ "ဒေဝေါ"၌ သိ ဝိဘတ်ကို ဩ-ပြု။
* "စိတ္တံ"၌ သိ-ကို အံ-ပြု။ * "ဒေဝါ"၌ ယော, သ္မာ-တို့ကို အာ-ပြု။ "ဒေဝေ"၌ ယော၊ သ္မိံတို့ကို ဧပြု။ ဤသို့စသည်ဖြင့် လည်းကောင်း။

*အာချာတ်ဂိုဏ်းစဉ်တွင်။ *"ဂဏ္ဍာတိ"၌ ဂဟ+ဏ္ဍာ+တိ"ဟု ပုဒ်ခွဲပြီး နောက်က ဏ္ဍာ-ကြောင့် ရှေ့ကဟ်-ကိုချေ။ * "ကယိရတိ" ၌ "ကရ+ယိရ+တိ"ဟုပုဒ်ခွဲပြီး နောက်က 'ယိရ'ပစ္စည်းကြောင့် ရှေ့က ရ-ကိုချေ။ * "ဃေပ္ပတိ"၌ 'ဂဟ+ပ္ပ+တိ'ဟု ပုဒ်ခွဲပြီး နောက်က 'ပ္ပ'ပစ္စည်းကြောင့် ရှေ့က ဂဟကို ဃေ-ပြု။ ဤသို့ စသည်ဖြင့်လည်းကောင်း။

*ကိတ်ပုဒ်များကို ရုပ်တွက်ရာတွင်။ ။ *'ကိစ္စ'-ပုဒ်ကို 'ကရ+ရိစ္စ'ဟု ပုဒ်ခွဲပြီး နောက်က ရ-ကိုလည်းကောင်း၊ ရှေ့က ရ ကိုလည်းကောင်း ချေ။ *'ဘုတ္တ'- ပုဒ်၌ 'ဘုဇ+တ'ဟု ပုဒ်ခွဲပြီး ရှေ့က ဇ-ကိုချေ၍ နောက် တ-ကို တ္တ-ဟု ဒွေဘော်ပြု။ * 'ကတ- ပုဒ်၌ 'ကရ+တ'ဟု ပုဒ်ခွဲပြီး ကရ-၏ရ-ကိုချေ။ *ကတ္တုံ-ပုဒ်၌ 'ကရ+တုံ'ဟု ပုဒ်ခွဲပြီး ရှေ့က ရ-ကိုချေ၍ နောက်က တုံကို တ္တုံ- ဟု ဒွေဘော်ပြု။ ဤသို့ စသည်ဖြင့် လည်းကောင်း။

ကိုရင်ငယ်နှင့်မတန် သဘောမပါတမှတ်တည်းမှတ်နေရ ခက်ခဲလှသည့်ရုပ်တွက်နည်းများကို ကျင့်သုံးနေခဲ့ကြပါ၏။ ထိုသို့ "သုတ်စဉ်၊ သုတ်နက်၊ ဝုတ္တိ၊ ဥဒါဟရဏ်များကို (သဘောအဓိပ္ပါယ် နားမလည်ဘဲ) အရကျက်ရပြီး သုတ်စဉ်များဖြင့် တမှတ်တည်း မှတ်နေရသည့် ရုပ်တွက်များနှင့်သာ အချိန်ကုန်နေကာ ပါဠိဘာသာ၌ အခြေခံ လုံးဝ မရရှိသေးသော ရှင်သာမဏေငယ်တို့အား "ပါတိမောက် ပါဠိနှင့် သင်္ဂြိုဟ်(၉)ပိုင်း ပါဠိကို နိဿျဘာသာပြန် နှုတ်တိုက်ချ- လိုက်ဆိုစေပြီးနောက် ယင်းပါဠိကျမ်းများကို (သဘောအဓိပ္ပါယ် မသိဘဲနှင့်)

အရကျက်ခိုင်းကြ၏။

ဤကဲ့သို့ ကိုရင်ငယ်နှင့်မတန်တကျက်တည်းကျက်ရ၊ တမှတ်တည်းမှတ်ရ၊ ပင်ပန်းခက်ခဲလှသည့် "သင်နည်းစနစ်ဆိုး"ဖြင့် သင်ပေးနေကြရာ ရှင်သာမဏေငယ်တို့မှာ အကြိမ်ကြိမ်အငေါက်ခံရ၊ အရိုက်ခံကြရသဖြင့် အများစုမှာ စိတ်ပျက်၍ လူထွက်သွားကြပြီး (အလွယ်မှအခက်သို့ တဖြည်းဖြည်း စနစ်တကျတက်၍သင်ပေးသည့်) လောကီခေတ်သင်တန်းကျောင်းများသို့ ပြောင်းရွှေ့ကာ လောကီ ခေတ်ပညာများကို သင်သွားကြသဖြင့် ဗုဒ္ဓသာသနာတော်အတွက် "အနှုတ်လက္ခဏာကြီး၊ အဆုံးအရှုံးကြီးဖြစ်ရပေ၏။ (တင်းလွန်း၍ ပြတ်သွားခြင်းဖြစ်၏။)

ထို့ပြင် ယခုခေတ် တချို့ဦးပဉ္စင်းငယ်တို့သည်လည်း ထိုခက်ခဲပင်ပန်းဆင်းရဲလှသည့် ပါဠိသင်နည်းကြောင့် ပရိယတ္တိစာပေကို သိပ်မသင်ချင်ကြတော့ဘဲ အင်္ဂလိပ်စာကိုသာ (ပိုက်ဆံများစွာအကုန်ခံ၍) သင်နေကြသည်ကိုလည်း သာသနာအတွက် ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါ၏။

ပရိယတ္တိသင်ကြားနည်း၌ "အခြေခံအဆင့်နှင့်အထက်တန်း(တက္ကသိုလ်)အဆင့်" ဟူ၍ နှစ်ပိုင်းခွဲ၍ သင်နည်းကိုပြုပြင် ပြောင်းလဲသင်သင့်ပါ၏။

### ၁။ အခြေခံအဆင့်

ဤအခြေခံအဆင့်၌ ရှင်သာမဏေငယ်များနှင့်လိုက်အောင် ပါဠိဘာသာကို ဤသို့ မြန်မာလိုသင်ပေးသင့်ပါ၏။

## * နာမ်ဂိုဏ်းစဉ်

နာမ်ဂိုဏ်းစဉ်နှင့် ပက်သက်၍ *(ပထမာ) ဒေဝေါ-----ဒေဝါ၊ *(အာလာပန) ဒေဝ-----ဒေဝါ၊ *(ဒုတိယာ) ဒေဝံ-----ဒေဝေ၊ *(တတိယာ) ဒေဝေန-----ဒေဝေဟိ, ဒေဝေဘိ၊ *(စတုတ္ထီ) ဒေဝါယ, ဒေဝဿ ----- ဒေဝါနံ၊ *(ပဉ္စမီ) ဒေဝါ, ဒေဝသ္မာ, ဒေဝမှာ ----- ဒေဝေဟိ, ဒေဝေဘိ၊ *(ဆဋ္ဌီ) ဒေဝဿ ----- ဒေဝါနံ၊ *(သတ္တမီ) ဒေဝေ, ဒေဝသ္မိံ, ဒေဝမှိ ----- ဒေဝေသု၊ ဤဒေဝဂိုဏ်းစဉ်၌ ဒေဝသည် မူးရင်းနာမ်ပုဒ်၊ သူနှင့် တွဲထားသည့်အရာတို့မှာ နာမ်ဝိဘတ်များဖြစ်၏ဟု နာမ်ဂိုဏ်းစဉ်ပုံကို (ရုပ်တွက်မခိုင်းဘဲ) သဘောပေါက်အောင် ဝိဘတ်တို့၏အဓိပ္ပါယ် များနှင့်တကွရှင်းပြပြီးမှ ကျေညက်အောင်အရကျက်ခိုင်းပါ။ ထို့နောက် ဒေဝနှင့် အလားတူဂိုဏ်းစဉ်နိုင်သည့် ပါဠိနာမ်ပုဒ်များကို ယင်းတို့၏ မြန်မာပြန်အနက်တို့နှင့်တကွ အရကျက်ခိုင်းပါ။ ထို့နောက် ၎င်းတို့ ဆိုင်ရာပါဠိဝါကျများကို ရေးပေး၍ မြန်မာပြန်ပုံ ရှင်းပြပေးပြီး မြန်မာ ပြန်ခိုင်းပါ။ ထို့နောက် အခြားနာမ်ပုဒ်တို့၏ ဂိုဏ်းစဉ်များ၊ နာမ်စားပုဒ် တို့၏ဂိုဏ်းစဉ်များ၊ သင်္ချာပုဒ်တို့၏ဂိုဏ်းစဉ်များကို (ရုပ်တွက် မခိုင်းဘဲ) ဂိုဏ်းစဉ်ပုံကိုသာ သဘောပေါက် နားလည်အောင် ရှင်းပြပေးပြီး အရ ကျက်ခိုင်းပါ။ ထို့နောက် ဆိုင်ရာပါဠိဒေါဟာရများ၊ ပါဠိဝါကျများကို ရေးပေး၍ မြန်မာပြန်ခိုင်းပါ။

## * အာချာတ်ကြိယာဂိုဏ်းစဉ်း

အာချာတ်ဂိုဏ်းစဉ်နှင့်ပက်သက်၍လည်း ------*(နာမ) ပစတိ-----ပစန္တိ၊ *(တုမှ) ပစသိ----ပစထ၊ *(အမှ) ပစာမိ-

--- ပစာမ။ ဤ၌ ပစဓာတ် + အ-ပစ္စည်း+တိ-စသည် (ပစ္စုပ္ပန် = ဝတ္တမာန်) အာချာတ်ကြိယာဝိဘတ်များဆက်၍ အာချာတ်ကြိယာပုဒ်များဖြစ်လာပုံကို ရှင်းပြ၊ ယင်းတို့ကို မြန်မာပြန်ပုံနှင့်တကွ၊ ရှေ့က ထား၍ သုံးရမည့် ကတ္တားပုဒ်များ (နှင့်ကံပုဒ်များ)အကြောင်းကို ရှင်းပြ၊ ထို့နောက် ပစတိကဲ့သို့ ဂိုဏ်းစဉ်နိုင်သည့်ဓာတ်တို့၏ ကြိယာပုံစံများကို မြန်မာပြန်ပုံနှင့်တကွ ရှင်းပြပေးပြီး ကြိယာဂိုဏ်းစဉ်ပုံကို အရကျက်ခိုင်းပါ။ ထို့နောက် ဖော်ပြပါ နာမ်ဂိုဏ်းစဉ်ထဲမှ နာမ်ပုဒ်များနှင့် အာချာတ်ကြိယာဂိုဏ်းစဉ်ထဲပါ ကြိယာပုဒ်များကိုအသုံးပြုကာ ပါဠိဝါကျများကိုရေးပေး၍ မြန်မာပြန်ပုံကို ရှင်းပြပေးပြီး မြန်မာပြန်ခိုင်းပါ။

ထို့နောက် ၄င်းပစဓာတ်ကို "ပဉ္စမီ၊ သတ္တမီ၊ ဘဝိဿန္တိ (အနာဂတ်)၊ အဇ္ဇတ္တနီ," ကြိယာဝိဘတ်များ နှင့်ဂိုဏ်းစဉ်ပုံကို ရှင်းပြ၊ အရကျက်ခိုင်း၊ ထို့နောက် ယင်းကြိယာတို့ကို နာမ်ဂိုဏ်း, နာမ်စားဂိုဏ်း, သင်္ချာနာမ်ဂိုဏ်းစဉ်များထဲပါ ပါဠိပုဒ်များနှင့်တွဲ၍ ပါဠိဝါကျများကို ရေးပေး၊ မြန်မာပြန်ပုံကို ရှင်းပြပေးပြီးမြန်မာပြန်ခိုင်းပါ။

ထို့နောက် 'ယာတိ၊ ဒဒါတိ၊ ဆိန္ဒတိ၊ ဗုဇ္ဈတိ၊ သုဏာတိ၊ သုဏောတိ၊ ကီဏာတိ၊ ဂဏှာတိ၊ ကရောတိ၊ စောရေတိ၊ စောရယတိ' - စသည်ကဲ့သို့သောကြိယာပုံစံတို့၏ တည်ဖြစ်ပုံကို (ရုပ်တွက်မခိုင်းဘဲ) သဘောပေါက်နားလည်အောင် ရှင်းပြ။ ၄င်းတို့အသီးသီးကဲ့သို့ အလားတူ ဂိုဏ်းစဉ်နိုင်သည့်ဓာတ်တို့၏ (ကြိယာဝိဘတ် ငါးမျိုးဖြင့်) ကြိယာပုံစံများ တည်ဖြစ်ပုံကိုရှင်းပြ၊ မြန်မာပြန်ပြ။ ထို့နောက် ယင်းကြိယာပုဒ်တို့ကို နာမ်, နာမ်စား, သင်္ချာဂိုဏ်းစဉ်ထဲပါပုဒ်များနှင့်တွဲ၍ ပါဠိဝါကျများကို

ရေးပေး၊ မြန်မာပြန်ပုံရှင်းပြပေးပြီး၊ မြန်မာပြန်ခိုင်းပါ။ ထိုသို့ ရိုးရိုးကြိယာများကိုသင်ပေးပြီးနောက်-----

*** ကမ္မကြိယာ ၊ ကာရိုက်ကြိယာများ။** ။ ကမ္မကြိယာ, ကာရိုက်ကြိယာများ၏ တည်ဖြစ်ပုံ သဘော(ရုပ်တွက်မပါ)နှင့် မြန်မာအဓိပ္ပါယ်ကိုရှင်းပြ၍ ၎င်းတို့ပါ ပါဠိဝါကျများကို ရေးပေး၊ မြန်မာပြန်ပုံရှင်းပြပေးပြီး မြန်မာပြန်ခိုင်းပါ။ ထို့နောက်--

*** ကြိယာသဘောပါသည့် ကိတ်ပုဒ်များ။** ။ ကြိယာ သဘောပါသည့် ကိတ်ပုဒ်များ၌ ဓာတ်များသို့လည်းကောင်း၊ ကြိယာ တည်ပုဒ်များသို့လည်းကောင်း၊ "အန္တ, မာန, တ, တွာ, တုံ, တဗ္ဗ, အနီယ, ယ"ဟူသော ကိတ်ပစ္စည်းများ ဆက်ပုံသဘော (ရုပ်တွက်မပါ)နှင့် မြန်မာပြန်ပုံကိုရှင်းပြ၍ ၎င်းတို့(နှင့်အာချာတ် ကြိယာများ)ပါ ပါဠိဝါကျများကိုရေးပေး၊ မြန်မာပြန်ပုံရှင်းပြပေးပြီး မြန်မာပြန်ခိုင်ပါ။

*** နာမဝိသေသန၊ ကြိယာဝိသေသန၊ နိပါတ်ပုဒ်များ။** ။ နာမ ဝိသေသန၊ ကြိယာဝိသေသန၊ ဥပသာရ နိပါတ် ပုဒ်များကိုရေးပေး၊ မြန်မာပြန်အဓိပ္ပါယ်ရှင်းပြ၍ ၎င်းတို့ကိုဖော်ပြ။ အာချာတ် ကြိယာများ၊ ကိတ်ကြိယာများနှင့်တွဲသုံး၍ ပါဠိဝါကျများကို ရေးပေး။ မြန်မာ ပြန်ပုံရှင်းပြပေးပြီး မြန်မာပြန်ခိုင်းပါ။

ဤသို့ အထက်ဖော်ပြပါအတိုင်း ဆိုင်ရာပါဠိသဒ္ဒါ၌ပါဝင်သော ပါဠိဝေါဟာရများနှင့်ဝါကျဖွဲ့ပုံများကို မြန်မာလိုရှင်းပြ၍ ပါဠိဝါကျများကို မြန်မာပြန်ခိုင်းပြီး သင်ပေးလျှင် ပျင်းစရာမရှိ၊ မပင်မပန်း သက်တောင့်

သက်သာဖြင့် လေးလအတွင်းမှာပင် ပါဠိဘာသာ၌ အခြေခံကောင်းကောင်း ရရှိသွားပေမည်။ ကျွန်တော်သည် ယင်းစနစ်အတိုင်း ရေးထားသည့် **"အခြေပြုပါဠိသဒ္ဒါ"** ကိုလုံးဝပါဠိမသင်ဘူးသေးသည့် ရဟန်းရှင်လူတို့အား "ပါဠိ၊ အဘိဓမ္မာ၊ ဗုဒ္ဓဘာသာ" (PAB) ၃-ဘာသာတို့ကို ၈-လကြာသင်တန်းကိုနှစ်စဉ် ၁၀နှစ်ကျော် ဖွင့်လှစ် သင်ကြားပေးခဲ့ရာတွင် အလွန်ပင်အောင်မြင်မှုရှိသည်ကို ကိုယ်တိုင်စမ်းသပ်သိရှိခဲ့ပြီးဖြစ်ပါ၏။

ဤသို့ပါဠိဘာသာကို သင်ယူရာတွင် (တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏မူအရ) နာမ်ဂိုဏ်းနှင့် အာချာတ်ဂိုဏ်းများကိုအရကျက်ထားလျှင်၊ ပါဠိကျမ်းဂန်များကိုကောင်းစွာ ဆက်လက်သင်ယူနိုင်ပါ၏။ သို့သော်ကစ္စည်းသဒ္ဒါကြီးကျမ်းကိုအရကျက်ခိုင်းပြီးနာမ်ဂိုဏ်းအာချာတ်ဂိုဏ်းကိုအရမကျက်ခိုင်းသည့်စနစ်ကြောင့် နှစ် ၂၀ ကျော်ကစ၍ ယခုတိုင်ဖွင့်လာခဲ့သည့်"သာသနာ့တက္ကသိုလ်ကြီး နှစ်ခုသို့ဝင်ရောက်လာကြသည့် ပထမကြီးတန်းအောင် ရဟန်းတော်များ (၉၀ ရာခိုင်နှုန်းခန့်)မှာ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်းများမရကြသဖြင့် ပါဠိအခြေခံအလွန်အားနည်းနေသည်ကို တွေ့ရသည်မှာ ပရိယတ္တိ သင်ကြားနည်းစနစ်မှားယွင်းနေသောကြောင့် ဤသို့ဖြစ်နေရသည်ဟု ယူဆရပေသည်။

## ၂။ အထက်တန်းသက္ကသိုလ်အဆင့်

ပရိယတ္တိအခြေခံအတန်းများကို အောင်မြင်ပြီးနောက် သာသနာ့တက္ကသိုလ်များသို့တက်၍ **"ကမ္ဘာ့အဆင့်မီ ပရိယတ္တိပညာရေးစနစ်ဖြင့် MA"** ဘွဲ့အထိ တက္ကသိုလ်ပညာရေးကို ဆက်လက်

ပညာ သင်ရပါမည်။ ယင်းတက္ကသိုလ်ပညာရေးစနစ်၌ ပါဠိဘာသာကို သက္ကတ၊ ပြာကတဘာသာတို့နှင့်နှိုင်းယှဉ်ကာ ပါဠ်မှား ပါဠ်မှန် ဆုံးဖြတ်နိုင်အောင်သဘာဝနိရုတ္တိခေါ် ဘာသာဗေဒ (**Philology**) နည်းပညာဖြင့် ပါဠိပုဒ်များတည်ဆောက်ပုံကို တိကျ မှန်ကန်သည့် ရုပ်တွက်နည်းစနစ်ဖြင့် သင်ပေးရပါမည်။

ယင်းတက္ကသိုလ်ခေတ်မီစနစ်ဖြင့် သင်ရာတွင် အချင်းချင်း နီးကပ်စွာ ဆက်နွယ်၍ တူညီမှုများစွာရှိသော(ပါဠိ-သက္ကတ-စသည့်) အိန္ဒိယနိုင်ငံ ဘာသာစကားအမျိုးမျိုးအကြောင်း၊ ဘာသာစကားသမိုင်းကို နိဒါန်းအနေဖြင့် သင်ပေးရပါမည်။ အိန္ဒိယဘာသာစကားတို့သည် ယင်းနိုင်ငံရှိ ဒေသအမျိုးမျိုးအရ (ဝါ) ကာလ, ဒေသ, ပုဂ္ဂလအရ များစွာရှိလေရာ ယင်းတို့ကို အခြေခံအဓိကမျိုးရိုးအနေဖြင့်ခွဲလျှင် သက္ကတဘာသာမျိုးနှင့် ပြာကတဘာသာမျိုးဟူ၍ နှစ်မျိုးသာရှိပေ၏။ ထိုတွင်----

### ၁။ သက္ကတဘာသာ

သက္ကတဘာသာဟူသည် ပညာရေးကိုယ်စဉ်ကပင် အချိန်ယူ သင်ကြားပြီး သဒ္ဒါကျမ်း စည်းကမ်းတို့ဖြင့် တိကျတင်းကြပ်စွာ ထိန်းချုပ်ထားသဖြင့် အပြောင်းအလဲအလွန်နည်းပါးလှသော၊ ပညာရေးဖြင့် အသက်မွေးသည့်ပညာတတ်ဗြာဟ္မဏတို့ ပြောဆိုသုံးဆွဲသည့် ဘာသာ စကားမျိုးဖြစ်၏။

### ၂။ ပြာကတဘာသာ

ပြာကတဘာသာဟူသည်ကား ပညာရေးထက် စားဝတ်နေရေး စီးပွားရေးကို ဦးစားပေးလုပ်ကိုင် စားသောက်နေထိုင်ကြသည့် သာမန်

လူများစုတို့ ပြောဆိုသုံးစွဲ၍ ဒေသအမျိုးမျိုးအရ (ဝါ) ကာလ, ဒေသ, ပုဂ္ဂလအရ မသိမသာ အတော်များစွာ အမျိုးမျိုးကွဲပြားလာခဲ့သည့်(ပါဠိဘာသာအပါအဝင်) ဘာသာစကားများစွာကို စုပေါင်းခေါ်ဝေါ်ထားသည့် ဘာသာစကားမျိုးဖြစ်၏။ ယင်းဘာသာစကား နှစ်အုပ်စုတို့သည် တစ်ခုနှင့်တစ်ခု အလွန်နီးကပ်စွာဆက်နွယ်နေသဖြင့် ယင်းတို့ကို ပြောဆိုသူတို့အချင်းချင်း ပြောဆိုနားလည်နိုင်ကြပေ၏။

အဆိုပါ ပြာကတဘာသာမျိုးအုပ်စု၌ ''မဂဓ တိုင်းသုံးဖြစ်၍ မာဂဓ၊ မာဂဓီဟုလည်းခေါ်သော ပါဠိဘာသာ'' အပြင် အချို့ဒေသ အသီးသီး၌ သုံးစွဲသည့် (မာဂဓီ) အဒ္ဓမာဂဓီ၊ မဟာရဋ္ဌီ၊ သောရသေနီ၊ ပေသာစီ၊ အပဘြံသ'' ဘာသာစကားများနှင့်တကွ ဟိန္ဒီ၊ ဘင်္ဂါလီ စသည့်နှောင်းခေတ် (ပြာကတ)ဘာသာများလည်းပါဝင်ပေ၏။ ယင်းပြကတဘာသာ အမျိုးမျိုးတို့သည် ဒေသအမျိုးမျိုးအရ (ဝါ) ကာလ, ဒေသ, ပုဂ္ဂလအရ အနည်းငယ်စီသာ ကွဲပြားသော်လည်း အချင်းချင်း ပြောဆိုနားလည်နိုင်ပေ၏။

*** ပါဠိဘာသာ**

ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် (၄၅)နှစ်တိုင်တိုင် အိန္ဒိယနိုင်ငံရှိ (မဇ္ဈိမဒေသ)ဒေသများစွာသို့ မနေမနားကြွရောက်၍ တရားဓမ္မများကို ဟောကြားတော်မူလေရာ ဒေသများစွာတို့မှ လူဝတ်ကြောင်မြောက်များစွာတို့သည် ဗုဒ္ဓသာသနာတော်အတွင်းသို့ ဝင်ရောက်လာခဲ့ကြ၏။ ထိုပုဂ္ဂိုလ်တို့တွင် တချို့သည် (မာဂဓ=ပါဠိဘာသာနှင့် အနည်းငယ်ကွဲပြားသည့်) မိမိတို့ပြောဆိုသုံးဆွဲသည့် ဒေသီဘာသာပါ

ဝေါဟာရစကားလုံးများကို ပြောဆိုသုံးဆွဲခဲ့ကြသည့်အပြင် ဗြာဟ္မဏတို့သည်လည်း မိမိတို့ပြေဆိုသုံးဆွဲနေကြ သက္ကတဝေါဟာရများနှင့် သက္ကတသက် ပါဠိ(မာဂဓ)ဝေါဟာရများကို ပြောဆိုသုံးဆွဲခဲ့ကြပေ၏။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နောက်၌လည်း ဗုဒ္ဓ၏တပည့်သား မထေရ်ကြီးများတို့သည် (အထူးသဖြင့် ဘီစီ ၃-ရာစု အသောကမင်းကြီးခေတ်မှစ၍) အိန္ဒိယ မဇ္ဈိမဒေသဝန်းကျင်ရှိ တိုင်းနိုင်ငံများစွာသို့ ကြွရောက်သာသနာပြုခဲ့ကြသဖြင့် ထိုအတိုင်းတိုင်းအပြည်ပြည်တို့မှ ပုဂ္ဂိုလ်မြောက်များစွာတို့သည် ဗုဒ္ဓသာသနာတော်အတွင်းသို့ ဝင်ရောက်လာခဲ့ကြရာ ထိုပုဂ္ဂိုလ်တို့၏ (မာဂဓဘာသာနှင့်သိပ်မခြားနားသော) ဒေသသုံး ဘာသာစကားတို့သည် နှောင်းခေတ် ဗုဒ္ဓစာပေ ကျမ်းဂန်များထဲသို့ အနည်းနှင့်အများဝင်ရောက်လာခဲ့ကြပေ၏။

ထို့ပြင် အာသောကမင်းကြီးခေတ် (ဘီစီ ၃-ရာစု)တွင် သီဟိုဠ်သို့ ဗုဒ္ဓသာသနာတော် ရောက်ရှိလာ၍ လွန်စွာထွန်းကားလာခဲ့ပြီး အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသနှင့်(အရှင် ဓမ္မပါလ) ခေတ်၌ အဋ္ဌကထာကျမ်းများ ရေးသားခဲ့သည်မှစ၍ ပါဠိ ပိဋကတ်စာပေကျမ်းဂန်တို့ကို အကြီးအကျယ်လေ့လာ လိုက်စားခဲ့ကြကုန်၏။ အဖွင့်ဋီကာကျမ်းများ၊ (ကစ္စည်းသဒ္ဒါကျမ်းနှင့် အားရတင်းတိမ်မှုမရှိ၍) "ရူပသိဒ္ဓိကျမ်း, သက္ကတသဒ္ဒါကို အခြေခံထားသော= မောဂ္ဂလန်သဒ္ဒါကျမ်း၊ (မြန်မာနိုင်ငံ ပုဂံပြည်ရေး) သဒ္ဒနီတိသဒ္ဒါကျမ်း၊ အခြားပါဠိသဒ္ဒါကျမ်းများ(သက္ကတကျမ်းများကို အခြေခံ၍ရေးသားခဲ့သော) ပါဠိအဘိဓာန်, အလင်္ကာ, ဆန်းကျမ်း စသည့် ပါဠိဂန္ထန္တရကျမ်း

မြောက်များစွာတို့ကို ရေးသားလာခဲ့ကြသဖြင့် ထိုထိုပါဠိကျမ်းဂန်တို့၌ (သက္ကတသက်၊ ပြာကတသက်စသည့်) ပါဠိ ဝေါဟာရအသစ်တွေ မြောက်များစွာတို့ ပါဝင်လာခဲ့ကြကုန်၏။ ထိုအခါ ထိုထိုပါဠိ ဝေါဟာရတွေကို "တိကျမှန်ကန်စွာ သဒ္ဒါနည်းကျ ရှင်းလင်းရေး"၌ "**ဘာသာစကားပြဿနာကြီး**" ပေါ်ပေါက်လာခဲ့ပေ၏။ ထိုပြဿနာကြီးကို "ကစ္စည်း၊ ရူပသိဒ္ဓိ၊ မောဂ္ဂလာန်၊ သဒ္ဒနီတိ" စသည့် ပါဠိသဒ္ဒါများလာ သုတ်စဉ်စည်းမျဉ်းများဖြင့် သိပ္ပံနည်းကျ သဘာဝ ကျကျ ဖြေရှင်းမှုကို မပြုနိုင်ဖြစ်လာခဲ့ကြပေ၏။

ထိုအခါ အိန္ဒိယဘာသာစကားမျိုးစုံကို တတ်ကျွမ်းသော "အိန္ဒိယပညာရှင်များနှင့် အနောက်ဥရောပတိုက်သား ပညာရှင်များစုပေါင်း၍ ထိုထိုပါဠိဝေါဟာရတို့၏ ရင်းမြစ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ် စသည်တို့ဖြင့် စနစ်တကျတည်ဆောက်ထားပုံတို့ကို စိတ်ရှည် လက်ရှည်နှစ်ပေါင်းများစွာ အသေးစိတ်လေ့လာပြီးမှ ထိုဘာသာစကား ပြဿနာကြီးကို သိပ္ပံနည်းကျ သဘာဝကျကျဖြေရှင်းနိုင်သည့် "သဘာဝနိရုတ္တိ" ခေါ် "ဘာသာဗေဒပညာ" **(Philology)**ကို များမကြာသေးမီက တွေ့ရှိခဲ့ကြပါ၏။ ထိုဘာသာဗေဒနည်းမှာ "ပါဠိဘာသာ၏ ဝိသေသလက္ခဏာများ၊ သက္ကတဘာသာ၏ ဝိသေသလက္ခဏာများ၊ ပြာကတဘာသာမျိုးဝင် ဘာသာစကားအမျိုးမျိုး၏ ဝိသေသလက္ခဏာများ" တို့ကို နှိုင်းယှဉ်လေ့လာပြီးမှ အောင်မြင်စွာ တီထွင်ရရှိလာခဲ့သည့် နည်းပညာဖြစ်ပါသည်။

အဆိုပါ **"အခြေခံဘာသာစကား (၃)မျိုး"** ကိုဘာသာဗေဒ နည်းဖြင့် လေ့လာတတ်မြောက်ပြီး၍ **"ဘာသာဗေဒဉာဏ်"** ရင့်သန်သော ဘာသာဗေဒပညာရှင်သည် (ထိုထို ပါဠိသဒ္ဒါကျမ်းများလာ သုတ်စဉ် စည်းမျဉ်းမပါဘဲ) ထိုထိုပါဠိပုဒ်များကို(ရုပ်တွက်ပုံ၊ သဒ္ဒါ ရှင်းလင်းပုံနှင့်တကွ) ပါဠ်မှား ပါဠ်မှန် အဆုံးအဖြတ်ကိုပါ တိကျ မှန်ကန်သေချာစွာ သိပ္ပံနည်းကျ သဘာဝကျကျ ဖြေရှင်းနိုင်ပါ၏။ အဘယ့်ကြောင့် ဤသို့ပြောရဲသနည်းဟူမူ----

စာရေးသူသည် (၁) အသက်နှစ်ဆယ်က ၉-ကျမ်းလုံးပြီး သီရိပဝရမဏ္ဍာစရိယဘွဲ့၊ ၂၇-နှစ်၌ မန္တလေး (လူ)တက္ကသိုလ်မှ **B.A** ဂုဏ်ထူးဘွဲ့၊ ၃၁-နှစ်(၁၉၆၄)ခု၌ လန်ဒန်တက္ကသိုလ်မှ ဘာသန္တရ ဆေက **M.A(Indo Aryan)** ဘွဲ့တို့ကို ရရှိပြီးနောက် (၂)နှစ် သင်ကြားရေး အတွေ့အကြုံအားဖြင့် "မန္တလေး(လူ) တက္ကသိုလ် ၃၅-နှစ်။ မန္တလေးသာသနာ့တက္ကသိုလ်၌ အနှစ်-၂၃။ စာရေးသူ တည်ထောင်ဖွင့်လှစ်သော "ဗုဒ္ဓတက္ကသိုလ်"၌ ၁၅-နှစ်၊ စစ်ကိုင်း တောင်ရိုး သီတဂူကမ္ဘာ့တက္ကသိုလ်၌ ၅-နှစ်ကျော်။ အမရပူရတောင်မြို့ မဟာဂန္ဓာရုံတိုက်၌ (၁-နှစ်ခွဲ) ပါဠိသက္ကတ၊ ပြာကတ၊ ဘာသာဗေဒ၊ အင်္ဂလိပ်စသည်တို့ကို သင်ပေးခြင်း၊ အခါအားလျော်စွာ သ· စ· အ· ဓမ္မာစရိယဘွဲ့ရဆရာတော်များအား ပါဠိသက္ကတဘာသာဗေဒပညာရပ် ကိုလည်းကောင်း၊ ပါဠိလုံးဝမသင်ဘူးသူတို့အား အခြေခံပါဠိဘာသာ သဒ္ဒါကိုလည်းကောင်း လပိုင်းသင်တန်းများ ပို့ချပေးခြင်း၊ **M.A** သင်တန်းသားများ၏ ဘာသာဗေဒဆိုင်ရာ ၁၅-ကျမ်းကိုလည်း ကြီးကြပ်

ပေးခြင်း၊ ပြုခဲ့ခြင်း၊ (၃) လန်ဒန်မှ ပြန်ရောက်သည်မှစ၍ ၄၄-နှစ် တိုင်တိုင် "ဗုဒ္ဓဓမ္မများနှင့်တကွ ပါဠိသက္ကတပြာကတ ဘာသာဗေဒ ပညာရပ် များကို" မနေမနား စူးစိုက်လေ့လာပြီး ၄င်းတို့ဆိုင်ရာ ကျမ်းပေါင်း ၅၀-ကျော်တို့ကို တကုတ်ကုတ်နှင့် အပတ်တကုတ် ကြိုးစားအားထုတ် ရေးသားခဲ့ခြင်း-ဟူသော အတွေ့အကြုံများအရ ပြောရခြင်း ဖြစ်ပါ၏။

ယင်းအတွေ့အကြုံများအရ ပါဠိပုဒ်များကို ကောင်းစွာ တတ်ကျွမ်းရေးအတွက် သက္ကတဘာသာနှင့် ပြာကတဘာသာများကို ဘာသာဗေဒနည်းဖြင့် သင်မှဖြစ်ပါ၏။ မသင်လျှင် ပါဠိမတတ်ကျွမ်း နိုင်ပါ။ ထို့ပြင် သက္ကတဘာသာ၌သာသုံး၍ ပါဠိစသည့် ပြာကတ ဘာသာများ၌ မသုံးသည့် အက္ခရာ တစ်ချို့အကြောင်းကို လေ့လာသင့် နားလည်သင့်ပါ၏။ ယင်းအက္ခရာတို့ကား "ṛ,ṝ,ai,au" သရ လေးလုံးနှင့် ś(ဂ), ṣ(ဃ)ဗျည်းနှစ်လုံးတို့ဖြစ်ပါ၏။ ယင်းအက္ခရာ များ အကြောင်းကို လေ့လာသိရှိထားလျှင် အမျိုးမျိုးပြောင်းလဲ တတ်သည့် ပါဠိနှင့် ပြာကတဘာသာသုံးပုဒ်များကို ရပ်တွက်သဒ္ဒါ ရှင်းရာ၌ အလွန် အရေးပါလှကြောင်း ဆက်ရှင်းပါမည်။ (**S.** ကို သက္ကတဟုလည်းကောင်း၊ **P.**ကို ပါဠိဟုလည်းကောင်း မှတ်ထားပါ)

*ṝ (ရိ) သရ၏တန်ဖိုး။ ။ ṝ သရသည် ပါဠိ၌ အခြေအနေအရ "a,i,u,e သို့ပြောင်းသုံးတတ်၏။ ဥပမာ S.gṛha (အိမ်)သည် **P.**၌ gaha, giha, geha ဟုပြောင်းသွားတတ်၏။* S.Kṛ.tya သည် P. ၌ kicca=(ကိစ္စ)ဟုလည်းကောင်း၊ *S. ၌ bhṛtya

သည် P. ၌ bhacca(ဘစ္စ)ဟုလည်းကောင်း၊*S. Uddhṛtya သည် P. ၌ uddhacca(ဥဒ္ဓစ္စ)ဟုလည်းကောင်း၊ *S. Kukṛtya သည် P. ၌ Ku(k)kucca=(ကုက္ကုစ္စ)ဟုလည်းကောင်း ပြောင်းသွား၏။ *S.Kṛta သည် P.၌ kata(ကတ),kita(ကိတ)ဟုလည်းကောင်း ပြောင်းသွား၏။ * S.gṛhṇāti သည် P.၌ ganhāti(ဂဏှာတိ)ဟု "h နှင့် n ရှေ့နောက်ပြန်၍" ပြောင်းသွား၏။ *S.brhat.phala သည် p၌ (b.vṛr.eṛ tph.pph) ဟု ပြောင်း၍ 'Vehapphala (ဝေဟပ္ဖလ)ဟု ပြောင်း၏။ Srju=P.ujuဟု ဖြစ်သွားရာ ၄င်းမှဖြစ်လာသည့် ajj avaပုဒ်ကိုပါဠိပုဒ် uju ဖြင့်သဘာဝကျကျရှုပ်တွက်မရနိုင်ဘဲ r-ju မှသာရုပ်တွက်၍ ရနိုင်၏။ ထို့အတူ S.mrdu=P.mudu ဟု ဖြစ်သွားရာ ၄င်းမှဖြစ်လာသည့် maddava ပုဒ်ကိုပါဠိ mudu ဖြင့် သဘာဝကျကျ ရုပ်တွက်၍ မရနိုင်ဘဲ၊ သက္ကတပုဒ် mṛdu မှသာရုပ်တွက်၍ ရနိုင်ပါ၏။ ṛ+ya=S.arya ပုဒ်မှ ပါဠိ၌ ariya, ayira, ayya အမျိုးမျိုးဖြစ်သွားရာ ယင်းတို့ကိုပါဠိနည်းဖြင့် သဘာဝကျကျ ရုပ်တွက်၍မရနိုင်ပါ။

***ṝ (ရီ)သရ၏တန်ဖိုး။** ॥ S.သုံး ṝ သည် ပ-ဝဂ်ဗျည်းနှင့်တွဲနေမှု **ūr** (ဦရ်)သို့လည်းကောင်း၊ အခြားဗျည်းများနှင့် တွဲနေမှု īr (ဤရ်)သို့လည်းကောင်း သဒ္ဒါနည်းအရပြောင်းတတ်၏။ ဥပမာ * S,tīr+ṇa(✔tr.tir+na)သည် P.၌ tiṇṇa(တိဏ္ဏ)ဟုလည်းကောင်း၊ S.Kirna(✔kṝ>kīr+ṇa)သည် P.၌ kiṇṇa(ကိဏ္ဏ)ဟု

လည်းကောင်း၊ *S.ācīrṇa(ācar=✔cṝ>cīr+ṇa)သည် P.၌ ācinna(အာစိဏ္ဏ)ဟု လည်းကောင်း ပြောင်း၏။ *S.pūrṇa (✔pṝ>pūr+ṇa) သည် P.၌ Punna(ပုဏ္ဏ)ဟုပြောင်း၏။

မှတ်ချက်။ ။ ပုဒ်တစ်ပုဒ်အတွင်း၌ ရှေ့က 'ṛ, ṝ, r, ṣ' တစ်ခုခုရှိလျှင် နောက်က n(န)ကို ṇ(ဏ)သို့ ပြောင်းရ၏။ P.၌ ဤစည်းကမ်းမျိုးမရှိ။ ဥပမာ *S.P...jināti(✔ji+nā+ti) ဟုလည်းကောင်း၊ *S.P.punāti(ပုနာတိ)(✔pu+nā)ဟု လည်းကောင်း ရှိပြီးသော်လည်း၊ *S.krīṇāti(✔krī+ṇā+ti)သည် P.၌(k)kīṇāti(ကီဏာတိ)ဟုလည်းကောင်း၊ *S.śruṇāti (✔śru+nā>ti)သည် P.၌ (s)suṇāti(သုဏာတိ)ဟုလည်းကောင်း ဖြစ်သွား၏။

*** ai, au(ဝုဒ္ဓိ)သရများ၏တန်ဘိုး။** ။* ဂုဏသရများ ဖြစ်သည့် e-သည် ay-သို့သာလည်းကောင်း၊ o-သည် av သို့သာ လည်းကောင်း ပြောင်း၍၊ *ဝုဒ္ဓိသရများဖြစ်သည့် ai-သည် āy - သို့သာလည်းကောင်း။ au သည် āv သို့သာလည်းကောင်း သဒ္ဒါနည်း အရ စနစ်တကျပြောင်း၏။ P.၌ ဤစနစ်မျိုးမရှိ။ ဥပမာ (ဓာတ်၏အဆုံး i,ī,u,ū သရတို့သည် ဂုဏ, ဝုဒ္ဓိသရများသို့ (e/ai; o/au) သို့ပြောင်းနိုင်၏ဟူသောမူအရ) *S.P.✔nī>ne> nay+ana= nayana (နယန)။ *S.P. ✔nī>nai>nāy+aka= nāyaka (နာယက)။ *✔bhū>bho>bhav+a=bhava(ဘဝ)။ *S.P.bhū>bhau>bhāv+a=bhāva(ဘာဝ)ဤသို့စသည်တည်း။

***ś,ṣ(၈၉) ဗျည်းများ၏တန်ဖိုး။** ။ S.၌ ś,ṣ,s(သ)ဟူ၍ S(၃)မျိုး ကိုသုံးသော်လည်း P.၌ကား S(သ)တစ်မျိုးကိုသာသုံးသဖြင့် ၎င်းတို့ဆိုင်ရာရုပ်များနှင့်ပက်သက်၍ P. ၌ ṭṭh(ဋ္ဌ)လော၊ tth(တ္ထ)လောဟူ၍ မခွဲခြားနိုင်ဘဲရှိလေရာ၊ S.ကို သင်ထားသူတို့ကား တိကျမှန်ကန်စွာသိနိုင်ပေ၏။ ś,ṣ-သည် နောက် ta-ပစ္စည်းနှင့် တွဲစပ်လျှင် S.၌ ṣṭ, ဖြစ်၍ P.၌ ṭṭh ဖြစ်၏၊ S(သ)သည် နောက် ta ပစ္စည်းနှင့်တွဲစပ်လျှင် S. ၌ st ဖြစ်၍ P.၌ tth (တ္ထ)ဖြစ်၏။ ဥပမာ * **S.dṛṣṭa(✔dṛś+ta)**သည် **P.၌ diṭṭha** (ဒိဋ္ဌ)ဖြစ်သွား၏။ * S.kṛṣṭa(✔kṛṣ+ta)သည် **p.**၌ kaṭṭha(ကဋ္ဌ)ဖြစ်သွား၏။ * S.၌ hastin(hasta+in) သည် P.၌ hatthi=ဟတ္ထိ၊ (in>ī)ဖြစ်သွား၏။ * **p.**၌ sṛṣṭa(✔ sṛj>sṛṣ+tra)သည် **p.**၌ Saṭṭha(သဋ္ဌ)ဖြစ်သွား၏။ *S.၌ śāstra(ကျမ်းဂန်) (✔śās+tra)သည်လည်းကောင်း S.၌ śastra(ဓားလက်နက်) (✔śas+tra) သည်လည်းကောင်း၊ **p.**.၌ Sattha =သတ္ထ(ကျမ်းဂန်, ဓားလက်နက်)ဟု တစ်ပုဒ်တည်းဖြစ်သွား၏-စသည်။

*** ဗျည်းဆုံးပုဒ်များ။** ။ **S.** .သုံး ဗျည်းဆုံး ပုဒ်များကို **p.**၌ အဆုံး ဗျည်းချေ၍ သုံးလေ့ရှိသဖြင့် ပြဿနာကြီးတစ်ခုဖြစ်လာရ၏။ ဥပမာ S. သုံး **karman** ပုဒ်ကို p. ၌ အဆုံးက n-ကိုချေ၍၊ **karma> kamma**-ဟုသုံးသဖြင့်၊ **p.**သုံး: **kamma ññatā** ပုဒ်ကို p.နည်းဖြင့် သဘာဝကျကျ ရုပ်တွက်၍မရဘဲ၊ **S.**နည်းဖြင့်သာ karman+ ya+tā ဟုပုဒ်ခွဲ၍ (rm>mm,ny>ññ-ဟု)

ချပ်တွက်မှသာဖြစ်၏။ ထို့အတူ *p·သုံး balakkāra- ပုဒ်ကို ချပ်တွက်ရာ၌ p·နည်းဖြင့် bala+kāra ဟု ပုဒ်ခွဲ၍ K·ကို kk ပြုဟုရုပ်တွက်ကြသည်မှာ သဘာဝယုတ္တိကင်းမဲ့၏။ S. နည်းဖြင့် balāt(ပဥ္စမီကေဝုစ်)+kāra ဟုပုဒ်ခွဲ၍ t+k ကို kk ဟု သဒိသ ရုပ်ပြုပြီး ရုပ်တွက်မှသာ သဘာဝကျ၏။ ဗျည်းနှစ်လုံးတွဲတွေ့တိုင်း ဒွေဘော်ပြု သည့် p··နည်းမှာ သဘာဝယုတ္တိကင်းမဲ့၏။

* P·သုံး saṅghādisesa-ပုဒ်ကို p··နည်းဖြင့် samgha+ādi+sesa ဟုပုဒ်ခွဲပြီး ရုပ်တွက်လျှင် သံဃာဒိသိသ် အာပတ်၏ အဓိပ္ပါယ်ရင်းမပေါ်ချေ။ S နည်းဖြင့် "saṃghād(ပဥ္စမီ-ဧကဝုစ်)+i+sesa'ဟု ပုဒ်ခွဲပြီးရုပ်တွက်မှ (သံဃာမှ ယာယီထုတ် ပယ်ခံရခြင်း) ဟူသော ၄င်း၏အဓိပ္ပါယ်ရင်းကို ရရှိပေမည်။ * S· သုံး 'ātman'ကို P.၌ atta-ဟု သုံးသဖြင့် p·သုံး 'attanīya''ပုဒ်ကို p·နည်းဖြင့် 'atta+n-ထဲ့+iya-ဟုပုဒ်ခွဲပြီး ရုပ်တွက်သည်မှာ သဘာဝမကျဘဲ၊ S··နည်းဖြင့် (ātman>) attan+iya ဟုပုဒ်ခွဲပြီး ရုပ်တွက်မှသာ လွယ်လွယ်နှင့် သဘာဝကျကျ ပြီးနိုင်၏-စသည်။

ထို့အတူS·သုံး manas(✔man+as), cetas(✔cit>cet+as), tejas (✔ tij>tej+as)စသည်၌ အဆုံး as ကို o-ပြု၍ p·၌ "mano, ceto,tejo"စသည် မနောဂိုဏ်းဝင်ပုဒ်များကို မူသေ လုပ်လိုက်သဖြင့် "mānasika, cetasika,somanassa, domanassa, tejassi" စသည်တို့ကို p· နည်းဖြင့် သဘာဝကျကျ

ရုပ်တွက်၍မရဘဲ၊ S.နည်းဖြင့် လွယ်ကူ သဘာဝကျစွာ ရုပ်တွက်၍ ရသည်ကိုလည်း ဘာသာဗေဒဉာဏ်ဖြင့် နည်းမှီးသိပါလေ။ manasā, manaso, manasi, ပုဒ်တို့ကို ပါဠိ mano ပုဒ်ဖြင့် သဘာဝကျကျ ရုပ်ပြီးအောင်တွက်၍မရနိုင်ဘဲ၊ သက္ကတဘာသာသုံး manas ပုဒ်မှသာရုပ်တွက်၍ရနိုင်ပါ၏။

ထို့အတူ S. သုံး 'm-ဆုံး၊ d-ဆုံးပုဒ်၊ 'evam, etad' တို့ဖြင့် evam.eva(ဧဝမေဝ)၊ etad.ahosi (ဧတဒဟောသိ) စသည်ဖြင့် အလိုလိုရုပ်ပြီးနေသော်လည်း၊ P. အဆုံး m,d, တို့ကို ṁ(ံ =နိဂ္ဂဟိတ်) ပြု၍ သုံးသဖြင့်၊ 'မဒါသရေ' သုတ်ဖြင့် နောက် သရကြောင့် ရှေ့က ṁ ကို 'm(မ), d(ဒ)ပြု'' ဟူ၍ မလိုအပ်ဘဲနှင့် ရုပ်တွက်နေရ၏။

* အစ၌ ဗျည်း ၂-လုံးတွဲရှိပုဒ်များ

S. သုံးဗျည်း ၂-လုံးတွဲများကို P. ၌ (သဒ်ိသရုပ်ပြုပြီး ရှေ့ ဆုံးဗျည်းကို ချေ၍) ဗျည်းတစ်လုံးကိုသာ အသုံးပြုသဖြင့် ရုပ်တွက်ရာ၌ ၂-လုံးတွေ့လျှင် ('ပရဒွေဘာဝေါဌာနေ'သုတ်ကို တွင်တွင်သုံး၍) ဒွေဘော်ပြုသည့်နည်းမှာ သဘာဝယုတ္တိအားနည်းလှ၏။ ရုပ်တွက်နည်း အမှန်ကား ''ထိုကဲ့သိုသော သက္ကတသက် ပါဠိပုဒ်များ'၌ထိုဗျည်း ၂-လုံးတွဲကို သဒိသရုပ်ပြု၍၊ ၎င်းရှေ့က အခြားပုဒ်မရှိလျှင် ရှေ့ဆုံး ဗျည်းကိုချေ။ အခြားပုဒ်ရှိ၍ အလယ်၌ရောက်လျှင်ကား မချေရ'' ဟူ၍ဖြစ်၏။ ဥပမာ----

* S. သုံး krīṇāti(✔krī+ṇā+ti ၌ kr ကို kk ပြု၊ ရှေ့k ကို ချေ၍၊ P. ၌ krīṇāti(ကီဏာတိ)ဟု သုံးသော်လည်း၊ S. သုံး vikrīṇāti(vi krī+ṇā+ti)၌မူ kr ကို kk ပြု၍ ရှေ့k ကို မချေရဘဲ P. -၌ vikkrīṇāti -ဟုပင် သုံးရလေ၏။ *ထို့ပြင် S. သုံး ✔smṛ(အောက်မေ့ခြင်း)၌ sm-ကို ss-ပြု၊ ရှေ့ဆုံး s-ကိုချေ၍၊ P. ၌ ✔sar ဓာတ်ဟု သုံးသဖြင့်၊ 'သွားခြင်း' အနက်ဟော- sar ဓာတ်နှင့် ရောသွား၏။ ထို့ကြောင် P. သုံး anu, sarati(နောက်ကလိုက်၏)ပုဒ်နှင့် anu.ssarati (အစဉ် အောက်မေ့၏) ပုဒ်တို့ကို ကွဲပြားအောင် P. နည်းဖြင့် သဘာဝကျကျ ရှာတွေ့၍ မရနိုင်ဘဲ၊ S. နည်းဖြင့်သာ ရှာတွေ့နိုင်ပေ၏။

ထို့အတူ * S. သုံး ✔kram(သွားခြင်း)၌ kr ကို kk ပြု၊ ရှေ့ဆုံး k ကို ချေ၍၊ P. ၌ kam-ဟု သုံးသဖြင့် "နှစ်သက်ခြင်း" အနက်ဟော၊ ✔kam နှင့်ရောသွား၏။ ထို့ကြောင့် P. သုံး "Abhi. kamati"(အလွန်နှစ်သက်၏)ပုဒ်နှင့် abhikka mati (ရှေ့သို့သွား၏)ပုဒ်တို့ကို ကွဲပြားအောင် P. နည်းဖြင့် သဘာဝ ကျကျ ရှာတွေ့၍မရနိုင်ဘဲ S. နည်းဖြင့်သာ ရှာတွေ့နိုင်ပေ၏။ ဤသို့သော အလားတူပုဒ်တွေ P. ၌ များစွာရှိကုန်၏။

* Ud, nīr, dur,pra, prati, ဥပသာရပုဒ်များ။

* S. သုံး ယင်းဥပသာရပုဒ်များကို P. ၌(ud, nir, dur, တို့၏ အဆုံးဗျည်းကိုချေ၍) 'u, ni, du'ဟုလည်းကောင်း၊ (pra, prati- တို့၏ pra-ကို pp-ပြု၊ ရှေ့ဆုံး p ကိုချေ၍) 'pa,

pati'ဟုလည်းကောင်းသုံးစွဲသဖြင့် ယင်းတို့ဆိုင်ရာပုဒ်များကို P. နည်းဖြင့် သဘာဝကျကျရုပ်တွက်၍မရနိုင်ဘဲ၊ S.နည်းဖြင့်သာ ရုပ်တွက်၍ရနိုင်ပေ၏။ *အမှန်အားဖြင့် P. နည်း၌ "ud,nir,dur- တို့၏အဆုံး 'd,r' တို့သည် နောက်၌ သရရှိလျှင် ၎င်းအတိုင်းထားရ၍၊ နောက်၌ အခြားဗျည်းရှိလျှင် ထိုဗျည်းနှင့်သဒိသရုပ် ပြုရ၏။ pra, prati-တို့၌ pr-ကို pp ပြု၊ ၎င်းရှေ့၌ အခြားပုဒ်မရှိလျှင် ရှေ့ဆုံး p ကိုချေ။ ၎င်းရှေ့၌ အခြားပုဒ်ရှိလျှင်မချေရဟူ၍ S. နည်းကို စွဲမြဲစွာ မှတ်ထားရာ၏။ ဥပမာ---

* ud ။ ။ * S.P.သုံး udāna(ud✓an>ān+a)။ * S.P.သုံး īraṇa(ud✓īr+aṇa)။ * S. uddiśati(ud✓diś+a+ti)-ပုဒ်ကို P. ၌ uddisati-ဟုဖြစ်၏။ သို့သော် ud-သည် နောက်က h-ဗျည်းနောင်းလျှင် ū(ဦ)သို့ပြောင်း၏။ ဥပမာ P.သုံး- ūhaññati(ud>ū han+ya+ti)။ * P. သုံး -ūhata (ud>ū ✓han>ha+ta)-စသည်။ (P.၌ ဥဟညတိ၊ ဥဟတ-ဟုပါဠိပျက်တွေ ဖြစ်နေ၏။)

* nir ။ ။ ၎င်းသည် 'မရှိ-ကင်းမဲ့ခြင်း, ဖဲခွာခြင်း, အနက်ရှိ၏။ (ရိုးရိုး ni နှင့်မတူချေ)။ ၎င်းသည်လည်း၊ ud-ကဲ့သို့ပင်ဖြစ်၏။ ဥပမာ * S.P.nirāhāra(nir+āhāra)။ * S. nir+vāna= တဏှာမရှိခြင်း၊ (nir + vāna) = P.nibbāna (rv>vv>bb)။ * S.nirvidā(nir+vidā) =P.nibbidā။ သို့သော်၎င်း nir-သည် နောက်က r,h နောင်းလျှင် nī-သို့ပြောင်း၏။ ဥပမာ- S.P.

nīraja(nir>nī+raja) * S.P. nīroga (nir> nī+roga) * S. nirharati (nir+harati)= P.nīharati စသည်။ ယင်းပုဒ် ၂ မျိုးကို ပါဠိနည်းဖြင့် ကွဲပြားအောင် ရုပ်တွက်၍မရနိုင်ပါ။ မှတ်ချက်။ ။ * S.၌ 'ni,nir'-ဟု ၂-မျိုးရှိရာ 'ni-မှာ အနက်ထူးမရှိ။ nirမှာ 'မရှိ၊ကင်းမဲ့ခြင်း' အနက်ရှိ၏။ ဥပမာ *P. ni-gacchati(သွား၏)။ S.nirgacchati = P.niggacchit (ထွက်ခွါသွား၏)စသည်။ ယင်းပုဒ်နှစ်မျိုးကို ပါဠိနည်းဖြင့်ကွဲပြားအောင် ရုပ်တွက်၍ မရနိုင်ပါ။

* dur ။ ။ သည် nir- နည်းတူဖြစ်၏။ ဥပမာ- * S.P. duranubodha (dur+ anubodha) *S.durukta (dur+✔vac>uk+ta)= P.durutta (kt>kk) S.durbhikṣa (dur+bhikṣa) =P. dubbhikkha။ *S.durvarṇa(dur+varṇa)=P.dubbaṇṇa (rv> vv > bb)။ သို့သော် dur-သည် နောက်က r,h နှောင်းလျှင် dū သို့ ပြောင်း၏။ ဥပမာ-*S.dūrakṣa(dur+rakṣa) =P.dū rak kha(ks>kkh)။*S.durhana (dur+hana)= P.dūhana။ စသည်။(ထို့ကြောင့် 'ဥ, ဒု, နိ-နောက် ဒွေဘော် ရောက်' ဟူသော P. စည်းကမ်းသည် အားမကိုးလောက်ပါ)။

* Pra,prati ။ ။ Pra(ti) ကို P.၌ ppa(ti) ဟု သဒ္ဒိသ ရုပ်ပြပြီး၊ ပုဒ်၏အစ၌ရှိလျှင် ရှေ့ဆုံး P ကိုချေ၍ ၎င်းရှေ့က အခြားပုဒ်ရှိ (၍ အလယ်၌ရောက်နေ)လျှင် မချေရပေ။ ဥပမာ * S.prā ṇa(pra

✓an+a)=P.pāṇa S.aprāṇaka(a-pra✓aṇ+aka)= P.appāṇaka၊ *S. pratyaya (prati> praty+ i>e> ay+a) P. paccaya(ty>cc)၊ S* apratyaya(a-prati>a.praty✓ i>e>ay+a) P.appaccaya ။-စသည်။

* ပြာကတပုဒ်မှဖြစ်လာသည့် ပါဠိပုဒ်များ

P. ၌ S. ပုဒ်မှဖြစ်လာသည့်ပုဒ်များအပြင်၊ Pr. (ပြာကတဘာသာမှ) ဖြစ်လာသည့်ပုဒ်တစ်မျိုးကိုလည်း တွေ့ရှိရသည်။ ဆိုလိုသည်မှာ S. ပုဒ်ထဲပါ r သည် Pr. ၌ ṃ သို့ပြောင်းတတ်၏။ ဥပမာ-*S.uddarśayati(ပြ၏)။ (ud✓dṛś> darś +aya +ti)=P. ၌ uddassseti (rś>ss, aya>e) ဟုငင်း။ uddaṃseti(r>ṃ) ဟုလည်းကောင်း၊ ပုဒ်နှစ်မျိုးရှိ၏။ *P.သုံး (အတ္တ+ ဥက္ကံသန= အတ္တုက္ကံသန)တွင် ukkaṃsana (ဥက္ကံသန) ကို ရှပ်တွက်ရာ၌ S.utkarṣaṇa (ut✓kṛṣ>karṣ+ana) = P.၌ ukkassana(tk>kk။rś>ss)ဟု S နည်းဖြင့် ရှိသင့်သော်လည်း၊ ယင်းပုဒ်ကိုမသုံးဘဲ၊ Pr. နည်းအရ r ကို ṃ ပြု၍ ukkaṃsana ဟုသာသုံး၏။ *S. ၌ (loma)-harsa(✓hṛs>harṣ+a) ပုဒ်သည်P. ၌ rṣ ကို ss ပြု၍၊ hassa ဟု ရှိသင့်သော်လည်း ယင်းပုဒ်ကို မသုံးဘဲ r ကို ṃ ပြု၍ (loma) haṃsa (လောမဟံသ)ဟုသာ သုံး၏။

ထို့ကြောင့် *P. ၌ P.သုံးပုဒ်များအပြင် *S. နှင့် ဆက်စပ်နီးနွယ်သည့်ပုဒ်များကိုလည်းကောင်း၊ *Pr.နှင့် ဆက်စပ်နီးနွယ်သည့်ပုဒ်

များကိုလည်းကောင်း၊ (ပုဒ် ၃-မျိုးကို) တွေ့ရှိရ၏ဟုမှတ်ပါ။ (စိတ်ရှည် ဇွဲရှိစွာဖြင့် စာသင်မှတတ်၏။ စိတ်မရှည် ဇွဲမရှိလျှင် စာမတတ်ချေ) ထို့ကြောင့် 'ပါဠိ-သက္ကတ-ပြာကတဘာသာ' တို့ကို ကျွမ်းကျင် တတ်မြောက်တော်မူသော၊ တောင်ပေါက်ဆရာတော်ဘုရားကြီးက ပါဠိကိုတကယ်တတ်မြောက်အောင် 'ပါဠိသင်နည်း နိဿရည်း' ကို ဤသို့ မိန့်မှာတော်မူခဲ့ပါ၏။

"မာဂဓာ ပါကတာစေဝ၊ သဟာသင်္ခတဘာသယာ။


တိဿန္နံ ကောဝိဒေါ ယော သော၊ ဓီရောပါဠိံဝိသောဓိံယေ။"

မြန်မာပြန်။ ။ သင်္ခတ(=သက္ကတ)ဘာသာနှင့်တကွ၊ 'မာဂဓ' ခေါ်ပါဠိဘာသာ၊ပေါကတ(=ပြာကတ)ဘာသာ-- ဟူသော၏ ဤ သုံးဘာသာတို့ကို ကျွမ်းကျင်လိမ္မာသော ပညာရှိသာလျှင် ပါဠ်မှားပါဠ် မှန်တို့ကိုခွဲခြားထောင်ပြ၍ ပါဠ်မှားကင်းစင်၍ ပါဠ်မှန်တွေကိုရရှိအောင် သုတ်သင်နိုင်ရာ၏။

"**ပညာရေးစနစ်ကောင်းမှ တိုင်းပြည်, လူမျိုး, ဘာသာ တိုး တက်မည်**"

မြင့်ဆွေ

၂.၃.၂၀၀၈



နီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဌာနမှူးဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက
"သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ
သုတေသနစာတမ်း"ကို ဖတ်ကြားတင်သွင်းစဉ်

# သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း

ဘဒ္ဒန္တဉာဏိန္ဒ
ပါမောက္ခ
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ပါဠိစာပေကို ကျွမ်းကျင်စွာ ရေးဖတ်ပြောဆိုနိုင်ရန်အတွက် ပါဠိသဒ္ဒါကျမ်းပေါင်းမြောက်များစွာ ရှိပါသည်။ ပါဠိသဒ္ဒါကျမ်းများ၌ နာမ်ပုဒ်များတည်ဆောက်ပုံ(နာမကဏ္ဍ) ဝိဘတ်နှင့်ဝိဘက်အနက်များ အသုံးပြုပုံ(ကာရကကဏ္ဍ)ကြိယာများတည်ဆောက်ပုံ (အာချာတ် ကဏ္ဍနှင့်ကိတကဏ္ဍ)စသည်ဖြင့် စနစ်တကျ ပြည့်ပြည့်စုံစုံ ကျယ်ဝန်းစွာ ရေးသားထားပါသည်။ အလွန်လည်းကောင်းမွန်လှပါသည်။ သို့သော် ပါဠိဘာသာကျွမ်းကျင်ရေးအတွက် ပါဠိသဒ္ဒါ ကျမ်းများကို သင်ယူရာ၌-

(၁) အခန်းတစ်ခန်းပြီးမှ နောက်တစ်ခန်းကို ပို့ချသင်ယူနေသဖြင့် အချိန်များစွာကုန်ခြင်း၊

(၂) အခန်းတစ်ခန်းနှင့်တစ်ခန်း ချိတ်ဆက်၍ မသင်ကြားခြင်း၊

(၃) သက်ဆိုင်ရာပါဠိသဒ္ဒါနှင့်ပက်သက်သော ပါဠိစာပေ အရေးအပြောအဖတ်သင်ခန်းစာများ မရှိခြင်း၊

(၄) ပါဠိစာပေလေ့လာသူတို့၏ ပါဠိစာပေအပေါ်မြတ်နိုးမှု၊

ယုံကြည်မှု အားလျော့လာခြင်းနှင့် ပါဠိစာပေ လိုက်စားသူတို့အပေါ် အားပေးမှုနည်းလာခြင်း၊ အထင်မကြီးခြင်းတို့ကြောင့် မြန်မာနိုင်ငံ၌ ပါဠိစာပေအရေး အပြောစွမ်းရည်များ ကျဆင်းလာရသည်။

ပါဠိသဒ္ဒါကျမ်းတို့၌ ပုဒ်တစ်ခုနှင့်တစ်ခု စပ်ပုံ/ဖြတ်ပုံသန္ဓိကဏ္ဍကို အရင်ဆုံးပြထားသော်လည်း ထိုသန္ဓိကဏ္ဍကို အရင်ဆုံး မသင်ကြားမပို့ချသင့်ပါ။ အက္ခရာ၊ ဗျည်း၊ သရစသည် အမည်မျှလောက်ကိုသာသင်ပြီး နာမ်ပုဒ်များတည်ဆောက်ပုံ(နာမကဏ္ဍ)ကို သင်ကြားပို့ချသင့်ပါသည်။ နာမကဏ္ဍသည်လည်း အခန်း(၅)ခုရှိရာ အစမှအဆုံး တစ်ခါတည်း မသင်ကြားမပို့ချသင့်ပါ။ နာမ်ပုဒ်များ လိင်၊ ကာရန်အားဖြင့် အုပ်စုခွဲ၍ ပုလ္လိင် အသရဆုံးနာမ်ပုဒ်များ၊ ပုဂ္ဂလနာမ်စားသဗ္ဗနာမ်ပုဒ်များ၊ နိဒဿနနာမ်စားသဗ္ဗနာမ်ပုဒ်သို့ ဝိဘတ် သက်ပုံနှင့် ဝိဘတ်နက်များကို အရင်ဆုံး ပို့ချသင်ကြားသင့်ပါသည်။စာသင်သားများ အားလည်းကျေညက်အောင် လေ့ကျင့်စေသင့်သည်။ အဆိုပါနာမ်ပုဒ်ကို လေ့ကျင့်ပြီးသောအခါ ပါဠိဝါကျတည်ဆောက်ရန် ကတ္တားပုဒ်၊ကံပုဒ်စသည် ရရှိပြီးဖြစ်၍ နာမ်ခန်းကို ခေတ္တရပ်တန့်ထားပြီး ကြိယာပုဒ်ရရှိရန်အတွက် အာချာတကဏ္ဍကို သင်ကြားပို့ချသင့်သည်။

အာချာတ်ကျမ်းတွင် ဓာတ်နောင်ပစ္စည်း၊ ဝိဘတ်ဆက်ပြီး ကြိယာပုဒ် တည်ဆောက်ရာ၌ ပစ္စည်းအမျိုးမျိုး၊ ဝိဘတ်အမျိုးမျိုးရှိရာ ရှေးဦးစွာဓာတ်နောင် အ-ပစ္စည်း ဝတ္တမာန်ဝိဘတ်တို့ဖြင့် ပစ္စုပ္ပန်ကြိယာတည်ဆောက်ပုံကို သင်ကြားပို့ချသင့်ပါသည်။ ဓာတ်နောင် အ-

ပစ္စည်းဆက်ရာ၌ ဓာတ်တို့၏ တစ်မျိုးတစ်ဖုံ ပြောင်းလည်းသွားပုံကို သဘာဝကျကျသိရှိနိုင်ရန် ဓာတ်များကို-

၁။ ဗျည်းဆုံးဓာတ်၊

၂။ သရဆုံးဓာတ်ဟု ခွဲခြားသင်ကြားပေးသင့်သည်။

ဗျည်းဆုံးဓာတ်နောင် အ-ပစ္စည်းဆက်သောအခါ ဓာတ်သည် ပြောင်းလဲမှုမရှိပုံကို ပစ်+အ+တိ=ပစတိ။ ယာစ်+အ+တိ=ယာစတိ-ဟုလည်းကောင်း၊

ဣ, ဤ သရဆုံးဓာတ်များသို့ အ-ပစ္စည်းဆက်သောအခါ ဓာတ်၏အဆုံး ဣ, ဤသရများသည် ဧ, အယ-သို့ပြောင်သွားပုံကို ဇိ+အ+တိ=ဇေတိ၊ ဇယတိ။ နီ+အ+တိ=နေတိ၊ နယတိ။ သိ+အ+တိ=သေတိ၊ သယတိ-ဟုလည်းကောင်း၊

ဥ, ဦ သရဆုံးဓာတ်များသို့ အ-ပစ္စည်းဆက်သောအခါ ဓာတ်၏အဆုံး ဥ, ဦ သရများ ဩ၊ အဝ-သို့ပြောင်းပုံကို ကု+အ+တိ=ကဝတိ။ စု+အ+တိ=စဝတိ။ ဟူ+အ+တိ=ဟောတိ-ဟုလည်းကောင်း၊

အာ-သရဆုံးဓာတ်သို့ အ-ပစ္စည်းဆက်သောအခါ များသောအားဖြင့် အပြောင်းအလည်းမရှိပုံ၊ ရံခါဓာတ်၏ အာ-သရသည် ဧ-သို့ပြောင်းပုံကို ယာ+အ+တိ=ယာတိ။ ဝါ+အ+တိ=ဝါတိ။ ဒါ+အ+တိ=ဒေတိ-ဟုလည်းကောင်း၊

အာ-သရဆုံးဓာတ်များကို ဒွေဘော်ပြုပုံ ဒါ+အ+တိ=ဒဒါတိ။ ဓာ+အ=တိ=ဒဓာတိ။ ဟာ+အ+တိ=ဇဟာတိ-ဟုလည်းကောင်း အ-ပစ္စည်းဆက်သောအခါ ဓာတ်တို့၏ပင်ကိုယ်သဘောမှ ပြောင်း

လည်းသွားပုံတို့ကို သဘာဝကျကျ သင်ကြားပို့ချသင့်သည်။ ထို့နောက် ခတ်နောင် အ-ပစ္စည်းဆက်၍ ဝတ္တမာန်ဝိဘတ်(ပစ္စုပ္ပန်ဝိဘတ်)၁၂-လုံးဖြင့် ကြိယာပုဒ်ဂိုဏ်းစဉ်များကို ကျေညက်အောင် သင်ကြားပို့ချသင့်သည်။

ကြိယာပုဒ်များကို ကျေညက်အောင် သင်ကြားပို့ချပြီးသောအခါ နာမ်ကျမ်းနှင့်အာချာတ်ကျမ်းတို့ကို အချိတ်အဆက်ပြုလုပ်ပေးရပါမည်။ နာမ်ကျမ်းလာ ပုလ္လိင်အကာရန္တနာမ်ပုဒ်၊ ပုဂ္ဂလနာမ်စားပုဒ်၊ နိဒဿနနာမ်းစားပုဒ်များနှင့် အာချာတ်ကျမ်းလာ ပစ္စုပ္ပန်ကြိယာပုဒ်များကို အချိတ်အဆက်လုပ်ပေး၍ ပါဠိဝါကျများကို ကြိမ်ဖန်များစွာ လေ့ကျင့်သင်ကြားပေးသင့်သည်။

ရိုးရိုးပါဠိဝါကျငယ်များကို ကျွမ်းကျင်အောင် လေ့ကျင့်ရေးသားစေပြီးသောအခါ နာမ်ကျမ်းလာ ကံပုစ္ဆာနာမ်ဂိုဏ်းစဉ်များကို သင်ကြားပေးပြီး ရိုးရိုးပါဠိဝါကျငယ်ကို အမေးဝါကျသို့ ပြောင်းရေးပုံ အဖြေဝါကျသို့ပြောင်းရေးပုံတို့ကိုအထပ်ထပ် လေ့ကျင့်သင်ကြားပေးသင့်သည်။

ရိုးရိုးပါဠိဝါကျငယ်များ၊ ပုစ္ဆာဝါကျ၊ ဝိဿဇ္ဇနာဝါကျများကို လေ့ကျင့်ရေးသားစေပြီးသောအခါ ကိတ်ကျမ်းလာ ပစ္စုပ္ပန်ကိတ်(မာနအန္တ)ပစ္စည်းဖြင့် ကိတ်ကြိယာတည်ဆောက်ပုံကို သင်ကြားပေးသင့်သည်။ ပစ္စုပ္ပန်အာချာတ်ကြိယာဖြင့် ရေးသားထားသော ရိုးရိုးပါဠိဝါကျငယ်နှစ်ခုကို ဆက်ပေးလိုက်သောအခါ မာန၊ အန္တအဆုံး ရှိသောကိတ်ကြိယာဖြင့် ဆက်ပေးရသည်။ မာန၊ အန္တ-ပစ္စည်းအဆုံးရှိသောကိတ်ကြိယာဖြင့်ဆက်ထားသော ပါဠိဝါကျရှည်ကို ပစ္စုပ္ပန်အာချာတ်

ကြိယာဖြင့် ခွဲစိတ်ရေးသားရသည်။ ထို့ကြောင့် ပါဠိဝါကျတို၊ ဝါကျရှည်ရေးရာ၌ ကျွမ်းကျင်စေရန် ပစ္စုပ္ပန်အာချာတ်ပါဠိဝါကျများ ရေးပုံကို သင်ကြားပို့ချပြီးသောအခါ ကိတ်ကျမ်းလာ မာန၊ အန္တ-ပစ္စည်းဖြင့် ကိတ်ကြိယာတည်ဆောက်ပုံကို သင်ကြားပို့ချသင့်သည်။

ပစ္စုပ္ပန်အာချာတ်ကတ္တုဝါကျများရေးပုံကို သင်ကြားပြီးသောအခါ အာချာတ်ကမ္မဝါကျများရေးနိုင်ရန် ကမ္မကြိယာတည်ဆောက်ပုံကို သင်ကြားပို့ချသင့်သည်။ ကမ္မကြိယာတည်ဆောက်ရာ၌ ကမ္မ ယ-ပစ္စည်းဆက်သောအခါ သရဆုံးဓာတ်တို့၏ ပင်ကိုယ်မူလမှ ပြောင်းလဲသွားပုံကို သဘာဝကျကျ သင်ကြားပို့ချသင့်သည်။

ဥပမာ- အာ၊ဣ-သရဆုံးဓာတ်သို့ ယ-ပစ္စည်းဆက်သောအခါ ဓာတ်၏အဆုံး အာ၊ဣ-သရတို့သည် ဤ-သို့ပြောင်းပုံကို-

ဒါ+ယ+တိ= ဒီယတိ

ပါ+ယ+တိ= ပီယတိ

ဓိ+ယ+တိ= ဓီယတိ-စသည်ဖြင့်လည်းကောင်း၊

ဥ-သရဆုံးဓာတ်တို့၏ အဆုံး ဥ-သရသည် ဦ-သို့ပြောင်းပုံကို-

သု+ယ+တေ= သူယတေ-စသည်ဖြင့်လည်းကောင်း၊

ယ-ပစ္စည်းကို ဒွေဘော်ပြုပါက ဓာတ်(သို့မဟုတ်)တည်ပုဒ်၏ သရရှည်ကို သရတိုပြုရပုံကို-

နီ+ယ+တိ= နီယတိ၊ နိယျတိ။

ဒါ+ယ+တိ= ဒီယတိ၊ ဒိယျတိ။

သု+ယ+တိ= သူယတိ၊ သုယျတိ-စသည်ဖြင့်လည်းကောင်း၊

ဗျည်းအဆုံးဓာတ်သို့ ယ-ပစ္စည်းဆက်သောအခါ

(၁) ခတ်၏အဆုံးဗျည်းနှင့် ယ-ပစ္စည်းအကြား ဣ၊ ဤ-ထည့်ပေးခြင်း၊

(၂) ဣ-ထည့် ယ-ပစ္စည်းဒွေဘောပြုပေးခြင်း၊

(၃) ခတ်၏အဆုံးဗျည်းနှင့် ယ-ပစ္စည်းကို သဒိသရုပ်ပြုပေးခြင်း၊

(၄) ခတ်နောင် ဂိုဏ်းပစ္စည်းဆက်၊ ဣ-သရထည့်ပေးပြီးမှ ယ-ပစ္စည်းဆက်ပေးခြင်း စသည်ဖြင့် ကမ္မကြိယာတည်ဆောက်ပုံကို သဘာဝကျကျ သင်ကြားပို့ချသင့်သည်။ ထို့နောက် ကမ္မဝါကျရေးပုံကိုလည်းကောင်း၊ ကတ္တုဝါကျမှ ကမ္မဝါကျသို့၊ ကမ္မဝါကျမှ ကတ္တုဝါကျသို့ အပြန်အလှန်ပြောင်းလဲရေးပုံတို့ကိုလည်းကောင်း ကြိမ်ဖန်များစွာ လေ့ကျင့်သင်ကြားပေးသင့်သည်။

အထက်ဖော်ပြပါနည်းစနစ်အတိုင်း အခြားပါဠိသဒ္ဒါ နည်းများကိုလည်း နာမ်၊ အာချာတ်၊ ကိတ် အချိတ်အဆက်မိမိ ဆက်သွယ်ချိတ်ဆက်လျက် သင်ကြားပို့ချလျှင် သင်ယူသူကလည်း စိတ်ဝင်စားလျှင်(၆)လမျှ သင်ကြားပို့ချပါက ပါဠိအရေး၊ အဖတ်၊ အပြောကျွမ်းကျင်နိုင်ပါသည်။

ဘဒ္ဒန္တဉာဏိန္ဒ
ဌာနမှူး
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

# ထေရဝါဒ ဓမ္မကျင့်သုံးမှုကို တိုက်ရိုက်အထောက်အကူပြုသော ပါဠိစာပေသင်ကြားပို့ချမှု အကြံပြုစာတမ်း

ဒေါက်တာကိတ္တိဗလ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
(ရန်ကုန်ဌာနခွဲ)
မြောက်ဒဂုံ/ရန်ကုန်

ဗုဒ္ဓမြတ်စွာ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များသည် သံသရာဝဋ်ဒုက္ခအပေါင်းမှ ကင်းဝေးရာ အမှန် မြတ်နိဗ္ဗာန်သို့ ရောက်အောင် ညွှန်ပြထားသော စကားတော်များဖြစ်သည်။ ထိုစကားတော်များကို လွယ်ကူရှင်းလင်းအောင် တူရာတူရာ စုပုံ ခွဲဝေလိုက်သောအခါ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ဟူ၍ ဖြစ်ပေါ်လာခဲ့သည်။ မြတ်စွာဘုရားသည် တရားဓမ္မများကို ဟောကြားတော်မူသောအခါ ထိုစဉ်က ကမ္ဘာသုံး စကားဖြစ်သော ပါဠိဘာသာဖြင့် ဟောကြားတော်မူခဲ့ပြီး ထိုစကားတော်များကို ရေရှည်တည်တန့်အောင် ဆောင်ရွက်ရာ၌လည်း တပည့်သာဝကတို့သည် အစပထမ၌ စာပေကို အားကိုးမှီခိုခြင်း မရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပါဠိစာပေဖြင့်ပင် မှတ်တမ်းတင် ပုံဖော်ခဲ့ကြသည်။ ထို့ကြောင့် ပါဠိစာပေနှင့် မြတ်စွာဘုရား၏ စကားတော်၊ မြတ်စွာဘုရား၏ စကားတော်များနှင့် ပါဠိ

စာပေသည် ခွဲခြား၍ မရစကောင်းလောက်အောင် လက်ပွန်းတတီး ရင်းနှီးစွာ တည်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ပါဠိစာပေသည် မြတ်စွာ ဘုရား၏ အမွန်အမြတ် တရားတော်များကို အဓိက သိုမှီးသိမ်းဆည်း ထားရာ ရွှေတိုက်သဘွယ်ဖြစ်လာခဲ့ပြီး မြတ်စွာဘုရား၏ တရားတော် များနှင့်အတူ အများ၏ အမွန်အမြတ်ထား လေးစားခြင်းကို ခံယူခဲ့ရ သည်။

ပါဠိစာပေသည် မြတ်စွာဘုရားရှင်၏ တရားဓမ္မများကို မပျောက် မပျက် မဖိတ်စင်ရအောင် လုံခြုံစိတ်ချစွာ သိုမှီးသိမ်းဆည်းထားရာ ဘဏ္ဍာတိုက်ကြီး အစစ်ဖြစ်သည်။ မြတ်စွာဘုရား၏ တရားတော် များကို အခြားစာပေ ဘဏ္ဍာတိုက်တို့၌လည်း သိမ်းဆည်းထားပါသေးသည် ဆိုသော်လည်း ထိုအခြားစာပေတို့သည် ပါဠိစာပေကဲ့သို့ စိတ်ချယုံ ကြည်ရသော အာမခံချက်ရှိသည့် စာပေဘဏ္ဍာတိုက်များ မဟုတ် ကြကုန်။ ထိုအခြားပါဠိစာပေတိုက်တို့သည် ပါဠိစာပေတည်းဟူသော ဗဟိုစာပေဘဏ္ဍာကြီး၏ လက်အောက်ခံ အထောက်အကူပြု စာပေ ဘဏ္ဍာတိုက်ငယ်တို့သာ ဖြစ်ကြသည်။

မြတ်စွာဘုရား၏ အစစ်အမှန် တရားသားများကို မူရင်းကျကျ သိနားလည်နိုင်ရန်အတွက် လက်အောက်ခံ စာပေဘဏ္ဍာတိုက်ငယ်များ ကို ဖွင့်လှစ်ကြည့်ရှုမှုဖြင့် ပြည့်စုံလုံလောက်မှု မရှိဘဲ မူလဗဟိုပါဠိစာပေ ဘဏ္ဍာတိုက်တော်ကြီးကို ဖွင့်လှစ်ဝင်ရောက်နိုင်မှသာ ပြီးပြည့်စုံနိုင်သော ကိစ္စဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်တည်းဟူသော ရတနာအစစ်အမှန်များကို ရယူနိုင်ရေးအတွက် ပါဠိစာပေဘဏ္ဍာတိုက်ကို

ကောင်းမွန်စွာ ဖွင့်လှစ်နိုင်ရေးသည် များစွာအရေးပါသော အချက်ဖြစ်သည်ကို သိနိုင်သည်။ ပါဠိစာပေဘဏ္ဍာတိုက်ကို ဖွင့်လှစ်နိုင်ရန်အတွက် ပါဠိစာပေသိနားလည်ရေးဟူသော ဖွင့်လှစ်စရာ သော့တံသည် များစွာအရေးပါသော အခန်းကဏ္ဍတွင် ရှိသည်။ ဖွင့်လှစ်စရာပါဠိစာပေနားလည်ခြင်းဟူသော သော့တံပျောက်ဆုံးသော တစ်နေ့သည် မြတ်စွာဘုရား၏ တရားတော်များ အများမမြင်နိုင်သော ဘဏ္ဍာတိုက်အတွင်း၌ မှေးမှိန်ပျောက်ကွယ်သွားသောနေ့ပင်ဖြစ်သည်။ ထို့ကြောင့် ပါဠိစာပေတတ်မြောက်ရေးသည် မြတ်စွာဘုရား၏ တရားတော်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခြားအရေးတို့ထက် အရေးအပါဆုံးသော အရေးကိစ္စ တစ်ခုဖြစ်ကြောင်း အားလုံးက သိနားလည်ထားကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ခေတ်အဆက်ဆက်သော ထေရဝါဒနိုင်ငံများရှိ သံဃာတော်များသည် ပါဠိစာပေ သင်ကြားတတ်မြောက်ရေးကို သာသနာတော်အတွက် အဓိကအရေးပါသော လုပ်ငန်းကြီးအဖြစ်သတ်မှတ်ကာ အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့ကြခြင်းဖြစ်သည်။ ယခုအခါ၌လည်း ပါဠိစာပေ၏ အရေးပါမှုကို သိနားလည်ပြီး ပါဠိစာပေ သင်ကြားတတ်မြောက်မှုကို ဘက်ပေါင်းစုံမှ မြှင့်တင်အားပေးဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်သည်။

မြတ်စွာဘုရား၏ တရားတော်များသည် ကောင်းမြတ်မှန်ကန်သော သီလ သမာဓိ ပညာကျင့်စဉ်တို့ကို ပဓာနအားဖြင့် ဖော်ညွှန်းပြသော စကားတော်များဖြစ်သည်။ အထူးအားဖြင့် ဝိနည်းပိဋကတော်သည် သီလကျင့်စဉ်၊ သုတ္တန္တပိဋကတော်သည် သမာဓိကျင့်စဉ်၊ အဘိဓမ္မာ

ပိဋကတော်သည် ပညာကျင့်စဉ်တို့ကို ဖော်ညွှန်းပြသကြောင်း အဋ္ဌကထာဆရာ မိန့်တော်မူသည်။ **တန္တယ်ငင်တစ်စဉ်ပါ** ဆိုသကဲ့သို့ ပါဠိစာပေကို တတ်ကျွမ်းအောင် သင်ယူသောအားဖြင့် သီလ သမာဓိ ပညာကျင့်စဉ်တို့ကိုလည်း တစ်ပါတည်းသိနားလည်အောင် သင်ကြား ပြီး ဖြစ်သွားသည်။ အသိသည် အကျင့်မဟုတ်သော်လည်း အကျင့်တရား မှန်သမျှသည်လည်းအသိတရားပေါ်၌ တည်မှီနေသည်ဖြစ်သော ကြောင့် **အသိမခက် အကျင့်ခက်၏** ဟူသော ရှေးသူဟောင်း စကားအတိုင်း အကျင့်အတွက် အသိတရားသည်လည်း ရှေးဦးလိုအပ်သော အခြေအနေ တစ်ရပ်ပင်ဖြစ်ရကား သင်ကြားမှုလုပ်ငန်းစဉ်သည် မဖြစ်မနေပြုလုပ် ရမည့် လုပ်ငန်းစဉ်ကြီး တစ်ရပ်ပင်ဖြစ်သည်။

ပါဠိစာပေကို သင်ကြားခြင်းသည် စာပေကို သင်ကြားတတ် မြောက်ရုံသက်သက်မျှမဟုတ်ဘဲ အဓိကအားဖြင့် စာပေ၌ပါရှိသော သာသနာတော်၏ ကျင့်စဉ်သုံးရပ်ကို ကျင့်သုံးနိုင်ရန်အတွက်ဖြစ်သည်။ ထို့သို့ ကျင့်သုံးနိုင်ရန်အတွက် မြတ်စွာဘုရား၏ နှုတ်တော်ထွက် စကား တော်များကို တိုက်ရိုက်ဖော်ညွှန်းသော ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာများကို သင်ယူနိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် သဒ္ဒါ သင်္ဂဟ စသော အခြေခံကျမ်းစာငယ်များဖြင့် အချိန်မကုန်စေဘဲ ပါဠိတော် အဋ္ဌကထာ စာပေများနှင့် ခပ်မြန်မြန်ထိတွေ့နိုင်သော သင်ယူနည်း စနစ်ကို အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။

ဤနေရာ၌ သာသနာတော် စည်ပင်ထွန်းကားရေးအတွက် များစွာ အထောက်အကူဖြစ်ခဲ့သော ရှေးဟောင်းစာသင်နည်း တစ်ရပ်ကို

အနည်းငယ် တင်ပြလိုသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရေစကြို ဆရာတော်ဘုရားကြီး တီထွင်နည်းပြ စတင်သင်ပြသောကြောင့် ထိုစာသင်နည်းစနစ်ကို ပခုက္ကူစာသင်နည်းစနစ်ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ရှေးအခါက ပခုက္ကူမြို့ရှိ စာသင်တိုက်ကြီးများနှင့် ပခုက္ကူနိကာယဝင် စာသင်တိုက်များသည် ယင်းသင်ကြားနည်းစနစ်ဖြင့် မြတ်စွာဘုရား၏ ပိဋကတ်ကျမ်းစာများကို ပေါက်ရောက်အောင် အဓိကထား သင်ကြားချပို့ကြသည်။ ပါဠိ အဋ္ဌကထာကျမ်းဂန်များ ခပ်မြန်မြန် သိနားလည်ရေးကို ဦးစားပေးချပို့သော စနစ်တစ်ရပ်ဖြစ်၍ ရည်မှန်းသည့်အတိုင်း ပိဋကတ်စာပေ ကျွမ်းကျင်တတ်မြောက်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်များ အမြောက်အများ ထွက်ပေါ်ခဲ့သည်။ ရှေးအခါက မြန်မာပြည်အရပ်ရပ် မည်သည့်စာသင်တိုက်၌ စာသင်သည်ဖြစ်စေ ကျောင်းထိုင်စာချ ပြုလုပ်တော့မည်ဆိုက ပခုက္ကူသို့ အရောက်လာ၍ အချောသတ် ကျမ်းစာသင်ကြားနည်း, ကြည့်ရှုနည်း, ရေးသားနည်းများကို ဆရာနည်းရအောင် သင်ယူကြမြဲ ဖြစ်သည်။ ထို့ကြောင့် ပခုက္ကူစာသင်တိုက်ကြီးများသည် သာသနာ့အာဇာနည်များ၏ နောက်ဆုံးပိတ် ပညာသင်ကြားရာ ဆရာဖြစ်သင်တန်းကျောင်းကြီးများ (သို့) အတတ်သင် ဝိဇ္ဇာလယတက္ကသိုလ်ကြီးများဖြစ်သည်။

ပခုက္ကူစာသင်နည်းသည် မြတ်စွာဘုရား၏ စကားတော်များနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရသဖြင့် စာပေသင်ကြားခြင်း၏ အဓိပ္ပါယ်ကို အပြည့်အဝဖော်ဆောင်ပေးသော နည်းစနစ်တစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ ပိဋကတ်တော်၌ ပါရှိသော မြတ်စွာဘုရား၏ စကားတော်များကို


နေ့စဉ်ကြားနာ နေရသည်ဖြစ်၍ သာသနာတော်အတွက် စစ်မှန်သော သဒ္ဓါတရားများ ထက်သန်ကာ အကျင့်မကွာသော အသိတရားများကို ရရှိနိုင်သည်။ ထို့ကြောင့် ပခုက္ကူစာသင်နည်းစနစ်ကို အကျင့်တရားကို တိုက်ရိုက် အထောက်အကူပြုသော ရှေးဟောင်းစာသင်နည်းစနစ် တစ်ခုဖြစ်ကြောင်း သိနိုင်သည်။

ယခုအခါ ထိုကောင်းမြတ်သော စာသင်နည်းစနစ်ကြီးသည် မှေးမှိန်အားနည်းသော အခြေအနေသို့ ဆိုက်ရောက်နေကြောင်း သိရသည်။ ထိုကဲ့သို့ မြတ်စွာဘုရား၏ စကားတော်များကို သင်ရိုးပြု သင်ကြားသော စာသင်စနစ်ကြီး အားနည်းလာသည်နှင့်အမျှ သဒ္ဓါစသော ကောင်းမြတ်သော စိတ်ထားများလည်း အားနည်းလာမည် ဖြစ်ရကား သာသနာတော်အရှည်ခန့် တည်တံ့ရေးအတွက် ထိုကဲ့သို့သော စနစ်ကောင်းကြီးများကို ပြန်လည်အသက်ဝင်အောင် နည်းလမ်းရှာ၍ မြှောက်စားအားပေးရမည် ဖြစ်သည်။

စာတတ်ရုံတွင် တတ်၍ အကျင့်ဘက် မကူးဆက်နိုင်ပါက အသိနှင့်အကျင့်ကြားတွင် ခါးပြတ်၍ ကိုယ်ကျိုးနည်းတတ်ကြောင်း **"ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ်ကိုက်တတ်သည်"** ဟူ၍တစ်မျိုး၊ **"ပဋိပတ်အဖုံးမပါသော ပိဋကတ်ရေးအိုး ပိုးကျလွယ်သည်"** ဟူ၍ တစ်ဖုံ ရှေးပညာရှိများက သတိပေးမိန့်တော်မူခဲ့ကြသည်။ ထို့ကြောင့် အကျင့်တရားနှင့် အသိတရား နှစ်ခုကြား ကွာဟမှုမရှိစေဘဲ ပြိုင်တူချီတက်နိုင်သော နည်းစနစ်တစ်ခုကို ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် ပိဋကတ်စာပေများကို သင်ယူရာ၌ ယင်းပိဋကတ်တော်လာ

ပဋိပတ်ကျင့်စဉ်များကို လက်တွေ့ကျင့်ဆောင်နိုင်သည်အထိ ချပို့သင်ပြနိုင်သည့် ရှေးဟောင်း ပခုက္ကူစာသင်နည်းစနစ်ကဲ့သို့သော စာသင်နည်းစနစ်သည်သာ အသိနှင့်အကျင့်ထပ်ချပ်ပါ၍ ထေရဝါဒ ဓမ္မကျင့်သုံးမှုကို တိုက်ရိုက်အထောက်အကူပြုသော ပါဠိစာပေ သင်ကြားနည်းစနစ်ကောင်းတစ်ခုဖြစ်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

ဒေါက်တာအရှင်ကိတ္တိဗလ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
(ရန်ကုန်ဌာနခွဲ)
မြောက်ဒဂုံ/ရန်ကုန်



နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩ့်ပါမောက္ခဆရာတော်
ဒေါက်တာအရှင်ဓမ္မပိယ က "ခေတ်နှင့် လျော်ညီသော သင်ကြားလေ့လာနည်းစနစ်"
ခေါင်းစဉ်ပါ သုတေသနစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ခေတ်နှင့်လျော်ညီသော သင်ကြားလေ့လာနည်းစနစ်

ဒေါက်တာအရှင်ဓမ္မပိယ
ညွှန့်ပါမောက္ခ
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်

စစ်မှန်သော ဗုဒ္ဓတရားတော်များကို စနစ်တကျသင်ကြားလေ့လာလိုသူများသည် (သို့မဟုတ်) ဟောကြားပြသလိုသူများသည် ပါဠိစာပေကို မသင်ယူ မလေ့လာဘဲ နက်နဲသော ဗုဒ္ဓတရားတော်များကို ဂဃနဏ သိဖို့ဆိုသည်မှာ၊ စနစ်တကျ သင်ပြပေးဖို့ဆိုသည်မှာ လွယ်ကူ လှသည့် အရာမဟုတ်ကြောင်း ပါဠိစာပေပညာရှင်များ သဘောပေါက်ထားပြီး ဖြစ်ပါသည်။ ဗုဒ္ဓဓမ္မ၏ အနှစ်သာရများကို သိအိုရီသဘောအရ ဦးစွာ ပထမ နားလည်နိုင်ရန် ပါဠိစာပေသင်ကြား လေ့လာရေးဌာနစနစ်များ ရှိရပေမည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဦးတည်ချက်ပန်းတိုင် ဖြစ်သော နိဗ္ဗာန်ဆိုသည့် ပဋိဝေဓဓမ္မကို ကိုယ်တိုင်သိရှိနိုင်ရန် ပါဠိစာပေနှင့် လျော်ညီသော ပဋိပတ္တိကျင့်စဉ်များကို ကျင့်ရပေမည်။ ပါဠိစာပေနှင့် လျော်ညီသော ပဋိပတ္တိကျင့်စဉ်ကို ကျင့်နိုင်ဖို့ဆိုသည်မှာ ပါဠိစာပေကို သင်ယူတတ်မြောက်ထားမှ၊ စနစ်တကျလေ့လာထားမှ ဖြစ်နိုင်ပေသည်။ "သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ- ပရိယတ္တိသာသနာ သည် သာသနာတည်ရန် အခြေခံအကြောင်းတစ်ရပ်ဖြစ်သည်၊ ပရိယတ္တိသာသနာရှိမှ သာသနာရေရှည် တည်တံ့နိုင်သည်"ဟူသော

ကျမ်းဂန်စကားအရ ပရိယတ္တိသာသနာသည် မည်မျှအရေးပါကြောင်း သိရှိနိုင်ပါသည်။[၁] ဗုဒ္ဓတရားတော်များ ရေရှည်တည်တန့်ခိုင်မြဲနိုင်ရန် "ပါဠိစာပေ သင်ကြားနည်းစနစ်ကို ပြန်လည်သုံးသပ်၍ အဆင့်မြှင့်တင်ရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပသော ဉာဏ်နှီးနှော ဖလှယ်ပွဲကြီးသည် မင်္ဂလာရှိလှပေသည်။ ခေတ်နှင့်လျော်ညီသော နှီးနှောဖလှယ်ပွဲများကို ကျင်းပပြုလုပ်ပေးသော သဘာပတိဆရာတော်များ၊ တက္ကသိုလ်အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော်များနှင့် နှီးနှောဖလှယ်ပွဲကြီး ဖြစ်မြောက်အောင် ဆောင်ရွက် ပေးကြသော ကော်မတီအဖွဲ့ဝင်များအား ကျေးဇူးတင်စကား ပြောကြား လိုပါသည် အရှင်မြတ်တို့ဘုရား။

"ပရိယတ္တိတက္ကသိုလ်ကြီးများ၌ ပါဠိစာပေသင်ကြားရေးစနစ် ပြန်လည်သုံးသပ်၍ အဆင့်မြှင့်တင်နိုင်ရန်" ဟူသော ခေါင်းစဉ်နှင့် ပက်သက်ပြီး ဆွေးနွေးတင်ပြလိုပါသည်။ မြန်မာနိုင်ငံ၌ ပါဠိစာပေ သင်ကြားရေးစနစ်သည် ရှင်သာမဏေယ်ဘဝမှ စတင်သင် ကြားပေးသော စနစ်ဖြစ်၍ ကောင်းမွန်ပါသည်။ ပါဠိသဒ္ဒါအခြေခံများ၊ သင်္ဂြိုဟ် အခြေခံများကို သာမဏေဘဝကပင် စတင်သင်ယူခဲ့ရ၍ အစဉ်အလာ ကောင်းတစ်ရပ်ကို ထိန်းသိမ်းထားရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ပါဠိစာပေ သင်ကြားရေးစနစ်သည် သဘောဉာဏ်ထက် မှတ်ဉာဏ်ကို ဦးစားပေးထားပြီး "အာဂုံရမှ အာဂလှူ" ဟူသော သင်ကြားနည်း စနစ်ကို အခြေခံထားဆဲဖြစ်သည်။ သင်ယူထားပြီးသော စာ၊ အာဂုံ ကျက်မှတ်ထားပြီးဖြစ်သောစာများကို စနစ်တကျအသုံးချတတ်အောင်

သင်ပြပေးသောနည်းစနစ်များ အားနည်းနေ၍ စာပေတတ်မြောက်မှု အပိုင်း၌ နေးကွေးနေဆဲဖြစ်သည်။ စာသင်သားတစ်ပါးအတွက် ဆယ်နှစ်ဆယ်မိုးအချိန်ကို စာသင်သားဘဝနှင့် ကုန်လွန်ခဲ့ရသော်လည်း ယခုလက်ရှိ ပါဠိစာပေသင်ကြားနည်းစနစ်သည် ပါဠိစာပေအသွားအလာကို နားလည်သဘောပေါက်အောင် သင်ပြပေးသောနည်း စနစ်မျိုး မဟုတ်၍ စာသင်ချိန်တွင်ကြန့်ကြာခဲ့ရသလောက် ခရီးမရောက်လှဘဲ ဖြစ်နေ၍ မြန်မာရဟန်းတော်များသည် ပါဠိစာပေအရေးအသားနှင့် ပါဠိ စကားပြောများ အားနည်းလျက်ရှိကြောင်း ပါဠိစာပေ ပညာရှင်များ သဘောပေါက်ထားပြီးဖြစ်ပါသည်။

တဖန် သာသနာ့တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရကြသော စာသင်သားရဟန်းတော်များမှာလည်း တက္ကသိုလ်များ၌ ပြဋ္ဌာန်းထားသော သင်ကြားရေးစနစ်များကြောင့် တစ်ချို့သောဘာသာရပ်များအတွက် မလိုအပ်ဘဲ အချိန်များစွာ ကုန်လွန်စေပြန်သည်။ လက်တွေ့ကျ၍ အသုံးဝင်သော ဘာသာရပ်များအတွက် အချိန်တွေနည်းနေခြင်း၊ ခေတ်နှင့်လျော်ညီသော တက္ကသိုလ်သင် နည်းစနစ်များ အားနည်းနေခြင်း စသောအကြောင်းများကြောင့် အချိန်တိုတိုနှင့် မပြီးမြောက်နိုင်ခြင်းကို ပညာရှင်များ သဘောပေါက်နား လည်ထားပြီးဖြစ်ပါသည်။ သို့အတွက် စာပေသင်ကြားနည်းစနစ်ကို ပြုပြင်လိုသော ဆရာတော်၊ သံဃာတော် များသည် ခေတ်နှင့်လျော်ညီသော သင်နည်းစနစ်များကို အခါအား လျော်စွာ အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြသည်။

ထိုဆရာတော်များထဲတွင် တောင်မြို့၊ မဟာဂန္ဓရုံဆရာတော်ကြီးသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် ပါဠိစာပေသင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့်ပက်သက်၍ အကြံပြုတင်ပြထားသည်မှာ- "သာသနာကွယ်နိုင်သည့် အကြောင်းများထဲတွင် ပရိယတ္တိစာပေသင်ကြားမှု ယုတ်လျော့ခြင်း၊ လွဲမှားခြင်း၊ ချွတ်ယွင်းခြင်းများပါဝင်သည်။ သာသနာတော်လည်း တည်တံ့၊ အမျိုးဘာသာလည်း ကြီးပွားမြင့်မား၍ မြန်မာပြည်သည် ကမ္ဘာ့အလည်တွင် အထွတ်အထိပ်နေရာတွင် ပါဝင်နိုင်သော အရည်အချင်းများကို နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ်က ပေးနိုင်သည်။ ဖတ်သင့်၊ မှတ်သင့်၊ တတ်သင့်၊ ကျင့်သင့်၍ ခေတ်နှင့်လျော်ညီသော အသိဉာဏ်တိုးတက်ဖွယ်တွေ သုံးစွဲဝေငှ၍မကုန်နိုင်အောင် မြားမြောင်လှသော ပိဋကတ်စာပေကို ခေတ်နှင့်လျော်သောနည်းဖြင့် အချိန်တိုတိုနှင့် မှန်ကန်ကောင်းမွန်စွာ တတ်မြောက်ရေးကို ဆရာတော်ကညွှန်ပြထားသည်။

ပိဋကတ်စာပေကို မပင်မပန်း သက်သာလွယ်ကူသော နည်းဖြင့် အချိန်တိုအတွင်း ပါရဂူမြောက် တတ်မြောက်ရန်နည်းများကို (လည်း) တင်ပြထားသည်။"[၂] "ထိုသို့တင်ပြရာ၌ ပိဋကပါဠိတော်ကို သဒ္ဒါ၊ သင်္ဂြိုလ်မှစ၍ (၁၀)နှစ်မျှ သင်ယူရလျှင် အားလုံးပေါက်ရောက်ပြီး ဖြစ်စေသင့်၏။ တက္ကသိုလ်ကျောင်းများ၌ကား ပါဠိဘာသာကို (စနစ်တကျ) သင်ယူပြီးနောက် ထူးခြားသော အရည်အချင်းရှိ ပုဂ္ဂိုလ်များကိုသာ ရွေးချယ်လက်ခံသင့်သည်။ ... ... ... ပါဠိနှင့် ဟိန္ဒီ သက္ကတ အင်္ဂလိပ်(ဘာသာစုံ) တတ်သူတို့ကား နိုင်ငံခြားတိုင်အောင်

ဟောပြောခြင်း ရေးသားခြင်းတို့ဖြင့် မြန်မာပြည်၏ အောင်လံတံခွန် ထူးချွန်သူများ ဖြစ်သင့်ကြပေသည်။''[၃] တောင်မြို့ဆရာတော် ဘုရားကြီး၏ ပါဠိစာပေသင်ကြားတတ်မြောက်ရေးလမ်းညွှန်သည် ခေတ်နှင့်လျော်ညီသော သင်ကြားရေးစနစ်အတွက် လေးလေးနက်နက် စဉ်းစားဖွယ်ကောင်းလှသည်။

ယနေ့မျက်မှောက်ခေတ် ကမ္ဘာအရပ်ရပ်ရှိ တက္ကသိုလ်ကြီးများ၌ ဘာသာစကားသင်ကြားနည်းစနစ်နှင့် စပ်လျဉ်း၍ အကယ်ဒမစ် (academic) သင်ကြားနည်းစနစ် (၄)မျိုး (four skills) ကို ဗဟိုမဏ္ဍိုင်ပြု၍ သင်ကြားနေကြောင်း လေ့လာသိရှိရပေသည်။ ထိုသင်နည်းစနစ် (၄)မျိုးတို့မှာ- (၁) နားထောင်သောသင်ကြားနည်းစနစ် (listening skill) (၂) ပြောကြားသောသင်ကြားနည်းစနစ် (speaking skill) (၃) ဖတ်သောသင်ကြားနည်းစနစ် (reading skill) နှင့် (၄) ရေးသားသောသင်ကြားနည်းစနစ် (writing skill) ဟူ၍ ဘာသာစကားသင်ကြားနည်း(၄)မျိုးဖြင့် သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ပါဠိစာပေသင်ကြားနည်းစနစ်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် နားထောင်သော သင်ကြားနည်းစနစ်၊ ဖတ်သောသင်ကြားနည်းစနစ်များ အားကောင်းသော်လည်း ပါဠိစကားပြော သင်ကြားနည်းစနစ်နှင့် ပါဠိရေးသားသော သင်ကြားရေးစနစ်များ အားနည်းလှ၍ ပါဠိစာပေကို (၁၀)နှစ်၊ (၁၀)မိုးကြာအောင် သင်ယူထားရသော မြန်မာရဟန်းတော်များသည် ပါဠိစကားပြောနှင့် ပါဠိစာပေအရေးအသားများ အားနည်းနေကြောင်း အထူးပင် တင်ပြစရာမလိုပြီ။

မြန်မာနိုင်ငံ၌ သာသနာနှင့်စပ်သော တက္ကသိုလ်ကြီး (၄)ခု ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့၌ ပါဠိဘာသာစကားကို သင်ကြားပို့ချပေးသော်လည်း ကျန်ဘာသာရပ်များကိုမူ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။ ထိုတက္ကသိုလ်ကြီးများ၌ ကျောင်းသား၊ ကျောင်းသူများသည် အင်္ဂလိပ်ဘာသာစကားကို ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်၊ နားလည်နိုင်စွမ်းရှိကြပေသည်။ သို့သော် တက္ကသိုလ် ဘာသာရပ်များကို ပါဠိဘာသာစကားဖြင့် သင်ကြားပို့ချနေသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် စာသင်သားများသည် ပါဠိဘာသာစကားကို ဖတ်နိုင်အား၊ နားထောင်နိုင်စွမ်းအား ကောင်းသော်လည်း ပါဠိစာပေအရေးအသားနှင့် ပါဠိစကားပြောများသည် အားနည်းနေဆဲပင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ထို့ကြောင့် ပါဠိဘာသာစကားဖြင့် တက္ကသိုလ်ဘာသာရပ်များကို အထူးပြုသင်ကြားလျက်ရှိသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ပါဠိစာပေသင်ကြားနည်းစနစ်ကို အရိုးပေါ် အရွက်မဖုံးသော၊ ခေတ်နှင့်လည်း လျော်ညီသော၊ တတ်မြောက်မှုမြန်ဆန်သော ပါဠိစာပေ သင်ကြားနည်းစနစ်များကို ပြဋ္ဌာန်းပေးသင့်သည်။ လေ့ကျင့်ပေးသင့်ပေသည်။ ထိုမှတစ်ဆင့် ပါဠိဘာသာစကားနှင့် ဆက်နွယ်လျက်ရှိသော သက္ကတဘာသာ လေ့လာနည်းနှင့် ထေရဝါဒမမွ အနှစ်သာရများကို လေ့လာနည်းများကိုပါ ပြဋ္ဌာန်းပေးသင့်ကြောင်း တင်ပြလိုပါသည်။


ကောင်းမွန်သောသင်ကြားရေးစနစ်များသည် စာသင်သားများအား

အချိန်တိုတိုနှင့် ပါဠိစာပေကိုတတ်မြောက်စေနိုင်သည်။ စနစ်ရှိသော ပါဠိစာပေလေ့လာနည်းကို အခြေခံ၍ ပြည်တွင်း၊ ပြည်ပ သာသနာပြု ရဟန်းတော်များသည် မိမိသင်ယူတတ်မြောက်ထားသော ပါဠိစာပေဖြင့် ဗုဒ္ဓသာသနာတော်ကို ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နိုင်စွမ်းရှိကြပေလိမ့်မည်။ ထို့ကြောင့် "သာသနာ့တက္ကသိုလ်ကြီးများ ပါဠိစာပေသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး နိုးနှောဖလှယ်ပွဲ" သည် သာသနာတော်၌ သမိုင်းတွင်စေမည့် အစည်းအဝေးကြီးဖြစ်ကြောင်း တင်ပြလျှောက်ထားရင်း ဤစာတမ်းကို နိဂုံးချုပ်ပါသည် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာအရှင်ဓမ္မပိယ
ညွှန်ပါမောက္ခ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

<u>ကျမ်းကိုး</u>

၁။ ဒီ၊ ဋ္ဌ၊ ၃။ ၈၂။
၂။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ။ ၆၂၃။
၃။ အရှင်ဇနကာဘိဝံသ၊ အနာဂတ်သာသနာရေး။ ၄၃၁။



နိုးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ဓမ္မာစရိယ၊ ဘီအေ) အရှင်ကောဝိဒ က
"ထေရဝါဒ ဓမ္မကျင့်သုံးမှုကို တိုက်ရိုက် အထောက်အကူပြုသော ပါဠိသင်နည်း"
ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ထေရဝါဒဓမ္မကျင့်သုံးမှုကို
# တိုက်ရိုက်အထောက်အကူပြုသော ပါဠိသင်နည်း

အရှင်ကောဝိဒ(B.A)
သာသနဓဇဓမ္မာစရိယ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စစ်ကိုင်း

ယနေ့မျက်မှောက်ခေတ်သည် အစစ်အမှန် သဘောတရားများကို လိုက်စားလေ့လာ ကျင့်သုံးနေသော ပညာခေတ်(Education Age) ဖြစ်သည်၊ ဒါ့ပြင် နည်းအမျိုးမျိုးနှင့် အသိပညာတိုးတက်ဖို့ ကြိုးစားနေသောခေတ်၊ ကြိုးစားသလောက် အောင်မြင်သောခေတ်ဖြစ်သည်။

မြတ်ဗုဒ္ဓ ၄၅နှစ်တို့ကာလပတ်လုံး ဟောကြားခဲ့သော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးသွယ်တို့မှာ သင်ထိုက် မှတ်ထိုက် ကျင့်ထိုက်သော ဓမ္မများဖြစ်၍ ခေတ်နှင့်လျော်ညီသော အသိဉာဏ်တွေ၊ ပညာရပ်တွေ သင်လို့မကုန်နိုင် ဝေလို့မကုန်နိုင်အောင်ပင် များစွာရှိပါ၏၊ အဘယ့်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓ၏ဓမ္မသည် အမြဲတမ်းသစ်လွင်နေသည်၊ ခေတ်မီနေသည်၊ ခေတ်ရှေ့ပြေးနေသည်၊(သတ္ထု ဓမ္မော န ဇရံ ဥပေတိ) ဘယ်သောအခါမှ ဟောင်းနွမ်းသွားလိမ့်မည်မဟုတ်ပါ။

မြတ်ဗုဒ္ဓ၏ ဓမ္မအားလုံးသည် မာဂဓ (ပါဠိ) ဘာသာဖြင့် ဟောတော်မူထားခဲ့သည်ဖြစ်၍ ပါဠိဘာသာကို မဖြစ်မနေသင်ယူရမည့် ဘာသာဖြစ်သည်။ ပါဠိဘာသာကို သင်ယူရာဝယ် 'သင်ရင်း ကျင့်၊ ကျင့်ရင်း သင်ယူ' ဆိုသလို ပါဠိဘာသာကို သင်ယူခြင်းဖြင့် ဓမ္မကို

လည်းကျင့်သုံးရာရောက်သော နည်းစနစ်သည် အချိန်ကိုလည်း ဖြုန်းတီးရာမရောက် လူကိုလည်းမပင်ပန်းစေနိုင်သော နည်းဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်သည်ကား အသစ်ဆန်း နည်းလမ်းသစ်တွေကို ရှာဖွေ၍ ရသမျှနည်းသစ်တွေကို ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ဖို့ အပြိုင်အဆိုင်ကြိုးစားနေကြသော ခေတ်ဖြစ်သည်၊ နိုင်ငံအချင်းချင်းသာ ပြိုင်ဆိုင်ကြသည်မဟုတ်၊ ကိုးကွယ်သောဘာသာ အချင်းချင်းလည်း ပြိုင်ဆိုင်လျက် ကြိုးစားနေကြသည်။ သို့ဖြစ်ပါ၍ မိရိုးဖလာနည်း **(Traditional approach)**ရော ခေတ်မီသော ချဉ်းကပ်နည်း **(Modern approach)**ဖြင့်လည်း ချဉ်းကပ်သင့်ပါကြောင်း တင်ပြလိုပါသည်။

အခြေခံမှ အထက်တန်းပိဋကတ်သို့ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာတက်လှမ်းနိုင်ပြီး သုံးစွဲဝေငှနိုင်ဘို့လိုပါသည်။ ယခုထင်ရှားသော စာမေးပွဲများ၌ အဘိဓာန်၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါကြီးငယ်တို့ကိုသာ ဦးစားပေးထားကာ ပါဠိတော်၊ အဋ္ဌကထာများ ပို့ချရာ၌လည်း အတက်၊ အထွက်၊ စုဒ် စောဒနာ၊ ဝိဂြိုဟ်ဝစနများနှင့် အဋ္ဌကထာဆရာ၏ အာဘော်တို့ဖြင့်သာ အချိန်ကုန်နေကြရပါသည်။ ထိုနည်းကား မြတ်ဗုဒ္ဓ၏ ဓမ္မအစစ်ကျင့်သုံးမှုတွင် ပြင်ဘက်က အသိုင်းအဝိုင်းမျှသာ ဖြစ်ပါသည်။ အထက်တန်းပါဠိတော်သို့ မရောက်နိုင်ဘဲ ဓမ္မကျင့်သုံးမှုနှင့် ဓမ္မရသကိုခံစားနိုင်ဘို့ အားနည်းနေသေးသည်ဟုထင်ပါသည်။ သို့ဖြစ်ခြင်းကြောင့် အထက်တန်းပိဋကတ်တော်တွေကို ဦးစားပေးသင်ယူသင့်ပါသည်။

## သင်ကြားပုံ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သင်ကြားရေးစနစ်ကို ပုံဖော်ပြရမည်ဆိုလျှင် **B.A** တန်းတို့၌ **Major Subjects** ပါရှိသလို **Minor Subjects** တို့၌ **Optional Subjects** များလည်းပါရှိပါသည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တတိယနှစ်၌ ပါဠိသဒ္ဒါ **(Pali Course)** ကိုသင်ကြားရာ၌ ပါဠိ အသုံးအနှုန်းများဖြစ်သော **(Parts of Speech, conjugation of verb** (ကြိယာဝိဘတ္တိ), **infini-tive, a gerund, a gerundive,** စသောပါဠိဝါကျတည်ဆောက်ပုံ **(How to construct a sentence)** အခြေခံတို့ကို ပါဠိတော်များမှ ပြယုဂ်များ ထုတ်ကာ သင်ယူလေ့လာရပါသည်။

## ဝိနည်းပါဠိတော်

**B.A** ပထမနှစ်နှင့် ဒုတိယနှစ်တို့၌ **ဝိနည်းပါဠိတော်များကို** သင်ယူလေ့လာကြရပါသည်၊ ဝိနည်းပါဠိတော်များကိုသင်ကြားရာ၌ မြတ်ဗုဒ္ဓစတင်ပေါ်ထွန်းလာပြီးနောက်သံဃာ့အဖွဲ့အစည်းကြီးပေါ် ပေါက်လာပုံ၊ သံဃာ့အဖွဲ့အစည်းကြီးပေါ်ပေါက်လာတာနှင့်အမျှ ဝိနည်းဥပဒေတွေနှင့် ဝိနည်းကံအမျိုးမျိုး တဆင့်ပြီးတဆင့် ပေါ်ပေါက်လာပုံ၊ သံဃာ့အစည်းအဝေးကြီးတွေနှင့် မြတ်ဗုဒ္ဓရဲ့ဓမ္မကို လက်ဆင့်ကမ်းသယ်ဆောင်လာပုံစသည်တို့ကို အနှစ်ထုတ်ကာ လေ့လာမှတ်သားရပါသည်။ ဝိနည်းသည် ရဟန်းတော်များအတွက်သာမဟုတ် လူသားတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်သော နှုတ် (ဝစီကံ) စည်းကမ်းနှင့် ကိုယ်(ကာယကံ)စည်းကမ်းလည်းဖြစ်သည်၊ ဥပမာ အဝတ်ဆင်ယင်

မှုနှင့်ပက်သက်သော ဝိနည်းစည်းကမ်း၊ အသွားအလာ၊ အနေအထိုင်၊ အစားအသောက်နှင့်စပ်သော သေခိယသိက္ခာပုဒ်များသည် ရှင်ရဟန်းရော လူဝတ်ကြောင်ပါ လက်ခံကျင့်သုံးရမည့် စည်းကမ်း ဥပဒေသများ ဖြစ်ပါသည်။

## သုတ္တန်ပါဠိတော်

**သုတ္တန်ပါဠိတော်**များ၌ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့၏ ရှေးဖြစ် ဟောင်း (ဇာတ်ကြောင်း)များလည်းပါ၏၊ မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ သိင်္ဂါလောဝါဒသုတ်စသည့်သုတ္တန်တို့ကဲ့သို့ လူမှုရေးဆောင်ရွက်ချက်များနှင့် ကိုယ်ကျင့်တရားများလည်းပါ၏။၊ စူဠကမ္မဝိဘင်္ဂသုတ်၊ မဟာကမ္မဝိဘင်္ဂသုတ်ကဲ့သို့သော မြတ်ဗုဒ္ဓ၏မူဝါဒဆိုင်ရာ ကံ၊ကံ၏ အကျိုးလည်းပါ၏၊ ညီညွတ်ရေးအသိပညာပေး မဟာဂေါသိင်္ဂသုတ်၊ ဗြဟ္မဇာလသုတ်ကဲ့သို့ အယူဝါဒအမျိုးမျိုးကို နှိုင်းယှဉ်ဖြေရှင်းထားသော အလွန်လေးနက်သော အတွေးအခေါ်များလည်းပါ၏၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်နှင့် သတိပဋ္ဌာန်စသော အလွန်လေးနက်သော တရားများလည်းပါ၏။ ဝိညာဉ်ခေါ်သော အတ္တ(Soul, Ego) ကလေးတစ်ခုတည်းကပဲ ခံစားစံစားလျက် မပြောင်းလဲ၊ အမြဲတည်ရှိနေသည်ဟူသော အယူဝါဒအတွေးခေါ်တွေကို ဖြေရှင်းထားသော မဟာတဏှာသင်္ခယသုတ်ကဲ့သို့ သုတ္တန်ပေါင်းများစွာ ပါရှိပါသည်။

ထိုသုတ္တန်များကို လေ့လာသင်ယူရခြင်းဖြင့် ဘုရားနှင့်တွေ့ရသလို သက်တော်ထင်ရှား မြတ်ဗုဒ္ဓ၏မေ့မွကို ကိုယ်တိုင်နာကြားရခွင့်ရပါသည်။ သဒ္ဓါတရားကို တိုးပွားစေနိုင်ပါသည်။ ကိုယ်အမှုရာ နှုတ်

အမှုအရာများ နူးညံ့သိမ်မွေ့စေသည့်အပြင် အသိဉာဏ်များ ကျယ်ပြန့်လာသည့်အတွက် သဘောထားကြီးခြင်း၊ သည်းခံတတ်လာခြင်းစသော စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာစေပါသည်။

သုတ္တန်ပါဠိတော်များသည် "**ဝိသေသန ဟာရတိတိ ဝေါဟာရော**' အရ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်တော်တို့ထက် လူ နတ်ပြဟ္မာ စသော သတ္တဝါတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်၏၊ လွှမ်းမိုးနိုင်၏။

ထို့ကြောင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် B.Aတန်းအားလုံးတို့၌ Major အဖြစ် သုတ္တန်ပါဠိတော်များပါရှိသဖြင့် သင့်တော်မည့် သုတ္တန်များ Selected Suttas ကို ရွေးချယ်ထားပါသည်။ ထိုသုတ္တန်များကို လေ့လာသင်ယူရာဝယ် ဘာသာပြန်ရုံ သက်သက်မဟုတ်ဘဲ ထိုသုတ်နှင့်ပတ်သက်ပြီး အနှစ်ထုတ်ခြင်း (Essence) ကျောင်းသားရဲ့ ဉာဏ်အရည်သွေး တက်လာစေဖို့ရန် တွေးနိုင်သမျှ တွေးတောကာ စာတမ်းများ ပြုစုရပါသည်။

ဥပမာ ထင်ရှားသည့် သုတ္တန်အချို့ကို ထုတ်ပြရမယ်ဆိုရင် ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်ကို နာကြားရပြီး အရှင်ကောဏ္ဍည မထေရ်နှင့် ကုဋေများစွာသော နတ်ပြဟ္မာအပေါင်း တရားထူးရကြသည်။ ဓမ္မစက္ကပဝတ္တနသုတ်တော်သည် ပရိယတ္တိသာသနာမည်၏။ ထိုသုတ်တော်၌ မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးသည် ပဋိပတ္တိသာသနာမည်၏။ အရှင်ကောဏ္ဍညကဲ့သို့ များစွာသော နတ် ပြဟ္မာတို့၏ ဓမ္မကို ထိုးထွင်း၍ သိခြင်းသည် ပဋိဝေဓသာသနာမည်၏။ ထိုသုတ်တော်၌

ရှောင်ရန်အကျင့်နှစ်ပါး၊ လက်တွေ့အားထုတ်ရန် မဇ္ဈိမပဋိပဒါ၊ သစ္စာလေးပါးတို့ကို ဟောထားသည့်အပြင် ပညာရှင်အစစ်ဆိုတာ မြင့်မြတ်သောဂုဏ်ရည်တွေနှင့် ပြည့်စုံသည်၊ ပညာမဲ့သောသူကား ကိုယ့်အကျိုးသာကြည့်သော အတ္တစိတ်၊ ကြမ်းတမ်းသောအာဃာတ၊ ဒေါသ ရန်ငြိုးတွေနှင့်သာ ပြည့်နေသည် စသဖြင့် ဓမ္မ၏ရသကို လက်တွေ့ ကျင့်သုံးခံစားရမည့် သုတ်တစ်သုတ်ဖြစ်ပါသည်။ ဤနည်းတူစွာ နိကာယ် ၅-ရပ် ပါဠိတော်များမှ ဘဝနှင့်လက်တွေ့ တထပ်တည်း ကျနိုင်သည့် မဟာသတိပဋ္ဌာန်သုတ်၊ ဥပါလိသုတ်ကဲ့သို့သော ဗုဒ္ဓဘာသာက သဘောထားကြီးပုံ သုတ္တန်များကို ရွေးချယ်ကာ လေ့လာသင်ကြားရပါသည်။

အနတ္တလက္ခဏာသုတ်ကို လေ့လာရခြင်းအားဖြင့် သတ္တာတို့ကိုယ်တွင်း၌ အတ္တ ဝိညာဉ်(Soul)မရှိကြောင်းကိုလည်းကောင်း၊ ကမ္ဘာကို ဖန်ဆင်းနိုင်သော ဖန်ဆင်းရှင် ပရမတ္တအတ္တဗြဟ္မာမင်းကြီး (God or Creater)မရှိကြောင်းကိုလည်းကောင်း၊ လောကမှာ မည်သည့်အရာမျှ အကြောင်းအကျိုး(Conditioned Genesis) ကင်း၍ မရပ်တည်နိုင်ကြောင်းကိုလည်းကောင်း သဘော ပေါက်နားလည်နိုင်စေပါသည်။

စင်္ကီသုတ်ကို လေ့လာရခြင်းဖြင့် လက်တွေ့မပါဘဲ ဆရာအစဉ်အဆက် ဟောပြောသည့် ဓမ္မသည်သာ အမှန်ဟု ယူဆသည့် တဖက်သတ် အယူဝါဒသည် သူကန်းတန်း(အန္ဓပဝေဏီ)နှင့် တူသည်၊ ဗုဒ္ဓ

ဘာသာသည် ယုံကြည်မှုပေါ်တွင် တည်ဆောက်ထားသည်မဟုတ်၊ အသိတရား၊ နားလည်သဘောပေါက်ခြင်းနှင့် လက်တွေ့ပေါ်မှာ တည်ဆောက်ထားကြောင်း နားလည်သိရှိရပါသည်။

ကာလာမသုတ်သည် ကမ္ဘာကျော်သုတ်တစ်သုတ်ဖြစ်သည်။ ဤသုတ်က လွတ်လပ်စွာ တွေးခေါ်စေသည်၊ လွတ်လပ်စွာ ဝေဖန်စေသည်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်စေသည်၊ လွပ်လပ်သော တွေးခေါ်မှုသည် အလွန်လိုအပ်ပါသည်။ ကိုယ့်ဘဝလွတ်မြောက်ရေးသည် ကိုယ်ပိုင်နားလည်သဘောပေါက်ခြင်းအပေါ်မှာ တည်ရှိပါသည်။ ထို့ကြောင့် ကောင်း၏မကောင်း၏ကို ကိုယ်တိုင်ကျင့်သုံးပြီးမှ အရာရာကို လက်ခံသင့်ကြောင်း ကာလာမသုတ်ကို လေ့လာခြင်းဖြင့် သိရှိနားလည်ရပါသည်။ ဤနည်းတူစွာ အလွန်ခေတ်မီသော လက်တွေ့ဆန်သော သုတ္တန်များ သင်ယူလို့ မကုန်နိုင်အောင် ရှိနေပါသေးသည်။

## အဘိဓမ္မာ၊ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

အဘိဓမ္မာတို့ကို လေ့လာရခြင်းအားဖြင့် သတ္တဝါတွေရဲ့ ဘဝ တည်ဆောက်ပုံ၊ နေ့စဉ်ဘဝ သွားလာလှုပ်ရှားပုံ၊ လောကကြီးသည် အကြောင်းအကျိုးပေါ် အခြေတည်ပုံ၊ အကြောင်းအကျိုးကင်းသော လောကဆိုတာ မရှိပုံ၊ လောကရဲ့ဖန်ဆင်းရှင်ဆိုတာ မိမိ၏ ကံ၊ အကြောင်းအကျိုးတရားကလွဲ၍ မရှိကြောင်းနှင့် သတ္တဝါတွေရဲ့ ဘဝ ပြဿနာကိုလည်း အဘိဓမ္မာကဖြေရှင်းနိုင်ပုံ စသည်တို့ကို လေ့လာ သင်ယူရပါသည်။ ထို့ကြောင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ အဘိဓမ္မာ

ကျမ်းကို Diploma တန်းမှ M.A, Ph.D တန်းတို့အထိ Major subject အဖြစ် ပြဋ္ဌာန်းထားပါသည်။

ပိဋကသုံးပုံ၏ အနှစ်လို့ခေါ်ဆိုသည့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးကို တတိယနှစ်နှင့် စတုတ္ထနှစ်တို့၌ နှစ်ပိုင်းခွဲကာ ပြဋ္ဌာန်းထားပါသည်။ တတိယနှစ်၌ သီလနိဒ္ဒေသနှင့်သမာဓိနိဒ္ဒေသ၊ စတုတ္ထနှစ်၌ ပညာဘူမိနိဒ္ဒေသ၊ ဉာဏ်စဉ်ဆယ်ပါးတို့ကိုသာ လေ့လာသင်ယူ နိုင်ကြရပါသည်။ အကြောင်းကား ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကား စာမျက်နှာပေါင်း ၇၂၂ ရှိရကား အလွန်ကျယ်ဝန်းသော ကျမ်းကြီး ဖြစ်သောကြောင့် (၂)နှစ်(၁၈-လ)အတွင်း မပြီးစီးနိုင်ပါ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က (၂)နှစ်အတွင်း သင်ယူနိုင်ရန် ရည်ရွယ်၍ အဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့ကိုယ်တိုင် တည်းဖြတ်ကာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ပြဋ္ဌာန်းကျမ်းစာအဖြစ် ကျမ်းစာနှစ်အုပ်ထုတ်ဝေဖြန့်ဖြူးထားပါသည်။ ထိုကျမ်းကြီးသည် နိကာယ်ငါးရပ်မှ သုတ္တန်နှင့်ဇာတ်၊ ဝတ္ထုတို့ဖြင့် တန်ဆာဆင်ထားသဖြင့် နိကာယ်ကြီးငါးရပ်ကို လေ့လာခွင့်ရခြင်း၊ တရားတော်၏ အရသာကို လက်တွေ့ခံစားရခြင်းတို့ကြောင့် အထူးလေ့လာသင့်သော ကျမ်းကြီးတစ်ဆူဖြစ်ပါသည်။

## နိဂုံး

ထို့ကြောင့် ပိဋကတ်တော်ရဲ့ အဆီအနှစ်၊ ဓမ္မရသကို ခံစားနိုင်ဖို့ရန် ပြဆိုခဲ့သည့် အထက်တန်းပါဠိအဋ္ဌကထာများကို လေ့လာသင်ကြားရသောနည်းသည်သာ အကောင်းဆုံးနည်းဟူ၍ ဆိုအပ်ပါသတည်း။

မှတ်ချက်။ ။ ၁။ အနာဂတ်သာသနာ(အရှင်ဇနကာဘိဝံသ)၊

၂။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)၊

၃။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သင်ရိုးညွှန်းတန်း၊

၄။ အဓိပတိဆရာတော်၏ ပို့ချချက်များ၊

၅။ ပါမောက္ခချုပ်ဆရာတော်၏ ပို့ချချက်များ၊

၆။ ပါမောက္ခများ၏ ပို့ချချက်များ၊

၇။ What the Buddha Taught တို့ကို ကိုးကားစုစည်းသည်။

အရှင်ကောဝိဒ(B.A)

သာသနဓဇဓမ္မာစရိယ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

စစ်ကိုင်း

၁၅-၄-၂၀၀၈



နီးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅–၄–၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) တွဲဖက်ဌာနမှူး ဆရာဦးကိုကိုမြင့်က
"အစဉ်အလာ ပါဠိသဒ္ဒါသင်နည်းနှင့် တက္ကသိုလ်ပါဠိသဒ္ဒါသင်နည်းတို့ ကွာခြားချက် အပေါ်
ဆန်းစစ်အကြံပြုစာတမ်း"ကို တင်သွင်းဖတ်ကြားစဉ်

# အစဉ်အလာပါဠိသဒ္ဒါသင်နည်းနှင့် တက္ကသိုလ်ပါဠိသဒ္ဒါသင်နည်းတို့၏ ကွာခြားချက်အပေါ် ဆန်းစစ်အကြံပြုစာတမ်း

ဦးကိုကိုမြင့်(တွဲဘက်ပါမောက္ခ)
သုတ္တန္တပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(ရန်ကုန်)

**နိဒါန်း**

မြန်မာနိုင်ငံသည် ထေရဝါဒပိဋကတ်စာပေများ စတင်ရောက်လာသောအချိန်မှစ၍ စာပေသင်ကြားမှုတွင် ပါဠိစာပေသည် အဓိကအခန်းမှပါဝင်လာပြီး အထူးဦးစားပေးသင်ကြားရသည့် ဘာသာရပ်တစ်ခု ဖြစ်လာပါသည်။

ဘုန်းတော်ကြီးကျောင်းသို့ ပညာသင်ရန် ကျောင်းအပ်ပြီး စာပေကိုစတင်သင်ကြားသောအချိန်မှစ၍ နမော ဗုဒ္ဓါယ သိဒ္ဓမ် ဟူသောပါဠိအသံထွက်ကို နှုတ်တိုက်သင်ယူရသည်၊ ထိုသို့သင်ယူပြီးမှ အ-အာ-အိ-အီ-ဥ-ဦ-ဧ-ဩ ဟူသော သရ·က-ခ စသောဗျည်းများကို စတင်သင်ကြားရပါသည်။မြန်မာသင်ပုန်းကြီးဖတ်စာသင်ယူတတ်မြောက်ပြီးသောအချိန်မှစ၍ မင်္ဂလသုတ်ကို ပါဠိလိုအလွတ်ကျက်မှတ်ရပြီး ရတနာရွှေချိုင့်၊ နမက္ကာရပရိတ်ကြီးတို့ကို ပါဠိဘာသာဖြင့် ကျက်မှတ်သင်ယူခဲ့ရပါသည်။

သို့အတွက် ရှေးခေတ်ဘုန်တော်ကြီးကျောင်း ပညာသင်ကြားရေးသည် ပညာသင်သူများအား ပါဠိနှင့်စတင်တွေ့ထိစေပြီး သင်ယူစေသောနည်းဖြစ်ပါသည်။

ထိုမှ အခြေခံပါဠိကျက်စာ၊ မှတ်စာများရပြီးသော သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို ပါဠိဘာသာကိုအခြေခံ၍ စတင်သင်ယူရပြန်ပါသည်၊ သဒ္ဒါသည် ပါဠိဘာသာဝါကျတည်ဆောက်နည်းကိုတတ်မြောက်အောင် အဓိကထား သင်ပေးသော နည်းစနစ် ဖြစ်ပါသည်။

ထိုသင်နည်းသည် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ စာပေများ ရောက်လာသောအချိန်မှစ၍ ယနေ့အထိသင်ကြားပေးနေ ပါသည်၊ ယင်းပါဠိသင်နည်းကို အစဉ်အလာပါဠိသင်နည်းဟူ၍ ခေါ်ဆိုရပါမည်။

မြန်မာနိုင်ငံတွင် ခေတ်မီပညာရပ်များသင်ကြားပေးသော လူ တက္ကသိုလ်ကြီးများပေါ်ပေါက်လာသောအခါ ထိုတက္ကသိုလ်ကြီးများ၌ အရှေ့တိုင်းပညာဟုခေါ်သော ပါဠိစာပေသင်ကြားမှုပေါ်လာသည်၊ ထိုအရှေ့တိုင်းဌာနမှ သင်ကြားပြသသောပါဠိသင်နည်းကို တက္ကသိုလ်ပါဠိသင်နည်း ဟုခေါ်ခဲ့ကြပါသည်။

ဤစာတမ်းတင်သူသည် ဘုန်းကြီးကျောင်းသားဘဝ၊ သာမဏေဘဝ၊ အသက်(၁၉)နှစ်၊ ဓမ္မာစရိယတန်းအောင်မြင်ခဲ့သည့် ၁၉၆၀-ခုနှစ်အထိ ဘုန်းကြီးကျောင်းပါဠိသင်နည်းကိုသင်ယူခဲ့ရပါသည်၊ နိုင်ငံခြားသာသနာပြု၊ သံဃတက္ကသိုလ်(ကမ္ဘာအေး)ရန်ကုန်သို့ တက်ရောက် ပညာသင်သောအခါတွင်လည်းကောင်း၊ လုပ်သားများကောလိပ်တွင်လည်းကောင်း တက္ကသိုလ်ပါဠိသင်နည်းကို စတင်သင်ယူခဲ့ရပါသည်။

ထိုသို့သင်ယူခဲ့ပြီးနောက် ဘုန်းကြီးကျောင်းများ၏အစဉ်အလာ ပညာသင်နည်းနှင့် တက္ကသိုလ်ပါဠိသင်နည်းမတူ ကွဲပြားခြားနားမှုကို သိလာရသည်။

**ဘုန်ကြီးကျောင်းပညာရေး၏ပါဠိသဒ္ဒါသင်နည်းစနစ်**

ဘုန်းကြီးကျောင်းပညာရေး အစဉ်အလာသဒ္ဒါသင်နည်းတွင်-

(၁) သုတ်စဉ်

(၂) ဝုတ္တိ

(၃) ဥဒါဟရဏ်

ဟူသော အခြေခံ(၃)ရပ်ပေါ်မူတည်ပြီး သင်သည်ကိုတွေ့ရပါမည်။

သုတ်စဉ်သည် သဒ္ဒါစည်းမျဉ်းဖြစ်ပါသည်။ သဒ္ဒါစည်းမျဉ်းများကို အတိုဆုံး၊ အရှင်းဆုံးသတ်မှတ်ဖော်ပြထားသော ဥပဒေဖြစ်ပါသည်။

ထိုသုတ်၏အဓိပ္ပာယ်အကျယ်ရှင်းလင်းချက်ကို ဝုတ္တိက ဖော်ပြပါသည်။

ဥဒါဟရဏ်သည် သုတ်နှင့်ဝုတ္တိတို့၏လုပ်ဆောင်ချက်ကို အထောက်အထားအဖြစ် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဤအချက်ကို ပါဠိသဒ္ဒါကျမ်းတို့၏ ဘိုးအေဖြစ်သော ကစ္စည်းသဒ္ဒါကြီးကျမ်းတွင် တွေ့ရပါမည်။

သုတ်တို့၏ အဓိကလုပ်ဆောင်ချက်မှာ ရုပ်ပြီးပုံကို ဖော်ပြခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ပုဒ်တစ်ပုဒ်၏ရုပ်ပြီးပုံသည် သုတ်တို့ကို အခြေခံရပါသည်။

ဥပမာ-ပုရိသော ဟူသော ရုပ်ပြီးပုံကိုတင်ပြပါမည်။

"ပုရိသော"ကား ဥဒါဟရဏ် မည်၏၊ ဥဒါဟုဏ်ကို "ပရသမညာပယောဂေ"ဟူသောသုတ်ဖြင့် "လိင်"အမည်မှည့်၊

"ဓိနုဝစနယု တ္တံ ဟိ"ဟူ သောသု တ် ကို လို က် စေ၍ "လိင်္ဂဋ္ဌနိပ္ဖန္နတော"ဟူသောသုတ်ဖြင့် မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ ပုရိသလိင်တည်။

"သည်" ဟူ၍ အနက်ပေးသောကြောင့် လိင်အနက်ကိုအလို ရှိရကား-

"လိင်္ဂတ္ထေပထမာ"ဟူသောသုတ်ဖြင့်လိုင်အနက်၌ ပထမာဝိ ဘတ် ဧကဝုစ် "သိ" သက်၊

"ပုဗ္ဗမဓောဋ္ဌိတ မသရုံ သရေန ဝိယောဇယေ"ဟူသော သုတ်ဖြင့် "အ" သရမှ-သ-ဗျည်းကိုခွင်း၊ သ,၏အစိတ်-အ- ကြွင်းစေ၊ ခွင်းအပ်ပြီးသော သ-ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်ထား။

"သော"ဟူသောသုတ်ဖြင့် ပုလ္လိင်္ဂ-အ-ကာရန္တနောင်မှ နှောင်းသော "သိဝိဘတ်ကို "ဩ"ပြု၊

"သရလောပေါ မာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ"ဟူသောသုတ်ဖြင့် နောက်-ဩ-အာ ဒေသနှောင်းသော ကြောင့် ရှေ့သရ၏အစိတ်ဖြစ်သော-အ-ကိုချေ၊ နောက်-ဩ-ကိုလည်း ပကတိပြု၊

"နယေပရံယုတ္တေ"ဟူသောသုတ်ဖြင့် သရကင်းသော သ ဗျည်းကို နောက်-ဩ-သို့ကပ်၊

"ပုရိသော"ကား မြတ်စွာဘုရား၏ ပါဠိတော်အား လျောက်ပတ်စွာပြီး၏။

ဤမှာ ရှေးခေတ်ဘုန်းကြီးကျောင်းပညာရေး၌ ပါဠိသဒ္ဒါသင်နည်း၏ ရုပ်တွက်ပုံဖြစ်ပါသည်။

ယခုခေတ်၌မူ ဤမျှလောက်မရှည်တော့ပါ၊ မည်သို့ပင်ဖြစ်စေ "ပုရိသော-ယောကျ်ားသည်"ဟူသောပုဒ်တစ်ပုဒ်ဖြစ်စေရန် အထက်က ဖော်ပြခဲ့သော သုတ်ပေါင်း(၈)သုတ်ကို အသုံးပြုခဲ့ရပါသည်။

ဤသည်မှာ သုတ်များကိုအမှီပြု၍ ရုပ်ပြီးပုံဖြစ်သည်။

ဤသည်မှာ ဘုန်းကြီးကျောင်းပညာရေးစနစ်၏ပါဠိသင်နည်း၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

**ခေတ်တက္ကသိုလ်များ၏ပါဠိသဒ္ဒါသင်နည်းစနစ်**

တက္ကသိုလ်၏ သဒ္ဒါသင်နည်းတွင် သုတ်စဉ်ဟူ၍မရှိပါ၊ သုတ်စဉ်မရှိ၍ ဝုတ္တိကလည်း မရှိပါ၊ ဥဒါဟရဏ်ကား ရှိပါသည်။

ယင်းတို့မှာ-

- ပုရိသော-ပုရိသာ စသည့်နာမ်ပုဒ်များ
- ဗုဇ္ဈတိ-ဓာနာတိ စသည့်ကြိယာများဖြစ်ကြပါသည်။

တက္ကသိုလ်ပါဠိသဒ္ဒါသင်နည်းတွင်သုတ်မရှိ၍ရုပ်ပြီးပုံကျဉ်းပါသည်၊

ဥပမာ- ပုရိသ + ဧ-ါ =ပုရိသော

ပုရိသော-ပုရိသ=ယောကျ်ား၊ ဧ-ါ =သည်

ထို့ကြောင့် ပုရိသော=ယောကျ်ားသည် ဟူ၍ဖြစ်ပါသည်။

ဤစနစ်အရ ပုရိသ-ဟူသော အ-သရဆုံး ပုလ္လိင်နာမ်ပုဒ် များ၏ ရုပ်များကို အောက်ပါဇယားဖြင့် ကျက်ခိုင်းပါသည်-

| ကာရက | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ကတ္တာ | ပုရိသော | ပုရိသာ |
| သာမိ | ပုရိသဿ | ပုရိသာနံ |
| သမ္ပဒါန | ပုရိသဿ | ပုရိသာနံ |
| ကမ္မ | ပုရိသံ | ပုရိသေ |
| ကရဏ | ပုရိသေန | ပုရိသေဟိ- |
| အပါဒါန | ပုရိသာ | ပုရိသေဘိ |
| | ပုရိသသ္မာ၊ပုရိသမှာ | ပုရိသေဟိ-ပုရိသေဘိ |
| ဩကာသ | ပုရိသေ၊ပုရိသသ္မိံ | ပုရိသေသု |
| အာလပန | ပုရိသ | ပုရိသာ |

ဤသို့ မကျက်မှတ်စေမီ ကာရက တို့၏အဓိပ္ပာယ်နှင့် အနက်ကို ဦးစွာမှတ်သားစေပါသည်။

"သည်-၏-အား-ကို-ဖြင့်-မှ-၌-အို- ဟူ၍မှတ်စေပါသည်၊ ထို့နောက် ကတ္တာ=သည်, က၊

သာမိ= ၏၊ ရဲ့- စသည် အဓိပ္ပာယ်များကို အပြန်အလှန် အမေးအဖြေလုပ်ပါသည်။

ဧကဝုစ်၊ ဗဟုဝုစ် ဖြစ်သောကိန်း၊ ပုလ္လိင်စသည့် လိင်တို့ကို လည်း မြန်မာသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါတို့နှင့် ယှဉ်ကာ နှိုင်းယှဉ် ရှင်းပြပါသည်။

ထိုမတိုင်မီကတည်းက အခြေခံဖြစ်သော ဗျည်း-သရ-ဝဂ်-အ-ဝဂ် တို့ကို ဇယားဖြင့်ဖော်ပြပြီး ရှင်းပြပါသည်။

ဤသို့ အက္ခရာ-ဗျည်း-သရ-ရဿ-ဒီဃ တို့၏သဘောကို ပထမနေ့ မိနစ်(၅၀)အတွင်း ရှင်းလင်းပြသပေးပါသည်။

ဒုတိယနေ့တွင်မှ အထက်ပါ အ-သရဆုံး ပုလ္လိင်နာမ်၊ ဝိဘတ်သွယ်ပုံကို ကျက်မှတ်စေခြင်း ဖြစ်ပါသည်။

ပုရိသ-ဝိဘတ်သွယ်ပုံကို ၄-၅ခေါက်ဆိုနိုင်းပြီး ဗုဒ္ဓေါ-ဗုဒ္ဓါ၊ ဓမ္မော-ဓမ္မာ၊ သံဃော-သံဃာ စသည်ဖြင့် နှုတ်တက် နှုတ်သွက်လာသည်အထိ အတန်းထဲတွင် တစ်ယောက်ချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ ဆိုရပါသည်။

နှုတ်သွက်လိုက်လာသောအခါ တစ်ပုဒ်ချင်း၏ အနက်ကို မေးပါသည်၊ ဥပမာ- ဗုဒ္ဓါဆိုလျှင် ဘုရားတို့သည် ဘုရားမှ အိုဘုရားတို့ဟူ၍ ကာရက(၃)မျိုးလုံးနှင့်ဆိုင်သော အနက်(၃)မျိုးအထိ သိအောင် လေ့ကျင့်ပေးပါသည်။

ထို့နောက် ဘာသာပြန်စာပိုဒ်များရေးပြပါသည်။

ဥပမာ-၁။ ဗုဒ္ဓေါ၊ ဓမ္မံ

၂။ အာစရိယဿ သိသော ဂါမံ

၃။ ဂါမဿ မဂ္ဂေ ဒါရကာ မိတ္တေဟိ စသည်တို့ ဖြစ်ပါသည်။

ဤသို့ ပါဠိစာပိုဒ်မြန်မာစာပိုဒ်များကို လေ့ကျင့်ရင်း ဒုတိယနေ့ မိနစ်(၅၀) သင်ပါသည်။

ဤသို့(၂)ရက်အတွင်း သင်ချိန်(၁)နာရီခွဲကျော်ကျော်တွင် ပါဠိစာပိုဒ်များရေးနိုင်သည့် အဆင့်သို့ရောက်သွားပါသည်။

အ-သရဆုံး ပုလ္လိင်နာမ်များသင်ပြီးလျှင် ကြိယာများကို သင်ကြားပေးပါသည်၊ ဝါကျများရေးဖွဲ့နိုင်အောင် နာမ်တစ်ဂိုဏ်းပြီးတိုင်း ကြိယာတစ်ဂိုဏ်း သင်ခြင်းဖြစ်ပါသည်။

ကြိယာများကိုသင်ကြားရာ၌ ကြိယာများနှင့်စပ်၍ သိမှတ်ဖွယ်ရာများကို ကြိုတင်ရှင်းပြထားပါသည်။

ထို့နောက် ပထမကြိယာဂိုဏ်း(ဘူဝါဒိ)ကို စတင်သင်ကြားပေးပါသည်၊ ပြီးလျှင် ပစ္စုပ္ပန်ဝိဘတ်များနှင့်တွဲကာ အောက်ပါဇယားကို ကျက်မှတ်စေပါသည်-

| ယောဂ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| နာမယောဂ | ပစတိ | ပစန္တိ |
| တုမှယောဂ | ပစသိ | ပစထ |
| အမှယောဂ | ပစာမိ | ပစာမ တို့ဖြစ်ပါ |

သည်။

ကြိယာများ ကြေညက်လျှင် ယင်းတို့ကို ယင်းစာများ နှင့်တွဲ၍ ကျက်မှတ်စေပါသည်။

အဟံ ပစာမိ မယံ ပစာမ

တွံ ပစသိ တုမှေ ပစထ

သော, သာ, တံ ပစတိ တေ, တာ, တာနိ ပစန္တိ ဟူ၍ ဖြစ်ပါသည်။

ဤသို့ ယောဂအယှဉ်ကို သဘောပေါက်လျှင် ဝါကျများ ရေးစေပြီး ဘာသာပြန်ခိုင်းပါသည်။

ဥပမာ- ဒါရကော မဂ္ဂေ ကီဠတိ၊

အဟံ ဩဒနံ ပစာမိ စသည်တို့ဖြစ်ပါသည်။

ဤသို့ ပါဠိဝါကျရေးလိုက်၊ မြန်မာဝါကျရေးလိုက်ဖြင့် အတန်းထဲတွင် ဆရာနှင့်တပည့်တို့ကို ပါဠိလေ့ကျင့်ပေးသဖြင့် သဒ္ဒါဟူသည်မှာ ပျင်းစရာဆိုသောအဆိုသည်ပင် မေ့ပျောက်စေပါသည်။

ဤနည်းအတိုင်း နာမ်များ၊ ကြိယာများ၊ တွာ-ဆက်နည်း၊ တုံ-ဆက်နည်း၊ တ-ဆက်နည်းများကို ခန့်မှန်းချေ(၃)လအတွင်း ပြီးအောင် သင်ပေးပါသည်။

ဤသည်မှာ တက္ကသိုလ်၌ အဓိကဘာသာ၊ သာမန်ဘာသာ မခွဲခြားဘဲ ယေဘုယျပါဠိသဒ္ဒါသင်နည်း ဖြစ်ပါသည်။

အနောက်တိုင်းသားများသည် ဤနည်းဖြင့်ပင် ပါဠိကို တတ်ကျွမ်းခဲ့ကြပါသည်၊ ပါဠိတော်များကို အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ စသည်သို့ ပြန်ဆိုနိုင်ခဲ့ကြပါသည်။

တက္ကသိုလ်ပါဠိသင်နည်းသည် ဤပါဠိသင်နည်းကိုအခြေခံ၍ သင်ကြားပေးခဲ့ပါသည်၊ တက္ကသိုလ်တွင် ကစ္စည်းသဒ္ဒါ၊ ရူပသိဒ္ဓိ၊ မောဂ္ဂလာန စသည်တို့ကို ကိုင်၍ စာဝါချသလို သင်ပေးရန် အခြေအနေက မပေးပါချေ။

**သင်နည်းနှစ်ရပ်နှိုင်းယှဉ်ချက်**

အထက်ပါသင်နည်းနှစ်ရပ်ကို နှိုင်းယှဉ်လေ့လာသောအခါ-

အစဉ်အလာသင်ကြားနည်းသည် အတတ်နေးသည်၊ အချိန်

ကြာသည်၊ ထုသားပေသားရအောင် ကျက်မှတ်ရသဖြင့် ရလာသောအခါ စွဲမြဲသည်။

ရုပ်ပြီးဖို့အတွက် အနည်းဆုံးသုတ်စဉ်များကို ကျက်မှတ်ရသည်၊ သန္ဓိနှင့်နာမ်ပိုင်း ၂-ပိုင်းကျေမှ ရုပ်တွက်နိုင်သည်၊ အာချာတ်ပိုင်းကုန်မှ ဝါကျရေးနိုင်သည်။

ဤအဆင့်သို့ရောက်အောင်ကြိုးစားရသည်မှာ မလွယ်ပါ၊ အချိန်တွေများစွာ ပေးရပါသည်၊ အရင်းအနှီးများစွာ ပေးရပါသည်၊ သို့သော် အစဉ်အလာသင်နည်းသည် စွဲမြဲပါသည်။

တက္ကသိုလ်သင်နည်းကား အထက်ဖော်ပြသည့်အတိုင်း လွယ်ကူပါသည်၊ နားမလည်စရာမရှိပါ၊ ကြိုးစားသူများအတွက် အံ့သြဖွယ်ကောင်းလောက်အောင် အတတ်မြန်ပါသည်၊ အတတ်မြန်သလို အမေ့လည်းမြန်ပါသည်၊ သူ့တွင်သုတ်မရှိ၊ ဝုတ္တိမရှိ၊ အာဂုံကျက်စရာ အထောက်အထား မရှိပါ။

သို့သော် တက္ကသိုလ်သင်နည်းသည် ဘာသာဗေဒစနစ်ကို အခြေခံသည်၊ ဘယ်ပုဒ်က ဘယ်လိုဖြစ်သည်၊ ဘာကြောင့်ဖြစ်သည် ဟူသော အဖြေရှိပါသည်။

ဤသို့ဆိုသဖြင့် ကစ္စည်းသဒ္ဒါနည်း၊ ရူပသိဒ္ဓိနည်း၊ မောဂ္ဂလာန်နည်းများတွင် ဘာသာဗေဒစနစ်မပါဟုမဆိုလိုပါ၊ ဘာသာဗေဒ သဘောကို သုတ်စဉ်တွေက လွှမ်းမိုးနေပါသည်၊ သုတ်စဉ်များကြောင့် ရုပ်ထွေးရှိနေသည်ဟု ထင်မှတ်စရာ ဖြစ်နေပါသည်၊ အမှန်မှာ ရုပ်တွေကြောင့် သုတ်တွေရှိနေခြင်းသာ ဖြစ်ပါသည်။

ဘာသာစာပေနောက်သို့ သဒ္ဒါကသာလိုက်ရသည်၊ စာပေက အလျှင်၊ သဒ္ဒါကနောက်မှ ဖြစ်ပါသည်။

သုတ်များမည်မျှပင်တည်တည်၊ ဘာသာစကားကို အပြည့်အစုံ မဖြေရှင်းနိုင်ပါ၊ ထို့ကြောင့် ဘုန်းကြီးပါဠိသင်နည်း၌ ရပ်မပြီး၊ သုတ်ကြီးနှင့်တွယ် ဟု ဆိုစမှတ်ပြုကြပါသည်။

တစ်ဖန် သဒ္ဒါနည်း၊ ဗျာကရိဏ်းနည်းများဖြင့်မလုံလောက်သဖြင့် "နိရုတ္တိနည်းများ" ကို အားကိုးရပြန်သည်။

စင်စစ် သဒ္ဒါနည်းဖြင့် နိရုတ္တိနည်းပါ ဘာသာဗေဒ (**Lingustics**)တွင် အကျုံးဝင်ပါသည်၊ တက္ကသိုလ်နည်းက ဘာသာဗေဒစနစ်ကို တိုက်ရိုက်သွားသည်။

ဒုတိယအချက်မှာ စာပေလေ့လာမှုအပေါ် ခြားနားချက် ဖြစ်ပါသည်။

ဘုန်းကြီးကျောင်းပညာရေးအစဉ်အလာနည်းတွင် သဒ္ဒါသင်ကြားမှုထက် အခြားကျမ်းစာများ သင်ကြားမှုက ပိုနေပါသည်၊ သဒ္ဒါကို ဦးစားပေးသင်ကြားသင့်သည့်အချိန်တွင် သင်္ဂြိုဟ်၊ ဝိနည်း၊ ညဝါစာများက ပိုများနေပါသည်၊ သဒ္ဒါမတတ်သေးခင် သဒ္ဒါနည်းဖြင့် ထိုဘာသာရပ်များကို ချဉ်းကပ်သင်နေရသဖြင့် စာသင်သားများမှာ ရေဆန်ကိုလှော်တက်နေရသကဲ့သို့ ပင်ပန်းပါသည်။

တက္ကသိုလ်သင်ကြားနည်းတွင် အခြေခံသဒ္ဒါစုံမှ ဖတ်စာကို ဖတ်စေသည်၊ ဖတ်စာအပိုင်းတွင် -

(၁) စကားပြေ

(၂) ဂါထာ ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။

စကားပြေကို (၅၅၀)ဇာတ်တော်များမှ ထုတ်နှုတ်ထားပြီး လွယ်ကူအောင် ပြင်ဆင်ရေးသားထားသည်ကို သင်ကြားစေသည်။

ဂါထာတွင်လည်း လောကနီတိ၊ မင်္ဂလသုတ်တို့မှ အလွယ်ဆုံး ဂါထာများကို အလွယ်ဆုံးရွေးသင်ပေးသည်။

ဤနည်းအားဖြင့် ပါဠိဘာသာနယ်ထဲသို့ တဖြည်းဖြည်း ဆွဲခေါ်ယူသွားသော သင်နည်းဖြစ်သည်။

အတန်းရင့်လာသောအခါ ပါဠိတော်၊ အဋ္ဌကထာများကို ကောက်နှုတ်သင်ကြားပေးသည်။

ဤနည်းဖြင့် ဗုဒ္ဓ၏တရားတော်များ၏အရသာကို တိုက်ရိုက် ခံစားစေသည်၊ တစ်ပြိုင်နက်တည်းမှာပင် ဗုဒ္ဓဘာသာနှင့် ခေတ်ပြိုင် အယူဝါဒများ၊ ဒဿနများ၊ သက္ကတ၊ ပြာကတ၊ သမိုင်း၊ အသောက ကျောက်စာများနှင့်တကွ ဘာသာဗေဒကိုပါ သင်ပေးသည်။

သို့သော် တက္ကသိုလ်ပါဠိသင်နည်းတွင် ချို့ယွင်းချက်မှာ ကျမ်း ပေါက်အောင် သင်မပေးနိုင်ခြင်း ဖြစ်ပါသည်၊ ဥပမာ- သီလက္ခန္ဓဝဂ်မှ ဗြဟ္မဇာလသုတ်၊ သာမညဖလသုတ်၊ မဟာဝဂ်မှ မဟာပရိနိဗ္ဗာနသုတ် စသည့်ကောက်နှုတ်၍သာ သင်ကြားပေးနိုင်သည်။

စာသင်သောအခါ ပါဠိမြင် အနက်ထင်စနစ်ဖြစ်ပါသည်၊ ဓမ္မာစရိယတန်းမှာကဲ့သို့ အထွက်၊ အတက်၊ စုဒ်၊ စောဒနာများမပါရှိပါ၊

သို့သော် သဒ္ဒါပြီးပုံကမူ အတော်ပင်သတိထားသည်ကို တွေ့ရပါသည်။

ထိုအခက်အခဲကိုဖြေရှင်းနိုင်ရန် အဘိဓာန်ကြည့်တတ်အောင် အလေ့အထပြုလုပ်ပေးသဖြင့် စာသင်သားသည် အဘိဓာန်အကူအညီဖြင့် ပုဒ်ခွဲ၊ ဓာတ်ခွဲအလေ့အထ ကောင်းကောင်းရပါသည်။

## အကြံပြုသုံးသပ်တင်ပြချက်

မြန်မာနိုင်ငံ၏ ပါဠိသင်ကြားရေး စနစ်သည် တက္ကသိုလ်များအပေါ်၌ မတည်ပါ၊ ဘုန်းကြီးကျောင်း စာသင်တိုက်ကြီးများ၌သာ တည်ပါသည်၊ ဤဘုန်းကြီးကျောင်းပညာ၏ ပါဠိသင်နည်းသည် ဘယ်ခေတ်မှ ပြောင်းလဲလာမည် မဟုတ်ပါ။

တက္ကသိုလ်က ပါဠိသင်ကြားပေးခြင်းသည် လူနည်းစုအတွင်းမှာသာ သင်ကြားမှု ဖြစ်သည့်အပြင် ဘာသာရေးနယ်ပယ်မှထွက်ကာ ပညာရေးအမြင် **(Acadamic Approch)**ဖြင့် သင်ကြားပေးမှုဖြစ်နေသည်။

ဘုန်းကြီးကျောင်းစာသင်တိုက်ကြီးများ ပညာရေး၏ အဓိကအခွင့်အရေး ရနေခြင်းမှာ အချိန်များစွာ ရယူသင်နိုင်ခြင်းပင် ဖြစ်ပါသည်။

- ဤအချက်ကိုအခြေခံ၍ ပါဠိကို တက္ကသိုလ်နည်းဖြင့် စတင်သင်သင့်ပါသည်။
- ထိုသို့မသင်မီ အရေးတကြီးလိုအပ်ချက်မှာ မြန်မာစာတတ်ရန်ပင် ဖြစ်ပါသည်။

- မြန်မာစာပေမတတ်လျှင် ပါဠိတတ်ရန် အခက်အခဲ ရှိပါသည်။
- ဤအချက်ကို မသိသော ဆရာများက တပည့်ကို ပရိတ်ကြီးသင်ပြီးက **အစ္ဆော အက္ခရ သညာတော** ကို အတင်းကျက်ခိုင်းသဖြင့် တပည့်များမှာ ဝေ့လည် ဝေ့လည်ဖြစ်ပြီး စာသင်ရမှာ စိတ်ကုန်သွားတတ်ပါသည်။
- မြန်မာစာမတတ်သဖြင့် အပြောမရှင်း အရေးမရှင်း ဖြစ်လာတတ်ပါသည်။
- မိခင်ဘာသာစကားတတ်ကျွမ်းမှသာ အတွေးကောင်း၊ အရေးကောင်း၊ ပါဠိပညာရှင်ကောင်း ရဟန်းများပေါ်လာပြီး ဗုဒ္ဓသာသနာအတွက် ထောက်တည်ရာဖြစ်ပါမည်။

ထို့ကြောင့် -

- မြန်မာစကားကို အခြေခံကောင်းအောင်သင်ပါ
- တက္ကသိုလ်ပါဠိသင်နည်းစနစ်ဖြင့် ပါဠိအမြန်တတ်အောင်သင်ပါ။
- ကံ၊ ကတ္တား၊ ကြိယာမှန်အောင်ရေးတတ်ပြီး ပါဠိဝါကျသဘောသိပြီးမှသာ သဒ္ဒါကျမ်းများကိုသင်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

စာတမ်းတင်သွင်းသူ -

ဦးကိုကိုမြိုင်(တွဲဘက်ပါမောက္ခ)

သုတ္တန္တပိဋကမဟာဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



နိုးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါက်တာအရှင်စန္ဒသိရီ က
"နိုင်ငံတကာကလက်ခံအောင် ဝိနည်းကို ဘယ်လိုသင်မလဲ"
ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# "နိုင်ငံတကာက လက်ခံအောင် ဝိနည်းကို ဘယ်လိုသင်မလဲ"

ဒေါက်တာအရှင်စန္ဒာသီရိ(သီတဂူ)
ပါမောက္ခ/ဌာနမှူး
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

အလေးဂရုပြုအပ်ပါသော
ဆရာတော်ကြီးများနှင့် ကြွရောက်တော်မူလာကြသော တက္ကသိုလ်အသီးသီးမှ ဆရာဆရာမများ၊ အသိပညာရှင် အတတ်ပညာရှင်များနှင့် ဒေ့်သည်တော်များအား လေးစားစွာ နှုတ်ခွန်းဆက်အပ်ပါသည်။

ဒီကနေ့ အလုပ်ရုံဆွေးနွေးပွဲမှာ တပည့်တော်အနေဖြင့် ''နိုင်ငံတကာကလက်ခံအောင် ဝိနည်းကိုဘယ်လိုသင်မလဲ'' ဆိုသည့် ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင် ဖတ်ကြားတင်သွင်း ဆွေးနွေးသွားမည် ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ ငယ်ရွယ်စဉ် ကလေးဘဝ ပါဠိပိဋကတ်စာပေများ စတင်လေ့လာသင်ကြားခဲ့ရစဉ်က ဝိနည်းဆိုလျှင် ဝိနည်းငယ်လေးစောင်မှ ဘိက္ခုပါတိမောက်ကို စတင်လေ့လာ သင်ယူခဲ့ရပါသည်။ ဘိက္ခုပါတိမောက်မှာလည်း ပထမဆုံး ပါရာဇိကသိက္ခာပုဒ်များ၊ ထို့နောက် သံဃာဒိသေသ်၊ ပါစိတ် စသည်ဖြင့် ဝိနည်းစည်းကမ်းဥပဒေများကို စတင်လေ့လာသင်ယူခဲ့ရပါသည် ဘုရား။ ယခုလည်း စာသင်တိုက်ကြီးများတွင် ဒီနည်းအတိုင်းပဲ သင်ပေး/သင်ယူ ပြုလုပ်ကြ

ဆဲဖြစ်ပါသည်ဘုရား။ အောင်လည်း အောင်မြင်ထိရောက်သည့် သင်နည်းစနစ်ဖြစ်ပါသည် ဘုရား။

တပည့်တော်များ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင်လည်း အစဆုံးတစ်နှစ်က ဤသင်နည်းစနစ်ဖြင့် နိုင်ငံတကာကျောင်းသူ ကျောင်းသားများကို သင်ကြားပေးခဲ့ဘူးပါသည်ဘုရား။ သို့သော် ဤသင်နည်းစနစ်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ကောင်းပင်ကောင်းသော်လည်း နိုင်ငံတကာ ကျောင်းသူ ကျောင်းသား များအတွက် စိတ်ပျက် ပျင်းရိ ငြီးငွေ့ဖွယ်ရာအဖြစ်ကို တွေ့ရှိခဲ့ရပါ သည်ဘုရား။ ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသလို ဝိနည်းပိဋကတ်ကို စတင်လေ့လာမည် ကြံ့ကာရှိသေး တင်းကြပ်သည့် စည်းကမ်း ဥပဒေ တော်ကြီးများနှင့် ပက်ပင်းတိုးလိုက်မိသည့်အတွက် ကြောက်လန့်ခြင်း၊ စိတ်ပျက်ခြင်း၊ ပျင်းရိငြီးငွေ့ခြင်းများဖြစ်ပြီး 'ဝိနည်းဆိုတာ ဒါဘဲလား' ဆိုသည့်အတွေးမျိုး ဝင်သွားသည်ကို တွေ့ကြုံခဲ့ရပါသည်ဘုရား။

ဒါကြောင့် သီတဂူဆရာတော်ကြီး၏ လမ်းညွှန်ချက်အရ နိုင်ငံ တကာကျောင်းသားများအတွက် စိတ်ဝင်စားဖွယ်ရာ ဝိနည်းသင်နည်း စနစ်ကို ပြောင်းလဲသင်ကြား ပို့ချခဲ့ပါသည်ဘုရား။ နိုင်ငံခြားသားများ သည် အခြေအမြစ်ကို လိုက်တတ်သည်ဖြစ်သည့်အတွက် ဝိနည်းကို သင်မည်ဟု ကြံသည့်အခါ -

၁။ ဤဝိနည်းကို မည်သူပညတ်သနည်း၊ ဝိနည်းပညတ်သူ မြတ်စွာဘုရားရှင်နှင့် ပထမဆုံး မိတ်ဆက်ပေးရပါသည် ဘုရား။ (ဗုဒ္ဓဝင် အကျဉ်း)

၂။ မည်သူများအတွက် ပညတ်သနည်း၊ သံဃာတော်များအတွက် ပညတ်သည့် ဝိနည်းဖြစ်သည့်အတွက် သံဃာတော်များနှင့်လည်း မိတ်ဆက်ပေးရပါသည်ဘုရား။ (သံဃာတော်များ စတင်ပေါ်ပေါက်လာပုံ၊ တဖြည်းဖြည်းတိုးပွားများပြားလာပုံ၊ ရဟန်း(၈)မျိုးနှင့် ရဟန်းပြုပုံ အစီအစဉ်၊ ရှင်ပြုပုံအစီအစဉ်၊ သံဃာတော်များ ဝတ်ဆင်ရသည့် သင်္ကန်းဖြစ်ပေါ်လာပုံနှင့် သင်္ကန်း(၉)မျိုး၊ သံဃာစစ်များအတွင်း သံဃာအတုအယောင်များ ရောနှောဝင်ရောက်လာပုံ စသည်)

၃။ ဘာကြောင့်ပညတ်ရသနည်း၊ သိက္ခာပုဒ်များကို လဟုကအာပတ်များအတွက် မည်သည့်အချိန်က စတင်ပညတ်သနည်း၊ ဂရုကအာပတ်များအတွက် မည်သည့်အချိန်က စတင်ပညတ်သနည်း၊ မည်သူတွေကို အကြောင်းပြု၍ ပညတ်ခဲ့သနည်း၊ မည်သည့်နေရာတွင် ပညတ် ခဲ့သနည်း ဆိုသည့် အမေးများအတွက် ဆိုင်ရာဝတ္ထုကြောင်းများကို မြတ်စွာဘုရား၏ ဝါဆိုစဉ်နှင့်ညှိနှိုင်း၍ သင်ပြပေးပါသည် ဘုရား။ (အာပတ် ၇-ပုံနှင့် နိဒါန်း ပုဂ္ဂိုလ် ဝတ္ထု)

၄။ ၄င်းနောက် သိမ်အကြောင်း၊ သိမ်အတွင်းကံပြုပုံနှင့် ဆရာတပည့်အသီးသီးပြုကျင့်ရမည့် ဝတ္တရားများကို သင်ကြားပေးပါသည် ဘုရား။

ဤကဲ့သို့ သင်ကြားရာ၌ဝိနည်းမဟာဝါပါဠိတော်နှင့် ပါရာဇိကဏ်ပါဠိတော်တို့ကို အခြေခံထားလျက် ဘာသာပြန်ခြင်း၊ အဓိပ္ပါယ်

ပြောပြခြင်းများပြုလုပ်ပြီး ဆိုင်ရာဆိုင်ရာ ပါဠိပိဋကတ်စာပေများသို့ ရောက်အောင်ဆွဲခေါ်ကာ ပါဠိစာပေနှင့် ဖတ်မှတ်ထိတွေ့စေပါသည် ဘုရား။

၅။ ရဟန်းတော်များနေထိုင်စရာ ကျောင်းသခ်မ်းစတင်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ စားသောက်စရာ ဆွမ်းသံဃဘတ်၊ဥဒ္ဒေသဘတ်၊နိမန္တဘတ် စသည်တို့ကို စတင်ခွင့်ပြုလာပုံ သမိုင်းကြောင်းများနှင့် ပထမသင်္ဂါယနာနိဒါန်း စသည်တို့ကို စူဠဝါပါဠိတော်မှ ထုတ်နုတ်ပြီး ပို့ချပေးပါသည်ဘုရား။


ဤနည်းတူ အဘိဓမ္မာနှင့် သုတ္တန်ဆိုင်ရာပို့ချချက်များကိုလည်း (ပါဠိတော်ကို အစဉ်အတိုင်း မြန်မာပြန် အနက်ပေးသွားခြင်းမျိုးမပြုလုပ်ဘဲ) လေ့လာသူ လက်ခံနားလည်လွယ်စေရန် ပိဋကတ်ပါဠိတော်များကို အခြေခံထား၍ အင်္ဂလိပ်ဘာသာပြန်ကိုဖတ်ပြီး အဋ္ဌကထာ၊ ဋီကာများဖြင့် ညှိနှိုင်းကာ အဓိပ္ပါယ်ပြောဆိုခြင်း၊ ခြုံငုံသုံးသပ်ခြင်း၊ တစ်သုတ်လုံး၏ အနှစ်ချုပ်ကို ထုတ်ဖော်ကောက်ယူခြင်းများဖြင့် သင်ကြားပို့ချပေးပါသည်ဘုရား။

ဤကဲ့သို့ သီတဂူဆရာတော်ကြီး ညွှန်ကြားတော်မူသည့်အတိုင်း ပို့ချပေးခဲ့ရာ အောင်မြင်မှုရရှိသည်ကို တွေ့ရပါသည်ဘုရား။ နိုင်ငံခြားသားများ ပါဠိပိဋကတ်အပေါ် စိတ်ဝင်စားမှုရှိခြင်း၊ နားလည်လွယ်ကူခြင်း၊ ပါဠိပိဋကတ်စာပေနှင့် ထိတွေ့ခွင့်ရခြင်း အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်ဘုရား။ ဤသင်နည်းစနစ်ဖြင့် ပြည်ပကျောင်းသားများကို

သာသင်ပေးသည်မဟုတ်ဘဲ ပြည်တွင်းကျောင်းသားများကိုပါ တစ်ပုံစံတည်း သင်ပေးပါသည်ဘုရား။

နိဂုံးချုပ်အနေဖြင့် ဤသင်နည်းစနစ်ကို တက္ကသိုလ်တိုင်းတွင် အသုံးပြုရမည်ဟု ဆိုလိုခြင်း မဟုတ်ပါဘုရား။ တပည့်တော်များ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် အသုံးပြုရာ၌ အောင်မြင်နေသည့် နည်းစနစ်ဖြစ်ကြောင်းကိုသာ တင်ပြခြင်းဖြစ်ပြီး ကြိုက်နှစ်သက်ပါက ယူရန်၊ မကြိုက်က ပစ်လိုက်ရန်ဖြစ်ကြောင်း လျှောက်ထားရင်း တပည့်တော်၏ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်အပ်ပါသည်ဘုရား။

ဒေါက်တာအရှင်စန္ဒာသီရိ(သီတဂူ)
ပါမောက္ခ/ဌာနမှူး
နိုင်ငံခြားရေးရာဌာန
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း



နိုးနှောဖလှယ်ပွဲ ဒုတိယနေ့ (၂၅-၄-၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒေါက်တာအရှင်ဣန္ဒက က

"သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုစနစ်ဆိုင်ရာ

သုတေသနစာတမ်း" ကို ဖတ်ကြားတင်သွင်းစဉ်

# သာသနာ့တက္ကသိုလ်များပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုစနစ်ဆိုင်ရာ သုတေသနစာတမ်း

ဒေါက်တာအရှင်ဣန္ဒက
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
ရန်ကုန်ဌာနခွဲ
မြောက်ဒဂုံ/ရန်ကုန်

ယနေ့ခေတ်သည် ဆန်းသစ်သော အတွေးအခေါ်များ နည်းစနစ်များနှင့်အတူ သိစရာ တတ်စရာအလွန်များသော နည်းပညာခေတ်ဖြစ်သည်။ ထိုသို့ နည်းပညာခေတ်ဖြစ်သည်နှင့်လျော်ညီစွာ သင်ကြားမှုဆိုင်ရာ နည်းပညာရပ်များသည်လည်း အဆင့်မြင့်မားသော နည်းပညာရပ်ဆိုင်ရာများဖြစ်စေဘို့ ကမ္ဘာနှင့်အဝှမ်း အထူးကြိုးပမ်း ဆောင်ရွက်ကြသည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံများမှ နိုင်ငံတော်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘာသာရေး ခေါင်းဆောင်ရဟန်း သံဃာတော်များသည်လည်း ဗုဒ္ဓဘာသာတရားတော်များ အရှည်ခန့် တည်တန့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သောအားဖြင့် ပါဠိစာပေသင်ယူအားထုတ်မှု အဆင့်မြှင့်တင်ရေးကို နည်းလမ်းရှာဖွေ မြှင့်တင်အားပေးဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် ဘာသာ သာသနာတော်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

မြန်မာနိုင်ငံ ပါဠိစာပေသင်ကြားမှုစနစ်သည် သံဃတက္ကသိုလ်ကျောင်းတော်များ ပေါ်ပေါက်ပြီး နောက်ပိုင်းကာလတွင် များစွာပြောင်း

လဲခဲ့ပါသည်။ ယနေ့ခေတ် မြန်မာနိုင်ငံ ပါဠိစာပေသင်ကြားနည်းစနစ်သည် ရှေးဟောင်း စာပေသင်ကြားနည်းစနစ်မှ ခေတ်သစ် ပညာရေးစနစ်ဆီသို့ ကူးပြောင်း စမ်းသပ် သင်ကြားလာသော ခေတ်အခါဖြစ်သည်ဟု ဆိုနိုင်သည်။ ခေတ်ကာလနှင့် လျော်ညီစွာ သိစရာ တတ်စရာ ပညာရပ်များစွာ ပေါများသော နည်းပညာခေတ်ကြီးထဲ၌ ဤကဲ့သို့သော မြန်ကောင်းသက်သာ နည်းစနစ်များ ဖြစ်ပေါ်လာခဲ့ခြင်းသည် ခေတ်၏ ကောင်းဆိုမှု တစ်ခုပင်ဖြစ်၍ လက်ခံကြိုဆိုရမည်သာ ဖြစ်သည်။ အထူးသတိပြုရမည်မှာ ***လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်*** ဆိုသကဲ့သို့ ကောင်းမြတ်သော မြန်မာနိုင်ငံ ရှေးဟောင်း စာသင်နည်းစနစ်ကြီးများကိုလည်း လုံးဝပစ်ပယ်၍ မထားဘဲ ထိုစာသင်နည်းစနစ်ကြီးများကို အခြေပြု၍ ခေတ်နှင့်လျော်ညီသော နည်းစနစ်များကို စမ်းသပ်တီထွင်ခြင်းသည်သာ အသင့်မြတ်ဆုံးနှင့် အကောင်းဆုံးဖြစ်မည်ဟု ထင်မြင်ယူဆမိပါသည်။

မြန်မာနိုင်ငံ သာသနာ့တက္ကသိုလ်များသည် သာသနာတော်အတွက် အဓိက အရေးပါသော ဗုဒ္ဓပိဋကကျမ်းစာများကို အဓိက မဏ္ဍိုင်ပြု၍ ပါဠိစာပေနှင့်အတူ ခေတ်ပေါ်ဘာသာရပ်များကို ခေတ်မီနည်းစနစ်များဖြင့် ပူးတွဲသင်ကြားပေးသော ပညာရေးကျောင်းတော်များဖြစ်သည်။ ထိုကျောင်းတော်များ၏ ခေတ်နှင့်လျော်ညီသော ပညာရေးနည်းစနစ်များ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံ ပါဠိစာပေသင်ကြားနည်းစနစ်သည်လည်း တစ်ခေတ်ဆန်း၍ အောင်မြင်

စွာ ပြောင်းလဲလာနိုင်လိမ့်မည်ဟု ယူဆရသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ဒီပလိုမာသင်တန်းများနှင့် ဘီအေတန်းများကို သင်ကြားလျက်ရှိရာ ၄င်းသင်တန်းများ၏ သင်ခန်းစာအားလုံးသည် ဝိနည်း သုတ္တန် အဘိဓမ္မာဟူသော ပိဋကတ်ကျမ်းစာများပင်ဖြစ်သည်။ **ဘာသယေ ဓောတယေ ဓမ္မံ** ဟူသော တက္ကသိုလ်၏ ရည်ရွယ်ချက်အတိုင်း ဗုဒ္ဓပိဋကတ်တော်များကို မိခင် ဘာသာဖြင့် သင်ကြားခြင်းအစား ဘာသန္တရစာပေဖြစ်သော အင်္ဂလိပ်စာပေဖြင့် ပြောင်းလဲ သင်ကြားပေးခြင်းဖြစ်သည်။ ထိုသို့ သင်ကြားပေးသဖြင့် ပါဠိနှင့် ဘာသန္တရ နှစ်ဘက်လှ ကျွမ်းကျင်မှုကို အခြေပိုင်ပိုင်ရရှိစေနိုင်ပြီး ကမ္ဘာသုံးစကားဖြစ်သော ဘာသန္တရစာပေဖြင့် ကျယ်ပြန့်စွာ ရေးသား ပြောဆို သင်ကြား၍ သာသနာပြုနိုင်သော စွမ်းရည်များကိုလည်း ရရှိစေပါသည်။

သီတဂူကမ္ဘာ့တက္ကသိုလ်တွင် ပိဋကတ်စာပေများကို ပြဋ္ဌာန်းကျမ်းစာများအဖြစ် ရိုက်နှိပ်၍ နှစ်အလိုက် သင်ကြားပို့ချပေးရာ ဘီအေ ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် အင်္ဂလိပ်ဘာသာ။ တတိယနှစ်တွင် သုတ္တန်၊ ဘာသာတရာ နှိုင်းယှဉ်လေ့လာမှု၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမအုပ်၊ စတုတ္ထနှစ်တွင် ဗုဒ္ဓဖလော်ဆိုဖီ၊ ဗုဒ္ဓသာသနာ့သမိုင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် ကျမ်းစာတို့ဖြစ်သည်။ ဒီပလိုမာသင်တန်း သုံးတန်းလုံးအတွက် ပြဋ္ဌာန်းသော ကျမ်းစာတို့မှာ ဗုဒ္ဓဝင်၊ ဓမ္မပဒ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ် စသည်တို့ဖြစ်သည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းစာကြီးများသည် အလွန်ကျယ်ဝန်းသော ကျမ်းစာကြီးများဖြစ်သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပထမတွဲသည် အခန်းပေါင်း(၁၁)၊ စာမျက်နှာ ၃၆၈၊ ဒုတိယတွဲသည် အခန်း(၁၂)၊ စာမျက်နှာ ၃၅၄ ရှိသည်။ ဤမျှကျယ်ဝန်းသော ကျမ်းစာကြီးကို စာသင်နှစ် တစ်နှစ်တာအတွင်း ပလ္လင်ပေါက် ပြီးပြည့်စုံအောင် သင်ယူနိုင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်သော အနေအထားတွင်ရှိသည်။ ထို့ကြောင့် တက္ကသိုလ်၏ အဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့သည် ညှိနှိုင်းတိုင်ပင်၍ ၎င်းကျမ်းစာအုပ်ကြီးနှစ်အုပ်ကို ကျမ်းစာ၏ဆိုလိုချက် အရသာမပျက် ခြုံငုံမိအောင် အနှစ်ချုပ်ပြုပြင် ပြဋ္ဌာန်းတော်မူခဲ့ကြပါသည်။

ဘီအေတတိယနှစ်အတွက် ပြဋ္ဌာန်းသော ဝိသုဒ္ဓိမဂ်ပထမအုပ် ကျမ်းစာအုပ်တွင် သီလနိဒ္ဒေသနှင့် သမာဓိနိဒ္ဒေသတို့ အဓိကအားဖြင့် ပါဝင်ပြီး စတုတ္ထနှစ်အတွက် ဒုတိယကျမ်းစာအုပ်တွင်မူ ဝိပဿနာဉာဏ်စဉ်ပြ ပညာနိဒ္ဒေသကဏ္ဍ ပါဝင်သည်။

တတိယနှစ်အတွက် သီလနိဒ္ဒေသကို သင်ပြရာတွင် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလနှင့် ပစ္စယသန္နိဿိတသီလတို့၏ အဓိပ္ပါယ်အကြောင်းအရာများကို အကျယ်တဝင့် အသေးစိတ် အဓိပ္ပါယ်နှင့်တကွ ပြောပြသင်ကြားပို့ချ ပေးပြီး ပထမသီလပဥ္စက၊ ဒုတိယသီလပဥ္စကစသည်တို့ကို **Self Study** အဖြစ် ကိုယ်တိုင်လေ့လာရန်အတွက် ညွှန်ကြားသင်ပြပေးသည်။ သမာဓိနိဒ္ဒေသကို သင်ပြပေးရာတွင် အာနာပါဿတိနှင့် သတိပဋ္ဌာန်


လေးပါးကို အသေးစိတ် အကျယ်တဝင့် သင်ပြပေးပြီး အကျိုးတရား ဖြစ်သော ရှာနပွဘေဒ စသည်ကိုမူ **Self Study** အဖြစ်လေ့လာရန် ညွှန်ကြားပြသပေးသည်။ ဘီအေ စတုတ္ထနှစ်အတွက် ဒုတိယကျမ်း စာအုပ်ကို သင်ပြရာတွင် ပညာဘူမိနှင့် ဉာဏ်စဉ်တရားများကို အသေး စိတ် သင်ပြပေးပါသည်။

စာပေသင်ကြားရာတွင် အကျဉ်းချုပ်၍ အနှစ်ထုတ် သင်ခန်းစာ ရယူနိုင်သည်အထိ သင်ပြပေးနိုင်သော နည်းစနစ်သည် အချိန်တို အတွင်း တတ်မြောက်နားလည်မှုကို ဖြစ်စေသော နည်းစနစ်တစ်ရပ် ဖြစ်သည်။ သင်ခန်းစာကို အကျဉ်းချုပ်နိုင်ခြင်းသည် ဆိုလိုရင်း အဓိပ္ပါယ်ကို မည်မျှနားလည်သည်ကို ပြဆိုခြင်း တစ်မျိုးဖြစ်၍ တပည့် ဖြစ်သူအား သင်ခန်းစာတစ်ခုပြီးတိုင်း အနှစ်ချုပ်ထုတ်ခိုင်းခြင်းစနစ်ကို ကျင့်သုံးသင့်ပါသည်။ ထို့ကြောင့် ကျမ်းစာကို အလွယ်တကူ နားလည် တတ်ကျွမ်းမှုရှိစေရန်အတွက် အကျဉ်းချုပ် အနှစ်ထုတ် သင်ကြားနည်း စနစ်သည်လည်း သင်ကြားရေးရာတွင် မဖြစ်မနေ လိုအပ်သော သင်ကြားနည်း စနစ်တစ်ရပ် ဖြစ်သည်ဟု ယူဆပါသည်။


ယနေ့ခေတ်တွင် အောင်မြင်ကျော်ကြားသော ကမ္ဘာ့တက္ကသိုလ် ကြီးများ၏ သင်ကြားနည်းစနစ်မှာ တပည့်ကို မဏ္ဍိုင်ပြု၍ စာကြည့် တိုက်အသုံးပြု ပညာရေးစနစ်ဖြစ်သည်။ စာသင်ခန်းတွင် ဆရာသည် နည်းပေးလမ်းပြ ဆရာတစ်ယောက်သာဖြစ်ပြီး တပည့်သည် ဆရာ့ထံမှ နည်းများကိုယူ၍ လိုအပ်သောအကြောင်းအရာများကို အပြည့်အဝရစေရန် စာကြည့်တိုက်ကို များစွာအားထားရသည်။ ထိုစနစ်သည် တပည့်၏

ကိုယ်ပိုင်အတွေးအခေါ် အယူအဆများနှင့် လုပ်ဆောင်နိုင်မှု စွမ်းရည်များကို လက်တွေ့ကျကျ မြှင့်တင်အားပေးရာရောက်သဖြင့် သေချာပိုင်နိုင်သော တတ်ကျွမ်းမှုကို အပြည့်အဝရရှိစေသည်။ သို့သော် ခက်ခဲနက်နဲသော ဗုဒ္ဓ၏ ပိဋကတ်စာပေများကို သင်ယူရာတွင် တပည့်ကိုသာ လျှောက်လှမ်းမှုပြုစေသဖြင့် ပြည့်စုံသော သင်ကြားမှုစနစ်မျိုး ဖြစ်လာမည်မဟုတ်သဖြင့် ဆရာတပည့် အတူလက်တွဲ လျှောက်လှမ်းသော နည်းစနစ်မျိုးသည်သာ အကောင်းဆုံးစနစ်တစ်ရပ်ဖြစ်သည်ဟု ယူဆပါသည်။

ဒေါက်တာအရှင်ဣန္ဒက
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
(ရန်ကုန်ဌာနခွဲ)
မြောက်ဒဂုံ/ရန်ကုန်



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ခေတ္တ-နာယကချုပ်ဆရာတော် ဘဒ္ဒန္တ ကုမာရ က သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်စဉ်




နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နေ့လည်ပိုင်း/ညနေပိုင်း **အစီအစဉ်တွင်** နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါဠိစာပေဌာနမှူး ဘဒ္ဒန္တ ထေရိန္ဒ က သဘာပတိအဖြစ် ဆောင်ရွက်စဉ်



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
အကြံပေးပုဂ္ဂိုလ် ဦးအုံမောင် က ပါဝင်ဆွေးနွေးစဉ်



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆–၄–၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဧည့်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်
မြန်မာစာပါမောက္ခ အငြိမ်းစား ဆရာဦးခင်အေး (မောင်ခင်မင်–ဓနုဖြူ) က
"ပါဠိစာပေနှင့် မြန်မာစာပေတို့၏ ဆက်နွယ်မှုကို ရှင်းလင်းတင်ပြနေစဉ်"



နီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) နာယကချုပ်ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ က
"သီရိလင်္ကာနှင့်မြန်မာတို့၏ ပါဠိစာပေသင်ကြားမှုစနစ်ကို နှိုင်းယှဉ်လေ့လာခြင်း"
ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့ ပါဠိစာပေသင်ကြားမှုစနစ်ကို နှိုင်းယှဉ်လေ့လာခြင်း သုတေသနစာတမ်း

ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
(မန္တလေး)

ဤစာတမ်းကို အောက်တန်းစာပေသင်ကြားမှုစနစ်နှင့် အထက်တန်းစာပေသင်ကြားမှုစနစ်ဟု နှစ်ပိုင်းခွဲခြားသင့်သည်။ ဤစာတမ်း၌ အထက်တန်းစာပေသင်ကြားမှုစနစ်ကိုသာ တင်ပြပါမည်။ အကြောင်းကား အထက်တန်းစာပေသင်ကြားမှုစနစ်ကသာ ဘုရားဟောပိဋကကို တွေ့စေသောကြောင့်တည်း။ သီရိလင်္ကာနိုင်ငံသည် တစ်ချိန်က ဘာသာရေးနှင့်ပက်သက်လျှင် မြန်မာနိုင်ငံ၏ ဘိုးအေ နိုင်ငံဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် သူတစ်ပြန် ကိုယ်တစ်လှည့် ဘိုးအေ ဖြစ်ခဲ့သည်။ သူ့ထံမှကိုယ်ယူ ကိုယ့်ထံမှသူယူဖြစ်ခဲ့သည်။

နောက်ပိုင်းကျလေ သီရိလင်္ကာနိုင်ငံသည် ယခင်အခြေအနေနှင့် ပြောင်းပြန်ဖြစ်လေ ဖြစ်ခဲ့သည်။ အကြောင်းမှာ သီရိလင်္ကာနိုင်ငံ၌ နိုင်ငံခြား လွှမ်းမိုးမှု နှစ်တွေကြာညောင်းခဲ့သောကြောင့်တည်း။ နိုင်ငံခြားလွှမ်းမိုးမှုများ ကြာညောင်းလာသောအခါ မိမိ၏ဓလေ့ထုံးတမ်း လျော့ရဲလာတော့သည်။ နိုင်ငံ့ခြားလွှမ်းမိုးမှုသည် နိုင်ငံရေး၌သာမက ဘာသာရေး၌ပါ ပါလာသည်။ ဘာသာရေးစာပေများ သင်ကြားမှု

စနစ်အထိ ထိခိုက်လာသည်။ အစဉ်အလာကြီးခဲ့သော အဋ္ဌကထာ၊ ဋီကာအခြေခံသော ပိဋကသင်ကြားရေးစနစ်မှ အင်္ဂလိပ်ဘာသာပြန်၊ အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် ပိဋကသင်ကြားရေးစနစ်သို့ ပြောင်းလဲခဲ့သည်။ ထေရဝါဒမဟုတ်တော့ဘဲ အင်္ဂလိပ်ဝါဒ ဖြစ်လာခဲ့သည်။ ဘုရားဟောပိဋကကို အင်္ဂလိပ်ဘာသာပြန်အတိုင်း သင်ကြားပေးခြင်းဖြစ်သည်။ ထို့ကြောင့် ထေရဝါဒနှင့် ဆန့်ကျင်သော အပိုင်းများ ရှိလာခဲ့သည်။ မြန်မာနိုင်ငံသည် ပိဋကနှင့်ပက်သက်လျှင် ထေရဝါဒအတိုင်းပင် ရှိသေးသည်။ တစ်ရွေးမျှမပြောင်းလဲခဲ့သေးပေ၊ အဋ္ဌကထာ၊ ဋီကာအခြေခံသော ပိဋကသင်ကြားနည်းကိုပင် အသုံးပြုဆဲ ဖြစ်သည်။ အဋ္ဌကထာဋီကာ အဖွင့်အတိုင်း သင်ကြားပေးဆဲ ဖြစ်သည်။ အဋ္ဌကထာဋီကာဆရာကြီးများသည် ထေရများဖြစ်သည်။ အဋ္ဌကထာဆရာကြီးကို "ဗုဒ္ဓမတ္တညူ" ဘုရားအလိုကိုသိသူဟု ယုံယုံကြည်ကြည်ကြီးသတ်မှတ်ထားဆဲ ဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် အဋ္ဌကထာကို အသာထား ဘုရားဟော ပါဠိအချို့ကိုပင် အလေးမပြုချင်ကြတော့ပေ။ ဥပမာ-ပဋ္ဌာန်းပါဠိတော်လိုမျိုးဖြစ်သည်။ ၎င်းတို့လေးစားသည်မှာ သုတ္တန်ပါဠိတော်များသာ ဖြစ်၏။ ဝိနည်းပါဠိတော်ကိုလည်း အဖွဲ့အစည်းတစ်ရပ်၏ ဥပဒေမျှသာဟု သဘောထားကြသည်။

အထက်ပါအတိုင်း သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အခြေခံမတူမှုကို အကြောင်းပြု၍ ဤစာတမ်း၌ ကွဲပြားလာသော ပါဠိဘာသာသင်ကြားရေး စနစ်နှစ်မျိုးကို နှိုင်းယှဉ်ကာ တင်ပြသွားပါမည်။ ပါဠိဘာသာဟူသည် ပိဋကကို မှတ်တမ်းတင်ထားသော

စာပေကိုသာ ဆိုလိုပါသည်။ ပိဋကစာပေသည်လည်း မြန်မာနိုင်ငံသို့ သီရိလင်္ကာနိုင်ငံမှတစ်ဆင့်သာလာပါသည်။ ထို့ကြောင့် သီရိလင်္ကာ ပါဠိစာပေ သင်ကြားရေးစနစ်နှင့် နှိုင်းယှဉ်လျှင် နိုင်ငံတကာပါဠိစာပေ သင်ကြားရေးစနစ်နှင့် နှိုင်းယှဉ်ရာရောက်သည်ဟု ယူဆပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ပါဠိစာပေသင်ကြားရေး တွင် အင်္ဂလိပ်ဘာသာပြန်များအပေါ် အခြေခံသော သင်ကြားမှုစနစ်နှင့် အဋ္ဌကထာ၊ ဋီကာအဖွင့်များအပေါ် အခြေခံသောသင်ကြားမှုစနစ်ဟု အခြေခံကွဲပြားမှုစနစ် နှစ်ရပ်ကို အကြောင်းပြု၍ ဝိနည်း ပိဋကကို သင်ကြားပေးခြင်း၊ သုတ္တန်ပိဋကကို သင်ကြားပေးခြင်းနှင့် အဘိ ဓမ္မာကို သင်ကြားပေးခြင်း ဟူသောစနစ်(၃)မျိုး ကွဲပြားလာသည်။ ယင်းစနစ်(၃)မျိုးကို ဤစာတမ်း၌ အဓိကထားတင်ပြသွားပါမည်။

ဝိနည်းကစ၍ တင်ပြပါမည်။ သီရိလင်္ကာက ဝိနည်းနှင့်ပက် သက်လျှင် အောက်ပါအတိုင်း သင်ပြပေးသည်-

ဝိနည်းသည် အစောပိုင်းက တစ်မျိုးဖြစ်ပြီး သီရိလင်္ကာသို့ ရောက်လာသောအခါ ပြောင်းလဲမှုအများအပြား ဖြစ်သွားသည်။ အစ ပထမက ဝိနည်းပိဋက၌ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ခွင့်မပြု၊ ပစ္စည်းမှန်သမျှ သံဃိကသာခွင့်ပြုသည်။ ရဟန်းများ၌ အသက်ရှင်နေထိုင်ရေးအတွက် မရှိမဖြစ် ပစ္စည်းများဖြစ်သည့် သင်္ကန်း၊ သပိတ်၊ ခေါင်းရိတ်ဓား စသည်မျှသာရှိ၏။ ထိုပစ္စည်းများပင် ပျံလွန်တော်မူသောအခါ သံဃိက ဖြစ်သွားရသည်။ ရဟန်းတစ်ပါး စောင့်ရှောက်ထားသည့် ကျောင်းနှင့် အခြားပစ္စည်းများကို ပုဂ္ဂလိကပစ္စည်းများအဖြစ် ဘယ်တော့မှ မစဉ်း

စားပေ။ ထိုပစ္စည်းများသည် သံဃိကဖြစ်၏။ ကျောင်းထိုင်ရဟန်းများကို ရက္ခကဂေါပကအဖြစ် သတ်မှတ်သည်။ ရဟန်းများသည် ထိုပစ္စည်းများကို ဖျက်ဆီးလျှင်(သို့မဟုတ်) ထိခိုက်စေလျှင် ထိုရဟန်းများကို သံဃိကပစ္စည်းကို အလွဲသုံးစားလုပ်သူဟု သတ်မှတ်သည်။ ထို့ကြောင့် ရဟန်းဟူသည် ပစ္စည်းထိန်းမျှသာဖြစ်၏။

သို့သော် သာသနာ သီရိလင်္ကာရောက်လာသောအခါ ဝိနည်းသည် ပြောင်းလွဲမှု အများအပြားနှင့် ကြုံတွေ့သွားရသည်။ ဥပမာ-ပါတိမောက်တွင် ရဟန်းများအတွက် ပုဂ္ဂလိကပိုင်ဆိုင်ခြင်းကို ခွင့်ပြုထားမှု မတွေ့ရပေ။ သို့သော် နောက်ပိုင်းတွင် ထိုပစ္စည်းကို ပုဂ္ဂလိကပစ္စည်းအဖြစ် မခေါ်သေးသော်လည်း ရဟန်းများမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုတဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ ထို့ကြောင့် အစောပိုင်းဝိနည်းတွင် ခွင့်မပြုခဲ့သော အရာများကို သီရိလင်္ကာဝိနည်းတွင် ထင်ရှားသော အထောက်အထားအချို့နှင့်အတူ ခွင့်ပြုခဲ့သည်။ ဥပမာ-ကျွဲကိုအစောပိုင်းဝိနည်းတွင် ရဟန်းများအား လက်ခံရန် ခွင့်မပြုထားပေ။ သို့သော် သီရိလင်္ကာတွင် သဒ္ဓါတရားရှိသူများက ရဟန်းများအား ကျွဲလှူရန် အားထုတ်ကြသည်။ ဤသည် အခက်အခဲတစ်ရပ် ဖြစ်လာသည်။ ထို့ကြောင့် ဒကာများက ရဟန်းများအား ကျွဲကိုလက်ခံစေလိုလျှင် ဆီလျော်သော စဉ်းစားမှုလုပ်ရသည်။ ထို့နောက် ကျွဲကို လက်ခံရသည်။ ထို့နောက် ရဟန်းများက ထိုကျွဲနှင့် သင်္ကန်းများကို အသုံးဝင်အရာများနှင့် လဲရသည်။

ထို့ပြင် ရဟန်းများအား မြေကိုတူးခွင့်မပြုပါ။ သို့မဟုတ် အခြားသူကိုလည်း မြေတူးမခိုင်းကောင်းပါ။ ဤတွင် အခက်အခဲ တစ်ရပ်ပေါ်လာသည်။ အချို့ကျောင်းများတွင် ရေတွင်းမရှိပါ။ ရဟန်း များတွင် သောက်ရေမရှိပါ။ ဤပြဿနာကို ဖြေရှင်းရန် တားမြစ် ထားသော မြေတူးမှုကို စဉ်းစားရတော့သည်။ ဤမြေတူးခြင်းသည် **Negative act** ဖြစ်သည်။ ရေတွင်းပြုလုပ်ခြင်းသည် **affrirmative act** ဖြစ်သည်။ ထို့ကြောင့် ရဟန်းများက ဒကာများအား ရေတွင်းရှိလိုပါသည်ဟု ပြောရသည်။ ရေတွင်းတူးပေးပါဟု မပြောကောင်းသော်လည်း ရေတွင်းအလိုရှိပါသည်ဟုတော့ ပြောကောင်းသည်ဟု သင်ကြားပေးသည်။

ပရိယာယ်ဖြင့် အာပတ်မှ လွတ်သည်ဟူသော အယူအဆသည် သီရိလင်္ကာရောက်မှ ပြောင်းလဲသွားသော အတွေးအခေါ်ဖြစ်သည်ဟု သီရိလင်္ကာနိုင်ငံသားများက ယူဆသည်။ တစ်နည်းပြောရလျှင် ထိုဝိနည်းစည်းကမ်းသည် သီရိလင်္ကာထုတ်ဖြစ်သည်ဟု ဆိုလိုသည်။ ယင်းတို့၏ အယူအဆမှာ ဘုရားထုတ်ဝိနည်းနှင့် သီရိလင်္ကာ ထုတ်ဝိနည်းဟု (၂)မျိုးရှိကြောင်း ပြောလိုရင်းဖြစ်သည်။ မြန်မာနိုင်ငံက ဝိနည်းသည် အာဏာဒေသနာဖြစ်၍ ဘုရားသာ ဟောနိုင်သည်။ ထုတ်ပြန်နိုင်သည်ဟု ယူဆသည်။ ထို့ပြင် သင်ကြားချက် စနစ်တစ်ခုမှာ သမိုင်းပညာရှင်တစ်ချို့၏ အပြောကို သင်ကြား ပေးခြင်းဖြစ်သည်။

၄င်းမှာ ဝိနည်းတော်လာ စည်းကမ်းအချို့သည် ဘုရား ပရိနိဗ္ဗာန်စံပြီးနောက်မှ တိုးပွားလာသော သံဃာများနှင့် လိုက်လျော

ညီထွေမှုဖြစ်အောင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်ဟူသော အယူအဆ ဖြစ်သည်။ ထို့ကြောင့် ဘုရားသည် ဝိနည်း (ဥပဒေ)ကို ခပ်များများ အားမထားဟု နားလည်သင့်ကြောင်းကိုလည်း သင်ကြားပေးသည်။ အလေးအနက်ထားသင့်တာက သီလ, သမာဓိ, ပညာဖြစ်သည်ဟု လည်း သင်ကြားပေးသည်။ သံသရာမှ လွတ်မြောက်လိုလျှင် ဤ(၃)ပါး ရှိနေပါက လုံလောက်ပြီဟု ဆိုလိုသည်။ ဥပဒေ(ဝိနည်း) ဆိုသည်မှာ သံဃာတော်များအတွင်း အကျင့်ပျက် ခြစားမှုများကို ကာကွယ်တားဆီး ရန်သာ အသုံးဝင်သည်ဟု ယူဆသည်။ မြန်မာနိုင်ငံက ဝိနည်းဖြစ်စေ, သုတ္တန်ဖြစ်စေ, အဘိဓမ္မာဖြစ်စေ မည့်သည့်ပိဋကကမျှ ပိုသည်လိုသည် မရှိဘဲ အညီအမျှ အရေးကြီးသည်ဟု သင်ကြားပေးသည်။

ထို့ပြင် သင်ကြားနည်းစနစ်တစ်ခုမှာ သိက္ခာပုဒ်မထုတ်ပြန် မီအချိန်က ဝိနည်းဆိုတာ မရှိသေးပေ။ သို့သော် သီလကား ဓမ္မအနေဖြင့် ရှိနေခဲ့သည်။ ရဟန်းဘဝနှင့် ပတ်သက်ပြီး သင့်လျော်သည့် ညွှန်ကြား ချက်များနှင့် အကြံပြုချက်များပေးသည်။ ထိုအချိန်၌ ရဟန်းများသည် ရဟန်းကောင်းတွေချည်းရှိ၏။ အကြောင်းကား ထိုရဟန်းများသည် စစ်မှန်သည့် ရည်ရွယ်ချက်များဖြင့် လှူ့ဆော်ခံရသောကြောင့်တည်း။ ထို့ကြောင့် ရဟန်းဖြစ်လာကြသည်။ ထို့ကြောင့် ရဟန်းများသည် အလွန် သီလရှိသောဘဝဖြင့် နေထိုင်ကြသည်။ မဟုတ်တရုတ်တွေမလုပ် ကြပေ။

ဝိနည်းမပေါ်မီကပင် သီလဆိုတာ ဓမ္မအနေဖြင့် ရှိနေခဲ့ သည်။ ထိုသီလဖြင့်ပင် ရဟန္တာများ ဖြစ်ခဲ့သည်။ သိက္ခာပုဒ်(ဝိနည်း)မှာ

အကျင့်ပျက်မှုများကို တားမြစ်ရန်ဖြစ်သည်။ မဂ်ဖိုလ်ရမှုနှင့် မပက်သက်ပေ။ ဝိနည်းမှာ မဂ်, ဖိုလ် ရမှုနှင့် ပက်သက်လျှင် ဝိနည်းမရှိသေးသောအချိန်(ပထမဗောဓိ)အတွင်း ရဟန္တများမရှိရာ၊ ရှိလည်းရှိခဲ့သည်။ ထို့ကြောင့် ဝိနည်းမှာ ဓမ္မရေးနှင့်မပက်သက်၊ အကျင့်ပျက်တားဆီးရေးနှင့်သာ ပက်သက်သည်ဟု ဆိုလိုသည်။ မြန်မာနိုင်ငံက ဝိနည်းမရှိလျှင် သီလမရှိ၊ သီလမရှိလျှင် အထက်တန်း အဆင့်ဖြစ်သည့် သမာဓိ, ပညာများ မရရှိနိုင်ဟု သင်ကြားသည်။

သီရိလင်္ကာက ဝိနည်းသည် အကြောင်းရှိမှ ပေါ်သည်။ ပြင်တန်လျှင် ပြင်သည်။ ဝိနည်းမှာ အချိန်အခါသည် ဘောင် ဖြစ်ပြီး ဥပဒေလုပ်ဖို့က အကိုးရှိရသည်။ ထို့ကြောင့် ဝိနည်းဆိုသည်မှာ အရေးကြီးသော အစိတ်အပိုင်းမဟုတ်၊ ဓမ္မကသာ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်ဟု သင်ကြားသည်။ ဝိနည်းက ရဟန်းများ၏ အပြုအမူကို ထိန်းချုပ်ထားသည်။ အရေးကြီးသောအရာက သီလ, သမာဓိနှင့် ပညာဖြစ်သည်။ တစ်စုံတစ်ယောက်မှာ သီလရှိလျှင် ထိုသူသည် ဝိနည်းဥပဒေမရှိတောင်မှ အပြုအမူကောင်းများ ပြုနိုင်သည်။ အနှစ်(၂၀)(ပထမဗောဓိ)ကြာအောင် ဗုဒ္ဓသာသနာ ရပ်တည်နိုင်ခြင်းက ဝိနည်းမရှိသော်လည်း သီလရှိပါက ဖြစ်နိုင်ကြောင်းကို သက်သေပြနေပေသည်။ ထို့ကြောင့် ဝိနည်းသည် အရေးမကြီးပါဘူးဟု သင်ကြား သည်။ မြန်မာနိုင်ငံက "ဝိနယောနာမ သာသနဿ အာယု" ဝိနည်းသည် သာသနာအသက်ဟု သင်ကြားသည်။

သီရိလင်္ကာနိုင်ငံက ဝဋ္ဋနှင့်ပက်သက်လျှင် သင်ကြားမှုက တစ်မျိုးဖြစ်သည်။ ရဟန်းများလုပ်မှ အမှားဖြစ်ပြီး လူများလုပ်လျှင် မမှားပါက ပဏ္ဏတ္တိဝဇ္ဇဖြစ်သည်။ ရဟန်းများကို အချိုအရာမလုပ်ရန် တားမြစ်ထားသည်။ ဉပမာ-ညစာစားခြင်းသည် ရဟန်းများအတွက် မှားသည်။ အကြောင်းကား ဝိနည်း ဥပဒေက ရဟန်းများ ညစာစားမှုကို တားမြစ်ထားသောကြောင့်တည်း။ သို့သော် လူများ ညစာစားမှုသည် အမှားမဟုတ်ပေ။ ထို့ကြောင့် အပြစ်ကို(အာပတ်ကို) ဗုဒ္ဓဝါဒ၌ အကုသိုလ်အဖြစ် မစဉ်းစားပေ။ အမှားလုပ်မှုမျှသာတည်း၊ လောကဝဇ္ဇ ဟူသည် မည်သူလုပ်လုပ် မှားသောအလုပ်ဖြစ်၏။ လူ၊ ဘုန်းကြီးဟူ၍ မရွေးပါ၊ ဉပမာ ခိုးမှုသည် လူလုပ်လျှင်မှားသလို ရဟန်းလုပ်လျှင်လည်း အမှားသာတည်း။ ခိုးမှုသည် ပုဂ္ဂိုလ်မရွေးမှား၏။ ပါရာဇိက(၄)ပါးထဲမှ (၁)ပါးသည် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။ လောကဝဇ္ဇ မဟုတ်ပါ။ လင်နှင့်မယား မေထုန်မှီဝဲမှုသည် လူများအတွက် အမှားမဟုတ်ပါ။ လွတ်လပ်သော ယောကျ်ားတစ်ယောက် ပြည့်တန်ဆာမနှင့် အိပ်ခြင်းသည် အမှားမဟုတ် (ဝါ)အပြစ်မဟုတ်ပါ။ အကယ်၍ ယောကျ်ားတစ်ယောက် သူတစ်ပါး မယားနှင့်အိပ်လျှင် အမှားဖြစ်၏။ လောကဝဇ္ဇအပြစ်ကို ကျူးလွန်သူ ဖြစ်၏။ ဤစကားကို ကောက်ချက်ချလျှင် ပထမပါရာဇိကသည် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။ ထို့ကြောင့် အကုသိုလ်မဖြစ်၊ ဝိနည်းသည် ဉပဒေ ဖြစ်၏။ ဉပဒေဟူသည် ပြစ်ဒဏ်တွဲလျက် ပါရ၏။ ပြစ်ဒဏ်ကား လူထွက်ရခြင်းတည်း။ မထွက်လျှင် ရဟန်းအတုဖြစ်၏။ သို့သော် အကုသိုလ်အား မဖြစ်ဟု သင်ကြားပေး၏။ မြန်မာနိုင်ငံက အကုသိုလ်

စိတ်ဖြင့်ကျူးလွန်လျှင် လောကဝဇ္ဇဖြစ်၏။ ပထမ ပါရာဇိကမှာ လောဘ(တဏှာ)နှင့် ယှဉ်သောစိတ်ဖြင့် ကျူးလွန်သောကြောင့် လောကဝဇ္ဇ စစ်စစ်ကြီးဖြစ်၍ အကုသိုလ်ဖြစ်သည်ဟု အဋ္ဌကထာ အဖွင့်အတိုင်းသင်ကြားပေးသည်။

ဒေသနာကြားမှုနှင့်ပက်သက်၍လည်း သီရိလင်္ကာက တစ်နည်း တစ်ဖုံ သင်ကြားပေးသည်။ ဒေသနာကြားနည်းသည် အများထံကြား နည်းနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းထံ ကြားနည်းဟု(၂)မျိုးရှိကြောင်း သင်ကြားပေးပြီး နောက်ပိုင်းတွင် အများထံကြားနည်းမှ ပုဂ္ဂိုလ် တစ်ဦးချင်းထံ ကြားနည်းသို့ ပြောင်းသွားကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံ ကြားနည်းသည် သေချာပေါက် နောက်ပေါ်တိုးတက်ဖြစ်ထွန်းမှု တစ်ခုဖြစ်ကြောင်း၊ ဘုရားလက်ထက်တော်က ထိုနည်းမရှိကြောင်း သင်ကြားပေးသည်။ သိမ်ထဲမဝင်မီ ရဟန်း(၂)ပါးကြား ပြုလုပ်သည့် ဒေသနာကြားမှုဟာ ဘာလည်း၊ ရဟန်းများသည် သူတို့၏အပြစ်ကို တစ်ပါးသည် တစ်ပါးထံ ဝန်ခံခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်လျှင် သူတို့စင်ကြယ်သွားသည်ဟု ထင်ကြသည်။ ထို့ကြောင့် သူတို့ သိမ်ထဲ ဝင်သောအခါ သံဃာ့မထေရ်က သူတို့ကိုစင်ကြယ်ပြီလားဟု မေးခဲ့ သည်။ သူတို့ ဆိတ်ဆိတ်နေပြီး စင်ကြယ်ကြောင်း ပြလိုက်သည်။ အမှန်ကတော့ ဒေသနာကြားခြင်း၏ ရည်ရွယ်ချက်ကို ဖျက်ဆီးပစ်လိုက် ခြင်းသာဖြစ်၏။ နောက်ပိုင်း ဗုဒ္ဓဘာသာရဟန်းတော်များက နှစ်ပါးချင်း ဒေသနာကြားသောနည်းပြုလုပ်ပြီး အခန်းတစ်ခန်းဖွင့်ကာ ပါတိမောက္ခ ထပနက္ခန္ဓက အမည်ဖြင့် စူဠဝါပါဠိတော်၌ ဖြည့်စွက်ထားခဲ့သည်။

ဘုရားလက်ထက်တော်က နှစ်ပါးခြင်း ဒေသနာကြားသော နည်း ရှိပါသလား။ ထိုနည်း သံဃာထဲ ဘယ်ပုံရောက်လာပါသလဲ။ မဇ္ဈိမနိကာယ်လာ ဂေါတမမောဂ္ဂလာနသုတ်တော်အရ အများရှေ့ ဒေသနာကြားသောနည်းမှာ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ် အတော်ကြာသည်အထိ လက်တွေ့နယ်ပယ်တွင် ရှိနေတုန်းဖြစ်သည်ဟု သိရသည်။ သို့သော် စူဠဝါပါဠိတော် ပါတိမောက္ခထပနက္ခန္ဓကအရ ရဟန်း(၂)ပါး ဒေသနာကြားခြင်းကို ဘုရားလက်ထက်တော် အတွင်း ကပင် စခဲ့သည်ဟုဆိုသည်။ မှတ်တမ်းတစ်ခု ရှိခဲ့ဘူးသည်။ တစ်နေ့တွင် ဘုရားရှင်သည် ပါတိမောက္ခပြပွဲတွင် ပါဝင်ခဲ့သည်။ ပါတိမောက်ပြရန် စတင်ဖို့ လျှောက်ထားခဲ့သည်။ သို့သော် ဘုရားရှင်သည် ထူးထူး ဆန်းဆန်းကြီး ငြိမ်သက်နေသည်။ ပါတိမောက်ပွဲတွင် ပါဝင်သော ရဟန်းများ အကြီးအကျယ် အနှောက်အယှက် ဖြစ်နေသည်။ ထို့ကြောင့် အရှင်အာနန္ဒာက "မြတ်စွာဘုရား အဘယ့်ကြောင့် ဥပုဒ်ပြုပွဲ မစပါသလဲ ဘုရား" ဟု လျှောက်သည်။ သို့သော် ဘုရားကတော့ ငြိမ်ချက်သား ကောင်းတုန်းပင်၊ အရှင်အာနန္ဒာက တတိယအကြိမ် လျှောက်သော အခါမှသာ ဘုရားရှင်က "ချစ်သားအာနန္ဒာ...။ ပရိတ်သတ် မစင်ကြယ်" ဟု မိန့်တော်မူသည်။ ထို့နောက် အရှင်မောဂ္ဂလာန် မထေရ်က သူ၏ ပရစိတ္တဝိဇာနနအဘိဉာဏ်ဖြင့် ဥပုသ်ပွဲတွင် မစင်ကြယ်သူကို တွေ့မြင်ခဲ့သည်။ ထို့ကြောင့် ထပြီး ထိုရဟန်းကို သိမ်၏အပြင်ဘက် ဆွဲထုတ်လိုက်သည်။ ထို့နောက် ဘုရားထံ ရောက်လာပြီး ဥပုသ်ပွဲတွင် ယခုအခါ စင်ကြယ်သွားပြီ ဖြစ်ကြောင်း

လျှောက်ထားခဲ့သည်။ ထို့ကြောင့် ဘုရားရှင်သဘောကျ ဥပုသ်ပွဲ စတင်လိုက်သည်။ ထိုကိစ္စပြီးနောက် ဘုရားရှင်က ရဟန်းများ သိရှိရန် ကြေငြာချက်တစ်ခု ထုတ်လိုက်သည်။ ''ဒါဟာငါတက်ရောက် ခဲ့တဲ့ နောက်ဆုံးဥပုသ်ပွဲပဲ၊ ဒါပြီးတဲ့နောက် မည်သည့်ပါတိမောက်ပြုပွဲကိုမျှ ငါ တက်ရောက်တော့လိမ့်မည်မဟုတ်၊ ဒီလိုပွဲတွေ ကျင်းပဖို့ရန် မင်းတို့ တာဝန်သာဖြစ်သည်''ဟူသော ကြေညာချက်ဖြစ်သည်။ ဘုရားရှင်သည် ဤမစင်ကြယ်သော ရဟန်းကြောင့် လုံးဝအနှောက်အယှက်ဖြစ်သွားခဲ့သည်။

ဤပုံပြင်က သိမ်ထဲမဝင်မီ နှစ်ပါးချင်း ဒေသနာကြားနာခြင်းသည် မရှိမဖြစ်လိုအပ်သည်ဟူသော အငြင်းအခုံကို မှန်ကန်ကြောင်း သက်သေပြရန်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် (ယင်းသို့မလုပ်လျှင်) သိမ်သည် မစင်ကြယ်သော ရဟန်းကြောင့် ညစ်ပေသွားပေလိမ့်မည်။ ဤပုံပြင်မှန်ကန်ခဲ့လျှင် ဘုရားရှင်လက်ထက်တော်ကတည်းက နှစ်ပါးချင်း ဒေသနာကြားသည့် လက်တွေ့လုပ်ငန်းစဉ်ရှိကြောင်း အဓိပ္ပါယ်သက်ရောက်သည်။ ကွဲလွဲနေသော ပုံပြင်နှစ်ခုကြား အမှန်တရားသည် ဘာလဲ၊ ရှေ့ပုံပြင်တစ်ခုက သုတ္တပိဋကမှာပါသည်။ နောက်ပုံပြင်တစ်ခုက ဝိနာပိဋကမှာပါသည်။ သို့ရာတွင် အများရှေ့ ဒေသနာကြားမှု ဖျက်ပစ်ခဲ့လျှင် ဥပုသ်ပြုမှု ရည်ရွယ်ချက် ပျက်သွားပေတော့မည်။ ဥပုသ်ပြုပွဲမှာ ဘာကြောင့် ပါတိမောက်(သိက္ခာပုဒ်ဥပဒေတွေ) ရွတ်ရသလဲ၊ စင်ကြယ်မှုကို အတုအယောင် အာမခံတဲ့ အခါ ဘယ်သူ့ကိုမစင်ကြယ်သူဟု မေးရတော့မလဲ။ ထို့ကြောင့် ဥပုသ်

ပြုခြင်းသည်(တနည်း) ဒေသနာကြားနာခြင်းသည် လက်တွေ့ကျသည့် အကျိုးတစ်စုံတစ်ရာသို့ အမှန်တစ်ကယ် ဦးတည် မသွားတော့ပေ။ နေရာအများအပြားမှာ ဤဒေသနာကြားခြင်းသည် ကောင်းမွန်လှပကြောင်း၊ အကြောင်းမှာဒေသနာကြားခြင်းက သံဃာ၏စင်ကြယ်မှုကို အာမခံပေးထားခြင်းကြောင့်ဖြစ်ကြောင်း အမိန့်ရှိခဲ့သည်။ သို့သော် ဤနှစ်ပါးချင်း ဒေသနာကြားနာမှုက စစ်မှန်သော ရည်ရွယ်ချက်သို့ ဦးမတည်တော့ပေ။

ထေရဝါဒရဟန်းများ၏ ပုံမှန်ဓလေ့ထုံးတမ်းဆိုင်ရာ လက်ခံမှုအရ ဘုရားရှင်တက်ရောက်ခဲ့သော ပါတိမောက်ပုံသဏ္ဌာန်သည် ဩဝါဒပါတိမောက်ဖြစ်သည်။ ယင်းပါတိမောက်သည် ဝိနည်းမပေါ်မီက ဖြစ်၏။ အခြားစကားဖြင့် တစ်မျိုးလှည့်ပြောရလျှင် ဩဝါဒပါတိမောက်ကို ဝိနည်းသိက္ခာပုဒ်များ မပညတ်မီမှာသာ ကျင့်ရသည်။ ဩဝါဒပါတိမောက်အဖြစ် ဂါထာ(၃)ပုဒ်ရှိသည်။ ထို့ကြောင့် ဘုရား ဖြစ်ပြီးနောက် အနှစ်(၂၀)ဝိနည်းမပေါ်မီအချိန်အတွင်းဖြစ်၍ ဝိနည်းမရှိပေ။ ဘုရားရှင်က ရဟန်းများစုဝေးရန် အသုံးပြုခဲ့ပြီး ဤဂါထာ(၃)ပုဒ် ရွတ်ခဲ့သည်။

ဓလေ့ထုံးတမ်းက ဩဝါဒပါတိမောက်ပွဲသို့ ဘုရားရှင်သာ တက်ရောက်သည်ဟု လက်ခံခဲ့သည်။ ထိုပွဲကို ထုံးစံအတိုင်း ဝိနည်းခေတ်ကြိုအချိန်အတွင်း ကျင်းပရသည်။ ထို့ကြောင်း ဝိနည်း ခေတ်ကြိုအချိန်၌ အပြစ်ကျူးလွန်မှုမရှိပေ။ ဝိနည်းသိက္ခာပုဒ်များကို ဖောက်ဖျက်မှုလည်း မရှိပေ။ အကြောင်းမှာ ဝိနည်းသိက္ခာပုဒ်မရှိသေးသောကြောင့်

ဖြစ်သည်။ ရဟန်းအားလုံး စင်ကြယ်ပြီး ပြည့်ဝမှန်ကန်စွာ ပြုမူကြပါသည်။

ဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ်များ ပညတ်ပြီးသောအချိန်၌ ဥပုသ်ပြုပွဲတွင် မတက်ရောက်မပါဝင်တော့ပါ။ အကြောင်းမှာ ဩဝါဒပါတိမောက်ပြပွဲကို သိက္ခာပုဒ်တော်များ ပညတ်ပြီးနောက်၌ ဘယ်တော့မှ မကျင်းပတော့သောကြောင့်တည်း၊ ထို့ကြောင့် ဩဝါဒ ပါတိမောက် ဥပုသ်ကို ဝိနည်းသိက္ခာပုဒ်တော်များ မပညတ်မီ အချိန်၌သာ ကျင်းပခဲ့ပါသည်။ ထို့ကြောင့် အဲ့ဒီအချိန်၌ သိက္ခာပုဒ်တော်များ ရှိနေခဲ့ပြီဆိုလျှင် ပါတိမောက်ပြပွဲမှာ ဘုရားရှင် ရှိနေတာမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် စူဠဝဂ္ဂမှာ မှတ်တမ်းတင်ထားတဲ့အတိုင်း ဘုရားရှင် ပါဝင်သော ဥပုသ်ပြုပွဲသည် ဖြစ်နိုင်လျှင် ဩဝါဒပါတိမောက် ဥပုသ်ပြုပွဲသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ထိုဥပုသ်ပြုပွဲတွင် မစင်ကြယ်သော ရဟန်း (ပါရာဇိကကျသောရဟန်း)တစ်ပါး ပါဝင်ရန် ဖြစ်နိုင်ဘွယ် ယုတ္တိယုတ္တာမရှိသော အတွေးအခေါ် ဖြစ်ပါသည်။

အချို့သော ပညာရှင်များက ဤပုဂ္ဂိုလ်များသည် ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်တော်များ ပညတ်ခဲ့သော ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟု ငြင်းကြပါသည်။ သို့သော် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအရ ပထမဆုံး အပြစ်ကျူးလွန်သူ(အာဒိကမ္မိကပုဂ္ဂိုလ်)သည် အပြစ်တမ်းအပြစ်မရှိပါ။

ထို့ကြောင့် ဤရဟန်းသည် ပထမဆုံးပြစ်မှုကျူးလွန်သူဖြစ်လျှင် ဤအရင်ကဝိနည်းသိက္ခာပုဒ်များ မရှိပါ။ သူ့ကိုသိမ်ထဲမှ မောင်းထုတ်လိမ့်မည် မဟုတ်ပါ။ သူ့ကို ခွင့်လွှတ်ရပါမည်။ အကြောင်းကား ရဟန်း

တစ်ပါးကို တိကျသောစွပ်စွဲချက် တစ်စုံတစ်ရာမရှိဘဲ အပြစ်မတင်နိုင်သောကြောင့် ဖြစ်ပါသည်။ စွပ်စွဲလိုလျှင် လုပ်ထားပြီး အမှားတစ်စုံတစ်ခု အတိအကျရှိရပါမည်။ တိကျသော စွဲချက်မရှိဘဲ ရဟန်းတစ်ပါးကို သိမ်ထဲမှ မောင်းမထုတ်နိုင်ပါ။ ပါဠိတော်ထုံးစံအရ ပါရာဇိကကျမှုသည် ဘုရားပွင့်တော်မူပြီးနောက် အနှစ်(၂၀)ကြာပြီးမှသာ ဖြစ်ပေါ်လာပါသည်။ သုဒိန္နအမည်ရသော ရဟန်းတစ်ပါးသည် သူ့သတိမထားမိ (အမှတ်တမဲ့ဖြစ်စဉ်) သူ့အဖေ၏ တောင်းဆိုမှုအရ ဇနီးဟောင်းနှင့် အိပ်လိုက်မိသည်။ သုဒိန်မှာ အပြစ်မရှိပါ။ ပြန်လည် ပြုပြင်ခွင့်ရပါသည်။ ဤကိစ္စသည် ဘုရားရှင် ဝိနည်းသိက္ခာပုဒ် ပညတ်ခဲ့သော ပထမဆုံးအဖြစ်အပျက် ဖြစ်ပါသည်။

မဟာယာနဥ္ဒ ပုံပြင်ကတစ်မျိုးဖြစ်သည်။ မဟာသံဃိကဝိနည်းအရ ဘုရားရှင်သည် ဥပုသ်ပြုပွဲ၌ တိတ်တိတ်နေသည်၊ မည်သည့်စကားမျှမပြော၊ အကြောင်းကားဥပုသ်ပြုရာတွင် ပါဝင်သောရဟန်းတစ်ပါးက ရွှေပန်းတစ်ပွင့်ကို ခိုးသောကြောင့် ဖြစ်သည်။ ဥပုသ်ပြုရန် ရဟန်းများအတွက် ကြည်ညိုသူ လှူဒါယကာများက ရွှေပန်းပွင့်ငယ်များဖြင့် ဥပုသ်အိမ်သိမ်အပြင်ကို တန်ဆာဆင်ထားကြပါသည်။ ရွှေပန်းတစ်ပွင့်သည် မျက်နှာကျက်မှ ပြုတ်ကျခဲ့သည်။ ရဟန်းတစ်ပါးက ကောက်ယူခဲ့သည်။ ရွှေပန်းဟုသိသည့်အတွက် ယူသွားခဲ့သည်။ ထို့ကြောင့် သူသည် ပထမဆုံး ခိုးမှုကျူးလွန်သူဖြစ်သည်။

ထို့ကြောင့် စူဠဝဂ္ဂပါဠိတော် အခန်း(၉)တွင် ပါသော ဤပုံပြင်သည် အမှန်တကယ် ထွင်လုံးသက်သက် ဖြစ်နေဟန်တူသည်။

အကြောင်းမှာ အကြောင်းအရာတစ်ခုသည် ဤပုံသဏ္ဍာန်မျိုး မဖြစ်နိုင်သောကြောင့်တည်း။ ဤပုံပြင်သည် နောက်ပိုင်းတွင် နှစ်ပါးခြင်းဒေသနာကြား ဘယ်လိုစတင်ခဲ့တယ်ဆိုတာ ခိုင်မာစေရန်မျှသာဖြစ်သည်။ စူဠဝဂ္ဂပါဠိတော်တွင် နောက်ဆုံး(၄)ခန်းတို့သည် နောက်ထည့်များဖြစ်သည်။ နောက်ဆုံးနှစ်ခန်းမှာ ပထမသင်္ဂါယနာနှင့် ဒုတိယသင်္ဂါယနာတို့၏ မှတ်တမ်းများဖြစ်ပါသည်။ ထို(၂)ခန်းသည် အတိအကျနောက်ထည့်များ ဖြစ်ပါသည်။ ဘိက္ခုနီခန္ဓကနှင့် ပါတိမောက္ခထပနက္ခန္ဓက တို့သည်လည်း နောက်ထည့်များ ဖြစ်နိုင်ဘွယ် ရှိပါသည်။

အကြောင်းကား ဝိနည်းသိက္ခာပုဒ်များ ပညတ်ပြီးသောအခါ ဘုရားရှင်သည် ဥပုသ်ပြုပွဲ၌ ဘယ်တော့မှ မပါဝင်သောကြောင့်ဖြစ်ပါသည်။ ဘုရားရှင်သည် ဩဝါဒပါတိမောက်ပြပွဲမှာသာ ပါဝင်ပါသည်။ ဝိနည်းမရှိချိန်၌ ဝိနည်းဥပဒေများကို ချိုးဖောက်မှုအဖြစ်မည်သူ့ကိုမျှ မစွပ်စွဲနိုင်သောကြောင့် ဖြစ်ပါသည်။ အကယ်၍ ပထမဆုံးအပြစ်ကျူးလွန်သူ(အာဒိကမ္မိက)ဖြစ်လျှင်လည်း အပြဲတမ်းခွင့်လွှတ်ရမည်ဖြစ်ပါသည်ဟု နှစ်ပါးချင်း ဒေသနာကြားမှုကို ဝေဘန်ပြီးသင်ကြားပေးပါသည်။ မြန်မာနိုင်ငံက ပါတိမောက္ခထပနက္ခန္ဓကလာအတိုင်း သိမ်ထဲမဝင်မီ တစ်နေရာရာသွား၍ နှစ်ပါးချင်း ဒေသနာကြားမှုကို တရားဝင်အဖြစ် သင်ကြားပေးပါသည်။ သီရိလင်္ကာက ပါတိမောက္ခထပနက္ခန္ဓကကို ပစ်ပယ်ပြီး မြန်မာက လေးလေးမြတ်မြတ်ထားကာ သင်ကြားပေးပါသည်။

ဤနေရာ၌ သိရိလင်္ကာအယူအဆကို ရှင်းလင်းအောင် တင်ပြပါဦးမည်။ ဥပုသ်နေ့တွင် သိမ်ထဲ၌ သံဃာများစုရသည်။ ပါတိမောက် (ဝိနည်းသိက္ခာပုဒ်)များကို ရသူက စည်းဝေးပွဲ(ဥပုသ်ပြုပွဲ)မှာ ရွတ်ရသည်။ ရွတ်ပြီးသောအခါ ဥပုသ်ပြုပွဲခေါင်းဆောင် သံဃမထေရ်က ဥပုသ်ပွဲတွင် ပါဝင်သော သံဃာအားလုံးကို "အရှင်ဘုရားများ အာပတ်မှ စင်ကြယ်ပါရဲ့လား-(ကစ္စိတ္ထပရိသုဒ္ဓါ)"ဟု မေးရသည်။ အာပတ်သင့်သော ရဟန်းက သံဃာအများရှေ့တွင် အာပတ်သင့်ကြောင်း ဝန်ခံရသည်။ ထိုသည်ပင် ဒေသနာကြားခြင်း ဖြစ်သည်။ ထို့နောက် သံဃာက အဓိကရဏသမထအရ အတည်ပြုသင့်သော အပြစ်ပုံသဏ္ဍာန်ကို ဆုံးဖြတ်ရသည်။ ဝိနည်းစည်းမျဉ်းအရ ပါရာဇိကထဲမှ တစ်ပါးပါးကို ကျူးလွန်လျှင် နှင်ထုတ်ရသည်။ သံဃာနှင့် အဆက်ဖြတ်ပစ်ရသည်။ သံဃာဒိသေသ်ကို ကျူးလွန်လျှင် ဖုံးထားသမျှ ရက်အားလုံး ပရိဝါသ်မာနတ် ဆောက်တည်စေရသည်။ ကျန်(၂၀၃)ကို ကျူးလွန်လျှင် သံဃာ့ရှေ့(ဥပုသ်ပြုပွဲတွင် ပါဝင်သော သံဃာများရှေ့)တွင် ဝန်ခံခိုင်းရသည်။ ထိုဝန်ခံခြင်းသည်ပင် အပြစ်ကျူးလွန်သူအတွက် အပြစ်ပေးခြင်းတစ်မျိုးဖြစ်သည်။ ဥပုသ်ပြုပွဲတွင် ပါဝင်သော သံဃာများရှေ့တွင် အပြစ်ကို ဝန်ခံခြင်းမှာ အလွန်ရှက်စရာကောင်းသော အရာဖြစ်သောကြောင့်တည်း။ ထို့နောက် သံဃာက နောက်နောင်ထပ်ပြီး အပြစ်မကျူးလွန်ဘို့ရန် သတိပေးရသည်။ သို့မှသာ သံဃာစင်ကြယ်မှု အရှည်ခံ၍ တည်တံ့မည်ဖြစ်သည်ဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံက ပါတိမောက္ခထပနက္ခန္ဓကကို ရှိသေလေးစားလျက် အာပတ်နှင့်တကွ ဥပုသ်မပြုကောင်းဟူသော စကားတော်ကို အလေး အမြတ်ပြု၍ သိမ်ထဲမဝင်မီ တစ်နေရာသို့သွားကာ နှစ်ပါးတည်း တိုးတိုး တိတ်တိတ် ဒေသနာကြားမှုကို လိုက်နာရန် သင်ကြားပေးထားသည်။ ယနေ့အထိ ထိုဓလေ့ကို လိုက်နာကျင့်သုံးလျက် ရှိသည်။ ထိုဓလေ့ကို သီရိလင်္ကာနိုင်ငံက ဘုရား၏ရည်ရွယ်ချက်ကို ဖျက်ဆီးသောဓလေ့ဟု သုံးသပ်သည်။ အများရှေ့ဝန်ခံမှု(ဒေသနာကြားမှု)ရှက်ပြီး နောင် ကျူးလွန်မှုများ မလုပ်ရေးသည် ဘုရား၏ ရည်ရွယ်ချက်ဟု သီရိလင်္ကာ က လက်ခံသည်။ ဤကား ဝိနည်းနှင့်ပတ်သက်၍ သီရိလင်္ကာနှင့် မြန်မာတို့၏ သင်ကြားပုံစနစ်ကို နှိုင်းယှဉ်လေ့လာတင်ပြခြင်း ဖြစ်ပါ သည်။

သုတ္တန်နှင့်ပတ်သက်၍ သင်ကြားပုံစနစ်မတူပုံကို ဆက်လက် တင်ပြပါမည်။ ဗုဒ္ဓဝင်ကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ တက္ကသိုလ် ၌ သင်ကြားပေးသည်-

ဘုရားကို မွေးဖွားယူ၍မရ၊ ကျင့်ယူမှရသည်။ ကျွန်ုပ်တို့သည် အတိတ်ဘုရားများ ရှိခဲ့ဘူးသည်ကိုလည်းကောင်း၊ အနာဂတ်ဘုရားများ ရှိမှာကိုလည်းကောင်း မယုံကြည်ပါ။ ကျွန်ုပ်တို့ ယုံကြည်မှုမှာ သမိုင်းဝင် ဂေါတမဗုဒ္ဓကိုသာ ဖြစ်ပါသည်။ ကျန်အခြားဘုရားအားလုံးသည် ဒဏ္ဍာရီဘုရားများသာ ဖြစ်သည်။

ဂေါတမဗုဒ္ဓ၏ ဓလေ့ထုံးထမ်းလာပုံပြင်မှာ ဤအယူအဆကို အထောက်အပံ့ပြုသော အထောက်အထားအချို့ရှိသည်။ အတိတ်ဘုရား

အားလုံးသည်လည်း အိန္ဒိယမှာ ပွင့်တော်မူသည်။ အနာဂတ်ဘုရား အားလုံးသည်လည်း အိန္ဒိယမှာပင် ပွင့်မည်ဟု အဆိုရှိသည်။ ထို့ကြောင့် အိန္ဒိယကို "ဘုရားမြေ"ဟု ခေါ်သည်။ ဒါဟာ အလွန်ရယ်စရာ ကောင်းပါသည်။ ဒီစကား၏ နောက်ကွယ်မှ အမှန်တရားက သမိုင်းဝင် ဂေါတမဗုဒ္ဓသာ အိန္ဒိယ မွေးဖွားပါသည်။ ဤအရာက အတိတ်ဘုရား အားလုံးနှင့် အနာဂတ်ဘုရားအားလုံးတို့၏ အိန္ဒိယထုတ်ကုန်များဖြစ်သည် ဟူသော အယူအဆကို စိတ်မှာစွဲစေသည်။ အနာဂတ်ဘုရားမှာ အဓိပ္ပါယ် မရှိပေ။ အနာဂတ်ဘုရားကရော (၅)ခုမြောက်သစ္စာကို ရှာဖွေမှာလား၊ ဂေါတမဗုဒ္ဓကရော သစ္စာအားလုံးကို (၄)ပါးလုံးကို ရှာမတွေ့ခဲ့လို့လား၊ အဓိကအားဖြင့် သစ္စာ(၄)ပါးနှင့် မလုံလောက်လို့လား၊ အခြားဘုရားများ ပွင့်တော်မူရန် အခန်းကဏ္ဍပေးခြင်းဖြင့် ဂေါတမဗုဒ္ဓ၏ အမည်အားလုံး ကို လူမျိုးနွယ်သမိုင်းမှာ မေ့ပစ်တော့မလို့လား။?

ဗုဒ္ဓဝါဒသည် ရဟန်း(၅)ပါးဖြင့်သာ စခဲ့သည်။ ဘုရားရှင် သည် ဗာရာဏသီတွင် မိဂဒါဝုန်၌ ရဟန်း(၅)ဦးကို တရားဟောခဲ့ သည်။ ယခုအခါ ဗုဒ္ဓဘာသာဝင်ဦးရေ သန်း(၅၀၀)ကျော် ရှိလာသည်။ နေ့စဉ်လည်း ဗုဒ္ဓတရားတော်များ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေသည်။ ဆိုလိုရင်းမှာ လူသားမျိုးနွယ်ရှိနေသမျှ ဘုရားအမည်ကော်ကို မေ့ကြ လိမ့်မည်မဟုတ်။ လူသားအဖွဲ့အစည်းမှာ ဘုရား၏အမည်တော်ကို ထာဝစဉ် သတိရနေလိမ့်မည်သာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အနာဂတ်ဘုရား မတွေ့ယျရယ်လို့ ဘာကြောင့်လာလိမ့်မည်ဆိုတာ နားမလည်နိုင်ပါ။ လူ့အဖွဲ့အစည်းက ဂေါတမဗုဒ္ဓဟောကြားသော

တရားကို လိုက်နာနိုင်ခဲ့လျှင် ထိုတရားတော်သည် နိဗ္ဗာန်ရောက်ရန် လူ့အဖွဲ့အစည်းအတွက် လုံလောက်ပါလိမ့်မည်။ သို့သော် မေတ္တေယျဘုရားရှင်သည် လောလောဆယ်ရှိနေသော လူ့အဖွဲ့အစည်း လူမျိုးနွယ်တို့နှင့် ဘာမျှ မပတ်သက်ပါ။ ဤလူမျိုးနွယ်များ ကမ္ဘာပေါ်မှ လုံး၀ပျောက်ကွယ်သွားခဲ့ပြီး အခြားလူမျိုးနွယ်များ ပေါ်ပေါက်လာခဲ့လျှင် မေတ္တေယျဘုရားရှင် လိုအပ်ပါသည်။ သိပ္ပံပညာရှင်များ အပြောက လက်ရှိလူမျိုးနွယ် လွန်ခဲ့သောနှစ်(၆)သန်းက စတင်ပေါ်ပေါက်ခဲ့ပြီး၊ နောင်လည်း အကြာကြီးတည်ရှိနေလိမ့်ဦးမည်ဟူ၍ဖြစ်၏။ ထို့ကြောင့် ဂေါတမဗုဒ္ဓ၏ အမည်မှာ လူသားမျိုးနွယ်များ ရှိနေသမျှကာလပတ်လုံး ရှိနေပါလိမ့်မည်။

ဂေါတမဗုဒ္ဓသည် အိန္ဒိယမှာဖွားပြီး အိန္ဒိယမှာ ကြီးပြင်းခဲ့သည်။ တကယ်စစ်မှန်သော အရည်အသွေးရှိသူ ဖြစ်ပါသည်။ နောက်လိုက်တပည့်များကလည်း ဤပုံစံထက် ပို၍မြင်ချင်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၀င်များသည် အတိတ်မှာလည်း ပို၍ရှိခဲ့ဖူးကြောင်း၊ အနာဂတ်မှာလည်း ပို၍ ရှိလိမ့်မည်ဖြစ်ကြောင်း တွေးခဲ့ကြသည်။ သူတို့က ဘုရားတစ်ဆူတည်း ရှိမှာကို မကျေနပ်နိုင်ကြပါ။ ဘုရားအများအပြားကို ဖန်တီးခဲ့ကြပါသည်။ သမိုင်းနှင့် လူ့အဖွဲ့အစည်းက ဘုရားတစ်ဆူတည်းကိုသာ ဖန်တီးခဲ့ပါသည်။ မဟာ၀ဂ်တွင် ဘုရားရှင်က ''ဧကော် တိသမ္မာသမ္ဗုဒ္ဓေါ''ဟု ဟောခဲ့သည်။ ''ငါသည် လောကတွင် တစ်ဆူတည်းသာ ဖြစ်၏''ဟူ၏။

ပါဠိတော်ဖြစ်ပေါ်လာမှုမှာ အဆင့်အမျိုးမျိုးရှိသည်။ ပါဠိတော်များ၏ အစောပိုင်းအဆင့်များတွင် ဘုရားတစ်ဆူတည်းသာ ရှိသည်ဟုပြောခဲ့သည်။ ဒုတိယအဆင့်တွင် အတိတ်ဘုရားများ (၆)ဆူကျော်ဖြစ်လာသည်။ ထို့နောက် ကျွန်ုပ်တို့၏ဘုရားသည် (၇)ဆူမြောက်ဖြစ်၏။ ထို့ကြောင့် ဣသိ သတ္တမော ဟူသော စာပိုဒ်ကို အသုံးပြုခဲ့သည်။ သို့သော် တတိယအဆင့်တွင် ဘုရားအရေအတွက်(၂၄)ဆူမှ (၂၈)ဆူအထိ တိုးတက်ခဲ့ပါသည်။ ဤ(၂၄)ဆူ (၂၈)ဆူကို ခုဒ္ဒကနိကာယ် ဗုဒ္ဓဝံသတွင် တွေ့ရှိရပါသည်။ အတိတ်ဘုရား(၂၈)ဆူ ရှိလာသောအခါ ကျွန်ုပ်တို့ဘုရားဂေါတမသည် (၇)ဆူမြောက်ဘုရား မဖြစ်နိုင်ပါ။ သို့သော် အမှန်တရားသည် ဘာမှန်းမသိရဘဲ ဤအတွေးအခေါ်တိုးတက်လာခဲ့သည်။ ဘုရားအရေအတွက် (၂၄)သို့မဟုတ်(၂၈)အထိ တိုးတက်လာသောအခါတောင်မှ ကျွန်ုပ်တို့၏ ဘုရားကို ဣသိ သတ္တမောဟု ပြောတုန်းပင်ဖြစ်သည်။ ထို့ကြောင့် ကွဲလွဲမှု ရှိလာသည်။ အကြောင်းကား (၂၈)ဆူသော ရှေးဘုရားများ ရှိနေသောကြောင့် ကျွန်ုပ်တို့၏ ဘုရားကို (၇)ဆူမြောက်ဘုရားဟု မခေါ်နိုင်တော့ပေ။ ပါဠိတော်မှာ ဘုရားတိုးတက်ဖွံ့ဖြိုးလာမှုသည် အဆင့်(၄)အထိသာ ရှိသည်။ အပါဒါန်ပါဠိတော်တွင် ဘုရား(၃၅)ဆူ ပြထားသည်။ နောက်ဆုံးတွင် ဘုရားများ ဂင်္ဂါဝါဠု သဲစုမက ဖြစ်လာသည်။ ဤအရာသည် မဟာယာနများ၏ အတွေးအခေါ် မဟုတ်သေးပါ။ ဘုရားများပြားလာမှုစနစ်ကို ထေရဝါဒက တင်သွင်းလာခြင်း ဖြစ်ပါသည်။ ဤဘုရားအားလုံးသည် ခလေ့ထုံးတမ်းအဆိုအရ အိန္ဒိယမှာ ပွင့်တော်မူခဲ့သည်။

အမှန်တကယ်တော့ ကျွန်ုပ်တို့ဘုရားရှင်သာ သမိုင်းဝင်အားဖြင့် အိန္ဒိယမှာ ပွင့်တော်မူခဲ့သည်။ သူတို့က သမိုင်းဝင်ဘုရားတစ်ဆူကို ဒဏ္ဍာရီဘုရား အများအပြားအထိ တိုးချဲ့ပစ်ခဲ့သည်။

ဂေါတမဘုရားသည် ဤသီးသန့် လူ့အဖွဲ့အစည်းနှင့် သီးသန့်ခေတ်မှ ဘယ်လိုပွင့်ခဲ့တယ်၊ ဘာကြောင့် ပွင့်ရတယ်ဆိုတာ နားလည်ဖို့ရန် (၆)ရာစု အိန္ဒိယလူ့အဖွဲ့အစည်းကို နားလည်ရပါမည်။ ဤမှာ ရှင်းပြသင့်သောအရာ (၂)ခုရှိသည်-

၁။ ဓလေ့ထုံးတမ်းကို လိုက်နာသော စာပေပညာရှင်များ ပြောတာက ကျွန်ုပ်တို့ဘုရားသည် ဤလူ့လောကသို့ မလာမီ တုသိတာနတ်ပြည်တွင် နေထိုင်စဉ်က ကြည့်ခြင်းကြီး(၅)မျိုးကို ကြည့်ခဲ့သည်ဟူသော အဆိုဖြစ်သည်။ ကြည့်ခြင်းကြီး(၅)မျိုးတို့မှာ-

(က) ကာလ - အချိန်

(ခ) ဒီပ - နိုင်ငံ

(ဂ) ဒေသ - ဧရိယာ(area)

(ဃ) ကုလ - မျိုးနွယ်(ဇာတ်)နှင့်

(င) ဇနနီအာယုနိ - မယ်တော်၏ အသက်အပိုင်းအခြားတို့ဖြစ်သည်။

၂။ ထိုအချိန်၌ တရုတ်လို၊ ဂရိလို ကမ္ဘာ၏ အခြားဒေသများ၌ ယဉ်ကျေးမှုများ တိုးတက်လာခဲ့သည်။ သိဒ္ဓတ္ထမင်းသားသည် အိန္ဒိယမှာ ကြွေကြာခဲ့သလို ဂရိမှာ ကြွေကြ-

ခဲ့လျှင် အာဏာပိုင်(ဘုရင်)များက အဆိပ်ကျွေးသတ်ပစ်ပါလိမ့်မည်။ သိဒ္ဓတ္ထမင်းသား တရုတ်ပြည်မှာ မွေးခဲ့လျှင် တရုတ်ဧကရာဇ်က ပြည်နှင်ဒဏ်ခတ်ပါလိမ့်မည်။ အကြောင်းကား အစိုးရကို အပြင်းအထန် ဝေဖန်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် အချိန်နှင့် တိုင်းပြည် (ကာလနှင့်ဒေသ)တို့သည် သိပ်အရေးကြီးပါသည်။ အတွေးအခေါ်နှင့် အပြောအဟော လွတ်လပ်မှုကို အနည်းငယ် အနှောက်အယှက်ရှိသော နေရာမှာ ဘုရားမပွင့်နိုင်ပါ။ အတွေးအခေါ်နှင့် အဟောအပြော လွတ်လပ်မှုတို့သည် ဘီစီ(၆)ရာစုအတွင်း၌ အိန္ဒိယ၏ အဓိကကျသော ထူးခြားမှုကြီး(၂)ခု ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ထိုအချိန်က တွေးခေါ်ရှင်များကိုလည်း စဉ်းစားသည်၊ နိုင်ငံတော်က လူထုကို ပေးသော အကူအညီ အထောက်အပံ့များကိုလည်း စဉ်းစားသည်။ ဘုရင်များသည် လူ့ဘောင်လူ့အဖွဲ့အစည်းရှိ လူအမျိုးမျိုးတို့အတွက် စကားရည်လုပွဲများ စီစဉ်ပေးသည်။ ဘုရင်များက စည်းဝေးပွဲခန်းမကြီးများ တည်ဆောက်ပေးသည်။ အတွေးအခေါ်ပညာရှင်ကြီးများကိုလည်း ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ တစ်မိုးထဲအောက်တွင် အမျိုးမျိုးသော အတွေးအခေါ်များ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည်။ ဘာသာရေး သီးခံမှုသည်လည်း ဘီစီ(၆)ရာစုတွင် အိန္ဒိယ၌ ပြောစမှတ်ဖြစ်လောက်အောင် အလွန်ထူးခြားသည့်အရာ ဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်ခုလုံးတွင် အိန္ဒိယလို ပြောရမည့် အခြားနေရာ မရှိပါ။

ထို့ကြောင့် အတွေးအခေါ် အပြည့်အဝ လွတ်လပ်မှုနှင့် အပြောအဟော အပြည့်အဝ လွတ်လပ်မှု ရနိုင်ရာအခါမှသာ ဘုရားပွင့်နိုင်ပါသည်။ အပြောအဟော အတွေးအခေါ်များနှင့်ပတ်သက်ပြီး ဝင်ရောက်နှောက်ယှက်မှုမရှိသော လူ့အဖွဲ့အစည်းက ဘုရားကို ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ အခြားနိုင်ငံများ၌ ဘုရားမပွင့်နိုင်ခြင်းမှာ အားလုံးမလွတ်လပ်မှုကြောင့် ဖြစ်သည်။ ဤအချိန်သည် အိန္ဒိယ၌ ကုန်လွန်သွားခဲ့ပြီဖြစ်၏။ အိန္ဒိယ၌ နောက်ထပ် ဤလိုအချိန်ရှိတော့လိမ့်မည်မဟုတ်၊ ထို့ကြောင့် အနာဂတ်ဘုရားဆိုတာ ရှိနိုင်တော့မည်မဟုတ်ပါ။

၂။ ဟာရပ္ပမှ စတင်ခဲ့သော အိန္ဒိယ၏ သမိုင်းရှည်ကြီးတစ်လျှောက်အတွင်း နိုင်ငံရေးတည်ငြိမ်မှုသည်လည်း အိန္ဒိယအတွက် သိသာထင်ရှားသောအရာ ဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်မှုသည် အိန္ဒိယ၌ ဘီစီ(၆)ရာစုတွင် ပထမဆုံးအကြိမ် ပေါ်ပေါက်ခဲ့သည်။ ဤအချက်ကြောင့် မဟာရာဇာများ ပေါ်ပေါက်ခဲ့သည်။ မဂဓနှင့် ကောသလဟု အင်ပါယာကြီး(၂)ခု ထွက်ပေါ်လာသည်။ နိုင်ငံရေးတည်ငြိမ်မှုသည် အခြားအရာအားလုံးအတွက် မရှိမဖြစ်လိုအပ်သည်။ ဤအကြိမ်သည် အိန္ဒိယ၌ တွေ့ကြုံခဲ့ရသမျှ နိုင်ငံရေးတည်ငြိမ်မှုများတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ ဤလူ့အဖွဲ့အစည်းသည် အတွေးအခေါ်လွတ်လပ်မှုနှင့် အမြင့်ဆုံးအဆင့်ထိ ရောက်နေသော ဟောပြောမှု လွတ်လပ်ခွင့်များရှိသော လူ့အဖွဲ့အစည်း

အသစ်ဖြစ်သည်။ ယဉ်ကျေးမှုကိုလည်း နိုင်ငံတော်က အထောက်အပံ့ပေးနေသော ဘာသာရေးကိုလည်း အကြီးအကျယ် အကူအညီပေးနေသော လူ့အဖွဲ့အစည်းအသစ်လည်း ဖြစ်ပါသည်။ ထိုအချိန်၌ ဤအရာမျိုးသည် အိန္ဒိယ၌သာ ရှိပါသည်။ ထိုအချိန်၌ အခြားနိုင်ငံများတွင် မရှိနိုင်ပါဟု သင်ကြားပေးသည်။

မြန်မာနိုင်ငံက ကြည့်ခြင်းကြီး (၅)ပါးကို ဤသို့ ဟောပြောပြသ သင်ကြားပေးသည်။ ကာလ-ဟူသည် ဘုရားပွင့်နိုင်သည့်အချိန် ဖြစ်သည်။ လူတို့၏ သက်တမ်းဖြင့် ပိုင်းခြားသည်။ လူတို့၏ သက်တမ်းတစ်သိန်းတမ်း အထက်သည် အနိစ္စ, ဒုက္ခ, အနတ္တတို့ မထင်ရှားနိုင်သောကြောင့်လည်းကောင်း၊ တစ်ရာအောက်သည်လည်း ကိလေသာများ ထူပြော၍ ဘုရားအဆုံးအမသည် ရေပြင်၌ တုတ်ချောင်းဖြင့် ရေးသားအပ်သော အရေးအသားပမာ ရှည်လျားကြာမြင့်စွာ မတည်တံ့ဘဲ လျှင်မြန်စွာ ပျောက်ကွယ်ရသောကြောင့်လည်းကောင်း ဘုရားပွင့်နိုင်သောအချိန်အခါမဟုတ်ပါ။ တစ်သိန်းတမ်းနှင့် တစ်ရာတမ်း အတွင်း၌သာ ဘုရားပွင့်နိုင်သည့်ကာလ ဖြစ်သည်ဟု သင်ကြားပေးသည်။

ဒီပ-ကို ကျွန်းဟုယူဆသည်။ ကျွန်းငယ်(၅၀၀)စီ အခြံအရံရှိသော ကျွန်းကြီး(၄)ကျွန်းတို့အနက် ဇမ္ဗူဒီပါ ပြေပင်ပေါက်ရောက်ရာ

ဇမ္ဗူဒိပ်ကျွန်းကြီး၌သာ ရှေးဘုရားရှင်တို့ ပွင့်တော်မူမြဲဖြစ်၍ ဘုရားပွင့်ရာကျွန်းကို ဇမ္ဗူဒိပ်ကျွန်းဟု ဟောပြောပြသပေးသည်။

ဒေသကို အရပ်ဒေသဟု ယူဆသည်။ ဒေသဟူသည်မှာ ယူဇနာပေါင်း တစ်သောင်းကျယ်ဝန်းသော ဇမ္ဗူဒိပ်ကျွန်းကြီးတွင် ရှေးဘုရားတို့ ပွင့်တော်မူရာ မဇ္ဈိမဒေသဖြစ်သည်။ မဇ္ဈိမဒေသ ဆိုသည်မှာ အရှေ့လားသော် ဇင်္ဂလနိဂုံး၏ အရှေ့ဘက် အင်ကြင်းပင်ကြီး၊ အရှေ့တောင်လားသော် သလ္လဝတီမြစ်၊ တောင်လားသော် သေတကဏ္ဏိကမည်သောနိဂုံး၊ အနောက်လားသော် ထုဏမည်သော ပုဏ္ဏားရွာ၊ မြောက်လားသော် ဥသိရဒ္ဓဇတောင်၊ ဤအတွင်းသည် မဇ္ဈိမဒေသမည်၏။ မဇ္ဈိမဒေသသည် ဘုရားပွင့်ရာဒေသ ဖြစ်သည်ဟု သင်ကြားပေးသည်။

ကုလကို ဘုရားပွင့်နိုင်ရာလူမျိုးကို ဆိုလိုသည်။ လူမျိုးတို့သည် ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿနှင့် သုဒ္ဒဟု (၄)မျိုးရှိရာ ခတ္တိယမျိုးမှာဖြစ်စေ၊ ဗြာဟ္မဏမျိုးမှာဖြစ်စေ ပွင့်နိုင်ပြီး ကျန်(၂)မျိုး၌ မပွင့်နိုင်၊ ထို့ကြောင့် ခတ္တိယနှင့်ဗြာဟ္မဏ(၂)မျိုးကို ကုလ-ဟု သင်ကြားပေးသည်။

မာတုအာယုပရိစ္ဆေဒကို မယ်တော်၏ အသက်အပိုင်းအခြားကို ဆိုလိုသည်။ မယ်တော်၏ အသက်သည်(၁၀)လနှင့် (၇)ရက်သာ ကြွင်းကျန်ရမည်။ ပဋိသန္ဓေနေ၍ (၁၀)လနှင့်ဖွားတော်မူပြီးနောက် (၇)ရက်သာ ကြွင်းကျန်ရမည်။ ပဋိသန္ဓေနေ၍ (၁၀)လနှင့် ဖွားတော်မူပြီးနောက် (၇)ရက်ဖြစ်သည်။ ဤ(၁၀)လနှင့် (၇)ရက်ကို မယ်တော်၏

အာယုပရိစ္ဆေဒ-ဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး သင်ကြားပြသပေးသည်။

စက္ကဝတ္တိသုတ်လာ စကြဝတေးအဓိပ္ပါယ်ကိုလည်း သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံနှင့်မတူ ကွဲပြားစွာ သင်ကြားပေးသည်။ သင်ကြားပေးပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ အစဉ်အလာကတော့ "စကြာမင်းကို ကမ္ဘာကိုအုပ်စိုးသောမင်း(Universal monarch or world Ruler)ဟု ဆိုထားသည်။ သို့သော် စကြာမင်းကို စကြာဘီးကိုလည်စေနိုင်သောမင်း(the wheel rolling monarch)ဟု ဘာသာပြန်သင့်သည်။

အမှန်တကယ်မှာ ဘုရားလက်ထက်တွင် အိန္ဒိယ၏ နိုင်ငံရေးအခြေအနေက စိုးရိမ်စရာဖြစ်၏။ ဘုရင့်နိုင်ငံအများစုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်သာတိုက်နေကြသည်။ ထို့ကြောင့် ဘုရားရှင်က အိန္ဒိယတစ်နိုင်ငံလုံးကို ဘုရင်တစ်ဦးတည်းကသာ ငြိမ်းငြိမ်းချမ်းချမ်းအေးအေးဆေးဆေးနှင့် အုပ်ချုပ်နိုင်မှသာကောင်းမှာ-ဟု စဉ်းစားခဲ့သည်။

အမှန်တကယ်တော့ ဘုရားရှင်က "စကြာမင်း"အတွေးအခေါ်ကို တိုးတက်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်သည်။ ဤစကြာမင်းကို အိန္ဒိယစာပေတွင် မည်သည့်နေရာမှာမှ ရှာမတွေ့ရပါ။ ဤလိုနှင့် စကြာမင်းဆိုတဲ့အတွေးအခေါ်သည် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်လိုတဲ့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့ ဘုရင်အားလုံးအတွက် "စံပြ"ဘုရင်ဖြစ်လာပါသည်။

သုတ်အဆိုအရကတော့ စကြာမင်းသည် သမုဒ္ဒရာဖြင့် ပိုင်းခြားထားသော ဤမြေ၏ အရပ်လေးမျက်နှာကို လွှမ်းမိုးအုပ်ချုပ်သည်။

ပိုင်စိုးသည်ဟု ဖြစ်ပါသည်။ (စတုရန္တော ဝိဇိတာပိ ဣမံ ပထဝိံ) ဤမြေဆိုသည်မှာ အိန္ဒိယမှအပ အခြားမြေမဖြစ်နိုင်ပါ။ အကြောင်းမှာ-

(၁) စကြာမင်းဆိုသည်မှာ ဇမ္ဗူဒိပ်မင်းပဲဟု မဇ္ဈိမနိကာယ် သုတ္တနိပါတပါဠိသီလ(သေလ)သုတ်၌ ဆိုထားတာ တစ်ကြောင်း၊

(၂) စကြာမင်းသည် အိန္ဒိယရှိ ဇမ္ဗူဒိပ်မြေကို လွှမ်းမိုးအုပ်ချုပ်ရန် ပေါ်လာတာဟု ဒီဃနိကာယ်လက္ခဏာသုတ်၌ ဆိုထားတာက တစ်ကြောင်း၊

(၃) "စကြာမင်း"နိုင်ငံတွင် ဘုရင့်နိုင်ငံ (၂)မျိုးရှိသည်ဟု ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဌပါဠိတော် "နိဓိကဏ္ဍ" သုတ်၌ ဆိုထားတာကတစ်ကြောင်း၊ ထိုဘုရင့်နိုင်ငံ(၂)မျိုးမှာ ပြည်နယ်ဘုရင့်နိုင်ငံနှင့် စကြာမင်းနိုင်ငံတို့ ဖြစ်သည်။ ဤ(၂)မျိုး၏ ဆိုလိုရင်းကတော့ ပြည်နယ်အစိုးရနှင့် ဗဟိုအစိုးရတို့ဖြစ်သည်။ ဤအုပ်ချုပ်ရေး (၂)မျိုးကို အိန္ဒိယတွင် ယနေ့တွေ့ရှိရသည်က တစ်ကြောင်း၊

(၄) ဣမံ ပထဝိံ ဟူသောစကားကို မြောက်ပိုင်းက ကျယ်ပြန့်ပြီး တောင်ပိုင်းက ကျဉ်းသည်ဟု ဒီဃနိကာယ် မဟာဂေါဝိန္ဒသုတ်၌ သရုပ်ဖော်ထားပါသည်။ ဤသရုပ်ဖော်ပြပြီး ဆိုထားသော အဆိုသည် လက်ရှိအိန္ဒိယနိုင်ငံနှင့် အတိအကျ တူနေတာကတစ်ကြောင်းတို့ကြောင့် ဖြစ်ပါ

သည်။ (ဣမံ မဟာပထဝိံ ဥတ္တရေန အာယတံ၊
ဒက္ခိဏေန သကဋမုခံ)

မဟာဂေါဝိန္ဒသုတ်၌ ပုံပြင်လေးတစ်ခုပါသည်။ ထိုပုံပြင်တွင် ဤမြေ(ဣမံ ပထဝိံ)ကို ကာလိင်္ဂ၊ ကောသလ၊ အဝန္တိ စသည်ဖြင့် ဘုရင့်နိုင်ငံ (၇)နိုင်ငံအဖြစ် ခွဲပြထားပါသည်။ ဤ(၇)နိုင်ငံလုံး အိန္ဒိယ၌ ရှိပါသည်။ ထို့ကြောင့် ဤမင်းသည် ကမ္ဘာကိုအုပ်စိုးသောမင်း မဟုတ်၊ အိန္ဒိယတစ်နိုင်ငံလုံးကို အုပ်စိုးသောမင်းသာ ဖြစ်ပါသည်ဟု သင်ကြားပေးပါသည်။

မြန်မာနိုင်ငံက စကြာမင်းကို အိန္ဒိယတစ်နိုင်ငံလုံးကို အစိုးရသောမင်း အင်ပါယာ ဧကရာဇ်မင်းဟု မယူဆပါ။ တစ်ကမ္ဘာလုံးကို အစိုးရသောမင်း(universal monarch)ဟုသာ ယူဆပြီး ထိုအယူအဆအရသာ သင်ကြားပေးပါသည်။

သီရိလင်္ကာနိုင်ငံ၌ အဘိဓမ္မာပိဋကကိုကား အလေးအနက်ထား၍ မသင်ကြားတော့ပါ။ အကြောင်းကား သီရိလင်္ကာနိုင်ငံသည် အင်္ဂလိပ်ဘာသာပြန်များကို အခြေခံထား၍ သင်ကြားပေးသော စနစ်ဖြစ်ပြီး အနောက်နိုင်ငံသားများကလည်း အဘိဓမ္မာကို အလေးမထားသလို သီရိလင်္ကာနိုင်ငံကလည်း အလေးမထားကြသောကြောင့် ဖြစ်ပါသည်။ သို့သော် သုတ္တန်ပါဠိတော်များတွင် ပါဝင်သော အဘိဓမ္မာသဘောတရားတစ်ချို့ကိုကား ဟိုတစ်စ သည်တစ်စ ယူ၍ သင်ကြားပေးကြပါသေးသည်။ ဥပမာ-

(၁) လက္ခဏာယဉ်(၃)ပါး

(၂) သစ္စာလေးပါး
(၃) စိတ်ကိုဝေဘန်ဆန်းစစ်သောအနေအထား
(၄) ပဋိစ္စသမုပ္ပါဒ်
(၅) ကမ္မဝါဒ
(၆) အနတ္တ
(၇) နိဗ္ဗာန
(၈) ဟာဒယဝတ္ထု
(၉) မဂ္ဂင်(၈)ပါး စသည်တို့ဖြစ်ပါသည်။ အဘိဓမ္မာတွင် ပါဝင်သော ထိုသဘောတရားများကိုကား သုတ္တန်ပါဠိတော်များကို ကိုးကား၍ ရှင်းပြပေးပါသည်။ သီရိလင်္ကာနိုင်ငံသည် အနောက်နိုင်ငံများကဲ့သို့ အဘိဓမ္မာကို သုတ္တန်၏ အဖွင့် အဋ္ဌကထာ သို့မဟုတ် သုတ္တန်၏ အကျယ်ဟု လက်ခံထားပါသည်။

သီရိလင်္ကာနိုင်ငံက အဘိဓမ္မာဘာသာရပ်သင်ကြားပုံကို နမူနာပုံစံတစ်ခုထုတ်၍ ဤနေရာ၌ တင်ပြပါဦးမည်။

## "ကုသလနှင့်ပုညမတူညီမှု"

အကုသလနှင့်ပါပတို့ကား တူညီကြ၏။ သို့သော် ကုသလနှင့် ပုညတို့ကား အနည်းငယ်ကွဲပြားမှု ရှိကြ၏။ ပုည၏အဓိပ္ပါယ်မှာ ကုသိုလ် (Merit or Meritorious deed)ဖြစ်သည်။ ဤအမည်သည် ကမ္မအားဖြင့် ကုသိုလ်ရေးလုပ်ငန်းအတွက် ထင်ရှားသော ဝေါဟာရတစ်ခုဖြစ်သည်။ ဆန့်ကျင်ဘက် ဝေါဟာရတစ်ခုမှာ "ပါပ"ဖြစ်ပါသည်။

ဗုဒ္ဓဝါဒအရ ပုညနှင့်ပါပ နှစ်မျိုးလုံးသည် အဝိဇ္ဇာကြောင့် ဖြစ်ရသည်။ ကိုယ်ကျိုးငဲ့ပြီး ပုည သို့မဟုတ် ပါပ တစ်ခုခုကို လုပ်သောကြောင့် ဖြစ်ရသည်။ ကျော်ကြားမှု ဖြစ်လာရန် ကောင်းသောအလုပ်ကို လုပ်သည်။ အတိုးရရန်ဘဏ်မှာ ငွေအပ်ထားသလို နောက်ဘဝ၌ အကျိုးများများ ရရှိရန် ဤဘဝမှာ တစ်စုံတရာကို လှူဒါန်းသည်။ ဤတွင် အတ္တစွမ်းအား ပါလာသည်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၏ ဆိုလိုရင်းမှာ စေတနာနှင့်လုပ်သော အလုပ်မှန်သမျှ အဝိဇ္ဇာကြောင့် ဖြစ်ရသည်ဟု ဖြစ်ပါသည်။ ဤ၌ ပုညနှင့်ပါပမှာ သံသရာဖြစ်စဉ်တွင် အမြဲတည်စေပါသည်။ ပုညကို ပြုသူသည် နတ်ပြည်တွင် ဖြစ်လိမ့်မည်။ ပါပကိုပြုသူသည် ငရဲတွင် ဖြစ်လိမ့်မည်။ ထို့ကြောင့် ဘုရားရှင်က ပုညကို နည်းနည်းလေးမှ မလိုချင်-ဟု ဟောထားပါသည်။ တကယ်တမ်းပြောရလျှင် ပုညနှင့် ပါပတို့သည် ဘုရားလိုချင်သောအရာ မဟုတ်ပါ။ ပုညနှင့်ပါပတို့သည် ဘုရားပွင့်ပွင့် မပွင့်ပွင့် သံသရာတစ်လျှောက် အချိန်တိုင်း ရှိနေပါသည်။ ပုညပဲခေါ်ခေါ် ပါပပဲခေါ်ခေါ် တစ်သံသရာလုံး ရှိနေပါသည်။

ကုသလသည် ကိုယ်ကျင့်တရားအားဖြင့် ကောင်းမွန်သော အလုပ်တစ်ခုဖြစ်ပါသည်။ ကိုယ်ကျိုးအတွက်ဆိုလျှင် မည်သည့် ပုံသဏ္ဌာန်မျိုးကပဲဖြစ်ဖြစ် မဖြစ်စေသောတရားပါ။ ကိုယ်ကျိုးမဖက်သောတရားဖြစ်ပါသည်။ စစ်မှန်သော ကုသိုလ်ကို ဘုရားလို ရဟန္တာလို သူတော်စင်များကသာ ပြုနိုင်ပါသည်။ နိဗ္ဗာန်သည် အကောင်းအဆိုး လွန်သော တရား သို့မဟုတ် အကောင်းအဆိုး၏ ဟိုဘက် ဟိုအဝေး၌ ရောက်နေ

သောတရားဟုပြောလျှင် မှားသည်ဟု ပြောခြင်းမှာ ဒါကြောင့် ဖြစ်ပါသည်။ နိဗ္ဗာန်သည် အမြင့်ဆုံးကုသိုလ် ဖြစ်ပါသည်။ ပရမ ကုသလ-ဟုခေါ်သည်။ ကျင့်ဝတ်အားဖြင့် (ethi cally)အကောင်းဆုံး အမြင့်ဆုံး အကောင်းတရားဖြစ်သည်။ အကြောင်းကြား-မဂ္ဂင်(၈)ပါး သည် အတ္တမရှိသော လမ်းစဉ်တစ်ခုဖြစ်သောကြောင့်တည်း။ ထို့ကြောင့် နိဗ္ဗာန်သည် ကုသိုလ်ကို ကျော်လွန်သောတရားတစ်ခု မဟုတ်ပါ။ သို့သော် အမြင့်ဆုံးအကောင်းတရားတစ်ခု ဖြစ်ပါသည်။ သူတော်စင်များလုပ်သော အလုပ်အားလုံးသည် ကုသလဖြစ်ပါသည်။ အကြောင်းကား ကုသလများသည် အတ္တဟူသော အမြင်မှောက်မှားမှုကို ဖျက်ဆီးပစ်သောကြောင့် ဖြစ်ပါသည်။ ဤကား အဘိဓမ္မာနှင့်ပတ်သက်၍ သီရိလင်္ကာနိုင်ငံက သင်ကြားပေးသော သင်ကြားရေးစနစ်များထဲမှ အနည်းငယ်မျှသော သင်ကြားမှုစနစ်ကို တင်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံက အဘိဓမ္မာသင်ကြားခြင်းကို အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကို အမာခံထား၍ အဘိဓမ္မာ အဋ္ဌကထာကြီးများနှင့် ဋီကာကြီးများကို ကိုး၍ သင်ကြားပေးပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ အကုသလနှင့် ပါပတူကြောင်းကို ပါပါဟေတုကမုတ္တာနိ အကုသလ ကိုယ်စား ပါပ-ဟုဆိုထားသောကြောင့်လည်းကောင်း၊ ကုသလနှင့် ပုည တူညီကြောင်းကို စတုဓာကုသလံ တထာဟုလည်းကောင်း၊ သတ္တတိံသ ဝိဓံ ပုညံ ဟုလည်းကောင်း ဆိုထားပါသည်။ ဤသို့ ကုသလနှင့် ပုညကို ပရိယာယ်တူ ဆိုထားပုံကိုထောက်၍ မြန်မာနိုင်ငံက ပုညနှင့်ကုလသကို မကွဲကြောင်း တူညီကြောင်းကို သင်ကြားပေး

ပါသည်။ နိဗ္ဗာန်ကိုလည်း တိကဒေသနာတော်အရ အဗျာကတတရားဟု သာ သင်ကြားပေးပါသည်။ အမြင့်ဆုံး ကုသိုလ်ဟု သင်ကြားမပေးပါ။ ထို့ကြောင့် ကုသလနှင့် ပုညမတူသော သင်ကြားမှုနှင့် နိဗ္ဗာန်ကို အမြင့်ဆုံး ကုသိုလ်ဟု သင်ကြားမှုတို့မှာ ထူးဆန်းသော သင်ကြားမှု ဟုသာ မှတ်ရပါတော့မည်။

သီရိလင်္ကာနှင့် မြန်မာအထက်တန်းအဆင့်(တက္ကသိုလ်အဆင့်) ပါဠိသင်ကြားမှုစနစ် မတူညီမှုကို ပုံစံအနည်းငယ်မျှထုတ်၍ နှိုင်းယှဉ် ပြခဲ့ပါသည်။ နှိုင်းယှဉ်စရာအများအပြား ကျန်ရှိနေပါသေးသည်။ အချိန်နှင့် လုပ်ငန်းသဘာဝကိုငဲ့၍ အကျဉ်းမျှသာတင်ပြခြင်း ဖြစ်ပါ သည်။ အခြေခံချင်းမတူ၍ စနစ်ကွဲပြားသွားရခြင်းကိုလည်းကောင်း၊ စနစ်မတူ၍ သင်ကြားမှုမတူ ကွဲပြားရခြင်းကိုလည်းကောင်း တင်ပြ လိုခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

နိုင်ငံခြားသွား၍ ပညာသင်ကြားလိုသော ရှင်, ရဟန်းငယ်များ ကို တစ်ခုသတိပေးချင်ပါသည်။ မိမိတို့သဏ္ဍာန်မှာ မြန်မာ့စနစ် မြန်မာ့ ဟန်ဖြင့် သင်ကြားထားသော ပိဋကအရည်အသွေးဝမှ ဘွဲ့ယူရန် သွားစေ ချင်ပါသည်။ ဘွဲ့ယူဖို့လောက်ပဲ ကောင်းပါသည်။ နိုင်ငံခြားသွားပြီး အမြတ်မရဘဲ အရင်းထဲမှ ပါသွားပါက သွားရခြင်းမနပ်မှာ စိုးရပါသည်။ ''မမင်းဒုတ် အရင်းပြုတ်''ဆိုသလို ဖြစ်သွားနိုင်ပါသည်။ ကိုယ်တွေ့ တစ်ခုကို ပြောပြပါမည်။ နိုင်ငံခြားတက္ကသိုလ်တစ်ခု၌ ပထမဆုံး သွားတက်သောနေ့က ဆရာ၏ ပို့ချချက် တစ်ခုကြောင့် ထိတ်လန့်

တုန်လှုပ်သွားခဲ့ရပါသည်။ ဆရာ၏ ပို့ချချက်က ``မင်းတို့အဌကထာဆရာကြီးက နိဂဏ္ဍနာဋ္ဌပုတ္တ၏ဝါဒကို ဖွင့်ရာတွင် အမှားတစ်ခု ကျူးလွန်ခဲ့သည်'' ဟူသော ပို့ချချက်တစ်ခုဖြစ်သည်။ သူတို့သည် ထိုကဲ့သို့ ဟောပြောပို့ချမှုကို ထမင်းစားရေသောက်သဘောမျှ ထားတတ်သူများ ဖြစ်သည်ဆိုတာ သိထားဖို့လိုသည်။

သူတို့ ထမင်းစားရေသောက် သဘောထားသော အရာများသည် မိမိတို့နိုင်ငံသားများအတွက်တော့ ထိတ်လန့်စရာကြီး ဖြစ်ခဲ့သည်။ အဌကထာဆရာနှင့် ဋီကာဆရာကြီးတို့သည် ``ထေရ'' များဖြစ်သည်။ ထေရများ၏စကားကို မလိုက်နာလျှင် ထေရဝါဒပျက်ပေရော့မည်။ ၎င်းတို့၏ ပို့ချချက်ကို လိုက်နာလျှင်လည်း ထေရဝါဒဖျက်ဆီးမှုကို ငွေဖြင့်သွားဝယ်ယူသလို ဖြစ်သွားပေမည်။ ဗျာသနတရား ငါးပါးတွင် အယူပျက်စီးမှု ဒိဋ္ဌိဗျာသနသည် အဆိုးဝါးဆုံးဖြစ်သည်။ ထို့ကြောင့် သွားသင်ချင် သင်ပါ၊ အရင်းထဲက ပါမသွားပါရန် သတိပြုပါဆိုတာလဲ ဤစာတမ်းမှာ ရည်ရွယ်ချက်အဖြစ် ထည့်၍ ပြောလိုပါသည်။

ဒေါက်တာအရှင်ပဏ္ဍိတဝရာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆–၄–၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
ဦးအောင်မွန်(မြတ်ဆုမွန်) က
"ပါဠိသင်ယူနည်း" ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိစာပေထွန်းကားတိုးတက်ရေးနှင့်သဒ္ဒါရေးရာ

ဦးအောင်မွန်(မြတ်ဆုမွန်)

## ၁။ နိဒါန်း

ပါဠိစာပေ ထွန်းကားတိုးတက်ရေးလုပ်ငန်းကြီးသည် မြန်မာလူမျိုးတို့အတွက် သာသနာရေးဘက်၌သာမက အမျိုးသားရေး ဘက်မှာပါ မလုပ်လျှင်မဖြစ်သော အရေးပါသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပါသည်။ အကြောင်းမှာ ခေတ်အဆက်ဆက် မြန်မာတို့၏ ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအပါအဝင် အမျိုးသားရေး အခြေအရပ်ရပ်တို့ကို ပါဠိစာပေသည် ထိန်းသိမ်းတည့်မတ်ပေးလာသောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည့် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများမှာပင် မြန်မာနိုင်ငံအတွက် ပါဠိဘာသာသည် ပို၍အရေးပါလှပေသည်။ ခေတ် အခါအလျောက် အင်္ဂလိပ်, ပြင်သစ်, ဂျာမန်, တရုတ်, ဂျပန်, ကိုရီးယား စသော ခေတ်ပေါ်စကားများသည် လူမျိုးအမြင်ကျယ်ရန်၊ ကမ္ဘာနှင့်အညီ ရှေ့သို့တက်လှမ်းစေရန် အားကူထောက်ပံ့ပေးကြသည့် ဘာသာစကားကြီးများဖြစ်ကြသော်လည်း မြန်မာလူမျိုးတို့၏ ရှေ့ထုံး စဉ်လာကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ မယွင်းမယိုင် ခိုင်မြဲစေရန် ကိစ္စအတွက်မှာမူ ရှေးရှေးပဝေဏီအခါကပင် မြန်မာလူမျိုး၊ မြန်မာစာပေနှင့်မကွဲမကွာ တစ်သားတည်းပါဝင်လာသော ပါဠိဘာသာကို ဖယ်ထုတ်၍ မဖြစ်နိုင်ကြောင်း ဦးစွာတင်ပြလိုပါသည်။*၁

## ၂။ ပါဠိစာပေလေ့လာရေး၌သဒ္ဒါအရေးပါပုံ

ပါဠိစာပေသည် ဤနိုင်ငံတွင်း၌ ဗုဒ္ဓအဆုံးအမ သာသနာတော်နှင့်အတူ အုတ်မြစ်တည်ခဲ့သော စာပေတစ်ရပ်ဖြစ်ပါသည်။ သာသနာသည် ပျူယဉ်ကျေးမှုခေတ်(၂-ရာစုနှစ် ဘီစီမှ ၁၀-ရာစုနှစ် အေဒီ)*၂ ၌ ဤနိုင်ငံအတွင်း အမြစ်တွယ်ရှင်သန်ခဲ့သည်ဟု ဆိုပါလျှင် ပါဠိစာပေသည်လည်း ထိုခေတ်ထိုကာလကပင် ဤနိုင်ငံအတွင်း အမြစ်တွယ်ရှင်သန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။*၃ ပါဠိစာပေသည် ဤနိုင်ငံအတွင်း ရှေးဦးအစ ဝင်ရောက်လာစဉ်က သာသနာနှင့်ဆက်စပ်၍ ဝင်ရောက်လာခဲ့ခြင်းဖြစ်ရာ သာသနာဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းစာများကို ဖတ်ရှုနိုင်လျှင် အထမြောက်လောက်ပြီဟု ယူဆဖွယ်ရှိသော်ငြားလည်း နောင်ကာလကြာလာသောအခါ ပါဠိစာပေကို ကိုယ်တိုင်ကိုယ်ကျ ရေးတတ်ဖို့၊ ပြောတတ်ဖို့၊ အသုံးချတတ်ဖို့ လိုအပ်လာကြောင်း သိမြင်လာကြပါသည်။ ထိုသောအခါ မြန်မာပညာရှင်များသည် မြန်မာလူမျိုးတို့ ပါဠိစာပေသို့ ကူးသန်းနိုင်ရန်အတွက် တံတားတစ်ခုထိုးပေးရန် ဆန္ဒဖြစ်ပေါ်လာခဲ့ကြပါသည်။ ထိုစဉ်က ပါဠိစာပေသို့ ကူးသန်းဆက်သွယ်နိုင်ရန် ထိုးပေးခဲ့သော တံတားမှာ သဒ္ဒါတည်းဟူသော တံတားပင် ဖြစ်ပါသည်။

ဤအချက်နှင့်စပ်၍ အငြိမ်းစား ပါဠိကထိကဆရာကြီး ဦးကိုကအောက်ပါအတိုင်း ရေးသားခဲ့ဖူးပါသည်-

> "ရှေးယခင်ကထက် ပါဠိဘာသာကို တိုးတက်ကျွမ်းကျင်လာကြသော ပုဂံခေတ် မြန်မာတို့သည် မဆွကတည်းက ရှိနှင့်ပြီး

ဖြစ်သည့် ပိဋကၤ အဋ္ဌကထာ၊ ဋီကာတို့ကို ဖတ်မှတ်လေ့လာ ရုံမျှနှင့် ကျေနပ်ရောင့်ရဲခြင်း မရှိကြတော့ဘဲ မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်၍ စာသစ်ပေမွန်တို့ကို ပြုစုကာဖြင့် မြန်မာ ပြည် ပါဠိစာပေသမိုင်း၏ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်နိုင်ရေး အတွက် စိတ်အားထက်သန်နေကြပြီဖြစ်ကြောင်းကို မြစေတီ ကျောက်စာ၊ ရွှေဂူကြီးကျောက်စာတို့က အထင်အရှား ပြသွန် လျက် ရှိပေသည်။ သို့သော် ပါဠိကဲ့သို့ မိမိတို့၏ မျိုးရိုးစဉ် လာမဟုတ်သော ဘာသာတစ်ရပ်ကို ကျမ်းကြီးကျမ်းငယ် ရေးစီပြုစုနိုင်သည်အထိ တစ်ဖက်ကမ်းရောက်တတ်မြောက် နိုင်ဖို့အရေးသည် နယ်နယ် မဟုတ်ပေ။ ပါဠိပရိယတ္တိကို အပတ်တကုတ် အားထုတ်လေ့လာရာ၌လည်းကောင်း၊ ပါဠိ ဘာသာဖြင့် ကျမ်းသစ်ပေသစ်တို့ကို စီရင်ပြုစုရာ၌လည်း ကောင်း လိုအပ်သော အခြေခံသည်ကား ပါဠိသဒ္ဒါပင် ဖြစ်ပါ ချေသည်။ သဒ္ဒါသည်သာလျှင် ရေးထုံးရေးဟန်နှင့်စပ်လျဉ်း၍ တိကျမှန်ကန်မှု၊ လွဲမှားချွတ်ချော်မှုတို့ကို ကွဲကွဲပြားပြား ခွဲခြား စီစဉ်ပေးနိုင်သည်။ မိမိလိုရာအနက်အဓိပ္ပါယ်ကို ကိုယ်တိုင် ရေးစီဖော်ထုတ်လိုသောအခါတွင်ဖြစ်စေ၊ တစ်ပါးသော စာဆို တို့၏ ဆိုလိုရင်းအာဘော်ကို ထိထိမိမိ အနက်ကောက်ပြန်ဆို လိုသော အခါတွင်ဖြစ်စေ သဒ္ဒါကိုသာ အဓိက မှီငြမ်းပြုကြ ရပေမည်။ ယင်းအချက်ကို အနက်အနဲ ကြံဆမိကြသော

ပုဂံခေတ်ပညာရှင်တို့သည် ပါဠိစာပေတွင် တတ်ကျွမ်းမှတ်ကျွမ်း ရှိနိုင်ရေး၊ ပါဠိကျမ်းအစောင်စောင်တို့ကို လေ့လာဆည်းပူးရာ၌ ထောက်မှီရေး၊ ထိုမှတစ်ဆင့် ပါဠိဘာသာဖြင့် စာပေဂုဏ်မြောက်နှုန်းဖွဲ့ သီကုံးနိုင်ရေးတို့အတွက် သဒ္ဒါကျမ်းရင်းကြီးများဖြစ်ကြသည့် ကစ္စည်းသဒ္ဒါ၊ ရူပသိဒ္ဓိစသည် တို့ကို ကျေညက်အောင် ဖတ်မှတ်သင်ယူကြသည့်အပြင် မိမိတို့ကိုယ်တိုင်ကလည်း တိုင်းရင်းဖြစ် ပါဠိသဒ္ဒါကျမ်းသစ်တို့ကို စီရင်ပြုစုခဲ့ကြလေသည်။ သို့စီရင်ပြုစုကာဖြင့် မြန်မာပါဠိဂန္ထဝင်ကို တစ်ဆင့်တိုးတစ်ခေတ်ဆန်းစေနိုင်ခဲ့ခြင်းသည် အံ့ချီးလောက်ပေသည်။[*၄]

## ၃။ ပုဂံခေတ် ပါဠိစာပေအခြေအနေ

မြန်မာနိုင်ငံသားတို့ ပါဠိဘာသာကို လေ့လာကြရာ၌ သဒ္ဒါကို အရေးပေးပုံနှင့် စပ်လျဉ်း၍ အနည်းငယ် တင်ပြလိုပေသည်။ ပုဂံခေတ် (အေဒီ ၁၁ ရာစုနှစ်-၁၃ ရာစုနှစ်)သည် ပါဠိစာပေနှင့် အထူးအကျွမ်းဝင်ရသော ပွဲဦးထွက်ခေတ်ဖြစ်သော်လည်း ပုဂံသူပုဂံသားတို့သည် ပါဠိစာပေကို မိမိတို့နေ့စဉ်သုံး မြန်မာစကားနှင့် တစ်သားတည်းဖြစ်အောင် စွမ်းဆောင်ခဲ့ကြပါသည်။ ပုဂံခေတ်ထိုး ကျောက်စာများမှာပင် ပါဠိဘာသာသက်သက်ဖြင့် ရေးထိုးထားသော ကျောက်စာများ၊[*၅]

ပါဠိဝေါဟာရ များစွာကို နဂိုအတိုင်း ယူငင်သုံးစွဲရေးထိုးထားသော ကျောက်စာများ၊ ပါဠိဝေါဟာရတို့ကိုပြုပြင်၍ ပါဠိသက် မြန်မာဝေါဟာရအဖြစ် ထည့်သွင်းသုံးစွဲထားသော ကျောက်စာများတို့ကိုလည်း

တွေ့ရ ပါသည်။[*၆] အထူးသဖြင့် ပုဂံခေတ်အခါက ကလေးထိန်း၊ ထင်းခွေ၊ ရေခပ်၊ အိမ်မှုကိစ္စဖြင့် အချိန်ကုန်ရသော အမျိုးသမီးများသည်ပင် 'အဟံ ပန ဣဒါနိ ဒဟရပုတ္တေဟိ ပလိဗောဓတ္တာ ဗျာကုလံ ပတ္တာ ဗဟုံ ဂန္ထံ ဝါစုဂ္ဂတံ ကာတုံ န သက္ကာ၊ သမန္တမဟာပဋ္ဌာနေ ပန ကုသလတ္တိကမတ္တံဝ ဝါစုဂ္ဂတံ ကရောမိ[*၇] (ရှင်မရေ ငါကတော့ ယခုဆို ကလေးငယ်တွေနဲ့ အလုပ်ရှုပ်သဖြင့် စာများများ မကျက်ဆောင်နိုင်တော့ဘူး၊ အနန္တနယသမန္တပဋ္ဌာန်း ကျမ်းတော်ကြီးထဲက ကုသလတိက်လောက်ပဲ ကျက်နိုင်တော့တယ်'ဟု ပါဠိလို အမေးအဖြေပြု ပြောဆိုခဲ့ကြကြောင်း သိရပါသည်။

## ၄။ မြန်မာပါဠိစာပေပညာရှင်များ ပါဠိသဒ္ဒါကျမ်းပြုစုကြပုံ

ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံသား ပါဠိစာပေပညာရှင်တို့သည် ပါဠိစာပေကို ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်ပြောနိုင်ကြပြီ ဖြစ်သော်လည်း ပါဠိစာပေ အရှည်ခန့်၍ တည်တံ့ကာ တိုးတက်ထွန်းကားရေးအတွက်မူ မရှိလျှင်မဖြစ်သော အရေးကိစ္စတစ်ရပ်အဖြစ် ရှေးရေးပါဠိသဒ္ဒါကျမ်းများ[*၈]ကို လေ့လာရုံမျှမက မိမိတို့ မြန်မာလူမျိုးများ အသိပညာ အဆင့်အတန်းနှင့် လျော်ညီမည့် ပါဠိသဒ္ဒါကျမ်းတို့ကိုလည်း ခေတ်အဆက်ဆက် ပြုစုခဲ့ကြပါသည်။[*၉] ပုဂံခေတ်၌ မြန်မာသဒ္ဒါကို ရေးသားရန် စိတ်မကူးဘဲ ပါဠိသဒ္ဒါကျမ်းများကိုသာ များစွာရေးသားခဲ့သောကြောင့် ပါဠိပါမောက္ခဒေါက်တာဖေမောင်တင်က ပုဂံခေတ်ကို 'ပါဠိသဒ္ဒါခေတ်'ဟူ၍ ရေးသားခဲ့ဖူးပါသည်။[*၁၀]

ထိုခေတ်၌ ပါဠိကျမ်းပြုပညာရှင်များသည် မိမိတို့လူမျိုးတို့အကျိုးငှာ ပါဠိသဒ္ဒါဆိုင်ရာကျမ်းများကို ပြုစုကြရာ၌ သဒ္ဒါအကျဉ်း

ကျမ်းမျိုးကိုလည်း ပြုစုခဲ့ကြသည်။ ပမာအားဖြင့် ကျစွာမင်းကြီးသည် မိန်းကလေးများ ပါဠိသဒ္ဒါ၏ အမြွက်သဘောနားလည်နိုင်စေရန် သဒ္ဒဗိန္ဒုကျမ်းကိုလည်းကောင်း၊ ကျစွာမင်းကြီး၏သမီးတော်(သံပျင်မင်းသမီး)ကလည်း သဒ္ဒါကိုလေ့လာဆည်းပူးလိုသူတို့ သိသင့်သည့် ဝိဘတ်များအကြောင်းကို အလွယ်နှင့်သိရှိကြရအောင် ဝိဘတျတ္ထကျမ်းကိုလည်းကောင်း ရေးသားပြုစုခဲ့ကြခြင်းမျိုး ဖြစ်လေသည်။[*၁၁]

ပုဂံခေတ်၌ပင် ကျစွာမင်းက ပါဠိသဒ္ဒါအကျဉ်းကျမ်းမျိုး ရေးသကဲ့သို့ သဒ္ဒါကျမ်းအကျယ်ရေးသော ပုဂ္ဂိုလ်တို့လည်း ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းပုဂ္ဂိုလ်တို့တွင် အရှင်အဂ္ဂဝံသသည် အထင်အရှားဆုံး ဖြစ်ပါသည်။ အရှင်အဂ္ဂဝံသမထေရ်သည် ပရိစ္ဆေဒအခန်းပေါင်း (၂၈) ခန်းပါ သဒ္ဒနီတိကျမ်းကြီးကို ပြုစုတော်မူခဲ့ပါသည်။ ထိုကျမ်းကြီးတွင် အခန်း(၁)မှ(၁၄)အထိသည် ဘူဓာတ်ကိုလည်းကောင်း၊ ယင်း ဘူဓာတ်ဖြင့် ပြီးစီးသော ရုပ်တို့ကိုလည်းကောင်း၊ အခြားနာမ်ပုဒ်တို့ နောင်ဝိဘတ်ရှစ်သွယ်သက်၍ ပြီးနိုင်သော ရုပ်အစဉ်တို့ကိုလည်းကောင်း ပြဆိုထားပါသည်။ ထိုသို့ ပြဆိုရာတွင် ရုပ်စဉ်သက်သက်ကိုသာ မပြဆိုမူဘဲ ထိုရုပ်စဉ်နှင့် ပတ်သက်ပြီး အချက်အလက်တို့ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ခိုင်လုံသောကျမ်းတို့မှ ကိုးကားပြီး ဆုံးဖြတ်ပြဆိုထားရာ ထိုဆယ့်လေးခန်းပါ သဒ္ဒနီတိကို သဒ္ဒနီတိပဒမာလာဟု ခေါ်ဆိုခဲ့ကြပါသည်။ အခန်း(၁၅)မှ(၁၉)တိုင် ငါးခန်းတို့မှာ ပါဠိပုဒ်တို့၏ ရင်းမြစ်ဓာတ်တို့ကို ယင်းတို့၏ အနက်၊ ပုံစံ၊ အဓိပ္ပါယ် အဆုံးအဖြတ်တို့ဖြင့် ကျယ်ဝန်းစွာရေးသားထားရာ

ထိုအပိုင်းကို သဒ္ဒနီတိ ဓာတုမာလာဟု ခေါ်ဆိုခဲ့ကြပါသည်။ ထို့နောက် အခန်း(၂၀)မှ (၂၈)အထိ ကိုးခန်းကို ကျမ်းပြုဆရာသည် မိမိကိုယ်ပိုင် သုတ်, ဝုတ္တိ, ဥဒါဟရဏ်သာမက ပါဠိတော်စသည်မှ ထုတ်ယူ အပ်သော ဥဒါဟရဏ် ပုံစံတို့ဖြင့် ပြုစုတော်မူခဲ့ပါသည်။ ဤအပိုင်းကို သဒ္ဒနီတိသုတ္တမာလာဟု ခေါ်ဆိုခဲ့ကြပါသည်။ ဤအခန်းတွင် အခန်း (၂၀)မှ(၂၆)အထိ ရှေ့ခုနစ်ခန်းတွင် ကစ္စည်းသဒ္ဒါကြီးနှင့်မတူဘဲ ဥဏာဒ်ကို ကိတ်အတွင်းသွင်း၍ ခုနစ်ခန်းဖြင့် အပြီးပြဆိုကာ ထို့နောက် အခန်း(၂၈)တိုင်အောင်သော အခန်းတို့ဖြင့် နာမ်, အာချာတ်, ဥပသာရ, နိပါတ်ဟူသော ပုဒ်လေးမျိုးတို့ကို ပါဠိတော်နည်း စသောနည်းတို့ကို လည်းကောင်း၊ အခြားသိမှတ်ဖွယ်ရာတို့ကိုလည်းကောင်း ပြဆိုတော်မူခဲ့ ပါသည်။ ဤကျမ်းသည် ပါဠိသဒ္ဒါတို့တွင် အကျယ်ဆုံးကျမ်းဖြစ်ပြီး စာမျက်နှာပေါင်း(ရွှိုင်ရှစ်ချိုးအရွယ်ဖြင့်)၁၂၄၁-မျက်နှာရှိလေသည်။[*၁၂]

မြန်မာနိုင်ငံသား ပါဠိစာပေပညာရှင်တို့သည် မိမိတို့တပည့်များ အား သူတို့ဉာဏ်နှင့်လျော်သော ပါဠိသဒ္ဒါကျမ်းအမျိုးမျိုးတို့ကို ပြုစု ခဲ့ကြရုံမျှမက သိမှတ်ဖွယ်ရာ အမှာအထား စကားရပ်များကိုလည်း ထည့်သွင်းရေးသားခဲ့ကြလေသေးသည်။ ပမာအားဖြင့် သဒ္ဒနီတိ ဆရာ သည် မိမိရှေ့က ပေါ်ထွက်ခဲ့ပြီးဖြစ်သည့် ကစ္စည်းကို အခြေခံထား လျက် နိရုတ္တိပိဋက, စူဠနိရုတ္တိ, န្យာသ, ပဒရူပသိဒ္ဓိ စသော ပါဠိ ဗျာကရဏ်းကျမ်းများ၊ ကာတန္တ, ပါဏိနီနှင့် သက္ကတဂန္ထန္တရ ကျမ်းများ မှ ထုတ်ဆောင်၍ လိုအပ်ချက်တို့ကို ဖြည့်စွက်၍ သဒ္ဒနီတိကျမ်းကို ရေးသားတော်မူခဲ့ပါသော်လည်း ထိုဗျာကရဏ်းအသီးသီးများကဲ့သို့

အန္တာနုကရဏ ပြုလေ့မရှိဘဲ ဗိနဝစနယုတ္တာသာသနာနည်းနှင့် လျော်သည်ကိုသာလိုက်၍ မှတ်ချက်များ ချတော်မူလေ့ရှိခဲ့ပါသည်။*၁၃ ဤသို့အားဖြင့် မြန်မာနိုင်ငံ၌ ပါဠိသဒ္ဒါကျမ်းများစွာ၊ ပါဠိသဒ္ဒါဆိုင်ရာ အယူအဆများစွာ ပေါ်ထွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် ပါဠိစာပေ၏ရှေ့ဆောင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရပါသည်။

## ၅။ ပါဠိသဒ္ဒါနှင့်ပိဋကတ်ပါဠိတော်စသည်

ပါဠိသဒ္ဒါဆိုရှုံမှုဖြင့် ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာတို့သို့ရောက်နိုင်ရန် မလွယ်ကူကြောင်း ဤနေရာ၌ ဖြည့်စွက်တင်ပြလိုပါသည်။ ပါဠိသဒ္ဒါတံတားကို ကူးဖြတ်ရှုံမှုဖြင့် ပိဋကတ်ပါဠိတော်သို့ချဉ်းနင်းနိုင်ရန် ရည်သန်၍ အရှင်အဂ္ဂဝံသသည် သဒ္ဒနီတိကျမ်းကို ပြုစုတော်မူခဲ့ပြီးသည့်နောက် ကုန်းဘောင်ခေတ်တွင် ယောမင်းကြီး ဦးဖိုးလှိုင်ပြုစုသော သဒ္ဒသင်္ဂဟကျမ်းနှင့်စပ်၍ ဤအယူအဆကို တွေ့ရပြန်ပါသည်။ တွေ့ရပုံမှာ ယောမင်းကြီး၏ အလင်္ကာနိဿယကျမ်းတွင်-

"မာဂဓဘာသာ သဒ္ဒါကျမ်းမျိုးတို့ဖြင့် ပိဋကတ်သုံးပုံ ဟူသော မြတ်စွာဘုရားဟောတော်မူအပ်သော ပါဠိတော်၊ ရဟန္တာအရှင်မြတ်တို့ဟောတော်မူအပ်သော ပါဠိတော်၊ ဤ ပါဠိတော်တို့၏အဖွင့် အဋ္ဌကထာ၊ ဋီကာတို့၌ ပြဆိုအပ်ကုန်သော သဒ္ဒါရေးအရာတို့ကို ကောင်းမွန်စွာ မသိနိုင်ကုန်။ ထို့ကြောင့်သာလျှင် ပါရာဇိကဏ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ဆိုသော ဘဂဝါ-ဟူသော ပုဒ်၏ ပိသောဒရာဒိဂိုဏ်း၊ အာကတိဂိုဏ်းတို့ကို ယခုထက်တိုင် မသိနိုင်ကြ ရှိလေသည်"*၁၄ ဟူ၍ ဖြစ်ပါသည်။

စင်စစ်အားဖြင့် ပါဠိသဒ္ဒါကို လေ့လာကြသူ ရှင်လူအများသည် အခြားဘာသာစကားတို့ကဲ့သို့ လောကီစာများကို ဖတ်ရှုရန်ဟူ၍ လေ့လာခဲ့ကြခြင်းမျှမဟုတ်ဘဲ ဗိနေ၀စန ဘုရားစကားတော်ဖြစ်သော ပါဠိတော် အပါအဝင် အဋ္ဌကထာ, ဋီကာ စသော စာပေတို့ကို လေ့လာနိုင်ရန် ရွယ်စူးထားပြီးဖြစ်ပါ၍ ပါဠိသဒ္ဒါကိုသင်ယူရသော ရှင်လူတို့၏ ပန်းတိုင်သည် ထိုထိုသောပါဠိတော်, အဋ္ဌကထာ စသည်ကို ဖတ်ရှုနားလည်နိုင်သည်အထိ ရည်မှန်းချက်ထားသင့်လှပေသည်။ သို့ဖြစ်၍ သဒ္ဒနီတိ အစရှိသော မြန်မာပြည်ဖြစ် ပါဠိသဒ္ဒါကျမ်းကြီးများသည် ပါဠိသဒ္ဒါကို ပိဋကတ်စာပေအထိ ကူးသန်းနိုင်ရန် ရည်ရွယ်၍ တစ်နည်းတစ်လမ်းအားဖြင့် ကျယ်ဝန်းစွာ ရေးသားကာ သဒ္ဒါကြီးတံတားထိုးပေးခဲ့ကြခြင်း ဖြစ်ပေသည်။

## ၆။ ပါဠိသဒ္ဒါသင်နည်း

ပါဠိဘာသာကို လေ့လာရာ၌ သဒ္ဒါကျမ်းများလိုအပ်ပုံနှင့် ထိုသဒ္ဒါကျမ်းများသည် ပါဠိဘာသာကို သိရုံမည်ကာမတ္တမဟုတ်ဘဲ ပါဠိတော်, အဋ္ဌကထာတို့သို့ပါ ကူးသန်းသက်ဝင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပုံတို့ကို တင်ပြပြီးသည့်နောက် ယခုဆက်၍ ပါဠိဘာသာကို သင်ယူစ စာသင်ပျို့နုတို့ ပါဠိဘာသာကို အလွယ်တကူ ချဉ်းကပ်နိုင်ရန် ရှေးမဟာထေရ်ကြီးများ ကြိုးပမ်းခဲ့ကြပုံကိုလည်း တစ်စိပ်တစ်ဒေသအားဖြင့် တင်ပြပါဦးမည်။

ရတနာပုံ မန္တလေးခေတ် ရွှေကျင်နိကာယ၏ ဦးစီးဦးကိုင်ဘာသန္တရဝိဒူ ဖြစ်တော်မူသော ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး

သည် အသိဉာဏ်မကျယ်သေးသူ စာသင်သားငယ်တို့အတွက် ပါဠိသဒ္ဒါကို သင်ယူကြရာ၌ အချိန်များစွာ မကုန်စေဘဲ လွယ်လင့်တကူ သိစွမ်းနိုင်ရန် စာသင်နည်းတစ်ရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးတော်မူခဲ့ပါသည်-

“ရှေးဦးစွာ ကစ္စည်းသုတ်စဉ်ကို နှုတ်တွင်ရွရွ ကြေမွစေပြီး၍ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကို အရကျက်ခိုင်းကြောင်း၊ ၎င်းနောက် ဝိသုဒ္ဓါရုံဝိဘတ်သွယ်မှုကျဉ်းကျက်၍ ရပ်တွက်ခိုင်း၏။ နာမ်ရပ်တွက်ပြီးသည့်အခါ ညဝါအဖြစ်ဖြင့် ဝိသုဒ္ဓါရုံနာမ်ဂိုဏ်း ရပ်ဂိုဏ်းကျင့်လျက် ရပ်ထပ်တွင်စေ၏။ အာချာတ်ရပ်တွက်ပြီးလျှင်လည်း တစ်ခါတည်း ဆက်၍ အာချာတ်ဂိုဏ်းချပေး၊ ဂိုဏ်းပြေးစေ၏။ ကစ္စည်းသုတ်နက်အားလုံး ရပ်တွက်ပြီးဆုံးသောအခါ ဝိသုဒ္ဓါရုံ ဝိဘတ်သွယ်မှုကျယ်ကို နှုတ်ဝယ်ရစေ၏။ အချို့သုတ်နက်အစား အလားတူ ကစ္စာယနသံခိပ်ဖြင့် ရပ်တွက်ပေး၏။ ၎င်းနောက် နေ့-ရူပသိဒ္ဓိချပေး၊ စာစပ်အလေးပြု၍ ဆစ်ဖုအဓိပ္ပာယ် အနည်းငယ်ပြောပြ၏။ ည-ပုဒ်စစ်နှင့်တကွ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်းတို့ကို ထပ်၍ ခိုင်းစေ၏။ ဤနည်းဖြင့် သင်ကြား၍ အများဆုံး သုံးနှစ်ကြာလျှင် သဒ္ဒါဘက်တွင် အခြေရ၏။ သဒ္ဒါအခြေရသည့်အခါတွင် ပါဠိစီကုံးနည်းသင်ပေး၏။ မဆွကလည်း ရပ်ပြီးစ သာသာကပင် အနည်းငယ်သင်ပေး၏”*၁၅

စသည်ဖြင့် ဖြစ်ပါသည်။

ထိုမှသာမက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် သဒ္ဒါနှင့် စပ်၍ 'ပါဠိရ၊နက်ထင်၊အချက်မြင်'ဟူသော လမ်းညွှန်မိန့်တော် မှုသည်များမှ ကောက်နုတ်တင်ပြရသော်-

'ဤသို့ ကျဉ်းကျဉ်းချုပ်ပို့ရမည်။ ဘောတိ-ရုပ်များကိုလည်း ခုန်ကျော်ချန်ထားခဲ့ရမည်။ နိသျမဖတ်ဘဲ အနက်ထင်၍ တပည့်စာသင်သား အကဲကို ဆင်ခြင်၍ ပို့ချတတ်မှသာ ကျောင်းကန့်နေထိုင်ခြင်း၊ စာပေပို့ချခြင်းသည် မိမိရော၊ တပည့်စာသင်သားရော၊ ရပ်ရွာနေ ဒကာ ဒကာမရော ကြီးပွားကြောင်းဖြစ်ပေသည်-ဟု သတိပြုသင့်လှ၏'

ဟူ၍လည်းကောင်း၊

'ဤသို့သာအနက်ပေး၊ နိဒ္ဒေသ၊ နိသျများကဲ့သို့ ကိစ္စွဲတွေ ပွေလီ ရှုပ်ရှက်ထည့်စွက်၍ မပေးနှင့်၊ စာသင်သား ငယ်တို့ ပင်ပန်းခက်ခဲ၍ ပျက်စီးထွက်ပြေးတတ်သည်။ သာသနာဖျက် ဖြစ်တတ်သည်။ ဆရာ နေရာမကျသည့်အတွက် အဆဲဆဲအဆိုဆို၊ အရိုက်ရိုက်အနှက်နှက် ထွက်ပြေးရုံ သာအကျိုးရှိလေသည်။ ပျက်စီးသူကိုလည်း တွေ့ဖူးလှလေပြီ။ ထို့ကြောင့် ကိဟူသမျှကိုလည်း ဆိုခဲ့သည့်အတိုင်း အနက်အကျဉ်းသာပေးရမည်'

ဟူ၍လည်းကောင်း ဖြစ်ပါသည်။[*၁၆]

ကျေးဇူးရှင် လယ်တီဆရာတော်ကြီးသည်လည်း မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံတော်သို့ လျှောက်ထားသော စာတစ်စောင်တွင် မိမိတို့ လယ်တီတိုက်တာ၌ သဒ္ဒါ၊ အဘိဓမ္မာ စသော ပို့ချပုံစာသင်နည်းကို ထည့်သွင်းလျှောက်ထားခဲ့ပါသည်။ ထိုစာလွှာတွင် သဒ္ဒါနှင့်စပ်၍ စာသင်နည်းတို့မှာ-

'ယခုလောကမှာ ရုပ်ပြီးပိုင်မှုသည်သာ သဒ္ဒါတတ်ကြောင်း၊ စာတတ်ကြောင်း၊ ကျမ်းတတ်ကြောင်းဟု မသိကြ' ဟူ၍လည်းကောင်း၊

'သဒ္ဒါတတ်မှု, စာတတ်မှုမှာ ရုပ်ပြီးလိမ္မာမှုသည်သာ မူလပဓာန ဖြစ်၏။ အကြီးအကျယ်ဆုံးသော အလုပ်ဖြစ်၏။ ရုပ်ပြီးကောင်းကောင်း လိမ္မာခဲ့လျှင် ထိုထို သဒ္ဒဝိနိစ္ဆယ, သဒ္ဒတ္ထဝိနိစ္ဆယ, ခက်ဆစ်ခက်ရပ်သည် ကြည့်ကာ, ရှုကာ· နာယူကာနှင့်ပြီး၏။ သဒ္ဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယ ခက်ဆစ် ခက်ရပ် ဘယ်လိုပင်တတ်သော်လည်း ရုပ်ပြီး မစေ့စပ်မူ သဒ္ဒါတတ်သည်, စာတတ်သည် မဆိုလောက်, ကျမ်းတတ် မှာဝေးစွ' ဟူ၍လည်းကောင်း၊

'ရုပ်ပြီးမှုမှာလည်း နာမ်, အာချာတ်, ကိတ် အနိုင် အနင်း လိုလှ၏။ ထိုက နိုင်နင်းခဲ့လျှင် အကြွင်းငါးစောင်မှာ ပြောကာ, ဆိုကာ မျှနှင့်ပြီး၏'-ဟူ၍လည်းကောင်း၊

'ရုပ်ပြီးလွယ်အောင် သဒ္ဒါချနည်းကို အနည်းငယ်ပြဆို လိုက်အံ့- သဒ္ဒါကြီးကို ပုဒ်စေ့ပါဠ်စေ့ရုံ အနက်လွယ်လွယ်ချ၊

> တစ်သုတ်မှာ တစ်ရုပ်တန်သည် နှစ်ရုပ်တန်သည်၊ ရုပ်ပြီးပုံ ကျဉ်းကျဉ်းကျေကျေချ၊ နေ့ကိုစာကိုင်၍ အနက်သွက်သွက် လည်အောင်လှည့်စေ၊ ပါဠိမကျက်စေနှင့်။ အနက်ရုပ် ညကို ပြန်နိုင်အောင် မလုပ်စေနှင့်၊ ပင်ပန်းသည်။ စာကိုကြည့်၍ နေ့လှည့်မှုကား မပင်ပန်း။ အကျိုးမရှိ၊ အကျိုးမများဘဲ စာသင်သားပင်ပန်းခဲ့သော်လည်းကောင်း အကျိုးပင်များသော် လည်း အင်အားနှင့်မတန်၍ စာသင်သားများ ပင်ပန်းခဲ့သော် လည်းကောင်း ဆရာ၏အပြစ်တည်း။ ထို့ကြောင့် အကျိုးများ၊ မများ အရွယ်အင်အားနှင့် တန်၊မတန်ကို အလွန်သတိမူ အပ်၏။ ညအခါ၌မူကား ဝိဘတ် သွယ်၊ သဒ္ဒါစစ်၊ ပုဒ်စစ် များကို တွင်တတ်သမျှချ၍ ကျေကျေမွမွ အန်စေ။ သဒ္ဒါကြီး ကုန်သောအခါ နေ့၌ နာမ်ရူပသိဒ္ဓိကိုချ၊ သုံးချပ်၊ လေးချပ် ပေါက်လျှင် နာမ်သုတ်နက် ညအခါ၌ချ၊ည၌မချဘဲ နေ့မှာ ချရုံနှင့် ရုပ်မမြင်၊ ရုပ်သို့ရောက်လျှင် ပုရိသသဒ္ဒါ၏ ရုပ်စဉ် တစ်ခုမှာ တစ်ပုဒ်လျှင် တစ်ရုပ်စီ ကျေကျေမွမွချ' ဟူ၍ လည်းကောင်း ရေးသားတော် မူခဲ့ပါသည်။[*၁၇]

လယ်တီဆရာတော်ကြီးသည် မန္တလေးမြို့၊မြောက်ပြင် စံကျောင်းတိုက်၌ စာချဘုန်းကြီးဘဝကပင် ပါဠိ၊အဋ္ဌကထာ ပိဋကတ် ကျမ်းစာများသို့သက်ဝင်နိုင်ရန် သဒ္ဒါကျမ်းတို့ကို လေ့လာရာတွင်ရုပ်ပြီးမှု သည် အလွန်အရေးပါကြောင်း သိတော်မူ၍ ရူပသိဒ္ဓိကျမ်းကို ရှာဖွေ၍ ချပေးတော်မူခဲ့ကြောင်း အစဉ်အလာ အမှတ်အသားရှိပါသည်။[*၁၈] ထို့ပြင်

လယ်တီဆရာတော်ကြီးသည် နာမ်၊ အာချာတ်၊ နိပါတ်နှင့် ဥပသာရ ပုဒ်ကြီးလေးပုဒ်တို့၌ လိမ္မာကျွမ်းကျင်မှုတည်းဟူသော ပဒကောသလ္လ ဉာဏ် ထက်သန်ရေးအတွက်လည်း တပည့်ဖြစ်သူ လယ်တီပဏ္ဍိတအား စာဝါစတင်ချပေးစဉ်ကပင် ထိုပုဒ် လေးပုဒ်ကိုသာ ချပေးခဲ့ကြောင်း သိရသည်။ လယ်တီပဏ္ဍိတ ကိုယ်တော်သည် ပုဒ်လေးပုဒ်ကွဲပြား၍ ထိုမျှနည်းရလျှင် ဖတ်စာအဖြစ် ဆရာတော်ကြီးက ဇာတကအဋ္ဌကထာ စသော အဋ္ဌကထာတို့ကို ဖတ်စေကြောင်း သိမှတ်ရဖူးပါသည်။[*၁၉]

## ၇။ သုံးသပ်ချက်

အထက်၌ ပါဠိစာပေတိုးတက်ထွန်းကားရေးအတွက် ပါဠိသဒ္ဒါ သည် အရေးပါပုံ၊ သဒ္ဒါကျမ်းများ မိုးကြီးရွာသကဲ့သို့ မြန်မာနိုင်ငံ၌ ပုဂံခေတ်ကစ၍ ဖွံ့ဖွံ့ဖြိုးဖြိုး ပေါ်ပေါက်ခဲ့ပုံတို့ကို တင်ပြခဲ့ပါသည်။ ထို့နောက် ထိုသဒ္ဒါကျမ်းများတွင် သဒ္ဒဗိန္ဒုကဲ့သို့ အကျဉ်းကျမ်းရှိသကဲ့သို့ သဒ္ဒနီတိ၊ သဒ္ဒသင်္ဂဟကဲ့သို့ ပါဠိတော်တိုင်အောင် ပေါက်ရောက် စေသည့် ပါဠိသဒ္ဒါအကျယ်ကျမ်းများပေါ်လာပုံ၊ ထို့နောက် စာသင်သား များအတွက် အချိန်တိုတိုနှင့် အကျိုးများစေမည့် သဒ္ဒါလေ့လာနည်း၊ သဒ္ဒါချဉ်းကပ်နည်း၊ သဒ္ဒါသင်ကြားနည်းတို့ကို မဟာဝိသုဒ္ဓါရုံ ဆရာ တော်ကြီး၊ လယ်တီဆရာတော်ကြီးတို့က ဝါစနာမဂ္ဂခေါ် သင်ရိုး သင်နည်းများ ထုတ်ပေးတော်မူကြပုံကိုလည်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ပါဠိစာပေတိုးတက်ထွန်းကားရေးအတွက် အထက်၌ တင်ပြခဲ့သော မြန်မာနိုင်ငံပါဠိသဒ္ဒါဆိုင်ရာ အတွေ့အကြုံများကို အခြေခံ လျက် အကြံပြုချက် တိုတိုကျဉ်းကျဉ်း လိုရင်းတင်ပြရလျှင်-

ပထမမှာ ခေတ်နှင့်လျော်သော သဒ္ဒါကျမ်း တစ်စောင် သို့မဟုတ် တစ်စောင်မက ရှိဖို့ဖြစ်ပါသည်။ ထိုသဒ္ဒါကျမ်းများသည် ရှေးရေး ပါဠိသဒ္ဒါကျမ်းများလာ နည်းတို့ကို ခြုံငုံမိရုံမျှမက ခေတ်မီသော အပြင် အဆင် ရှိရပါမည်။ သာမန်ပါဠိစာပေမျှဥ် ရပ်တန့်မနေစေဘဲ ပိဋကတ် ပါဠိတော်များကို လေ့လာရာ၌ပါ အသုံးတည့်စေရန် ရည်ရွယ်ပြီး ပြုစုထားခြင်းမျိုးဖြစ်ဖို့ လိုအပ်ပါသည်။

မူလဖြစ်သော ရိုးရာပါဠိသဒ္ဒါကျမ်းကြီးများကို လက်မလွှတ် မူဘဲ ခေတ်ဆရာတို့ ပြုစုအပ်သော အောက်ပါသဒ္ဒါတို့ကိုလည်း ပူးတွဲလေ့လာသင့်ပါသည်-

၁။ W. Geiger' Pali Grammar, edited by K.R. Norman. PTS Edition.

၂။ A.K. Warder' Introduction to Pali, PTS Edition.

ဒုတိယမှာ ပါဠိသဒ္ဒါချဉ်းကပ်နည်း, လေ့လာနည်း, သင်ကြား နည်း ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ် မည်မျှပင်ကောင်းစေကာမူ သင်ကြား ပို့ချပုံ နည်းစနစ်မမှန်လျှင် ထိရောက်မှုမရှိမည်မှာ အထူးတင်ပြဖွယ် မလိုပါ။ ထိုသဒ္ဒါစာအုပ်တို့တွင် မည်သည့်အပိုင်းကို အသေးစိတ်ရမည်, မည်သည့်အပိုင်းကို သိရုံမျှ စသည်ဖြင့်လည်း ခွဲခြား၍ ပို့ချရန် လိုအပ် လှပေသည်။ ရှေးက သဒ္ဒါကိုသင်ရာ၌ နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်းစဉ် များကို ရပ်တွက်ကြသော်လည်း ယခုအခါ ရပ်တွက်ပုံကို အဓိက မထားဘဲ ဂိုဏ်းစဉ်ပုံနှင့် ကိတ်စသည်တွင် ကိတ်တည်ဆောက်ပုံတို့ကို

အခြေခံနှင့်တကွ သိနားလည်အောင် သင်ကြားပေးသင့်ပါသည်။ သဒ္ဒါ သင်ကြားရာ၌ လေ့ကျင့်ခန်းကိုမလွှတ်သော သင်ကြားနည်းဖြစ်သင့် ပါသည်။

တတိယမှာ သဒ္ဒါနှင့်တွဲ၍ဖတ်ရန် ဖတ်စာများ ဖြစ်ပါသည်။ ဖတ်စာအမျိုးမျိုး ကောက်နုတ်ပေးထားရန် လိုပါသည်။ ဇာတ်အဋ္ဌ ကထာ, ဓမ္မပဒအဋ္ဌကထာ စသည်တို့ကဲ့သို့ ဖတ်ကောင်းမည့် ပါဠိစာပေ များစွာကို ဖတ်ရှုကြခြင်းဖြင့် ပါဠိစာပေ အရည်အသွေး တိုးတက်လာနိုင် ပါသည်။ ရံခါ၌ မဓုရသဝါဟိနီ၊ သာသနဝံသပ္ပဒီပိကာ၊ ရှေးက ရေးခဲ့ သော ပါဠိဘာသာ သန္ဒေသကထာ စသည့် ပါဠိစာပေများကိုလည်း ဖတ်ခိုင်းသင့်ပါသည်။ ဤနေရာတွင် နိဿယစာပေတို့ကိုလည်း များများ ဖတ်ရန် လမ်းညွှန်သင့်ပါသည်။ အကြောင်းမှာ နိဿယသည် မှီရာ ဖြစ်ပြီး စာသင်သားတို့၏ မှီရာဖြစ်သည်။ ဖတ်စာတိုင်းကို ဆရာ လုပ်သူ က တစ်လုံးမကျန် ရှင်းပြနိုင်မည် မဟုတ်၍ ဆိုင်ရာနိဿယ စာပေ များကို များများဖတ်ခြင်းဖြင့် ဝေါဟာရကြွယ်ဝမှု၊ မြန်မာအနက်ပေးပုံ ကျေညက်မှု စသည် တိုးတက်လာနိုင်ပါသည်။

စတုတ္ထနည်းမှာ သဒ္ဒါသင်ကြားရေးအထောက်အကူပြုသည့် Philology ခေါ် ဘာသာဗေဒ ဖြစ်ပါသည်။ ခေတ်အလျောက် ဘာသာဗေဒနည်းတို့ကိုလည်း အဝါးဝကျွမ်းကျင်နေပါက ဘာသာစကား ၏ အပြောင်းအလွဲနှင့် ဝေါဟာရတည်ဆောက်ပုံ ထုံးနည်းတို့ကို လိမ္မာ ပြွန်းတီးကာ ပါဠိသဒ္ဒါ၏ သဘောသဘာဝကို လွယ်လင့်တကူ သဘော ပေါက်နားလည်လောက်ပါသည်။ ဘာသာဗေဒအတွက် အောက်ပါ

စာတမ်းတစ်စောင်ကို လက်စွဲပြုသင့်ပါသည်။

R.P. Chandhuri' The Philology of the Pali Language, in: Indian Historical Quarterly, Vol. XVIII, No. 1.1942, March. Page 342-68.*၂၀

ဦးအောင်မွန်(မြတ်ဆုမွန်)

## ကျမ်းကိုး

၁။ ဦးအောင်ထွတ်၏ ပါဠိသက်ဝေါဟာရများ ရွေ့ပြောင်းလေ့လာချက်။ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၆၊ အမှတ်-၂။ ၁၉၇၁-ခုနှစ်။ (စာမျက်နှာ။ ၁၀၅-၆)

၂။ ပျူယဉ်ကျေးမှုခေတ်ဆိုရာတွင် (၁)မိုင်းမော(ကူမဲအနီး)-၂ရာစုနှစ်ဘီစီ၊ ဗိဿနိုး(တောင်တွင်းကြီးအနီး) ၁-ရာစုနှစ်အေဒီ၊ ဟန်လင်း(ဝက်လက်အနီး) ၃-ရာစုနှစ်အေဒီ၊ သရေခေတ္တရာ(ပြည်အနီး) ၄-ရာစုနှစ်အေဒီ-တို့ကို ဆိုလိုသည်။ဒေါက်တာသန်းထွန်း၏ မြန်မာသမိုင်းနိဒါန်း။ ၂၀၀၁-ခုနှစ်။ (စာမျက်နှာ-၂၈)။

၃။ ဦးတင်လှ၏ ပါဠိမှတိုက်ရိုက်ပြန်ယူသည့် မြန်မာအသုံးအနှုန်းများ။ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၄၊ အပိုင်း-၃။ ၁၉၆၉-ခုနှစ်။ (စာမျက်နှာ-၁၅၁၊ ၁၅၂)

၄။ ဦးကို၏ မြန်မာပြည် ပါဠိစာပေခေတ်ဦး။ ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့်လူမှုရေးသိပ္ပံဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁။ ၁၉၆၈-ခုနှစ်၊ ဇန်နဝါရီလ။ (စာမျက်နှာ-၃၀)။

၅။ (က) ရာဇကုမာရ်ကျောက်စာ(စာရင်း-၅၁၊ဂံယ၀ ၂၀၇-၂၀၈။ငြိမ်း၁)
(ခ) ရွှေဂူကြီးကျောက်စာ(စာရင်း-၆၆/က၊ ဂံယ၀ ၁၅၉-၁၆၄။ ငြိမ်း-၁၊ ၇၃-၇၉)။
(ဂ) လောကနန္ဒာဘုရားရင်ပြင်ပေါ်ရှိ ပါဠိကျောက်စာ(ဂံယ၀ ၂၁၅၊ ငြိမ်း-၉၉)။
(ဃ) ပုဂံမြို့ ဝတ္တနတောဘုရားစု အရှေ့မြောက်ဘက်ရှိ ဘုရားအမှတ် ၃၃၁-မှ တူးဖော်ရသော အမိပုရာမ္လိဖြင့်သည်ကျောက်စာ စသည်

၆။ Win Than Tun Pali and Sanskrit Loans in Myanmar Languages (Pagan Period) 1993. Page 1-101.

၇။ မောင်းထောင်ဆရာတော်၏ သာသနဝံသပ္ပဒီပိကာ။ ၁၂၇၅-ခုနှစ်။ စာမျက်နှာ-၈၈။

၈။ မဟာကစ္စည်း၊န္യာသ၊ရူပသိဒ္ဓိအဋ္ဌကထာ၊ရူပသိဒ္ဓိဋီကာ၊ မောဂ္ဂလာန် ဝုတ္တိ၊မောဂ္ဂလာန်ပဉ္စိကာ၊ မောဂ္ဂလာန်ပဉ္စိကာဋီကာ၊ ပဒသောဒန စသည်ဖြင့် ပုဂံခေတ်ကလေ့လာခဲ့ကြသော ရှေးရေးပါဠိသဒ္ဒါကျမ်း အချို့ကို အေဒီ ၁၄၄၂-ခုနှစ်ထိုး တက်နွံကျောင်းကျောက်စာ၌ တွေ့ရ သည်။ G.H.Luce and Tin Htway A 15th Century Inscription and Library at Pagan, Burma: in Malalasekera Commemoration Volume. 1976. Page-233, 234,235.

၉။ ဦးယံ၏ ပိဋကတ်တော်သမိုင်းစာတမ်း၌ မြန်မာနိုင်ငံဖြစ် ပါဠိသဒ္ဒါ ကျမ်းများအဖြစ် ၃၇၅ မြေတိုင်းသံပျင်အမတ်၏ သံပျင်ဋီကာ၊ ၃၇၆- အရှင်ဒါဌနာဂရာဇဂုရု၏ နိရုတ္တိသာရမဥ္ဇူသာဋီကာ၊ ၃၇၇-အရှင်

ဂုဏသာဂရ၏ မုခမတ္တသာရ၊ ၃၇၈-ယင်း၏ မုခမတ္တသာရဋီကာ၊ ၃၈၁-အရှင်ဆပဒ၏ သုတ္တနိဒ္ဒေသ၊ ၃၈၂-အရှင်မဟာဝိဇိတာဝီ၏ ကစ္စာယနဝဏ္ဏနာ၊ ၃၈၃-အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိပဒမာလာ၊ ၃၈၄-ယင်း၏ သဒ္ဒနီတိဓာတုမာလာ၊ ၃၈၅-ယင်း၏ သဒ္ဒနီတိသုတ္တမာလာ၊ ၃၈၆-အရှင်ပညာသာမိ၏ သဒ္ဒနီတိဋီကာ၊ ၃၉၂-အရှင်တိပိဋကစရအဘယ၏ သမ္ဗန္ဓစိန္တာဋီကာ၊ ၃၉၃-အရှင်ဓမ္မသေနာပတိ၏ ကာရိကာ၊ ၃၉၄-ယင်း၏ ကာရိကာဋီကာ၊ ၃၉၅-အရှင်သဒ္ဓမ္မသိရီ၏ သဒ္ဒတ္ထဘေဒစိန္တာ၊ ၃၉၆-အရှင်တိပိဋကစရအဘယ၏ သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်း၊ ၃၉၇-အမည်မသိထေရ်ပြု သဒ္ဒတ္ထဘေဒစိန္တာဋီကာသစ်၊ ၃၉၈-ရှင်ယသ၏ ကစ္စာယနသာရ၊ ၃၉၉-အရှင်သိရိသဒ္ဓမ္မဝိလာသ၏ ကစ္စာယနသာရဋီကာဟောင်း၊ ၄၀၀-အမည်မသိထေရ်၏ ကစ္စာယနသာရဋီကာသစ်၊ ၄၀၁-ယင်း၏ ကစ္စာယနသာရယောဇနာ၊ ၄၀၂-ရှင်မဟာယသ၏ ကစ္စာယနဘေဒ၊ ၄၀၃-အရှင်အရိယာလင်္ကာရ၏ ကစ္စာယနဘေဒဋီကာဟောင်း၊ ၄၀၄-အမည်မသိထေရ်၏ ကစ္စာယနဘေဒဋီကာသစ်၊ ၄၀၅-အရှင်နာဂိတ၏ သဒ္ဒသာရတ္ထဇာလိနီ၊ ၄၀၆-အမည်မသိထေရ်၏ သဒ္ဒသာရတ္ထဇာလိနီဋီကာ၊ ၄၀၇-အရှင်သဒ္ဓမ္မကိတ္တိ၏ ဗာလာဝတာရ၊ ၄၀၈-အရှင်ဥတ္တမ၏ ဗာလာဝတာရဋီကာသစ်၊ ၄၀၉-ကျစွာမင်း၏ သဒ္ဒဗိန္ဒု၊ ၄၁၀-ယင်း၏ သဒ္ဒဗိန္ဒုဋီကာ၊ ၄၁၁-အမည်မသိထေရ်၏ ဝါစ္စဝါစက၊ ၄၁၂-အရှင်သဒ္ဓမ္မနန္ဒီ၏ ဝါစ္စဝါစကဋီကာ၊ ၄၁၃-အမည်မသိထေရ်၏ ဝါစ္စဝါစကဒီပနီ၊ ၄၁၄-အရှင်မဟာဝိဇိတာဝီ၏ ဝါစကောပဒေသ၊ ၄၁၅-ယင်း၏ ဝါစကောပဒေသဋီကာ၊ ၄၁၆-အရှင်သဒ္ဓမ္မပါလ၏ သဒ္ဒဝုတ္တိ၊ ၄၁၇-အရှင်သာရိပုတ္တရာ၏ သဒ္ဒဝုတ္တိဋီကာဟောင်း၊ ၄၁၈-ဘုရားကြီးဆရာတော်၏ သဒ္ဒဝုတ္တိဋီကာသစ်၊ ၄၁၉-အရှင်အရိယဝံသ၏ ဂန္ထာဘရဏ၊ ၄၂၀-အမည်မသိထေရ်၏ ဂန္ထာဘရဏဋီကာ၊ ၄၂၁-ယင်း၏ ဂန္ထာဘရဏယောဇနာ၊ ၄၂၂-ယင်း၏ ဝိဘတျတ္ထ၊

၄၂၃-ယင်း၏ ဝိဘတျတ္ထဒီပနီ၊ ၄၂၄-ယင်း၏အက္ခရဘေဒ၊ ၄၂၅-ယင်း၏ ဂန္ထဋ္ဌိ၊ ၄၂၆-ယင်း၏ ပဒစိန္တာ၊ ၄၂၇-ယင်း၏ စာဒျတ္ထဒီပနီ၊ ၄၂၈-ရှင်ဥပါလိ၏ ရူဋ္ဌနိရုတ္တိ၊ ၄၂၉-ယင်း၏ ဓာတုသမုစ္စယ၊ ၄၃၀-ယင်း၏ လိင်္ဂမာလာ၊ ၄၃၁-အမည်မသိထေရ်၏ ဗာလပ္ပဗောဓန၊ ၄၃၂-အမည်မသိထေရ်၏ သဒ္ဒါကျမ်းမွဲ၊ ၄၃၃-ယင်း၏သဒ္ဒါကျမ်းအနက်၊ ၄၃၄-ယင်း၏ သဒ္ဒပါဒဝိနိစ္ဆယ၊ ၄၃၅-ရှင်သဒ္ဓမ္မကိတ္တိ၏ ကေက္ခရကောသ၊ ၄၃၆-ယင်း၏ ကေက္ခရကောသဋီကာ၊ ၄၃၇-ယင်း၏ လိင်္ဂတ္ထဝိဝရဏ၊ ၄၃၈-ယင်း၏ လိင်္ဂတ္ထဝိဝရဏဋီကာ၊ ၄၃၉-အမည်မသိထေရ်၏ သမ္ဗန္ဓမာလိနီ၊ ၄၄၀-ယင်း၏ အက္ခရသမ္မောဟဆေဒနီ၊ ၄၄၁-ယင်း၏ အက္ခရကောသလ္လ၊ ၄၂၂-ယင်း၏ အက္ခရကောသလ္လဋီကာ-ဟူ၍ ပြဆိုထားသည်။ ဦးယံ၏ ပိဋကတ်တော်သမိုင်း။ ၁၉၅၉-ခုနှစ်။ (စာမျက်နှာ-၁၃၇၊ ၁၄၅)။

၁၀။ ဦးဖေမောင်တင်၏ မြန်မာ-ပါဠိကျမ်းဂန်သမိုင်း။ မြန်မာ့စွယ်စုံ၊ ၁၀။ ၁၉၆၈-ခုနှစ်။ (စာမျက်နှာ-၂၇၉)။

၁၁။ ဦးကို၏ မြန်မာပြည်ပါဠိစာပေခေတ်ဦး။ (စာမျက်နှာ-၃၄)။

၁၂။ အရှင်သီလာနန္ဒာဘိဝံသ၏ သဒ္ဒနီတိဓာတုမာလာကို ပါဏိနိယဓာတုပါဌနှင့် တိုက်ဆိုင်လေ့လာခြင်း။ ၁၉၇၇-ခုနှစ်။(စာမျက်နှာ-၁၊ ၂၊ ၃)။

၁၃။ နီတိသုတ္တ၊ ၁၂၉၊ ၂၇၉၊ ၇၄၈၊ ၇၉၄၊ ၈၇၉။ နီတိပဒ၊ ၇၅၊ ၁၂၃၊ ၁၇၅။ နီတိဓာတု၊ ၇၅၊ ၂၅၆-စသည်ရှုပါ။ ဆရာတော်ဦးဗုဓ်၏ သဒ္ဒနီတိပဒမာလာနိဿယ၊ ပထမတွဲ။ ၁၉၇၀-ပြည့်နှစ်။ (စာမျက်နှာ-၈၇)သို့လည်းရှုပါ။

၁၄။ ယောမင်းကြီး၏ အလင်္ကာနိဿယ။ ၁၂၇၀-ပြည့်နှစ်။ (စာမျက်နှာ-၂၀၄)။ ယောမင်းကြီးသည် ဤအချက်နှင့်စပ်၍ သဒ္ဒသင်္ဂဟကျမ်း၌ 'အယံ ပိသောဒရာဒိဂဏာသ မာဂဓေသဒ္ဒသတ္တေသု အဝုတ္တတ္တာ

မြမ္မဒေသေ အဇ္ဇတနာပိ န ဓာနန္တိ၊ တသ္မာ အဋ္ဌကထာသု ဝုတ္တံ ပိသောဒရာဒိလက္ခဏံ ယံ ဝါ တံ ဝါ ဝဒန္တိ'ဟု ရေးသားဖူးပါသည်။ အဘာယာရာမဆရာတော်ကြီး၏ မောဂ္ဂလ္လာန်နိသျ၊ (စာမျက်နှာ-၅)။

၁၅။ ပထမကျော်ဘဒ္ဒန္တကေသရိန္ဒပ္ပဝတ္တိကထာ။(စာမျက်နှာ-၂၇) ရွှေဟင်္သာဆရာတော်ကြီး၏ ရွှေကျင်နိကာယသာသနာဝင်။ ၁၉၆၃-ခုနှစ်၊ (စာမျက်နှာ-၅၁၁)ကိုလည်း ရှုပါ။


၁၆။ စည်ရှင်ဆရာတော်၏ ဝိသုဒ္ဓါရုံသုတ်နက်ဋီကာ။ ၂၀၀၄-ခုနှစ်။ (စာမျက်နှာ-ခ)။

၁၇။ အခြားနာမ်ပိုင်း လိင်, ဝိဘတ်, အာချာတ်ပိုင်း ပစ္စည်း, ဓာတ်-စသည်ချုနည်းများကို လယ်တီဆရာတော်ကြီး၏ လယ်တီပုစ္ဆာအဖြေပေါင်းချုပ်ကျမ်း၊ ဒုတိယတွဲ။ (စာမျက်နှာ-၄၀၂၊ ၄၀၃၊ ၄၀၄၊ ၄၀၅) စသည်ကိုရှုပါ။

၁၈။ လယ်တီဦးကောဝိဒ၏ လယ်တီပဒမာလာကျမ်း၊ ပထမတွဲ။ ၁၉၆၃-ခုနှစ်။ (စာမျက်နှာ-တ)။ ရူပသိဒ္ဓိသည် ကစ္စည်းသဒ္ဒါကျမ်း၏ အခြေအရံရပ်ပြီး ကျမ်းဖြစ်သကဲ့သို့ မောဂ္ဂလ္လာန်သဒ္ဒါကျမ်း၏ အခြေအရံ ရပ်ပြီးကျမ်းများမှာ ပယောဂသိဒ္ဓိ=ပြယုဂ်ပြီး၊ ပဒသာဓနေ=ပုဒ်ပြီး၊ သုသဒ္ဒသိဒ္ဓိသဒ္ဒါပြီး စသည်ကျမ်းတို့ ရှိလေသည်။

၁၉။ ကျိုက်လတ်ဆရာချစ်၏ လယ်တီပဏ္ဍိတ(ဆောင်းပါး)။ လယ်တီပဏ္ဍိတ။ ၁၉၆၅-ခုနှစ်။ (စာမျက်နှာ-၁၄၅)။

၂၀။ ဆရာချောင်ဒူရီ၏ Philology of the Pali Language ကို ဆရာကြီးဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်) က ဘာသာပြန်ထားပြီး ဖြစ်ပါသည်။



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နံနက်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါဠိစာပေဌာန အရှင်ဝိသုတာဘိဝံသ က
နိုင်ငံတကာပါဠိသင်နည်းစနစ်နှင့် မြန်မာ့ရိုးရာပါဠိသင်နည်းစနစ် နှိုင်းယှဉ်လေ့လာချက်စာတမ်း"ကို
ဖတ်ကြားတင်သွင်းစဉ်

# နိုင်ငံတကာ ပါဠိစာပေသင်နည်းစနစ်နှင့် မြန်မာ့ရိုးရာ ပါဠိစာပေ သင်နည်းစနစ် နှိုင်းယှဉ်လေ့လာချက်သုတေသနစာတမ်း

အရှင်ဝိသုတာဘိဝံသ
ကထိက
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

ကမ္ဘာနှင့်အဝှန်း နိုင်ငံအတော်များများ၌ ပါဠိကို လေ့လာသင်ယူလျက် ရှိကြပါသည်။ မြန်မာနှင့် နိုင်ငံတကာ၏ ပါဠိသင်ယူလေ့လာမှုသည် ရည်ရွယ်ချက်ခြင်းမတူ ကွဲပြားခြားနားသည်။ မြန်မာအပါအဝင် သီရိလင်္ကာ၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား ဟူသော ထေရဝါဒ ငါးနိုင်ငံက ပါဠိကို ဘုရားဟော ပိဋကပါဠိ ပရိယတ္တိအဖြစ် လေ့လာသင်ယူခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာကို အားထုတ်ခြင်းဖြစ်ပါသည်။ သို့သော် နိုင်ငံတကာ၏ ပါဠိသင်ယူလေ့လာမှုကား ဘာသာစကားတစ်ခုကို လေ့လာသင်ယူခြင်း ဖြစ်ပါသည်။ အနောက်တိုင်းသားတို့သည် ပါဠိ သက္ကတ ပြာကတတို့ကို အိန္ဒိယ၏ ရှေးဟောင်းဘာသာစကားအဖြစ် လေ့လာသင်ယူကြပါသည်။

အနောက်တိုင်းသား သုတေသီတို့သည် ရှေးဟောင်းဘာသာစကား လေ့လာမှု၌ အထူးစိတ်ဝင်စားကြသည်။ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်စသော အနောက်တိုင်းသားအများစုသည် မိခင်ဘာသာစကားအပြင် ဂရိနှင့် လက်တင်ဘာသာစကားကိုလည်း တတ်ကြသည်ချည်းဖြစ်သည်။ ဤဥရောပဘာသာစကားအားလုံးသည် အင်ဒိုဥရောပဘာသာစကားမျိုးနွယ်ဝင် ဘာသာစကား ဖြစ်သည်။ ပါဠိသက္ကတနှင့် အဝေသ္တဟူသော ဣရာနီယန်ဟူသည့် အာရှတိုက်သုံးဘာသာစကားများသည်လည်း အင်ဒိုဥရောပမျိုးနွယ်ဝင် အင်ဒိုအာရိယန်ဘာသာစကား ဖြစ်သည်။ ထို့ကြောင့် အနောက်တိုင်းသား သုတေသီတို့အဖို့ ပါဠိ၊ သက္ကတ စသော အိန္ဒိယရှေးဟောင်းဘာသာစကားကို လေ့လာရာ၌ အိန္ဒိယတိုင်းရင်းသား ပဏ္ဍိတ်တို့ထက် ဝေါဟာရဉာဏ် အမြင်သန်သည်၊ အက္ခရကောသလ္လဉာဏ် သာသည်ဟု ဆိုရပါမည်။

ဂျိမ်းစ်ပရင့်ဆက်အမည်ရှိသော အနောက်တိုင်း သုတေသီပုဂ္ဂိုလ်ကြီးသည် အိန္ဒိယရှေးဟောင်းဒင်္ဂါးများမှာပါသည့် ကမ္ပည်းစာကို ဖတ်ရှုလေ့လာသည်။ ထိုဒင်္ဂါးများပါ '-၏အလှူ'ဟု အနက်ရသည့် 'သဒါနံ'ဟူသော ကမ္ပည်းစာထဲမှ ဒနှင့်နကို အခြေခံ၍ ဗြဟ္မီအက္ခရာနှင့် ရေးထိုးထားသော အသောကကျောက်စာများကို ဖတ်ရှုနိုင်ခဲ့သည်။ ဂျာမန်ပညာရှင် ဟုဗ်ဇ်က အသောကကျောက်စာများကို အကျအနဖတ်ပြီး သဒ္ဒါကျမ်းပင် ရေးသားခဲ့ပါသည်။ ဤသို့ အနောက်တိုင်းသား သုတေသီတို့ ကျားခုတ်ကျားခဲ ဖတ်ရှုရသော အသောကကျောက်စာများကို ရှေးယခင်က အိန္ဒိယတိုင်းရင်းသားတို့ပင် မဖတ်နိုင်ခဲ့ကြပါ။

ဤထက် စွမ်းနိုင်မှု ရှိပါသေးသည်။ ခရစ်နှစ် ၁၁၁၃-မှာ ရေးထိုးခဲ့သော ရာဇကုမာရ်ကျောက်စာ လေးဘာသာအနက်မှ ပျူဘာသာကျောက်စာကို အနောက်တိုင်း သုတေသီ စီ၊အိုဗလက်ဒင်က ဖတ်ရှုပေးခဲ့ပါသည်။ ဤပညာရှင်ကြီး၏ ကျေးဇူးကြောင့် ဆရာကြီး ဦးသာမြတ်က 'ပျူဖတ်စာ'ကို ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။

အနောက်တိုင်း သုတေသီတို့သည် မိမိတို့လေ့လာတွေ့ရှိသော ရှေးဟောင်းဘာသာစကားကို ခြေခြေမြစ်မြစ်လေ့လာပြီး မိမိတို့ ဆိုင်ရာ ဘာသာစကားနှင့် ဘာသာပြန်ရုံမျှမက ထိုဘာသာစကားနှင့် သက်ဆိုင်သည့် သဒ္ဒါစည်းကမ်းများကိုလည်း ရေးသားဖော်ပြခဲ့ကြပါသည်။ ပါဠိနှင့် ပတ်သက်၍ သဒ္ဒါနှင့် အဘိဓာန်ကိုလည်းကောင်း၊ သက္ကတနှင့် ပတ်သက်၍ သဒ္ဒါနှင့်အဘိဓာန်ကိုလည်းကောင်း၊ မိဿကသက္ကတနှင့် ပတ်သက်၍ သဒ္ဒါနှင့်အဘိဓာန်ကိုလည်းကောင်း ပြုစုခဲ့ကြပါသည်။ ခရောဋ္ဌီအက္ခရာနှင့်ရှိသော ဂန္ဓာရီ ဓမ္မပဒကိုလည်း ဆိုင်ရာဆိုင်ရာ ကျမ်းဂန်များနှင့် နှိုင်းယှဉ်တင်ပြရုံမျှမက သဒ္ဒါသဘောတရားတို့ကိုလည်း လေ့လာတင်ပြထားပါသည်။ ပါဠိသက္ကတနှင့်ပတ်သက်၍ ဂျာမန်ဘာသာနှင့်လည်း အပြည့်အစုံ လေ့လာနိုင်သည်။ ပြင်သစ်ဘာသာနှင့်လည်း အပြည့်အစုံ လေ့လာနိုင်သည်။ ဤမျှမက ပါဠိ သက္ကတ စာပေသမိုင်းကိုလည်း ပညာရှင်အသီးသီးက ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားပြုစုခဲ့ကြပါသေးသည်။ ပါဠိစာပေသမိုင်းဆိုပါကလည်း ပါဠိဘာသာနှင့်ရှိသော ထေရဝါဒပိဋကအပြင် သက္ကတဘာသာနှင့်ရှိသော ထေရဝါဒပိဋကကိုပါ ပူးတွဲဖော်ပြ

ထားပါသည်။ ထို့ပြင် မိဿကသက္ကတဘာသာနှင့်ရှိသည့် ကျမ်းစာများ၊ မဟာယာနကျမ်းစာများ၊ ဂိုဏ်းပိဋကများကိုပါ တင်ပြထားပါသည်။ ပညာရှင်အသီးသီးတို့၏ ပါဠိ သက္ကတဆိုင်ရာ စာအုပ်စာတမ်းများသည် နိုင်ငံတကာတက္ကသိုလ်အသီးသီး၌ ပါဠိစာပေလေ့လာသင်ယူရာတွင် များစွာအထောက်အကူပြုပါသည်။ ပါဠိသဒ္ဒါကို ပြုစုရာတွင်လည်း ကစ္စည်းသဒ္ဒါကြီးလာ ရုပ်အစီအရင်များသာမက သက္ကတသဒ္ဒါကျမ်းလာ ရုပ်အစီအရင်များကိုပါ နှိုင်းယှဉ်ဖော်ပြထားပါသည်။ အနောက်တိုင်း သုတေသီတို့ ဤသို့ နှိုင်းယှဉ်တင်ပြနိုင်ခြင်းမှာ မိမိတို့၏ မိခင်ဘာသာစကားနှင့် ပါဠိ သက္ကတတို့ ဘာသာစကား မျိုးနွယ်ချင်းတူနေ၍ ဖြစ်ပါသည်။ ပါဠိ သက္ကတ အိရန်ဟူသော အာရှတိုက်သုံး ဘာသာစကားသည် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ ဂရိ၊ လက်တင်စသော ဥရောပ ဘာသာစကားများနှင့် မောင်နှမသားချင်းဘာသာစကားဖြစ်သည်။ "အင်ဒိုဥရောပဘာသာစကား"ဟု ဘာသာဗေဒပညာရှင်တို့ ခေါ်ကြပါသည်။ ဤအင်ဒိုဥရောပဘာသာစကားတွင် ပါဝင်သည့် ပါဠိ သက္ကတ အိရန်တို့ကို "အင်ဒိုအာရိယန်အနွယ်"ဟု သတ်မှတ်ပါသည်။ မိမိတို့နှင့် ဘာသာစကားမျိုးနွယ် တူခြင်းသည်လည်း အနောက်တိုင်းသားတို့အဖို့ ပါဠိ သက္ကတကို စိတ်ဝင်စားမှု ပိုမိုခြင်း ဖြစ်နိုင်စရာ ရှိပါသည်။

နိုင်ငံတကာ သုတေသီတို့က ပါဠိသဒ္ဒါကျမ်းများကို သက္ကတသဒ္ဒါနှင့် နှိုင်းယှဉ်တင်ပြရေးသားကြသော်လည်း ကစ္စည်းသဒ္ဒါကြီး အပါအဝင် ပါဠိသဒ္ဒါကျမ်းများက ပါဠိသဒ္ဒါကို ဇိနဝစနယုတ္တံဟိ-

ဘုရားဟော ပါဠိတော်အား လျောက်ပတ်စွာသာ ဖော်ပြကြပါသည်။ သဒ္ဒနီတိဓာတုမာလာလောက်ကသာ သက္ကတဓာတ်များနှင့် ယှဉ်တွဲ ဖော်ပြခြင်း ရှိပါသည်။ ကစ္စည်း၏အခြေအရံကျမ်းများဖြစ်သော ရူပသိဒ္ဓိ၊ မောဂ္ဂလာန်မှအစ သဒ္ဒါငယ်ကျမ်းအများစုမှာ ပါဠိသဒ္ဒါနည်းသက်သက်ကိုသာ ဖော်ပြကြပါသည်။ ဤခြားနားချက်ကြောင့်ပင်လျှင် နိုင်ငံတကာ ပါဠိသင်နည်းနှင့် မြန်မာ့ရိုးရာ ပါဠိသင်နည်းစနစ်တို့ ကွဲပြားခြားနား ခြင်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ပါဠိသင်နည်းသည် ပါဠိသဒ္ဒါကို အရေးထားသည်။ 'သဒ္ဒါတတ်မှ စာတတ်သည်' ဟူသော ခံယူချက်ဖြင့် သဒ္ဒါကို ဦးစားပေးသည်။ သို့မှလည်း ဘုရားဟော ပိဋကကို နေရာကျကျ နားလည်မည်ဟု ယုံကြည်ယူဆပါသည်။ သဒ္ဒါကို မည်မျှ ဦးစားပေး ပါသနည်းဆိုသော် 'သဒ္ဒါကိုးခေါက် စာပြိုးပြောက်' ဟူ၍ အဆိုရှိသည်။ သဒ္ဒါကို ကိုးခေါက်ပေါက်အောင် သင်ယူသူတို့သည်ပင် စာကို ဟုတ်ဟုတ်ငြားငြား မတတ်သေး၊ ပြိုးပြိုးပြောက်ပြောက်လောက်သာ တတ်သေးသည်ဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံစာသင်သားသည် သဒ္ဒါကို စတင်သင်ကြားရသည်နှင့် သုတ်စဉ်ကို အရကျက်ရသည်။ သုတ်စဉ်အရအမိရှိမှ နောင် သုတ်၊ ဝုတ္တိကို သင်ရသောအခါ ရပ်တွက်ရာတွင် မည်သည့်သုတ်ဖြင့် ဤသို့ စီရင်သည်ကို နားလည်နိုင်မည်ဖြစ်သည်။ သုတ်ကလည်း သညာသုတ်၊ အဓိကာရသုတ်၊ ပရိဘာသာသုတ်၊ ဝိဓိသုတ်ဟူ၍ လေးမျိုးရှိသည်။ မည်သည့်သုတ်က မည်သည့်အမျိုးအစားဖြစ်သည်၊ မည်သို့ အသုံးချ

ရသည်ကိုလည်း နားလည်ရသည်။

သဒ္ဒါရုပ်တွက်ရာတွင်လည်း နာမ်ပိုင်းဆိုင်ရာရုပ်တို့ကို ဇိနဝံသ ယုတ္တံ ဟိ-ဘုရားဟောပါဠိတော်အား လျောက်ပတ်စွာသာ ပုဒ်တည် ရပါသည်။ သဒ္ဒါနည်းအားဖြင့် မည်သို့ ရုပ်စီရင်နိုင်သည်ဖြစ်စေ ဘုရားဟော ပါဠိတော်မှာရှိသော ပုဒ်ကိုသာ ဦးစားပေးသည်။ ထို့ကြောင့် သက္ကတသဒ္ဒါနည်းဖြင့် စီရင်၍ ရုပ်ပြီးသော ပုဒ်တို့ကို ပါဠိတော်နှင့် မညီက အရာမသွင်းဘဲ ရှောင်သည်။ သက္ကတသဒ္ဒါနည်းဖြင့် ရုပ် အစီအရင် ခက်နိုးရာကိုလည်း ပါဠိသဒ္ဒါနည်းဖြင့် လွယ်ကူအောင် ဖန်တီးယူသည်။ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်ဟု ဆိုအပ်သော လိင် သုံးပါးနှင့်ဆက်ဆံသော နာမနာမ်၊ သဗ္ဗနာမ်၊ သမာသ်နာမ်၊ တဒ္ဓိတ် နာမ်၊ ကိတ်နာမ်ဟူသော နာမ်ငါးပါးကို ခွဲခြမ်းစိတ်ဖြာ လိမ္မာကျွမ်းကျင် အောင်သင်ခြင်း၊ အံခြင်း၊ နှလုံးသွင်းခြင်း၌ အမြဲဂရုပြုသည်။

ကမ္ဘာဦးလူတို့ ခေါ်ဝေါ်ရင်း နာမသဒ္ဒါ၊ ထိုနာမသဒ္ဒါ၏ သာမညဖြစ်၍ ဝိသေသထုတ်ဆိုအပ်သော နာမ်ငါးပါး၊ ထိုနာမ်ငါးပါး တို့နှင့်ဆက်ဆံသော လိင်သုံးပါးကို သဒ္ဒါနည်းရှိသည့်အတိုင်း နေရာကျ မသိက လိင်, ဝုစ်, ကာံ, ကတ္တား, ကြိယာ စသည်တို့ကို နေရာကျ မဆုံးဖြတ်နိုင်ချေ။ ယင်းသို့ မဆုံးဖြတ်နိုင်က ဥဒယဗ္ဗယကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏ ဥဒက-ဗက ဟူသော ပုဒ် ဗျည်း သဒ္ဒါ အက္ခရာ ပျက်ယွင်းသဖြင့် ရွတ်အပ်သောသဒ္ဒပဗန္ဓဖြင့် ဓမ္မာဘိ သမယသို့ မရောက်နိုင်သကဲ့သို့ ဖြစ်သည်။ သဒ္ဒါနည်း၌ လိမ္မာမှ ပုဒ် ဗျည်း သဒ္ဒါ မပျက်မယွင်းအောင် ရွတ်ဖတ်သရဇ္ဈာယ်နိုင်သဖြင့်

မွှာဘိသမယသို့ ရောက်နိုင်မည်။ သို့ဖြစ်သောကြောင့် လိင်သုံပါး တို့နှင့် ဆက်ဆံသော ငါးပါးစသော သဒ္ဒနယ၊ သဒ္ဒဝိနိစ္ဆယများ၌ ကျွမ်းကျင်လိမ္မာအောင် သင်ခြင်း၊ အံခြင်း၊ ကြံခြင်းစသည်တို့ကို ကြိုးစား အားထုတ်ကြခြင်း ဖြစ်ပါသည်။

ပါဠိသဒ္ဒါအရေးကြီးပုံကို 'နှစ်ဆဲ့တစ်တန်၊ အပါဒါန်၊ သမ္မှန် အဖြာဖြာ' ဟူ၍ ကဝိလက္ခဏာသတ်ပုံ(အမှတ်-၅၀၈)က ဆိုသည်ကို ကဝိလက္ခဏာဒီပနီဆရာက အောက်ပါအတိုင်း ဖွင့်ပြထားပါသည်။

''ကစ္စည်းသဒ္ဒါကျမ်း-ကာရကတွင် ဒူရန္တိသုတ်ဖြင့် ပြအပ် သော အပါဒါန်နှစ်ဆယ်ဟူသည်-

၁။ ဒူရတ္ထအပါဒါန်
၂။ အန္တိကတ္ထအပါဒါန်
၃။ အဒ္ဓနိမ္မာနအပါဒါန်
၄။ ကာလနိမ္မာနအပါဒါန်
၅။ တ္ယာလောပအပါဒါန်
၆။ ဒိသာယောဂအပါဒါန်
၇။ ဝိဘတ္တအပါဒါန်
၈။ အာရပ္ပယောဂအပါဒါန်
၉။ သုဒ္ဓအပါဒါန်
၁၀။ ပမောစနအပါဒါန်
၁၁။ ဟေတွတ္ထအပါဒါန်
၁၂။ ဝိဝိတ္တတ္ထအပါဒါန်

၁၃။ ပမာနအပါဒါန်
၁၄။ ပုဗ္ဗယောဂအပါဒါန်
၁၅။ ဗန္ဓနအပါဒါန်
၁၆။ ဂုဏာဝစနအပါဒါန်
၁၇။ ပဥှာအပါဒါန်
၁၈။ ကထနအပါဒါန်
၁၉။ ထောကအပါဒါန်
၂၀။ အကတ္တုအပါဒါန် ဟူ၍နှစ်ဆယ်၊

စ-သဒ္ဒါနှင့်ပြအပ်သော တဒညအပါဒါန်နှင့်သော် နှစ်ဆဲ့တစ်ပါးဖြစ်၏။

သမ္ပဒါန်မှာ သံသမ္ပဒါန်၊သာမိသမ္ပဒါန်၊သမူဟာသမ္ပဒါန်၊ အဝယဝသမ္ပဒါန်၊သမီပသမ္ပဒါန်၊ဌာနသမ္ပဒါန်၊ဝိကာရသမ္ပဒါန် စသောအားဖြင့် အရာမက များလေသည်။

ဤစကားရပ်ဖြင့် အပါဒါန်သဘော၊ သမ္ပဒါန်သဘောများ သိရသည်ဟူရကား ယင်းနှင့်ယှဉ်ဖက်ဖြစ်သော ကာရက ငါးပါး၊ အကာရက ငါးပါး၊ ထိုထိုသဒ္ဒါနည်းများကို တတ်သိလိမ္မာစေရမည်။ သဒ္ဒါနည်းကို လိမ္မာစေရမည် ဆိုသဖြင့်လည်း ယင်းနှင့် ယှဉ်ဖက်ဖြစ်သော အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်းတို့ကိုလည်း တတ်သိလိမ္မာစေရမည်။ ယင်းသို့ တတ်သိလိမ္မာသဖြင့် အက္ခရာ၌ မတွေမဝေ သိမြင်နိုင်ခြင်း၊ သဒ္ဒါ၌လည်းကောင်း၊အနက်၌လည်းကောင်း မတွေမဝေ

သိမြင်နိုင်ခြင်း၊ ယင်းသို့ သိမြင်နိုင်သဖြင့်လည်း ဟောတော်မူအပ်သော ပိဋကသုံးပုံ၊ ဓမ္မက္ခန္ဓာအပေါင်း၌ ဝိမုတ္တိရသ အစစ်ဖြစ်ကြောင်း သိရမည်။ ဤသို့ ဝိမုတ္တိရသကို သိမှ ဟောတော်မူတိုင်း ကျင့်ဆောက်တည်သဖြင့် မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်မည်ဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို အလိုရှိသော အမျိုးကောင်းသားတို့သည် ပြဆိုခဲ့ပြီးသည့်အတိုင်း အဆင့်ဆင့် တတ်မြောက်ကျွမ်းကျင် သိမြင်လိမ္မာအောင် အားထုတ်ရမည်"

ပါဠိသဒ္ဒါကို သင်ယူရခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားဟောပါဠိတော်ကို သိနားလည်ရခြင်း၊ သိသည့်အတိုင်း ကျင့်ကြံနိုင်ရခြင်း ဖြစ်သည်။

ဧဝ-သဒ္ဒါလည်း ပါဠိအဋ္ဌကထာ ဋီကာ၌ အရေးကြီးပါသည်။

ဧဝ-သဒ္ဒါ၏အနက်သည်-

| | | |
|---|---|---|
| နိဝတ္တေတဗ္ဗတ္ထ | - | နစ်စေအပ်သောအနက် |
| ဂဟေတဗ္ဗတ္ထ | - | ယူအပ်သောအနက် |
| အနုညာတတ္ထ | - | ခွင့်ပြုစေအပ်သော အနက် |

အားဖြင့် သုံးပါးပြားသည်။

ထို့ကြောင့် ထိုအနက်သုံးပါးကို သိခြင်းစသော သဒ္ဒနယတို့၌ လိမ္မာစေရမည်-ဟူ၍ အဆုံးအမရှိပါသည်။

ပိဋကပင်လယ်ကို ကူးခတ်နိုင်ရန်အတွက် မြန်မာ့ရိုးရာ ပါဠိသင်နည်းစနစ်မှာ ဆုပ်ဆုပ်ပိုင်ပိုင် ရှိသည်။ နည်းပေါင်းစုံသည်။ ထို့ကြောင့်လည်း စာစပ်နိုင်ကြသည်။ ဝါကျရေးပိုင်ကြသည်။ ဤစွမ်း

ရည်ကြောင့်ပင် မြန်မာနိုင်ငံဖြစ် သဒ္ဒါဆိုင်ရာကျမ်းများ၊အဘိဓမ္မာဆိုင်ရာကျမ်းများကို ပါဠိဘာသာဖြင့် ရေးသားကာ ပါဠိစာပေသမိုင်းတွင် တံခွန်ထူကာ နေရာယူနိုင်ခြင်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာပါဠိသင်နည်းစနစ်သည် အနှိုင်းဘာသာဗေဒဖြင့် နှိုင်းယှဉ်လေ့လာမှုမပါသော်လည်း သူ့နည်းနှင့်သူ ရပ်ပြီးအောင် စီရင်နိုင်သည်။ ဥပမာ-ကစ္စည်းသဒ္ဒါကြီးလာ 'ဒေါ ခဿ စ' သုတ်ဆိုလျှင် ခ-ကို ဒ-ပြုရသော သုတ်ဖြစ်သော်လည်း စ-သဒ္ဒါဖြင့် ယ-ကို ဇပြု၊ က-ကို ဂ-ပြု စသည်ဖြင့် အစီအရင်များစွာပါဝင်သည်။ ဤအစီအရင်သည် ပြာကတသဒ္ဒါအပေါ်၊ သဒ္ဒဗေဒအပေါ်၊ ဘာသာဗေဒအပေါ် အခြေခံသည်။ ဤလိုသုတ်မျိုး ကစ္စည်းသဒ္ဒါမှာ ပါဝင်နေခြင်းသည် ကစ္စည်းသဒ္ဒါကြီး၏ တန်ဖိုးပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာ့ရိုးရာပါဠိသင်နည်းတွင် ကစ္စည်းသဒ္ဒါကြီးကို လက်မလွှတ်ခြင်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ပါဠိသင်နည်းစနစ်က သဒ္ဒါနှင့်သင်္ဂြိုဟ်ကို အခြေခံကျကျ မိမိရရရှိအောင် သင်ကြားပို့ချပေးသည်။ သဒ္ဒါဆိုလျှင် သုတ်စဉ်နှင့်တကွ ရုပ်အစီအရင် ကျွမ်းကျွမ်းကျင်ကျင် ရှိရသည်။ သင်္ဂြိုဟ်ဆိုလျှင်လည်း သရုပ်ကွဲရသည်။ စိတ်ယှဉ် စေတသိက်ယှဉ်နိုင်နင်းရသည်။ သို့မှလည်း နောင်အဘိဓမ္မာကို လေ့လာသင်ယူသောအခါ လွယ်ကူသည်။ ပါဠိသဒ္ဒါကိုလည်း သဒ္ဒါချည်းသက်သက်မဟုတ်ဘဲ ကဝိလက္ခဏာဘာသာရပ်တွင် အသုံးဝင်သည့် အဘိဓာန်၊ အလင်္ကာ၊ ဆန်းတို့ကိုပါ သင်ကြားပို့ချပေးသည်။ ခရစ်နှစ် ၁၄၄၂-

ခုနှစ်ထိုး တက်နွဲကျောင်းကျောက်စာအရ သဒ္ဒါမျိုး ငါးဆဲ့ခြောက်ကျမ်း ရှိကြောင်းသိရသည်။ ထို့ကြောင့် ဓမ္မာစရိယစာချတန်းကျမ်းစာများကို လေ့လာသောအခါ ပါဠိတော်အားဖြင့် သုတ္တန်ပိဋကမှ သီလက္ခန်ပါဠိ၊ ဝိနည်းပိဋကမှ ပါရာဇိကဏ်ပါဠိ၊ အဘိဓမ္မပိဋကမှ ဓမ္မသင်္ဂဏီပါဠိ အပြင် ယင်းတို့နှင့် သက်ဆိုင်သော သီလက္ခန်အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ အဋ္ဌသာလိနီတို့ကို အတက် အထွက်နှင့်တကွ နေတ္တိ ကောက်၊ ဉာဏ်ကောက်စသည်တို့ကို ပိုင်နိုင်ရသည်။ အဘိဓမ္မာဆိုင်ရာ သရုပ်သကန်ကိုလည်း ထိထိမိမိရှိရသည်။

ထို့ကြောင့် ရှေးပဝေဏီမှစ၍ ယနေ့တိုင် မြန်မာ့ရိုးရာ ပါဠိ စာပေသင်နည်းစနစ် ခိုင်မာနေဆဲ ဖြစ်ပါသည်။ ဤသို့ အစဉ်အလာ ကောင်းလှသော မြန်မာ့ရိုးရာပါဠိသင်နည်းစနစ်ကို နိုင်ငံတကာ ပါဠိ သင်နည်းစနစ်နှင့် နှိုင်းယှဉ်သင်ကြားပို့ချပါက ပါဠိစာပေဆိုင်ရာ ကျမ်းဂန် သဘောတရားတို့ကို အချိန်တိုအတွင်းမှ ဆုပ်ဆုပ်ပိုင်ပိုင် သိနိုင်စရာ ရှိပါသည်။ ချုပ်၍ ဆိုရလျှင် မြင်းကို ချိုတပ်ပေးသည်နှင့် တူနိုင်ပါသည်။

နိုင်ငံတကာ ပါဠိသင်နည်းစနစ်မှာ ပေါ့ပါးသည်။ နိုင်ငံခြား သား ကျမ်းပြုပုဂ္ဂိုလ်များမှာ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စသော မိခင် ဘာသာစကားကိုသာမက ဂရိ၊ လက်တင်ကဲ့သို့သော ရှေးဟောင်း ဘာသာစကားကိုလည်း တတ်ကြသည်။ ထို့ကြောင့် ထိုပညာရှင်တို့ ပြုစုသော ကျမ်းများတွင် ဆိုင်ရာဆိုင်ရာနေရာ၌ ဂရိ၊ လက်တင်တို့နှင့် နှိုင်းယှဉ်ဖော်ပြထားသည်များ ပါဝင်သည်။ ပါဠိကို လေ့လာပြီဆိုလျှင်

ပါဠိနှင့်နီးနွယ်သော သက္ကတကိုပါ တွဲဖက်လေ့လာသည်ဖြစ်ရာ သင်ကြားပို့ချရာတွင်လည်း တွဲဖက်သင်ကြားပေးသည်။ ရှေးဦးစွာ သက္ကတဝေါဟာရနှင့် ပါဠိဝေါဟာရများကို နှိုင်းယှဉ်လေ့လာသော ဘာသာဗေဒ၊ သဒ္ဒဗေဒကို သင်ရသည်။ ဤနှိုင်းယှဉ်လေ့လာမှုအရ သရသံအပြောင်းအလဲ၊ ဗျည်းသံအပြောင်းအလဲ အနည်းငယ် ရှိရုံမှလွဲ၍ အနက်မှာ မကွဲပေ။ ဤဘာသာဗေဒ, သဒ္ဒဗေဒကို လေ့လာရာ၌ ပါဠိမှာ မရှိသော သက္ကတသရ ရိ၊ လိ၊ အိုင်း၊ အောင်းတို့ ပါဠိဘာသာမှာ မည်သည့်သရဖြင့် အစားထိုးပြောင်းလဲသုံးစွဲထားသည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် ရိ-သရ၏ အဆာကျယ်မှုသည် ပါဠိကို လေ့လာရာ၌ လွန်စွာကျေးဇူးများသည်ကို တွေ့ရပါသည်။ ဤသို့ သရတစ်ခုတည်းက ပါဠိဘာသာ၌ အ၊ အာ၊ ဣ၊ ဥ၊ ဧ၊ ဩ-ဟူ၍ အမျိုးမျိုး အထွေထွေ ဖြစ်နိုင်ပါသည်။

ရိ-သရ မည်မျှ အဆာကျယ်သနည်းဆိုသော် ကြွေးမြီဟု အနက်ရသော သက္ကတပုဒ် ရိဏသည် ပါဠိ၌ ဣဏ-ဟု ရှိသည်။ ရိ-မှ ဣဖြစ်လာသည်ဟု ဆိုရပါမည်။ သို့သော် ကြွေးမြီကင်းသော ဟုအနက်ရသော သက္ကတပုဒ် အန်ရိဏ(အနရိဏ)သည် ပါဠိ၌ အနဏ ဖြစ်လာသည်။ ရိမှ အ-သို့ ပြောင်းသွားသည်ဟု ဆိုရပါမည်။ တစ်ဖန် ရိသဘဟူသော သက္ကတပုဒ်သည် ဥသဘဟူသော ပါဠိနှင့် အတူတူပင် ဖြစ်သည်။ သို့သော် အာသဘ၊ နရာသဘစသော ပါဠိပုဒ်တို့၌ကား ရိ မှ အာ-သို့ ပြောင်းသွားသည်ဟု ဆိုရပါမည်။

နိုင်ငံတကာ ပါဠိသင်နည်းအရ ပါဠိသဒ္ဒါကို သက္ကတသဒ္ဒါနှင့် နှိုင်းယှဉ်သင်ကြားလေ့ရှိသဖြင့် ပါဠိသဒ္ဒါ၌ ခက်နိုးသည်ဟု ဆိုရသော ရုပ်အစီအရင်များ လွယ်ကူချောမွေ့သည်ကို တွေ့ရပါသည်။ ဥပမာ- 'သန္ဓိမှာ ဒေါ၊ နာမ်မှာ ဂေါ'ဟု ဆိုရိုးရှိသည်။ သန္ဓိမှာ ဒေါ-ဆိုသည်မှာ သန္ဓိကပ္ပ၌ ဒေါ ဓဿ စ သုတ်၏ အဆာကျယ်ပုံကို ဆိုလိုခြင်းဖြစ်၍ နာမ်မှာ ဂေါ-ဆိုသည်မှာ ဂေါသဒ္ဒါ၏ ရုပ်စီရင်ပုံထွေပြား၍ ဖြစ်ပါသည်။ ဂေါသဒ္ဒါ၏ ရုပ်စီရင်ပုံကို သက္ကတနှင့်သာ နှိုင်းယှဉ်လေ့လာပါက အလွန်လွယ်ကူသည်ကို တွေ့ရပါသည်။

ဂေါ-ကို နာမ်ဝိဘတ်သွယ်ရာတွင် ကတ္တား၊ ဧကဝုစ်မှလွဲ၍ ကျန်ကာရကအားလုံး၏ ဧကဝုစ်ကိန်းများကို အကာရန္တ ပုလ္လိင်အတိုင်း ဝိဘတ်သွယ်နိုင်ပါသည်။ သက္ကတသဒ္ဒါသဘောအရ ဂေါသဒ္ဒါကို အားကြီး၊ အားနည်း ခွဲသည်ဖြစ်ရာ အားနည်းသောပုဒ်အရ ဂေါ-သည် ဂေါပဲဖြစ်၍ အားကြီးသောပုဒ်အရ ဂေါသည် ဂေါင် ဖြစ်လာပါသည်။ ဤဂေါင်သည် သရနှင့်စသော ဝိဘတ်ရှေ့၌ ဂဝ်နှင့် ဂါဝ်-ဟူ၍ ဖြစ်လာပါသည်။ သက္ကတသဒ္ဒါက အားကြီးအားနည်း ခွဲစေကာမူ ပါဠိကမူ မခွဲချေ။ ထို့ကြောင့် ရုပ်ပြီးပုံနှစ်မျိုးနှစ်ထွေ ဖြစ်နေခြင်းဖြစ်ပါသည်။ ရံဖန်ရံခါ ဂေါသည် ဂု-သို့ ပြောင်းတတ်ပါသည်။ ထို့ကြောင့် စတုတ္ထီနှင့် ဆဋ္ဌီဗဟုဝုစ်တွင် ဂေါနံ၊ ဂုန္နံ-ဟု ရှိနေခြင်းဖြစ်ပါသည်။ အောက်ပါပုံစံကိုကြည့်ပါ-

## ဂေါ-ကို နာမ်ဝိဘတ်သွယ်ပုံ

| | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ကတ္တာ | ဂေါ | ဂဝေါ၊ ဂါဝေါ |
| အာလပန | ဂေါ | ဂဝေါ၊ ဂါဝေါ |
| ကမ္မ | ဂဝံ၊ ဂါဝံ | ဂဝေါ၊ ဂါဝေါ |
| ကရဏ | ဂဝေန၊ ဂါဝေန | ဂေါဟိ |
| အပါဒါန | ဂဝါ၊ ဂါဝါ၊ ဂဝသ္မာ၊ ဂါဝသ္မာ | ဂေါဟိ |
| သမ္ပဒါန | ဂဝဿ၊ ဂါဝဿ | ဂေါနံ၊ ဂါဝံ၊ ဂုန္နံ |
| သာမိ | ဂဝဿ၊ ဂါဝဿ | ဂေါနံ၊ ဂါဝံ၊ ဂုန္နံ |
| ဩကာသ | ဂဝေ၊ဂါဝေ၊ဂဝသ္မိံ၊ဂါဝသ္မိံ | ဂေါသု၊ဂဝေသု၊ ဂါဝေသု |

ပါဠိ၌မရှိသော ရိ-သရအဆုံး နာမ်များဖြစ်သည့် မာတာ၊ ပိတာ၊ သတ္တာတို့ကို ဝိဘတ်သွယ်ရာ၌လည်း ကတ္တာ၊ အာလပန၊ ကမ္မမှလွဲလျှင် ကျန်ကာရကအားလုံးကို မာတာအတွက် ဥကာရန္တ ဣတ္ထိလိင်၊ ပိတာ, သတ္တာအတွက် ဥကာရန္တ ပုလ္လိင်ကဲ့သို့ ဝိဘတ် သွယ်လျှင် ရပ်ပြီးပါသည်။ သို့သော် ဤရုပ်များနှင့်ပတ်သက်၍ စဉ်းစား စရာ ရှိနေပါသည်။ အနှိုင်းဘာသာဗေဒအရ မာတာ၊ ပိတာ၊ သတ္တာ တို့သည် ရိ-သရဆုံး တစ်နည်း ရ်-ဆုံးနာမ်များ ဖြစ်ပါသည်။ ပါဠိ အရာမှ ယင်းတို့သည် ဥ-သရဆုံးချည်း ဖြစ်နေသည်မှာ ထူးခြားပါ သည်။ ယင်းတို့ပါဝင်သော သမာသ်ပုဒ်ကို ကြည့်ပါကလည်း ဥ-သည် အခြေခံဖြစ်နေသည်ကို တွေ့ရပါသည်။ မာတုပေါသက၊ မာတု ဃာတက၊ ပိတုဃာတက၊ သတ္ထုဝစန စသည်တို့ကို ကြည့်ပါ။ ဥ-

သရအခြေခံ ဖြစ်နေ ပါသည်။ မည်သို့ဆိုစေ သက္ကတသဒ္ဒါနည်းနှင့် နှိုင်းယှဉ်လေ့လာပါက လွယ်ကူသည်မှာ မငြင်းသာပါ။

ထို့ပြင် န်-ဆုံး၊ သ်-ဆုံး နာမ်များကို ဝိဘတ်သွယ်ရာ၌ သက္ကတသဘောကို နားလည်ပါက ကရဏမှ သြကာသတိုင် ကာရက ငါးခု၏ ဧကဝုစ်ကိန်းအားလုံးသည် ပုံစံတူဖြစ်ပါသည်။ အတ္တ(အတ္တန်) ၏ ရုပ်အစီအရင်သည် နာ၊ နာ၊ နော၊ နော၊ နိဖြင့်ဆုံး၍ မန(မနသ်) ၏ ရုပ်အစီအရင်သည် သာ၊ သာ၊ သော၊ သော၊ သိဖြင့် ဆုံးပါသည်။ ရာဇာ(ရာဇန်)ကို ဝိဘတ်သွယ်ရာ၌ကား တည်ပုဒ်၏ အားကြီး၊ အားနည်း ကွဲပြားသဖြင့် ရုပ်ဖြစ်ပုံ ကွဲပြားသည်။ ဤရာဇာကို ပါဠိသဒ္ဒါက ရာဇ-ဟူ၍ အ ကာရန္တ၊ ရာဇုဟူ၍ ဥ ကာရန္တ၊ ရာဇိဟူ၍ ဣ ကာရန္တ အမျိုးမျိုး ပုဒ်တည်သည်။ ဤတည်ပုဒ်များအရ ပါဠိနှင့်တူသဖြင့် ရုပ်စီရင်ရလွယ်သည်။ သို့သော် သက္ကတနည်းအရ ဖြစ်လာသော ရုပ်များ အရကြည့်မူ ရာဇ(န်)သည် ရာဇန်၊ ရာဇာန်ဟု အားကြီးသော တည်ပုဒ် ဖြစ်လာ၍၊ ရညဟူ၍ အားနည်းသော ပုဒ်ဖြစ်သည်။ ထို့ကြောင့် ကရဏမှ သြကာသထိ ဧကဝုစ်၊ ဗဟုဝုစ်ရုပ်များကို ရညနှင့်ချည်း ရုပ်စီရင်ထားပါသည်။ ထို့ကြောင့် ရာဇ၏ ဧကဝုစ်ရုပ်ပြီးပုံသည် ကရဏမှ သြကာသထိ ညာ၊ ညာ၊ ညော၊ ညော၊ ညေဖြင့် ဆုံးပါသည်။

ကြိယာဝိဘတ်သွယ်ရာ၌လည်း ဓိဓာတ်မှ ဇယတိ၊ ဘူဓာတ်မှ ဘဝတိဖြစ်ပုံမှာ ပါဠိသက္ကတ နှစ်ဝလုံး၌ တူညီသော်လည်း ပါဠိ၌မူ ဇယတိအပြင် ဇေတိဟူ၍လည်း ရှိသေးသည်။ ဘဝတိအပြင် ဘောတိ

ဟူ၍လည်း ရှိသည်။ ပြာကတသဒ္ဒါ၌ ဘ၀တိမှ ဘောတိ၊ သို့မဟုတ် ဘောဒိဟု ရုပ်မြဲသော်လည်း ပါဠိ၌မူ ဥပသာရပုဒ်ပါမှသာ ဘောတိ ဖြစ်သည်။ အနုဘောတိ၊ ပစ္စနုဘောတိလို ပုဒ်မျိုးဖြစ်သည်။ ဤသို့ ဖြစ်ရာ၌ ဇယတိမှ ဇေတိဖြစ်ပုံ၊ ဘ၀တိမှ ဘောတိဖြစ်ပုံနှင့် ပတ်သက်၍ ပါဠိသဒ္ဒါ၌ ရုပ်စီရင်ပုံ အားနည်းသည်ကို တွေ့ရပါသည်။ ဘာသာဗေဒ ကိုသာ နားမလည်ပါက သမ္ပသာရဏနည်းအရ အယကို ဧ-သို့၊ အ၀ ကို ဩ သို့ ချုံ့ခြင်းကြောင့် ဤသို့ဖြစ်ရသည်ကို သဘောပေါက်စရာရှိပါသည်။

နိုင်ငံတကာ ပါဠိသင်နည်းစနစ်က ပါဠိကို ပင်တိုင်ထား၍ ယင်းနှင့်ဆက်နွယ်သည့် သက္ကတ၊ ပြာကတတို့ကိုလည်း သင်ကြားပို့ချသည်။ ဤသည်မှာ မြန်မာ့ရိုးရာ ပါဠိသင်နည်းနှင့် အဓိကခြားနားချက် ဖြစ်သည်။

ပါဠိသဒ္ဒါကျမ်းကရော နိုင်ငံတကာ ပါဠိသဒ္ဒါကျမ်းကပါ ကာရကအသုံးအနှုန်းကို ဖော်ပြပါသည်။ ပါဠိသဒ္ဒါက သုတ်အစီအရင်အရ ရောနှောဖော်ပြသော်လည်း နိုင်ငံတကာ ပါဠိသဒ္ဒါကျမ်းများကမူ ကာရကတစ်ခုချင်းကို စနစ်တကျ ဖော်ပြသည်။ ဤသို့ဖော်ပြရာတွင်လည်း ထုတ်ဆောင်သော ဥဒါဟရဏ်များက ပါဠိတော်ထဲမှ တိုက်ရိုက်ယူငင်ထားခြင်းဖြစ်သည်။ ဤအချက်က သဒ္ဒါသဘောရော ပါဠိတော်ကိုပါ လေ့လာပြီးသား ဖြစ်နေပါသည်။ နိပါတ်ပုဒ်အသုံးအနှုန်းများ၊ ကိတ်နာမ်အသုံးအနှုန်းများ၊ အနာဒရ ဘာဝလက္ခဏဝါကျများကိုလည်း အစုံအလင် ဖော်ပြထားပါသည်။

မြန်မာ့ရိုးရာ ပါဠိသင်နည်းက သင်ရိုးပြုသော သီလက္ခန်၊ ပါရာဇိကဏ်၊ ဓမ္မသင်္ဂဏီမှလွဲ၍ ကျန်ပါဠိတော်များကို ကျမ်းအိပ်ဟု သဘောထားသည်။ သာမဏေကျော်ဘွဲ့ စာမေးပွဲလုပ်သူ အနည်းစုသာ ကျန် နိကာယ်ထဲမှ ကောက်နုတ်ချက်ကို လေ့လာသင်ယူခွင့်ရှိသည်။ ပခုက္ကူစာသင်နည်းအရ ကျမ်းအိပ်များကို စာဝါဖောက်ကြသည်။ သို့သော်-ပါဠိစာပေသမိုင်းကို လုံးဝမသိချေ။ သို့သော် နိုင်ငံတကာ ပါဠိသင်နည်းအရမူ ထိုထိုပိဋကတော်ကောက်နုတ်ချက်များအပြင် မဟာဝံသ၊ စူဠဝံသ၊ ဒီပဝံသ၊ တေလပဋ္ဌာဟဂါထာ၊ အသောကကျောက်စာ စသည်ဖြင့် စာစုံသည်။ ပိဋကကို ပထျာဖြန့်၍ ပို့ချသကဲ့သို့ ပါဠိစာပေသမိုင်းကိုလည်း လေ့လာရသည်။ ထိုထိုနိကာယ်ရှိ ထိုထိုသုတ်များကိုလည်း မည်သည့်သုတ်က ရှေးကျ၍ မည်သည့်သုတ်က နောက်ကျသည်ဆိုသည်ကို သုတ်ပါအကြောင်းအရာနှင့် ဝေါဟာရ အသုံးအနှုန်းကို ကြည့်၍လည်းကောင်း၊ တရုတ်၊ တိဗက်စသော ပိဋကများနှင့် နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဤ ပါဠိစာပေသမိုင်းကို ဖတ်ရှုပါက နိကာယ်တစ်ခုလုံးရှိ သုတ်အသီးသီး၏ ဆိုလိုရင်းသဘောကိုလည်းကောင်း၊ မှတ်သားဖွယ်အကြောင်းအရာကိုလည်းကောင်း အလွယ်တကူ သိခွင့်ရပါသည်။ ဘုရားဟောပိဋကမှလွဲ၍ ကျန်ဂန္ထန္တရထဲမှ ကျမ်းပြုအမည်ကွဲပြားမှု၊ ခေတ်အခြေအနေကိုလည်း သိခွင့်ရသဖြင့် မြန်မာ့ရိုးရာသင်နည်းစနစ်ထဲမှာပါ ထည့်သွင်းအသုံးပြုသင့်သည့်အချက်ဖြစ်သည်ဟု ဆိုရပါမည်။


ဤသို့ ပါဠိစာပေကောက်နုတ်ချက်အပြင် သက္ကတဖတ်စာမှ ဟိတောပဒေသ၊ မဟာဘာရတမှ နလနှင့် ဒမယန္တီ၊ အဿဃောသ၏

ဗုဒ္ဓစရိတ၊ ကာလိဒါသ၏ အဘိညာဏ သကုန္တလ၊ ဂျိန်းပိဋကထဲမှ ဥဒါယန-တည်းဟူသော သက္ကတ၊ ပြာကတ ဖတ်စာများကိုလည်း သင်ကြားရသေးသည်ဖြစ်ရာ မြန်မာ့ရိုးရာပါဠိသင်နည်းထက် တပန်းသာသည့် သင်ကြားနည်းစနစ်ဟု ဆိုရပါမည်။

ယနေ့မျက်မှောက်ခေတ်တွင် သက္ကတလေ့လာမှုသည် မြန်မာ့ရိုးရာပါဠိသင်နည်းစနစ်၌ ပျောက်ကွယ်နေသော်လည်း ပုဂံကျောက်စာများနှင့် သဒ္ဒနီတိဓာတုမာလာတို့ကို ထောက်ဆသောအားဖြင့် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်တို့၌ သက္ကတလေ့လာမှု အားကောင်းခဲ့ပါသည်။ မန်လည်ဆရာတော်, အဘယာရာမဆရာတော်, တောင်ပေါက်ဆရာတော်တို့သည် သက္ကတတတ်ကျွမ်းသော ဆရာတော်များဖြစ်ပါသည်။ ယနေ့တိုင် အဘယာရာမအနွယ်တို့သည် သက္ကတကို လေ့လာဆဲ ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာပါဠိစာပေသင်နည်းစနစ်တွင် သက္ကတနှင့် ပြာကတကိုသာ စွမ်းနိုင်သူတို့ ပို့ချပေးမည်ဆိုပါက မြန်မာ့ရိုးရာပါဠိသင်နည်းစနစ်သည် အကောင်းတွင် အမွန်ဆင့်လိမ့်မည်ဟု ယုံကြည်ပါသတည်း။

အရှင်ဝိသုတာဘိဝံသ
ကထိက
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပါမောက္ခဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ က
'သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ
သုတေသနစာတမ်း'' ကို ဖတ်ကြားတင်သွင်းစဉ်

# သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း

အရှင်ပဏ္ဍိတာဘိဝံသ
ပါမောက္ခ
သုတ္တန္တပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေရေးအတွက် စီမံကိန်းများ ချမှတ်ကာ ပရိယတ္တိပညာရေးကို အရှိန်အဟုန်မြင့်မား အောင် ဆောင်ရွက်လျက်ရှိပါသည်။ ရှေးယခင်က ရဟန်းသာမဏေများ အတွက် ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကရေ ရွေးချယ် ရေး စာမေးပွဲများကိုသာ အစဉ်အလာမပျက် ဆက်လက်ကျင်းပခဲ့ကြ ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပေါ်ပေါက်လာပြီးနောက် ပရိယတ်နယ်ပယ်တွင် လိုအပ်ချက်ကို ဖြည့်စွက်သောအားဖြင့် လမ်းရိုး ဟောင်းတွင် ဆင့်ကာထွင်လျက် သာသနာတစ်ခေတ် ဆန်းသစ်လာ အောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။

သာသနာ့တက္ကသိုလ်ကြီးများ အရှိန်အဟုန်မပျက် ဆက်လက် တိုးတက်နေစေရန် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့နှင့် တက္ကသိုလ်

ဗဟိုပညာရေးအဖွဲ့များကို ဖွဲ့စည်းပေးပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ကိုယ်စားဆောင်ရွက်စေခဲ့ပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်/မန္တလေး)မှ ပါမောက္ခ၊ ကထိကဆရာတော်များနှင့် ပြင်ပပညာရှင်များပါဝင်သော တက္ကသိုလ်ဗဟိုပညာရေးအဖွဲ့သည် မိမိတို့၏ အတွေ့အကြုံနှင့် သုတေသနလုပ်ငန်းများကို အခြေခံကာ သာသနာတော်နှင့်လည်း လျော်ညီ၊ ခေတ်လည်းမီသော သင်ရိုးညွှန်းတမ်းများကို ပြုစုရေးဆွဲခဲ့ကြပါသည်။ တက္ကသိုလ်ဗဟိုပညာရေးအဖွဲ့က ပြုစုတင်ပြသော သင်ရိုးညွှန်းတမ်းများကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့က အတည်ပြုပြဋ္ဌာန်းပေးသဖြင့် ၁၃၅၂-ခုနှစ်၊ နတ်တော်လ တက္ကသိုလ်ဖွင့်ချိန်မှ စတင်ကာ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခဲ့ပါသည်။

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် အခြေခံဖြစ်၏။ ပရိယတ္တိသာသနာကို အခြေခိုင်အောင် ပြုလုပ်နိုင်ပါမှ သာသနာတော် ကြာမြင့်စွာတည်တံ့မည် ဖြစ်ပေသည်။ ယင်းအယူအဆကို သာသနာ့တက္ကသိုလ်ကြီးများကလည်း စွဲမြဲစွာ ယုံကြည်လက်ခံပါသည်။ တက္ကသိုလ်ကြီးများကို "သာသနာ့တက္ကသိုလ်"ဟု သာမန်မျှအမည်မပေးဘဲ "ပရိယတ္တိသာသနာတက္ကသိုလ်"ဟု အမည်ပေးထားခြင်းသည် ထူးခြားသောအဓိပ္ပါယ်၊ လေးနက်သော ရည်ရွယ်ချက်ရှိ၏။ သာသနာသုံးရပ်၏အခြေခံပင်မဖြစ်သော "ပရိယတ္တိသာသနာကို အဓိကထား၍ ဆောင်ရွက်မည့်တက္ကသိုလ်"ဟု အဓိပ္ပါယ်ဖော်ညွှန်းထားခြင်းဖြစ်သည်။ တက္ကသိုလ်ကြီးများသည် ပရိယတ္တိကို အခြေခံသော်

လည်း ပရိယတ္တိတစ်မျိုးတည်း တတ်ကျွမ်းစေရုံမျှသာ ရည်ရွယ်သည် မဟုတ်ပေ။ ဘက်စုံထူးချွန်သော သာသနာ့အာဇာနည်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ပညာရေးမူလေးရပ်နှင့်အညီ ရည်ရွယ်ချက်ကြီးမားစွာ ထားရှိပေသည်။ ယင်းမူလေးရပ်မှာ-

- ကိုယ်ကျင့်တရား ကောင်းမွန်စေရေး၊
- ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်စေရေး၊
- ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေရေး၊
- မြန်မာစာပေ အရေးအသားတော်စေရေး တို့ဖြစ်ပါသည်။

ပိဋကသုံးပုံ (ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းများ)ကို ပါဠိဘာသာဖြင့် မှတ်တမ်းတင် ရေးသားထားသဖြင့် ပိဋကသုံးပုံကို လေ့လာသင်ယူမည့်သူသည် ရှေးဦးစွာ ပါဠိဘာသာကို တတ်မြောက်ကျွမ်းကျင်အောင်သင်ယူရမည်ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရှေးအစဉ်အလာအတိုင်းပင် ကျောင်းသားသူငယ် သာမဏေရွယ်မှစ၍ ပါဠိဘာသာ၏အခြေခံဖြစ်သော သဒ္ဒါကျမ်းများကို သင်ယူကာ ပါဠိဘာသာတတ်မြောက်ရေးအတွက် အားထုတ်ကြိုးစားကြပေသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/ မန္တလေး)၌ သင်ကြားရေးဌာနကြီး ခုနစ်ခုရှိရာ ပါဠိစာပေ (ပါဠိဘာသာ)ကို အဓိကအားဖြင့် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာနမှ သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားပို့ချလျက် ရှိပါသည်။ ယင်း သင်ရိုးညွှန်းတမ်း၌ -

- ပါဠိသဒ္ဒါကို ရိုးရာနည်းအတိုင်း သင်ကြားခြင်း၊
- တက္ကသိုလ်များ နည်းစနစ်အတိုင်း သင်ကြားခြင်း၊

- ပါဠိစာပေ အကြောင်းအရာကို သင်ကြားခြင်း၊
- ပါဠိဝါကျ အမျိုးမျိုးကို သင်ကြားခြင်း၊
- သက္ကတသဒ္ဒါကို သင်ကြားခြင်း၊
- ပါဠိ/သက္ကတဘာသာဗေဒကို သင်ကြားခြင်း၊
- ပါဠိစာပေသမိုင်းကို သင်ကြားခြင်း စသည်တို့ ပါဝင်

ပါသည်။

မှီငြမ်းပြုကျမ်းစာများမှာ-

- သဒ္ဒနီတိ(သုတ္တ၊ပဒ၊ဓာတု)
- သဒ္ဒတ္ထဘေဒစိန္တာ
- ကစ္စာယနသာရ
- ကစ္စာယနဗျာကရဏ
- ပဒရူပသိဒ္ဓိ စသည်တို့ဖြစ်ပါသည်။

ယင်းကဲ့သို့ ကျမ်းစာနှင့် နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပြဆိုထားခြင်းမှာ သင်ကြားရေးသက်သက် အတွက်သာမဟုတ်၊ တက္ကသိုလ် ပညာရေးစနစ်၏ အသက်သွေးကြောဖြစ်သော သုတေသနလုပ်ငန်းအတွက်ပါ အထောက်အကူဖြစ်စေရန်လည်း ရည်ရွယ်ထားခြင်း ဖြစ်သည်။

သာမန်အားဖြင့် ကြည့်ပါမူ ``ပါဠိဘာသာကို တတ်မြောက်ကျွမ်းကျင်လျှင် ပိဋကတ်ကို ပြည့်စုံအောင် သိရှိနိုင်ပြီ'' ဟု ထင်မှတ်ဖွယ်ရှိသည်။ သို့သော် ပါဠိဘာသာကို တတ်မြောက်ရုံမျှဖြင့် ပိဋကတ်

၏ အနှစ်သာရကို အကုန်အစင် မသိမြင်နိုင်ပေ။

မြန်မာနိုင်ငံ၌ ပါဠိဘာသာရပ်တစ်ခုတည်းဖြင့်သာ ပိဋကတ်ကို ချဉ်းကပ်လေ့လာသည် မဟုတ်ပေ။ ရှုထောင့်အမျိုးမျိုးမှ ချဉ်းကပ်လေ့လာသည့် နည်းစနစ်ကို ကျင့်သုံးပါသည်။ ဥပမာအားဖြင့် ပိဋကတ်တော်ကို လေ့လာသုံးသပ်ရာတွင် အဘိဓမ္မာနည်း(ပဋ္ဌာန်းနည်း)၊ အလင်္ကာနည်း၊ဆန်းနည်း၊နေတ္တိနည်း၊သဒ္ဒါနည်းတို့ဖြင့်လည်း အစိတ်စိတ်ခွဲခြမ်းဝေဖန်၍ သိမြင်နိုင်ရန် သင်ကြားပေးသည်။

အကြောင်းအရာ(ဓမ္မ)တစ်ခုကို အခြေခံထား၍ အကြောင်းတရား၊ အကျိုးတရားတို့ကို ရှာဖွေခြင်း၊ ထိုတရား(ဓမ္မ)ကို ဟောပြောသူ၊ နာယူသူသည် မည်သည့်စိတ်ဖြင့် ဟောပြော၊ နာယူသည်ကို စိစစ်ခြင်း၊ မုချစကားဖြစ်သည် (သို့မဟုတ်) ဥပစာစကားဖြစ်သည်ကို ဆင်ခြင် သုံးသပ်ခြင်း၊ မည်သည့်နည်း၊ မည်သည့်ဥပစာဖြစ်သင့်သည်ကို ဆုံးဖြတ်ခြင်း၊ ဖြစ်ပေါ်လာသော အကြောင်းအရာ(ဓမ္မ)တစ်ခုခုကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဖြင့် ဝေဖန်ခြင်းစသည်တို့ဖြင့် အကြောင်းအရာ တစ်မျိုးမျိုး(ဓမ္မ)ကို ပရမတ္ထသစ္စာ ဆိုက်ရောက်အောင် ခွဲခြားဝေဖန် ရှုမြင်သုံးသပ်ပါသည်။ ထို့ပြင် ဂဏ်၊ ရသ၊ ဆန်း၊ အလင်္ကာတို့ဖြင့် နှိုင်းယှဉ်ပြဆိုပါသည်။ ဤနည်းစနစ်သည် ပါဠိစာပေလည်း တတ်၊ ပိဋကတ်လည်း တတ်မြောက်စေသည့် မြန်မာနိုင်ငံ၏ မူပိုင်ဖြစ်သော ပရိယတ္တိသင်ကြားနည်း ဖြစ်သည်။ ဤသို့ ရှုထောင့်စုံမှ ချဉ်းကပ်လေ့လာသော ပညာရေးကြောင့် မြန်မာနိုင်ငံသည်

ပရိယတ္တိသာသနာ၌ ရှေ့တန်းက နေရာယူနိုင်ခြင်းဖြစ်သည်။ အခြားနိုင်ငံများမှာ မြန်မာနိုင်ငံကဲ့သို့ ပရိယတ္တိနည်းဖြင့် ဓမ္မရသကို အပြည့်အဝ သိရှိခံစားနိုင်ဖို့ရန် မလွယ်ကူချေ။

တက္ကသိုလ်ပညာရေးသည် ရိုးရာနည်း၊ ကမ္ဘာသုံးနည်းတို့ကို အချိုးညီမျှစွာ ပေါင်းစပ်ထားသဖြင့် သာသနာတော်နှင့်လည်း လျော်ညီ၊ ခေတ်လည်းမီရုံမျှမက အတွေ့အကြုံရင့်ကျက်သော ဆရာများက သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားပို့ချသဖြင့် ပြဿနာတစ်စုံတစ်ရာမျှ မရှိဘဲ အဆင်ပြေချောမွေ့စွာ လည်ပတ်နေပါသည်။

တက္ကသိုလ်ပညာရေး အောင်မြင်စေရန် (က) သင်ရိုးညွှန်းတမ်း (ခ)သင်တန်းဆရာ (ဂ)သင်တန်းသား ဤသုံးမျိုးကို အခြေခံ၍ တည်ဆောက်ရပါသည်။ သာသနာ့တက္ကသိုလ်များ၌ (က)သင်ရိုးညွှန်းတမ်းနှင့် (ခ)သင်တန်းဆရာအပိုင်းမှာ ပြောစရာမရှိသော်လည်း (ဂ) သင်တန်းသားအပိုင်းမှာ ပြောစရာ ရှိနေပါသည်။

သာသနာ့တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားသော သင်တန်းသားများမှာ ပထမပြန်စာမေးပွဲ(ပထမကြီးတန်း) အောင်မြင်ပြီးသူများသာ ဖြစ်ပါသည်။ ပထမပြန်စာမေးပွဲ (ပထမကြီးတန်း)တွင် ပြဋ္ဌာန်းသောစာများမှာ တက္ကသိုလ်သင်ရိုးညွှန်းတမ်းနှင့် ဆက်စပ်မှု မရှိ၊ ချိတ်ဆက်မမိ ဖြစ်နေပါသည်။ အထူးအားဖြင့် အင်္ဂလိပ်စာဌာန၊ မြန်မာစာပေဌာန၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာနတို့၏ သင်ရိုးညွှန်းတမ်းနှင့် အလှမ်းဝေးနေသဖြင့် တက္ကသိုလ်ပညာရေးအတွက်

အားနည်းချက်တစ်ခုအဖြစ် မြင်တွေ့နေရပါသည်။ ယင်းအားနည်းချက်ကို ပြုပြင်နိုင်မည်ဆိုပါလျှင် တက္ကသိုလ်ပညာရေးသည် ပိုမို၍ သွက်လက်ထက်မြက်လာမည်မှာ အမှန်ပင် ဖြစ်သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များ အထူးသတိပြုသင့်သည်ဟု ထင်မြင်မိပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဖော်ပြပါအကျိုးတရားများ ရရှိခဲ့ပါသည်-

- သာသနာ့တက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များသည် နယ်စပ်နှင့် တောင်တန်းဒေသသို့ တာဝန်တစ်ရပ်အနေဖြင့် သာသနာပြုလုပ်ငန်း ဆောင်ရွက်ရသဖြင့် သာသနာတော် ပိုမို၍ စည်ပင်ပြန့်ပွားပါသည်။

- သာသနာ့တက္ကသိုလ်မှ သင်တန်းသားများသည် ပရိယတ်သက်သက်ကို သင်ယူဖြေဆိုရုံမျှဖြင့် ဘွဲ့ရရှိကြသည်မဟုတ်။ (၁)စာမေးပွဲအောင်မြင်ခြင်း၊ (၂)အနည်းဆုံးတောင်တန်းသာသနာပြု ၂-နှစ်ထမ်းဆောင်ပြီးခြင်း၊ (၃) ပဋိပတ်လုပ်ငန်းကို ၁၀-ရက်ဖြစ်စေ၊ ၄၅-ရက်ဖြစ်စေ ပွားများအားထုတ်ပြီးခြင်း၊ ဤအင်္ဂါသုံးရပ်နှင့် ညီညွတ်သူကိုသာ သာသနာ့တက္ကသိုလ်က ဘွဲ့လက်မှတ်ပေးအပ်သဖြင့် ဘက်စုံထူးချွန်သော ရဟန်းတော်များ ပေါ်ထွက်လာပါသည်။


ဤသို့ သာသနာတော်အတွက် အားတက်ဖွယ်ရာ ဘက်စုံထူးချွန်သော ရဟန်းတော်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်၍ တက္ကသိုလ်သင်ကြားစီမံဆရာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အရှင်ပဏ္ဍိတာဘိဝံသ

ပါမောက္ခ

သုတ္တန္တပိဋကမဟာဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)



နီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနမှူးဆရာတော် ဘဒ္ဒန္တ အာသဘ က
"ထေရဝါဒဓမ္မကျင့်သုံးမှုကို တိုက်ရိုက်အထောက်အကူပြုသော ပါဠိစာပေ သင်ကြားပို့ချမှု"
ခေါင်းစဉ်ပါစာတမ်းကို ဖတ်ကြားတင်သွင်းစဉ်

# "ထေရဝါဒမွေကျင့်သုံးမှုကို တိုက်ရိုက် အထောက်အကူပြုသော ပါဠိစာပေသင်ကြားပို့ချမှု"

ဘဒ္ဒန္တအာသဘ
ပါမောက္ခ
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

"ထေရဝါဒမွေကျင့်သုံးမှုကို တိုက်ရိုက်အထောက်အကူ ပြုသော ပါဠိစာပေသင်ကြားပို့ချမှု" ခေါင်းစဉ်အတွက် ပထမဆုံး တင်ပြလိုသည်မှာ ပြဋ္ဌာန်းစာများ၌ ထေရဝါဒမွေကျင့်သုံးမှုနှင့် ပတ်သက်သော အကြောင်းအရာများကို ထည့်သွင်းပြဋ္ဌာန်း၍ ပုစ္ဆာများ၌လည်း ထေရဝါဒမွေကျင့်သုံးမှုနှင့် ပတ်သက်သော ပုစ္ဆာမျိုးကိုထည့်သွင်း မေးမြန်းသင့်သည်ဟု ထင်ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရှင်ရဟန်းများ၏ ပရိယတ္တိစာပေသင်ယူနည်း သုံးမျိုးရှိပါသည်။ ဆရာတော်များ သိကြပြီး ဖြစ်ပါသည်။

၁။ အလဂဒ္ဒူပမစာသင်နည်း (=မြွေဖမ်းခြင်းလျှင် ဥပမာ ရှိသော သင်ယူနည်း=သူတစ်ပါးတို့ဝါဒ၌ အပြစ်တင်လိုခြင်း၊ သူတစ်ပါးတို့တင်အပ်သောအပြစ်မှ လွတ်လိုခြင်းကြောင့် သင်ယူခြင်း)

၂။ နိဿရဏတ္ထစာသင်နည်း (=သံသရာဝဋ်မှ လွတ်မြောက်ခြင်း အကျိုးရှိသော စာသင်နည်း=သီလစသည်ကို ဖြည့်ကျင့်လိုခြင်း၊ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုခြင်းကြောင့် သင်ယူခြင်း)

၃။ ဘဏ္ဍာဂါရိကစာသင်နည်း (=ဘဏ္ဍာတိုက်စိုးနှင့်တူသော ရဟန္တာပုဂ္ဂိုလ်၏ သင်ယူနည်း=တရားတော်၏ အစဉ်အဆက်ကို စောင့်ရှောက်ခြင်းအကျိုး၊ မြတ်စွာဘုရား၏ အနွယ်တော်ကို စောင့်ရှောက်ခြင်းအကျိုးငှာသင်ယူခြင်း)တို့ ဖြစ်ပါသည်။ ယင်း စာသင်နည်း သုံးနည်းတို့အနက် မျက်မှောက်ခေတ် ရှင်ရဟန်းများမှာ နိဿရဏတ္ထ စာသင်နည်းတို့ဖြင့် သင်ယူကြရပါမည်။ မိမိတို့ သန္တာန်ဝယ် သီလ သမာဓိ ပညာ သိက္ခာ ကိုယ်ကျင့်တရားပြည့်စုံ တိုးပွားလာစေရန်, မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ရည်ရွယ်လျက် သင်ယူကြရပါမည်။

မြတ်စွာဘုရားရှင် (၄၅)ဝါတို့ ကာလပတ်လုံး ဟောကြားတော်မူသော စကားတော်များကို ပိဋကအားဖြင့် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟူ၍ သုံးမျိုးခွဲခြားနိုင်ပါသည်။ ဝိနယပိဋက၌ အဓိသီလသိက္ခာကို အဓိစိတ္တ, အဓိပညာတို့မှ ထူးသောအားဖြင့် ဟောကြားတော်မူပါသည်။ သုတ္တန္တပိဋက၌ အဓိစိတ္တသိက္ခာခေါ် သမာဓိသိက္ခာကို အဓိသီလအဓိပညာတို့မှ ထူးသောအားဖြင့် ဟောကြားတော်မူပါသည်။ အဘိဓမ္မပိဋက၌ အဓိပညာသိက္ခာကို အဓိသီလအဓိစိတ္တသိက္ခာတို့မှ ထူးသောအားဖြင့် ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဝိနယပိဋက၌ ပညတ်တော်မူသော သိက္ခာပုဒ်များအတိုင်း လိုက်နာကျင့်သုံးလျှင်

အဓိသီလသိက္ခာ ဖြစ်တည်လာနိုင်ပါသည်။ သုတ္တန္တပိဋကၡ ဟောတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် အဓိစိတ္တသိက္ခာ ဖြစ်တည်လာနိုင်ပါသည်။ အဘိဓမ္မပိဋကၡ ဟောတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် အဓိပညာသိက္ခာ ဖြစ်တည်လာနိုင်ပါသည်။

ထိုမှတစ်ပါး ဝိနယပိဋကၡ ကိလေသာတို့၏ တဒင်္ဂပဟာန်ကို ဟောကြားတော်မူပါသည်။ သုတ္တန္တပိဋကၡ ကိလေသာတို့၏ ဝိက္ခမ္ဘနပဟာန်ကို ဟောကြားတော်မူပါသည်။ အဘိဓမ္မပိဋကၡ ကိလေသာတို့၏ သမုစ္ဆေဒပဟာန်ကို ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဝိနယပိဋကၡ ပညတ်တော်မူသည့် သိက္ခာပုဒ်များအတိုင်း လိုက်နာကျင့်သုံးလျှင် ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင် ပယ်သတ်နိုင်မည် ဖြစ်ပါသည်။ သုတ္တန္တပိဋကၡ ဟောတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်သတ်နိုင်မည် ဖြစ်ပါသည်။ အဘိဓမ္မပိဋကၡ ဟောတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် ကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်နိုင်မည်ဖြစ်ပါသည်။ (ပါရာဇိကဏ်အဋ္ဌကထာ၊ ပ။ စာ-၁၈။ အဋ္ဌသာလိနီအဋ္ဌကထာ၊ စာ-၂၂-၂၃)

မိမိသင်ယူထားသည့် ပိဋကတ်စာပေမှ ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ပွားများသဖြင့် အကျိုးထူးရရှိသော ပရိယတ္တိကျမ်းဂန်တတ်မြောက်သော မထေရ်အချို့အကြောင်းကို သာဓကအဖြစ် တင်ပြလိုပါသည်။

**သာဓက(၁)အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ဝတ္ထု**

တတိယသင်္ဂါယနာတင်ခန်း၌ သိဂ္ဂဝမထေရ်သည် မောဂ္ဂလိပုတ္တတိဿအလောင်း သူငယ်ကို ရှင်ပြုပေးပြီးနောက်(၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ကြားပေးတော်မူပါသည်။ သာမဏေသည် ဆရာ သင်ပေးသည့်အတိုင်း ရွတ်ပွားစီးဖြန်းရာ မကြာမြင့်မီမှာပင် သောတာ ပတ္တိဖိုလ်၌ တည်သွားပါသည်။ မထေရ်က ရှေ့ဆက်ကမ္မဋ္ဌာန်း ဟော ကြားလိုက်ပါက ရဟန္တာဖြစ်သွား၍ စာပေသင်ယူခြင်းအလုပ်၌ ကြောင့်ကြမဲ့ နေသွားမည်စိုးသဖြင့် ရှေ့ဆက်၍ ကမ္မဋ္ဌာန်းမဟောကြား သေးဘဲ စဏ္ဍဝဇ္ဇီမထေရ်ထံ ပရိယတ္တိစာပေများ ဆက်လက်သင်ယူရန် စေလွှတ်လိုက်ပါသည်။ တိဿသာမဏေသည် သာမဏေဘဝဖြင့်ပင် ဝိနယပိဋကမှတစ်ပါး ကျန်အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို အဋ္ဌကထာနှင့်တကွ သင်ယူတတ်မြောက်သည်။ ရဟန်းဖြစ်၍ ဝါမရမီ မှာပင် တိပိဋကဓရ(ပိဋကသုံးပုံဆောင်)ရဟန်းတော် ဖြစ်သွားပါသည်။ နောင်တစ်ချိန်တွင် ကမ္မဋ္ဌာန်းကို တိုးတက်ပွားများရာ အရဟတ္တဖိုလ် ရောက်ရှိကာ ရဟန္တာဖြစ်သွားပါသည်။ ထို့နောက် ဆက်လက်၍ ရှင် ရဟန်း များစွာအား ဓမ္မဝိနယခေါ် မြတ်စွာဘုရား၏ စကားတော်များကို ပို့ချပေးတော်မူပါသည်။ (ပါရာဇိကဏ်အဋ္ဌကထာ၊ ပ။ စာ-၂၉)

**သာဓက(၂)မဟာသီဝထေရ်ဝတ္ထု**

သက္ကပဉ္စသုတ်အဖွင့်၌ မဟာသီဝမထေရ်သည် ဂိုဏ်းကြီး (၁၈)ဂိုဏ်းကို ပိဋကစာပေများ ပို့ချပေးနေသည့် မထေရ်ဖြစ်သည်။ ၎င်း၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးကြသော ရဟန်းတော်ပေါင်း

သုံးသောင်းတို့မှာ အရဟတ္တဖိုလ်ရောက်ရှိကာ ရဟန္တာဖြစ်သွားကြပါသည်။ သို့သော် ဆရာဖြစ်သူ မဟာသီလမထေရ်ကိုယ်တိုင်ကမူ ပုထုဇဉ်အဆင့်မျှသာ ရှိပါသေးသည်။ တစ်နေ့တွင် တပည့်လိမ္မာ ရဟန်းတစ်ပါး၏ "သူများအလုပ်တွေနဲ့ချည်း မအားမလပ် ဖြစ်နေတာ၊ ဆရာ့အဖို့ သေဖို့ရာတောင် အချိန်ရပါဦးမလား၊ ဆရာဟာ ပျဉ်ချပ်လို လူသားမျိုးပဲ။ သူများရဲ့ မှီခိုရာတော့ ဖြစ်ပါတယ်၊ ကိုယ့်အတွက်တော့ မှီခိုရာ မဖြစ်သေးဘူး" ဟူသော သတိပေးလျှောက်ထားချက်စကားကို ကြားရ၍ သံဝေဂရကာ တောထွက်တရားအားထုတ်ခဲ့သည်။ နှစ်ပေါင်း(၃၀) အကြာတွင် အရဟတ္တဖိုလ်ရောက်၍ ရဟန္တာဖြစ်သွားပါသည်။ (သုတ်မဟာဝါအဋ္ဌကထာ၊ စာ-၃၁၉)

**သာဓက(၃)မဟာဂတိဂမိယတိဿဒတ္တထေရ်ဝတ္ထု**

မဟာဂတိဂမိယတိဿဒတ္တထေရ်သည် မဟာဗောဓိကို ဖူးမည်ဟူသော စိတ်ကူးဖြင့် သီဟိုဠ်ကျွန်းမှ ဇမ္ဗူဒိပ်ကျွန်းဘက်သို့ လှေဖြင့် ကူးလာစဉ် မဟာသမုဒ္ဒရာရေပြင်ကျယ်ကြီးကို မျက်စိတစ်ဆုံးကြည့်လိုက်မိပါသည်။ ထိုအခါ ဤဘက်ကမ်းဖြစ်သည့် သီဟိုဠ်ကျွန်းသည်လည်း မထင်ရှားတော့၊ ထိုဘက်ကမ်းဖြစ်သည့် ဇမ္ဗူဒိပ်ကျွန်းသည်လည်း မထင်ရှားသေး။ စင်စစ်သော်ကား လှိုင်းတံပိုးအဟုန်ကြောင့် ဖြာလျက် အထက်သို့တက်သော ရေမှုန်ရေဖွဲတို့ဖြင့် ရောပြွမ်းသော မဟာသမုဒ္ဒရာသည်သာ ထင်ရှားပြီ။ ထိုအခါ မထေရ်သည် မဟာသမုဒ္ဒရာနှင့် ပဋ္ဌာန်းကျမ်းကြီးကို နှိုင်းယှဉ်လျက် "မဟာသမုဒ္ဒရာ၏ လှိုင်းတံပိုးအဟုန်က အားကြီးလေသလား၊ သို့မဟုတ် (၂၄)ပါးအကြား

ရှိသော သမန္တမဟာပဋ္ဌာန်း၌ နည်းအမြွက်က အားကြီးလေသလော" ဟူ၍ စဉ်းစားကြည့်မိသည်။ ထိုအခါ "မဟာသမုဒ္ဒရာ၌ အပိုင်းအခြားသည် ထင်ရှား၏။ သမန္တပဋ္ဌာန်းကျမ်း၏ အပိုင်းအခြားကား မထင်ရှား" ဤသို့ ထင်ထင်ရှားရှား သိမြင်သွား၍ သိမ်မွေ့နူးညံ့သော ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်ရာ ထိုမထေရ်အား အားကြီးသော ပီတိဖြစ်ပေါ်လာသည်။ မထေရ်သည် ယင်းပီတိကို ပယ်ခွာလျက် ဝိပဿနာရှုပွားရာ လေ့ထက်ထိုင်လျက်ပင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်သွားပါသည်။ (အဋ္ဌသာလိနီအဋ္ဌကထာ၊ စာ-၁၂)

ဤကား ပရိယတ္တိစာပေတတ်မြောက်ထားသည့် ရဟန်းတော်များအား ၎င်းတို့ သင်ယူတတ်မြောက်ထားသည့် ကျမ်းဂန်များမှ ကျင့်စဉ်များကို ကျင့်သုံးခြင်းက တိုက်ရိုက်အကျိုးပြုလိုက်ခြင်းပင် ဖြစ်သည်ဟု ထင်မြင်မိပါသည်။ ဤ၌ အရဟတ္တဖိုလ်ရ၍ ရဟန္တာဖြစ်ခြင်းတည်းဟူသော အမြင့်ဆုံးအကျိုးကို ရရှိသော မထေရ်များကို သာဓကအဖြစ်ပြဆိုခဲ့ခြင်း ဖြစ်သော်လည်း ကာယကံရှင် ကျင့်သုံးသည့်အလျောက် ပိဋကတော်မှ ကျင့်စဉ်များက သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတည်းဟူသော သိက္ခာသုံးရပ်တိုးပွားခြင်းအကျိုးနှင့် အခြားကောင်းကျိုးများကိုလည်း ရရှိစေနိုင်မည် ဖြစ်ပါသည်။

**ဗုဒ္ဓအလိုတော်ကျ စာသင်နည်းဖြစ်ရေး**

မျက်မှောက်ခေတ်တွင် ရှင်ရဟန်းများ မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပရိယတ္တိစာပေများကို သင်ယူပို့ချနေကြပါသည်။ နိုင်ငံတော်

အစိုးရနှင့် ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမများကလည်း ပရိယတ္တိစာမေးပွဲများ ကျင်းပပေးလျက် သာသနာတော်ကို အားပေးချီးမြှောက်လျက် ရှိပါသည်။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ရှင်ရဟန်းများ ပရိယတ္တိစာပေသင်ယူကြရာ၌ ဗုဒ္ဓအလိုတော်ကျ ဖြစ်စေလိုဟန် ရှိပါသည်။ ထိုသဘောထားရှိကြောင်းကို အောက်ပါအတိုင်း လှစ်ဟထားပါသည်-

"ပရိယတ်ကို သင်ယူကြ, ပို့ချကြ, ဟောပြောကြရာ၌ လောဘ, ဒေါသ စသော ကိလေသာများလည်း သင်ယူရင်း ပို့ချရင်း ဟောပြောရင်း နည်း၍ နည်း၍သွားအောင်၊ သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယလည်း ကြီး၍ ကြီး၍လာအောင် အနာဂတ်ကာလ၌ မူရင်းစိတ်ထားကိုပါ ပြောင်းလွဲပေးနိုင်မှသာ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျသော ပရိယတ်သင်နည်း ဖြစ်နိုင်စရာ ရှိပါသည်" (အနာဂတ်သာသနာရေး၊ စာ-၄၂၈)

## ပြဋ္ဌာန်းစာများနှင့် ပုစ္ဆာထုတ်ပုံများကို ရေးဆွဲတင်ပြခြင်း

ပရိယတ္တိစာပေသင်ယူနေကြသော ရှင်ရဟန်းများ ဗုဒ္ဓအလိုတော်ကျ သင်ယူနိုင်ကြစေရန်အတွက် ဂိုဏ်းပေါင်းစုံဦးစီးဆရာတော်ကြီးများ၏ သဘာပတိဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ ဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ ၁၉၆၅-ခုနှစ်တုန်းက စာချတန်းအတွက် ပြဋ္ဌာန်းစာများနှင့် ပုစ္ဆာထုတ်ပုံများကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ရေးဆွဲတင်ပြခဲ့ဖူးပါသည်။

စာချတန်းကို ပထမဆင့် ဒုတိယဆင့်ဟု နှစ်ဆင့်ခွဲခြား၍ ပြဋ္ဌာန်းစာများကို အောက်ပါအတိုင်း သတ်မှတ်ပိုင်းခြားထားပါသည်-

က။ **ပထမအဆင့်**

၁။ ပါရာဇိကပါဠိတော်အဋ္ဌကထာ(စာအုပ်များ၌ ရှိသမျှအကုန်)နှင့် ခုဒ္ဒကပါဠပါဠိတော်၊

၂။ ပါစိတျာဒိပါဠိတော်အဋ္ဌကထာ(စာအုပ်များ၌ ရှိသမျှအကုန်)နှင့် ဓမ္မပဒပါဠိတော်၊

ခ။ **ဒုတိယအဆင့်**

၁။ ဒီဃနိကာယ်ပါဠိတော်အဋ္ဌကထာ၊

၂။ မဇ္ဈိမနိကာယ်ပါဠိတော်အဋ္ဌကထာ၊

၃။ သံယုတ္တနိကာယ်ပါဠိတော်အဋ္ဌကထာ၊

၄။ အင်္ဂုတ္တရနိကာယ်ပါဠိတော်အဋ္ဌကထာ၊

၅။ ဓမ္မသင်္ဂဏီပါဠိတော်အဋ္ဌကထာ၊

၆။ ဝိဘင်းပါဠိတော်အဋ္ဌကထာဋီကာ၊

၇။ ပဥ္စမကြိုက်ပါဠိတော်အဋ္ဌကထာဋီကာ၊

အထက်ပါနိကာယ်ကြီးများ ပြဋ္ဌာန်းသင်ကြားပေးရသဖြင့် ရရှိနိုင်သည့်အကျိုးနှင့် ဆရာတော်၏ မျှော်မှန်းချက်ကိုလည်း အောက်ပါအတိုင်း လှစ်ဟထားပါသည်-

''အထက်နိကာယ်ကြီးများကို ကြည့်ရှုလေ့လာရသော အခါ ဗုဒ္ဓမြတ်စွာကို ကြည်ညိုသော သဒ္ဓါ၊ ဗုဒ္ဓမြတ်စွာ၏

သာသနာတော်ကို တည်တံ့စေလိုသော ဆန္ဒ၊ သာသနာတော်ကို ကူညီထောက်ပံ့ကြသော ဒါယကာ၊ ဒါယိကာမတို့ကို ငဲ့ညှာသော မေတ္တာ ကရုဏာတို့သည် အလိုလိုတိုးပွား၍ လာတတ်ရကား နိကာယ်တစ်ရပ်ကို သင်ယူပြီးလျှင် အထက် နိကာယ်ကို သင်ယူချင်သော စိတ်ဆန္ဒများ အလိုလိုပေါ်ပေါက် လာပါလိမ့်မည်''

''စာချတန်းပထမအဆင့်ကိုစီစဉ်ရာ၌ ဝိနည်းကို လေးစားသော ဓမ္မာစရိယများ ထွန်းကားရန်ကိုလည်းကောင်း၊ စာချတန်း ဒုတိယအဆင့်ကို စီစဉ်ရာ၌ ကျောင်းတိုက်ကြီးငယ်တို့ဝယ် သဒ္ဓါ၊ ပညာ၊ ကရုဏာ ကြီးမားသော ဆရာတော်အများ ထွန်းကားဖို့ရန်နှင့် သာသနာ့ဂုဏ်ကျက်သရေဆောင် ဝန်ဆောင်စာသင်တိုက်ကြီးတွေ ဂိုဏ်းအသီးသီး,ဌာနအသီးသီးတို့၌ တည်ရှိဖို့ရန်လည်းကောင်း မျှော်မှန်းပါသည်'' (အနာဂတ်သာသနာရေး၊ စာ-၄၆၀)

## ပုစ္ဆာထုတ်ပုံနှင့်ပတ်သက်၍ အကြံပြုချက်

စာချတန်း၌ ပုစ္ဆာထုတ်ပုံနှင့် ပတ်သက်၍လည်း ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း အကြံပြုရေးသားထားပါသည်-

''ပါဠိတော်အဋ္ဌကထာဋီကာတို့ကို လေ့လာရာ၌ သဒ္ဒတ္ထ အဓိပ္ပါယတ္ထကို ခွဲခြား၍ နားလည်ခြင်း၊ ဝါကျရိုးရိုးကို ခွဲခြား၍ နားလည်ခြင်း၊ ဘုရားရှင်၏ သို့မဟုတ် အဋ္ဌကထာဆရာ၏

အလိုတော်ကို ထုတ်ဖော်နိုင်ခြင်းသည် လိုရင်းအထည်ကိုယ်များဖြစ်ကြ၍ ဝိဂြိုဟ်ဝစနတ်၊ ဉာသ်ကောက်၊ အထွက်အတက်၊ စုဒ်စောဒနာ၊ ဆန်း အလင်္ကာ နေတ္တိနည်းတို့မှာ စာချတန်းပုဂ္ဂိုလ်များအတွက် အမွန်းတင် အဆင်တန်ဆာများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ပုစ္ဆာထုတ်ရာ၌ အထည်ကိုယ်ကိုသာ မူထား၍ အမွမ်းတင်များကို ဂုဏ်ထူး အဖြစ်ဖြင့် ထုတ်သင့်ပါသည်။ (ဝိဂြိုဟ်ဝစနတ်စသည်တို့ကို ဂုဏ်ထူးတန်း ဟုခွဲခြား၍ သီးခြားပုစ္ဆာ ထုတ်သင့်ပါသည်။)'' (အနာဂတ်သာသနာရေး၊ စာ-၄၅၈)

''ယခုအခါ ထင်ရှားသော စာမေးပွဲများ၌ အဘိဓာန် အလင်္ကာ ဆန်းသဒ္ဒါကြီးငယ်တို့ကို အလွန်အသားပေးလျက် မေးခွန်းထုတ်ကြပါသည်။ အဋ္ဌကထာ၌လည်း ဘုရားဟောဖော်ပါဠိတော်၏ အနှစ်သာရ ကျင့်နည်းကြံနည်းများကို မေးခွန်းမထုတ်ဘဲ သဒ္ဒါနည်းအဖြာဖြာကိုသာ ဦးစားပေး၍ မေးခွန်းထုတ်ကြပါသည်။ ထိုမေးခွန်းစုသည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မအစစ်အမှန်တွင်မပါဝင်ဘဲ အပြင်ဘက်က အသိုင်းအဝိုင်းမျှသာ ဖြစ်ကြပါသည်'' (အနာဂတ်သာသနာရေး၊စာ-၃၈၅)

ဖော်ပြခဲ့ ပြဋ္ဌာန်းကျမ်းစာများနှင့် ပုစ္ဆာထုတ်ပုံတို့မှာ လွန်ခဲ့သည့် နှစ်ပေါင်း(၄၀)ကျော်က မဟာဂန္ဓာရုံဆရာတော် ပြဋ္ဌာန်းရေးဆွဲခဲ့သော ပြဋ္ဌာန်းကျမ်းစာများနှင့် ပုစ္ဆာထုတ်ပုံများသာ ဖြစ်ပါသည်။ ထိုကဲ့သို့

ပြဋ္ဌာန်းလို၍ တင်ပြရခြင်းမဟုတ်ပေ။ သို့ရာတွင် ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေသင်ယူနေကြသော ရှင်ရဟန်းများကို အခြေခံကျမ်းစာများနှင့်သာ အချိန်ကုန်မနေစေလိုဘဲ အထက်တန်းပါဠိတော်နှင့် အဋ္ဌကထာကျမ်းများကို သင်ယူစေလိုသော ဆန္ဒတော်ရှိပါသည်။ သို့မှသာ ဘုရားရှင်ဟောတော်မူသော တရားတော်များ၏ အရသာကို ခံစားသိမြင်နိုင်မည်ဖြစ်ပါသည်။ အကျင့်သီလလည်း တိုးတက်လာ၍ အသိအမြင်လည်း ကျယ်ပြန့်လာလိမ့်မည်ဟု ယုံကြည်တော်မူဟန်ရှိပေသည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းမှ တာဝန်ရှိလူကြီးမင်းများက ဆရာတော်ထံ ချဉ်းကပ်ပြီးနောက် ၎င်းတို့အသင်းက ကျင်းပမည့် "သာမဏေကျော်" စာမေးပွဲအတွက် ပြဋ္ဌာန်းကျမ်းစာများ သတ်မှတ်ပေးပါရန်နှင့် ပုစ္ဆာထုတ်ရမည့်ပုံစံများ ရေးဆွဲပေးဖို့ လာရောက်လျှောက်ထားစဉ်ကလည်း ဆရာတော်က ဝိနည်းငါးကျမ်းပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဓမ္မပဒပါဠိတော်နှင့် အဋ္ဌကထာတို့ကို ပြဋ္ဌာန်းသတ်မှတ်ပေးတော်မူခဲ့ပါသည်။

ဆရာတော်၏ ရည်ရွယ်ချက်မှာ ယင်းသုံးမျိုးတို့အနက် ဝိနည်းငါးကျမ်းပါဠိတော်သည် သာမဏေနှင့်တကွ ရဟန်းတော်များ၏ ကျင့်သုံးရမြဲကျင့်ဝတ်ဖြစ်၏။ ထိုဝိနည်းကို နားမလည်လျှင် ကာယိကန္ဒြေမစ၍ အားလုံးချွတ်ယွင်းဖွယ် ရှိပါသည်။ အင်္ဂုတ္တိုရ်ပါဠိတော်သည် လွယ်ကူ၍ စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများနှင့် ပြည့်သိပ်နေပါသည်။ ဓမ္မပဒကား ဝတ္ထုကြောင်းနှင့်တကွ ဗုဒ္ဓရှင်တော်


၏ နှုတ်တော်ထွက် ဂါထာများဖြစ်၍ မှတ်သားဖွယ်ကောင်းလှ၏။ ထို ဓမ္မပဒဂါထာများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ဘာသာခြားမှ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူတွေ များလှပေသည်။ (အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ)မကြာမကြာ ဓမ္မပဒဂါထာများကို ရွတ်ဆို ကျူးရင့်ကာ ပီတိဖြစ်ပွားလျက် တရားအရသာကို ခံစားနိုင်ကြလိမ့်မည် ဟုလည်း မျှော်လင့်မိပေသည်။ ထို့ကြောင့် ဖော်ပြခဲ့ပါ ပါဠိတော်များနှင့်အဋ္ဌကထာများကို ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်ပေးလိုက်ရခြင်းဖြစ်ကြောင်း ဆိုပါသည်။ (အရှင်ဃောသိတ၊တစ်ဘဝသာသနာ၊စာ-၁၀၅)

ဗီယက်နမ်နိုင်ငံ၌ လောလောဆယ်အခြေအနေတွင် တက္ကသိုလ်နှင့် ကောလိပ်အများစုတို့မှာ ဈေးကွက်နှင့် ပရော်ဖက်ရှင်နယ်လုပ်ငန်းတို့၏ လိုအပ်ချက်ကို အခြေခံခြင်းမရှိသည့်အတွက် နှစ်စဉ်ဘွဲ့ရ နှစ်သိန်းကျော် အလုပ်လက်မဲ့ ဖြစ်နေရသည်။ ထို့ကြောင့် ပညာရေးစနစ်ကို အလုပ်အကိုင် ဈေးကွက်နှင့် သဟဇာတအကိုက်ညီဆုံးဖြစ်အောင် ပြင်ဆင်ရေးဆွဲမည်ဟု ဗီယက်နာမ်အစိုးရက ကြေညာသည်။ (၂၈-၂-၂၀၀၇) နေ့ထုတ် WEEKLY ELEVEN ဂျာနယ်။

ဗီယက်နမ်နိုင်ငံက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် သဟဇာတအကိုက်ညီဆုံးဖြစ်သော ပညာရေးစနစ်ကို ပြင်ဆင်ရေးဆွဲမည်ဟု ဆိုပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ ရှင်ရဟန်းများ၏ ပါဠိစာပေ သင်ကြားရေးစနစ်(ပရိယတ္တိစာပေသင်ကြားရေးစနစ်)ကိုလည်း ထေရဝါဒဓမ္မကျင့်သုံးမှုအား တိုက်ရိုက်အထောက်အကူပြုသော ပါဠိ

စာပေသင်ကြားပို့ချမှုစနစ်မျိုးဖြစ်စေလိုပါလျှင် အစဉ် တင်ပြခဲ့သည့် အတိုင်း ပြဋ္ဌာန်းစာများ၌ ထေရဝါဒဓမ္မကျင့်သုံးမှုနှင့်ပတ်သက်သော အကြောင်းအရာများကို ထည့်သွင်းပြဋ္ဌာန်း၍ ပုစ္ဆာများ၌လည်း ထေရဝါဒဓမ္မကျင့်သုံးမှုနှင့် ပတ်သက်သော ပုစ္ဆာမျိုးထည့်သွင်းမေးသင့်သည်ဟု ထင်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

ဘဒ္ဒန္တအာသဘ
ပါမောက္ခ
ပိဋကတ်ဆိုင်ရာမြန်မာစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆–၄–၂၀၀၈) နေ့လည်ပိုင်းအစီအစဉ်တွင်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌိပတ္တိမဟာဌာန၊
မဟာဌာနမှူး/ပါမောက္ခ ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ က
'သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ
သုတေသနစာတမ်း'' ကို ဖတ်ကြားတင်သွင်းစဉ်

# သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း

ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ
မဟာဌာနမှူး၊ ပဋိပတ္တိမဟာဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

**နိဒါန်း**

မြန်မာနိုင်ငံရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို ၁၉၈၆-ခုနှစ် နယုန်လတွင် စတင်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်က ချမှတ်ထားသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏အခြေခံမူလေးချက်တွင် ပါဠိစာပေသင်ကြားတတ်မြောက်ရေးဟူသော မူတစ်ချက်ပါရှိပါသည်။

ယင်းအခြေခံမူကို အကောင်အထည်ဖော်ဆောင်ရွက်ရာဝယ် မြန်မာနိုင်ငံ၏ ထင်ရှားသော ပါဠိစာပေသင်ကြားနည်းများဖြစ်ကြသည့် ပခုက္ကူနည်း မန္တလေးနည်း နှစ်ရပ်ကို ပေါင်းစပ်သင်ကြားရန် လမ်းညွှန်မှုများ ချမှတ်ခဲ့ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပါဠိစာပေသင်ကြားခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို လေ့လာကြည့်သော အခါတွင်လည်း ယင်းပါဠိစာပေသင်ကြားနည်း နှစ်ရပ်ကို ပေါင်းစပ်၍

ရိုးရာသင်ကြားနည်းအဖြစ် သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ရိုးရာပါဠိစာပေသင်ကြားနည်း စနစ်များသည် အာဂုံကျက်မှတ်မှုကို အခြေခံထားသော နည်းစနစ်များ ဖြစ်ကြသော ကြောင့် အာဂုံကျက်မှတ်မှုကို လက်တွေ့အသုံးချနိုင်သူများသာလျှင် ပါဠိစာပေအရာ၌ ပေါက်မြောက်အောင်မြင်သူများ ဖြစ်နိုင်ပါသည်။ ယနေ့ခေတ်တွင် ပါဠိအာဂုံ ကျက်မှတ်မှု အားနည်းကြ၍ ပါဠိစာသင်သား များ၏ ပါဠိအဆင့်အတန်းမှာလည်း နိမ့်ကျနေသည်ကို လေ့လာသိရှိရ ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပါဠိစာပေ လေ့လာမှုသည် ပါဠိပထမပြန်စာမေးပွဲများ၏ ပါဠိအဆင့်အတန်းနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသောကြောင့် ပါဠိပထမပြန်စာမေးပွဲများ၏ ပါဠိအဆင့်အတန်း နိမ့်ကျမှုသည် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ၏ ရိုးရာပါဠိစာပေသင်ကြားမှုကို နိမ့်ကျသထက် နိမ့်ကျအောင် ပြုလုပ်ပေးနေသကဲ့သို့ ဖြစ်နေပါသည်။

သို့သော် ပါဠိပထမပြန်စာမေးပွဲများ၏ ပါဠိစာပေ အဆင့် အတန်း နိမ့်ကျမှု မြင့်မားမှုကို ဝေဖန်ရာမှာ ဤစာတမ်းရေးသားသူ၏ အရာ မဟုတ်သောကြောင့် ၎င်းကိစ္စကို ဝေဖန်သုံးသပ်မှု မပြုတော့ဘဲ **နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ရိုးရာပါဠိစာပေ သင်ကြားမှု တိုးတက်ရေးကိုသာ** အကြံပြုတင်ပြဆွေးနွေးသွားမည် ဖြစ်ပါသည်။

**အကျိုးအပြစ်ဝေဖန်ချက်**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများတွင် ယနေ့ လေ့လာသင်ကြားနေသော ဘာသာရပ်များမှာ ၁။ မြန်မာဘာသာ ၂။ ပါဠိဘာသာနှင့် ၃။ အင်္ဂလိပ်ဘာသာတို့ ဖြစ်ကြပါသည်။

သင်တန်းအသီးသီး၌ မြန်မာဘာသာဖြင့်ပြောဆိုပို့ချခြင်း၊ မြန်မာဘာသာဖြင့် စာတန်းများရေးသားခြင်း၊ နေ့စဉ်သုံးဘာသာစကား မှာလည်း မြန်မာဘာသာစကားဖြစ်နေခြင်းတို့ကြောင့် မြန်မာစာပေ မြန်မာဘာသာသည် အလိုလိုက်ခံထားရသော သားအရင်းပမာ တင့်တယ်ထယ်ဝါမှုရှိပြီး အစဉ်အမြဲ တိုးတက်မှုရှိနေသည်မှာ အထင် အရှားပင် ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာသည် မြန်မာတို့၏ မိခင်ဘာသာမဟုတ်သော် လည်း ကမ္ဘာ့သုံးဘာသာဖြစ်နေခြင်း၊ ပေါ်ပြူလာဖြစ်နေခြင်း၊ မြန်မာ ရဟန်းတော်များအတွက် အသစ်အဆန်း ဖြစ်နေခြင်းတို့ကြောင့် ကျောင်းသားအများစု၏ စိတ်ဝင်စားမှု ဂရုစိုက်မှု ခံနေရသည့်အတွက် မျက်နှာသာ အပေးခံရသော မွေးစားသားကဲ့သို့ တိုးတက်မှုအသွင် ဆောင်နေ သည်မှာလည်း အများမြင်သာသော အချက်ပင်ဖြစ်ပါသည်။

ပါဠိ ပိဋကတ်တော်ကို သင်ယူရာ၌ ပါဠိဘာသာသည် မဖြစ် မနေ ကျွမ်းကျင်ထားရမည့် ဘာသာရပ်တစ်ခုဖြစ်သည် မှန်သော်လည်း ပါဠိ၏ မွေးရာဇာတိဖြစ်သော အိန္ဒိယနိုင်ငံမှာပင်လျှင် ပါဠိဘာသာ၏ ရပ်တည်ချက်သည် မြော့မြော့သာကျန်တော့ခြင်း Death Language ဖြစ်နေခြင်း၊ ဘာသာပြန်စာပေများ တိုးတက်ထွန်းကားလာခြင်း၊ ပါဠိ

အရေးအပြောကို လေ့ကျင့်စရာပတ်ဝန်းကျင်နည်းပါးလာခြင်းတို့ကြောင့် ပါဠိဘာသာသည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် သားကောင်းရတနာပင်ဖြစ်လင့်ကစား ရဟန်းတော်တို့၏ ပါဠိတက္ကသိုလ် ပါဠိစာသင်တိုက်ကြီးများ၏ အုတ်နံရံအတွင်း၌သာ ပိတ်လှောင်ထားခံနေရသည့် အဖြစ်မျိုး ကြုံနေရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်၊

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကြီးမှူး၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပါဠိစာပေသင်ကြားပို့ချမှုအဆင့်မြှင့်တင်ရေးကို စီစဉ်ဆောင်ရွက်လာသည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်၊

သို့ပါ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပါဠိစာပေ သို့မဟုတ် ပါဠိဘာသာသင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး အတွက် မိမိဉာဏ်မီသမျှ တင်ပြဆွေးနွေးသွားမည် ဖြစ်ပါသည်။

**ပါဠိစာပေဌာနအဆင့်မြှင့်တင်ခြင်း**

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများသို့ တက်ရောက် ပညာသင်ကြားခွင့်ရကြသော ကျောင်းသားများသည် ပထမကြီးတန်း အောင်မြင်ပြီးသူများဖြစ်ကြသောကြောင့် ယေဘုယျအားဖြင့် ပါဠိ ဘာသာကို အထိုက်အလျောက် ကျွမ်းကျင်ကြသူများဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌ ၎င်းကျောင်းသားများကို ပါဠိဘာသာကို အခြေခံမှစ၍ သင်ကြားပေးရန် မလိုအပ်ပါ၊ ပါဠိသွား ပါဠိရေးထုံးများကို သိရှိနားလည်စေရန် အဋ္ဌကထာ ဋီကာတို့မှ ပါဠိဝါကျ ဖွဲ့စည်းပုံများကို ထုတ်နုတ်၍ သင်ကြားပေးရန်သာ လိုအပ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ပါဠိစာပေဌာန သင်ရိုးညွှန်းတမ်းများကို လေ့လာကြည့်လျှင် ဤစနစ်ကိုအခြေခံ၍ သင်ကြားနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

သို့သော် ပါဠိစာပေဌာနသည် ဝိ၊ သု၊ ဘိ ဌာနများကဲ့သို့ အဓိကဌာနကြီးမဟုတ်၍ တစ်ပတ်လျှင် တစ်ကြိမ်သာ သင်ကြားချိန်ရရှိသောကြောင့် ရရှိသောစာသင်ချိန်မှာ အလွန်နည်းလွန်းနေသည်ကို တွေ့ရှိရပါသည်။ တစ်ပတ်လျှင် စာတွေ့လက်တွေ့ အနည်းဆုံးနှစ်ကြိမ် ရသင့်ပါသည်။ ရရှိအောင်လည်း စာသင်ချိန်များကို ပြင်ဆင်ပေးသင့်ပါသည်။ ထိုသို့ ပြင်ဆင်ပေးနိုင်ရန် ပါဠိစာပေဌာနကို ဝိ၊ သု၊ ဘိ ဌာနများနှင့်တန်းတူ တိုးမြှင့်သတ်မှတ်ပေးသင့်ပါသည်။ ဆရာအင်အားနှင့် စာသင်ချိန်ကိုလည်း တိုးချဲ့ပေးသင့်ပါသည်။

**သင်ကြားနည်းစနစ်ပြောင်းပေးခြင်း**

အင်္ဂလိပ်ဘာသာကို သင်ယူလေ့လာရာ၌ ဂရ္ဂဝင်မြောက် အင်္ဂလိပ်အသုံးအနှုန်းများကို ကျွမ်းကျင်စွာတတ်မြောက်ဖို့ထက် အများနားလည်လွယ်လောက်သည့် ပေါ့ပါးသောအရေးအပြောများကို စနစ်တကျ မှန်ကန်စွာ ရေးနိုင်ပြောနိုင်ဖို့က ပို၍အရေးကြီးသလို ပါဠိဘာသာကို သင်ကြားလေ့လာရာ၌လည်း ပေါ့ပါးသောအရေးအပြောများကို လွယ်ကူစွာရေးနိုင်ပြောနိုင်ဖို့က ပို၍အရေးကြီးပါသည်။ စာသုံးဘာသာစကားမှ အရပ်သုံး ဘာသာစကားဖြစ်အောင် ပြုလုပ်ပေးဖို့ လိုပါသည်။ ထို့ကြောင့် လက်ရှိသင်နည်းစနစ်ကို အောက်ပါအတိုင်း ပြောင်းလဲပေးရပါမည်။

၁။ ဘာသာစကားတိုင်း၌ အများသတ်မှတ်ထားသော အသံထွက် ရှိပါသည်။ ပါဠိဘာသာ၌လည်း ရှိပါသည်။ ၎င်းမှာ Romanize အသံဖြစ်ပါသည်။ နိုင်ငံတကာသုံး အသံဟုလည်း တင်စား၍ ခေါ်ကြပါသည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများသည် နိုင်ငံတကာနှင့် ဆက်သွယ်နေရသော တက္ကသိုလ်ကြီးများဖြစ်၍ နိုင်ငံတကာသုံး အသံထွက်ကို အလေ့အကျင့်ရှိပြီးသားဖြစ်နေဖို့ လိုအပ်ပါသည်။ Romanize အရေးအသားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ရေးသားနိုင် ဖတ်ကြားနိုင်ဖို့လိုအပ်ပါသည်။ ထို့ကြောင့် စာသင်ခန်းအတွင်း၌ Romanize အသံဖြင့် ပြောဆိုသင်ကြားခြင်း Romanize Letter ဖြင့်ရေး၍ သင်ကြားခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

၂။ ဘာသာစကားတစ်ခုကို သင်ယူရာ၌ စာအုပ်ထဲတွင် တွေ့မြင်နေရုံဖြင့်သာ မလုံလောက်ပါ၊ နားကလည်း အမြဲကြားနေဖို့ လိုအပ်ပါသည်။ ပါဠိဘာသာကို အသံမှန်မှန်ဖြင့် ပြောနိုင်နားထောင်နိုင်သော အခွင့်အရေးသည် စာသင်ခန်းပြင်ပ၌ ရရှိရန်မလွယ်ကူပါ။ ထို့ကြောင့် စာသင်ခန်းအတွင်း၌ သင်ကြားသူဆရာက ပါဠိဘာသာဖြင့်ပြော၍ သင်ကြားခြင်း၊ ပါဠိဘာသာဖြင့် ပြောစေခြင်းများ ပြုလုပ်ပေးရပါမည်။

၃။ ဇာတကအဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာ စသည်များ၌ လာသော ဝတ္ထုဇာတ်လမ်းများကို ထုတ်ပြ၍ ဝါကျဖွဲ့စည်းပုံကိုသင်ကြားခြင်း၊ ပါဠိစကားလုံး အသုံးပြုပုံကို သင်ကြားခြင်း၊ အလားတူ ဇာတ်လမ်းဝတ္ထုများ ရေးသားခြင်း၊ ပါဠိစာစီစာကုံးများ ရေးသားခြင်း၊ ဝါကျရှည်ကို ဝါကျတိုများဖြင့် ဖြတ်ရေးခြင်း၊ ဝါကျတိုများကို ဝါကျရှည်ဖြစ်အောင် ဆက်ရေးခြင်း၊ စာပိုဒ်တစ်ခုလုံးကို အကျဉ်းခြုံး၍ ပိဏ္ဍတ္ထရေးခြင်း၊ ဂါထာများကို အဋ္ဌကထာနည်းအရ ဖွင့်ဆိုရေးသားခြင်း စသည်များဖြင့် သင်ကြားပေးရပါမည်။

၄။ အကြောင်းအရာတစ်ခုကို သင်ကြားပြီဆိုလျှင် ယင်းအကြောင်းအရာနှင့်ဆိုင်သော ပါဠိဝေါဟာရများကို စုစည်းပေးထားရပါမည်။ ပါဠိဝေါဟာရကြွယ်ဝမှသာ ပါဠိကိုရေးရာ ပြောရာ၌ သက်တောင့်သက်သာ အလွယ်တကူရေးနိုင်ပြောနိုင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

၅။ ယနေ့ခေတ် ပါဠိစာသင်သားအများစုသည် ပါဠိဘာသာကို သင်ယူနေရသော်လည်း မိမိသင်ယူထားသော ပါဠိနည်းစနစ်များကို မည်သို့အသုံးချရမည်ကို မသိဘဲ ရှိတတ်ကြပါသည်။ ထို့ကြောင့် ပါဠိကို သင်နေရပါလျက် ပါဠိမတတ်ကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပါဠိသဒ္ဒါကျမ်းများလာ နည်းစနစ်များကို မှန်ကန်စွာအသုံးချတတ်အောင် သင်ကြားပေးရပါမည်။

၆။ ဘာသာရပ်တစ်ခုခုကို လေ့လာရာ၌ လေ့လာသင်ကြားနည်းစနစ်သည် အခြားဘာသာရပ်များ လေ့လာသင်ကြားနည်းစနစ်နှင့် အများအားဖြင့် တူနေတတ်ပါသည်။ သို့ဖြစ်၍ မြန်မာဘာသာသင်ကြားနည်းစနစ်၊ အင်္ဂလိပ်ဘာသာသင်ကြားနည်းစနစ်နှင့် လိုအပ်လျှင် ပါဠိပါရဂူသင်ကြားနည်းစနစ်များမှ လိုအပ်သည်များကို ထိုက်သင့်သလို ထုတ်ယူ အသုံးပြုသင့်ပါသည်။

**ပြင်ပအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း**

ပါဠိဘာသာသင်ကြားခြင်းကို စာသင်ခန်းအတွင်း၌ သင်ကြားရုံဖြင့်သာ မလုံလောက်ပါ၊ စာသင်ခန်းပြင်ပ၌လည်း လိုအပ်သောသင်ထောက်ကူလုပ်ငန်းများကို အခါအားလျော်စွာ ပြုလုပ်ပေးရပါမည်။ ၄င်းတို့မှာ-

၁။ ပါဠိပညာရှင်များကို ဖိတ်ကြား၍ ပါဠိစာပေဟောပြောပွဲများ ပြုလုပ်ပေးရပါမည်။

၂။ ပါဠိစာပေဆိုင်ရာ သုတေသနစာတန်းများ ရေးသားဖတ်ကြားခြင်းများ ပြုလုပ်ပေးရပါမည်။

၃။ အခါအားလျော်စွာ ပါဠိစာပေတိုးတက်ရာ တိုးတက်ကြောင်း အကြံပြုတင်ပြဆွေးနွေးကြသည့် ပါဠိစာပေနှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးရပါမည်။

၄။ ပါဠိအပြောပြိုင်ပွဲများ ပြုလုပ်ပေးရပါမည်။

၅။ ပါဠိဘာသာဖြင့် ဂါထာရေးပြိုင်ပွဲ စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးရပါမည်။

၆။ ပါဠိစာစောင် မဂ္ဂဇင်းများ ထုတ်ဝေပေးရပါမည်။

၇။ ပါဠိအရင်းအမြစ်များကို ရှာဖွေဖော်ထုတ် သုတေသနပြုခြင်းများ ပြုလုပ်ပေးရပါမည်။

၈။ ပါဠိဘာသာသင်ကြားမှုတိုးတက်ရေးအတွက် လိုအပ်လျှင် ဌာနဆိုင်ရာမှ ငွေကြေးသုံးစွဲခွင့် ပြုပေးရပါမည်။

**ပါဠိစာပေဌာန၏ ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ပေးခြင်း**

ယခင်က ဤတက္ကသိုလ်ကြီးများ၏ အမြင့်ဆုံးအတန်းဖြစ်သော M.A(Buddhism) အတန်း၌ မြန်မာစာအရေးအသားဖြင့် ကျမ်းစာများ ရေးသားရန် သတ်မှတ်ထားခဲ့ပါသည်။ ထိုအခါ မြန်မာစာပေဌာနမှ မြန်မာစာအရေးအသားကို စနစ်တကျသင်ကြားပေးခဲ့သဖြင့် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများတွင် မြန်မာစာအရေးအသား တိုးတက်လာခဲ့သည်မှာ မြင်သာထင်သာသော အချက်ဖြစ်ပါသည်။ ယခုအခါ တက္ကသိုလ်၏ အမြင့်ဆုံးအတန်းဖြစ်သော Ph.D အတန်း၌ အင်္ဂလိပ်ဘာသာဖြင့်သာ ကျမ်းစာရေးသားရမည်ဟု သတ်မှတ်ထားသဖြင့် ကျောင်းသားအများစု၏ ရည်ရွယ်ချက်သည် အင်္ဂလိပ်စာကျွမ်းကျင်စွာ တတ်မြောက်ရေးဆီသို့ ဦးတည်သွားကြပါသည်။

ယခု ဆုံးဖြတ်ထားသောမူအတိုင်းသာ ဆိုပါလျှင် ဤ တက္ကသိုလ်ကြီးများ၌ ပါဠိဘာသာတတ်မြောက်ဖို့ထက် အင်္ဂလိပ်ဘာသာ တတ်မြောက်ဖို့က ပို၍အရေးကြီးသလို ဖြစ်နေပါသည်။ တကယ်လည်း အရေးပါသွားမှာ သေချာပါသည်။ အိန္ဒိယရှိ ပါဠိ တက္ကသိုလ်ကြီးများ၌ အင်္ဂလိပ်ဘာသာဖြင့် Ph.D Thesis ရေးသား တင်သွင်းခွင့်ပြုသော

တက္ကသိုလ်များရှိသလို ပါဠိဘာသာ၊ သက္ကတ ဘာသာတို့ဖြင့် Ph.D Thesis ရေးသား တင်သွင်းခွင့်ပြုသော တက္ကသိုလ်များလည်း ရှိပါသည်။

ထို့ကြောင့် ပါဠိအဓိကယူလိုသူကျောင်းသားများ၏ စိတ်ဝင် စားမှု ဖြစ်စေရန် ဆွဲဆောင်သောအားဖြင့် တက္ကသိုလ်၏ အမြင့်ဆုံး ပန်းတိုင် ဖြစ်သော Ph.Dဘွဲ့ ကျမ်းစာကို ပါဠိဘာသာသက်သက်ဖြင့် ရေးသား တင်သွင်းခွင့် ပြုသင့်ပါသည်။ သို့မှသာ ပါဠိဘာသာရပ်အပေါ် ကျောင်းသားများ၏ စိတ်ဝင်စားမှု ပြောင်းလဲလာမည် ဖြစ်ပါသည်။ **ဘာသာရပ်တစ်ခုအပေါ် စိတ်ဝင်စားမှုသည် ၎င်းဘာသာရပ်ကို အောင်မြင်စွာသင်ကြားနိုင်ခြင်း၏ အကြောင်းရင်းပင်ဖြစ်ပါသည်။**

**နိဂုံး**


နိဂုံးချုပ်အနေအားဖြင့် တင်ပြရလျှင် လောကီတက္ကသိုလ်များ တွင် အသက်မွေးဝမ်းကျောင်း ပိုမိုကောင်းမွန်သော တက္ကသိုလ်များကို အရည်အချင်းပြည့်မီသော ကျောင်းသားများ စိတ်ဝင်တစား ရှိတတ် ကြသလို ဤတက္ကသိုလ်များ၌လည်း ပါဠိဘာသာ အထူးတလည် တတ်မြောက်သော ကျောင်းသားများကို ထင်ပေါ်အောင် အသုံးဝင်အောင် နှင့် ကျောင်းသားများကိုယ်တိုင်က ပါဠိဘာသာအပေါ် အထင်ကြီးလာ အောင် တန်ဖိုးထားတတ်လာအောင် ပြုလုပ်ဆောင်ရွက်ပေးနိုင်လျှင် အရည်အချင်းပြည့်မီသော ကျောင်းသားများ ပါဠိဘာသာကို ပိုမို စိတ်ဝင်စားမှု ရှိလာနိုင်ပါသည်။

ကျောင်းသားများ၏ စိတ်ဝင်တစားရှိမှုသည် ပါဠိဘာသာ

သင်ကြားပို့ချမှုအဆင့်မြင့်တင်ရေးအတွက် အကောင်းဆုံးသော လက်နက်တစ်ခုဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

နိဗ္ဗာန်အမတ အေးမြချမ်းသာ ရရှိခံစားနိုင်ကြပါစေ

ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ
မဟာဌာနမှူး၊ ပဋိပတ္တိမဟာဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်



နိုးနှောဖလှယ်ပွဲ တတိယနေ့ (၂၆–၄–၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါဠိစာပေဌာန၊ ဂဏဝါစက အရှင်စိန္တာဝရ က
"ပါဠိစာပေနှင့် နိုးနွယ်ဆက်စပ်သော သက္ကတစသည့် ဘာသန္တရများနှင့် နှိုင်းယှဉ်လေ့လာချက်
သုတေသနစာတမ်း" ကို ဖတ်ကြားတင်သွင်းစဉ်

# ပါဠိစာပေနှင့် နီးနွယ်ဆက်စပ်သော သက္ကတစသည့် ဘာသန္တရများနှင့် နှိုင်းယှဉ်လေ့လာချက် သုတေသနစာတမ်း

အရှင်စိန္တာဝရ
ကထိက
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

**စာတမ်းအကျဉ်း**

ဤစာတမ်းတွင် ပါဠိစာပေနှင့် နီးနွယ်ဆက်စပ်သော Vedic Sanskrit, Classical Sanskrit နှင့် Prakrit စာပေတို့ တူညီပုံ၊ ထူးခြားပုံတို့ကို လေ့လာတင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ပါဠိစာပေကို မဏ္ဍိုင်ပြုကာ ယခုခေတ် မြန်မာနိုင်ငံ၌ အသုံးတွင်ကျယ်လျက်ရှိသော Classical Sanskrit နှင့် ထူးခြားပုံ၊ တူညီပုံတို့ကို ဦးစားပေး၍ ဆန်းစစ်လေ့လာတင်ပြထားပါသည်။

**နိဒါန်း**

စာပေဟူသည် နိုင်ငံတိုင်း ဘာသာတိုင်းတွင် ရှိစမြဲဖြစ်သည်။ ယင်းသို့ ရှိရာတွင် မိမိတို့အသုံးပြုသော စာပေ၏ တိုးတက်ရာ တိုးတက်ကြောင်းဖြစ်သော သဒ္ဒါဆိုင်ရာ အချက်အလက်များ၊ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို အကိုးအကားအဖြစ် ထားစမြဲဖြစ်ပါသည်။

လူတို့သည် ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသော လောကီအကျိုးတရားများ အောင်မြင်ရေးနှင့် ကုသိုလ်ရေးစသော လောကုတ္တရာအကျိုးတရားများ အောင်မြင်ရေးအတွက် အဓိကလိုအပ်လျက်ရှိသည်မှာ စာပေတတ်ကျွမ်းရန် ဖြစ်ပါသည်။ ယင်းသို့ မိမိတို့နှင့် နီးစပ်ရာစာပေများကို သင်ယူရာအခါ၌ စာပေ၏ သဘာဝခိုင်ခံ့မှုနှင့် ပညာရေး၊ လိမ္မာရေး၊ ကုသိုလ်ရေးတို့ကို ပေးစွမ်းနိုင်သော စာပေသည်သာ အကောင်းဆုံးစာပေဖြစ်ပါသည်။

ပါဠိစာပေသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်များကို အခြေခံကာ ဖြစ်ပေါ်လာသော စာပေဖြစ်သဖြင့် အနှစ်သာရရှိပြီး သဒ္ဒါရေးအားဖြင့်လည်း ညီညွတ်မှုရှိပါသည်။ ယင်း ပါဠိစာပေကို သင်ယူရာအခါတွင် ပါဠိစာပေနှင့် အနီးစပ်ဆုံးဖြစ်သော သက္ကတ၊ ပရာကရစ်ဘာသာ တို့ကိုလည်း လေ့လာသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပါဠိစာပေနှင့် သက္ကတ၊ ပရာကရစ်စာပေတို့သည် တူညီမှုများ များစွာရှိလေသောကြောင့်ဖြစ်၏။ မတူသည့်အချက်မှာ အနည်းငယ်သာ ရှိပါသည်။ တူသည်က များသောကြောင့် အချို့က "ပါဠိသည် သက္ကတမှ ဆင်းသက်လာ၏။ အချို့ကလည်း သက္ကတသည် ပါဠိမှ ဆင်းသက်လာ၏"ဟု ပြောဆိုကြလေသည်။ ဤနေရာ၌ ယင်းသို့သော ပြောဆိုချက်ကို ဘေးဖယ်ထားကာ ပါဠိနှင့် သက္ကတစသည့် ဘာသန္တရများ တူညီမှု၊ ထူးခြားမှုတို့ကိုသာ တင်ပြသွားပါမည်။ ထိုသို့ တင်ပြရာ၌ အခန်းမခွဲတော့ဘဲ ပါဠိ+သက္ကတစာပေတို့တွင် အရေးပါသော အက္ခရာ၊ ဌာန်၊ သရ၊ ဗျည်း၊ သန္ဓိ၊

နာမ် အာချာတ်၊ ကိတ်တို့၏ သဘောတရားများကို အသားပေး တင်ပြထားပါသည်။

**ရည်ရွယ်ချက်**

ပါဠိစာပေသင်ကြားရာတွင် ပါဠိစာပေသည် သက္ကတ၊ ပရာကရစ် စသော စာပေများနှင့်လည်း နီးနွယ်ဆက်စပ်လျက်ရှိသောကြောင့် တူညီမှု၊ ထူးခြားမှုတို့ကို သုတေသီများ သိစေရန် ရည်ရွယ်ပါသည်။

**အသုံးပြုသည့် အချက်အလက်နှင့်နည်းလမ်း**

ဤစာတမ်းတွင် ပညာရှင်အသီးသီး ပြုစုထားသော ပါဠိစာပေဆိုင်ရာ စာအုပ်များ၊ သက္ကတစာပေဆိုင်ရာ စာအုပ်များကို အခြေခံ၍လည်းကောင်း၊ ပါဠိ၊ သက္ကတစာပေတတ်ကျွမ်းသော ပညာရှင်များကို မေးမြန်း၍ လည်းကောင်း ပါဠိနှင့် နီးနွယ်ဆက်စပ်သော သက္ကတစသည့်ဘာသန္တရများနှင့် နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ယင်းနှိုင်းယှဉ်ချက်များအား သဒ္ဒါရေးရှုထောင့်မှနေ၍ တူညီမှု၊ ထူးခြားမှုတို့ကို သာဓကပုံစံတို့ဖြင့် ဆန်းစစ်တင်ပြထားပါသည်။

**၁။ ။ ပါဠိစာပေတည်ရှိပုံ**

ဗုဒ္ဓဘာသာစာပေသည် ဝေဒစာပေနောက်မှ ထွန်းကား လာသောစာပေဖြစ်လေသည်။ ဗုဒ္ဓဘာသာစာပေကို (က)ပါဠိစာပေ (ခ)သက္ကတစာပေဟု နှစ်မျိုးပိုင်းထားလေသည်။ ဗုဒ္ဓဘာသာဂိုဏ်းကြီး (၁၈)ဂိုဏ်းရှိသည့်အနက် ပါဠိစာပေသည် ရှေးအကျဆုံးဂိုဏ်း ဖြစ်သော "ထေရဝါဒ" ဂိုဏ်း၏ စာပေဖြစ်၍ အခြားဂိုဏ်များ၏ စာပေများကိုမူ

သက္ကတဖြင့်လည်းကောင်း၊မိဿကသက္ကတဖြင့်လည်းကောင်း ပြုစုခဲ့ကြလေသည်။ ၎င်းပြင် နောက်ပိုင်း "မဟာယာန" ဂိုဏ်းများ၏ စာပေတို့ကိုလည်း သက္ကတဖြင့်ပင် အက္ခရာတင်ထားခဲ့ကြ၏။

ပါဠိဘာသာသည် ပရာကရစ်ဘာသာတို့နှင့် တစ်စိတ် တစ်ဒေသ တူညီမှုရှိသကဲ့သို့ သက္ကတဘာသာနှင့်လည်း တူညီမှုများ ရှိလေသည်။ သက္ကတဘာသာသည် Vedic Sanskrit, Classical Sanskritဟု နှစ်မျိုးရှိရာ Vedic Sanskrit ဟူသည် ဣရု၊ ယဇု၊ သာမ၊ အာထဗ္ဗဏ ဟူသော ဝေဒလေးကျမ်းနှင့် ၎င်းတို့၏ အခြံအရံကျမ်းများ၌ အသုံးပြုသော ရှေးဟောင်းသက္ကတဖြစ်သည်။ Classical Sanskrit ဟူသည် ဣတိဟာသကျမ်း၊ ပုရာဏကျမ်းစသည်တို့၌ တွေ့ရသော နောက်ပေါ် သက္ကတဘာသာ ဖြစ်သည်။ ယင်းနောက်ပေါ်ဖြစ်သော ဘာသာကိုပင် မြန်မာပြည်၌ သက္ကတဘာသာဟု ခေါ်ကြသည်။

၎င်းသက္ကတဘာသာနှစ်မျိုးတို့တွင် Vedic Sanskrit သည် မူလပဓာနဖြစ်ပြီး Classical Sanskrit သည် Vedic Sanskrit မှ ဆင်းသက်ပေါက်ဖွားလာသောဘာသာဖြစ်ပေသည်။ ထိုနှစ်မျိုးသော သက္ကတတို့မှာပင် ပါဠိဘာသာနှင့် နီးစပ်တူညီသောအချက်များစွာပင် တွေ့ရှိရသည်။ အထူးသဖြင့် ပုဒ်နေပုဒ်ထားတို့၌ လုံးဝတူညီသော ပုဒ်များနှင့် လုံးဝမတူသော်လည်း မှန်းဆသိနိုင်လောက်သောပုဒ်များ အမြောက်အမြားပင် တွေ့ရှိနိုင်ပေသည်။ အနည်းငယ်ထုတ်ပြရလျှင် ဂမ္ဘီရ၊ ဓီဝိတ၊ သူကရ၊ မုခ၊ သဘာ၊ ဂါထာ စသော ပုဒ်တို့သည် ပါဠိနှင့်သက္ကတ နှစ်ဌာနလုံး၌ပင် လုံးဝတူညီသောပုဒ်များဖြစ်၍

ဇျောတိ၊ ဒုးခ၊ မုတ္တ၊ မုဒ္ဒရ၊ သ္တိတ စသော ပုဒ်တို့ကား မှန်းဆသိနိုင်လောက်သော ပုဒ်များပင် ဖြစ်ပေသည်။

ပါဠိစာပေကို အကြမ်းအားဖြင့် ၁။ ပိဋကစာပေ ၂။ ပိဋကမဟုတ်သော စာပေဟု နှစ်မျိုးပိုင်းထားပြန်သည်။

ပိဋကစာပေတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ အကျုံးဝင်ကြ၍ ပိဋကမဟုတ်သော စာပေတို့သည်ကား အထူးသဖြင့် (က)အဋ္ဌကထာ များ (ခ) ဒီပဝင်၊ မဟာဝင်အစရှိသော သမိုင်းများနှင့် မိလိန္ဒပဉှာ၊ နေတ္တိအစရှိသောကျမ်းများဖြစ်ကြသည်။

ပိဋကတော်ကို ခရစ်မတိုင်မီ တတိယရာစုနှစ်တွင် အပြီးသတ်စုဆောင်းရကား ပိဋကတော် အပြီးသတ်စုဆောင်းပြီးနောက်မှ ထွက်ပြူလာကြသော စာပေများကို 'ပိဋကတော်မဟုတ်သောစာပေများ'ဟု မှတ်တမ်းတင်ထားခဲ့ကြ၏။

ပိဋကတော်သည် ရှေးအကျဆုံး ဗုဒ္ဓဘာသာဂိုဏ်းဖြစ်သော 'ထေရဝါဒဂိုဏ်း'၏ ရှေးအကျဆုံး ဗုဒ္ဓဘာသာစာပေဖြစ်သဖြင့် သက္ကတ (သို့မဟုတ်) သက္ကတတစ်ဝက်(မိဿကသက္ကတ)ဖြင့် ပြုစုထားသော ဗုဒ္ဓဘာသာစာပေထက် ပို၍ ရှေးကျလေသည်။

မည်သို့ဆိုစေ ယင်းပိဋကတော်များသည် ယခုအခါ မြန်မာနိုင်ငံ၌ ပါဠိစာပေအဖြစ် တည်ရှိနေပြီ ဖြစ်ပေသည်။ ဤစာတမ်း၌ ယင်းပါဠိစာပေနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော သက္ကတစသည့် ဘာသန္တရများကို နှိုင်းယှဉ်၍ အစဉ်လိုက် ဖော်ပြမည်ဖြစ်ပါသည်။

၂။ ။ **အက္ခရာ**

စာပေတစ်ခုကို စတင်လေ့လာရာ၌ ယင်းစာပေ၏ အက္ခရာများကို ဦးစွာလေ့လာရပါသည်။ ပါဠိစာပေ၌ "အက္ခရာပါဒယော ဧကစတ္တာလီသံ"ဟူသော ကစ္စည်းသုတ်အရ အက္ခရာ(၄၁)လုံး ရှိပါသည်။ ယင်းအက္ခရာများကိုမူ ပါဠိစာပေလေ့လာသူများအနေဖြင့် သိထားပြီးဖြစ်သဖြင့် ဖော်မပြတော့ပါ။ သက္ကတစာပေ၌ကား အက္ခရာ (၄၈)လုံး ရှိပါသည်။ ယင်းတို့အနက် ပါဠိစာပေထက် ယုတ်လျော့ ပိုလွန်သော အက္ခရာများကိုသာ ဖော်ပြပါမည်။

ဠ-အက္ခရာနှင့်ပတ်သက်၍ Vedic Sanskrit တွင် ပါရှိပြီး Classical Sanskrit တွင် မတွေ့ရပါ။

ပါဠိစာပေ၌ သရ(၈)လုံးသာရှိသော်လည်း သက္ကတစာပေတွင် ऋ ṛ, ॠ ṝ, ऌ ḷ, ऐ ai, औ au ဟု သရ(၅)လုံး ပါရှိသဖြင့် သရ(၁၃)လုံး ရှိပါသည်။ ၎င်းပြင် သက္ကတစာပေ၌ ဝိစာဂ(း)aḥ (သို့မဟုတ်) ဝိသဇ္ဇနီနှင့် နိဂ္ဂဟိတ်(အနုသွာရ)တို့ကို ယခုခေတ်တွင် သရ၌သာ ထည့်သွင်းလေသည်။ ထို့ကြောင့် သက္ကတ၌ သရ(၁၅)မျိုးရှိသည်ဟု ဆိုနိုင်ပါသည်။

श् ś, ष् ṣ ဟူသော ဗျည်းနှစ်လုံးသည် ပါဠိစာပေ၌ မတွေ့ရဘဲ သက္ကတစာပေ၌သာ တွေ့ရပါသည်။ သို့သော် လည်း ပါဠိစာပေတွင် ရေးသားဖတ်ရှုရန် ဂယ, ပယ ဟူ၍ ရေးစာပေ များ၌ တွေ့ရသည်။ ယခုခေတ်တွင်လည်း စာသင်သားများ နားလည် ရန်အတွက် ဂယ, ပယ ဟူ၍ ခွဲခြားကာ သင်ပြပေးလျက် ရှိပါသည်။

၃။ ။ သရ

ऌ ! သရကို Classical Sanskrit တွင် အသုံးမပြု တော့ပါ၊ သို့သော်လည်း ऌ l, နှင့် ॠ r̥ ကို ပေါင်းစပ်၍ အသုံးပြုလေ့ ရှိပါသည်။

ပါဠိစာပေတွင် "အ, ဣ, ဥ" သရ(၃)လုံးသည် ရဿသရ ဖြစ်၍ "အာ, ဤ, ဦ, ဧ, ဩ" သရ(၅)လုံးသည် ဒီဃသရဖြစ်၏။ သက္ကတစာပေတွင် अ a, इ i, उ u, ऋ r̥ သရ(၄)လုံးသည် ရဿ သရဖြစ်၍ आ ā, ई ī, ऊ ū, ए e, ऐ ai, ओ o, औ au, သရ(၇)လုံးသည် ဒီဃသရဖြစ်၏။

သက္ကတစာပေတွင် ए e, ऐ ai, ओ o, औ au သရ(၄)လုံးကို सन्ध्यक्षर သန္ဓိသရဟု ဆိုသည်။ ဤနေရာ၌ ဧ နှင့် ဩ မှာ ပါဠိ၌ ကွစာသဝဏ္ဏ လုတ္တေ-သုတ်ဖြင့် ရှေ့သရချေပြီး နောက်သရကိုဧဩ အသဝဏ် ပြုခြင်းမျိုးမဟုတ်ဘဲ ရှေ့က a, ā နောက်၌ i, ī တွေသောအခါ e-သို့ ပြောင်း၍ ရှေ့က a, ā နောက်၌ u, ū တွေသောအခါ o-သို့ ပြောင်းပြီး သန္ဓိစပ်ခြင်း ဖြစ်သည်။ ai နှင့် au မှာ ပါဠိစာပေ၌ မရှိ၊ သက္ကတ စာပေ၌သာ ရှိသည်။ ရှေ့က a, ā နောက်၌ e တွေ့သောအခါ ai-သို့ ပြောင်း၍ ရှေ့က a, ā နောက်၌ o တွေ့သောအခါ au-သို့ ပြောင်းပြီး သန္ဓိစပ်ခြင်း ဖြစ်သည်။

၄။ ။ ဗျည်း

ပါဠိစာပေတွင် ဗျည်း(၃၃)လုံးရှိပေသည်။ ပါဠိအက္ခရာတွင် ဠ နှင့် အံ ကို ဗျည်းတွင်ပေါင်းထားပါသည်။ Vedic Sanskit

တွင် ဠ-ပါရှိပြီး Classical Sanskit တွင် မပါပါ။ အံ ကို သရ၌ ထည့်သွင်းထားပါသည်။ သက္ကတဗျည်း၌ श् ś, ष् ṣ ဟု ဗျည်းနှစ်လုံးပါသဖြင့် (၃၃)လုံးပင်ရှိပါသည်။ ယင်းဗျည်းများကို သံယုဂ်ဗျည်းအဆင့် ပြုလုပ်ရာ၌ ပါဠိစာပေတွင် ဗျည်းသုံးလုံးဆင့် အထိသာတွေ့ရပြီး သက္ကတစာပေတွင် ဗျည်းလေးလုံး ဆင့်သည်အထိ တွေ့ရပါသည်။

ပါဠိစာပေတွင် ဗျည်းများကို ဝဂ်ဗျည်း၊ အဝဂ်ဗျည်း၊ ဃောသဗျည်း၊ အဃောသဗျည်း၊ နိဂ္ဂဟိတ်ဗျည်းဟု ခွဲခြားသတ်မှတ်ပြီး သက္ကတစာပေတွင် ဗျည်းများကို ဃောသဗျည်း၊ အဃောသဗျည်း၊ အန္တသ္ထ၊ ဥသ္မာ၊ ဝိသဇ္ဇနီ၊ အနုသွာရ-ဟုခွဲခြားသတ်မှတ်ပါသည်။

ထိုတွင် ပါဠိ၌မပါဘဲ သက္ကတ၌သာပါသော အမည်များကိုသာ ဖော်ပြပါမည်။ အန္တသ္ထဆိုသည်မှာ- य् y, र् r, ल् l, व् v လေးလုံး ဖြစ်ပါသည်။ ယင်းလေးလုံးသည် သရနှင့်ဗျည်းအကြား၌ တည်သော အက္ခရာဖြစ်၍ အန္တသ္ထ(အကြား၌တည်သော)အက္ခရာမည်၏။ တနည်း အားဖြင့် ဝဂ်အက္ခရာနှင့် ဥသ္မာအကြား၌တည်သောအက္ခရာဖြစ်၍ အန္တသ္ထမည်၏။ ဥသ္မာဆိုသည်မှာ- श् ś, ष् ṣ, स् s, ः aḥ လေးလုံးကို ဆိုပါသည်။ ဝိသဇ္ဇနီခေါ် ဝိစာဂနှစ်လုံးမှာ သက္ကတစာပေ၌သာ အသုံးရှိ၍ ပါဠိစာပေ၌ အသုံးမရှိပါ။

၅။ ။ ဒွန်

ပါဠိစာပေနှင့် သက္ကတစာပေတို့လာ အက္ခရာတို့သည် အများ အားဖြင့် ဒွန်တူညီသော်လည်း အနည်းငယ် မတူသည်ကို တွေ့ရှိရ

ပါသည်။ ပါဠိစာပေလာ အက္ခရာ(၄၁)လုံးကို ဌာန်အားဖြင့် ခွဲကြည့်သောအခါ -

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကဏ္ဍဌာန် | က | ခ | ဂ | ဃ | င | ဟ | အ | အာ |
| တာလုဌာန် | စ | ဆ | ဇ | ဈ | ည | ယ | ဣ | ဤ |
| မုဒ္ဓဌာန် | ဋ | ဌ | ဍ | ဎ | ဏ | ရ | ဠ | |
| ဒန္တဌာန် | | တ | ထ | ဒ | ဓ | န | လ | သ |
| ဩဋ္ဌဌာန် | | ပ | ဖ | ဗ | ဘ | မ | ဥ | ဦ |
| ကဏ္ဍတာလုဌာန် | | ဧ | | | | | | |
| ကဏ္ဍဩဋ္ဌဌာန် | | ဩ | | | | | | |
| ဒန္တဩဋ္ဌဌာန် | | ဝ | | | | | | |

သက္ကတစာပေလာ အက္ခရာ(၄၈)လုံးကို ဌာန်အားဖြင့် ခွဲကြည့်သောအခါ -

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကဏ္ဍဌာန် | क | ख | ग | घ | ङ | ह | अ | : |
| တာလုဌာန် | च | छ | ज | झ | ञ | य | श | इ |
| မုဒ္ဓဌာန် | ट | ठ | ड | ढ | ण | [illegible] | ष | [illegible] |
| ဒန္တဌာန် | त | थ | द | ध | न | ळ | ग | [illegible] |
| ဩဋ္ဌဌာန် | प | फ | ब | भ | म | उ | | |

ကဏ္ဌတာလုဌာန် ए ऐ
ကဏ္ဌသြဋ္ဌဌာန် ओ औ
ဒန္တသြဋ္ဌဌာန် व
နာသိကဌာန် ङ ञ ण न म

အထက်ပါ ပါဠိသက္ကတ အက္ခရာတို့၏ ဖြစ်ရာဌာန်တို့ကို နှိုင်းယှဉ်ကြည့်သောအခါ သက္ကတစာပေ၌ ဝိသဇ္ဇနီသည် ကဏ္ဌဌာန် ဖြစ်လေသည်။ ပါဠိစာပေ၌ ဌာန်ခွဲရာတွင် သရများကို ရဿ၊ ဒီဃ နှစ်မျိုးလုံး ဖော်ပြသော်လည်း သက္ကတစာပေတွင် ရဿသရကိုသာ ဖော်ပြထားပါသည်။ သို့သော်လည်း ဒီဃသရကိုလည်း ယူရမည် ဖြစ်ပါသည်။

## ၆။ ။ သန္ဓိ

ပုဒ်နှစ်ခုတို့၏အကြားကို မမြင်ရအောင် တစ်သားတည်းကဲ့သို့ စပ်ခြင်းသည် သန္ဓိ၏ သဘောဖြစ်ပါသည်။ ပါဠိစာပေ၌ သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ၊ ဝုတ္တာသန္ဓိ-ဟု သုံးမျိုးရှိ၏။ သက္ကတစာပေ၌ကား သရသန္ဓိ၊ ဗျဉ္ဇနသန္ဓိ၊ ဝိသဇ္ဇနီသန္ဓိ- ဟု သုံးမျိုးရှိ၏။

ပါဠိစာပေလာ သရသန္ဓိဟူသည်မှာ သရကို စီရင်သော သန္ဓိဖြစ်၏။ ဗျဉ္ဇနသန္ဓိဟူသည်မှာ ဗျည်းကို စီရင်သောသန္ဓိဖြစ်၏။ ဝုတ္တာသန္ဓိဟူသည်မှာ ချေခြင်း၊ လာဖြင်းဖြင့် စီရင်သောသန္ဓိဖြစ်၏။ သက္ကတစာပေ၌ ဝုတ္တာသန္ဓိ၊ ဂုဏသန္ဓိ၊ ဒီဃသန္ဓိစသည်တို့ကို သရသန္ဓိ၌ ထည့်သွင်းယူထားပါသည်။ ပါဠိစာပေ၌ သရသန္ဓိသဘောမှာ ရှေ့သရ (သို့မဟုတ်)နောက်သရကို ချေ၍ ဒီဃပြုခြင်း၊ ရဿပြုခြင်း၊

စသည့် အစီရင်များပြုလုပ်ပါသည်။ သက္ကတစာပေ၌ သရတို့ကို ချေခြင်းစသည် မပြုလုပ်ဘဲ သရတူခြင်း ပေါင်းစပ်ရာဝယ် နှစ်လုံး ပေါင်းကာ အာ, ဤ စသည် ပြောင်းသွားခြင်းဖြစ်၏။

ရှေ့သရ နောက်သရမတူရာ၌ ပါဠိစာပေဝယ် "ကွစာသဝဏ္ဏံ လုတ္တေ" သုတ်အရာ၌ "ဗန္ဓုဿေဝ" ကို "ဗန္ဓုဿ + ဣဝ" ဟု ပုဒ်ဖြတ်၍ ရှေ့ အ-သရကိုချေပြီး နောက် ဣသရကို ဧအသဝဏ်ပြု၍ ရပ်ပြီးထား၏။ သက္ကတစာပေဝယ် ယင်းသို့ရှေ့သရ ချေခြင်း စသည်မပြုဘဲ ရှေ့၌ a သို့မဟုတ် ā , နောက်၌ I သို့မဟုတ် i ရှိခဲ့သော် ယင်းသရနှစ်လုံးပေါင်းပြီး ဂုဏသရ e သို့ပြောင်း၏။

ပုံစံအားဖြင့် -

उप + इन्द्र = उपेन्द्रः

upa + indraḥ = upendraḥ (a + i = e)

रमा + इच्छ = रमेच्छ

Ramā + icchā = Ramecchā

ထိုနည်းတူစွာပင် ရှေ့၌ a သို့မဟုတ် ā, နောက်၌ u သို့မဟုတ် ū ရှိခဲ့သော် ယင်းသရနှစ်လုံးပေါင်းပြီး ဂုဏသရ o သို့ပြောင်း၏။ ပုံစံအားဖြင့် -

सूर्य + उदयः सूर्योदयः

sūrya + udyaḥ = sūryodayaḥ (a + u = o)

ရှေ့၌ a သို့မဟုတ် ā, နောက်၌ ṛ သို့မဟုတ် ṛ ရှိခဲ့သော်

ယင်းသရနှစ်လုံးပေါင်းပြီး ar သို့ပြောင်း၏။ ပုံစံအားဖြင့် -

महा + ऋषि: = महर्षि:

mahā + ṛṣiḥ = mahārṣiḥ

ရှေ့၌ a သို့မဟုတ် ā, နောက်၌ ḷ ရှိခဲ့သော် ယင်းသရနှစ်လုံးပေါင်းပြီး al သို့ပြောင်း၏။ ပုံစံအားဖြင့် -

तव + ऌकार: = तवल्कार:

tava + ḷkāraḥ = tavalkāraḥ (a + ḷ = al)

आ + ऌकार: = आल्कार:

ā + ḷkāraḥ = ālkāraḥ (ā + ḷ = al)

ရှေ့၌ a သို့မဟုတ် ā နောက်၌ e သို့မဟုတ် ai ရှိခဲ့သော် ယင်းသရနှစ်လုံး ပေါင်းပြီး ai သို့ပြောင်း၏။ ပုံစံအားဖြင့် -

कृष्ण + एकत्वम् = कृष्णैकत्वम्

kṛṣṇa + ekatvaṃ = kṛṣṇaikatvaṃ ( a + e = ai)

सदा + एव = सदैव

sadā + eva = sadaiva ( ā + e = ai)

ရှေ့၌ a သို့မဟုတ် ā, နောက်၌ o သို့မဟုတ် au ရှိခဲ့သော် ယင်းသရနှစ်လုံးပေါင်းပြီး au သို့ ပြောင်း၏။ ပုံစံအားဖြင့် -

भव = ओषधम् = भवौषधम्

bhava + oṣadhaṃ = bhavauṣadhaṃ (a + o = au)

i, ī, u, ū, ṛ, ṝ, ḷ သရများနောက်၌ မတူသောသရလာလျှင် ယင်းတို့သည်အစဉ်အတိုင်း y, v, r, l သို့ အစဉ်အတိုင်း ပြောင်းသွား၏။

ဤနေရာ၌ နှစ်လုံးပေါင်း မပြောင်းဘဲ ရှေ့သရသာ ပြောင်းသည်။ ပုံစံအားဖြင့် -

(इ) यदि + अपि = यद्यपि

yadi + api = yadyapi ( i > y)

इति + आह = इत्याह

iti + āha = ityāha (i > y)

(उ) मधु + अरिः = मध्वरिः

madhu + ariḥ = madhvariḥ (u > v)

वधू + अन्वेषणम् = वध्वन्वेषणम्

vadhū + anveṣaṇam (ū > v)

(ऋ) पितृ + अर्थम् = पित्रर्थम्

pitṛ + artham = pitrartham (ṛ > ar)

(ऌ) ऌ + आकृतिः = लाकृतिः

ḷ + ākṛtiḥ = lākṛtiḥ (ḷ > al)

အထက်ပါပုံစံများဝယ် ဣ မှ ယ-သို့ ပြောင်းခြင်း၊ ဉ မှ ဝ သို့ ပြောင်းခြင်းများသည် ပါဠိစာပေ၌ ဣဝဏ္ဏော ယံ နဝါ၊ ဝမော ဒုဒန္တာနံ သုတ်တို့၏ အစီအရင်များနှင့် သဘောတူ၏။

e, o, ai, au နောက်၌ မတူသောသရလာလျှင် ယင်းတို့သည် အစဉ်အတိုင်း ay, av, ar, al သို့ အစဉ်အတိုင်း ပြောင်းသွား၏။

ဤနေရာ၌လည်း နှစ်လုံးပေါင်း မပြောင်းဘဲ ရှေ့သရသာ ပြောင်းသည်။ ပုံစံအားဖြင့် -

नी + अ > ने + अ = नय् + अ = नय

✔ nī + a > ne + a = nay + a = naya (ī > e > ay)

भू + अ > भो + अ = भव् + अ = भव

✔ bhū + a > bho + a = bhav + a = bhava (ū > o = av)

नै + अक > नाय् + अक = नायक

nai + aka > nāy + aka = nāyaka (ai > āy)

पौ + अक > पाव् + अक = पावक

pau + aka > pāv + aka = pāvaka (au > āv)

သန္ဓိအရာတွင် ပါဠိစာပေ၌ "သော + အဟံ" ဟု ပုဒ်ဖြတ်ရသော "သော ဟံ" ဟူသောပုံစံဝယ် အ-သရပျောက်နေ၏။ ယင်းနေရာ၌ "သော" ၏နောက်ဝယ် အပေါ်ကော်မာဖြင့် အ-သရရှိသည့်သင်္ကေတကို ပြ၏။ သက္ကတစာပေ၌ကား ए, ओ နောက်၌ရှိသော အ-သရသည်ပျောက်နေတတ်၏။ ယင်းနေရာတွင် 'အ' ထက်ဝက်သင်္ကေတဟုခေါ်သော အင်္ဂလိပ်အက္ခရာ S နှင့် အလားသဏ္ဌာန်တူသော 'အ' ထက်ဝက်သင်္ကေတဟုခေါ်သော (ऽ) अवग्रह ကို သုံးသည်။

ပုံစံ- को + असि = कोऽसि

ဗျဉ္စနသန္ဓိနှင့်ပက်သက်၍ နောက်သရ(သို့မဟုတ်) ဗျည်းကြောင့် ရှေ့ဗျည်းများကို ဗျည်းတစ်မျိုးပြုခြင်းအားဖြင့် ပါဠိစာပေနှင့် သက္ကတစာပေ တူညီမှုရှိပါသည်။ ပုံစံအားဖြင့် ပါဠိစာပေ၌ တဉှိ ဟူသော ပုံစံဝယ် တံ + ဟိ ဟု ပုဒ်ဖြတ်၍ နောက် ဟ်-ဗျည်းကြောင့် ရှေ့ တ-အထက်၌ရှိသော နိဂ္ဂဟိတ်ကို ဉပြု၍ ရပ်ပြီးထား၏။ သက္ကတစာပေလာ ပုံစံမှာ-

वाक् + म्याम् = वाग्म्याम्

दिक् + अन्तः = दिगन्तः

ဝိသဇ္ဇနီသန္ဓိနှင့်ပတ်သက်၍ ပါဠိစာပေတွင် အသုံးမရှိပါ၊ သက္ကတစာပေ၌သာ အသုံးရှိပါသည်။

ပုံစံ- पूर्णः + चन्द्रः = पूर्णश्चन्द्रः (ः > श)

मनस् + रथः = मनोरथः (ः > स् > र् > उ > ओ)

शिवस् + अर्चः = शिवोऽर्चः

၇။ ။ နာမ်

ပါဠိစာပေ၌ စတုတ္ထီဝိဘတ်နှင့် ဆဋ္ဌီဝိဘတ်တို့ဝယ် ရုပ်အတူတူ ရှိပြီး Classical Sanskrit ၌ကား စတုတ္ထီရုပ်နှင့် ဆဋ္ဌီရုပ်တို့မှာ တစ်ခုနှင့်တစ်ခု အလွန်ပင် ကွာခြားလေသည်။ နာမ်ဂိုဏ်း အမည်ပေးရာ၌လည်း ပါဠိစာပေတွင် နာမ်ပုဒ်ကို အစွဲပြု၍ ပုရိသာဒိဂိုဏ်း စသည်ဖြင့် အမည်ပေးပြီး သက္ကတစာပေ၌မူ ကာရန်နှင့်လိင်ကို အစွဲပြုပြီး အ-သရဆုံး ပုလ္လိင်နာမ်စသည်ဖြင့် အမည်ပေးလေသည်။ ပို၍

ထူးခြားသည်မှာ ပါဠိစာပေ၌ နာမ်ဝိဘတ်တို့ မှုသေရှိပြီး သက္ကတစာပေ၌မူ ဝိဘတ်မှုသေမဟုတ်ဘဲ လိင်အလိုက် ဝိဘတ်အချိုပြောင်းသည်ကို တွေ့ရပေသည်။ ဝုစ်အရာ၌လည်း ပါဠိစာပေ၌ ဧကဝုစ်ကိန်း, ဗဟုဝုစ်ကိန်း နှစ်မျိုးသာရှိပြီး သက္ကတစာပေ၌မူ ဧကဝုစ်ကိန်း, ဒွိဝုစ်ကိန်း, ဗဟုဝုစ်ကိန်းဟု ဝုစ်သုံးမျိုးရှိသည်ကို တွေ့ရပါသည်။ အထက်ပါ တူညီမှု ကွဲပြားမှုတို့ကို သိနိုင်ရန် အောက်ဖော်ပြပါ ရာဇသဒ္ဒါ၏ ဂိုဏ်းစဉ်ကို ယှဉ်တွဲကြည့်ရှုခြင်းအားဖြင့် ပို၍သိနိုင်ပါလိမ့်မည်။

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပထမာ | ရာဇာ | ရာဇာနော |
| အာလုပ် | ဘော ရာဇ, ဘော ရာဇာ | ဘောန္တော ရာဇာနော |
| ဒုတိယာ | ရာဇာနံ, ရာဇံ | ရာဇာနော |
| တတိယာ | ရညာ, ရာဇိနာ, ရာဇေန | ရာဇူဟိ, ရာဇူဘိ, ရာဇေဘိ, ရာဇေဘိ |
| စတုတ္ထီ | ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| ပဉ္စမီ | ရညာ | ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ရာဇေဘိ |
| ဆဋ္ဌီ | ရညော, ရာဇိနော | ရညံ, ရာဇူနံ, ရာဇာနံ |
| သတ္တမီ | ရညေ, ရာဇိနိ | ရာဇူသု, ရာဇေသု |

| Cases | Singular | Dual | Plural |
|---|---|---|---|
| Norminative | राजा | राजानौ | राजान: |

| | | | |
|---|---|---|---|
| Vocative | गजन् | गजानौ | गजान: |
| Accusative | गजानम् | गजानौ | गजज्ञ: |
| Instrucmentive | गज्ञा | गजभ्याम् | गजभि: |
| Dative | गज्ञे | गजभ्याम् | गजभ्य: |
| Ablative | गज्ञ: | गजभ्याम् | गजभ्य: |
| Genitive | गज्ञ: | गज्ञो: | गज्ञाम् |
| Locative | गज्ञि, गजनि | गज्ञो: | गजसु |

အထက်ပါ ဂိုဏ်းစဉ်နှစ်ခုတွင် ပါဠိစာပေ၌ စတုတ္ထီနှင့်ဆဋ္ဌီရုပ်တို့ ဧကဝုစ်ကိန်းဝယ် ရညော, ရာဇိနော-ဟု လည်းကောင်း၊ ဗဟုဝုစ်ကိန်းဝယ် ရညံ, ရာဇူနံ, ရာဇာနံဟုလည်းကောင်း ရုပ်အတူရှိပြီး သက္ကတစာပေ၌ စတုတ္ထီ ဧကဝုစ်ကိန်းဝယ် गज्ञे, ဒွိဝုစ်ကိန်းဝယ် गजभ्याम्, ဗဟုဝုစ်ကိန်းဝယ် गजभ्य: ဟု လည်းကောင်း၊ ဆဋ္ဌီ ဧကဝုစ်ကိန်းဝယ် गज्ञ:, ဒွိဝုစ်ကိန်းဝယ် गज्ञो:, ဗဟုဝုစ်ကိန်းဝယ် गज्ञाम् ဟု လည်းကောင်း ကွဲပြားလျက် ရှိသည်ကို တွေ့ရပါသည်။ ကာရန်အားဖြင့်လည်း ပါဠိစာပေ၌ အ ကာရန္တဖြစ်၍ သက္ကတစာပေ၌ န်-ကာရန္တဖြစ်ပါသည်။

၈။ ။ အာချာတ်

ကြိယာပုဒ်များပြုလုပ်ရာဖြစ်သော အာချာတ်ဆိုင်ရာတွင် ပါဠိစာပေနှင့် သက္ကတစာပေတို့ သဘောသွားခြင်း တူသည်ကများပြီး

မတူသည့်အချက်အနည်းငယ်လည်း ရှိပါသည်။ ထိုတွင် ပါဠိစာပေ၌ အာချာတ်ဝိဘတ်(၈)မျိုး ရှိသော်လည်း သက္ကတစာပေ၌မူ သွာတနီနှင့် အာသီဟူ၍ နှစ်မျိုးပိုသောကြောင့် အာချာတ်ဝိဘတ်(၁၀)မျိုးရှိသည်။ ဝုစ်အားဖြင့်လည်း ပါဠိစာပေ၌ ဧကဝုစ်၊ ဗဟုဝုစ်နှစ်မျိုးသာ ရှိသော်လည်း သက္ကတစာပေ၌ ဒွိဝုစ်ပိုသဖြင့် ဝုစ်သုံးပါးရှိသည်။ ပါဠိစာပေ၌ ဝိဘတ်များပုံသေရှိသော်လည်း သက္ကတစာပေ၌ အချို့ ဝိဘတ်နှစ်မျိုး ကွဲပြီး ဓာတ်အမျိုးအစားအလိုက် သင့်လျော်သည့်ဝိဘတ်ဆက်သည်ကို တွေ့ရပါသည်။ ပါဠိစာပေ၌ ဓာတ်သို့ ပစ္စည်းနှင့်ဝိဘတ်ဆက်ပြီး ဂိုဏ်းစဉ်ရသည်။ သက္ကတစာပေ၌ကား အချို့ဂိုဏ်များသည် ပစ္စည်း မဆက်ဘဲ ဓာတ်သို့ ဝိဘတ်တိုက်ရိုက်ဆက်သည်ကို တွေ့ရပါသည်။ သက္ကတစာပေ၌ ဝိဘတ်များကို အားကြီးသောဝိဘတ်၊ အားနည်းသော ဝိဘတ်ဟု နှစ်မျိုးခွဲခြားပြီး အားကြီးသောဝိဘတ်သို့ဆက်ရသည့်အခါ ဓာတ်၏တည်ပုဒ်သရကို ဂုဏပြုပါသည်။

သာဓကအားဖြင့်- ပါဠိစာပေ၌ တနာဒိဂိုဏ်းဝယ် တနာဒိတော ဩ ယိရာ သုတ်ဖြင့် ဩပစ္စည်း၊ ယိရပစ္စည်း နှစ်မျိုးသုံးပြီး သက္ကတစာပေတွင် ဥပစ္စည်းကိုသာ သုံးပါသည်။ ပါဠိစာပေ၌ တနောတိ-ပုံစံဝယ် တနုဓာတ် + ဩပစ္စည်း + တိဝိဘတ်ဖြင့် (ဓာတွန် ဥ-ချေ၍) ရုပ်ပြီး၏။ သက္ကတစာပေ၌ गम् ဓာတ် + उ ပစ္စည်း + ति ဝိဘတ်၊ ယင်း ति ဝိဘတ်သည် အားကြီးသော ဝိဘတ် ဖြစ်သောကြောင့် उ ကို + ओ ဂုဏပြုပြီး ရုပ်ပြီးပါသည်။ ၎င်းနှစ်နည်း ယှဉ်ကြည့်ပါက ဥ-ကို ဩ ပြုခြင်းသည် ပါဠိစာပေ၌လည်းရှိသော

ကြောင့် ထူခြားမှုမရှိဟု ဆိုနိုင်ပါသည်။ ဓာတ်တည်ပုံမှာလည်း ဓာတွန်ပါမှု မပါမှုသာ ကွာခြားပါသည်။

၉။ ။ ကိတ်

ကိတ်နှင့်ပက်သက်၍ ပါဠိစာပေနှင့် သက္ကတစာပေတို့ ဓာတ်နှင့် ပစ္စည်း တွဲဆက်ပုံချင်း တူပါသည်။ သို့သော် ပါဠိစာပေ၌ ကိတ်ကို ကိစ္စကိတ်၊ ကိတကိတ်၊ ကိစ္စကိတကိတ်ဟု (၃)မျိုးခွဲခြား၏။ ထိုတွင် ဘော၊ ကံ အနက်ကိုဟောသော တဗ္ဗ၊ အနီယ၊ ဏျ၊ တေယျ၊ ရိစ္စ ပစ္စည်းဆက်သောကိတ်သည် ကိစ္စကိတ် မည်၏။ ပုံစံမှာ- ကတ္တဗ္ဗံ၊ ကရဏီယံ၊ ကာရိယံ၊ ဉာတေယျံ၊ ကိစ္စံ ဖြစ်၏။ ကတ္တား အနက်ကိုသာဟောသော တဗ္ဗ၊ အနီယ၊ ဏျ၊ တေယျ၊ ရိစ္စ ဤငါးပစ္စည်းမှ ကြွင်းသော "ဏ" အစရှိသော ပစ္စည်းဆက်သော ကိတ်သည် ကိတကိတ်မည်၏။ ပုံစံမှာ- "ကမ္မံ ကရောတီတိ ကမ္မကာရော" စသည်ဖြစ်၏။ ဘော၊ ကံအနက်ကိုလည်းဟော၊ ကတ္တားအနက်ကိုလည်းဟောသော တဗ္ဗ၊ အနီယ၊ ဏျ၊ တေယျ၊ ရိစ္စ ဤငါးပစ္စည်းမှကြွင်းသော "တ" အစရှိသောပစ္စည်းဆက်သော ကိတ်သည် ကိစ္စကိတကိတ်မည်၏။ ပုံစံမှာ- "ဗုဇ္ဈန္တီ ဗုဒ္ဓါ၊ ဗုဇ္ဈိတဗ္ဗန္တိ ဗုဒ္ဓံ၊ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" စသည်ဖြစ်၏။ ဖော်ပြပါ ကိတ်သုံးပါးသည် နာမဝိသေသနသဘောလည်း သက်ရောက်သောကြောင့် ပစ္စည်းဆက်ပြီးသောအခါ နာမ်ဝိဘတ်များဆက်၍ အသုံးပြုပါသည်။

သက္ကတစာပေ၌မူ ပစ္စုပ္ပန်ကိတ်၊ အတိတ်ကိတ်၊ ကိစ္စကိတ်၊ ပုဗ္ဗကာလကြိယာ၊ ဣစ္ဆတ္ထကြိယာဟု ငါးမျိုးခွဲခြားပါသည်။ ထိုတွင်

ပစ္စုပ္ပန်ကိတ် ကတ္တားအနက်၌ अत् ပစ္စည်းဆက်၍ ကံအနက်၌ मान् ပစ္စည်း ဆက်ပါသည်။ ၎င်းမှာ ကစ္စည်းသဒ္ဒါကြီး "ဝတ္တမာနေ မာနန္တာ" သုတ်ဖြင့် မာနပစ္စည်း, အန္တပစ္စည်းဆက်ရာဝယ် အန္တပစ္စည်း ၏ နာသိက န-ကို ချေထားဟန်ရှိပါသည်။ အတိတ်ကိတ်တွင် त ပစ္စည်း တစ်လုံးသာ ဆက်သည်။ ဤသည်မှာလည်း ကစ္စည်းသဒ္ဒါကြီး "အတီတေ တ,တဝန္တု,တာဝီ" သုတ်လာ တ-ပစ္စည်းတစ်လုံးကိုသာ ဆက်ထားသည်ဟု ဆိုနိုင်ပါသည်။ ကိစ္စကိတ်တွင် तव्य ပစ္စည်း, अनीय ပစ္စည်း ဆက်၏။ ဤကိတ်သုံးပါးသည် ပါဠိစာပေကဲ့သို့ပင် နာမဝိသေသနသဘော သက်ရောက်သောကြောင့် နာမ်ဝိဘတ်များ ဆက်၍ အသုံးပြုပါသည်။ ပုဗ္ဗကာလကြိယာ၌ ဓာတ်(သို့မဟုတ်) တည်ပုဒ်သို့ त्वा ပစ္စည်းဆက်ပါသည်။ အချို့ဓာတ်များသို့ इ ခံ၍ ဆက်ပါသည်။ ဣစ္ဆတ္ထကြိယာသို့ तुम् ပစ္စည်းဆက်ပါသည်။

ဖော်ပြပါ ပါဠိစာပေနှင့် သက္ကတစာပေတို့လာ ကိတ်အမျိုးအစားနှင့် ပက်သက်၍ သက္ကတစာပေက ငါးမျိုးခွဲခြားထားသော်လည်း ပါဠိစာပေတွင် ကိတကိတ်ထဲပေါင်းပြီး သုံးမျိုးသာဖွင့်ဆိုသောကြောင့် ထူးခြားမှုမရှိပါ။ ပစ္စည်းသက်ပြီး ရုပ်ပြီးမှုများတွင် အနည်းငယ်ကွာခြားချက်များ ရှိပါသည်။

## ၁၀။ သဒ္ဒါကို အခြေခံတည်ဆောက်ပုံ

ပါဠိစာပေနှင့်သက္ကတစာပေတို့ကို လေ့လာကြည့်သောအခါ သဒ္ဒါနည်းနှင့်ညီညွတ်မှုရှိသည်ကို တွေ့ရှိရပါသည်။ သဒ္ဒါနည်းနှင့်

ညီညွတ်မှုကြောင့် လေ့လာသူများအဖို့လည်း အကျိုးကျေးဇူးပိုမို၍ ရရှိပါသည်။ ပါဠိစာပေထက် သက္ကတစာပေက သမာသ်ပုဒ်ပိုများသည် ကိုလည်း တွေ့ရပါသည်။ အထူးသဖြင့် ဂါထာအရာ၌ပင် အချို့ ဂါထာများ၌ တစ်ပါဒလုံး သမာသ်တွဲထားသည်ကို များစွာတွေ့ရှိရ ပါသည်။ ပါဠိစာပေ၌ ပုဒ်တစ်ပုဒ်မြင်လျှင် သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်, အာချာတ်ပုဒ်, ကိတ်ပုဒ် စသည်ဖြင့် ပုဒ်, ဓာတ်, ပစ္စည်း, ဝိဘတ် စသည်တို့ကို ခွဲခြားနိုင်သကဲ့သို့ သက္ကတစာပေတွင်လည်း ခွဲခြား နိုင်ပါသည်။ သူ့စာပေနှင့်သူ စည်းကမ်းတကျရှိသည်ကို တွေ့ရှိရ ပါသည်။ သဒ္ဒါမရှိသော စာပေများမှာ အဆင့်အတန်းရှိသောစာပေ ဖြစ်မလာနိုင်ပါ။ ထို့ကြောင့် ပါဠိစာပေနှင့် သက္ကတစာပေတို့မှာ သဒ္ဒါကို အခြေခံပြီး တည်ဆောက်ထားသည့် စာပေများဖြစ်၍ အဆင့်အတန်း မြင့်သော စာပေများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## ၁၁။ ။ လေ့လာရကျိုး

ပါဠိစာပေနှင့် သက္ကတစာပေတို့ကို လေ့လာခြင်းအားဖြင့် သဒ္ဒါ ဆိုင်ရာနိုင်နင်းကျွမ်းကျင်ရုံမျှမကဘဲ စာပေကပေးသော သင်ခန်းစာ များကိုလည်း ရရှိနိုင်ပါသည်။ ရှေးဆရာတော်ကြီးများသည် ပါဠိစာပေ ကို ပို့ချပေးရာ၌ အခြေခံဖြစ်သော သဒ္ဒါနည်းများကို ဦးစွာ ပို့ချပေးပြီး ယင်းနောက် ဓမ္မပဒပါဠိ, အဋ္ဌကထာကို ပို့ချပေး၏။ ယင်းနောက်မှ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို ပို့ချပေး၏။ ထိုတွင် ဓမ္မပဒကို လေ့လာသဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးကို တင်ပြပါမည်။

ဓမ္မပဒကို လေ့လာသင်ယူသူသည် အသိဉာဏ်ပွင့်လင်းလာ၏။ မြို့သို့မရောက်ဖူးသေးသော တောသား တစ်ယောက်သည် မြို့သို့ ရောက်သည့်အခါ တွေ့သမျှ မြင်သမျှ အရာအားလုံး အထူးအဆန်းချည်း ဖြစ်နေသကဲ့သို့ သဒ္ဒါ၊ သင်္ဂြိုဟ် အခြေခံမျှသာ သင်ယူရသေးသော သူသည် ဓမ္မပဒကိုသင်ယူသည့်အခါ ပုဂ္ဂိုလ်အမျိုးမျိုး၊ ထိုပုဂ္ဂိုလ်တို့၏ စရိုက်အသွယ်သွယ်၊ ဆန်းကြယ်သောအဖြစ်အပျက်၊ နှစ်သက်ဖွယ် ကောင်းသော စိတ်နေစိတ်ထား၊ မှားယွင်းသောအပြုအမူတို့ကို ပထမ ဦးစွာ သင်ယူရသော စက္ခုပါလမထေရ်ဝတ္ထုမှစ၍ မဆုံးမချင်း တွေ့ကြ ရပေသည်။ ဤကား ကုသိုလ်ကြောင့်၊ ဤကား အကုသိုလ်ကြောင့်၊ ဤကား စိတ်ကောင်းရှိသောကြောင့်၊ ဤကား စိတ်ယုတ်မာရှိသော ကြောင့်၊ သံသရာဟူသည် ဤသို့၊ ဘဝဟူသည် ဤသို့၊ ဤသို့ပြုလျှင် ချမ်းသာ၏၊ ဤသို့ပြုလျှင် ဆင်းရဲ၏စသည်ဖြင့် ဓမ္မပဒသင်ယူသူများမှာ အသိဉာဏ် တိုးတက်ကြရပေသည်။

အသိဉာဏ်တိုးတက်လာသည်နှင့်အမျှ စက္ခုပါလမထေရ် ဝတ္ထု၌ တစ်ဖက်သူက မိမိအပေါ်မကောင်းပြုစေကာမူ မိမိက ပြန်မညစ်ရာ။ မဋ္ဌကုဏ္ဍလီဝတ္ထု၌ စိတ်ကို ကြည်လင်အောင်ထားပါ။ တိဿတ္ထေရ ဝတ္ထု၌ တစ်ဖက်သားအပေါ် ရန်ငြိုးမဖွဲ့ရ-စသည်ဖြင့် ဝတ္ထုတိုင်း ဝတ္ထုတိုင်း၌ ဘဝသင်ခန်းစာများကို ရရှိစေပါသည်။ ထို့ပြင် စိတ် ယုတ်မာများကို ဖယ်ရှားစေပြီး စိတ်ကောင်းများကို တိုးပွားစေ၏။ သာသနာတော်၌ သဒ္ဓါတရားကို ခိုင်မာစေ၏။ ရှင်တော်ရှင် ကောင်းများ

ဖြစ်လာအောင် သရုပ်ဖော်ပေး၏။ ဆန့်ကျင်ဖက်နှစ်ခုကို အစုံလိုက် ဟောကြားထားသည့် ယမကဝဂ်ဒေသနာတော်မြတ်၌ ဆိုးချက်နှင့် ကောင်းကွက်ကို နှိုင်းယှဉ်၍ပြ၏။ စူဠပါလ မဟာပါလ ညီနောင် နှစ်ယောက်တို့တွင် စူဠပါလသည် လောကီ၌ အားသန်၏။ မဟာပါလ သည် လောကုတ္တရာ၌ အားသန်၏။ စူဠပါလသည် အစုန်လမ်း ကြိုက်၏၊ မဟာပါလသည် အဆန်လမ်းကြိုက်၏။ စိတ်အားပျော့ သူသည် အစုန်လမ်း လိုက်၏။ အားမာန်ထက်သန်သူသည် အဆန်လမ်း ကို လိုက်၏။ စသည်ဖြင့် အတွေးအခေါ်များကိုလည်း ရရှိစေပါသည်။

ဘုရားရှင် ဟောကြားတော်မူသည့် ဓမ္မပဒပါဠိစာပေသည် သာသနာပြုရာ၌ အလွန်အသုံးဝင်၏။ ဘုရားရှင်သည် မိမိ၏ သာသနာ ကိုတည်ဆောက်ရာ၌ ဓမ္မပဒကို လက်နက်ကောင်းသဖွယ် အသုံးပြုတော် မူ၏။ ဓမ္မပဒဖြင့် ဇာတ်မြင့်နှင့် ဇာတ်နိမ့် လူတန်းစားကို ညှိပြ၏။ အုပ်ချုပ်ရေးပိုင်း, ပညာတတ်ပိုင်း, သူဌေးသူကြွယ် ကုန်သည်ပိုင်း, အလုပ်သမားပိုင်းတို့ကို ကိုယ်ကျင့်တရားဖြင့်သုံးသပ်ပြ၏။ ကြွယ်ဝ ချမ်းသာသူနှင့် မရှိဆင်းရဲသားကို ပေါင်းကူးပေး၏။ လူတော်လူကောင်း ဟုတ်မဟုတ်ကို ထိုသူ၏ အပြုအမူဖြင့် ကွက်ကွက်ကွင်းကွင်း ထင်းရှား အောင် ခွဲခြားပြ၏။

ဤသို့အဖက်ဖက်က အစွမ်းထက်လှသည့် ဓမ္မပဒကို လက်ကိုင် ပြုသောအားဖြင့် ပါဠိသဒ္ဒါဉာဏ်လည်းရ၊ အသိဉာဏ်လည်းတိုး၊ ဘဝသင်ခန်းစာလည်းရ၊ စိတ်ကောင်းစေတနာကောင်းများလည်း ဖြစ်ပေါ် သဒ္ဒါတရားများလည်းတိုးပွား၊ အကောင်းအဆိုးလည်း

ရွေးချယ်တတ်သော သဘာဝသုံးသပ်ချက် များကို ရရှိစေပါသည်။

ထိုနည်းတူစွာပင် သက္ကတစာပေကို သင်ယူသောသူသည်လည်း ပထမဦးစွာ သဒ္ဒါအခြေခံများကို သင်ယူပြီး သက္ကတဖတ်စာများကို လေ့လာပါက ပါဠိစာပေလေ့လာသကဲ့သို့ပင် အကျိုးတရားများ ရရှိစေပါသည်။ ထိုတွင် လူကြိုက်အများဆုံးဖြစ်သော ဟိတောပဒေသကို သင်ယူရသဖြင့် ရရှိနိုင်သည့် အကျိုးတရားများကို တင်ပြပါမည်။

နီတိကထာလောကတွင် ပဉ္စတန္တြပေါ်ပြီးနောက် အများဆုံး ထင်ရှားကျော်ကြားသောကျမ်းကား ဟိတောပဒေသပင်ဖြစ်ပေသည်။ ထိုကျမ်းကို ဗင်္ဂလားပြည် ဝေလစန္ဒြမင်း၏ထံပါး၌ ခစားသော နာရာယနပဏ္ဍိတ်က ပြုစုခဲ့ခြင်းဖြစ်လေသည်။ ယင်းကျမ်းသည် ပဉ္စတန္တြကို အမှီပြု၍ ရေးသားထားသော်လည်း ပဉ္စတန္တြထက်ပင် လူကြိုက်များသည်ကို တွေ့ရသည်။

တစ်ဆယ့်ရှစ်ရပ်သောအတတ်ပညာတို့တွင် တစ်ပါးအပါအဝင် ဖြစ်သော နီတိအတတ်ဟူသည် နိုင်ငံရေး သိပ္ပံပညာနှင့် နိုင်ငံရေးဘောဂ ဗေဒပညာကိုလည်းကောင်း၊ ကျင့်ဝတ်သိပ္ပံပညာနှင့် ကျင့်ဝတ်ယထာ ဘူတပညာကိုလည်းကောင်း ပြဆိုသော အတတ်ပညာမျိုးဖြစ်သည်။ ထိုပညာသည် ရှေးကျသောအခါကပင် ပေါ်ထွန်းခဲ့သော ပညာဖြစ်လေ သည်။ ထိုအတတ်ပညာနှင့်ဆက်လျဉ်းသည့်ကျမ်းတို့တွင် အချို့ ကျမ်းများကား အခြားပညာရပ်များနှင့် တွဲ၍ပြသော ကျမ်းများ ဖြစ်ကုန် ၏။ အချို့ကား ထိုအတတ်ပညာကိုသာ သီးသန့်ပြဆိုသော ကျမ်းများ ဖြစ်ကုန်၏။ ထိုအတတ်ပညာကို သီးသန့်ပြဆိုရာကျမ်းတို့တွင်

အချက်အလက်တစ်ခုခုကို အများဆုံး ဦးတည်ရေးသားသည့် ကျမ်းများလည်း ရှိကုန်၏။

ရေးပုံအခြင်းအရာအားဖြင့်လည်း ဂါထာ(ကဗျာ)များဖြင့် ရေးသား၍ထားသည်တို့ကိုလည်းကောင်း၊ စုဏ္ဏိယ(စကားပြေ)ဖြင့် ရေးသား၍ထားသည်တို့ကိုလည်းကောင်း၊ ဂါထာ-စုဏ္ဏိယ နှစ်မျိုးလုံး ရောနှော၍ ရေးသားထားသည်တို့ကိုလည်းကောင်း တွေ့ရပေသည်။ နီတိပညာကို ပုံဝတ္ထုခြင်းလျက် အတွင်းသွင်းကာ ရေးသားပြုစုတတ်ကြပေရာ ဟိတောပဒေသကျမ်းသည်လည်း ထိုနီတိပညာကိုပင် ဝတ္ထုခြင်း၍ ရေးသားထားသောကျမ်းဖြစ်လေသည်။

ထို့ကြောင့် ဟိတောပဒေသစာပေမျိုးကို "နီတိစာပေ" အဖြစ်သာမက "ပုံဝတ္ထုစာပေ" အဖြစ်လည်း သွတ်သွင်းဖော်ပြလေ့ ရှိကြလေသည်။ ပုံဝတ္ထုစာပေလောက၏ စတင်ထွန်းကားရာမှာ အိန္ဒိယနိုင်ငံသာလျှင် ဖြစ်ကြောင်းကိုလည်းကောင်း၊ အိန္ဒိယစာပေလောကက ကမ္ဘာ့စာပေလောကကို ကျေးဇူးပြုရာတွင် ပုံဝတ္ထုစာပေလောကနှင့် ကျေးဇူးပြုပုံမှာ အထူးတလည် ကြီးကျယ်လှကြောင်းကိုလည်းကောင်း ဖော်ပြကာ အိန္ဒိယနိုင်ငံသား ပညာရှိများက ဂုဏ်ယူလေ့ရှိကြသည်။

ဟိတောပဒေသကျမ်းသည် မကျဉ်းလွန်း မကျယ်လွန်းခြင်း၊ အစီအစဉ်ကောင်းမွန်ခြင်း၊ အဆိုအမိန့် သာယာနာပျော်ဖွယ်ရှိခြင်း၊ ကြီးပွားချမ်းသာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လူကဲခတ်ရေး၊ အောင်မြင်ရေး၊ကုသိုလ်ရေး၊ သံဝေဂပွားရေးမှစ၍ အရေးများစွာတို့၌ အကျိုးရှိရန်ဖော်ပြခြင်းစသော ဂုဏ်တို့ကြောင့် ထင်ရှားကျော်ကြား

လူကြိုက်များလှခြင်းဖြစ်လေသည်။ ထို့ပြင် ဟိတောပဒေသသည် နီတိပညာအတွက်သာမက သက္ကတစာပေသင်ယူသူများအတွက်လည်း လေ့လာဖွယ်ကောင်းလှသော စာပေတစ်ခုဖြစ်သည်ဟု ပညာရှိတို့က သတ်မှတ်ကြလေသည်။

အချုပ်အားဖြင့် ပါဠိစာပေနှင့်ဆက်စပ်လျက်ရှိသော သက္ကတ စသော စာပေများသည် စာပေတစ်ခုနှင့်တစ်ခု အထောက်အကူ ပြုလျက်ရှိသည်။ ပါဠိစာပေကိုလေ့လာပြီးသူများအနေဖြင့် သက္ကတ စာပေကို လေ့လာရန်အခက်အခဲမရှိနိုင်၊ ထို့အတူ သက္ကတစာပေကို လေ့လာပြီးသူများအနေဖြင့်လည်း ပါဠိစာပေကိုလေ့လာရန် အခက်အခဲ မရှိနိုင်။ ပါဠိစာပေနှင့် ဆက်စပ်လျက်ရှိသည့် သက္ကတစသည့် စာပေ များကို သဒ္ဒါရှုထောင့်၊ စာပေရှုထောင့်၊ သင်ခန်းစာရှုထောင့်စသော ရှုထောင့်အမျိုးမျိုးမှကြည့်လျှင် ပြည့်စုံကောင်းမွန်သော စာပေများ ဖြစ်သည့်အတွက် လေ့လာသင်ယူသူများအနေဖြင့် အကျိုးတရား များစွာကို ရရှိမည်ဖြစ်ကြောင်း လေ့လာတင်ပြလိုက်ပါသည်။

အရှင်စိန္တာဝရ
ကထိက
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)


## မှီငြမ်းကိုးကားသည့် ကျမ်းများ

| | | |
|---|---|---|
| ၁။ | အဖျောက်ဆရာတော် | ဟိတောပဒေသ ဘာသာပြန်၊ ပထမတွဲ၊ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၆၅-ခုနှစ်။ |
| ၂။ | အုန်း၊ ဒေါ် | ပါဠိစာပေသမိုင်း၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၊ ရန်ကုန်၊ ဒုတိယအကြိမ်၊ ၁၉၈၁-ခုနှစ်။ |
| ၃။ | ကစ္စည်း၊ အရှင် | ကစ္စည်းသဒ္ဒါကြီးပါဠ်၊ တိုးတက်ရေး ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၃-ခုနှစ်။ |
| ၄။ | ကျော်လှိုင်၊ ဦး | သက္ကတသဒ္ဒါ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ပြဋ္ဌာန်းကျမ်းစာ။ ကွန်ပျူတာမူ။ ၁၉၉၈-ခုနှစ်။ |
| ၅။ | ခင်ကြီးပျော် | သဒ္ဒါကြီးပုဒ်စစ်စုံ၊ ဣန္ဒာသယ ပိဋကတ်စာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၂၅-ခုနှစ်။ |
| ၆။ | ဂုဏ်သိဿရ၊ အရှင် | ပါဠိဗောဓိ(အခြေခံပိုင်း) ဝင်းလိုင်အော့ဖ်ဆက်၊ ရန်ကုန်၊ ၁၉၉၈-ခုနှစ်။ |
| ၇။ | ဂုဏ်သိဿရ၊ အရှင် | ပါဠိဗောဓိ(အဆင့်မြင့်ပိုင်း)၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ရန်ကုန်။ ဒုတိယအကြိမ်၊ ၂၀၀၅-ခုနှစ်။ |
| ၈။ | ဇနကာဘိဝံသ၊အရှင် | ပါဠိသိက္ခာနှင့်သဒ္ဒါကျဉ်း၊ နယူးဘားမား ပိဋကပုံနှိပ်တိုက်၊ အမရပူရ၊ ၁၉၈၅-ခုနှစ်။ |
| ၉။ | မြင့်ဆွေ၊ ဦး | အခြေပြုပါဠိသဒ္ဒါ၊ သာသနာရေးဦးစီး ဌာန ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၁၉၈၃-ခုနှစ်။ |

၁၀။ သီရိဘဒ္ဒန္တမာလာ၊ အရှင် ဒေဝနာဂရီသင်ပုန်းကြီး၊ ဂူဂျရတ် ပုံနှိပ်တိုက်၊ ၁၂၈၆-ခုနှစ်။

၁၁။ A. CWOOLNER INTRODUCTION TO PRAKRIT, Skylart Printers, Delhi.

၁၂။ Ramkrishna Gopal SANSKRIT: (Vol.1.2) Printed by S.Y. Choughule at Sudarahan Art Printing Press, Wadala, Bombay 31, and Published by B.G. Dhawale, for the Karnatak Publishin House, Bombay 69.



နှီးနှောဖလှယ်ပွဲ တတိယနေ့ (၂၆-၄-၂၀၀၈) ညနေပိုင်းအစီအစဉ်တွင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိနယပိဋကမဟာဌာန၊ ဂဏဝါစက
ဘဒ္ဒန္တ စန္ဒာဝရ က" သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုး
ညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသန " စာတမ်းကို
ဖတ်ကြားတင်သွင်းစဉ်

# သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှု သင်ရိုးညွှန်းတမ်းနှင့်သင်ကြားနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း

အရှင်စန္ဒဝရ
ကထိက
ဝိနယပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

## မြန်မာနိုင်ငံနှင့်ပါဠိစာပေ

ပါဠိပိဋကတ်စာပေများသည် သရေခေတ္တရာ၌ တွေ့ရှိရသော ရွှေပေချပ်များအရ ခရစ်နှစ်(၇)ရာစုကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီးဖြစ်သည်ဟု ဆိုနိုင်သည်။[၁] အပြည့်အစုံအားဖြင့်မူ ခရစ်နှစ်(၁၁)ရာစုတွင် သထုံမှ ထေရဝါဒသာသနာနှင့်အတူ ပါဠိပိဋကများ ပုဂံနေပြည်တော်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာတို့သည် ပါဠိစာပေများကို အထူးပြု၍ လေ့လာသင်ကြားခဲ့ကြသည်။ ပါဠိဘာသာကို ကောင်းစွာတတ်မြောက်၍ ပါဠိပိဋကတ်စာပေများကို နှံ့စပ်သိမြင်လာသောအခါ ပါဠိဘာသာဖြင့် ကျမ်းဂန်များ ရေးသားပြုစုလာခဲ့ကြသည်။ ပါဠိကျမ်းတတ် ရဟန်းတော်များ လူပုဂ္ဂိုလ်များသည် ပုဂံခေတ်မှသည် မျက်မှောက်ခေတ်ကာလတိုင်အောင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒါဗျာကရုဏ်း အစရှိသော ပါဠိစာပေများကို ဆရာစဉ်ဆက် လက်ဆင့်ကမ်း သင်ကြားတတ်မြောက်ခဲ့ကြသည်။ ထို့ပြင်မက ပါဠိဂန္ထဝင်ကျမ်းဂန်များကိုလည်း

ခေတ်အသီးသီး၌ ရေးသားပြုစုခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ ပါဠိစာပေသမိုင်းစဉ်ကြီးသည် ထည်ထည်ဝါဝါဖြင့် ပေါ်ထွန်းတည်တံ့ လာခဲ့သည်။ ထိုပါဠိစာပေ သမိုင်းစဉ်ကြီးကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မျက်မှောက်ခေတ် သံဃာတော်များကလည်း စဉ်ဆက်မပြတ် သင်ယူပို့ချလျက် ရှိကြသည်။

**မျက်မှောက်ခေတ် ပါဠိစာပေသင်ကြားမှု**

မျက်မှောက်ခေတ် မြန်မာနိုင်ငံရှိ စာသင်တိုက်အများစု၌ ပါဠိစာပေသင်ကြားရေးစနစ်သည် သဒ္ဒါအခြေခံ ခိုင်ခိုင်ခန့်ခန့်ဖြင့် ပါဠိပိဋကတ်ဆိုင်ရာ ကျမ်းစာများကို ကြည့်နိုင်ဖတ်နိုင်ရေး၊ ထိုပါဠိပိဋကတ်များက ဆိုလိုသော သဘောအဓိပ္ပါယ်အနှစ်သာရများကို တိကျစွာ နားလည်နိုင်ရေး၊ ထိုမှတစ်ဆင့် ပါဠိပိဋကတ်များက ညွှန်ပြသည့် ကျင့်ကြံလိုက်နာဖွယ်များကို ကျင့်ကြံလိုက်နာနိုင်ရေးတို့ကို အဓိကထား၍ သင်ကြားသော စနစ်ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

ထိုသို့သင်ကြားရာ၌ ပါဠိသဒ္ဒါကျမ်းများကို အခြေခံပြု၍ သင်ကြားပို့ချကြသည်။ ပါဠိသဒ္ဒါကျမ်းကို သင်ကြားပို့ချရာ၌လည်း ကစ္စည်းသဒ္ဒါကြီးစသော တစ်ကျမ်းနှစ်ကျမ်းကို ကျမ်းလုံးပေါက် သင်ယူစေသည့်နည်းကို အသုံးပြုကြသည်။ အချို့သဒ္ဒါကျမ်းများကို များသောအားဖြင့် ကိုယ်တိုင် ကြည့်ရှုလေ့လာကြရသည်။ ထိုကစ္စည်းသဒ္ဒါကြီးစသော သဒ္ဒါကျမ်းတစ်ကျမ်းနှစ်ကျမ်းကို ကျနစွာ သင်ယူလေ့လာမှုပြုပြီးသူများသည် ပါဠိပိဋကတ်ကျမ်းစာများကို ကိုယ်တိုင်ကြည့်ရှုလေ့လာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာကြသည်။

ထိုသင်ကြားပို့ချမှုသည် ရည်ရွယ်သည့်အတိုင်း ပါဠိပိဋကတ်စာပေများကို ကြည့်ရှုနိုင်သော်လည်း ပါဠိဘာသာ အရေးအပြောဘက်၌မူ အလေ့အကျင့်ပြုလုပ်မှုနည်းပါး၍ အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

## သာသနာ့တက္ကသိုလ်များနှင့်ပါဠိစာပေ

သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူပို့ချမှုနှင့်စပ်၍ တင်ပြရမူ သာသနာ့တက္ကသိုလ်များ၌ ပါဠိစာပေသင်ကြားပို့ချမှုကို -

၁။ ပိဋကတ်ဆိုင်ရာပါဠိစာပေများ တတ်မြောက်ရေး အထောက်အကူပြုသင်ကြားပို့ချမှု၊

၂။ ပါဠိဘာသာအရေးအသားတတ်မြောက်ရေး အထောက်အကူပြုသင်ကြားပို့ချမှု

ဟု နှစ်မျိုးခွဲခြားထားသည်ကို တွေ့ရသည်။

ပိဋကတ်ဆိုင်ရာ ပါဠိစာပေတတ်မြောက်ရေး အထောက်အကူပြု သင်ကြားပို့ချမှုဟူသည် ပါဠိစာပေဖြင့် ရှိနေသည့် ဘုရားဟောပါဠိတော်များ၊ ၎င်းအဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနု၊မဓု၊ယောဇနာ၊ ဂဏ္ဌိစသည့်ကျမ်းဂန်တို့ကို ကျွမ်းကျင်စွာ ကြည့်နိုင်ဖတ်နိုင်ပြီး ထိုကျမ်းဂန်တို့က ဆိုလိုသည့် သဘောအဓိပ္ပါယ်မှန်ကို သိရှိနိုင်စေရန် ရည်ရွယ်သည့် သင်ကြားပို့ချမှုဖြစ်သည်။

ပါဠိဘာသာအရေးအသား တတ်မြောက်ရေး အထောက်အကူပြုသင်ကြားပို့ချမှုဟူသည် လိုအပ်သည့် အကြောင်းအရာကို ကိုယ်တိုင်

ပါဠိဘာသာဖြင့် ရေးသားပြုစုနိုင်ရန် ရည်ရွယ်သည့် သင်ကြားပို့ချမှု ဖြစ်သည်။

**မဟာဌာနများနှင့်ပါဠိစာပေ**

ထိုတွင် အမှတ်-၁ သင်ကြားပို့ချမှုကို ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မမဟာဌာနသုံးခုလုံး၌ ကျမ်းတတ်အကျော် ရှေးဆရာတော်တို့ ချမှတ်ခဲ့သည့် သင်ရိုးနည်းစနစ်များဖြစ်သော အတက်၊ အထွက်၊ ဝါကျခွဲ၊ ဝိဂ္ဂဟ၊ ဘာဘော်၊ သံဝဏ္ဏနာ စသည်ဖြင့် အစုံအလင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ ထိုနည်းစနစ်များသည် ပိဋကတ်တော်များကို တတ်သိနားလည်ရေး၌ ခိုင်မာသည့် နည်းစနစ်များ ဖြစ်ကြသည်။ ထိုနည်းစနစ်များကို မဟာဌာနတို့၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဘာသာရပ်အားလျော်စွာ အတန်းအလိုက် (စာသင်နှစ်အလိုက်) အလွယ် အခက် အဆင့်ဆင့်ခွဲခြား၍ သင်ရိုးညွှန်းတမ်းများ ပြုလုပ်ထားသည်။

ထိုသင်ရိုးနည်းစနစ်များသည် ရိုးစင်းလွန်း၍ ခေတ်မမီဟု ထင်ရသော်လည်း မဖြစ်မနေ သင်ယူနားလည်ရမည့်အရာများ ဖြစ်ပါသည်။ ထိုတွင် အတက်အထွက်၊ ဝါကျ၊ ဝိဂ္ဂဟ၊ အာဘော်၊ သံဝဏ္ဏနာ စသည့် အချို့သော သင်နည်းများမှာ စာသင်သားများ ကျင်လည်ဖြတ်သန်းခဲ့ရသည့် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့၌ မတွေ့ခဲ့ရ၊ မသိခဲ့ရ၊ မသင်ကြားခဲ့ရဘဲ ပထမကြီးတန်းအောင်၍ ဓမ္မာစရိယ (စာချ)တန်းသို့ တက်ရောက်မှ တွေ့ကြုံသင်ကြားရသည့် သင်နည်းများ ဖြစ်ကြသည်။ ထိုသင်နည်းများကို "ရှေးရိုးကျလွန်းသည်၊ ခေတ်မမီတော့"ဟု ယူဆ၍ သာသနာ့တက္ကသိုလ်များ သင်ရိုးညွှန်းတမ်း၌

မထည့်သွင်း မသင်ကြားဘဲ ထားလိုက်ပါက တက္ကသိုလ်ရောက် စာသင်သားများသည် ပါဠိပိဋကတ်သင်ယူရေး၌ အဓိကကျသည့် ထိုသင်နည်းများကို သင်ယူခွင့် ရရှိကြတော့မည် မဟုတ်ကြပေ။

ထို့ပြင် အချို့သင်ရိုးနည်းများသည် ပိဋကတ်လေ့လာသင်ယူရေးတွင်သာမက လူ့လောက လူ့ပတ်ဝန်းကျင်တွင်ပါ အရေးပါ အသုံးဝင်သည့် အနေအထားမျိုး ရှိပေသည်။ သာသနာ့တက္ကသိုလ် ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မသုံးဌာနလုံး၏ သင်ကြားပို့ချမှု၌ ပါဝင်သော အာဘောဂနည်း သို့မဟုတ် အာဘော်ဖော်နည်းဟူသော သင်ရိုးသည် ပိဋကတ်တော်လေ့လာသင်ယူရေး၌ အလွန်အရေးပါသလို လူ့လောက လူ့ပတ်ဝန်းကျင်၌လည်း အလွန်အရေးပါကြောင်း တွေ့ရှိရပေသည်။

အာဘောဂ(အာဘော်)ဟူသည် ပုဂ္ဂိုလ်တစ်ဦး၏ အတွင်းစိတ်နှလုံးသွင်း ရည်ရွယ်ချက်ကို ဆိုလိုသည်။ ထိုပုဂ္ဂိုလ်တစ်ဦး၏ အတွင်းစိတ်နှလုံးသွင်း ရည်ရွယ်ချက်ကို မိမိက မှန်းဆဖော်ထုတ်ရသည်ကို ""အာဘော်ဖော်သည်""ဟု ခေါ်ဆိုကြသည်။ ထိုသို့ ဖော်ထုတ်တတ်ရန် သင်ယူရသည့်နည်းသည် ""အာဘော်ဖော်နည်း""ဖြစ်သည်။ ကျမ်းဆရာတစ်ဦးဦး မိန့်ဆိုရေးထားသည့် စကားနှင့်စပ်၍ ""ဒီစကားကို ဆိုထားရေးထားသူသည် ဘယ်လိုနှလုံးသွင်းရည်ရွယ်ချက်ဖြင့် ဆိုထားရေးထားခြင်းဖြစ်သည်""ဟု မပေါ်လွင်သော နှလုံးသွင်းအဓိပ္ပာယ်ကို ပေါ်လွင်အောင် ဖော်ထုတ်နည်း ဖြစ်သည်။ ထိုသို့ ဖော်ထုတ်နိုင်မှသာ မှန်ကန်သည့် အဓိပ္ပါယ်ကို ရရှိနိုင်ပေမည်။

ထိုနည်းသည် လူ့လောက လူ့ပတ်ဝန်းကျင်တွင်လည်း အသုံးဝင်လှသည်။ လူ့လောက၌ အချို့ပုဂ္ဂိုလ်တို့သည် ရင်တွင်းသဘောနှင့် နှုတ်ထွက်စကား၊ အရေးအသား၊ အမူအရာများ တစ်သားတည်းမကျဘဲ ပြောဆိုရေးသား ပြုမူတတ်ကြပါသည်။ ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ရသည့်အခါ ဘာဘော်ဖော်နည်း ကျွမ်းကျင်သူသည် သူ့စကားကို ကြားရ၊ သူ့အရေးကို ဖတ်ရ၊ သူ့အမူအရာကို မြင်ရသည်နှင့်တစ်ပြိုင်နက် သူ့စကား၊ သူ့စာ၊ သူ့အမူအရာသည် သူ့ရင်တွင်းစိတ်ထားနှင့် တစ်ခြားစီ ဖြစ်သည်ဟု ထိုသူ၏ ရင်တွင်းသဘောထားမှန်ကို သိရှိနိုင်လေသည်။ ထိုသို့ သိရှိနိုင်သဖြင့် ထိုပုဂ္ဂိုလ်များကို ရှောင်နိုင်တိမ်းနိုင် သတိထားနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ဘာဘော်ဖော်နည်းသည် ဤသို့လျှင် လူ့လောက လူ့ပတ်ဝန်းကျင်အတွက်ပါ အထောက်အကူပြု အသုံးဝင်နိုင်သည်။ အခြားသင်ရိုးသင်နည်းစနစ်များလည်း ထိုကဲ့သို့ပင် သူ့နေရာနှင့်သူ အရေးပါ အသုံးဝင်ကြသည်သာ ဖြစ်၍ သင်ယူတတ်မြောက်သင့်သော အရာများ ဖြစ်ကြသည်။

ထိုပိဋကတ်ဆိုင်ရာ ပါဠိစာပေတတ်မြောက်ရေး အထောက်အကူပြုသင်ကြားပို့ချမှု နည်းစနစ်များကို သာသနာ့တက္ကသိုလ် မဟာဌာနများဖြစ်သည့် ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မတို့၌ သက်ဆိုင်ရာ ဆရာများက သင်ကြားပို့ချလျက် ရှိပါသည်။ ထိုသို့ သင်ကြားရာတွင် မဟာဌာနအသီးသီး၌ သင်ရိုးမာတိကာအနေဖြင့် -

၁။ အတ္ထယောဇနာ၊

၂။ ဝါကျသဒ္ဒါ၊

၃။ အဓိပ္ပာယတ္ထ၊

၄။ ခေတ်လေ့လာနည်းဟူ၍ သတ်မှတ်ထားပါသည်။

သင်ရိုးညွှန်းတမ်းအနေဖြင့် အတ္ထယောဇနာနည်း၌-

(က) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ သုံးစွဲရိုးဖြစ်သော အနက်ပေးနည်းများ၊ (နိယံကျမ်းတို့က ညွှန်ပြသော သဒ္ဒါနည်း၊ ဆရာနည်းစသည်)

(ခ) ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ ဋီကာနည်းများ (ပါဠိတော်ကို ရှေ့နောက်ထောက်ဆ အနက်ပေးနည်း၊ အဋ္ဌကထာဖွင့် ဋီကာဖွင့်တို့နှင့်အညီ အနက်ပေးနည်း)

(ဂ) ပုဒ်ကြီးလေးပုဒ်တို့တွင် ပါဝင်သော ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့၏အနက်၊ အသုံးပြုပုံ၊ အကျိုးသက်ရောက်ပုံများ၊

(ဃ) စာစပ်နည်းအမျိုးမျိုး…

စသည်တို့ကို အတန်း(စာသင်နှစ်)အဆင့်ဆင့်အလိုက် အလွယ်အခက်ခွဲခြား၍ သင်ကြားရန် ရေးဆွဲထားသည်။ ထိုတွင် အတ္ထယောဇနာနည်းသည် ဌာနအလိုက် ပြဋ္ဌာန်းကျမ်းစာ ကွာခြားသော်လည်း သင်ရိုးညွှန်းတမ်းအနေဖြင့် မဟာဌာနသုံးခုလုံး တူညီသည်ကို တွေ့ရှိရပေသည်။ အဓိပ္ပါယတ္ထသင်နည်း၊ ခေတ်လေ့လာနည်းတို့၌လည်း များသောအားဖြင့် သင်ရိုးညွှန်းတမ်းများမှာ တူညီကြသည်။ အဓိပ္ပါယတ္ထသင်နည်း၌ သုံးဌာန အနည်းငယ်ကွဲပြားသည်မှာ-

| | |
|---|---|
| ဝိနယမဟာဌာန၌ | - နည်း၊ ဥပစာ၊ နေတ္တိနည်းများ |
| သုတ္တန္တမဟာဌာန၌ | - အလင်္ကာနည်း၊ ဆန်းနည်းများ |

အဘိဓမ္မပိဋကမဟာဌာနၶ - ကြိယာဝါ:တန်ထုတ်နည်း၊
လက္ခဏာဒိစတုက္က ထုတ်
နည်း၊သိဒ္ဓိနည်း၊ပဌာန်းနည်းများ

ဟူ၍ အစိုးရဓမ္မာစရိယဆိုင်ရာ စည်းမျဉ်းများကို ပြဋ္ဌာန်းကျမ်းစာအလိုက် တူညီအောင် ထည့်သွင်းထားခြင်းပင် ဖြစ်ပေသည်။

ဝါကျသဒ္ဒါသင်ရိုးညွှန်းတမ်း၌မူ ဝိနယမဟာဌာနၶ-

(က) စုဒ်၊ စောဒနာ၊ အတက်၊ အထွက်နည်းများ၊

(ခ) ဝါကျအမျိုးမျိုးအကြောင်း၊

(ဂ) ဝိဂ္ဂဟပြုနည်း၊ ဉာသ်ကောက်နည်း၊

(ဃ) အာဘောဂနှင့်သံဝဏ္ဏနာ၊

(င) ခတ်၊ပစ္စည်း၊ပါဌ်ဝိနိစ္ဆယနှင့်ပါဠိစီနည်းဟူ၍ လည်းကောင်း

သုတ္တန္တမဟာဌာနၶ-

(က) စုဒ်၊ စောဒနာ၊ အတက်အထွက်နည်းများ၊

(ခ) ဝါကျအမျိုးမျိုးအကြောင်း၊

(ဂ) အာဘောဂါဒိစတုက္က၊ ဝစနာဒိဆက္ကထုတ်နည်း၊ ဟိတ်သမ္ဗန်ခံစာစပ်နည်း၊ ကိဋ္ဌာပိ၊ ကာမဋ္ဌ စသည်ထားရခြင်း အကြောင်းများ၊

(ဃ) အာဘောဂနှင့်သံဝဏ္ဏနာ၊

(င) နိရုတ္တိနည်းဟူ၍လည်းကောင်း၊

အဘိဓမ္မမဟာဌာနၶ-

(က) စုဒ်၊ဓာဒနာ၊ အတက်အထွက်နည်းများ၊ (ဌပနာဒိပဥ္စက၊အနုလောမပါပနာဒိ စသည်) ဒေါသ ပယ်ပုံများ၊

(ခ) ဝါကျအမျိုးမျိုးအကြောင်း၊

(ဂ) ဝိဂ္ဂဟ၊ဗျူပ္ပတ္တျာဒိစတုက္ကထုတ်ပုံ၊ဓာတ်၊ပစ္စည်း၊ပုဒ်၊ လိင်၊ဂိုဏ်း၊ကာရန်၊ဝိဘတ်အခွဲများ၊

(ဃ) အာဘောဂနှင့်သံဝဏ္ဏနာ၊

(င) စ, ပိ, ဝါ, အထဝါ, အပိစ, အပရောနယော, ဝုစ္စတိ, ဝုတ္တံ, ဝေဒိတဗ္ဗံ, ဒဋ္ဌဗ္ဗံ, သိဒ္ဓံ, နနု, နနုစ, ဧတ္ထာဟ, ကိဉ္စေတ္ထ, ကိဥ္စာဘိယော္ယာစသော ပုဒ်တို့ကို ပဒ, ဝါကျတို့၌ ထားရခြင်းအကြောင်း၊

ဟူ၍လည်းကောင်း အသီးသီးခွဲခြား၍ သင်ရိုးညွှန်းတမ်းပြုလုပ်ထား ပေသည်။

ထိုဝါကျသဒ္ဒါ သင်ကြားပို့ချနည်းများသည် အဓိကအားဖြင့် ပိဋကတ်ဆိုင်ရာ ပါဠိစာပေတတ်မြောက်ရေး၌ အထောက်အကူပြုသော နည်းစနစ်များဖြစ်သော်လည်း ပါဠိဘာသာအရေးအသားအတွက်လည်း အထောက်အကူပြုနိုင်သည်သာ ဖြစ်ပေသည်။

**ပါဠိစာပေဌာနနှင့် ပါဠိစာပေ**

ပါဠိဘာသာအရေးအသား တတ်မြောက်ရေး အထောက် အကူပြု သင်ကြားပို့ချမှုကိုမူ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနက အဓိက တာဝန်ယူ သင်ကြားပေးလျက်ရှိပါသည်။ ထိုသို့ သင်ကြားပို့ချရာ၌

ပါဠိဘာသာ အရေးအသား ကျွမ်းကျင်စေရေးအတွက် ဦးတည်၍ အတန်းတိုင်း၌-

၁။ ပါဠိသဒ္ဒါ

၂။ ပါဠိစာပေ

၃။ ပါဠိသဒ္ဒါနှင့်နီးနွယ်သည့် သက္ကတသဒ္ဒါ

ဟူ၍ သင်ရိုးများ သတ်မှတ်ထားပြီး သင်ရိုးညွှန်းတမ်းအနေဖြင့် ပါဠိသဒ္ဒါသင်နည်းကို -

(က) ရိုးရာသင်နည်း၊

(ခ) ခေတ်သင်နည်းဟူ၍ နှစ်မျိုးခွဲခြားကာ သင်ကြားပို့ချပေးလျက်ရှိသည်။

ထိုတွင်(က)ရိုးရာသင်နည်းဟူသည် မြန်မာနိုင်ငံ၌ သင်ရိုးသင်စဉ်ဖြစ်သည့် ပါဠိသဒ္ဒါကျမ်းများကို အခြေခံ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများမှ ပါဠိအရေးအသား ပုံစံများကို ထုတ်နုတ်နည်းမှီပြီး ပါဠိဝါကျဖွဲ့ပုံနည်းစနစ်များ သင်ကြားပေးခြင်း၊ ပါဠိဝါကျများ ရေးဖွဲ့စေခြင်း၊ မြန်မာမှပါဠိ၊ ပါဠိမှမြန်မာသို့ ဘာသာပြန်ဆိုစေခြင်းများ ဖြစ်သည်။

(ခ) ခေတ်သင်နည်းဟူသည် မြန်မာပါဠိအက္ခရာများကို ရိုမင်အက္ခရာ(ရောမလိပိ)ဖြင့် ပြောင်းလဲရေးသားနည်းအပါအဝင် သက္ကတသဒ္ဒါကျမ်းများလာ နာမ်ပုဒ်၊ ကြိယာပုဒ်တို့ကို ဝိဘတ်သွယ်(ဂိုဏ်းစဉ်)ခြင်းစသော သက္ကတသဒ္ဒါနည်းများကို သင်ကြားပေးခြင်း ဖြစ်သည်။

ပါဠိဘာသာအရေးအသား ကျွမ်းကျင်ရန်အတွက် ပါဠိသဒ္ဒါကျမ်းများသည် အလွန်အရေးပါလှပေသည်။ ပါဠိဘာသာနှင့် ပါဠိသဒ္ဒါကျမ်းများမှာ မည်သို့မျှကင်း၍ မရနိုင်ပေ။ ပါဠိဘာသာစကားပြောရာ၌ သဒ္ဒါစည်းကမ်းလွတ်၍ ပြောလျှင် ရကောင်းရနိုင်သော်လည်း ပါဠိဘာသာအရေးအသား၌မူ သဒ္ဒါစည်းကမ်းနှင့်ကင်း၍ လုံးဝမဖြစ်နိုင်ပေ။ ထို့ကြောင့် သာသနာ့တက္ကသိုလ်များ ပါဠိစာပေဌာန သင်ရိုးညွှန်းတမ်း၌ ပါဠိသဒ္ဒါကျမ်းများမှ လိုအပ်သည့် ကောက်နုတ်ချက်များကို အခြေခံပြီး ပါဠိဝါကျတည်ဆောက်ရေးသားပုံများကို အဓိကထား၍ သင်ကြားပို့ချပေးလျက်ရှိသည်။

ထိုသို့ သင်ကြားပို့ချရာ၌ ပါဠိဝါကျရေးသားနည်း စည်းစနစ်များနှင့် ဝါကျအတို၊ အရှည်ရေးသားနည်းများကို အတန်းအဆင့်အလိုက် ခွဲခြားသတ်မှတ်၍ သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားပေသည်။

သာသနာ့တက္ကသိုလ်များ ပါဠိစာပေသင်ယူမှု သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ်များနှင့်စပ်၍ အချုပ်သုံးသပ်ရသော် ပါဠိစာပေဌာန သင်ရိုးညွှန်းတမ်းသည် ပါဠိဘာသာအရေးအသားအတွက် လိုအပ်သော ပါဠိဝါကျများ တည်ဆောက်တတ်ရန် အခြေခံကျသည့် နည်းစနစ်များကို ပေးထားသည်ဖြစ်၍ ထိုသင်ရိုးညွှန်းတမ်းအတိုင်း အပြည့်အစုံ ကျေပွန်စွာ သင်ယူလေ့လာခဲ့သော စာသင်သားတစ်ဦးသည် ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မမဟာဌာနတို့မှ ပိဋကတ်ဆိုင်ရာ ပါဠိစာပေတတ်မြောက် ရေးအထောက်အကူပြု သင်ကြားနည်းများဖြင့် ပေါင်းစပ်လိုက်လျှင် အကြောင်းကြုံလာပါက ပါဠိဘာသာဖြင့် ရေးစွမ်းနိုင်သည့် အခြေအနေများရှိသည်ဟု သုံးသပ်မိပါသည်။

ထိုသို့ ပါဠိစာပေရေးသားနည်းစနစ်များ တတ်မြောက်သော ပုဂ္ဂိုလ်သည် ပါဠိဝါကျများ စီကုံးရေးသားနိုင်စွမ်း ရှိသော်ငြားလည်း စာရေးရာ၌ စာရေးကောင်းမကောင်းဟူသော ကိစ္စသည် ထိုစာရေးသူ၏ ပင်ကိုယ်ဗီဇ၊ အတွေးအခေါ်၊ ဉာဏ်ရည်ဉာဏ်သွေးများနှင့်သာ များသောအားဖြင့် သက်ဆိုင်မှု ရှိသည်ဟု ယူဆမိသည်။

ဥပမာ-မြန်မာလူမျိုးများ မြန်မာစကား ပြောတတ်ကြသည်။ မြန်မာစာ ဖတ်တတ်ရေးတတ်ကြသည်။ ထိုမျှမက သင်ကြားပို့ချတတ်ကြသည်။ ထိုသို့ ပြောတတ်၊ ဖတ်တတ်၊ ရေးတတ်၊ သင်ကြားပို့ချတတ်သော်လည်း အကြောင်းအရာတစ်ခုကို ဦးတည်၍ စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် မြန်မာလို ရေးဖို့ကြုံလာပါက ထိုတတ်သူတိုင်း ချောမောပြေပြစ်အောင် ရေးတတ်ရန် မလွယ်ကူပါပေ။ ထို့အတူ ပါဠိဘာသာ ပါဠိစာပေ တတ်ကျွမ်းသူတိုင်း အရေးအသား ကျွမ်းကျင်နိုင်ရမည်ဟု ယူဆ၍ကား မရနိုင်ပေ။

ထိုအရေးအသားကိစ္စနှင့်စပ်၍ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်းကြောင်းကို ငဲ့စောင်း၍ ကြည့်ရှုပါကလည်း မြန်မာနိုင်ငံသည် နိုင်ငံခေတ်ဦးအစဖြစ်သည့် ပုဂံခေတ်မှစ၍ ယနေ့မျက်မှောက်ခေတ်ကာလတိုင်အောင် ကာလရှည်လျားစွာ ပါဠိဘာသာ ပါဠိစာပေကို တစိုက်မတ်မတ် သင်ယူပို့ချလေ့လာလိုက်စားခဲ့သော နိုင်ငံဖြစ်သည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ကိုလိုနီ၊ လွတ်လပ်ရေးခေတ်ဦး၊ မျက်မှောက်ခေတ် ကာလတစ်လျှောက် ပါဠိစာပေ ပါဠိဘာသာ ကျွမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်အရေအတွက်မှာ သန်းဂဏန်းမက

ပေါ်ထွက်ခဲ့ဖူးသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ပါဠိဘာသာဖြင့် ရေးသားပေါ်ထွက်ခဲ့သည့် စာအုပ်စာပေကျမ်းများကား ကျမ်းကြီး ကျမ်းသေး အားလုံးကို စစ်ပေါက်ရေတွက်ကြည့်သော်မှ ထောင်ဂဏန်း ထက် မပိုပါချေ။ ဤသည်ကို ထောက်ဆ၍လည်း ဘာသာစာပေ တတ်တိုင်း အရေးအသား မကျွမ်းကျင်နိုင်ကြောင်း သိနိုင်ပေသည်။

## ပုဂံခေတ်ပါဠိစာပေသုံးသပ်ချက်

### (က) ပုဂံခေတ်နှင့်ပါဠိစာပေ

ပုဂံခေတ်ကို ကောဇာသက္ကရာဇ် ၄၀၆ မှ ၆၆၁ အထိ ပညာရှင်တို့ သတ်မှတ်ထားကြသည်။ ပုဂံပြည် အနော်ရထာမင်း(၁၀၄၄-၁၀၇၇ အေဒီ)လက်ထက်တွင် ထေရဝါဒသာသနာနှင့်အတူ ပါဠိပိဋကတ်စာပေများ ပုဂံပြည်သို့ ရောက်ရှိခဲ့သည်။ ထိုအခါမှစ၍ ပုဂံသားတို့ ပါဠိစာပေနှင့် ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့သည်။ ကျန်စစ်မင်း(၁၀၈၄-၁၁၁၂ အေဒီ) လက်ထက်တွင် ပါဠိပိဋကတ်တော်များသည် ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်ကို ကျော်လွန်၍ နန်းတော်တွင်းသို့ပင် ရောက်ရှိလာခဲ့သည်။

မြစေတီကျောက်စာ ပါဠိမျက်နှာတွင် ရေးထိုးထားသည့် ပါဠိဂါထာများသည် ပုဂံသားတို့ ပါဠိဘာသာကို ကျွမ်းကျင်စွာ စီကုံး ရေးသားနိုင်ပြီဖြစ်ကြောင်း ခိုင်လုံသော သက်သေတစ်ခု ဖြစ်သည်။ အလောင်းစည်သူမင်းကြီး(၁၁၁၂-၁၁၆၇ အေဒီ)ရေးထိုးခဲ့သော ရွှေဂူကြီးကျောက်စာ(ဂါထာ-၁၀၀)မှာလည်း စာပေဂုဏ်မြောက်သော ဂါထာဗန္ဓများဖြစ်၍ ကျောက်စာသီကုံးခဲ့သူသည် ပါဠိပိဋကတ်စာပေကို

အတော်အတန် နှံ့စပ်ပြီး ဆန်း၊ အဘိဓာန်၊ အလင်္ကာကျမ်းများကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ကြောင်း သိသာပေသည်။

ဤသို့ဖြင့် ပုဂံသားတို့သည် တိုတောင်းလှသော မင်းနှစ်ဆက် သုံးဆက်ခန့် ကာလအတွင်းမှာပင် ပါဠိပိဋကတ်တော်များကို သင်ကြား တတ်မြောက်ရုံသာမက ပါဠိစာပေကျမ်းဂန်များကိုလည်း အဆင့်အတန်း မီမီ ရေးသားပြုစုနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြသည်။

သက္ကရာဇ် ၄၄၆(ခရစ်နှစ် ၁၀၈၄)တွင် နန်းတက်သော ကျန်စစ်သားမင်းလက်ထက် နန္ဒာဂူအမ်း နန္ဒာကျောင်းတိုက်နေ အရှင် ဓမ္မသေနာပတိသည် ကာရိကာမည်သော သဒ္ဒါငယ်ကျမ်းကို ပါဠိ ဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ထိုကျမ်းသည် ပုဂံခေတ်တွင် ပေါ်ပေါက်ခဲ့သော သဒ္ဒါကျမ်းများအနက် အစောဆုံးကျမ်း ဖြစ်သည်။

သက္ကရာဇ် ၅၃၆(ခရစ်နှစ် ၁၁၇၄)ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းလက်ထက်တွင် သံပျင်အမတ်သည် န္ယာသကျမ်း၏ အဖွင့်ဋီကာတစ်စောင်ကို ရေးသားစီရင်ခဲ့သည်။ ထိုကျမ်းကို သံပျင် ဋီကာဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။ ထိုနရပတိစည်သူမင်းကြီးလက်ထက် မှာပင် ဆပဒမထေရ်သည် "ကစ္စာယနသုတ္တနိဒ္ဒေသ"မည်သော သဒ္ဒါ ကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်။

ထို့ပြင် ပုဂံခေတ် ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီး(ကောဇာ ၅၉၇- ၆၀၃)လက်ထက်၌ မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူထိုက်သည့် ပါဠိကျမ်းတစ်စောင် ပေါ်ထွက်ခဲ့သည်။ ယင်းကား ရှင်အဂ္ဂဝံသထေရ်

ရေးသားစီရင်သော သဒ္ဒနီတိခေါ် သဒ္ဒါကျမ်းကြီးပင် ဖြစ်သည်။ ထိုသဒ္ဒနီတိကျမ်းသည် မိမိ၏ သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ်တို့ဖြင့် သီးခြားရေးသားအပ်သောကျမ်းဖြစ်သည်။ ကျမ်းပြုဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရတို့နှင့်တကွ သက္ကတကျမ်းပေါင်းများစွာတို့ကို အထပ်ထပ်ကြည့်ရှု၍ ရေးသားခဲ့ခြင်းဖြစ်ကြောင်းကို ထိုကျမ်း၌ ပါရှိသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှလာသော ဥဒါဟရဏ်များ၊ သက္ကတကျမ်းအဆိုအမိန့်များ၊ ထိုအဆိုအမိန့်များကို စိစစ်ဝေဖန်ချက်များကို ထောက်ဆ၍ သိနိုင်ပေသည်။ ထိုကျမ်းကို ပဒမာလာ၊ ဓာတုမာလာ၊ သုတ္တမာလာဟု သုံးပိုင်းခွဲ၍ ကျယ်ဝန်းစွာ ရေးသားထားခဲ့ပေရာ ယနေ့တိုင် ထိုကျမ်းလောက် ကျယ်ဝန်းပြည့်စုံသော သဒ္ဒါကျမ်း မပေါ်ထွက်လာသေးချေ။

ထို့ပြင်မက ကျစွာမင်းကြီးကိုယ်တိုင် ရေးသားသော သဒ္ဒဗိန္ဒုခေါ် သဒ္ဒါအမြွက်သဘောပြဆိုသည့်ကျမ်းနှင့် ပရမတ္ထဗိန္ဒုခေါ် အဘိဓမ္မာသဘော အကျဉ်းပြဆိုသည့် ကျမ်းငယ်တို့လည်း ပေါ်ထွက်ခဲ့သည်။

ပုဂံခေတ်တွင် ပါဠိစာပေသည် ရဟန်းသာမဏေနှင့်အမျိုးသားများသာမက အမျိုးသမီးကြီးငယ်များ ယုတ်စွအဆုံး သားသည်အမေများနှင့် ဝါခင်းစောင့်မိန်းကလေးများပင် နှုတ်တက်အာဂုံဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ကြပါသည်။ ဤ၌ ပုဂံခေတ် ပါဠိစာပေသမိုင်းအကျဉ်းချုပ်ကို တင်ပြရခြင်းမှာ

ကာလတိုအတွင်း ပုဂံခေတ်ပါဠိစာပေ ဘာကြောင့် တိုးတက်ဖွံ့ဖြိုးခဲ့ရသနည်းဟူသော သုံးသပ်ချက်ကို တင်ပြလို၍ ဖြစ်သည်။

## (ခ) သုံးသပ်ချက်

ပုဂံခေတ် ပါဠိစာပေအခြေအနေကို သုံးသပ်ကြည့်ပါက ပုဂံသို့ ပါဠိပိဋကတ်တော်များ ရောက်ရှိလာပြီး ကာလတိုအတွင်း ပုဂံသားတို့ ပါဠိစာပေများ တတ်ကျွမ်းခဲ့သည့် အကြောင်းများမှာ-

၁။ သထုံမှ ပင့်ဆောင်လာသော ပိဋကတ်ဆိုင်ရာ ပါဠိစာပေများသာ အများအားဖြင့် ရှိခြင်း၊

၂။ စာပေပို့ချသော ဆရာများ ပါဠိသက္ကတကျွမ်းကျင်တတ်မြောက်သူများဖြစ်ခြင်း၊

၃။ အခြားသင်ယူစရာ ဘာသာစကား(ဘာသာရပ်များ) နည်းပါးခြင်း၊ (ထိုအချိန်က မြန်မာစာပေသည်ပင် ခိုင်မာမှု မရှိသေး၍ သင်ယူမှုနည်းပါးသည်ဟု ယူဆနိုင်ခြင်း)

၄။ သင်ယူရမည့် ဘာသာရပ်အများစုမှာ ပါဠိဘာသာ(သို့မဟုတ်) ပါဠိနှင့်နွယ်သည့် သက္ကတဘာသာဖြင့် တည်ရှိနေသည်ဖြစ်၍ ပါဠိဘာသာတတ်မှ လိုအပ်သည့် ပညာများ ရရှိနိုင်ခြင်း၊ (ဥပမာ-ဆေးပညာ၊ နက္ခတ်ပညာ၊ ဗေဒင်ပညာ စသည်တို့မှာလည်း ပါဠိဘာသာ အရေးအသားဖြင့်သာ တည်ရှိနေခြင်းမျိုးဖြစ်သည်။)

၅။ ပါဠိဘာသာကျွမ်းကျင်မှုကို အထောက်အကူဖြစ်စေမည့် ပါဠိသဒ္ဒါကျမ်းများကို ဦးစားပေးသင်ကြားပို့ချခြင်း၊ (သဒ္ဒါကျမ်းများ ပေါ်ထွက်သည်ကို ထောက်ဆ၍ သိနိုင်သည်)

၆။ ပါဠိဘာသာကို အဓိကထား ပို့ချသင်ယူမှု အလေ့အကျင့်များသဖြင့် နေ့စဉ်ပြောစကားများ၌ ပါဠိဘာသာကို ထည့်သွင်းအသုံးပြုလာခြင်း၊

(ဥပမာ-ပုဂံခေတ်ထက် နောက်ကျသည့် ခေတ်များ၌ပင် ဘုန်းတော်ကြီးကျောင်းများ၌ ဂဏန်းသင်္ချာသင်ကြား တွက်ချက်ရာ၌ အမြှောက်အလီပေါင်းကို-

နော ဧက နော (၉×၁=၉)

ဒွေး ဧက ဒွေး (၂×၁=၂)

ဒွေး ဒွေး စာရ (၂×၂=၄)

ဒွေး တြိန်း ဆ (၂×၃=၆)

စသည့်အသုံးအနှုန်းများ သုံးနှုန်းသည်ကိုထောက်၍ သိနိုင်ပေသည်။)

၇။ ထိုဘာသာရပ် သင်ကြားမှု၌ အချိန်များများပေးနိုင်ခြင်း၊ (စာသင်ခန်း၌သာမက ဖိုင်းငင်ရင်း၊ ယာခင်းစောင့်ရင်း၊ ကစားရင်း စသော အချိန်များ၌ပင် စာကျက်စာအံ စာပြန် စာကြဲ့ အလေ့အကျက်များခြင်းဟူသော အချက်များကို ထောက်ဆ၍ သိနိုင်ပါသည်။)

ဤဆိုခဲ့ပြီး အကြောင်းများနှင့်အညီ ကြိုးစားခဲ့သောကြောင့် ပုဂံသားတို့ ကာလတိုအတွင်း ပါဠိဘာသာကို တတ်မြောက်ကြသည်ဟု သုံးသပ်မိပေသည်။

မိခင်ဘာသာမဟုတ်သည့် ဘာသာရပ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရေးသည် အချိန်ပေးနိုင်မှုနှင့် အလေ့အကျင့်များမှုအပေါ် မူတည်သည်ဟု ယူဆမိသည်။ ထို့ကြောင့် ပါဠိဘာသာအရေး ကျွမ်းကျင်စေလိုလျှင် အရေးအတွက် အချိန်ပေး၍ အလေ့အကျင့်များများ လုပ်ပေးနိုင်ဖို့ လိုပေမည်။

အပြောအတွက် ကျွမ်းကျင်စေလိုလျှင် အပြောအတွက် အချိန်ပေး၍ အလေ့အကျင့်များများ လုပ်ပေးနိုင်ဖို့ လိုပေမည်။ အပြောအတွက် ပါဠိတော်၊ အဋ္ဌကထာတို့၌ ပါဠိစကားပြော ဝါကျနမူနာပုံစံများနှင့် ရှေးပညာရှင်များ စီစဉ်ထားသည့် စကားပြောပုံစံများ အဆင်သင့် ရှိပြီးဖြစ်၍ ပြောသည့်အလေ့အကျင့်ရအောင် စီစဉ်ပေးရန်သာ လိုအပ်ပေသည်ဟု အကြံပြုတင်ပြရင်း ဤစာတမ်းကို နိဂုံးချုပ်အပ်ပါသည်။

ဘ-ဒွန္တစန္ဒဝရ

ကထိက

ဝိနယပိဋကမဟာဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

# အမြန်ဆုံးနှင့်အမှန်ဆုံးလေ့လာခွင့်ရရှိရေး

"ပိဋကတ်တော်နှင့် ပါဠိစာပေဆိုင်ရာမှာ ဤတက္ကသိုလ်ကြီးများက လမ်းပြရှေ့ဆောင် အခေါင်ရှေ့သွား မားမားမတ်မတ် ရပ်တည်နိုင်စေရန် ထာဝရကြံဆောင် ကြိုးစားအားထုတ်သွားကြရမှာ ဖြစ်ပါသည်။ ကမ္ဘာမှာ မြန်မာနိုင်ငံလို ပါဠိသင်နည်းမျိုး ဘယ်မှာမှ မရှိဟု ဆိုနိုင်ပါသည်။"

ဘဒ္ဒန္တ ကုဏ္ဍလဓေါတိ
ဥက္ကဋ္ဌဆရာတော်
သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့

"အထူးသဖြင့် ခေတ်သင်နည်းများကို ကျယ်ပြန့်စွာသင်ကြားပို့ချပေးသော ပရိယတ္တိသာသနာ့တက္ကသိုလ်များတွင် နိုင်ငံတကာပါဠိသင်ယူနည်း စံနှုန်းမျိုးကိုပါ လေ့လာလျက် ထေရဝါဒဗုဒ္ဓဘာသာကို မူရင်းကျကျ လေ့လာရာတွင် အမြန်ဆုံးနှင့်အမှန်ဆုံး လေ့လာခွင့်ရရှိရန် လိုအပ်လျက် ရှိပါသည်။"

ဗိုလ်မှူးချုပ်သူရမြင့်မောင်
ဝန်ကြီး
သာသနာရေးဝန်ကြီးဌာန